# ငြင်းခုံဋ္ဌမှုအကြပ်

ဓမ္မဒူတ အရှင်ပညာဇောတ

# ငြင်းခုံပွဲမှအမြတ်

[ကောသမ္ဗိယသုတ္တန်]

ဓမ္မဒူတတောရ
တောင်စွန်းမြို့-ဘီးလင်းမြို့နယ်
မွန်ပြည်နယ်။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် [၆၇၁]
မျက်နှာဖုံးခွင့်ပြုချက် အမှတ် [၀၄၃၃]

*

ပထမ အကြိမ်-ပုံနှိပ်ထုတ်ဝေခြင်း

*

၁၉၈၂-ခု၊ ဩဂုတ်လ

*

အုပ်ရေ - ၂၀၀၀

*

မျက်နှာဖုံးရိုက် - မျိုးညွန့်ပုံနှိပ်တိုက်

*

တန်ဖိုး - ၁၂ ကျပ်

*

ဒေါ်တီ [၀၀၆၈[၊ သီရိစာပေဖြန့်ချိရေး၊ အမှတ် ၃၈၊ ၈၇ လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့က ထုတ်ဝေ၍၊ ဒေါ်တီ [၀၁၂၆၁]၊ မျိုးညွန့်စာပုံနှိပ်တိုက်၊ အမှတ် ၃၈၊ ၈၇ လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့က ပုံနှိပ်သည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၉ |
| | [ပဌမပိုင်း] | |
| ၂။ | တရားအမည် | ၃၉ |
| ၃။ | ဘုရားရှိခိုး | ၄၀ |
| ၄။ | တောင့်တချက် | ၄၄ |
| ၅။ | ဗုဒ္ဓတရား၏ တိကျပုံ | ၄၈ |
| ၆။ | အမှိုက်ကစ-ပြာသာဒ်မီးလောင် | ၅၂ |
| ၇။ | ကြိုက်သလိုဖြေ | ၅၅ |
| ၈။ | ဘာကိုမျှော်၍ ငြင်းခုံတာလဲ | ၅၇ |
| ၉။ | အောက်မေ့ဖွယ်ရာ မြတ်ဓမ္မာ | ၆၀ |
| ၁၀။ | ငုံးတို့ငြင်းခုံ အကုန်ကုန် | ၆၅ |
| ၁၁။ | တရား ၆-ပါး | ၇၁ |
| ၁၂။ | မေတ္တာရှေးရှု ကိုယ်အပြု | ၇၃ |
| ၁၃။ | မျက်မှောက် ကိုယ်အပြု | ၇၆ |
| ၁၄။ | မျက်ကွယ် ကိုယ်အပြု | ၈၀ |
| ၁၅။ | မေတ္တာရှေးရှု ပြောဆိုမှု | ၈၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆။ | မေတ္တာရှေးရှု ကြံစည်မှု | ၉၀ |
| ၁၇။ | ကံ-၃ပါး အရေးကြီးသည် | ၉၈ |
| ၁၈။ | ပေးကမ်းဝေဖန်ခြင်း | ၁၀၀ |
| ၁၉။ | အလှူခံနည်း | ၁၀၅ |
| ၂၀။ | အရိယာနှင့် အကျင့်တူလျှင် | ၁၁၀ |
| ၂၁။ | သောတာပန်၏ခံတွင်းသို့ အရက်မဝင်ကြောင်း | ၁၁၆ |
| ၂၂။ | သီလာနိသံသဇာတ် | ၁၁၇ |
| ၂၃။ | ဗိမ္ဗိသာရမင်းကြီး | ၁၁၉ |
| ၂၄။ | သာမာဝတီ | ၁၂၀ |
| ၂၅။ | သီဟာစစ်သူကြီး | ၁၂၀ |
| ၂၆။ | အသက်စွန့်၍ သီလဖြည့် | ၁၂၄ |
| ၂၇။ | အမ္ဗခါဒက မဟာတိဿထေရ် | ၁၂၉ |
| ၂၈။ | သီလဝီမံသဇာတ် | ၁၃၄ |
| ၂၉။ | ဘေးလေးပါး | ၁၃၆ |
| ၃၀။ | အရိယာရဲ့ ဉာဏ်နဲ့တူခြင်း | ၁၃၈ |
| ၃၁။ | အမှန်ဆင်းရဲငြိမ်း—အမှားဆင်းရဲငြိမ်း | ၁၄၃ |
| ၃၂။ | အမှားငြိမ်း-ခဏငြိမ်း | ၁၄၄ |
| ၃၃။ | ခဏငြိမ်းမှ အစဉ်ငြိမ်းသို့ | ၁၄၉ |
| ၃၄။ | ဣရိယာပုထ် ပြင်မှု | ၁၄၉ |
| ၃၅။ | လက်တွေ့သာဓက | ၁၅၁ |
| ၃၆။ | ဣရိယာပုထ် မပြင်ရမှု | ၁၅၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၇။ | ငြိမ်းပုံအဆင့်ဆင့် | ၁၆၁ |
| ၃၈။ | ပရိနိဗ္ဗာန် ဝင်စံတယ်ဆိုတာ | ၁၆၄ |
| ၃၉။ | ဆောင်ပုံချင်းမတူ | ၁၆၇ |
| ၄၀။ | ဖြည့်ကျင့်ပုံ-ဖြည့်ကျင့်နည်း | ၁၇၃ |
| ၄၁။ | ရှင်အာနန္ဒ တရားရပုံ | ၁၈၀ |
| ၄၂။ | အချုပ်ရှုပွားပုံ | ၁၈၆ |
| ၄၃။ | မဂ္ဂင် ၅-ပါး | ၁၈၉ |
| ၄၄။ | မဂ္ဂင် ၈-ပါး | ၁၉၃ |
| ၄၅။ | ဝိဇ္ဇာစရဏပြည့်စုံပုံ | ၁၉၄ |
| ၄၆။ | နိဗ္ဗာန်ဝင်ပုံ | ၁၉၅ |
| ၄၇။ | စူဠသုဘဒ္ဒါ | ၂၀၃ |
| ၄၈။ | နန္ဒမာတာ-ဥတ္တရာ | ၂၀၄ |
| ၄၉။ | တံခါးတိုင်နှင့် တူသူ | ၂၀၅ |
| ၅၀။ | ဖြားယောင်းမရ | ၂၀၆ |
| ၅၁။ | သူရမ္ဗဋ္ဌ | ၂၀၈ |
| ၅၂။ | ပတ္ထနာနှင့် အာသီသ | ၂၁၃ |
| | [ဒုတိယပိုင်း] | |
| ၅၃။ | သောတာပန်စွမ်းရည်ခုနစ်ပါး (ပဌမစွမ်းရည်) | ၂၁၆ |
| ၅၄။ | ကိလေသာစာရင်း | ၂၂၃ |
| ၅၅။ | သက္ကာယဒိဋ္ဌိ | ၂၂၉ |
| ၅၆။ | ဝိစိကိစ္ဆာ | ၂၃၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၇။ | သီလဗ္ဗတပရာမာသ | ၂၃၃ |
| ၅၈။ | နိဝရဏပယ်နည်း | ၂၃၈ |
| ၅၉။ | ငိုက်မျဉ်းဖျောက်ကြောင်းတရားခုနစ်ပါးလင်္ကာ | ၂၄၅ |
| ၆၀။ | စိတ္တဝိသုဒ္ဓိ | ၂၅၅ |
| ၆၁။ | သောတာပန်မှာ မရှိပါ | ၂၅၈ |
| ၆၂။ | စုံစမ်းနည်း စမ်းသပ်နည်း | ၂၆၁ |
| ၆၃။ | ဒုတိယစွမ်းရည် | ၂၆၃ |
| ၆၄။ | ကမ္မာကို တန့်ထားနိုင် | ၂၆၆ |
| ၆၅။ | ကိလေသာငြိမ်းပုံ | ၂၇၂ |
| ၆၆။ | အရာကျယ်တဲ့ သီလဗ္ဗတပရာမာသ | ၂၇၄ |
| ၆၇။ | ခုဇ္ဇုတ္တရာ | ၂၇၈ |
| ၆၈။ | တတိယစွမ်းရည် | ၂၈၂ |
| ၆၉။ | ယာဉ်ရထားမြတ် | ၂၈၅ |
| ၇၀။ | ဖိုလ်ချမ်းသာ ခံစားပုံများ | ၂၈၈ |
| ၇၁။ | နိဗ္ဗာန်ချမ်းသာ ခံစားကာ | ၂၉၀ |
| ၇၂။ | ပစ္စည်းမကုန် ချမ်းသာပုံ | ၂၉၁ |
| ၇၃။ | စတုတ္ထစွမ်းရည် | ၂၉၆ |
| ၇၄။ | ဘာ့ကြောင့် အပါယ်မှ လွတ်ရသလဲ | ၂၉၈ |
| ၇၅။ | အဘိဋ္ဌာန ၆-ပါး | ၃၀၀ |
| ၇၆။ | ပဉ္စမစွမ်းရည် | ၃၁၆ |
| ၇၇။ | အရိယာထေရ်တပါး | ၃၂၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၈။ | လူအရိယာများ | ၃၂၃ |
| ၇၉။ | အိပ်သူ-နိုးသူ | ၃၂၆ |
| ၈၀။ | သောတာပန်မှာ သိစရာ | ၃၃၂ |
| ၈၁။ | ဆဋ္ဌမစွမ်းရည် | ၃၃၅ |
| ၈၂။ | ခနုဉ္ဇာနီ | ၃၃၇ |
| ၈၃။ | တရားနာရကျိုး | ၃၄၅ |
| ၈၄။ | မုဏ္ဍမင်းရဲ့ သောက | ၃၄၇ |
| ၈၅။ | သူမြတ်တို့သာ နာကြားရာ | ၃၅၀ |
| ၈၆။ | ပဓာနိယထေရ် | ၃၅၁ |
| ၈၇။ | ရှင်သောဏမယ်တော် | ၃၅၂ |
| ၈၈။ | ဘုရားရှင်လဲ တရားနာ | ၃၅၄ |
| ၈၉။ | သတ္တမစွမ်းရည် | ၃၅၉ |
| ၉၀။ | ရှင်သာရိပုတ္တာ | ၃၆၃ |
| ၉၁။ | ချီးမွမ်းမကုန် တရားဂုဏ် | ၃၆၄ |
| ၉၂။ | ဆရာကောင်းတပည့် | ၃၇၂ |
| ၉၃။ | နိဂုံးချုပ် | ၃၇၅ |
| ၉၄။ | ရှေးဟောင်းလမ်းသာ လိုက်ကြပါ | ၃၇၆ |
| ၉၅။ | တရားသိမ်းပုံ | ၃၇၉ |
| * | နိဂုံး | ၃၈၅ |

## “ထွက်ပြီး စာအုပ်များ”

“တေဒဂိဝတ္ထုများ”ကို ဟောပြောရာမှ
သတိသံဝေဂတရားဖြစ်ပွားကာ တောထွက်သွားသည့်
**“ဓမ္မဒူတ အရှင်ပညာဇောတ”** ၏ ထွက်ပြီးစာအုပ်များ

၁။ ဒါနဝတ္ထု (၂-ကြိမ်ရိုက်)
၂။ သီလဝတ္ထု ( ။ )
၃။ ဗုဒ္ဓဓမ္မပြဿနာများ (၁) ( ။ )
၄။ ဘာဝနာဝတ္ထု ( ။ )
၅။ ဒေါသ ဖြေဖျောက်နည်း
၆။ ဗုဒ္ဓဓမ္မပြဿနာများ (၂)
၇။ ဓာတ်ကမ္မဋ္ဌာန်းကျမ်း (ကြီးကြပ်)
၈။ ဗုဒ္ဓ၏ သက်သတ်လွတ်
၉။ ဗုဒ္ဓဓမ္မပြဿနာများ (၃)
၁၀။ ရှင်လောင်းသင်ရှင်ကျင့်ဝတ်
၁၁။ ဗုဒ္ဓဓမ္မပြဿနာများ (၄)
၁၂။ အယူဝါဒရှင်းတမ်း
၁၃။ ဗုဒ္ဓဓမ္မပြဿနာများ (၅)
၁၄။ ဗုဒ္ဓဓမ္မပြဿနာများ (၆)
၁၅။ ငြင်းခုံပွဲမှအမြတ်
၁၆။ မွေးမေ့မေတ္တာ
၁၇။ ဗုဒ္ဓဓမ္မပြဿနာများ (၇)

# နိဒါန်း

"နမော တေ ကရုဏာကရ"

**ကိုယ် ပိုင် အ စစ် အမှန်ဖြစ်**

အို....စာရှုသူ, စာရှုသူတို့ လိုလားကြ, မျှော်မှန်းတောင့်တ နေကြသော မဂ်ဖိုလ် နိဗ္ဗာန် တရားတို့ကား ကိုယ်သာ ဆိုင်သော ကိုယ်ပိုင် တရားအစစ်များဖြစ်ကြ၏၊ မှန်ပေ၏၊ ဆရာ၏မဂ်က တပည့်တို့၏ ကိလေသာတို့ကို မပယ်သတ်နိုင်ပါပေ။

ဆရာ၏ ဖလသမာပတ်ဖြင့် တပည့်တို့မှာ ချမ်းသာစွာ မနေနိုင်ပေ၊ ဆရာ၏ ကိုယ်တွေ့မျက်မှောက်ပြုထားသော နိဗ္ဗာန်ကို တပည့်များက မျက်မှောက်ပြုနိုင်သည်ဟု မရှိပါပေ။

မှန်ပေ၏၊ မဂ်ဖိုလ် နိဗ္ဗာန်တရားများကား တကယ် မိမိစိတ်မှာ အသေအချာတွေ့မြင်ရသော ပညာရှိများ ကိုယ်တွေ့ခံစားရသော တရားများသာ ဖြစ်ပေ၏။ ကိုယ်ပိုင် အစစ်အမှန် ဖြစ်ပေ၏။

**အကျိုးချင်းမှာ ကွာခြားပါ**

ယင်း ကိုယ်ပိုင်အစစ်အမှန်ဖြစ်သော မဂ်ဖိုလ် နိဗ္ဗာန်တရားများ နှင့် လောကီကုသိုလ် အကျိုးများမှာ ကွာခြားပါ၏၊ မှန်၏၊ လောကီ ကုသိုလ်များကြောင့် ရအပ်သော အကျိုးများမှာ အများတကာအား ပေးနိုင် ခံစားစေနိုင်သည်လည်း ရှိပေ၏၊ ဥပမာ....ကုသိုလ်ကံကြောင့် ပစ္စည်းဥစ္စာ ပေါများပါ လျှင် သူတပါးကို ပေးကမ်းဝေငှ မျှတနိုင်၏၊ အိမ်ကောင်း အိပ်ရာ ကောင်းနေရာကောင်းရလျှင် သူတပါးကိုနေစေကာ ချမ်းသာကို ဝေငှပေးနိုင်၏။

မဂ်ကုသိုလ်ကြောင့်ဖြစ်သော ဖိုလ်အကျိုးကား ထိုသို့ သူတပါးတို့ကို ပေးကမ်းဝေငှ မျှတ၍ ရစကောင်းသော အကျိုး တရား မဟုတ်ပါပေ။ ကိုယ့်ဖိုလ်ဖြင့်သာ ကိုယ် ငြိမ်းအေးခြင်း အရသာကို ခံစားရပါ၏။ မဂ်-ဖိုလ်အသီးသီး ရှိသကဲ့သို့ နိဗ္ဗာန် လည်း အသီးသီးရှိရာ ကိုယ့်နိဗ္ဗာန်နှင့်ကိုယ် အာရုံပြုကြခြင်းပင် ဖြစ်ပါ၏။

**တမူထူးခြား**

အိုစာရှုသူ....ဗုဒ္ဓသာသနာတော်က ညွှန်ပြသော တရားတော်တို့ကား "ကိုးကွယ်သူကို ဖန်ဆင်းသူ ဖန်ဆင်းရှင် တန်ခိုးရှင်က ကယ်တင်နိုင်သည် ပေးနိုင်သည်" ဆိုသော တရားမျိုးမဟုတ်ပါ၊ မိမိ၏ အကျင့်မှန် လမ်းမှန်ဖြင့် အဖန်ဖန် ကြိုးစားချက်အရ မိမိကိုယ်တိုင်ကျင့်၍ ကိုယ်တွေ့သိရ ခံစားရသော တရားများသာ ဖြစ်ပါ၏။

ရှင်တော်ဘုရား၏ တရားများ၏ တကယ်ထင်ရှားရှိခြင်း, ကောင်းမြတ်မှန်ကန်ခြင်း, တကယ် အကျိုးရှိခြင်း စသည် တို့

ကြောင့် ဗုဒ္ဓသာသနာတော်၏ ပြင်ပ ဗာဟိရမှ ဆိုသည်များနှင့် လားလားမျှမတူ တမူထူးခြား အလွန်တရာအား ထားမြတ်နိုး အထူးအားကိုးထိုက်သော တရားတော်များ ဖြစ်ကြောင်းကို ဤ "ငြင်းခုံပွဲမှ အမြတ်" တရားတော်တွင် အထင်အရှား တွေ့မြင်နိုင်ပါသည်။

**လူမမာများ** အို....စာရှုသူ ရှင်တော်ဗုဒ္ဓကို ကိလေသာအနာရောဂါကင်းပျောက် နိဗ္ဗာန် သို့ အရောက်ပို့နိုင်၍ သမားတော်ကြီးတဆူအဖြစ် အချို့ပိဋကတ်စာပေတို့တွင် ဖော်ပြပါ၏၊ သတ္တဝါအများကား ကိလေသာအနာရောဂါထူပြောသူ ရောဂါသည်လူမမာများ ဖြစ်ကြပါ၏။

ဘုရားရှင်သည် သတ္တဝါအများ ကိလေသာ အနာရောဂါရှိသူအများတို့၏ အတွင်းဓာတ်ခံ ကိလေသာအနာရောဂါအမျိုးမျိုးကို အသေအချာ သိတော်မူ၏။

ယင်းသို့ သိတော်မူခြင်းမှာ ရှင်တော်ဗုဒ္ဓအဖို့ရာ သတ္တဝါတို့ကို ယဉ်ကျေးအောင် တရားဟောပြ ဆုံးမနည်းပေးရာ၌ အလွန်တရာပင် ထိရောက်အောင်မြင်လှပေသည်။ ဤ "ငြင်းခုံပွဲမှအမြတ်" တရားဆေးတော်ဖြင့် ကိလေသာအနာရောဂါသည်များအား အဘယ်သို့ ထိရောက်အောင်မြင်စွာ ကုသသနည်း။

**အနာ နှင့် ဆေး** အနာရောဂါကိုဆေးပေးရာ၌ အနာရောဂါ၏ လက္ခဏာကို မသိပဲနှင့် ဆေး ပေး လျှင် အနာတခြား ဆေးတခြားဖြစ်ကာ လူနာမှာ အနာရောဂါမပျောက်ပဲ တိုး၍ပင် လာစတတ်ပါသေးသည်၊ အနာရောဂါ၏ လက္ခဏာနှင့် လူနာ၏ ဓာတ်ခံကိုသိသော သမား ဆရာ သည်

သာလျှင် အနာနှင့်ဆေး တည့်အောင်ပေးနိုင်ပါသည်။ ရှင်တော်မြတ်ဘုရားကား အနာနှင့်ဆေး တည့်အောင်ပေးနိုင်သော သမားဆရာဖြစ်ပါသည်၊ အို....စာရှုသူ ရှုကြည့်စမ်းပါဘိ၊ဘုရားရှင်၏ တရားဆေးတော်ကား အဘယ်မျှ အစွမ်းထက်သနည်း။

**ဆေးပေးသမျှ ခတ်ခိုက်ရ**

အို.... စာရှုသူ.... သတ္တဝါတို့၏ သန္တာန်မှာရှိသော ကိလေသာတို့ကား တကယ့်အနာရောဂါများ ဖြစ်ကြပါသည်၊ ဆိုးဝါးလှစွာသော ကာယကံမှုကိုယ်အပြု, ဝစီကံမှုနှုတ်အပြော, မနောကံမှုစိတ်အကြံများမှာ ယင်း ကိလေသာ အနာရောဂါရှိ၍ ဖြစ်ပေါ်လာသော ဖောက်ပြန်မှုများပင် ဖြစ်ပါသည်။

"ပုထုဇဉ်မှန်သမျှ အရူးချည်း" ဟု အဆိုရှိခဲ့ရာ၊ ယင်းသို့ အရူးထခြင်းမှာလည်း ကိလေသာအနာရောဂါ၏ ဖောက်ပြန်မှုပင် ဖြစ်ပါတော့သည်။

ဤ"ငြင်းခုံပွဲမှအမြတ်တရားတော်"ကို ဘုရားရှင်ဟောတော်မူရခြင်း အကြောင်းရင်းမှာ ကိလေသာ အနာရောဂါ၏ ဖောက်ပြန်မှုကြောင့်ပင် ဖြစ်ပါသည်။

တရားဆေးတော် အမျိုးမျိုး လက်ကိုင်ရှိတော်မူသော ရှင်တော်ဗုဒ္ဓကား ကိလေသာအနာရောဂါတို့၏ အငုပ်-အတက်-အနည်း-အများစသော အတွင်းခတ်ခံ အခြေအနေမှန်ကို သေချာစွာသိတော်မူရာ တရားဆေးတော် ပေးသမျှ ခတ်ခိုက်လျက် ဘယ်မျှ ရှိုင်းစိုင်းနေသူဖြစ်ပါစေ ယဉ်ကျေးရတော့သည်သာ ဖြစ်၏။

**သာဝကများ ဆေးပေးမှား**

သာဝကတို့၏ ဓာတ်ခံကို ပိုင်ပိုင်နိုင်နိုင် မသိကြသော သာဝကတို့မှာ တခါတရံတရားဆေးတော်နှင့် ဓာတ်ခံစရိုက်မကိုက်ပဲ လွဲသောအခါ ရှိတတ်သော်လည်း ဓာတ်ခံစရိုက်ကို ပိုင်နိုင်စွာသိတော်မူသော ဘုရားရှင်၌ကား ယင်းသို့ လွဲသည်ဟူ၍ မရှိပေ။

သာဝကတို့ ဆုံးမ၍ ခရီးမရောက်သူကား ဘုရားရှင်ထံ ရောက်လာသောအခါ ခရီးရောက်၍ အပြီးအပြောက် ယဉ်ကျေးသူဖြစ်သွားတော့သည်သာ။

ရှင်သာရိပုတ္တရာအရှင်မြတ်သည် သူ၏တပည့်ငယ်ရဟန်းတော်လေးအား ကမ္မဋ္ဌာန်းတရား အပေးမှားသဖြင့် လေးလမျှကြာသော်လည်း နိမိတ်မျှမရပါ၊ ဘုရားရှင်ထံတော်သို့ သွား၍ပို့သောအခါ နံနက်ပိုင်းရာ ညနေတွင်ရဟန္တာအဖြစ်သို့ ရောက်ရှိသွားပါသည်။

ဤကဲ့သို့ပင် သတ္တဝါတို့၏ ဓာတ်ခံကို ပိုင်ပိုင်နိုင်နိုင် မသိကြသော သာဝကတို့မှာ တခါတရံ တရားဆေးတော်နှင့် ဓာတ်ခံစရိုက် မကိုက်ပဲ လွဲသောအခါ ရှိတတ်ပါသည်။ ဘုရားရှင်တို့မှာကား လွဲသည်ဟူ၍ မရှိတော့ပါ။

**နု-ကြမ်းနှစ်ဖြာ ဆုံးမရာ**

သတ္တဝါတို့၏ အလိုအာသယကို အကုန်အစင် သိမြင်တော်မူသော ဘုရားရှင်သည် သတ္တဝါတို့ကို ဆုံးမတော်မူရာ၌ ရံခါ အနုနည်းဖြင့် ဆုံးမတော်မူ၏၊ ရံခါသော် အကြမ်းနည်းဖြင့် ဆုံးမလေ့ရှိ၏၊ ရံခါမူကား အနု-အကြမ်း နှစ်မျိုးအားဖြင့် ဆုံးမတော်မူ၏။

ဘုရားရှင်သည် သတ္တဝါတို့ကို ယဥ်ကျေးအောင် ဆုံးမ ဟောပြရာ၌ တရားသေ မထားပါ၊ သင့်လျော်သလို ဆုံးမတော် မူပါသည်၊ စာရှုသူ....ဖတ်ရှုနေသော ဤဖြင်းခုံပွဲမှအမြတ်တရား တော်မှာ အနုနည်းလော၊ အကြမ်းနည်းလော၊ နှကြမ်းနှစ်ဖြာ စုံလင်စွာလောဟု စာရှုသူကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် အဘယ် နည်းဖြင့် ဆုံးမသနည်းဟု အသေးစိတ် ဖတ်ရှုနိုင်ပါသည်။

**ကေသိမြင်းဆရာ လျှောက်ထားရာ**

အိုး.... စာရှုသူ ဤတွင် ကေသိ မြင်း ဆ ရာ အား ဘုရားရှင်က မေးသဖြင့် မြင်းဆရာ ကေသိ၏ လျှောက်ထားလွှားနှင့် မြင်း ဆရာက ပြန်မေးလျှောက်သဖြင့် ဘုရားရှင်၏ ပြန်ကြား၍ ဖြေကြားသည့် အဖြေစကားကို ဖော်ပြပါအံ့။

တခါက ဖြစ်ပါသည်၊ မြင်းဆရာ ကေသိမှာ ဘုရားရှင်ထံ ရောက်လာရာ ဘုရားရှင်က “ကေသိ၊ သင်သည် မြင်းတွေကို ဘယ် ပုံဘယ်နည်းများ ဆုံးမသလဲ”ဟုမေးတော်မူ၏၊ထိုအခါ ကေသိ မည်သော မြင်းဆရာက-

> “မြတ်စွာဘုရား.... တပည့်တော်သည် အနုနည်းဖြင့်လဲ ဆုံးမပါသည်၊ အကြမ်းနည်းဖြင့်လဲ ဆုံးမပါသည်၊ အနု နည်း အကြမ်းနည်း နှစ်မျိုးလုံးဖြင့်လဲ ဆုံးမပါသည်၊ ဘယ်နည်းမျှ ဆုံးမ၍ မရသောမြင်းကိုမူ သတ်ပစ်လိုက် ပါတော့သည်ဘုရား”

ဟု ကေသိမည်သော မြင်းဆရာက မိမိမြင်းများကို ဆုံးမနည်း ကို လျှောက်ထားပြီးလျှင် ဘုရားရှင်အား....

"မြတ်စွာဘုရား....ရှင်တော်ဘုရားသည်လဲ သတ္တဝါ တို့ကို ယဉ်ကျေးအောင်ဆုံးမတော်မူရာ၌ အတုမရှိ စွမ်း တော်မူသောပုဂ္ဂိုလ်မြတ်ဖြစ်တော်မူ၏၊ ရှင်တော်ဘုရား သည် သတ္တဝါတို့ကိုဘယ်ပုံဘယ်နည်း ဆုံးမပါသနည်း"

ဟု လျှောက်ထားလေ၏၊ ထိုအခါ ဘုရားရှင်ကလည်း မိမိ သတ္တဝါအများအား ဆုံးမပုံနည်းကို မိန့်ကြားလိုက်လေ၏။

"ကေသီ.... ငါဘုရားလဲ သတ္တဝါတို့ကို အနုနည်းဖြင့်လဲ ဆုံးမသည်၊ အကြမ်းနည်းဖြင့်လဲ ဆုံးမသည်၊ အနုနည်း အကြမ်းနည်း နှစ်မျိုးလုံးတို့ဖြင့်လဲ ဆုံးမ၏၊ ဘယ်နည်း နှင့်မျှ ဆုံးမလို့မရတော့တဲ့ သတ္တဝါတို့ကိုမူ သတ်ပစ် လိုက်ရတော့သည်"

ဟု မိန့်တော်မူလိုက်သောအခါ ကေသီမည်သော မြင်းဆရာက-

"ရှင်တော်ဘုရားမှာ သူ့အသက်သတ်မှု မပြုကောင်း သည် မဟုတ်ပါလော"

ဟု လျှောက်ထားတဲ့အခါ၊ ရှင်တော်ဘုရားက....

"အေး....မှန်ပေသည် ကေသီ၊ ငါဘုရား မဆုံးမ မကံ မြစ်တော့ပဲ လက်လွှတ်လိုက်ယင် ထိုသတ္တဝါမှာ သေ သည်ပင်ဖြစ်တော့လို့ သတ်ပစ်လိုက်ရတော့သည်"

ဟုမိန့်တော်မူ၏၊ မှန်ပါသည်၊ ဘုရားရှင်၏အဆုံးအမကောင်းကို မရသောသူမှာ သေသူပင် ဖြစ်ပါတော့သည်၊ အထပ်ထပ်သေ ၍ မသေရာနိဗ္ဗာန်သို့ အဘယ်မှာရောက်နိုင်ပါတော့အံ့နည်း၊ မရောက်နိုင်တော့သည်သာ ဖြစ်ပါ၏။

**ကန္ဒရက နှင့် ပေဿ**

ဘုရားရှင်၏ အဆုံးအမကို ခံရသူတို့မှာ ဟာခု ဘဝတွင်လဲ ယဉ်ကျေးသူတို့တွင် အယဉ်ကျေး ဆုံးဖြစ်၏၊ နောင်အခါတွင်လဲ အသေလွတ်၏၊ ဘုရားရှင်၏ပရိသတ်ကို မြင်ရသူတို့မှာ အံ့သြမကုန် ချီးမွမ်းကြ ကုန်၏၊ ထိုမှအချို့ကို ဖော်ပြပါအံ့။

ဘုရားရှင်၏ လက်ထက်တော်အခါက ရှင်တော်ဘုရား၏ ပရိသတ်မှာ ရှင်တော်ဘုရား၏ အဆုံးအမကိုနာခံရ၍ အလွန် တရာ ယဉ်ကျေးနေခဲ့ရာ ထိုပရိသတ်မျိုးကို ကြုံရသူတိုင်း ဘုရားရှင်၏ အဆုံးအမ အလွန်ကောင်းပုံကို ပြောလို့မဆုံး ဖြစ်ရ၏။

တခါက ဘုရားရှင်သည် စမ္ပာပြည်ဂဂ္ဂရာရေကန်နား၌ ရဟန်း သံဃာအများနှင့် သီတင်းသုံးနေတော်မူ၏၊ ထိုအခါ ဘုရားရှင် ထံတော်မှောက်သို့ **ကန္ဒ**ရက ပရိဗိုဇ်နှင့် ပေဿမည်သော ဆင် ထိန်းသားတို့ ရောက်လာကြ၏။

ကန္ဒရက ပရဗိုဇ်သည် ငြိမ်ငြိမ်သက်သက် တိတ်တိတ်ဆိတ် ဆိတ် ခြံရံခစားလျက် ရှိနေကြသော ရဟန်းပရိသတ်တို့ကို မြင်ရသောအခါ လှည့်ကာပတ်ကာ ကြည့်ရှုပြီး လွန်စွာအားရ လျက် အံ့သြဖွယ်ရာအဖြစ် ချီးကျူးစကား လျှောက်ထားခဲ့၏။

**ကောသလမင်းတရား လျှောက်စကား**

ကန္ဒရက ပရိဗိုဇ်နှင့် ပေဿတို့ နည်း တူစွာပင် ကောသလ မင်းတရားကြီးက လည်း တခါက ရှင်တော်မြတ်ဘုရား၏ ပရိသတ် ငြိမ်သက် ယဉ်ကျေးပုံကို မြင်ရ၍ ဘုရားရှင်အား ဤသို့ လျှောက်ထားခဲ့ပါသည်။

"မြွတ်စွာဘုရား....တပည့်တော်သည် သတ်ဖြတ်နိုင် ဒဏ်တပ်နိုင်သော အာဏာပိုင်တဦးဖြစ်ပါသည်၊ သို့ပါလျက် တပည့်တော်၏ လွှတ်တော်ရုံးမှာ တပည့်တော် စကားပြောဆိုနေစဉ် ဝင်ပြောကြသော ပုဂ္ဂိုလ်တို့ကို "ငါပြောဆိုနေစဉ် ဝင်မပြောကြနှင့်"ဟု တားဆီး မရခဲ့ပါ။"

"ရှင်တော်ဘုရားသည် ရာပေါင်းများစွာသော တပည့်ပရိသတ်၌ တရားတော်များဟောကြားနေတော်မူသော အခါ ချေဆတ်သံ ချောင်းဟန့်သံမျှ မကြားရပါ။"

"တခါက ရှင်တော်ဘုရား တရားဟောတော်မူနေစဉ် ရဟန်းတပါး ချောင်းဟန့်မိခဲ့ရာ အနီးအနားရှိ ရဟန်းတပါးက ဒူးနှင့်အသာတို့ပြီးတော့ "အရှင်ဘုရား တိတ်တိတ်နေပါ၊ အသံမပြုပါနှင့်၊ ဘုရားရှင် တရားဟောနေပါသည်"ဟု သတိပေးသည်ကို တွေ့ခဲ့ဖူးပါသည်။"

"ရှင်တော်ဘုရားသည် တုတ်မပါ လက်နက်မပါပဲ ဤမျှငြိမ်သက်အောင် ဆုံးမနိုင်သည်ကို တပည့်တော် အားရအံ့သြပါသည်၊ ဤမျှ ယဉ်ကျေးသိမ်မွေ့ တည်ငြိမ်သော ပရိသတ်မျိုးကို အရှင်ဘုရား သာသနာတော်မှတပါး တခြား ဘယ်နေရာမှာမျှ မတွေ့ရဘူးပါ၊ ထို့ကြောင့် ရှင်တော်မြွတ်ဘုရား၏ ဘုရားစစ် ဘုရားမှန် ကေန်ဖြစ်သည်၏အဖြစ်ကို မှန်းဆကြည်ညိုနိုင်ပါသည်"

ဟု လျှောက်ထားခဲ့ပါသည်၊ ဤသို့ လျှောက်ထားချက်မှတပါး အခြားသော လျှောက်ထားချက်များလည်း များစွာ ရှိပါသေးသည်။

**စလယ်အဆုံး အားလုံးကောင်း**

အို....စာရှုသူ ဘုရားရှင်၏ တရားတော်တို့ကား ဤမျှကောင်းခြင်းဂုဏ်နှင့် ပြည့်စုံ၏ဟု အချီးမွမ်းခံ တရားတော်တို့သာဖြစ်ရာ ယခု စာရှုသူ၏ လက်တွင်ရောက်ရှိနေသော တရားတော်မှာ ရှင်တော်ဘုရား၏ တရားတော်အများမှ တရားတပုဒ်မျှသာ ဖြစ်ပါသည်။

အို.... စာရှုသူ....ရှင်တော်မြတ်ဘုရား၏ တရားတော်တို့ကား အကောင်းဆုံးဟောကြားအပ်သော တရားတော်တို့ချည်းသာ ဖြစ်ပါ၏၊ ရှင်တော်မြတ်ဘုရား၏ တရားတော်မှန်သမျှမှာ အစလည်း ကောင်း, အလယ်လည်း ကောင်း, အဆုံးလည်း ကောင်း ဟူသော ကောင်းခြင်းသုံးဖြာနှင့် ပြည့်စုံတော်မူပါပေ၏။

အို.... စာရှုသူ.... ဘုရားရှင်၏ တရားတော် တို့တွင် မကောင်းသောအစိတ်အပိုင်းဟူ၍ တခုမျှ မရှိပါ၊ အို စာရှုသူ ယခုစာရှုသူ ဖတ်ရှုနေသော ငြင်းခုံပွဲမှအမြတ် တရားတော်မှာ ရှင်တော်မြတ်ဘုရား၏ တရားတော်အများမှ တရားတော်တပုဒ် တသုတ်မျှ ဖြစ်ပါသည်၊ စာရှုသူသည် ဤတရားတော်ကို နမူနာ အဖြစ် ထားပြီးလျှင် အခြား တရားတော်များကို မှန်းဆ၍ ကြည်ညိုစမ်းပါဘိ၊ ရှုကြည့်စမ်းပါဘိ။

အို.... စာရှုသူ.... ရှင်တော်မြတ်ဘုရား၏ တရားတော်များ၌ "နာယူရခြင်း, ကျင့်သုံးရခြင်း, အကျိုးရခြင်း"ဟု သုံးပိုင်းရှိပါသည်၊ ထို သုံးပိုင်းလုံးမှာ အကောင်း ချည်းသာ ဖြစ်၍ ကောင်းခြင်းသုံးဖြာနှင့် ပြည့်စုံသည်ဟု ဆိုရပါသည်။

အို....စာရှုသူ.... ယခု စာရှုသူ ဖတ်ရှုနေသော တရားတော်ကို ဖတ်ရှုနေခြင်းမှာ တရားတော်ကို နာယူခြင်း သဘောပင်

ဖြစ်ပါသည်၊ တရားတော်ကို ယင်းသို့ဖတ်ရှုခြင်းဖြင့် နာယူရုံမျှပင် အကျိုးရှိလှပါ၍ အစကောင်းဟု ဆိုနိုင်ပါသည်။

အို…. စာရှုသူ ဖတ်ရှုရုံမျှဖြင့် နာယူခြင်းသဘောသို့ သက်ရောက်ကာ အကျိုးရှိနေပါလျှင် ကိုယ်နှုတ်စိတ်သို့ သက်ဝင်တည်နေအောင် ကျင့်ကြံပါလျှင် ပိုမို၍ အကျိုးရှိမည်ဖြစ်ရကား အလယ်ပိုင်းကောင်းခြင်းဟု ဆိုနိုင်ပါသည်။

စာရှုသူသည် ဖတ်ရှုနေသော တရားတော်က လာတိုင်း ကျင့်သုံး၍ အကျိုးတရားများစွာဖြစ်ထွန်းသွားပါလျှင် အဆုံးပိုင်းကောင်းခြင်းဟု ဆိုနိုင်သည်၊ စာရှုသူသည် အစကောင်းမှ အလယ်ကောင်းသို့ အလယ်ကောင်းမှ အဆုံးကောင်းသို့ ရောက်ပါစေဟု ပတ္ထနာပြုပါသည်။

**ကြားနာကျင့်ရာ အကျိုးပါ**

အို….စာရှုသူ စာရှုသူသည် ဘုရားရှင်၏ တရားတော်ကို နာကြားရ သင်ကြားရပါလျှင် ဖတ်ရှုရပါလျှင် တရားတော်ကို သိရခြင်း, အနက်ကိုသိရခြင်းဖြင့် နှစ်သက်မှုပီတိ အထူးပင် ဖြစ်ရပါသည်။

စိတ်ကို ချမ်းသာစေတတ် အေးမြစေတတ် နှစ်သက်ခြင်း ပီတိကို ဖြစ်စေတတ်သော တရားတော်များဖြစ်သောကြောင့်ပင် ထိုဘုရားရှင်၏ တရားတော်ကို နာကြားရသူ သင်ကြားရသူများမှာ စိုးရိမ်ရခြင်း, ငိုကြွေးရခြင်းစသော အပူသောကတွေ ကင်းငြိမ်းရ၏၊ စွဲမက်မှု ရာဂ ကင်းရ၏၊ ပြစ်မှားမှု ဒေါသ ကင်းရ၏၊ အပူအပန်ကင်း, အညစ်အနောက် ကင်း၍လည်း စိတ်တွင် အေးမြခြင်း ဖြစ်ရ၏။

စနစ်တကျ မှန်ကန်စွာ ကျင့်ရသောအခါ ဆိုဖွယ်[illegible]ရှိပြီ၊ အကျိုးများစွာရပါသည်၊ အကျင့်အများတွင် သီလ အကျင့် တခုမျှဖြင့်ပင် ဘေးကင်းရန်ကင်း, စိတ်ချမ်းသာ ကိုယ်ချမ်း သာခြင်းကို ဖြစ်စေတတ်၏၊ စာရှုသူ ဖတ်ရှုနေသော တရား တော်တွင် ယင်းသီလအကျင့်လည်း ပါဝင်ပါသည်၊ ဖတ်ရှုစမ်း ပါဘိ။

အို.... စာရှုသူ.... သီလ အကျင့်မှ တဆင့်တက်၍ သမာဓိ-ပညာ အကျင့်တရားများကို ကျင့်ရပါမူကား တရားက တက် လေလေ နှစ်သက်ခြင်းပီတိ, ငြိမ်းချမ်းခြင်းပဿဒ္ဓိ, ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခြင်း သုခ, တည်ကြည်ခြင်းတွေ ဖြိုးဖြိုးဝေကာ အမြောက်ကြီး ပျော်စရာကောင်းလေလေ ဖြစ်ရတော့သည်။

ကျင့်ကြံကြိုးကုတ် အားထုတ်၍ ဉာဏ် စ ခန်း အ ဆုံး သို့ ရောက်ရှိသဖြင့် မိမိအလိုရှိသော မဂ်-ဖိုလ် နိဗ္ဗာန် ဟူ သော အကျိုးတရားကို ရသောအခါကား ပြောမပြနိုင်အောင် ဝမ်း သာခြင်း ချမ်းသာကိုရတော့သည်သာ ဖြစ်၏၊ ဤတရားတော် တွင် ယင်းအဖြစ်မျိုးကို တွေ့နိုင်၏။

ထို့နောက် ဆင်းရဲဒုက္ခတွေ လက်စသိမ်းရမည်ကို သိရ၍ တွေးလိုက်တိုင်း ဝမ်းသာရခြင်း, ဖလသမာပတ် ဗိမာန်တော် ကြီးကို ပိုင်ကာနေလိုသော အခါတိုင်း ပျော်ရွှင်ချမ်းမြေ့စွာ နေရခြင်းစသည်ဖြင့် ချမ်းသာဖွယ်ရာအတိ ဖြစ်ရာ အဆုံး၏ ကောင်းခြင်းမှာ အထွတ်အထိပ်သို့ ရောက်ရတော့၏။

အို စာရှုသူ....ယခုစာရှုသူ ဖတ်ရှုနေသော တရားတော်တွင် အဆုံး၏ကောင်းခြင်းဖြင့် အထွတ်အထိပ်သို့ ရောက်သူများ၏ အခြေအနေမှန်ကိုလည်း ဖော်ပြထားပါသည်၊ ရှုစမ်းပါဘိ။

**အကြိုတ်အနယ် ခံနိုင်ရည်ရှိ**

အို.... စာရှုသူ စာရှုသူသည် ယင်းသို့ နာယူခြင်း, ကျင့်ကြံခြင်း, အကျိုးရခြင်းဖြင့် ကောင်းခြင်းသုံးဖြာကိုသိရလျှင် ဘုရားရှင်၏ တရားတော်များမှာ ဘယ်မျှလောက် ကောင်းစွာဟောထားအပ်သည်ကို သိနိုင်လောက်ပါသည်၊ ယင်းသို့ ကောင်းခြင်းသုံးဖြာနှင့် ပြည့်စုံသောကြောင့်ပင် ကမ္ဘာ့ပညာရှိတို့၏ အကြိတ်အနယ် အနှိပ်အနင်းကို ခံနိုင်ရာ ယခုတိုင် ကမ္ဘာ့အလယ်၌ ဝင့်ကြွားလျက် တည်နေနိုင်ပေ၏။

ထိုမှတခြား အသက်ကောင်, လိပ်ပြာကောင်, ဝိညာဉ်ကောင်, အနန္တတန်ခိုးရှင်၏ မပျက်နိုင်သော ဝိညာဉ် စသော ဗုဒ္ဓသာသနာတော်၏ အပြင်ဘက်က အခြား အမှားအယူဝါဒများမှာ အသေအချာ ပြနိုင်သည် မဟုတ်ပါ။

စိတ်ကူး, အတွေး, အကြံ အရ ညွှန်ပြလျက်ရှိရာ သဘာဝလိုက်စားသူ ကမ္ဘာ့ပညာရှင်တို့၏ အကြိတ်အနယ် ဆွေးနွေးမှု စိစစ်မှုတို့ကို မခံနိုင်ပေ၊ ခံနိုင်ရည် မရှိပါပေ။ မယုံလျှင် စုံစမ်းကြည့်ပါဘိ။

**အရမ်းညွှန်တရား မဟုတ်**

အို စာရှုသူ.... ရှင်တော်ဗုဒ္ဓ၏ တရားတော်များမှာ ယင်းကဲ့သို့ အတွေးဖြင့် စိတ်ကူး အကြံဖြင့် အရမ်းညွှန်ပြနေသော တရားတော်များ မဟုတ်ပဲ အကြောင်းကြောင့်သာလျှင် အကျိုးတွေ

ဖြစ်ရပုံကို လက်တွေ့ပြနိုင်ရာ ပညာရှိလေလေ အားရကျေနပ် လေလေဖြစ်ရသည်။

အို စာရှုသူ.... ဗုဒ္ဓသာသနာတော်၌ နိဗ္ဗာနဓာတ်ကြီးကား ကိုယ်တိုင်ကိုယ်တွေ့ ကိုယ့်ဉာဏ်ဖြင့် သိမြင်ခံစားရသော ဓာတ်ကြီး ဖြစ်၏၊ ယင်းနိဗ္ဗာနဓာတ် အငြိမ်းဓာတ်ကြီးကို တွေ့ရ သိရ မြင်ရပါလျှင် နောက်နောင်အခါ မဆုံးအောင် ခံစား ရဦးမည့် သံသရာဝဋ္ဋဆင်းရဲဒုက္ခတွေ လက်စသိမ်း၍ ငြိမ်းတော့ မည်ကိုလည်း သိနိုင်ပါတော့၏။

အို စာရှုသူ.... ယင်းသို့ အေးငြိမ်းသော အငြိမ်းဓာတ် နိဗ္ဗာန်ကို မြင်နိုင်သိနိုင်သော မဂ်တရား ဖိုလ်တရားများ မိမိ သန္တာန်မှာ ဖြစ်လာသည်ကိုလည်း ထင်ထင်ရှားရှား သိရသည် သာ ဖြစ်၏၊ ဤတရားတော်တွင် ယင်းအချက်ကို ကွင်းကွင်း ကွက်ကွက် ပြထားပါသည်၊ ရှုစမ်းပါဘိ။

အို စာရှုသူ....မဂ်-ဖိုလ် နိဗ္ဗာန်သာမက ယင်း မဂ်-ဖိုလ် နိဗ္ဗာန်ရကြောင်း အကျင့်ကောင်းကို စနစ်တကျ မှန်ကန်စွာ ကျင့်ရသောအခါ ရှေးအခါက စာတွေ့သိ, နာကြားသိ, သူပြောလူပြောသိသာ သိခဲ့ရသော ရုပ်နာမ် ဓမ္မ သင်္ခါရတရား တို့၏ ဖြစ်ပျက်ပုံကို ဝိပဿနာဉာဏ်ပညာဖြင့် ပိုင်းပိုင်းခြားခြား ကွဲပြားစွာ ကိုယ်တွေ့ပင် သိမြင်လာနိုင်ပါတော့သည်။

အို စာရှုသူ.... ဤတရားတော်တွင် ဝိပဿနာတရားတော်ကို စနစ်တကျကျင့်သုံးရှုပွား အားထုတ်နည်းကို အတိအကျ အချုပ် အားဖြင့် ဖော်ပြထားပါသည်၊ သေချာစွာ ရှုကြည့်၍ ကျင့် စမ်းပါဘိ။

စာရှုသူ.... ကျင့်ကြံကြည့်ပါက ချမ်းသာသုခတွေ အေးငြိမ်းမှုတွေကို ကိုယ်တွေ့ဉာဏ်မြင် ဖြစ်လာပါလိမ့်မည်၊ ယင်း သို့ ကျင့်ဆဲအခါကစ၍ နိဗ္ဗာန်ရောက်သည့်အထိ အားလုံးကိုယ်တွေ့ချည်းဖြစ်ခဲ့ရာ ဘယ်မျှလောက် အားရကျေနပ်ဖွယ်ဖြစ်သည်မှာ ဆိုဖွယ်ရာ မရှိတော့ပြီ။

**လုံးဝ သံသယ ကင်းရှင်းရ**

အို စာရှုသူ....စာရှုသူတွင် တရား မသိမမြင်ခင် ရှေးယခင်က မိမိ ကိုးကွယ် အား ထား သော တရားတော်၌ "ဟုတ်မှ ဟုတ်ပါ့မလား, မှန်မှမှန်ပါ့မလား" ဟု ယုံမှားသံသယ ဖြစ်ခဲ့ကောင်း ဖြစ်ခဲ့ပါလိမ့်မည်၊ တရားတော်၌ ယုံမှားသံသယရှိလျှင် တရားရှင် ဘုရား၌လည်း ကောင်း, ယင်းတရားတော် တည်ရှိသော သံဃာတော်၌လည်း ကောင်း, ယုံမှားသံသယ ရှိတော့သည်သာ ဖြစ်တော့၏။

အို....စာရှုသူ....တရားတော်ကို ကျင့်ကြံသဖြင့် ကိုယ်တွေ့ သိမြင်ရသော အခါ၌ကား "ဒီတရားတော်ထက် ကောင်းမြတ်သော တရားတော် မရှိ၊ ဒီတရားတော်သည်သာ အကောင်းဆုံး တရား ဖြစ်၏" ဟု အတည်ပြုဆုံးဖြတ်နိုင်ခဲ့ပြီဖြစ်ရာ တရားတော်၌ လုံးဝ သံသယ ကင်းရှင်းခဲ့ပါပေပြီ။

ယင်းသို့ တရားတော်၌ သံသယ ကင်းရှင်းလျှင် တရားတော်ရှင် ဘုရားရှင်၏ တကယ့်ဘုရားအစစ်ဖြစ်ကြောင်း, ထိုတရားတော်တည်ရှိသော သံဃာတော်၏ တကယ့်သံဃာတော်စစ်ဖြစ်ကြောင်း ပိုင်ပိုင်နိုင်နိုင် အတည်ပြု ဆုံးဖြတ်နိုင်တော့၏။

အို....စာရှုသူ....ဤတရားတော်တွင် ယင်းသို့ တရားသိရန် ကျင့်ကြံအားထုတ်နည်းများ, အားထုတ်သဖြင့်အကျိုးတရားရရှိ

ပုံများ,အကျိုးတရားရရှိသဖြင့် ဘုရား,တရား,သံဃာရတနာသုံးပါး၌ ယုံမှားသံသယ ကင်းရှင်း ဆုံးဖြတ်နိုင်ခြင်း, ဆုံးဖြတ်နိုင်ပုံများကို အတိအကျ ဖော်ပြထားပါသည်။ သေချာစွာ ရှုကြည့်စမ်းပါဘိ။

ယင်းသို့ ဆုံးဖြတ်နိုင်သောကြောင့်ပင် ရှေးအခါက မိမိတို့ကိုးကွယ် ဆည်းကပ်ရာ ရတနာသုံးပါးနှင့်စပ်၍ သူတပါးက ထိခိုက်ပြောဆိုလာလျှင်–

> "ငါ့တရား,ငါ့ဘုရားများမှာ ထိုသူများပြောသလိုများ ဖြစ်နေမလား,သူတို့ တရားကများ ဟုတ်လေမလား, စသည်ဖြင့်ရွှံ့ရွှံ့စိုးစိုး ဖြစ်နိုင်သော်လည်း တရားတော်ကို ကိုယ်တိုင်တွေ့ရသောအခါ "ဒီတရားသာ အစစ်အမှန်တည်း, ဒီအစစ်အမှန်တရားတော်မှာ ဒီဗုဒ္ဓသာသနာတော်၌သာ ရှိသည်၊ ဗုဒ္ဓသာသနာတော်ပြင်ပ တခြားအယူဝါဒများ၌ မရှိ"

ဟု ပိုင်ပိုင်ကြီးဆုံးဖြတ်နိုင်ရာ တရားတော်နှင့်စပ်၍ ရဲရင့်သူအဖြစ်ရောက်တော့သည်၊ ဤဖြင်းခုံပွဲမှအမြတ်တရားတော်တွင် ယင်းသို့ဆုံးဖြတ်နိုင်မှုမျိုးကို အချက်တချက်အနေ တွေ့မြင်နိုင်ပေသည်။

ထို့ကြောင့်ပင် တရားတော်ကို ကိုယ်တွေ့ သိရမြင်ရသူတို့မှာ ဘုရားရှင်မှတပါး ဗုဒ္ဓသာသနာတော်ပြင်ပက တခြားကိုးကွယ်ရာ အားထားစရာ ယုံကြည်ကိုးစားစရာဟု ဘယ်သူ့ကိုမှ မမြင်ရတော့ပေ၊ဘုရားရှင်၌သာ အကြွင်းမဲ့ယုံကြည်ကိုးစားအားထားလေတော့သည်၊ ကိုးကွယ်လဲလျှောင်းလေတော့သည်။

**တရားမမြင်သူ** မဂ်ဖိုလ်နိဗ္ဗာန်ဟု ဆိုအပ်သော တရားစစ် တရားမှန်များကို မသိ-မမြင်ရခင် ရှေးပုထုဇဉ် ဘဝက တခြား ထူးသလို ဆန်းသလိုသော ပုဂ္ဂိုလ်များကို မြင်လျှင် အားရတတ်၏၊ မြတ်နိုးတတ်၏၊ ဆရာအဖြစ် ကိုးကွယ်တတ်၏၊ ဆရာပြောင်းတတ်၏။ ယခုခေတ်တွင် ယင်းသဘောတို့ကို အထင်အရှားတွေ့မြင်နိုင်၏၊ ပညာရှိများ အမြင်အားဖြင့် အသုံးချ၍မျှ မရသူများကို ဘုရားတဆူ ဂူတလုံးပမာ ကိုးကွယ်နေကြလေသည်။

အို စာရှုသူ....ယခုခေတ် သာမန် သူ လို ကိုယ် လို လူ တွေ ဆရာပြောင်း အယူဝါဒပြောင်းသည်မှာ အံ့သြစရာမရှိသေးပါပေ၊ အံ့သြစရာမှာ ဘုရားရှင်၏ လက်ထက်တော်အခါက ဖြစ်၏၊ ဘုရားရှင်၏ ကျက်သရေတော်နှင့် အကျင့်အမျိုးမျိုး တန်ခိုးတော်အဖြာဖြာ ဉာဏ်တော်အများကို မြင်နေရ - သိနေရသူ ရဟန်းတပါးရှိခဲ့၏။

ရဟန်းတော်၏ အမည်ကား သုနက္ခတ်တည်း၊ ရဟန်းတော် သုနက္ခတ်သည် ကျက်သရေတော်ရှင် ဘုန်းတော်ရှင် ဉာဏ်တော်ရှင် တန်ခိုးတော်ရှင် ဘုရားမြတ်စွာ၏ နောက်တော်ပါးက သပိတ်ပိုက်၍ လိုက်နေသူဖြစ်၏။

သို့သော် ပညာအသိ ဘာမျှမရှိသော သုနက္ခတ်သည် ဖိုခနောက်အကြား ပြာပုံထဲမှာအိပ်လျက် ခွေးလို လေးဘက်ထောက်သွားကာ လေးဘက်ထောက်စားလျက် ခွေးလိုကျင့်နေသော ကျက်သရေမဲ့လှသည့် ကောရခတ္တိယတက္ကဒွန်းကြီးကို ရဟန္တာဟု အထင်မှား အထင်ရောက်လေသည်။

ဘုရားရှင်က သိတော်မူ၍ အပြစ်တင်သောအခါ "မြတ်စွာဘုရား သူတပါး၏အရဟတ္တဖိုလ်ကို ဝန်မတိုပါနှင့်"ဟု ဘုရားရှင်ကိုယ်ပင် ပြန်ပြီးတော့ ငေါ့လိုက်ပါသေးသည်၊ ယင်းကား တရားမသိသေးသော ပုထုဇဉ်ဘဝမှ စိတ်ပျက်စရာအဖြစ်အပျက် တရပ်ပင် ဖြစ်ပါတော့သည်။

ယခုခေတ်တွင်လည်း တကယ့် ကြည်ညိုစရာ အပြည့်အဝရှိသော ဆရာကောင်းများကို ပစ်ပယ်ကာ "ရဟန္တာမဟုတ်ပဲ ရဟန္တာ" ဟု လိမ်ညာနေသူထံသို့ ပြောင်းသွားကိုးကွယ်ကာ မူလဆရာသမားများကို ပြစ်မှားသူ အထင်သေးသူတွေ အများအပြားပင် ရှိပါသည်။

**တရားသိမြင်သူများ** တရားတော်ကို ကိုယ်တွေ့သိမြင်တွေ့ရှိထားသူများကား ဘုရားရှင် ထက်ပို၍လေးစားအပ်, မြတ်နိုးအပ်, ပူဇော်အပ်သူဟူ၍ ရှာမတွေ့ရတော့ပေ၊ ဤနေရာတွင် ကောသလမင်းကြီး၏ လျှောက်ထားချက်ကို ဖော်ပြရပါလျှင် ပို၍ သင့်လျော်ပါသည်၊ မင်းကြီးက ဘုရားရှင်အား လျှောက်ထားလေသည်။

"မြတ်စွာဘုရား, ဣသိဒတ္တနှင့် ပုရာဏမည်သော လက်သမားဆရာကြီးများမှာ တပည့်တော်က ယာဉ်, ရိက္ခာ, အသက်မွေးမှု အခြေအရံ ပေးထားသူများ ဖြစ်ပါလျက် ရှင်တော်မြတ်ဘုရားကိုလေးစားသလောက် တပည့်တော်အား မလေးစားကြပါဘုရား။"

"တခါက တပည့်တော်မှာ စစ်ထွက်ခိုက်ကြုံသောအခါ သူတို့ကိုစုံစမ်းလို၍ ကျဉ်းမြောင်းသောတနေရာ၌ သူတို့နှင့်အတူ အိပ်ကာ တပည့်တော် အိပ်ချင်ယောင်ဆောင်နေပါသည်ဘုရား။"

"သူတို့နှစ်ယောက် အတော်ညဉ့်နက်အောင် တရားဆွေးနွေးပြီးလျှင် ဘုရားရှင်ရှိတော်မူရာအရပ်သို့ ခေါင်းထားလျက် တပည့်တော်ဘက်သို့ခြေပြုကာ အိပ်ကြပါသည်ဘုရား။"

"ထိုအခါ အံ့ဖွယ်ရှိပါပေစွ၊ ဣသိဒတ္တနှင့် ပုရာဏတို့သည် ယာဉ်ရိက္ခာအသက်မွေးမှုအခြေအရုံမှန်သမျှ ငါ့ထံမှရနေသူများဖြစ်ပါလျက် ဘုရားရှင်ကို လေးစားသလောက် ငါ့ကို မလေးစားကြ၊ ကေန်ပင် သူတို့မှာ တရားထူးတွေ့အဆင့်ဆင့် မြင့်သထက်မြင့်ကာ သိသောကြောင့်ပဲ ဟု တအံ့တသြ တွေးတော အားရမိခဲ့ပါသည်ဘုရား။"

"ထိုသို့ အားရဖွယ် ကျေနပ်ဖွယ် မြင်တွေ့ရသောကြောင့်ပင် ရှင်တော်မြတ်ဘုရား၏ ဘုရားစစ်မှန်ပုံ၊ တရားတော်၏ ကောင်းမြတ်ပုံ၊ သံဃာတော်၏ စစ်မှန်သော သံဃာဖြစ်ပုံကို မှန်းဆကြည်ညိုနိုင်ခဲ့ပါသည်ဘုရား"

ဟု လျှောက်ထားလေသည်၊ အို စာရှုသူ .... ရှုကြည့်စမ်းပါဘိ၊ တရားသိမြင်သူ၏ အဖြစ်သည် အဘယ်မျှ နှစ်သက်စရာကောင်းပါသလဲ။ ဤတရားတော်တွင် ယင်းအဖြစ်မျိုးကို ဖတ်ရှုနိုင်ပါသည်။

**ဘုရားရှင်က ဖိတ်ခေါ်ပုံ**

အို စာရှုသူ.... ဘုရားရှင်၏ တရားတော်များသည် "မယုံလျှင် လာစမ်းကြည့်"ဟု ဖိတ်ခေါ်ဝံ့သော ဖိတ်ခေါ်ရဲသော တရားတော်များ ဖြစ်ပါသည်၊ အာမခံချက်နှင့် ဟောထားသော တရားတော်များ ဖြစ်ပါသည်၊ ဤ ငြိမ်းခိုပွဲမှအမြတ် တရားတော်တွင် ဘုရားရှင်က မည်သို့အာမခံချက်ပေး၍ မည်သည့်အကျိုးတွေကို ဟောထားခဲ့ပါသနည်း၊ သိချင်လျှင် အသေအချာ ရှုကြည့် စမ်းပါဘိ၊ ရှုကြည့်ပြီးသော် လိုက်နာကျင့်ကြံစမ်းပါဘိ၊ အကျိုးတရားများ ရရှိပါလိမ့်မည်။

ပိဋကတ်တော်တွင် ဘုရားရှင်က "လာလှည့် ကျင့် စမ်း ကြည့်လှည့်ကြ"ဟူသောသဘောဖြင့် ဟောခဲ့သောတရားတော်များမှာ အများအပြားပင် ရှိပါသည်၊ ယင်းမှ အထင်အရှား ဆုံးသော သာဓကတရပ်ကို ပြရသော် ဒီဃနိကာယ်, မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာနသုတ်တော်တွင်....

"ရဟန်းတော်များ အို....ချစ်သားတို့ ဤ ငါဘုရား ရဲ့ သာသနာတော်မှာသာ ပဌမသမဏ ခေါ် သောတာပန် ရှိသည်၊ ဒုတိယသမဏခေါ် သကဒါဂါမ်ရှိသည်၊ တတိယ သမဏ ခေါ် အနာဂါမ်ရှိသည်၊ စတုတ္ထသမဏရဟန္တာ လည်း ဤသာသနာမှာသာ ရှိသည်။"

"ငါဘုရား၏ သာသနာတော်မှ ပြင်ပ တခြားအယူဝါဒ များကား သမဏလေးပါး ရဟန်းများတို့မှ ဆိတ်သုဉ်း ကင်းကွာသော ဝါဒများသာဖြစ်ကြသည်။"

ဟု ရဲရင့်စွာ မိန့်ကြားခဲ့ပါသည်၊ ဖိတ်ခေါ်ခဲ့ပါသည်၊ ကြွေကြော ခဲ့ပါသည်၊ ယင်းကား ဘုရားရှင်၏ ဖိတ်ခေါ်ကြွေကြော်ချက်တရပ် ပင် ဖြစ်ပါသည်။

ဤ၌ "သမဏ=ရဟန်း"ဖြစ်ကြောင်းမှာ မဂ်-ဖိုလ်-နိဗ္ဗာန် ဖြစ်၏၊ ယင်းမဂ်ဖိုလ်နိဗ္ဗာန်တရားတော်များကို ရရန်အကျင့်များ မှာ တခြားအယူဝါဒများ၌ မရှိပါ၊ ငါဘုရားသာသနာတော် မှာသာ ရှိသည်၊ မယုံလျှင် လာလှည့် ကျင့်စမ်းလှည့်ကြ" ဟု မိန့်တော်မူလိုရင်းဖြစ်ပါသည်။

ယင်းသို့ မိန့်တော်မူဟန်မှာ မိမိတရားတော်၏ "လာလှည့် ကျင့်လှည့်ကြ" ဟူသော ဂုဏ်တော်ကို ဖော်ပြခြင်းပင် ဖြစ်ပါ သည်။

ယင်းဒေသနာတော်ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်မရှိသော သာသနာ့ ပြင်ပ အခြားအယူဝါဒတို့၌"လာလှည့်ကျင့်စမ်းကြည့်လှည့်ကြ" ဟု ဖိတ်ခေါ်ခံနိုင်သော တရားများ မရှိပါပေ၊ အပြောအရ အမိန့်အရ ယုံရသော တရားများသာ ရှိပါပေသည်၊ အစစ် ဆေးအစမ်းသပ်ခံနိုင်သော တရားများမရှိပါပေ"ဟု ဖော်ပြလို ရင်း ဖြစ်ပါသည်။

**ဖိတ်ခေါ်ပုံတမျိုး** ရှင်တော်ဗုဒ္ဓ၏ တရားတော်များကား ယင်းကဲ့သို့မဟုတ်ပါပေ၊ ဖိတ်ခေါ်ပုံ အမျိုး မျိုး အာမခံချက်အထွေထွေဖြင့် ဖိတ်ခေါ်နိုင် အာမခံချက်ပေး နိုင်သော တရားတော်များဖြစ်၏၊ ယင်း ဖိတ်ခေါ်ချက်အများမှ ဒီဃနိကာယ် မဟာဝါပါဠိတော်-မဟာသတိပဋ္ဌာန်သုတ်တော် လာ ဖိတ်ခေါ်ပုံ အာမခံပုံမှာ-

"ရဟန်းတော်များ- အို....ချစ်သားတို့ စိတ်စင်ကြယ်ရန် ပူဆွေးမှုသောက, ငိုကြွေးမှုပရိဒေဝတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲစိတ်ဆင်းရဲလုံးဝချုပ်ငြိမ်းရန် အရိယမဂ် ရရန် နိဗ္ဗာန်ကို ကိုယ်တွေ့ဆိုက်ထိ သိမြင်ရန် လမ်းမှာ တကြောင်းတည်း, တလမ်းတည်း ဖြစ်ရာ ထိုလမ်းမှာ မဟာသတိပဋ္ဌာန်လေးပါး တရားတော်ပင် ဖြစ်၏"

ဟု....ဖိတ်ခေါ်၍ အာမခံခဲ့ပါသည်၊ ယင်းသို့ဖိတ်ခေါ်အာမခံ သောဒေသနာတော်ဖြင့် အဘယ်ကို သိစေပါသနည်း၊ သိစေ လိုရင်းကား အဘယ်နည်း။

"ရဟန်းတော်များ အို....ချစ်သားတို့ လာကြ....သတိ ပဋ္ဌာန်လေးပါးမြတ်တရားတော်ကို ကျင့်စမ်းကြည့်လှည့် ကြ၊ ကျင့်စမ်းကြည့်လျှင် စိတ်စင်ကြယ်လိမ့်မည်၊ အရိယ မဂ် ရလိမ့်မည်၊ နိဗ္ဗာန်ကို ကိုယ်တွေ့သိရမြင်ရလိမ့်မည်၊ ယင်းသို့ သိရမြင်ရလျှင် စိုးရိမ်ပူဆွေးမှုသောက ငိုကြွေးမှု ပရိဒေဝ ပျောက်ရမည်၊ ကိုယ်စိတ်ဆင်းရဲခြင်း အလျှင်း ပေါ်မလာ၊ အချမ်းသာကြီး ချမ်းသာပေလိမ့်မည်"

ဟု မိန့်တော်မူလိုရင်းဖြစ်ပါသည်၊ ယင်းသို့ မိန့်တော်မူခြင်းမှာ မိမိတရားတော်၏ "လာလှည့်ကြ-ကျင့်စမ်းကြည့်လှည့်ကြ" ဟူ သော ဂုဏ်တော်ကို ဖော်ပြခြင်းပင် ဖြစ်ပါသည်။

ဤ စာရှုသူ....ဤ ငြင်းခုံပွဲမှအမြတ် တရားတော်သည်လည်း ယင်းသို့ဖိတ်ခေါ်ပြထိုက်သော ဂုဏ်တော်နှင့်ပြည့်စုံသော တရား တော်ဖြစ်ပါသည်၊ သို့ပါ၍ စာရှုသူသည် တရားတော်လာ တိုင်း ကျင့်စမ်းကြည့်ပါ၊ အကျိုးတရားများစွာရရှိပါလိမ့်မည်။

**အခါခါနှိုးဆော်** အို.... စာရှုသူ.... ရှင်တော်ဗုဒ္ဓ၏ မဂ်ဖိုလ်နိဗ္ဗာန်တရားတော်များမှာ ဝဋ္ဋဒုက္ခခပ်သိမ်းငြိမ်းအေးကြောင်း အကောင်းဆုံးသော ကိုယ်ကျိုးကိုယ်စီးပွားအစစ်အမှန်ပင်ဖြစ်ရာ ထိုတရားတော်များထက် ပို၍ ရယူထိုက်သောတရားတော်ဟု ဘယ်မှာရှိနိုင်ပါတော့အံ့နည်း၊ မရှိတော့သည်သာ ဖြစ်ပါ၏။

ထို့ကြောင့်ပင် ထိုမဂ်ဖိုလ်နိဗ္ဗာန်တရားတော်များမှာ မရအရ မနေ-မနား အရေးတကြီး ကြိုးစား ရယူကြရန် ရှင်တော်ဗုဒ္ဓက ထပ်တလဲလဲ မကြာမကြာ အခါခါပင် နှိုးဆော်တိုက်တွန်းတော်မူခဲ့ပါသည်၊ နှိုးဆော်တိုက်တွန်းတော်မူချက်တရပ်မှာ....

> "ရဟန်းတော်များ အို ချစ်သားတို့....ရင်ဝတွင် လှံအစူးခံရသူသည် ထိုလှံကြီးကို ပယ်နုတ်ဖို့ရာ အရေးတကြီးကြိုးစားသလို၊ ဦးခေါင်းမီးလောင်ခံရသူသည် ထိုမီးကိုငြိမ်းသတ်ရန် အရေးတကြီး ကြိုးစားသလို သံသရာဘေးကိုမြင်သူသည် သတိတရား စွဲစွဲမြဲမြဲထားကာ သက္ကာယဒိဋ္ဌိကြီးကို အပြီးတိုင်ပယ်နုတ်ပစ်ဖို့ရန် တသန်တည်း ကြိုးစားသင့်ပေသည်"

ဟူ၍ ဖြစ်ပါသည်၊ ဤကား ရှင်တော်ဗုဒ္ဓ၏ အထူး တိုက်တွန်းနှိုးဆော်ချက်တရပ် ဖြစ်ပါသည်၊ ယင်းကို သုံးသပ်ကြည့်ရှုလျှင် အဘယ်သို့ တွေ့နိုင်သနည်း။

သက္ကာယဒိဋ္ဌိသည် ရုပ်-နာမ်ခန္ဓာ၌ "ငါ" ဟူသော အတ္တစွဲဖြင့် လွဲမှားသော အယူဖြစ်ရာ ထိုသက္ကာယဒိဋ္ဌိမှာ သဿတ

ဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိစသော ဒိဋ္ဌိထိုထို အကုသိုလ်အမျိုးမျိုးတို့၏ အခြေခံဖြစ်သောကြောင့် သံသရာဝဋ်ဒုက္ခတို့ကို အဆက်မပြတ် ထပ်တလဲလဲ မဆုံးအောင်ခံရခြင်း၏ အကြောင်းရင်း ဗီဇ ပဓာနမျိုးစေ့ဖြစ်၏။

သို့ဖြစ်၍ ယင်းသက္ကာယဒိဋ္ဌိရှိနေသူအဖို့ အပါယ်လေးပါးမှာ ကိုယ်ပိုင်အိမ်သဖွယ်ဖြစ်နေတော့ရာ ငရဲမီးအလောင်ခံရ, ပြိတ္တာဖြစ်၍ အစာငတ်ရေငတ်ခံရ, တိရစ္ဆာန်ဖြစ်၍ ဒုက္ခအမျိုးမျိုးခံရခြင်းဖြင့် မရပ်မစဲ ဆင်းရဲဒုက္ခ ခံရမည်ဖြစ်၏။

အို စာရှုသူ....ယခုအခါ မိမိတို့မှာ ကံကောင်းထောက်မ၍ သုဂတိဘုံဘဝသို့ ရောက်ရသော အချိန်အခါမှာ ခုနစ်ရက် ခုနစ်လီ မဲမှောင်နေသော မိုးကြီးထဲမှာ တခါတရံ စက္ကန့်ပိုင်းကလေးမျှ လျှပ်စီးလက်လိုက်သကဲ့သို့သာ ရှိပါတော့သည်။

ဤမျှ မဆုံးအောင်ခံရမည့် အနန္တဆင်းရဲတို့၏ အရင်းမူလ ပဓာနအကြောင်းရင်းမှာ သက္ကာယဒိဋ္ဌိဖြစ်ရာ ယင်းသက္ကာယဒိဋ္ဌိကြီးကို အရေးကြီးလှ၍ အရေးတကြီးပယ်နုတ်ဖို့ရာ တိုက်တွန်းတော်မူခဲ့ခြင်း ဖြစ်ပေသည်။

**ဆိုလိုရင်းမှာ ဤသို့သာ**

ဤ၌ ဆိုလိုရင်းကား အဘယ်ပါနည်း၊ အရိယမဂ်ကို ရမှသာ ယင်းသက္ကာယဒိဋ္ဌိကြီးကို အပြီးတိုင် ပယ်သတ်နိုင်မည်ဖြစ်ရာ "သက္ကာယဒိဋ္ဌိကို ပယ်သတ်နိုင်အောင် ကြိုးစားကြ" ဟူသောစကားဖြင့် မဂ်

ဖိုလ်-နိဗ္ဗာန်ရအောင် ဝိပဿနာတရား အားထုတ်မှုကို ကြိုးစား အားထုတ်ကြဟု မိန့်တော်မူလိုရင်း ဖြစ်ပါသည်။

မှန်ပါသည်၊ ရင်ဝလှံစူးခံရသူသည် လှံကိုနုတ်ဖို့အရေးကြီး သည်ထက်, ဦးခေါင်းမီးလောင်ခံရသူသည် မီးကိုငြိမ်းသတ်ဖို့ အရေးကြီးသည်ထက် သက္ကာယဒိဋ္ဌိကို ပယ်သတ်ဖို့က အဆ ပေါင်းများစွာ ပို၍ အရေးကြီးပါသည်။

ယင်းသို့ ပို၍ အရေးကြီးသောကြောင့်ပင် ရင်ဝလှံစူးခံရ သူသည် လှံကိုမနုတ်သေးပဲ၊ ဦးခေါင်းမီးလောင်ခံရသူသည် မီးကိုမငြိမ်းသတ်သေးပဲ သက္ကာယဒိဋ္ဌိကို ပယ် သတ် နိုင် ဖို့ ရာ အရေးကြီးသည်ဟု ဆိုလိုပေသည်။

အို စာရှုသူ...အဘယ်ကြောင့် ဤ မျှ ကြီး မား လှ သော ဆင်းရဲဒုက္ခကြီးကို အရေးမထားပဲ ဇွဲကြီးလှစွာဖြင့် အားထုတ် ဖို့ရာ တိုက်တွန်းနှိုးဆော်ရသနည်းဆိုသော် အိုစာရှုသူ ယင်းသို့ ကြိုး စား အား တုတ် နိုင် ဖို့ အ ခွင့် အ ခါ ကောင်း ကြီး မှာ ဤရှင်တော်ဗုဒ္ဓ၏ သာသနာတော်၌သာ ရနိုင်သော အခွင့်အခါ ကောင်းကြီးဖြစ်ပါသည်။

အို စာရှုသူ ... ယင်းသို့ ရဖို့ရန်ခဲယဉ်းလှစွာသော အခွင့်အခါ ကောင်းကြီးကို အရမယူနိုင်ပဲ လက်လွှတ်ခံရပါလျှင် ဖရိုဖရဲ ပျက်စီး၍ ကျရောက်ရမည့် အပါယ်ဆင်းရဲဘေးကြီး အပြီး ထက်ကြပ်ကပ်ပါလျက်ရှိသော ပုထုဇဉ်ဘဝဖြင့် ဆင်းရဲဒုက္ခတွေ အနန္တခံရဦးမည့်အရေးကို တွေးဆဆင်ခြင် ကောင်းကောင်း ကြီးမြင်တော်မူသောကြောင့်ပင် ဖြစ်ပါသည်။

**အားထုတ်နည်း** အို စာရှုသူ.... ဖော်ပြခဲ့ပြီး အချက်အလက် အသီးသီးကို ပြန်ပြောင်းပြီး ရှုဆင်ခြင်ကြည့်လိုက်ပါလျှင် ဘုရားရှင်တရားတော်များ ဟောကြားရခြင်း၏ အကြောင်းရင်းမှာ အကွင်းသားအရှင်းသား ပေါ်လွင်လျက်ရှိပါသည်။

အဘယ်သို့ အကွင်းသား အရှင်းသား ပေါ်လွင်လျက်ရှိပါသနည်း၊ ဟောတော်မူသမျှသော ရှင်တော်ဗုဒ္ဓ၏ တရားတော်များ ကျင့်ကြံကြိုးကုတ် အားထုတ်ရေးကိုသာ ဦးတည်လျက် အလေးပေးအရေးထားကာ ဟောကြားတော်မူခဲ့ပုံမှာ အကွင်းသား အရှင်းသား ပေါ်လွင်လျက်ရှိပါသည်။

ယင်းသို့ တိုက်တွန်းတော်မူချက်အရ ကြိုးစားအားထုတ်သော် အကျိုးမပြီး အချည်းနှီးဖြစ်မှာလားဆိုသော် ထိုသို့ကား မဟုတ်ပါ၊ ကျင့်ကြံကြိုးကုတ်အားထုတ်သော် တရားတော်များရဲ့နောက်တွင် ကြီးမားလှ များပြားလှသော အကျိုးအာနိသံသတွေ အားရစဖွယ်ဖော်ပြလျက် အာမခံချက် အပြည့်အဝ တွေ့ရှိရပါသည်။ သို့ဖြစ်၍ ဘုရားရှင်၏ တရားတော်တို့ကား....

(၁) အကောင်းဆုံး ဟောကြားအပ်သော တရားတော်တို့ချည်းသာ ဖြစ်ပါသည်။

(၂) ကိုယ်တိုင်ကိုယ်တွေ့ ဒိဋ္ဌ သိမြင်ထိုက်သော တရားတော်တို့ချည်းသာ ဖြစ်ပါသည်။

(၃) အခါမလင့် အကျိုးကိုပေးတတ်သော တရားတော်များ ဖြစ်ပါသည်။

(၄) လာစမ်းပါ, ကျင့်ကြည့်လှည့်စမ်းပါဟု ဖိတ်ခေါ်ထိုက်သော တရားတော်များ ဖြစ်ပါသည်။

(၅) မိမိစိတ်ထဲစွဲအောင် ဆောင်ကပ်ထိုက်သော တရားတော်များ ဖြစ်ပါသည်။

(၆) ပညာရှိတို့သည် ကိုယ်စီကိုယ်င မိမိတို့ရဲ့ သန္တာန်၌ သိအပ် ခံစားအပ်သော တရားတော်များ ဖြစ်ပါသည်။

အို စာရှုသူ....မိမိသည် ဘုရားရှင်၏ အကောင်းဆုံးဟောကြားအပ်သော တရားတော်အများမှ တပုဒ်ကို ရေးသားတင်ပြလိုက်ပါသည်။ ယင်းတွင် ရှုပွားအားထုတ်နည်း အပြည့်အစုံ ပါပါသည်။

စာရှုသူသည် ယင်းတရားတော်ကို ကိုယ်တိုင်ကိုယ်ပိုင်ဉာဏ်ဖြင့် အဖန်ဖန်ဖတ်ရှုစဉ်းစား၍ အားထုတ်ပါလျှင် မိမိရဲ့ ကိုယ်တိုင်ကိုယ်တွေ့ ဒိဋ္ဌအကျိုးတရားများကို သိမြင်လာပါလိမ့်မည်။

အို.... စာရှုသူ ဖော်ပြပါတရားတော်အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်သော် စာရှုသူတွင် အခါကာလမခြား၊ အခါမလင့်ပင် အကျိုးတရားများ ရရှိမည်ကို ကိုယ်တိုင်ကိုယ်ပိုင် သိလာပါလိမ့်မည်။

အို စာရှုသူ....ယင်းသို့အကျိုးတရားများကို ကိုယ်တိုင် ကိုယ်ပိုင်မြင်လာခဲ့သော် စာရှုသူကိုယ်တိုင် စာရှုသူ့ရဲ့မိတ်ဆွေများကို "လာစမ်းပါ၊ ကျင့်ကြည့်သည့်စမ်းပါ"ဟု ဖိတ်ခေါ်ပါလိမ့်မည်။ မဖိတ်ခေါ်ပဲ မနေနိုင်ပါ၊ တရားတော်သည် ယင်းသို့ ဖိတ်ခေါ်ထိုက်သော တရားတော် ဖြစ်ပါသည်။

အို စာရှုသူ.... ယင်းသို့ အကျိုးတရားများကို ကိုယ်တိုင် ကိုင်ပိုင် သိမြင်လာသောအခါ "အော်....တရားတော်များကား မိမိစိတ်ထဲ စွဲအောင် ဆောင်ကပ်ထိုက်သော တရားတော်များ ဖြစ်ပါပေသည်" ဟု သိမြင်လာပါလိမ့်မည်။

အို စာရှုသူ.... ယင်းသို့ သိမြင်လာသောအခါ အဘယ်သို့ သိမြင်ပါဦးမည်နည်း။ "အော်....တရားတော်များကား လူသာမန်တို့နှင့်မထိုက်တန် ပညာရှိတို့သည်သာ ကိုယ်စီကိုယ်င မိမိတို့ရဲ့ သန္တာန်၌ သိအပ်ခံစားအပ်သော တရားတော်များ ဖြစ်ပါပေသည်"ဟု သိမြင်လာပါလိမ့်ဦးမည်။

**ရေးသားပုံအစီအစဉ်** အို စာရှုသူ.... မိမိသည် ယင်းသို့ စာရှုသူများ သိကြားနားလည်၍ ရှုပွားသဖြင့် အကျိုးတရားများ ရရေးအတွက် ဤ တရားတော်ကို အင်္ဂလိပ်ပူမြို့၊ ဟသ်ာတမြို့၊ ကျုံပျော်မြို့၊ မနူဖြူမြို့၊ ပုသိမ်မြို့၊ ရန်ကုန်မြို့၊ သထုံမြို့၊ တောင်စွန်းမြို့၊ ရေးမြို့၊ မုဒုံမြို့၊ မဒ္ဒိမြို့ စသည်တို့တွင် ဟောကြားပြီးလျှင် ရေးသားပါသည်။

အဝိကမူတည်မှာ အင်္ဂပူမြို့နယ်လုံးဆိုင်ရာ မဟာသုမေမွာ ပရိယတ္တိစာမေးပွဲကြီး၌ ဟောကြားအပ်သော တရားတော်ကို ဇောင်းတန်းရွာ ကျောင်းဆရာမလေး မစန်းစန်းဌေးက ကူးယူပေးသဖြင့် ၎င်းကိုမူထားကာ လိုတိုးပိုလျှော့သဖြင့် ပြန်လည်ရေးသားပါသည်။

ရေးသားသောအခါ စာနေကျဉ်း၍ ဖတ်ရှုလို့ ရှင်းလင်းရန်အတွက် နေရာတကာတိုင်းတွင် ဟောဟန်သို့ မလိုက်ပဲ စာရေးဟန်ဖြင့်ပင် ရေးသားထားပါသည်။

စာရေးရာတွင် တနေရာတည်း တထိုင်တည်းရေးရသည် မဟုတ်ပဲ တရားပြယင်း တရားဟောယင်းနှင့် ရောက်ရာမြို့ရွာဒေသများတွင် အချိန်အားခိုက် လျော်သလိုပင် ရေးသားရပါသည်။ သို့ဖြစ်၍ ယွင်းချွတ်က ခွင့်လွှတ်ပါ။

စတင်၍ရေးသားသည်မှာ သာသနာတော်နှစ် ၂၅၂၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၂-ခုနှစ်၊ နတ္တော်လပြည့်ကျော်တစ်ရက်နေ့ သထုံမြို့ ရှမ်းစုအလယ်တန်းလမ်း၊ ဓမ္မရိပ်သာ၌ ၁၅ ကြိမ်မြောက် ဓမ္မာနုပဿနာသတိပဋ္ဌာန် ၁၀- ရက်စခန်းမှာ ဖြစ်ပါသည်။

အမြို့မြို့ အရွာရွာ စားပွဲကုလားထိုင် အမျိုးမျိုးပြောင်းကာ သထုံမြို့၊ ဟသ်ာတမြို့၊ ငါးသိုင်းချောင်းမြို့၊ ကျုံပျော်မြို့၊ အထောင်မြို့၊ တဲကြီးကုန်းရွာ၊ အင်္ဂပူမြို့၊ ဓမ္မိမြို့၊ ခြောက်ရွာ မြစေတီတောရ၊ ကွင်းကောက်၊ ဘွက်အုတ်တွင်းကုန်း အရောက်တွင် ပြီးမြောက်ပါသည်။

ခရီးသွားယင်း စာရေးသားရာ၌ လိုအပ်သော စာရေးကိရိယာများ လှူဒါန်းကြသော ကျုံပျော်မှ ဒေါ်ခင်ခင်မောင်နိုင်အောင် တဲကြီးကုန်းမှ ဆရာဦးစိုးမြင့်၊ ကွင်းကောက်မှ မစန်းစန်းမြင့်၊ ဆရာမခင်စန်းဝေ၊ ဒေါ်အုန်းသန်းတို့အား အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသတည်း။

အရှင်ပညာဇောတ
ဓမ္မဒူတတောရ
တောင်စွန်းမြို့-ဘီးလင်းမြို့နယ်
မွန်ပြည်နယ်

၁၃၄၂-ခု၊ ပြာသိုလပြည့်ကျော် ၁၂-ရက်။
၁၉၈၁-ခု၊ ဖေဖော်ဝါရီလ ၁-ရက်။

# “ငြင်းခုံပွဲမှ အမြတ်တရားတော်”

## [ပဉ္စမပိုင်း]

**တရားအမည်** သာသနာတော်နှစ် ၂၅၂၀-ခု၊ ကောဇာသက္ကရာဇ် ၁၃၄၀-ခုနှစ်၊ ပြာသိုလဆန်း ၁၁-ရက်နေ့ညတွင် ရေဝတီတိုင်း အင်္ဂပူမြို့ မြို့နယ်လုံးဆိုင်ရာ မဟာသုဓမ္မာပရိယတ္တိစာမေးပွဲကြီး၌ဟောကြားအပ်သော မဇ္ဈိမနိကာယ်, မူလပဏ္ဏာသပါဠိတော် ငါးခုမြောက် စူဠယမကဝဂ်, ရှစ်ခုမြောက် “ကောသမ္ဗိယသုတ္တန်” တရားတော်။

တရားတော်အမည်ကတော့ ခပ်ခက်ခက်ပါပဲ၊ ဒီတရားတော်ကို ဘုရားရှင်ဟာ ကောသမ္ဗီပြည်မှာ ရဟန်း ၂ သင်း အချင်းချင်းကွဲပြားပြီး ငြင်းခုံခြင်းကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါတယ်။

အဲဒီရဟန်း ၂ သင်း အချင်းချင်းကွဲပြားခြင်းကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူတဲ့ဒီ ကောသမ္ဗိယသုတ္တန်တရားတော်ဟာ အင်မတန်အနှစ်သာရပြည့်ဝပါတယ်၊ အဲဒီလို အနှစ်သာရတရားများကို ငြင်းခုံပွဲအကြောင်းပြုပြီး ဟောကြားတော်မူလို့ နာကြားရသဖြင့် ဘုန်းကြီးက ဒီတရားတော်ကို “ငြင်းခုံပွဲမှ အမြတ်တရားတော်”လို့ အမည်ပေးလိုက်ပါတယ်။

**ရှေ့ပိုင်း နောက်ပိုင်း** ဒီကနေ့ည အဲဒီ ကောသမ္ဗိယသုတ္တန်လို့ ခေါ်တဲ့ "ငြင်းခုံပွဲမှ အမြတ် တရားတော်"ကို ဟောကြ,နာကြရအောင်၊ ဒီတရားတော်ကို ဟောကြားတော်မူရခြင်း အကြောင်းရင်းက ရဟန်းတော် ၂သင်း အချင်းချင်း ကွဲပြားငြင်းခုံခြင်းကို အကြောင်းပြုပြီး ဟောကြားတော်မူတာဖြစ်လို့ ရှေ့ပိုင်း ပဌမပိုင်းမှာ "သာရဏီယ အောက်မေ့ဖွယ်ရာ"တရားခြောက်ပါးကို ဟောတော်မူပါတယ်။

နောက်ပိုင်း ဒုတိယပိုင်းမှာတော့ "သောတာပန် စွမ်းရည် ၇ပါး"ကို ဟောပါတယ်၊ ဒီစွမ်းရည် ၇ပါးကို တရားအားထုတ်ဖူးသူရော အားမထုတ်ဖူးသေးသူတွေပါ သိသင့်သိထိုက်တဲ့ အချက်အလက်တွေ ဖြစ်ပါတယ်၊ လိုက်နာရမယ့် အချက်တွေ ရအောင် ကျင့်ဆောင်ရမယ့်အချက်တွေ ဖြစ်ပါတယ်။

တရားတော်ကတော့ ခပ်ရှည်ရှည်ပဲ၊ ဒါပေမယ့် ဘုန်းကြီးတို့ ခြုံပြီးတော့ လိုရင်းသက်သတ်ကိုပဲ လူတိုင်းနားလည်နိုင်တဲ့ ပုံစံနဲ့ ဟောပြပါမယ်။

**ဘုရားရှိခိုး** ဒီ တရား တော် ကို ဟောကြားတော်မူခဲ့တာက ဘုရားရှင်ဖြစ်လို့ ဒီတရားတော်ကို မဟောကြားမီ တရားတော်အရှင် တရားမင်းဘုရင် ဘုရားရှင်ကို အာရုံပြု ရှိခိုးကြည်ညိုကြရအောင်။

ရှိခိုးကြည်ညိုတဲ့အခါ ပဌမဦးဆုံး ဘုရားရှင် ပဥ္စဝဂ္ဂီငါးဦး အမှူးပြုတဲ့ နတ်ဗြဟ္မာအပေါင်းတို့အား တရားဦးဟောတော်မူတဲ့ ပုံတော် ဂုဏ်တော်ကို အာရုံပြု ရှိခိုး ကြည်ညို ကြရအောင်၊

ဓမ္မစကြာ ဘုရားရှိခိုးဖြင့် ရှိခိုးပါမယ်၊ သူတော်စင် ပရိသတ်များက လက်အုပ်ချီမိုး ရှိခိုးပြီး အာရုံယူနေကြပါ။

အခိလဂုဏနိဓာနော ယော မုနိန္ဒော ပဂန္ဓာ၊
ဝနမိသိပတနာဝှံ သညတာနံ နိကေတံ။
တဟိမ ကုသစ္ဆေဒံ ဓမ္မစက္ကံ ပဝတ္တော၊
တမတုလ မဘိကန္တံ ဝန္ဒနေယျံ နမာမိ။ ။

အခိလဂုဏနိဓာနော၊ သရိရ,ဂုဏ,နှစ်ဌာနဝယ် ရှိသမျှဥဿုံ သောင်းသိန်းဂုဏ်တို့ ပေါင်းစုံစုသိ စုမှီရာလည်း ဖြစ်တော်မူပါ ပေထသော။

ယောမုနိန္ဒော၊ အာဂ ါရိက စသည်အပြား မုနိများ၏ ဦးဖျား ပရမေ သုံးလူ့ ဆွေဖြစ်တော်မူသော အကြင်မြတ်စွာဘုရားသည်။

သညတာနံ၊ ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို စောင့်သုံးနှိပ်ကွပ် သမာပတ်ဟု အမြတ်ချမ်းသာ မှီုက်ရသာဖြင့် အခါကိုခန်း ကုန်စေကျွမ်းသည့် ရဟန္တာသခင် ပဉ္စဝဂ္ဂီ အရှင်တို့၏။

နိကေတံ၊ အင်္ဂါငါးရပ် ပြည့်စုံလတ်သဖြင့် ကိန်းဝပ်ပျော်အောင်း စံနေညောင်းသည့် ရွှေကျောင်းတော် သဖွယ်လည်း ဖြစ်တော်မူပေထသော။

ဣသိပတနာဝှံ၊ ဘုရားပစ္စေကဗုဒ္ဓါ အရိယာတို့ အာကာတခွင် မိုးကောင်းကင်မှ မြေအပြင်သို့ သက်ဆင်းရာ ပထဗျာတလင် မြေအပြင်မှ ကောင်းကင်သို့ ပျံတက်ရာ မင်္ဂလာထုတိ သမုတိဖြင့် ဣသိပတန နာမကျူးသိ ထူးသောအမည်လည်း ရှိတော်မူပေထသော။

ဝန်၊ မိဂဒါဝုန် ရဂုံသာမော ဘေးမဲ့တောသို့။

ဥပဂန္တွာ၊တရားကျင့်ဘက် ပဉ္စဝဂ်တို့ကို ဖိုလ်မဂ်ရသာ ပေးစိမ့် ငှာဟု သဒ္ဒါပြဋ္ဌာန်း ကြွမြန်းကပ်ရောက်တော်မူ၍။

တဟိံ၊ မိဂဒါဝုန် ရဂုံသာမော ထိုဘေးမဲ့တော၌။

အကုသလစ္ဆေဒံ၊ အဝိဇ္ဇာမြစ်မှ ပွားစီးရသည့် ပါပညစ်ကျူ မကောင်းမှုတို့ကို တခုမကျန် ပယ်လှန် ဖြတ်တောက်တော်မူနိုင် ပါပေထသော။

ဓမ္မစက္ကံ၊ ဓမ္မစကြာ ဒေသနာမြတ်ထူး တရားဦးကို။

ပဝတ္တော၊ လည်စေဖြစ်စေ ဟောမြွက်တော်မူချေပြီ။

ဝါ-ပဝတ္တော၊"ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိ တဗ္ဗာ" အစဖြာ၍ စက္ကဝါပေါင်း တိုက်တသောင်းကို ရိုက် သြောင်းဆူဝေ ဟောမြွက်တော်မူချေပြီ။

အတုလံ၊ သရီရဂုဏ် ဓမ္မဂုဏ်တို့ နှိုင်းပုံယူဘိ တုမရှိသား အတုလိယကျေးဇူး ဂုဏ်အထူးတို့ဖြင့် ချီးကျူးလောက်လုံ ပြည့် စုံတော်မူပါပေထသော။

အဘိကန္တံ၊ ဗာတ္တိံသလက္ခဏာ သီတာနုဗျည်း ရှုမငြီးတို့ဖြင့် နုလည်းနုပျို ရွှန်းရွှန်းစိုရကား ကြည်ညိုဖွယ်လည်း ရှိတော်မူ ပေထသော။

ဝန္ဒနေယျံ၊ လူမင်းနတ်မင်း ဗြဟ္မာမင်းတို့၏ ဝပ်စင်းဦးတိုက် ရှိခိုးတတ်ခိုက်သည်ကို ခံထိုက်သည့်ကျေးဇူး အရဟံအစရှိသော ဂုဏ်အထူးတို့နှင့် ချီးကျူးလောက်လုံ ပြည့်စုံတော်မူပါပေထ သော။

တံမူနိဒ္ဒိ၊ အာဂါရိက စသည်အပြား မှုနိမျိုး၏ ဦးဖျား ပရမေ သုံးလူ့ဆွေ ဖြစ်တော်မူသော ထိုမြွက်စွာဘုရားကို။

အဟံ၊ ရှုပ်နာမ်နှစ်ဖြာ ဟုတ်မှန်ရာကို သူငါမှည့်ခေါ် တရားဟောတဲ့ တပည့်တော်သည်။

နမာမိ၊ ဂုဏ်တော်ထုံမွှမ်း ပုံတော်မှန်းလျက် ချီးမွမ်းထောမနာ ပဏာညွတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးဦး ညွတ် ပါ၏ မြွတ်စွာဘုရား။

မယံ၊ တရားဟောပုဂ္ဂိုလ် တရားနာပုဂ္ဂိုလ် ခေါ်ဆိုသမုတ် အကျွန်ုပ်တို့သည်။

နမာမ၊ မင်္ဂလာစရဏ လက်ဦးစဉ် ကြည်စွာ့ကော်ရော် ပူဇော်မြတ်နိုး လက်အုပ်မိုး၍ ရှိခိုးဦးညွှတ်ပါ၏ မြတ်စွာဘုရား။

"သာဓု....သာဓု....သာဓုပါဘုရား။"

ကဲ....ယခုဆိုယင် ဘုန်းတော် ၆ ပါးသခင် တရားမင်းဘုရင် ဘုရားရှင်ရဲ့ တရားဦး ဟောတော်မူတဲ့ ပုံတော်, ဂုဏ်တော်တွေကို အာရုံပြုပြီး ရှိခိုးကြည်ညိုလို့ ပြီးသွားပြီ။

တရားဦးဟောမယ့် ဘုန်းကြီးအတွက်လဲ ကောင်း၊ တရားဦးနာမယ့် ပရိသတ်အတွက်လဲ ကောင်းတဲ့ အစကောင်းခြင်းပေါ့။

အစကောင်းမှ အနှောင်းသေချာဆိုတဲ့အတိုင်း အစကောင်းအောင် ပြုလုပ်ရတာဟာ အနှောင်းသေချာဖို့ပေါ့နော်။

"မှန်ပါဘုရား။"

**တောင့်တချက်** ဘုရားရှိခိုးပြီးတော့ အစကောင်းသွားတော့ တရားဆက်ဟောဖို့ပါပဲ၊ ဒါပေမယ့် မဟောနိုင်သေးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီတရားတော်ကို ဟောကြားရခြင်း အကြောင်းရင်းက ရဟန်းတော် ၂ သင်း အချင်းချင်း အငြင်းပွား ရန်ပွဲဖြစ်ခြင်းကို အကြောင်းပြုပြီး ဟောရတာမဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

ဒီတော့ တရားဟောမယ့် ဘုန်းကြီးက တရားနာမယ့် သူတော်စင် ပရိသတ်တွေအပေါ် တောင့်တချက် "အာသီသပတ္ထနာ" တခု ပြုချင်ပါတယ်၊ တောင့်တချက် အာသီသပတ္ထနာ က ဘာလဲဆိုတော့....

ဝိဝါဒံ ဘယတော ဒိသွာ, အဝိဝါဒဉ္စ ခေမတော။

သမဂ္ဂါ သခိလာ ဟောထ္တ, ဧသာ အနုသာသနီ။

သာဓုဝေါ၊ နှလုံးပျော့ပျောင်း တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည်။ ဝိဝါဒံ၊ သူ မတရား ငါတရားနှင့် သူကားလွဲစင် ငါမှန်အင်ဟု ဆန့်ကျင်စကား အချင်းချင်း ပြောကြားခြင်းကို။ ဘယတော၊ အကျယ်အကျယ် စကားကြွယ်မည့် ကြောက်ဖွယ်ရန်လေး ဘေးအနေအားဖြင့်။ ဒိသွာ-ပဿန္တာ၊ ယထာဘူတ သဘာဝဉာဏ်ဝင် အမှန်အတိုင်း သိမြင်ကြပါစေကုန်သတည်း။ အဝိဝါဒဉ္စ၊ နောင်ရင်းညီးရင်း, အစ်မရင်းညီမရင်း, သားရင်းသမီးရင်း, မိရင်းဖရင်း, မိတ်ဆွေရင်းတို့ မေတ္တာခင်းကျင်း၍ အငြင်းကွာဆိတ် အဒေါသ စေတသိက်ဖြင့် ကိုယ်စိတ်နှစ်စင်း အချင်းချင်း ညီညွတ်ခြင်း

ကိုလည်း။ ခေမတော၊ နိဗ္ဗာန်တိုင်ထိ အကျိုးရှိသည့် ဘာဝိတဗ္ဗ မှန်ငြား တို့တတွေပွားရမည့် ဘေးမဲ့တရား အနေအားဖြင့်။ ဒိသွာ-ပဿန္တု၊ ယထာဘူတ သဘာဝဉာဏ်ဝင် အမှန်အတိုင်း သိမြင်ကြပါစေကုန်သတည်း။ သာဓဝေါ၊ နှလုံးပျော့ပျောင်း သူတော်ကောင်းတို့သည်။ ဒိသွာ၊ ယထာဘူတ သဘာဝ ဉာဏ်ဝင် အမှန်အတိုင်း သိမြင်ကြကုန်သည်ဖြစ်၍။ သမဂ္ဂါ၊ ပြုတဲ့နေရာ ပြောတဲ့နေရာ ကြံစည်တဲ့နေရာ ဤသုံး ဌာန ဝယ် ကိုယ်စိတ်နှစ်စင်း အချင်း ချင်း ညီ ညွတ် ကြ ကုန် သည် ၎င်း။ သခိလာ၊ မေတ္တာခြေမြစ် အရေစစ်ဖြင့် ပြေပြစ် နူးညံ့သော စကား အချင်းချင်း ပြောကြားနိုင်ကြကုန်သည်၎င်း။ ဟောန္တု၊ မြေလက်ခတ်နဲ့ မြှောက်သည့်ခဲသို့ မလှဲ့ပုံသေ ဖြစ်ကြပါစေ ကုန်သတည်း။ သော၊ ဤတောင့်တချက်သည်ကား။ အသွာကံ၊ တရားဟောကြား ဘုန်းကြီးများတို့၏။ ပတ္ထနာ၊ ဗုဒ္ဓါနုသိဋ္ဌိ အဆုံးအမ ဩဝါဒကောင်း အမှိုကောင်း ရရှိသဖြင့် သင် သူတော်ကောင်းတို့၏ အပေါ်ဝယ် "အဟိတာပနယန - အစီး အပွားမဲ့ကို ပယ်ရှားလိုခြင်း" "ဟိတူပသံဟာရ-အကျိုးစီးပွား ကို လိုလားတောင့်တခြင်း" ဆိုတဲ့ အဒေါသ ရေဇလာ မေတ္တာနှစ်ပါး ဆင့်ဆင့်ပွား၍ လိုလားတောင့်တချက် ဖြစ်ပါ ပေသတည်း။

"သာဓု....သာဓု....သာဓုပါဘုရား။"

ဒီတရားတော်ဟာ အချင်းအချင်း အငြင်းပွား ရန်များ ခြင်းကို အကြောင်းပြုပြီး ဟောတော်မူတာဖြစ်လို့ "ကွဲပြား

ခြင်းက ဘေးဘယ - မကွဲပြားမှ အေးမြ” ပုံကိုပြပြီး အာသီသ ပြုလိုက်တာပဲနော်။

“မှန်ပါဘုရား။”

သူက မတရားဘူး, ငါက တရားတယ်၊ သူက လွဲတယ်, ငါက မှန်တယ် စသည်ဖြင့် ဆန့်ကျင်စကား, အချင်းချင်းပြောကြား နေယင် စကားများလာမလား၊ စကားနည်းသွားမလား။

“စကားများလာပါမယ်ဘုရား။”

စကားများလာယင် ပျံ့လွင့်မှု ဥဒ္ဓစ္စမဖြစ်ဘူးလား, ဖြစ်မှာလား။

“ဖြစ်မှာပါဘုရား။”

ပျံ့လွင့်မှု ဥဒ္ဓစ္စဖြစ်ယင် မစောင့်စည်းမှု အသံဝရ မဖြစ်ဘူးလား, ဖြစ်မှာလား။

“ဖြစ်မှာပါဘုရား။”

မစောင့်စည်းမှု အသံဝရဖြစ်ယင် တည်ကြည်မှု သမာဓိ ရပါအုံးမလား။

“မရတော့ပါဘုရား။”

တည်ကြည်မှု သမာဓိမရယင် ရုပ်နာမ်ဓမ္မသင်္ခါရတို့ရဲ့ သဘောကို အမှန်အတိုင်းသိမြင်မှု ယထာဘူတဉာဏ် ရပါ့အုံး မလား။

“မရတော့ပါဘုရား။”

အဲဒီ ယထာဘူတဉာဏ်မှ မရယင် အထက် အထက် မဂ်ဉာဏ်-ဖိုလ်ဉာဏ်တွေဆိုတာ ရဖို့ဝေးပြီပေါ့၊ ဒီတော့ ဆန့်ကျင်စကား

အချင်းချင်း များခြင်းဟာ အကျိုးမယုတ်ဘူးလား, အကျိုးယုတ်လား။

"အကျိုးယုတ်ပါဘုရား။"

အကျိုးယုတ်တဲ့ အဖြစ်မှန်းသိယင် ဆက်လက်ပြုကျင့်ရမှာလား, ချက်ချင်းရှောင်ရှားရမှာလား။

"ချက်ချင်းရှောင်ရှားရမှာပါဘုရား။"

ချက်ချင်းရှောင်ရှားရမယ်၊ ရှောင်ရှားမှလဲ အကျိုးရှိမယ်၊ ကိုယ်စိတ်နှစ်စင်း အချင်းချင်း ညီညွတ်နေမယ်ဆိုယင် ဆန့်ကျင်စကားများမှု ဖြစ်အုံးမလား။

"မဖြစ်နိုင်ပါဘုရား။"

ဆန့်ကျင်စကား မများယင် ပျံ့လွင့်မှု ဥဒ္ဓစ္စဖြစ်အုံးမလား။

"မဖြစ်နိုင်တော့ပါဘုရား။"

ပျံ့လွင့်မှု ဥဒ္ဓစ္စမဖြစ်ယင် မစောင့်စည်းမှု အသံဝရ ဖြစ်အုံးမလား။

"မဖြစ်နိုင်တော့ပါဘုရား။"

မစောင့်စည်းမှု အသံဝရ မဖြစ်ယင် တည်ကြည်မှု သမာဓိ မဖြစ်ဘူးလား, ဖြစ်မှာလား။

"ဖြစ်မှာပါဘုရား။"

တည်ကြည်မှု သမာဓိဖြစ်ယင် ရုပ်နာမ်ခန္ဓာသင်္ခါရတို့ရဲ့ သဘောကို အမှန်အတိုင်းသိမြင်မှု ယထာဘူတဉာဏ် မရဘူးလား, ရမှာလား။

"ရမှာပါဘုရား။"

အဲဒီ ယၓာဘူတဉာဏ်ဟာ အရေးကြီးတယ်၊ အဲဒီဉာဏ် ရယင် အထက်အထက် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဖို့ဟာ မဝေးတော့ ဘူးနော်။

"မှန်ပါဘုရား။"

ဒါကြောင့် ဆန့်ကျင်စကား မချားခြင်းဟာ နိဗ္ဗာန်တိုင်ထိ အကျိုးရှိတယ်၊ အဲဒီလို အကျိုးရှိတဲ့ အချိန်တိုင်း အချိန်တိုင်း ပြုတဲ့နေရာ, ပြောတဲ့နေရာ, ကြံစည်တဲ့နေရာတွေမှာ ကိုယ်စိတ် နှစ်စင်း အချင်းချင်း ညီညွတ်ရမယ်နော်။

"မှန်ပါဘုရား။"

အဲဒီလိုဆို အကျိုးမဲ့တွေ, အကျိုးယုတ်တွေပျောက်ကင်း ပြီး အကျိုးရှိတွေ, အကျိုးထူးတွေ ဖြစ်လာမယ်မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

တရားနာပရိသတ် သူတော်စင်တွေမှာ အကျိုးမဲ့တွေ ပျောက်ကင်းပြီး အကျိုးရှိတွေ ဖြစ်စေခြင်းငှာ တရားတော် မဟောမီ အာသီသပြုတာ ပြီးပြီဆိုပါတော့နော်။

"မှန်ပါဘုရား။"

**ဗုဒ္ဓတရား၏ တိကျပုံ**

အဲဒီလို တောင့်တချက် အာသီသပြု ပြီးတော့ ဟောမယ့် တရားတော်ကို ဆက်ဟောဖို့ပေါ့၊ ဟောဖို့ဆိုတော့ ဒီတရားတော်ကို ဘုန်း တော် ၆ ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ဟာ ဘယ်ပြည် ဌာန ဘယ်လောကမှာ သီတင်းသုံးတော်မူစဉ် ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြုပြီး ဟောတော်မူတာလဲ။

အဲဒီအချက်ဟာ ဘုန်းကြီးတို့ရဲ့ ဗုဒ္ဓတရားတော်နဲ့ အခြား အခြားတရားတွေနဲ့ မတူ ထူးခြားချက်ပါပဲ။

ဘုန်းကြီးတို့ ဗုဒ္ဓတရားတော်တွေမှာဆိုယင် ဟောကြားရာ ပြည် မြို့ ရွာ, ဟောကြားရာဌာန, ဟောကြားအပ်တဲ့ပုဂ္ဂိုလ်, ဟောကြားရခြင်းအကြောင်းရင်း, အဲဒီတရားတော်ကို ဟောကြားလိုက်၍ တရားနာပရိသတ်တွေရဲ့ အကျိုးရပုံ စသည်ဖြင့် အတိအကျ အစုံအလင် ပါရှိတယ်နော်။

"မှန်ပါဘုရား။"

အခြားအခြား တရားတွေမှာ အဲဒီလို တိကျမှု မရှိပါဘူး၊ အဲဒီဟာ ဗုဒ္ဓတရားတော်တွေနဲ့ အခြားတရားတော်တွေရဲ့ ထူးခြားချက်တရပ်ပါပဲနော်။

"မှန်ပါဘုရား။"

**တရားတော်အစ**

ကဲ....ပြသင့်ပြထိုက်တဲ့ ဘုရားရှိခိုးခြင်း၊ တောင့်တသင့် တောင့်တ ထိုက်တဲ့ အာသီသပတ္ထနာများကို ပြပြီးတောင့်တပြီးပြီ။ ဗုဒ္ဓတရားတော်ရဲ့ တိကျပုံ အခြားအခြားတရားများနဲ့မတူ ထူးခြားပုံလဲ ပြပြီးပြီ၊ တရားဟောဖို့ပဲပေါ့နော်။

"မှန်ပါ ဘုရား။"

တရားဟောမယ်ဆိုတော့ ပရိသတ်အစုံ နားလည်အောင် မြန်မာလိုပဲ ရှင်းလင်းဟောကြားပါမယ်၊အာရုံတပါးစိတ်မသွားပဲ ထောင်နားစိုက်ပါနော်။

"မှန်ပါ ဘုရား။"

အရှင်ဘုရား....ကဿပ, ဒီ ကောသမ္ဗိယသုတ္တန် တရားတော်ကို ဘုရားတပည့်တော် အာနန္ဒသည် ဘုန်းတော်ခြောက်ပါးသခင် တရားမင်းဘုရင် ဘုရားရှင်၏ မျက်မှောက်တော်မှ ယခုဆိုလတ္တံ့သော အချင်းအရာအားဖြင့် ကိုယ်တိုင်ကိုယ်ကျနာခံမှတ်သားထားလိုက်ရပါတယ် အရှင်ဘုရား"

အဲဒီစကားဟာ ပဥ္စမသင်္ဂါယနာတင်ပွဲမှာ အရှင်မဟာကဿပ အရှင်မြတ်က မေးသဖြင့် အရှင်အာနန္ဒရဲ့ ဖြေကြားတဲ့ အဖြေစကားပဲနော်။

"မှန်ပါ ဘုရား။"

"အဲဒီလို အဖြေစကားလျှောက်ထားပြီးတော့ အရှင်အာနန္ဒအရှင်မြတ်က ဆက်လက်ပြီးတော့ အဖြေစကား လျှောက်ထားပြန်တယ်။

"အရှင်ဘုရား ကဿပ, အခါတပါး ဘုန်းတော်ခြောက်ပါးသခင် တရားမင်းဘုရင် ဘုရားရှင်သည် ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်းတော်မှာ သီတင်းသုံးတော်မူပါတယ်ဘုရား" တဲ့။

အဲဒါ အရှင်အာနန္ဒရဲ့ ဆက်လက် လျှောက်ထားချက်ပဲ၊ အဲဒီလျှောက်ထားချက်မှာ ကောသမ္ဗီပြည်ခေါ်ပုံ ဃောသိတာရုံကျောင်းခေါ်ပုံတို့ကို ရှင်းမယ်ဆိုယင် အများကြီးပါပဲ၊ အဲဒါတွေ ရှင်းနေယင် လိုရင်းတရားအတွက် အချိန်နည်းမှာစိုး၍ ထားခဲ့မယ်နော်။

"မှန်ပါ ဘုရား။"

အဲဒီလို လျှောက်ထားဖြေကြားပြီးတော့ ဘယ်လိုဆက်လက် လျှောက်ထားဖြေကြားပြန်လဲဆိုတော့....

"အရှင်ဘုရား ကဿပ, အဲဒီလို ဘုရားရှင် ကောသမ္ဗီပြည်မှာ သီတင်းသုံးနေတော်မူစဉ်အခါဝယ် ကောသမ္ဗီပြည်မှာနေကြသော ရဟန်းများတို့ဟာ ဆန့်ကျင်စကားများကြပါတယ်၊ ငြင်းခုံကြပါတယ်၊ ခိုက်ရန်ဖြစ်ပွားကြပါတယ်၊ အချင်းချင်းနှုတ်လှံ့ထိုး၍ နေကြပါတယ် ဘုရား"တဲ့။

အဲဒီ ရဟန်းတော်တွေဟာ အချင်းချင်းမသိစေနိုင်တော့ပါ၊ သိစေနိုင်ခြင်းသို့လဲ မရောက်တော့ပါ ဘုရား"တဲ့။

အဲဒါ အရှင်အာနန္ဒရဲ့ လျှောက်ထားချက် အဆက်ပေါ့၊ ကြည့်စမ်း ရဟန်းတော်တွေဖြစ်နေပုံဟာ ကောင်းကြသေးရဲ့လား, ကြည်ညိုဖွယ်ရှိကြသေးရဲ့လား။

"မကောင်းကြ, ကြည်ညိုဖွယ်မရှိကြတော့ပါ ဘုရား။"

ရဟန်းတော်တွေဆိုတာ သံသရာဘေးကို ရှုမြင်ပြီး တရားဝင်နေကြတာ မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား။"

အေး.... တရားဝင် နေပါတယ်ဆိုတဲ့ သာ သ နာ့ ရှေ့ သွား ခေါင်းဆောင်ရဟန်းတော်တွေက လူများရဲ့ရှေ့မှာ ကွဲပြားရန်ဖြစ်နေတယ်ဆိုတော့ လူအများ ဒကာ,ဒကာမများကို တရားချလို့ တရားဟောလို့ ဖြစ်ပါအုံးမလား။

"မဖြစ်တော့ပါ ဘုရား။"

ယခုဆိုယင် အင်္ဂုတ္တိုရ်နိကာယ်လုံးဆိုင်ရာ ဆရာတော် သံဃာတော်တွေဟာ ညီညီညွတ်ညွတ်နဲ့ စာမေးပွဲသဘင်ကြီးကျင်းပပြီး ဖြေဆိုကြ၊ ကြီးကြပ်ကြ၊ ဩဝါဒ ပေးကြ၊ တရားနာကြ၊ ဝေယျာဝစ္စလုပ်ကြ၊ လှူဒါန်းကြနဲ့ စိတ်ချမ်းသာ ကိုယ်ချမ်းသာ စရာကြီး မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား။"

"သုခါ သံဃဿ သာမဂ္ဂီ"တဲ့၊ သံဃာတော်အရှင်မြတ်တွေရဲ့ အချင်းချင်း ညီညွတ်ခြင်းဟာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာတရား တိုးပွားခြင်း အကြောင်းပဲနော်။

"မှန်ပါ ဘုရား။"

အဲဒီလို သံဃာတော် အရှင်မြတ်တွေအချင်းချင်း ညီညွတ်နေတော့ ဒကာ၊ ဒကာမတွေကို တရားဟော၊ တရားပြရတာလဲ မလွယ်ဘူးလား။

"လွယ်ပါတယ် ဘုရား။"

အေး....ဟုတ်တာပေါ့၊ ကိုယ့်ရန်ပွဲမှ မစဲသေးပဲနဲ့ သူ့ရန်ပွဲကို ဘယ်နှယ့်လုပ်ပြီး ဖြေရှင်းနိုင်မလဲ၊ သူ့ရန်ပွဲဖြေရှင်းဖို့ရန်အတွက် ကိုယ့်ရန်ပွဲကို အရင်ရှင်းရမယ် မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား။"

**အမျိုက်ကစ ပြာသာဒ်မီးလောင်**

အဲဒီရဟန်းတော်တွေ အချင်းချင်း ကွဲပြားခြင်း၊ ငြင်းခုံခြင်း၊ ဆန့်ကျင်စကား ပြောကြားခြင်း၊ နှုတ်လှံထိုးခြင်းရဲ့ အကြောင်းရင်းကလဲ "အမျိုက်ကစ ပြာသာဒ်မီးလောင်" ဆိုတာလိုပဲ ဘာမဟုတ်တဲ့ ပြဿနာကလေးက စတာပဲ။

ပြဿနာအစက ဘာလဲဆိုတော့ ရဟန်းတော်တပါး ကုဋီ တက်တယ်၊ ကုဋီထဲမှာ ရှိတဲ့ရေအိုးကို သန့်သက်ရေအိုး လို့ ခေါ်တယ်၊ ကုဋီတက်တဲ့ရဟန်းတော်ဟာ အဲဒီ သန့်သက်ရေအိုး ထဲက ရေနဲ့ သန့်သက်ရေဆေးပြီး ရေခွက်ထဲမှာ ရေကြွင်းရေကျန် မထားခဲ့ရဘူးနော်။

"မှန်ပါ ဘုရား။"

အဲဒါ ရဟန်းတော်တပါးက ကုဋီတက်, သန့်သက်ရေဆေး ပြီး ရေခွက်ထဲမှာ အမှတ်တမဲ့နဲ့ ရေကြွင်းထားခဲ့မိတယ်၊ အဲဒီ ရဟန်းတော် ကုဋီကအထွက်မှာ နောက်တပါးက ကုဋီတက်တော့ မြင်ကရော မဟုတ်လား။

'မှန်ပါ ဘုရား။"

အဲဒီမှာ အာပတ်သင့်တယ် မသင့်ဘူးနဲ့ ငြင်းကြ ဆန့်ကျင် စကား အချင်းချင်းများကြတယ်၊ နှုတ်လှံထိုးကြတယ်၊ သူ့ဘက် ကိုယ့်ဘက်နဲ့ ရန် ၂-သင်း ကွဲသွားတယ်၊ အဲ.... အမှိုက်ကစ ပြာသာဒ်မီးလောင်ပေါ့နော်။

"မှန်ပါ ဘုရား။"

အဲဒီအကြောင်း အကျယ်တဝင့် ဟောပြောနေယင် လိုရင်းတရား ရောက်မှာ မဟုတ်တော့ဘူး၊ ဒါကြောင့် အဲဒီ အကြောင်းကိုလဲ အဲဒီလောက်ပဲ ထားခဲ့မယ်နော်။

'မှန်ပါဘုရား။"

**ဗုဒ္ဓဘုရား လျှောက်ထား**

အဲဒီလို ရဟန်း ၂ သင်း အချင်းချင်းကွဲပြားပြီး ဆန့်ကျင်စကား ပြောကြားပြီး ပြောမရ, ဆိုမရ, တားမရ, ဆီးမရ, ဘယ်လိုမှ ပညာ

ပေးသိစေလို့မရတဲ့ အခြေအနေကိုသိတဲ့ ညီညွတ်ရေးလိုလားတဲ့ ရဟန်းတော်တပါးက ဘုရားရှင်အား သွားရောက်ပြီးလျှောက်ထားတယ်....

"မြတ်စွာဘုရား၊ ဒီ ကောသမ္ဗီပြည်မှာ ရှိနေကြတဲ့ ရဟန်းတော်တွေဟာ အချင်းချင်း ၂သင်းကွဲပြီး ခိုက်ရန်ဖြစ်ပွား အငြင်းများနေကြပါတယ်ဘုရား၊ အချင်းချင်း နှုတ်လှံထိုးနေကြပါတယ်ဘုရား၊ သူတို့ ၂ သင်း အချင်းချင်း ညီညွတ်ရေးကို ဘယ်သူ့မှ မသိစေနိုင်၊ ပညာမပေးနိုင်ပါဘုရား" တဲ့။

အဲဒီလို လျှောက်ထားတဲ့အခါ ရှင်တော်ဘုရားက မထင်ရှားတဲ့ ရဟန်းတော်တပါးကို ခေါ်စေပြီး မိန့်တော်မူတယ်....

"ချစ်သားရဟန်း၊ ငါဘုရားထံ လာအုံး၊ ငါ့ရဲ့စကားနဲ့ ၂သင်းကွဲနေတဲ့ အချင်းများရဟန်းတွေကို ခေါ်ချေ" တဲ့။ ဘယ်လိုခေါ်ရမှာလဲဆိုတော့ အရှင်တို့ကို ဘုရားရှင်က ခေါ်နေတယ်လို့ ပြောခေါ်"တဲ့။

အဲဒီလို ဘုရားရှင်က အမိန့်ရှိတယ်၊ ဒီတော့ အဲဒီ မထင်ရှားတဲ့ ရဟန်းတော်က "ကောင်းပါပြီမြတ်စွာဘုရား"လို့ ဘုရားရှင်ရဲ့ စကားကိုဝန်ခံပြီးတော့ အဲဒီရဟန်းတွေကို....

"အရှင်တို့....အရှင်ဘုရားတို့ကို ဘုရားရှင်က ခေါ်တော်မူနေတယ်"

လို့....သွားပြောတယ်၊ အဲဒီလို သွားပြောတော့ ဟို....ရန်ဖြစ် ခိုက်ရန်များနေတဲ့ ရဟန်းတော်တွေကလဲ အသာတကြည်ပဲ....

"ကောင်းပါပြီ ငါ့ရှင်" လို့ လာခေါ်တဲ့ ရဟန်းတော်ရဲ့ စကားကို ဝန်ခံပြီး ဘုရားရှင် ရှိတော်မူရာ အရပ်သို့ သွားပြီး အရှိအသေရှိခိုးကာ သင့်တင့်လျောက်ပတ်တဲ့ နေရာမှာ ထိုင်နေကြတယ်။

အဲဒီလို ထိုင်နေတဲ့အခါ ဘုန်းတော် ၆ ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အဲဒီရဟန်းတော်တွေကို မေးတယ်....

"ရဟန်းတော်များ အို ချစ်သား တို့ သင် တို့ ဟာ အချင်းချင်း ၂ သင်းကွဲပြီး တသင်းနဲ့တသင်း ငြင်းခုံတယ်၊ ခိုက်ရန်ဖြစ်တယ်၊ ဆန့် ကျင် စ ကား ပြောကြား တယ်၊ အချင်းချင်း နှုတ်လှံထိုးတယ်၊ ညီညွတ်ရေးအတွက် ဘယ်သူမှ မသိစေနိုင်၊ မပြောနိုင်ဆိုတာ မှန်သလား" တဲ့။

အဲဒီလို ဘုရားရှင်က မေးတယ်၊ ဒီလိုမေးတော့ ခိုက် ရန်ဖြစ်ပွား အငြင်းများနေတဲ့ ရဟန်းတော်တွေက ရိုးရိုးသားသားပဲ "မြတ်စွာဘုရား မှန်ပါတယ်" လို့ လျှောက်ထားတယ်၊ မဖြစ်ပါဘူးလို့ မလိမ်မညာဘူး။

**ကြိုက် သ လို ဖြေ**

အဲဒီလိုဖြေတော့ ဘုရားရှင်က ရဟန်းတော်တွေ ကို ပြော တယ်၊ ရ ဟန်း တော် များ အို ချစ်သားတို့ ယခုငါဘုရားမေးမယ့် အမေးစကားကို သင်တို့ ကြိုက်သလိုဖြေကြစမ်းတဲ့၊ ငါ့ကိုဘာမှထောက်ပြီး ကြောက်မနေနဲ့ဆိုတဲ့ အဓိပ္ပါယ်ပေါ့။ အဲဒီလို မိန့်ပြီးတော့မေးတယ်....

"ငါ၏ချစ်သားရဟန်းများတို့ သင်တို့ အဲဒီလို တသင်းနဲ့ တသင်း အချင်းချင်း ခိုက်ရန်ဖြစ်ငြင်းခုံနေယင်, အငြင်း

ပွားနေယင်, ဆန့်ကျင်စကားပြောကြားနေယင်, အချင်းချင်းနှုတ်လုံ့ထိုးနေယင်၊သင်တို့ကို ဘယ်သူက မသိစေနိုင် မငြိမ်းအေးစေနိုင်ဘူးဆိုယင်....

"သင်တို့သည် အဲဒီအချိန်အခါမှာ သီတင်းသုံးဖော် အချင်းချင်း တသင်းအပေါ်တသင်း မျက်မှောက်မှာရော မျက်ကွယ်မှာပါ ကိုယ်၏စောင်မခြင်း, ကာယကံမေတ္တာ,ကိုယ်ဖြင့်ကူညီခြင်းကာယကံမေတ္တာရှိပါရဲ့လား၊ နှုတ်ဖြင့်စောင်မခြင်း ဝစီကံမေတ္တာ, နှုတ်၏စောင်မခြင်း ဝစီကံမေတ္တာကော ရှိပါရဲ့လား။"

"စိတ်ဖြင့်စောင်မခြင်း မနောကံမေတ္တာ, စိတ်၏စောင်မခြင်း မနောကံ မေတ္တာကော ရှိပါရဲ့လား" လို့ မေးတယ်။

အဲဒီလိုမေးတဲ့အခါ ရဟန်းတော်တွေကလဲ အမှန်အတိုင်းပဲ ရိုးရိုးသားသားနဲ့ "မြတ်စွာဘုရား အဲဒီလို ခိုက်ရန်ဖြစ်ပွားအချင်းများနေတဲ့အခါ သီတင်းသုံးဖော်အချင်းချင်း တသင်းပေါ်တသင်း ကာယကံမေတ္တာ, ဝစီကံမေတ္တာ, မနောကံမေတ္တာများ မဖြစ်ပွားနိုင်ပါဘုရား"လို့ ဖြေကြားတယ်။

ကဲ- စဉ်းစားကြည့်စမ်း,သူတော်စင်ပရိသတ်တို့၊အချင်းများရန်ဖြစ်တဲ့အတွက် တဦးအပေါ်တဦးပြုသင့်တဲ့ ကိုယ်၏စောင်မခြင်း, နှုတ်၏စောင်မခြင်း, စိတ်၏စောင်မခြင်းများ မဖြစ်နိုင်တော့ဘူးစဲ့ နော်။

"မှန်ပါဘုရား။"

အဲဒီလို မဖြစ်တော့ အကျိုးစီးပွားတွေယုတ်လျော့ပြီး မကောင်းတဲ့အယုတ်တရားတွေ မတိုးလာဘူးလား။

"တိုးလာပါတယ်ဘုရား။"

**ဘာကိုမျှော်၍ ငြင်းခုံတာလဲ**

အင်း....မကောင်းတဲ့အယုတ်တရားတွေသာ တိုးပွားလာသတဲ့၊ ပြီးတော့ ဘုရားရှင်က တခါ ပြောပြန်တယ်၊ ရဟန်းတော်များ၊ အို....ချစ်သားတို့, အဲဒီလို အချင်းချင်း တသင်းနဲ့တသင်း၊ အငြင်းပွား ရန်များနေတဲ့အခါမှာ တသင်းအပေါ်တသင်း ကိုယ်၏စောင်မခြင်း, နှုတ်၏စောင်မခြင်း, စိတ်၏စောင်မခြင်း မရှိကြဘူး။

အဲဒီလို စောင်မခြင်းမရှိတော့ အကျိုးစီးပွားတွေ ယုတ်လျော့ရကား မဂ်ဖိုလ်မှအချည်းနှီးဖြစ်တဲ့ယောကျ်ားတို့ သင်တို့ ဘာကိုမျှော်၍ အချင်းချင်း အငြင်းပွား ရန်များနေကြတာလဲ, သူတပါးတွေ ပြောမရ,ဆိုမရ ဖြစ်နေကြတာလဲ။

သင်းတို့ ဘာ အကျိုးရမှာမျှား မြင်လို့ ခိုက်ရန် ဖြစ်ပွား အချင်းများနေကြတာလဲ၊ ပြောဆိုမရ ဖြစ်နေကြတာလဲ။

မဂ်ဖိုလ်မှ အချည်းနှီးဖြစ်တဲ့ ယောကျ်ားတို့,သင်းတို့ရဲ့ အဲဒီ အငြင်းပွား ရန်များမှုသည် ရှည်မြင့်စွာသော နေ့ညဥ့်တို့ပတ်လုံး အစီးပွားယုတ်လျော့ခြင်းငှာ ဆင်းရဲခြင်းငှာ ဖြစ်လိမ့်မယ်တဲ့၊ ဘုရားရှင်က အမိန့်ရှိတယ်၊ ကဲ....မဟုတ်ဘူးလား။

"ဟုတ်ပါတယ်ဘုရား။"

ဘုရားရှင်က ဒီကျတော့ ရဟန်းတော်တို့လို့ မခေါ်တော့ဘူး၊ မဂ်ဖိုလ်မှ အချည်းနှီးဖြစ်တဲ့ ယောကျ်ားတို့ တဲ့၊ အဲဒီ

အငြင်းပွားတဲ့ ရဟန်းတွေမှာ မဂ်တရား ဖိုလ်တရားတွေ ရှိရဲ့လား။

"မရှိပါဘုရား။"

"သောတာပန်လောက် ဆိုယင်ပဲ အငြင်းပွားအုံးမလား, အငြင်းမပွားတော့ဘူးလား။"

"မပွားတော့ပါဘုရား။"

အငြင်းပွားတယ်ဆိုတာ မဂ်မရှိ,ဖိုလ်မရတဲ့သူတွေရဲ့ အလုပ်နော်။

"မှန်ပါဘုရား။"

မဂ်မရ, ဖိုလ်မရသေးသူတွေက မဂ်အရသာ, ဖိုလ်အရသာ ခံစားစရာမရှိတော့ အငြင်းပွားတဲ့အရသာပဲ ခံစားနေရတယ်၊ ပြီးတော့ ငရဲအရသာ ခံစားရအုံးမယ်နော်။

"မှန်ပါဘုရား။"

ဒီတော့ အငြင်းပွားတာ ဘာအကျိုးရှိလဲ။

"ဘာအကျိုးမှ မရှိပါဘုရား။"

ယခု မျက်မှောက်မှာ ရသင့်တဲ့ အကျိုး စီးပွားတွေရော, တမလွန်ဘဝမှာ ရသင့်တဲ့အကျိုးစီးပွားတွေပါ အကုန် ယုတ်လျော့ကုန်တယ်။

အခု ဘဝလဲ ကိုယ်စိတ် ဆင်းရဲမယ်၊ ဟို နောက်ဘဝလဲ ကိုယ်စိတ်ဆင်းရဲမယ်ဆိုတော့ အကျိုးတွေမယုတ်လွန်းဘူးလား။

"ယုတ်လွန်းပါတယ်ဘုရား။"

အေး....ဒါကြောင့် အငြင်းပွားတယ်ဆိုတာ လူယုတ်တွေရဲ့ အလုပ်လို့ မှတ်နော်။

"မှန်ပါဘုရား။"

လူယုတ်ဟာ ယုတ်ညံ့တဲ့အလုပ်, ယုတ်ညံ့တဲ့အပြော, ယုတ်ညံ့တဲ့အကြံကို အမြဲလုပ် အမြဲပြော အမြဲကြံတယ်နော်။

"မှန်ပါဘုရား။"

အဲဒီလို ယုတ်ညံ့တဲ့အလုပ်, အပြော, အကြံတွေကို ပြုလုပ်ပြောဆိုကြံစည်နေတဲ့ လူယုတ်ဟာ စည်းစိမ်ဉစ္စာ ရတနာရွှေငွေကျက်သရေမင်္ဂလာများလဲ တနေ့တခြား ယုတ်လျော့ပြီး, နောက်ဆုံးတော့ အပါယ်ဆင်းရဲ ခံရတာယ်နော်။

"မှန်ပါဘုရား။"

လူယုတ်က ကိုယ့်ကိုယ်တော့ အဟုတ်ထင်တယ်၊ ပညာရှိတွေကတော့ အဟုတ်မထင်ဘူး၊ အယုတ်လို့ပဲ ထင်တယ်။

**မေးကြည့်စမ်းပါ** မယုံယင် ရန်ဖြစ်တဲ့သူတွေကို သွားမေးကြည့်ပါ၊ ကိုယ်ချမ်းသာ စိတ်ချမ်းသာ ရှိပါရဲ့လား, လောကအကျိုးစီးပွား လောကုတ္တရာအကျိုးစီးပွား ရှိပါရဲ့လား၊ သင်တို့ အယုတ်လား, အမြတ်လား၊ မေးကြည့်ပါ၊ အကောင်းချည်းပဲ ဖြေမှာပဲ၊ ဘယ်တော့မှ မကောင်းတာ ဖြေမှာ မဟုတ်ဘူး။

ဖြစ်ချင်တာက တလွဲ ယူဆလုပ်ကိုင်နေတာကတမျိုး ဖြစ်နေတော့ မိမိလိုတာတွေ ရအုံးမလား, ဖြစ်ချင်တာတွေ ဖြစ်အုံးမလားဆိုတော့ ဘယ်တော့မှမရတော့, မဖြစ်တော့ဘူးနော်။

"မှန်ပါဘုရား။"

**အောက်မေ့ဖွယ်ရာ မြတ်ဓမ္မ**

ဘုန်းတော် ၆-ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ရဟန်း တော် များ ကို ငြင်းခုံခြင်းကြောင့် အကျိုးစီးပွား ဆုတ်ယုတ်ပုံ ဆင်းရဲဒုက္ခများပုံကို မိန့်ကြားပြီးတဲ့နောက် အဲဒီ ရဟန်းတော်များကို ဆက်လက်ပြီးတော့ မိန့်ကြားပြန်တယ်။

ရဟန်းတော်များ အို့ချစ်သားတို့, ယခု ငါဘုရားဟောကြားလတ္တံ့ဖြစ်တဲ့ တရားတော် ၆-ပါးတို့ဟာ....

၁။ အောက်မေ့ဖွယ်ကို ဖြစ်စေတတ်ကုန်တယ်၊

၂။ ချစ်ခင်နှစ်သက်ခြင်းကို ဖြစ်စေတတ်ကုန်တယ်၊

၃။ ရိုသေလေးစားခြင်းကို ဖြစ်စေတတ်ကုန်တယ်၊

၄။ စည်းလုံးခြင်းအကျိုးငှာ ဖြစ်တယ်၊

၅။ မငြင်းခုံခြင်းအကျိုးငှာ ဖြစ်တယ်၊

၆။ ညီညွတ်ခြင်းအကျိုးငှာ ဖြစ်တယ်၊

၇။ တပေါင်းတည်းဖြစ်ခြင်းအကျိုးငှာ ဖြစ်ကုန်တယ်-လို့ အဲဒီလို အောက်မေ့ဖွယ်ရာတရား ၆-ပါးရဲ့ အကျိုးအာနိသံသ ၇-ပါးကို ဦးစွာထုတ်ပြပါတယ်၊ ဆိုလိုရင်းက ဒီအောက်မေ့ဖွယ်ရာ တရား ၆-ပါးကို ကျင့်ကြံကြိုးကုတ် အားထုတ်ယင် ယခုပြဆိုခဲ့တဲ့ အကျိုးအာနိသံသ ၇-ပါးကို ရမယ်တဲ့ နော်။

"မှန်ပါဘုရား။"

ရှင်းရှင်းပြောရယင် တရား ၆-ပါးကို ကျင့်ယင် အကျိုး ၇-ပါးကို ရမယ်၊ ဒါပဲ လိုရင်းက၊ ၆-ပါးကျင့်ယင် ၇-ပါးရမယ်၊ အဲဒီ အကျိုး ၇-ပါးကို မလိုချင်ဘူးလား၊လိုချင်သလား။

"လိုချင်ပါတယ်ဘုရား။"

အကျိုး ၇-ပါးကို လိုချင်ယင် လိုက်နာရမယ့် အကျင့်တရားက ဘယ်နှစ်ပါးလဲ။

"၆ ပါးပါဘုရား။"

ဒီတော့တရား ၆ ပါး ကိုယ့်သန္တာန်မှာ ရှိမယ် တည်မယ်ဆိုယင် အကျိုး ၇ ပါးရမယ်ပေါ့နော်။

"မှန်ပါဘုရား။"

အဲဒီ ကျင့်ရမယ့် အကျင့်တရား ၆ ပါးကို မပြောကြားမီ အကျိုးတရား ၇ ပါးပဲအလျင်ပြောကြအုံးစို့၊ဒါမှအားတက်ပြီး ကျင့်ချင်လာအောင်၊ ၆ ပါးကျင့်ယင် ရမယ့်(၇)ပါးက ဘာတွေလဲဆိုတော့-

မိမိကိုယ်ကို အတူနေ မိတ်ဆွေသင်္ဂဟတွေ အပေါင်းတို့က—

၁။ တအောက်မေ့မေ့ ဖြစ်လိမ့်မယ်၊

၂။ တချစ်ခင်ခင် တနှစ်သက်သက် ဖြစ်လိမ့်မယ်၊

၃။ တရိုသေသေ တလေးစားစား ဖြစ်လိမ့်မယ်၊

၄။ အတူနေမိတ်ဆွေတွေနဲ့ တစည်းလုံးလုံး တညီညွတ်ညွတ် ဖြစ်လိမ့်မယ်၊

၅။ အတူနေမိတ်ဆွေတွေနဲ့ ခိုက်ရန်ငြင်းခုံခြင်း ကင်းလိမ့်မယ်၊

၆။ အတူနေမိတ်ဆွေတွေနဲ့ တညီညွတ်ညွတ် ဖြစ်လိမ့်မယ်၊

၇။ အတူနေမိတ်ဆွေတွေနဲ့ တပေါင်းတစုတည်း မကွဲမပြား တသားတည်း ဖြစ်လိမ့်မယ်-

လို့ အဲဒီအကျိုးတရား ၇ ပါးကို ရမယ်တဲ့၊ ကဲ....အကျိုးတရား တွေက မကောင်းဘူးလား။

"ကောင်းပါတယ်ဘုရား။"

ကဲ....ဒီတရား ၆ ပါးရှိယင် ကိုယ့်ကို သူတပါးတွေက အတူနေ မိတ်ဆွေတွေက ဘယ်လိုဖြစ်မှာတဲ့လဲ။

"တအောက်မေ့မေ့ ဖြစ်ပါမယ်ဘုရား။"

အဲဒါ အကျိုးတခုပဲ၊လက်ချိုးပြီးတော့ လိုက်မှတ်ထားပါ၊ တရား ၆ ပါးရှိယင် ဒီတရား ၆ ပါးရှိတဲ့ပုဂ္ဂိုလ်ကို သူများတွေက တချစ်ခင်ခင် တနှစ်သက်သက်လဲ ဖြစ်လိမ့်မယ်တဲ့၊ ကဲ-မိမိကိုယ်ကို လူချစ်လူခင်ပေါတာ ကြိုက်လား မကြိုက်ဘူးလား။

"လူချစ်လူခင်ပေါတာ ကြိုက်ပါတယ်ဘုရား။"

အင်း....ဟုတ်ပြီ၊အကျိုးတရား ၇ ပါးဟာ လူတိုင်း လိုလားအပ်တဲ့ အကျိုးတရားတွေ မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

ကဲ....မေးမယ်၊ မိမိကို သူတပါးတွေက တအောက်မေ့မေ့ ဖြစ်နေပါတယ်ဆိုယင် သဘောကျမလား, စိတ်ဆိုးမလား။

"သိပ်သဘောကျမှာပါဘုရား, စိတ်မဆိုးပါ။"

စိတ်မဆိုးပါဘူးတဲ့၊ သဘောကျမယ်တဲ့၊ သဘောကျတာမှ နဲနဲတောင်မဟုတ်ဘူး၊ သိပ်သိပ်သဲသဲကို သဘောကျတယ်တဲ့ ဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

ဘာဖြစ်လို့ သိပ်သဘောကျရတာလဲ။

"ကိုယ့်ကို တအောက်မေ့မေ့ဖြစ်နေတယ်လို့ ပြောလို့ပါဘုရား။"

ကဲ.... ဒါဖြင့် ကိုယ့်ကို သူတပါးတွေက မိတ်ဆွေသင်္ဂဟတွေက သိပ်ပြီးတော့ ချစ်ခင်နှစ်သက်ပါတယ်,ကြင်နာပါတယ် ပြောယင်ကော ဘယ့်နှယ်နေမလဲ။

"ဒါလဲ သိပ်သဘောကျမှာပါဘုရား။"

အင်း....ပီယဆေးတို့ အင်းအိုင်လက်ဖွဲ့တို့ မဆောင်ရပဲနှင့် ချစ်ခင်နှစ်သက် ကြင်နာယုယခံရတယ်ဆိုတော့ သဘောကျတာပေါ့ ဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

ကဲ....ဒါဖြင့် ဆက်မေးပါရစေအုံး၊ ဖြေစမ်းပါ၊ ကိုယ့်ကို သူတပါးတွေက ရိုသေလေးစား ဂါရဝထားပါတယ်ဆိုယင်ကော ဘယ့်နှယ်နေမလဲ။

"ပိုပြီးတော့ သဘောကျပါတယ်ဘုရား။"

အင်း....အကောင်းတော့ လူတိုင်း ကြိုက်တယ်နော်။

"မှန်ပါ ကြိုက်ပါတယ်ဘုရား။"

မကြိုက်တာများ ရှိသေးလား။

"ကိုယ့်ကို သူတပါးတွေက မရိုသေ, မလေးစားဘူးဆိုယင်တော့ မကြိုက်ပါဘုရား။"

အဲဒါ ဓမ္မတာသဘောပဲ၊ ကိုယ့်ကို သူတပါးတွေက ရိုသေလေးစားချင်တယ်၊ 'ရိုသေလေးစားမှုကို လိုလားတယ်၊ ရိုသေလေးစားမှ သဘောကျတယ်၊ မရိုသေမလေးစားယင် သဘောမကျဘူးနော်။

"မှန်ပါဘုရား။"

အဲဒီ သူတပါးတွေက ရိုသေတယ်၊ လေးစားတယ်ဆိုတာ သာမညနဲ့တော့ ဘယ်ဖြစ်မလဲ၊ ဘယ်ရိုသေလေးစားမလဲ၊ မိမိကိုယ်မှာ သူတပါးတွေက ရိုသေလေးစားထိုက်တဲ့ ဂုဏ်ထူးဝိသေသတွေရှိမှ ရိုသေလေးစားမှာပေါ့၊ ရိုသေလေးစားထိုက်တဲ့ ဂုဏ်ထူးဝိသေသတွေ မရှိယင် ရိုသေလေးစားပါ့မလား။

"မရိုသေ မလေးစားပါဘုရား။"

ကဲ....ဒါဖြင့်....သူတပါးတွေက ကိုယ့်ကိုရိုသေလေးစားဖို့ရာ ကိုယ့်မှာ ဘာရှိဖို့လိုလဲ။

"ရိုသေလေးစားထိုက်တဲ့ ဂုဏ်ထူးဝိသေသတွေ အကျင့်တရားတွေ ရှိဖို့လိုပါတယ်ဘုရား။"

ကဲ....ဒါဖြင့်....ဆက်လက်မေးပါရစေအုံး၊ ကိုယ့်အိမ်သူ အိမ်သားတွေနဲ့ စည်းစည်းလုံးလုံးနေချင်လား, ကွဲကွဲပြားပြားနေချင်လား။

"စည်းစည်းလုံးလုံး နေချင်ပါတယ်ဘုရား။"

မိတ်ဆွေသင်္ဂဟတွေနဲ့ကော....

"စည်းစည်းလုံးလုံးပဲ နေချင်ပါတယ်ဘုရား။"

မိမိရဲ့ ရွာသူရွာသားတွေနဲ့ကော....

"စည်းစည်းလုံးလုံးပဲ နေချင်ပါတယ်ဘုရား။"

မိမိရဲ့ မြို့သူမြို့သားတွေနဲ့ကော....

"စည်းစည်းလုံးလုံးပဲ နေချင်ပါတယ်ဘုရား။"

မိမိရဲ့ တိုင်းသားပြည်သူတွေနဲ့ကော....

"စည်းစည်းလုံးလုံးပဲ နေချင်ပါတယ်ဘုရား။"

ကမ္ဘာသူ ကမ္ဘာသားတွေနဲ့ကော....

"စည်းစည်းလုံးလုံးပဲ နေချင်ပါတယ်ဘုရား။"

အင်း....အဲဒီ စည်းလုံးမှုဟာ အင်မတန် အရေးမကြီးဘူးလား။

"မှန်ပါ အရေးကြီးပါတယ်ဘုရား။"

အဲဒီ အရေးကြီးတဲ့ စည်းလုံးမှုကို ရယူချင်ယင် ဘာလုပ်ရမလဲ။

"အကျင့်တရား ၆ ပါးနှင့် ပြည့်စုံအောင် လုပ်ရပါမယ်ဘုရား။"

အေး....ဟုတ်ပြီ၊ ကဲ....မေးပါရစေအုံး၊ အများနှင့်မငြင်းခုံ, ခိုက်ရန်မဖြစ်ပဲ နေချင်လား၊ ငြင်းခုံခိုက်ရန်ဖြစ်နေချင်လား။

"မငြင်းခုံပဲ, ခိုက်ရန်မဖြစ်ပဲ နေချင်ပါတယ်ဘုရား။"

အေး .... ငြင်းခုံခိုက်ရန်ဖြစ်တာဟာ အကျိုးယုတ်ပဲဖြစ်တာ၊ အကျိုးရှိ မဖြစ်ဘူးနော်။

"မှန်ပါဘုရား။"

"**ဝိဝါဒေ အဿာဒေါ နာမ နတ္ထိ**" တဲ့၊ "**ငြင်းခုံမှုမှာ သာယာဖွယ်မရှိဘူး**" တဲ့၊ ကဲ....ရှိရဲ့လား၊ သာယာဖွယ်။

"မရှိပါဘုရား။"

**ငုံးတို့ငြင်းခုံ အကုန်ကုန်**

ဒီနေရာမှာ ငြင်းခုံတဲ့ငုံးတွေ မှဆိုးလက်ထဲ တပြုံလုံးရောက်ပြီး အကုန်ကုန်တဲ့ အကြောင်းကို အကျဉ်းချုပ်ပြီးပြောချင်ပါတယ်၊ အင်မတန်လဲ မှတ်ဖို့ရာ ကောင်းပါတယ်။

ငုံးထောင်စားတဲ့လူကို ငုံးမုဆိုးလို့ခေါ်တယ်၊ အဲဒီ ငုံးမုဆိုးဟာ ငုံးတွေ ညီညွတ်နေတုန်း ပိုက်ကွန်ထောင်တယ်၊ ငုံးတွေက ညီညီညွတ်ညွတ်နဲ့ ပိုက်ကွန်ကို မ, ချီပြီး ဆူးချုံဖော်မှာ ထားခဲ့တယ်။

မုဆိုးမှာ ပိုက်ကွန်ကို မစုတ်မပြဲအောင် ဆူး ချုံ ပေါ် က အတော်ခဲယဉ်းစွာ ဖြုတ်ယူရတယ်၊ အိမ်ကျတော့လဲ ငုံး တကောင်မှမရလို့ မယားက ဆူတယ်။

ဒီတော့ ငုံးမုဆိုးက မ ယား ကို ဘာ ပြော သ လဲ ဆို တော့ ရှင်မရော ငါ ငုံးရအောင် ကြိုးစားပါတယ်၊ ဒါပေမယ့် ငုံးတွေက ညီညွတ်နေတော့ ငါထောင်တဲ့ ပိုက်ကွန်ကို တ ပြိုင် နက် မ-ချီပြီး ဆူးချုံပေါ်ပစ်ထားခဲ့တယ်။

အဲဒီပိုက်ကွန်ပဲ မစုတ်မပြဲအောင် အတော်ကို ဒုက္ခရောက်စွာ ဖြုတ်ယူခဲ့ရတယ်။

မပူပါနဲ့ ရှင်မရယ်၊ ဒီ ငုံးတွေ အ မြဲ တမ်း ညီ ညွတ် နေ မှာ မဟုတ်ပါဘူး၊ သူတို့ ငြင်းခုံခိုက်ရန်ဖြစ်တဲ့အခါမှာ မင်းမျက်နှာလှအောင် ငုံးရစေပါ့မယ်လို့ ပြောတယ်။

ဒီတော့မှ မယားက ကျေနပ်တယ်၊ အဲဒီနောက် မကြာခင်မှာပဲ ငုံးတွေ ငြင်းခုံကြတယ်၊ သူသယ်ချီလို့ ပိုက်ကွန်ပါတယ်၊ ငါသယ်ချီလို့ ပိုက်ကွန်မြောက်တယ်၊ သူက မ-မ,ဘူး, ငါသာ မ,ရတယ်ပေါ့၊ သူ မသယ်ဘူး၊ ငါ မချီဘူး ဖြစ် က ရော၊ ငြင်းခုံခိုက်ရန် ဖြစ်ရောနော်။

"မှန်ပါဘူရား။"

အဲဒီအခါမှာ "ငြင်းခုံလျှင် ဘေး, မငြင်းခုံမှ အေး" မည်ကို သိတဲ့ အလောင်းတော် ငုံးမင်းက တနေ့ ဒုက္ခ ရောက် တော့မယ်သိတော့ အဲဒီငြင်းခုံတဲ့ ငုံးအများမှ ဖယ်ခွာပြီး တခြားထွက်ခွာသွားပါတယ်။

နောက်တခါ မုဆိုးက ပိုက်ကွန်အုပ်တော့ ငုံးတွေ သူသယ်, ငါသယ်, သူချီ, ငါချီ ငြင်းနေစဉ် မုဆိုးဖမ်းယူပြီး မယားအားရအောင် မျက်နှာပြခွင့်ရသွားတယ်၊ ငုံးတွေ ဘေးမတွေ့ဘူးလား။

"ဘေးတွေ့ပါတယ်ဘုရား။"

ဒီတော့ ငြင်းခုံမှုမှာ သာယာဖွယ်ဘာရှိလဲ ရှာကြည့်စမ်း။

"ဘာမှ သာယာဖွယ် မရှိပါဘုရား။"

အဲဒီသာယာဖွယ်မရှိတဲ့ ငြင်းခုံမှုမရှိချင်ယင် ဘာလုပ်ရမလဲ။

"တရား ၆-ပါးနဲ့ပြည့်စုံအောင် ကျင့်ဆောင်ပြုလုပ်ရပါမယ်ဘုရား။"

အေး.... ဟုတ်ပြီ၊ ကဲ.... ဆက်မေးပါရစေအုံး၊ မိမိမှတပါး မိတ်ဆွေအများ, ပရိသတ်အများနဲ့ ညီညီညွတ်ညွတ် နေချင်လား, မနေချင်ဘူးလား။

"ညီညီညွတ်ညွတ်နေချင်ပါတယ်ဘုရား။"

"**သမဂ္ဂါနံ တပေါ သုခေါ**"တဲ့။ "ညီညွတ်သူတို့ရဲ့ အကျင့်ဟာ ချမ်းသာတယ်"တဲ့,နော်။

"မှန်ပါဘုရား။"

ချမ်းသာသုခ ရဖို့အတွက် ညီညွတ်ရေးဟာ အရေးမကြီးဘူးလား။

"အရေးကြီးပါတယ်ဘုရား။"

"**စုပေါင်းညီညာ အောင်ကြောင်းဖြာ, ညီညွတ်ခြင်းသည် အင်အား**"စတဲ့ စကားပုံတွေဟာ ညီညွတ်ခြင်းရဲ့ အကျိုးကျေးဇူးကိုပြတဲ့ စကားပုံတွေပေါ့နော်။

"မှန်ပါဘုရား။"

"**ဒွေ ပုဂ္ဂလာ ကေဠာသယာ နာမ နတ္ထိ**"တဲ့၊ "ပုဂ္ဂိုလ်နှစ်ယောက်ဟာ တသဘောထဲရယ်လို့ မရှိဘူး"တဲ့၊ ဒီတော့ကာ ညီညွတ်ဖို့ အင်မတန် မခဲယဉ်းဘူးလား။

"ခဲယဉ်းပါတယ်ဘုရား။"

အဲဒီ ညီညွတ်ဖို့ ခဲယဉ်းတာဟာ တရား ၆-ပါးမရှိလို့ ခဲယဉ်းတာပါ၊ တရား ၆-ပါးရှိယင် ခဲယဉ်းပါအုံးမလား။

"မခဲယဉ်းတော့ပါဘုရား။"

ဒါဖြင့် ညီညွတ်ရေးကို အရယူချင်ယင် ဘာလုပ်ရမလဲ ဆိုတော့ တရား ၆-ပါး ဖြည့်ကျင့်ရမယ်နော်။

"မှန်ပါဘုရား။"

အေး....ဟုတ်ပြီ၊ ကဲ....ဆက်လက်ပြီး မေးပါရစေအုံး၊ မိမိမှတပါး မိတ်ဆွေအများ, သူတပါးများနှင့် တပေါင်းတစည်းတည်းဖြစ်ချင်လား၊ ကွဲကွဲပြားပြား ဖြစ်ချင်လား။

"တပေါင်းတစည်းတည်း ဖြစ်ချင်ပါတယ်ဘုရား။"

တပေါင်းတစည်းတည်းဖြစ်ချင်တော့ ဘာလုပ်ရမလဲ။

"တရား ၆-ပါးပဲ ဖြည့်ကျင့်ရပါမယ်ဘုရား။"

အဲ....တရား ၆-ပါးက တပေါင်းတစည်းတည်း ဖြစ်ရေးကို ဆောင်ရွက်ပေးတယ်ဆိုတော့ မကောင်းဘူးလား။

"ကောင်းပါတယ်ဘုရား။"

ကဲ....တရား ၆-ပါးပြည့်စုံယင် အကျိုးတရား ၇-ပါး ရတယ်ဆိုတော့ အကျိုးတရားတွေက မျှားစွာ အရာမရောက် ဘူးလား။

"အရာရောက်ပါတယ်ဘုရား။"

တရား ၆-ပါးနှင့်သာ ပြည့်စုံမယ်ဆိုယင် အိမ်သူအိမ်သား အချင်းချင်း ညီညွတ်ပေါင်းစုနေကြမယ်နော်။

"မှန်ပါဘုရား။"

ပြီးတော့ မိတ်ဆွေသင်္ဂဟအချင်းချင်း, ရွာသူရွာသား အချင်းချင်း, မြို့သူမြို့သား အချင်းချင်း, တိုင်းသူပြည်သား အချင်းချင်း, ကမ္ဘာသူ ကမ္ဘာသား အချင်းချင်းလဲ ညီညွတ် ပေါင်းစည်းနေကြမယ်နော်။

"မှန်ပါဘုရား။"

ပေါင်းစည်းတော့လဲ မရိုသေ,မလေစားပဲ ပေါင်းစည်း နေတာလား, ရိုသေလေးစားစွာနဲ့ ပေါင်းစည်းနေတာလား။

"ရိုသေလေးစားစွာနဲ့ ပေါင်းစည်းနေတာပါဘုရား။"

ဒါဖြင့် ဒီတရား ၆-ပါးဟာ ဗုဒ္ဓသာသနာဝင်တွေနဲ့သာ ဆိုင်တာလား, လူတိုင်းနဲ့ကော မဆိုင်ဘူးလား။

"လူတိုင်းနဲ့လဲ ဆိုင်ပါတယ်ဘုရား။"

လူတိုင်းနဲ့လဲ ဆိုင်တယ်၊ လူတိုင်းကျင့်ရမယ့် တရားလဲ ဖြစ်တယ်နော်။

'မှန်ပါဘုရား။"

ဗုဒ္ဓဘာသာမှ တပါး အခြား ဘာသာတိုင်းနဲ့လဲ မဆိုင်ဘူးလား။

"ဆိုင်ပါတယ်ဘုရား။"

ဘာသာတိုင်းနဲ့လဲ ဆိုင်တယ်၊ ဘာသာတိုင်းလဲ ကျင့်ရမယ့်တရား ဖြစ်တယ်နော်။

"မှန်ပါဘုရား။"

အင်း....ဟုတ်တယ်၊ ဒီတရား ၆-ပါး လူတိုင်းနဲ့လဲ ဆိုင်တယ်၊ ဘာသာတိုင်းနဲ့လဲ ဆိုင်တယ်၊ လူတိုင်း ဘာသာတိုင်းလဲ ကျင့်သုံးထိုက်တယ်နော်။

"မှန်ပါဘုရား။"

ဘုန်းကြီးတို့ ဗုဒ္ဓဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်လာတာဟာ လူမျိုးတိုင်းအတွက် ပွင့်ထွန်းပေါ်ပေါက်လာတာ၊ အနိုင်နိုင်ငံသားတိုင်းအတွက် ပွင့်ထွန်းလာတာ၊ ကမ္ဘာသူကမ္ဘာသားတိုင်းအတွက် ပွင့်လာတာပါ၊ ဗုဒ္ဓကို ကိုးကွယ်တဲ့ လူမျိုးတွေအတွက်သာ ပွင့်ထွန်းပေါ်ပေါက်လာတာ မဟုတ်ပါဘူး။

ဗုဒ္ဓ မပွင့်ထွန်း မပေါ်ပေါက်မီက ကမ္ဘာ့လူသားအားလုံး အယူဝါဒ အမျိုးမျိုး သောင်းပြောင်းထွေလာတွေပါ၊ ဗုဒ္ဓဘာသာဝင်ရယ်လို့ ရှိရဲ့လား။

"မရှိပါဘုရား။"

အဲ....ဗုဒ္ဓ ပွင့်ထွန်းပေါ်ပေါက်လာပြီးတော့ ဗုဒ္ဓရဲ့ဝါဒကို ဟောပြတော့မှ ဗုဒ္ဓဝါဒကို နှစ်သက်ပြီး အသီးသီးသော လက်ရှိအယူဝါဒတွေ ပယ်ဖျက်ပြီး ဗုဒ္ဓဝါဒကို လက်ခံယုံကြည်လာကြတာမဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

အဲ....ဗုဒ္ဓက အဲဒီ အယူဝါဒ အမျိုးမျိုးတွေ ပျောက်ပြီးတော့ အမှန်ရောက်ကာ ညီညွတ် စည်းလုံးစေချင်တဲ့အတွက် ဒီတရား ၆-ပါးကို ဟောတာနော်။

"မှန်ပါဘုရား။"

**တရား ၆–ပါး** ကဲ....ဒါဖြင့် အကျိုး ၇-ပါးကို ရဖို့ရာ အကြောင်း ၆-ပါးကိုသိဖို့ အရေးကြီးပါတယ်၊ သိပြီးတော့ အကျိုးရအောင် ကျင့်ဆောင်ဖို့ရာ အဲဒီတရား ၆-ပါးကိုပြဖို့ အချိန်တန်ပြီ၊ ပြပါဆိုတော့....

"မေတ္တာရှေးရှု, ကိုယ်ပြု-နှုတ်ပြော, မနောဖြူရာ, လှူတာ
စာဂ,သီလပညာ,အရိယာနှင့်၊ သေချာတူမျှ,ဤခြောက်
ဝ, မှတ်ကြအောက်မေ့ဖွယ်ရာတည်း။"

လို့ အဲဒီလို လင်္ကာနှင့်ပဲ ဦးစွာမှတ်ထားပါအုံး၊ အကျဉ်းချုပ်ပေါ့၊ ပြီးတော့ အကျယ်ချဲ့ပြီး ဟောပြပါမယ်၊ အကျယ်မပြမီ အဲဒီလင်္ကာပါအတိုင်း တခုစီပြပါအုံးမယ်၊ ဘာတဲ့လဲ....

၁။ မေတ္တာရှေးရှုတဲ့ ကိုယ်အပြု ကာယကံမေတ္တာ,
၂။ မေတ္တာရှေးရှုတဲ့ နှုတ်အပြော ဝစီကံမေတ္တာ,
၃။ မေတ္တာရှေးရှုတဲ့ စိတ်အကြံ မနောကံမေတ္တာ,
၄။ ပေးကမ်းဝေဖန်ခြင်း သံဝိဘာဂ,
၅။ အရိယာနှင့် အကျင့်သီလ တူမျှခြင်း,
၆။ အရိယာနှင့် ဉာဏ်အမြင် တူမျှခြင်း,

ဆိုတဲ့ အဲဒီ ၆ ပါးတို့ပဲ၊ ဒီ ၆ ပါးဟာ အင်မတန်အရေးကြီးတဲ့ တရား ၆ ပါးပါ၊ သာရဏီယတရားလို့ မမှတ်လိုက်ပါနဲ့၊ ရဟန်း

တော်တွေရဲ့ပြင်းခဲ့ပွဲမှ အဆိုးထဲမှ အကောင်းရဆိုတာလို ပြင်းခဲ့ပွဲမှ အမြတ်ရတဲ့တရား ၆ ပါး မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

မိမိတို့ကိုယ်ကို မိမိတို့ သတိပြုပြီး ရှုဆင်ခြင်ကြည့်ပါ၊ နေ့စဉ်နေ့စဉ် မိမိတို့ ကိုယ်နှင့် အမှုကံ ဘယ်နှစ်မျိုး ပြုလုပ်နေလဲလို့ အဲဒီလိုကြည့်ရှုယင် အမှုကံ ၃ မျိုးကို တွေ့ရမယ်နော်။

"မှန်ပါဘုရား။"

အဲဒီ အမှုကံ ၃ မျိုးကလဲ ကောင်းတဲ့အမှုကံက ၃ မျိုး, မကောင်းတဲ့အမှုကံက ၃ မျိုးလို့ တခါ ၂ မျိုး မရှိပြန်ဘူးလား။

"ရှိပြန်ပါတယ်ဘုရား။"

အဲ....ယခု ဒီမှာက မေတ္တာရှေးရှုတဲ့ ကိုယ်အပြု ကာယကံ, မေတ္တာရှေးရှုတဲ့ နှုတ်အပြော ဝစီကံ, မေတ္တာရှေးရှုတဲ့ စိတ်အကြံ, မနောကံဆိုတော့ ကောင်းတဲ့အမှုကံတွေ မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

ဟုတ်တာပေါ့၊ မေတ္တာဆိုတာ သူတပါးတို့ကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေလိုတဲ့ သဘောမဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

အဲဒီအများသတ္တဝါဖြစ်တဲ့ သူတပါတို့ကလဲ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာတာပဲ လိုလားနေကြတယ် မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

ကဲ....အဲဒီ သူတပါးတို့ လိုလားနေတဲ့အတိုင်း ကိုယ်ကလဲ သူတပါးတွေ အများသတ္တဝါတွေ "ကျန်းမာချမ်းသာပါစေ" ဆိုတဲ့ သဘောနှင့် မေတ္တာရှေးရှုပြုမယ်၊ မေတ္တာရှေးရှုပြောမယ်,

မေတ္တာရှေးရှုကြံမယ်ဆိုယင် သူတပါးတွေ အများသတ္တဝါတွေ အလိုကျ ဖြစ်မသွားဘူးလား။

"ဖြစ်သွားပါတယ်ဘုရား။"

သူတပါးတွေ အလိုကျ, အများသတ္တဝါတွေ အလိုကျသွားယင် မိမိလဲ အလိုကျ မသွားဘူးလား။

"အလိုကျသွားပါတယ်ဘုရား။"

ကဲ....ဒါဖြင့် အမြဲတမ်းပဲ မေတ္တာရှေးရှုတဲ့ကိုယ်အပြု,မေတ္တာရှေးရှုတဲ့ နှုတ်အပြော, မေတ္တာရှေးရှုတဲ့ နှုတ်အကြံများ မရှိသင့်ဘူးလား။

"ရှိသင့်ပါတယ်ဘုရား။"

**မေတ္တာရှေးရှု ကိုယ်အပြု**

ကဲ....ဒါဖြင့် အဲဒီကိုယ်အပြု, နှုတ်အပြော, စိတ်အကြံ ၃ ပါးထဲက "မေတ္တာရှေးရှု-ကိုယ်အပြု" ဆိုတဲ့ မေတ္တာကာယကံကို ရှင်းလင်းပြောဟောကြစို့၊ အဲဒီအကြောင်းကို ဘုရားရှင် ဘယ်လို ဟောခဲ့သလဲ ဆိုတော့....

"ရဟန်းတော်များ အိုချစ်သားတို့, ဒီငါဘုရားရဲ့ သာသနာတော်မှာ သံသရာဘေးကို ရှုမျှော်တဲ့ ရဟန်းတော်ဟာ မိမိနှင့်တရားကျင့်ဘက် သီတင်းသုံးဖော်အပေါ်နှင့် မေတ္တာရှေးရှု ကိုယ်အပြုကို မျက်မှောက်မှာရော မျက်ကွယ်မှာပါ ရှေးရှုထင်တယ်၊ ရှေးရှုပြုတယ်"တဲ့။

အဲဒီလို ဟောထားပါတယ်၊ အဲဒီလိုဟောထားတော့ "ရဟန်း

၅ ဟာ တရားကျင့်ဘက် သီတင်းသုံးဖော်တို့အပေါ်၌ မေတ္တာရှေးရှု

ကိုယ်အပြုကို မျက်မှောက်မှာရော မျက်ကွယ်မှာပါ ပြုရမယ်” လို့ အဓိပ္ပာယ် ရှိနေတယ်၊ တခြား ပုဂ္ဂိုလ်တွေနဲ့ မဆိုင်သလို ဖြစ်နေပါတယ်။

အမှန်အတိုင်းကတော့ ဒီလိုမဟုတ်ပါဘူး၊ အဓိကအကြောင်းခံ ဒေသနာတော်က ရဟန်းတွေဖြစ်နေလို့ ရဟန်းတော်များ, သီတင်းသုံးဖော်များလို့ ဆိုထားတာပါ၊ စင်စစ်တော့ ရဟန်းများရော, ရှင်များရော, သီလရှင်များရော, လူဝတ်ကြောင်များရော, ဘာသာခြားများရော, ကမ္ဘာသူ ကမ္ဘာသား အများပါ အကုန်လုံးနှင့် ဆိုင်ပါတယ်နော်။

“မှန်ပါဘုရား။”

အင်း....အဲဒီလို အားလုံးနှင့်ဆိုင်တော့ ရဟန်းတော်များက မိမိတို့နှင့် တရားကျင့်ဖော်ကျင့်ဘက် ပုဂ္ဂိုလ်တွေ အပေါ်မှာရော,တရားကျင့်ဖော်ကျင့်ဘက်မဟုတ်တဲ့ မိမိတို့ရဲ့ ဒကာ-ဒကာမတွေအပေါ်မှာရော ကိုယ်နှင့် စပ်သွယ်နေတဲ့ ပုဂ္ဂိုလ်အားလုံး အပေါ်မှာပါ ပြုရမယ်နော်။

“မှန်ပါဘုရား။”

ဒီမှာ တရားကျင့်ဖော်ကျင့်ဘက်လို့ဆိုတာက တခြားကြောင့် မဟုတ်ပါဘူး၊ အမြဲတမ်းဆက်စပ်နေလို့ ပြောတာပါ၊ အမြဲတမ်း ဆက်စပ်နေတော့ အမြဲတမ်း မေတ္တာရှေးရှုတော့ အမြဲတမ်းပဲ ချမ်းသာမယ် မဟုတ်လား။

“ဟုတ်ပါတယ်ဘုရား။”

ကဲ....မိမိတို့ကလဲ အမြဲတမ်း မချမ်းသာချင်ဘူးလား။

“ချမ်းသာချင်ပါတယ်ဘုရား။”

အေး....အမြဲတမ်း ချမ်းသာချင်ယင် အမြဲတမ်း ချမ်းသာကြောင်းကို အမြဲတမ်း ပြုရမှာပဲ မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

ကဲ....ရဟန်းတွေတော့ ဟုတ်ပြီ၊ လူများကတော့ ဘယ်လိုလဲ၊ လူများမှာတော့ မိမိနှင့်တအိမ်တည်းအတူနေတွေ့တရွာတည်း အတူနေတွေအပေါ်မှာ မေတ္တာရှေ့ရှု ကိုယ်အပြုရှိရမယ်။

ပြီးတော့ မိမိနှင့် စီးပွားရေး,ပညာရေး,ရပ်ရေး,ရွာရေး, တိုင်းရေး, ပြည်ရေး, နိုင်ငံရေး, စသည့် ကိစ္စအမှုတခုခုနှင့် ဆက်သွယ်နေတဲ့သူတွေအပေါ်မှာ မေတ္တာရှေ့ရှု ကိုယ်အပြုရှိရမယ်နော်။

"မှန်ပါဘုရား။"

မေတ္တာရှေ့ရှု ကိုယ်အပြုဆိုတာဟာ ကိုယ်နှင့် စပ်တဲ့သူတွေရဲ့ ကိစ္စတွေကို ကိုယ်တိုင်ကိုယ်ကျ ကိုယ့်လက်ဖြင့် ရွက်ဆောင်သယ်ပိုး ချီမပေးမှုကို ခေါ်တာနော်။

"မှန်ပါ ဘုရား။"

အဲဒီမေတ္တာရှေ့ရှု ကိုယ်အပြုရှိတဲ့ အိမ်ဂေဟာကို သတိပြုပြီး ကြည့်ရှုလိုက်စမ်းပါ၊ အဲဒီ အိမ်ဂေဟာဟာ သီရိဂေဟာပဲပေါ့၊ စိုပြေချမ်းသာမယ် မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား။"

ကဲ....ဒါဖြင့် မေတ္တာရှေ့ရှု ကိုယ်အပြုမရှိတဲ့ အိမ်ဂေဟာကို သတိပြုပြီး ရှုကြည့်စမ်းပါ၊အဲဒီအိမ်ဂေဟာ ပျက်စီးခြောက်သွေ့မယ် မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား။"

အေး....အဲဒီအတူပဲ မေတ္တာရှေးရှု ကိုယ်အပြုရှိတဲ့ ရပ်ရွာဟာ စိုပြေချမ်းသာမယ်၊ မရှိယင် ပျက်စီးခြောက်သွေ့မယ်နော်။

"မှန်ပါ ဘုရား။"

ဘုန်းကြီးတို့ မြန်မာနိုင်ငံရှိ ကျေးရွာတွေကို ကြည့်ယင် တရွာနှင့်တရွာ မတူတာဟာ အဲဒီ မေတ္တာရှေးရှုအပြု ရှိ,မရှိပေါ်မှာ မူတည်တယ်နော်။

"မှန်ပါ ဘုရား။"

တဖန်.... ကြည့်ပါအုံး၊ မေတ္တာရှေးရှု လိုယ်အပြုရှိတဲ့ တိုင်းနိုင်ငံဟာ စိုပြေချမ်းသာတယ်၊ မရှိယင် ပျက်စီးခြောက်သွေ့တယ်နော်။

"မှန်ပါ ဘုရား။"

အေး.... ကမ္ဘာ့နိုင်ငံ အသီးသီးကို ကြည့်လိုက်လျှင် စိုပြေချမ်းသာမှု၊ ပျက်စီးခြောက်သွေ့မှု မတူကြတာ အကြောင်းကတော့ မေတ္တာရှေးရှု ကိုယ်အပြု ရှိ,မရှိအပေါ်မှာပဲနော်။

"မှန်ပါ ဘုရား။"

အိမ်ဆိုယင် အိမ်တွင်းကို ကြည့်လိုက်ပါ၊ အိမ်တွင်းအမှုကိစ္စတွေ အများကြီးရှိတယ်၊ ပြုလုပ်လို့ကို မကုန်နိုင်ဘူး၊ အဲဒီအမှုကိစ္စတွေကို ခွဲကြည့်ယင် ယောကျ်ားအမှုကိစ္စ, မိန်းမအမှုကိစ္စ, သားသမီးအမှုကိစ္စ စသည်ဖြင့် သူ့အမှုကိစ္စနှင့်သူ မရှိဘူးလား။

"ရှိပါတယ် ဘုရား။"

**မျက်မှောက်ကိုယ်အပြု**

အဲဒီ မေတ္တာရှေးရှု ကိုယ်အပြုကို ခွဲလိုက်မယ်ဆိုယင် မျက်မှောက်မေတ္တာ ရှေးရှုကိုယ်အပြု,မျက်ကွယ်မေတ္တာရှေးရှုကိုယ်အပြုလို့ ၂မျိုးရှိပါတယ်။

အိမ်တွင်းမှာဆိုပါတော့ အိမ်ရှင်ယောကျ်ားရဲ့ အမှုကိစ္စကို အိမ်သူသက်ထားဇနီးမယားက မေတ္တာရှေးရှုကိုယ်အပြုနှင့် ကူညီပြီးတော့ ပြုလုပ်ပေးမယ်၊ အိမ်သူသက်ထား ဇနီးမယားရဲ့ အမှုကိစ္စကို အိမ်ရှင်ယောကျ်ားက မေတ္တာရှေးရှု ကိုယ်အပြုနှင့် ကူညီပြုလုပ်ပေးမယ်၊ သားသမီးတွေရဲ့ အမှုကိစ္စကို မိဘတွေက မေတ္တာရှေးရှု ကိုယ်အပြုနဲ့ ကူညီပေးမယ်၊ မိဘတွေရဲ့ အမှုကိစ္စကိုလဲ သားသမီးတွေက မေတ္တာရှေးရှု ကိုယ်အပြုနှင့် ကူညီပြုလုပ်ပေးမယ်ဆိုယင် အဲဒီအိမ်ဟာ ကျက်သရေရှိတဲ့ သီရိဂေဟာပေါ့၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ သီရိဂေဟာပေါ့နော်။

"မှန်ပါ ဘုရား။"

ဒီနေရာမှာ ပိုပြီးတော့ ပေါ်လွင်အောင် ဥပမာပြယင် ပိုထင်ရှားမယ်၊ကဲ ...ဥပမာဆိုပါတော့ အိမ်ရှင်သက်ထား ဒကာမများက "အိမ်တွင်းမှုလုပ် သိမ်းထုပ်သေချာ"တဲ့၊အိမ်တွင်းမှုတွေထဲမှာ အချိန်မှီ အရေးကြီးလုပ်ရတဲ့အလုပ်ဟာ ထမင်းချက်တဲ့အလုပ်မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား။"

ကဲ....ဆိုပါတော့ မိမိဒကာမကြီးက ထမင်းချက် ဟင်းချက်နောက်ကျနေတယ်ဆိုပါတော့၊ဒကာကြီးက ဒကာမကြီးအပေါ် ကာယကံမေတ္တာရှေးရှုထားပြီး ကူပြီးတော့ ချက်ပြုတ်ပေးယင် ဒကာမကြီးက ဒကာကြီးအပေါ် စိတ်ဆိုးအုံးမလား။

"စိတ်မဆိုးပါ ဘုရား။"

အော်.... ငါ့အရှင်သခင် လင်ယောကျ်ားသည်] ငါ့အပေါ် အတော် ကြင်နာ ထောက်ထားပါလား ဆိုပြီး မိမိအပေါ်

ဒကာကြီးအပေါ် မေတ္တာပိုလာမယ်၊ ဒကာကြီးနဲ့ဒကာမကြီး တအောက်မေ့မေ့ ဖြစ်မသွားဘူးလား။

"ဖြစ်သွားပါတယ် ဘုရား။"

ဒီလိုပဲ အိမ်ရှင်ယောကျ်ား ဒကာကြီးမှာ ဖတ်သီဖတ်သီနဲ့ အလုပ်များ, အလုပ်မအားဖြစ်နေတာကို အိမ်ရှင်သက်ထား ဒကာမကြီးက ဝင်ပြီး ကူညီလုပ်ကိုင်ပေးယင် ဒကာကြီးက စိတ်ဆိုးအုံးမလား။

"စိတ်မဆိုးပါ ဘုရား။"

ဘယ် စိတ်ဆိုးမလဲ သိပ် သဘောကျပေါ့၊ ငါ့ရဲ့ဇနီးဟာ သိပ်လိမ္မာတယ်ဆိုပြီး ပို၍ပို၍သာ ချစ်ခင်မှာပေါ့နော်။

"မှန်ပါ ဘုရား။"

ကဲ.... အိမ်မှာ ကျောင်းသူ-ကျောင်းသား သမီးသားတွေ ကျောင်းစာတွေ ကျက်မှတ်ကြ, ဂဏန်းသချ်ာတွက်နေကြတာကို မိဘတွေက ဒီလိုဖတ်ရတယ်၊ ဒီလိုမဖတ်နဲ့၊ ဒီလိုတွက်ရတယ်၊ ဒီလို မတွက်နဲ့ စသည်ဖြင့် ဖတ်ပြ,တွက်ပြယင် သားသမီးတွေက စိတ်ဆိုးအုံးမလား။

"စိတ်မဆိုးပါ ဘုရား။"

သိပ် သဘောကျပေါ့၊ မိဘအပေါ် မေတ္တာတုံ့ပြန်ပေါ့၊ မိဘစကားလဲ နားထောင်ပေါ့၊ မိဘနဲ့သားသမီးဟာ မကွဲမပြား တသားထဲပေါ့နော်။

"မှန်ပါဘုရား။"

ကဲ....မိဘတွေရဲ့ ချက်ရေးပြုတ်ရေး, အလုပ်ရုံသွားရေး, ရုံးသွားရေး လယ်ယာကိုင်းကျွန်းထဲသွားရေး စတဲ့ အရေး

ပေါင်းများစွာကို သားသမီးတွေက ဝိုင်းဝန်းကူညီပြုလုပ်ပေးယင်ကော မိဘတွေက စိတ်ဆိုးအုံးမလား။

"စိတ်မဆိုးပါဘုရား။"

သိပ်သဘောကျပေါ့၊ အဲဒီ ယခု ပြောခဲ့သလို သာ ဇနီးမောင်နှံအချင်းချင်း, သားသမီးနှင့် မိဘ အပြန်အလှန် မေတ္တာရှေးရှုကိုယ်အပြု အမြဲရှိယင် ဒီအိမ်ဟာ အမြဲချမ်းသာမယ်နော်။

"မှန်ပါဘုရား။"

ရဟန်းသာမဏေတွေဆိုယင် တကျောင်းထဲမှာ အတူနေကြတယ်။ အတူ စာသင်ကြတယ်၊ အတူ ကျင့်ကြတယ်၊ အဲဒါ အတူတကွ ကျင့်ဖော်ကျင့်ဖက်, သီတင်းသုံးဖေါ်သုံးဖက်ပေါ့, အဲဒီ သီတင်းသုံးဖော် ကျင့်ဖော်အချင်းချင်း မေတ္တာရှေးရှုကိုယ်အပြုနှင့် ပြုလုပ်ပေးယင်ကော အချင်းချင်း အငြင်းပွားရန်များအုံးမလား။

"မများပါဘုရား။"

ဥပမာ ရဟန်းသာမဏေတပါးပါးက အင်မတန်လေးလံတဲ့ ဝန်ထုပ် ဝန်ပိုးတခုကို မနိုင်မနင်းနဲ့ သယ်ပိုးလာတာကို တွေ့တယ်ဆိုပါတော့၊ မြင်တွေ့တဲ့ ရဟန်းသာမဏေ တပါးပါးက ဝိုင်းဝန်းကူညီသယ်ပိုးပေးမှုကို ကာယကံ မေတ္တာလို့ ခေါ်တယ်၊ အဲဒါကို မေတ္တာရှေးရှု ကိုယ်အပြုလို့ ခေါ်တယ်နော်။

"မှန်ပါဘုရား။"

ရဟန်းတော်တပါး သင်္ကန်းမချုပ်တတ် ချုပ်တတ်နှင့်ချုပ်နေတယ်၊ အဲဒါမြင်တဲ့ ရဟန်းသာမဏေက ဝိုင်းချုပ်ပေးမယ်၊ ရဟန်းသာမဏေတပါး သပိတ်ဖုတ်နေတယ်၊ ကိုယ်က ဝိုင်းပြီး

တော့ ဖုတ်ပေးမယ်၊ ရဟန်းတော် သင်္ကန်း ဆိုး နေ တယ်၊ ကိုယ်က ဝိုင်းပြီးတော့ ဆိုးပေးမယ်၊ရဟန်းသာမဏောဘပါးပါး ဖျားနာနေတာ တွေ့မြင်ယင် ကိုယ်က နှင်းပေးမယ်၊နှိပ်ပေးမယ်၊ ဆေးတိုက်ပေးမယ်၊ ရေနွေးကျိုပေးမယ်၊ သင်္ကန်း လျှော် ပေးမယ်၊ ထွေးခံဆေးပေးမယ် စသည်ဖြင့် အင်မတန် များ ပြားတဲ့ ပြုလုပ်ဖွယ်တွေ မရှိဘူးလား။

"ရှိပါတယ်ဘုရား။"

အဲဒါတွေကို မေတ္တာရှေးရှု ပြုပေးရမယ်၊ အဲဒါတွေဟာ အ ကူ အ ညီ လို နေ တဲ့ သူရဲ့ ရှေ့ မှောက် မျက် မှောက် မှာ ပြုပေးရလို့၊ အဲဒီ ကိုယ်အပြု ကိုယ်အမူအားလုံးကို "မျက် မှောက်ကိုယ်အပြု"လို့ခေါ်တယ်၊ မေတ္တာရှေးရှုပြီး မျက်မှောက် ပြုလုပ်ဆောင်ရတဲ့အတွက် မျက်မှောက်မေတ္တာ ကာယကံပေါ့ နော်။

"မှန်ပါဘုရား။"

မျက်မှောက်ပြုစရာတွေ ယခုပြောခဲ့တာတွေအပြင် အများ ကြီးရှိပါသေးတယ်၊ ရှိစေတော့၊ ဒီလောက်ဆို သဘောပေါက် လောက်ပြီနော်။

"မှန်ပါ, ပေါက်ပါပြီဘုရား။"

**မျက်ကွယ် ကိုယ်အပြု** မေတ္တာရှေးရှု မျက်မှောက်ကိုယ်အပြုကို ပြောလို့ ပြီးသွားတော့ မေတ္တာရှေးရှု မျက်ကွယ်ကိုယ်အပြုကို ပြောရတော့မယ်၊ မျက်ကွယ်မှာ မေတ္တာ ရှေးရှု ကိုယ်အပြုနဲ့ ဘယ်လိုပြုမလဲဆိုတော့ မိမိနဲ့အတူနေမိတ်ဆွေ တွေ သင်ဖော်, သင်ဖက်၊ ကျင့်ဖော်, ကျင့်ဖက်တွေ ရှိတယ်၊

အဲဒီ အတူနေ သီတင်းသုံးဖော်တွေ မမြင်ခိုက်, သူတို့မရှိခိုက် သူတို့ပစ္စည်းတွေကို သိမ်းဆည်းပေးမယ် စောင့်ရှောက်ပေးမယ် ဆိုယင် အဲဒါ မျက်ကွယ်မေတ္တာရှေးရှု ကိုယ်အပြုပေါ့နော်။

"မှန်ပါဘုရား။"

အတူနေပုဂ္ဂိုလ် မရှိခိုက် သူ့ကိစ္စများကို ကိုယ်က မေတ္တာရှေးရှု ဆောင်ရွက်ထားမယ်၊ သိမ်းဆည်းစရာများကို သိမ်းဆည်းထားမယ်၊ ပိတ်ဆို့သင့်တာတွေကို ပိတ်ဆို့ထားမယ် စသည်ဖြင့် မိတ်ဆွေစသည်တို့ရဲ့ မရှိခိုက် ပြုစရာ အားလုံးကို မေတ္တာရှေးရှု ပြုလုပ်ခြင်းပေါ့နော်။

"မှန်ပါဘုရား။"

**မျက်မှောက် မျက်ကွယ်** အထူးသဖြင့် ယခုည ဘုန်းကြီး တို့ ဟောနေတဲ့ တရားပွဲကြီးဟာ အင်္ဂပူမြို့နယ်လုံးဆိုင်ရာ သုဓမ္မာပရိယတ္တိ စာမေးပွဲသဘင်ကြီးရဲ့အတွက် ဟောနေတာ၊ စာပြန်ပွဲကြီးရဲ့ သက်တမ်းဟာ ၂ ကြိမ်မြောက်ဆိုတော့ ၂ နှစ်ပဲ ရှိပါသေးတယ်။

အင်မတန် နုနယ်ပါသေးတယ်၊ လုပ်စကိုင်စဆိုတော့ အတွေ့အကြုံ မရင့်ကျက်သေးပါဘူး၊ အဖွဲ့သားအချင်းချင်း သူ့လုပ်ငန်း, ကိုယ့်လုပ်ငန်း မခွဲခြားပဲ မျက်မှောက်မျက်ကွယ် မရွေးပဲ ကျရာတာဝန်ကို ကာယကံမေတ္တာထား၍ ဆောင်ရွက်ကြရမယ်နော်။

"မှန်ပါဘုရား။"

စာမေးပွဲသဘင်, ဓမ္မသဘင်ကလဲ ရက်ရှည်ဆိုတော့ လုပ်စရာလုပ်ငန်းတွေကလဲ အများကြီးပဲ၊ အဲဒီကိစ္စ လုပ်ငန်း

တွေကို သူ့ကိစ္စပဲ၊ ငါ့ကိစ္စမှမဟုတ်ပဲလို့ ဆိုပြီး သိလျက်၊ မြင်လျက်၊ မေတ္တာရှေးရှု မပြုလုပ်ပါလျှင် ချွတ်ယွင်းချက်တွေ မဖြစ်ဘူးလား။

"ဖြစ်မှာပါဘုရား။"

အေး....ချွတ်ယွင်းချက်ဖြစ်တော့ ဘယ်သူနာလဲဆိုတော့ အမှုဆောင်အဖွဲ့သားတွေ၊ မြို့သူမြို့သားတွေ နာတာပေါ့၊ ဒီမှာက မြို့နယ်တနယ်လုံးဆိုတော့ ပရိသတ်အစုံပဲဟာ၊ အဲဒီ ချွတ်ယွင်းချက် တနယ်လုံး ပျံ့နှံ့မသွားဘူးလား။

"သွားပါမယ်ဘုရား။"

အင်း....အဲဒီလို မဖြစ်ရအောင် တိုးတက်မှုရှိရအောင် စည်းလုံးမှုရှိရအောင် ကိစ္စအဝဝကို ကာယကံမေတ္တာ ရှေ့ထားပြီး ဆောင်ရွက်ရမယ်နော်။

ကဲ....ဒီလောက်ဆိုယင် မေတ္တာရှေးရှု ကိုယ်အပြုအကြောင်း သိပြီပေါ့၊အဲဒီ မေတ္တာရှေးရှုကိုယ်အပြု့ရဲ့အကျိုးကို ဘုရားရှင်က ဒီလို ဟောပြပါတယ်....

> "ရဟန်းတော်များ အို ချစ်သားတို့၊ ဒီ မေတ္တာရှေးရှု ကိုယ်အပြုကို ပြုခြင်းသည် အောက်မေ့တရားတည်း၊ ချစ်ခင်ခြင်းကို ပြုတတ်သောတရားတည်း၊ လေးမြတ်ခြင်းကို ပြုတတ်သောတရားတည်း၊ စည်းလုံးညီညွတ်ခြင်းကို ပြုတတ်သောတရားတည်း၊ မငြင်းခုံခြင်းငှာ၊ တပေါင်းတည်း ဖြစ်ခြင်းငှါ၊ ညီညွတ်ခြင်းငှါ ဖြစ်ပါပေ၏" တဲ့။

အဲဒီလို ဟောပြပါတယ်၊ ကဲ....အဲဒီ အကျိုးတွေဟာ လူတိုင်း လူတိုင်း လိုလားအပ်, တောင့်တအပ်, ရှာဖွေအပ်တဲ့ အကျိုးတရားတွေ မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

ကဲ....အဲဒီအကျိုးတရားတွေကို မှတ်မိအောင် အကျဉ်းချုပ်လင်္ကာလေး ရွတ်ပြပါမယ်၊ ကျက်မှတ်ထားပါ....

"မေတ္တာရှေးရှု ကိုယ်ပြုရှိလျှင်၊
အောက်မေ့ချစ်အပ် လေးမြတ်အစဉ်။
စည်းလုံး-မငြင်း ညီခြင်း-ပေါင်းယှဉ်၊
ဖြစ်မည်ပ မုချအမှန်ပင်။

**မေတ္တာရှေးရှု ပြောဆိုမှု** ကဲ-မျက်မှောက်မျက်ကွယ်မေတ္တာရှေးရှုကိုယ်အပြုအကြောင်း ပြည့်စုံသွားတော့ ယခုမေတ္တာရှေးရှု ပြောဆိုမှု ဝစီကံအကြောင်းကို ဆက်ဟောရအောင်၊ ဒီအကြောင်းကို ဘုရားရှင်က ဘယ်လိုဟောပြလဲ....

"ရဟန်းတော်များ အို ချစ်သားတို့၊ တဖန် တခြား အောက်မေ့ဖွယ်ရာ တပါးကား ရဟန်းသည် တရားကျင့်ဖက် သီတင်းသုံးဖော်တွေအပေါ်မှာ မေတ္တာရှေးရှု ပြောဆိုမှုဝစီကံကို မျက်မှောက်မှာရော မျက်ကွယ်မှာပါ ရှေးရှုပြုအပ်၏ တဲ့။"

အဲဒီလို ဟောပြခဲ့ပါတယ်၊ ဒီမှာ ရဟန်းလို့ဆိုပေမယ့် ဦးတည်ချက်သာ ရဟန်းနော်၊ တကယ်တော့ ရဟန်းရော လူပါဆက်ဆံတယ်၊ ဒါကြောင့် အားလုံးနဲ့ဆက်ဆံတဲ့ အသုံးနဲ့ပဲ သုံးပြီး ဟောကြ,နာကြရအောင်နော်။

"မှန်ပါ ဘုရား။"

"မိမိနှင့် တအိမ်တည်းနေ, တကျောင်းတည်းနေ, တရွာတည်းနေ, တမြို့တည်းနေ, တနိုင်ငံတည်းနေ, တကမ္ဘာတည်းနေ, အတူနေအဝေးနေ, အနီးနေ ပုဂ္ဂိုလ်တွေအပေါ်မှာ မေတ္တာရှေးရှုတဲ့ နှုတ်အပြောဝစီကံမှုကို ချိုသာစွာ ပြောရမယ်နော်။

"မှန်ပါ ဘုရား။"

မိမိမှတပါး မိမိနှင့် တအိမ်တည်းနေ, တကျောင်းတည်းနေ စတဲ့ သူတပါးတွေ ကိုယ်စိတ်ချမ်းသာစေလိုတဲ့ သဘောနဲ့ပြောဆိုရမယ်၊ ပြောဆိုတဲ့အခါမှာလဲ "မိမိစကားကို ကြားတဲ့လူတွေ စိတ်ချမ်းသာပါစေ"ဆိုတဲ့ သဘောနှင့် ပြောရမယ်နော်။

"မှန်ပါ ဘုရား။"

"နှုတ် ချို သျှို တ ပါး"တဲ့၊ စကားပုံတောင် ရှိသေးတယ်၊ ဒါကြောင့် မေတ္တာရှေ့သွားပြုပြီး နားဝင်ချိုတဲ့စကားကိုသာ ပြောရမယ်နော်။

"မှန်ပါ ဘုရား။"

အပြစ်ရှိလို့ ပြောဆိုဆုံးမတောင်မှ ဒေါသစိတ် ရှေ့သွားပြုပြီး မဆိုဆုံးမပဲ ယဉ်ယဉ်ကျေးကျေးနဲ့ အပြစ်ရှိသူက အပြစ်ကို မြင်အောင် ခံယူနိုင်အောင် ပြောဆိုဆုံးမရမယ်နော်။

"မှန်ပါ ဘုရား။"

အပြစ်ပြုတတ်တဲ့ ပု ထု ဇဉ် သ ဘာ ဝ အ တူ တူ နေ ကြ ပေါင်းသင်းဆက်ဆံကြတယ်ဆိုယင် အနည်းနဲ့အများ အကြီးနဲ့ အသေးပဲ ကွာမယ်၊ အပြစ်ကတော့ ဘယ်ကင်းကြမလဲ၊ ရှိကြတာချည်းပဲပေါ့။

အဲဒီလို အပြစ်ရှိလို့ အပြစ်ကို တွေ့မြင်ယင် သူ့ရဲ့အပြစ်ကို သူသိပြီး ပြင်ဆင်နိုင်အောင် မေတ္တာဝစီကံ ရှေ့သွားပြီး ချိုသာစွာနဲ့ ပြောဆိုဆုံးမပြုပြင်ပေးနိုင်ရမယ်နော်။

"မှန်ပါ ဘုရား။"

ပြီးတော့ မိမိနဲ့ အတူတကွ တအိမ်တည်းနေကြ, တကျောင်းတည်းနေကြတဲ့ အတူနေ မိတ်ဆွေတွေ့ရဲ့ အပြစ်အနာအဆာတွေကို သူတပါးတွေက မို့ချိုးမျှစ်ချိုး ပြောကြားလာယင်လဲ အတူနေမိတ်ဆွေတွေရဲ့ဘက်က ကာကွယ်ပြီး ပြောပေးရမယ်နော်။

"မှန်ပါ ဘုရား။"

"ဘယ်လိုပြောရမှာလဲ၊ "ဒီလိုမပြောပါနဲ့၊ ဒီလိုမဆိုပါနဲ့၊ ကျွန်ုပ်ရဲ့ မိတ်ဆွေဟာ ဒီလိုအစားထဲက မဟုတ်ပါဘူး၊ သူဟာ မြင့်မြတ်တဲ့ စိတ်နေစိတ်ထားရှိပါတယ်" စသည်ဖြင့် အတူနေမိတ်ဆွေဘက်က ကာကွယ်ပြောရမှာနော်။

"မှန်ပါ ဘုရား။"

တချို့ ရှိသေးတယ်၊ မျက်မှောက်မှာတော့ အကျိုး ကို လိုလားသယောင်ယောင်နဲ့ ဟန်ဆောင်ပြီး မျက်ကွယ်ကျတော့ အကျိုးမဲ့ ပြောတတ်တယ်။

ဒီနေရာ အားလပ်တဲ့ နေ့လည်ခင်းမှာ အမျိုးသမီးတစု သန်းတုပ်ယင်း အတင်းစကား ပြောနေတဲ့ မျက်မှောက် အကြောင်းအရာတခုကို ပြောချင်ပါတယ်။

အမျိုးသမီးတစု အားလပ်တဲ့ နေ့လည်တနေ့မှာ တန်းစီပြီး သူ့ခေါင်း ငါသန်းရှာ, ငါ့ခေါင်း သူသန်းရှာစနစ်နဲ့ သန်းရှာ သန်းတုပ်ယင်း သူတပါးရဲ့ အတင်းတွေပဲ ပြောနေကြတယ်။

အတော်ကြာတော့ အဲဒီ အမျိုးသမီးထဲမှ တယောက်က ထသွားတယ်၊ကျန်တဲ့ အမျိုးသမီးတွေက အဲဒီထသွားတဲ့ အမျိုးသမီးရဲ့ အတင်းကို ပြောကြပြန်တယ်၊နောက်တယောက် ထသွားပြန်တော့လဲ ဒီလိုပဲ ပြောကြတယ်။

အဲ....နောက်ဆုံး သုံးယောက်အကျန်မှာ တယောက်က ထပြန်တော့ ကျန်တဲ့၂-ယောက်ကို ဘာလုပ်ပြောသလဲဆိုတော့ "ညည်းတို့ ငါမရှိယင်လဲ ငါ့အတင်းပြောအုံးမှာပဲ"တဲ့။ "ငါ့အတင်းတော့ မပြောပါနဲ့"တဲ့။ ဒီလိုပြောတယ်၊ အဲဒါ မျက်မှောက်တော့ ချီးမွမ်း, မျက်ကွယ်တော့ အကျိုးမဲ့ပြောတာပေါ့။

အဲဒီလို ဟန်ဆောင်မှု ဟန်ဆောင်ပေါင်းမှု မဖြစ်စေပဲ တကယ့်မေတ္တာစစ်နဲ့ မျက်မှောက်မှာရော မျက်ကွယ်မှာပါ အကျိုးရှိတဲ့ စကားကိုသာ ပြောဆိုရမယ်နော်။

"မှန်ပါ ဘုရား။"

သူများပြောဆိုလို့ မပြီးနိုင်တဲ့ကိစ္စကို မိမိ ပါဝင်ပြောဆိုမှ ပြီးမယ်ဆိုယင် မိမိက ဝစီကံမေတ္တာရှေ့သွားပြီး ပါဝင်ကူညီပြောဆိုပေးရမယ်၊ ကွဲပြားနေတဲ့ပုဂ္ဂိုလ်တွေ မိမိပြောဆိုပေးက ညီညွတ်မယ်ဆိုယင် မေတ္တာရှေ့ထားပြီး ညီညွတ်အောင် ပြောဆိုပေးရမယ်နော်။

"မှန်ပါ ဘုရား။"

အကျိုးရှိရာရှိကြောင်းတွေကို သူတို့ အကျိုးစီးပွားကို ရှေ့ရှုမေတ္တာထားပြီး ပြောဆိုညွှန်ကြားရမယ်၊ အကျိုးယုတ်,အကျိုးမဲ့တွေကိုမဖြစ်စေအောင် တားဆီးပိတ်ပင်ပြောဆိုရမယ်၊ပြောဆိုတဲ့

အခါမှာလဲ မေတ္တာရှေ့သွားပြုပြီး ချိုချိုသာသာ ပြောဆိုရမယ်နော်။

"မှန်ပါ ဘုရား။"

နောက် မိတ်ဆွေတွေ အချင်းချင်း တွေ့တဲ့အခါ **ဝစီကံ** မေတ္တာရှေ့သွားပြုပြီး "ကြွပါရှင်, ထိုင်ပါရှင်, သုံးဆောင်ပါရှင်, ဘာအလိုရှိပါလဲရှင်"စသည်ဖြင့် ပြောဆိုနှုတ်ခွန်းဆက်ယင် မကောင်းဘူးလား။

"ကောင်းပါတယ် ဘုရား။"

နောက် "ကျန်းမာပါစေ, ချမ်းသာပါစေ, ဘယာဘေးမှ ဝေးပါစေ"စသည်ဖြင့် အဲဒီလို နှုတ်ကနေပြီး မြွက်ဆို မေတ္တာ ပတ္ထာနာပြုတယ်။

အဲဒီလို ကိုယ်က တဖက်သားကို ကိုယ့်ထက်ကြီးတဲ့ပုဂ္ဂိုလ်ပဲ ဖြစ်ဖြစ်, ကိုယ့်အောက်ငယ်တဲ့ ပုဂ္ဂိုလ်ပဲဖြစ်ဖြစ်, ကိုယ်နဲ့တန်းတူတဲ့ ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် ဘယ်နေရာမှာပဲတွေ့တွေ့ အဲဒီလို ဝစီကံမေတ္တာ အားဖြင့် "ကျန်းမာပါစေ, ချမ်းသာပါစေ ဝမ်းသာပါစေ, ဘေးရန်ခပ်သိမ်းကင်းငြိမ်းပါစေ, စားနိုင်ပါစေ, သောက်နိုင်ပါစေ, လှူနိုင်ပါစေ"စသည်ဖြင့် ဝစီကံမေတ္တာထားနေတယ်ဆိုယင် အဲဒီ ဝစီကံမေတ္တာထားခြင်း ခံရတဲ့ပုဂ္ဂိုလ်က ကိုယ့်ကိုပြန်ပြီးတော့ ရန်လုပ်အုံးမှာလား။

"မလုပ်ပါဘူး ဘုရား။"

ရန်လုပ်တယ်ဆိုတာ နှုတ် မလိမ္မာမှ ရန်လုပ် ခံရတာပါ၊ နှုတ်ခါးမ ဆိုတာရှိတယ်၊ ပြီးတော့ နှုတ်လုံထိုးတယ် ဆိုတာလဲ ရှိတယ်၊ လက်ာတပုဒ် ရှိတယ်။

"မလိမ္မာလတ်, ဤပါးစပ်, ရန်ခေါ်ဖြစ်တော့သည်"တဲ့။

မိမိတို့ ပါးစပ်မလိမ္မာယင် နှုတ်မလိမ္မာယင် ဘာဖြစ်တတ်သလဲဆိုတော့ ရန်ဖြစ်တတ်တယ်၊ ယခု ဒီတရားတော်ကိုဟောရခြင်းအကြောင်းရင်းကလဲ အဲဒီ နှုတ်မလိမ္မာမှုကြောင့် ရန်ဖြစ်လို့ဟောရတာပဲ မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား။"

မလိမ္မာတော့ ရန်ဖြစ်တယ်ဆိုတော့ အဲဒီရန်သူကို ဘယ်သူကခေါ်တာလဲဆိုတော့ ပါးစပ်က ခေါ်တယ်၊ ကျွန်ုပ်ကို ဆဲပါ, ရိုက်ပါ, သတ်ပါလို့ခေါ်သည့်ပမာ ခေါ်တာနော်။

"မှန်ပါ ဘုရား။"

ဒါကြောင့် မိ မိ တို့ ပါး စပ် မ လိ မ္မာ ပြီ ဆို ယင် ရန်သူတွေအများကြီးလာတော့မယ်၊ လိမ္မာမှ ရန်ကင်းကြမယ်၊ လိုတရမယ်၊ လင်္ကာတပုဒ်ရှိတယ်။

"လိမ္မာလေက,မိတ်ဆွေပ,လိုတရတော့သည်။"ပါးစပ်လိမ္မာလို့ရှိယင် မိမိလိုချင်တာတွေကို တ,လိုက်ပါ၊ လိုချင်တာမှန်သမျှတ,လိုက်တိုင်း ရနိုင်ပါတယ်၊ မိတ်ဆွေဆိုတော့ မိမိရဲ့လိုတာကိုမပေးဘူးလား, ပေးမှာလား။

"ပေးမှာပါ ဘုရား။"

ဒီတော့ မိမိတို့ပါးစပ်ကို မိမိတို့ ဘယ်လို လုပ်ရမှာလဲ၊ လိမ္မာအောင် ဆုံးမရမယ်၊ ပါးစပ်လိမ္မာတယ်ဆိုတာ ဘာလဲ၊ ဝစီကံမေတ္တာ ရှေ့သွားပြုနေမှုပါပဲ၊ ဒီတော့ကာ ပြောတိုင်းပြောတိုင်း မေတ္တာရှေ့ရှုဖို့ အရေးကြီးတယ်နော်။

"မှန်ပါဘုရား။"

အဲဒီလို မေတ္တာရှေးရှုတဲ့ ဝစီကံမေတ္တာမှု ရှိမယ်ဆိုယင် အကျိုး(၇)ပါးရမှာ၊ အကျိုးက (၇)ပါးသာဆိုတော့ သုံးလို့မကုန်နိုင်တဲ့ အကျိုးတွေပါ၊ အဲဒီအကျိုးတွေကို ဘုရားရှင်က ဘယ်လိုဟောလဲဆိုတော့....

"ရဟန်းတော်များ အို....ချစ်သားတို့၊ ဒီမေတ္တာရှေးရှုပြောဆိုမှုသည် အောက်မေ့ခြင်းကို ဖြစ်စေတတ်သော တရားတည်း၊ ချစ်ခင်ခြင်းကို ဖြစ်စေတတ်သော တရားတည်း၊ လေးမြတ်ခြင်းကို ဖြစ်စေတတ်သော တရားတည်း၊ စည်းလုံးခြင်းငှာ, မငြင်းခုံခြင်းငှာ, ညီညွတ်ခြင်းငှာ, တပေါင်းတည်းဖြစ်ခြင်းငှာ ဖြစ်ပါပေ၏"တဲ့။

အဲဒီလို ဟောပါတယ်၊အဲဒီအကျိုး ၇ ပါးကို ဟောပါတယ်၊ အဲဒီအကျိုးတွေဟာ လိုလားအပ်တဲ့ အကျိုးတွေပဲ မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား။"

အဲဒီ လိုလားအပ်တဲ့ အကျိုးတွေကို ရတာဟာ ဘာ့ကြောင့်လဲဆိုတော့ ဝစီကံမေတ္တာ ရှေ့သွားပြုပြီး ပြောဆိုတဲ့အတွက် ကြောင့်နော်။

"မှန်ပါ ဘုရား။"

ကဲ....ဒါဖြင့်ဆိုပါတော့ မိတ်ဆွေသင်္ဂဟတွေ အတူတူကျင့်ကြံအားထုတ်နေကြတယ်၊ တယောက်အပေါ်တယောက် ပြောသင့်ပြောထိုက်တာမပြောပဲ နှုတ်ပိတ်ကျင့်နေယင် တော်ပါ့မလား။

"မတော်ပါ ဘုရား။"

ပြောသင့်ပြောထိုက်တာတော့ ပြောပေးရမှာပဲ၊ မပြောပဲ နှုတ်ပိတ်မကျင့်သင့်ဘူး၊ နှုတ်ပိတ်အကျင့်ဆိုတာ ဘုရားသာသနာတော်က ခွင့်ပြုတဲ့ အကျင့်မဟုတ်ဘူးနော်။

"မှန်ပါ ဘုရား။"

အဲဒီနှုတ်ပိတ်အကြောင်း ဝစီပိတ်အကြောင်းကို ဘုန်းကြီး ဗုဒ္ဓဓမ္မပြဿနာများ (၁)မှာ ရေးထားပြီးပါပြီ၊ အကျယ်တော့ အဲဒီမှာပဲ ကြည့်ပါတော့....

အဲဒီနှုတ်ပိတ်အကျင့်, ဝစီပိတ်အကျင့်ကို ဘုရား ရှင် က "အ-အကျင့်, သူရူးကျင့်, တိရစ္ဆာန်ကျင့်, တိတ္ထိကျင့်"လို့ ဟောတော်မူတယ်၊ အဲဒါမျိုး မကျင့်နှင့်နော်။

"မှန်ပါ ဘုရား။"

ကဲ....ဒီလောက်ဆိုယင် ဝစီကံမေတ္တာအကြောင်း တော်တော် လေးစုံလင်သွားပါပြီ၊ မှတ်သင့်တဲ့လင်္ကာလေးကို ရွတ်ဆိုပြီးယင် ပြီးပါပြီ၊ လင်္ကာလေးက ဘာတဲ့လဲ....

*မေတ္တာရှေးရှု, ပြောမှုရှိလျှင်၊
အောက်မေ့ချစ်အပ်, လေးမြတ်အစဉ်။
စည်းလုံး-မငြင်း, ညီခြင်း-ပေါင်းယှဉ်၊
ဖြစ်မည်ပ, မှတ်ကြ အမြဲပင်။ ။

**မေတ္တာရှေးရှု ကြံစည်မှု**

မေတ္တာ ရှေး ရှု ဝစီကံအပြောပြီးသွားတော့ ယခု ဆက်လက်ပြီးတော့ မေတ္တာရှေးရှုကြံစည်မှု မနောကံ မေတ္တာအကြောင်းဟောကြ နာကြရ အောင်၊ ဒီအကြောင်းကို ဘုရားရှင်က ဘယ်လိုဟောထားလဲ ဆိုတော့....

"ရဟန်းတော်များ အို...ချစ်သားတို့၊ တဖန်တခြား အောက်မေ့ဖွယ်ရာ တရားတပါးကား ရဟန်းတော်သည် အတူနေတရားကျင့်ဘက် သီတင်းသုံးဖော်တို့ အပေါ်၌ မေတ္တာရှေးရှု ကြံစည်မှု မနောကံမေတ္တာကို ရှေးရှုထား အပ်၏" တဲ့။

ကာယကံ, ဝစီကံ, မနောကံရယ်လို့ ကံ၃-ပါးရှိရာမှာ ဒီမနောကံဟာ အင်မတန်အရေးကြီးပါတယ်၊ ကိုယ်အပြု, နှုတ် အပြောတွေဟာ ဒီမနောကံမပါပဲနှင့် အထ မမြောက်နိုင်ပါဘူး၊ ဒါ့ကြောင့် ဒီမနောကံမေတ္တာကို အထူးပဲ ပွားများရမယ်နော်။

"မှန်ပါ ဘုရား။"

မနောကံမေတ္တာဆိုတာက ကိုယ်နှုတ်မပါပဲနဲ့ စိတ်ထဲက ပွားများတာမျိုးကိုခေါ်တာ၊ ဘယ်လိုပွားများမလဲဆိုတော့ မိမိ နဲ့အတူနေ အတူကျင့်ဘက် သီတင်းသုံးဖော်ပုဂ္ဂိုလ်တွေ အပေါ် မှာ....

ငါ့ရဲ့ကျင့်ဖော်ကျင့်ဘက် ပုဂ္ဂိုလ်တို့သည်

၁။ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။

၂။ ကြောင့်ကြခပ်သိမ်း ငြိမ်းကြပါစေ။

၃။ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။

၄။ နှလုံးစိတ်ဝမ်း အေးငြိမ်းကြပါစေ။

စသည်ဖြင့် မိမိတတ်သလို မှတ်သလို ကိုယ်နှုတ်မပါ စိတ်ထဲ ကသာ မေတ္တာပို့နေတာကို မေတ္တာရှေးရှုကြံစည်မှု မနောကံ မေတ္တာခေါ်တယ်နော်။

"မှန်ပါ ဘုရား။"

တကယ့် မနောကံကို သေသေချာချာ သတိပြုပါ၊ နှုတ်ကပွားတဲ့ ဝစီကံမေတ္တာနဲ့ စိတ်ကပွားတဲ့ မနောကံမေတ္တာလဲ ကွဲအောင် သတိပြုပါနော်။

"မှန်ပါ ဘုရား။"

အေး....နှုတ်ကနေပြီးတော့ "ကျန်းမာကြပါစေ, ချမ်းသာကြပါစေ"စသည်ဖြင့်ဝစီကံမေတ္တာပို့သသော်လည်း စိတ်ကတော့ "မကျန်းမာတာ, မချမ်းသာတာ" မြင်ချင် တွေ့ချင်နေတာ ရှိတတ်တယ် မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား။"

ဘုန်းကြီးတို့ တွေ့ဖူး, မြင်ဖူးတယ်၊ တချို့ ဒကာမကြီးတွေ ကိုယ့်သားသမီးတွေ ပြောမရ, ဆိုမရဖြစ်နေတော့ လက်အုပ်ကလေးချီပြီး "မောင်မင်းကြီးသား ကျန်းမာ,ချမ်းသာပါစေ, မယ်မင်းကြီးမ ကျန်းမာချမ်းသာပါစေ" လို့ စိတ်ဆိုးမိုးဆိုးနဲ့ မေတ္တာပို့တယ်၊ မြင်ဖူးလား။

"မြင်ဖူးပါတယ် ဘုရား။"

နှုတ်ကပို့သော်လဲ သူ့စိတ်ကဆိုးနေတော့ မကောင်းကျိုးသာ ဖြစ်ချင်တာ၊ ကောင်းကျိုးဖြစ်ချင်တာ မဟုတ်ဘူးနော်။

"မှန်ပါ ဘုရား။"

ကောင်းကျိုးလဲ မဖြစ်ဘူး၊ မေတ္တာမှမဟုတ်ပဲနဲ့၊ "နှုတ်ထွက်က မေတ္တာ၊ စိတ်ထဲက ကျိန်စာ"ဖြစ်နေတယ် မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား။"

အေး....ပြီးတော့ ရှိသေးတယ်၊ စိတ်ထဲကတော့ "ကျန်းမာပါစေ,ချမ်းသာပါစေ"စသည်ဖြင့်မေတ္တာရှေးရှုနေပြီး ကိုယ်ဖြင့်

သူတပါးဆင်းရဲအောင် ပြုလုပ်နေယင်လဲ မေတ္တာမနောကံအစစ် ဖြစ်ပါ့မလား။

"မဖြစ်ပါ ဘုရား။"

စိတ်ထဲက မေတ္တာမနောကံ ပျက်နေယင် ကာယကံ မေတ္တာမပျက်သေးသော်လဲ သိတယ်၊ ဘုန်းကြီးတို့မျက်မှောက် ဝတ္ထုကြောင်းလေးတခုကို ပြောပြပါ့မယ်၊ ဒီ အင်္ဂလိပ်ပူမြို့နယ်ထဲက အဖြစ်အပျက်ပါပဲ။

ဘုန်းကြီးတို့ အင်္ဂပူအနောက်ဘက် ရိုးမတောင်ခြေအနီးမှာ ပိန္နဲကွင်းဆိုတဲ့ ထင်ရှားတဲ့ ရွာတရွာရှိပါတယ်၊ ရွာထင်ရှား တာဟာလဲ အဲဒီရွာကိုအမှီပြုပြီး တရားကျင့်သုံးသွားတဲ့ ဆရာ တော်ကြီးကို အကြောင်းပြုပြီး ထင်ရှားတာပါပဲ။

ပိန္နဲကွင်းရွာကို အမှီပြုပြီး တရားကျင့်တဲ့အတွက် ပိန္နဲကွင်း ဆရာတော်လို့ ထင်ရှားတာပါ၊ တကယ်တော့ ပိန္နဲကွင်းရွာတွင် သာမက ဌာနများစွာမှာလဲ ကျင့်ပါတယ်။

ဆရာတော် တရားကျင့်တဲ့ နေရာဌာနတွေဟာ နှစ်ပေါင်း များစွာ ကြာသော်လဲ ယခုတိုင် မတိမ်ကောပဲ ထင်ရှားရှိနေ ပါသေးတယ်။

တချို့နေရာတွေဟာ ဟိုတုန်းကဆိုတာ မပြောထားနဲ့၊ ယခုတိုင်အောင် ကျားရိုင်း ဆင်ရိုင်းတွေ အင်မတန် ထူထပ်ပါ သေးတယ်။

ဆရာတော်ဘုရားဟာ အဲဒီ ကျားရိုင်း ဆင်ရိုင်းတွေ ထူ ထပ်တဲ့ တောထဲမှာ ကပ္ပိယဖိုးသူတော်တယောက်နဲ့ အတူ တရားအားထုတ်နေပါတယ်။

ယခုလို ပြောသိုလ ချမ်းအေးတဲ့အချိန်မှာ တောထဲမှာ အေးလွန်းတော့ မီးလှုံရတဲ့အခါ ရှိတာပေါ့၊ ဆရာတော်ဘုရားနှင့် ဖိုးသူတော် မီးလှုံရာသို့ တောကျားရိုင်းတကောင် ကလဲ လာလှုံတယ်၊ အဲဒီအခါ ဆရာတော်ဘုရားက ဖိုးသူတော်ကို "သူတော် ကျားကို မပြစ်မှားနဲ့" လို့ ပြောဆိုဆုံးမတယ်။

အဲ....တနေ့တော့ ဆရာတော်ဘုရားက မီးမလှုံပဲ တရားနှလုံးသွင်းနေတယ်၊ ဖိုးသူတော်နဲ့ ကျားနဲ့ပဲ မီးလှုံနေကြတယ်၊ ဖိုးသူတော်က ကျားကြီးကို ကြောက်တယ်၊ ကျားကြီးက ပါးစပ်ကြီးဖြဲ မျက်စိကြီးမှိတ်ပြီး မီးလှုံနေတာကိုး။

ဒီတော့ ဖိုးသူတော်က ကြောက်ကြောက်နဲ့ "ဒီကျားကြီး ပါးစပ်ထဲ မီးစနဲ့ထိုးရယင် ကောင်းမှာပဲ" လို့ စဉ်းစားတယ်၊ အဲဒီအခါ ကျားကြီးက ဟိန်းတယ်။

ဆရာတော်ဘုရားက ဖိုးသူတော်တော့ ကျားကိုပြစ်မှားပြီ ဆိုတာ သိတာနဲ့ "ဟဲ့....ဖိုးသူတော် စိတ်ကောင်း နှလုံးကောင်း ထား" လို့ အမိန့်ရှိတယ်၊ ဖိုးသူတော်လဲ ဆက်ပြီးမစဉ်းစားရဲ တော့ဘူး။

တော်တော်ကြာ ကြောက်လာပြန်၊ ဒီကျားကြီးပါးစပ် ထဲ မီးစနဲ့ ထိုးရယင် ကောင်းမှာပဲ စဉ်းစားပြန်၊ ကျားက ဟိန်းပြန်၊ ဆရာတော်ဘုရားက သတိပေးပြန်တယ်။

ကဲ....အဲဒီမှာ မနောကံမေတ္တာပျက်တာနဲ့ ကျားက ဟိန်း တယ်၊ ဆရာတော်ဘုရားကလဲ သိတယ်၊ အဲဒီ မနောကံမေတ္တာ ပျက်ယင် ကာယကံ၊ ဝစီကံလဲ မကောင်းတော့ဘူးနော်။

"မှန်ပါဘုရား။"

အေး....သူတပါးအပေါ်မှာ တကယ် မေတ္တာမနောကံ ဖြစ်နေယင် သူတပါး ဆင်းရဲကြောင်းကို ကိုယ်ဖြင့်လဲ မပြုတော့ဘူး၊ နှုတ်ဖြင့်လဲ မပြောတော့ဘူးနော်။

"မှန်ပါဘုရား။"

ဒီတော့ ကာယကံမေတ္တာနှင့် ဝစီကံမေတ္တာနှစ်ပါး ပြည့်စုံမှုမှာ ဒီ မနောကံမေတ္တာအရေးကြီးတယ်၊ ဒါကြောင့် ဒီမနောကံမေတ္တာကို အမြဲတမ်းဖြန့်ထားပါ၊ အမြဲ ပွားများပါနော်။

"မှန်ပါဘုရား။"

ဒီမနောကံ မေတ္တာသာ ရှိနေယင် မနောကံမေတ္တာသာ မပျက်ယင် ကာယကံအပြု ဝစီကံ အပြောကြမ်းသော်လဲ အပြုအပြောခံရသူက နာခံနိုင်ပါတယ်။

ဒီနေရာမှာ ဘုန်းကြီးတို့ဝတ္ထုကြောင်းကလေးတခုနဲ့ သာဓကပြရအောင်၊ သားငယ်အပေါ်မှာ မေတ္တာကြီးမားတဲ့ မိခင်တယောက်ရှိတယ်၊ သူ့သားငယ်က သူ့စကားကို နားမထောင်ဘူး။

တနေ့သားငယ်က မိခင်ထံ တောထဲသွားပါမည့်အကြောင်း ခွင့်ပန်တောင်းတယ်၊ မိခင်က မသွားရန် ကျိုးကြောင်းပြပြီးတော့ တားမြစ်တယ်။

သားငယ်က တားမရဘူး၊ အတင်း သွားမယ် ပြောဆိုပြီး ဇွတ်ပဲတောထဲထွက်သွားတယ်၊ ဒီတော့ မိခင်က "ငါ့စကားနားမထောင်တဲ့သား တောထဲရောက်ယင် တောကျွဲခတ်လို့ သေပါစေဟယ်" လို့ ပြောလိုက်တယ်။

သားကလဲ မိခင်ရဲ့စကားကို အရေးမထားပဲ တောထဲသွားတယ်၊ အဲ....တောထဲရောက်တယ်ဆိုယင်ပဲ အဲဒီသားကို တောကျွဲလိုက်တော့တယ်။

ဒီတော့မှ သားငယ်က တောထဲလာခါနီး အမေပြောလိုက်တဲ့စကားကို သတိရတယ်၊ "ငါ့စကား နားမထောင်တဲ့သား တောထဲရောက်ယင် တောကျွဲခတ်သေပါစေဟယ်"။

သားက မိခင်ကောင်းရဲ့ သားဖြစ်လေတော့ သတိရတယ်၊ ဘာပြောလဲဆိုတော့ တောကျွဲလဲလိုက်ရော၊ "အမေ့ရဲ့ အတွင်းက မေတ္တာစိတ်ထားအတိုင်း ဖြစ်ပါစေ၊ အပြင်နှုတ်ထွက်အတိုင်း မဖြစ်ပါစေနဲ့" လို့ ပြောလိုက်တယ်။ ဒီတော့ တောကျွဲဟာ နောက်ပြန်ဆုတ်သွားတယ်။

ကဲ....အဲဒီမှာ စဉ်းစားကြည့်ပါ၊ မိခင်ရဲ့ မနောကံမေတ္တာဟာ သားအပေါ်မှာ ချမ်းသာသုခပဲ ဖြစ်စေချင်မယ်မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

မသွားစေချင်တာကို သွားတဲ့အတွက်သာ နှုတ်က ပြောမိပြောရာ ပြောလိုက်တာပဲ၊ တကယ်တော့ နှုတ်ကပြောတဲ့အတိုင်း မဖြစ်စေချင်တာအမှန်ပဲ။

အဲဒီအတိုင်းပဲ၊ ဆရာသမားတွေဟာ တပည့်တွေအပေါ်မှာ ကရုဏာဒေါသောနဲ့ အကြမ်းပြု၊ အကြမ်းပြောတာတွေ ရှိတတ်ပါတယ်၊ အတွင်းမေတ္တာကတော့ မနောကံ မေတ္တာကတော့ ကောင်းကျိုးလိုလျက်ပါပဲနော်။

"မှန်ပါဘုရား။"

အေး....ဒီတော့ ဒီမနောကံ မေတ္တာဟာ လူတိုင်းလူတိုင်းမှာ ရှိသင့်ပါတယ်၊ ဒီမနောကံမေတ္တာဟာ အကုန်အကျလဲ ဘာမှ မရှိပါဘူး၊ အပင်တပန်းလဲဘာမှမရှိပါဘူး၊ ရှိသေးလား။

"မရှိပါဘုရား။"

ဒီမနောကံမေတ္တာ ကိုယ့်မှာရှိနေယင် လောဘ-ဒေါသ-မောဟ အကုသိုလ်တွေ ဝင်ခွင့်ရသေးလား။

"မရတော့ဗါဘုရား။"

ဒီမနောကံမေတ္တာ ထားရတဲ့အတွက် ကိုယ့်မှာ ဘာအကျိုးမှ မဆုတ်ယုတ်ပါဘူး၊ ထိခိုက်နစ်နာမှုလဲ ဘာမှမရှိပါဘူး၊ အဲဒီ မနောကံ မေတ္တာထားတာနဲ့ အကျိုးရမှုတွေတော့ အင်မတန် ကြီးကျယ်ပါတယ်၊ အေး.... အဲဒီ မနောကံမေတ္တာထားလျှင် ဘယ်လို အကျိုးတွေ ရလဲဆိုတော့....

> "ရဟန်းတော်များ အို....ချစ်သားတို့ အတူနေ၊ သီတင်းသုံးဖော် ပုဂ္ဂိုလ်တို့အပေါ် မေတ္တာမနောကံ ဖြန့်ထားခြင်းသည် အောက်မေ့ဖွယ်ရာ တရားတည်း၊ ချစ်ခင်ခြင်းကို ဖြစ်စေတတ်သော တရားတည်း၊ လေးစားခြင်းကို ဖြစ်စေတတ်သော တရားတည်း၊ စည်းလုံးခြင်းငှာ, မငြင်းခုံခြင်းငှာ, ညီညွတ်ခြင်းငှာ၊ တပေါင်းတည်းဖြစ်ခြင်းငှာ ဖြစ်ပေ၏" တဲ့။

အဲဒီအကျိုးတွေရတယ်လို့ ဘုရားရှင်ကဟောထားခဲ့ပါတယ်၊ ဒီအကျိုးတွေဟာ လူတိုင်းလိုအပ်တဲ့အကျိုးတွေပဲ မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

အလုပ်တခုကို အကျိုးလဲရှိမှ လုပ်ချင်တယ်၊ အကျိုးလဲသိမှ လုပ်ချင်တယ်၊ အဲဒီအကျိုးရှိတာတွေကို သိရအောင် လက်ာနဲ့ မှတ်ထား....

* မေတ္တာရှေးရှု၊ ကြံမှုရှိလျှင်၊
အောက်မေ့ချစ်အပ်၊ လေးမြတ်အစဉ်။
စည်းလုံးမငြင်း၊ ညီခြင်း-ပေါင်းယှဉ်၊
ဖြစ်မည်ပ၊ မှတ်ကြအမြဲပင်။ ။

**ကံသုံးပါး အရေးကြီးသည်**

ကဲ.... ယခုဆိုယင် မေတ္တာရှေးရှု ကာယကံမှု၊ မေတ္တာရှေးရှု ဝစီကံမှု၊ မေတ္တာရှေးရှု မနောကံမှုဆိုတဲ့ ကံ ၃-ပါးပြီးသွားပါပြီ၊ ဒီကံ ၃ပါးဟာ အရေးကြီးပါတယ်၊ အဲဒီ ကံသုံးပါးဆိုတာ တခြားမှာလဲ ရှိတာမဟုတ်ပါ၊ ကိုယ်မှာပဲ ရှိနေတာ မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

အေး....ကိုယ်မှာရှိနေတဲ့ ဒီကံ ၃-ပါး ကောင်းရေးအတွက် မိမိကိုယ်ကို အသုံးချပြီး ကျင့်သုံးမယ်ဆိုယင် အကျိုးတရား (၄)ပါးကို ရမယ်နော်။

"မှန်ပါဘုရား။"

အေး....မိမိမှတပါး အိမ်သူ အိမ်သားတိုင်း၊ ကျောင်းသူ ကျောင်းသားတိုင်း၊ ရပ်သူရွာသားတိုင်း၊ မြို့သူမြို့သားတိုင်း၊ နယ်သူနယ်သားတိုင်း၊ နိုင်ငံသူနိုင်ငံသားတိုင်း၊ ကမ္ဘာသူကမ္ဘာသားတိုင်း ကျင့်သုံးယင်လဲ အားလုံး ရမယ်မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

အေး....တရားတော်ဆိုတာ မျက်နှာကြီးငယ်မရွေးဘူး၊ ကျင့်သုံးသူကို အကျိုးရစေတယ်၊ ပုဂ္ဂိုလ်ကသာ မျက်နှာရွေးတယ်၊ ဓမ္မတရားက မျက်နှာမရွေးဘူးနော်။

"မှန်ပါဘုရား။"

မိမိမှတပါး လူတိုင်းကျင့်ယင် လူတိုင်းအကျိုးပေးတယ်ဆိုတော့ ဗုဒ္ဓဘာသာမှတပါး တခြားဘာသာဝင်လူတိုင်းကျင့်လဲ မရဘူးလားဆိုတော့ ရတာပဲနော်။

"မှန်ပါဘုရား။"

အေး....အဲဒီအတူပဲ အိမ်တိုင်း,ကျောင်းတိုင်း,ရပ်တိုင်း,ရွာတိုင်း,မြို့တိုင်း,နယ်တိုင်း,နိုင်ငံတိုင်း,ကမ္ဘာသူကမ္ဘာသားတိုင်းဆိုရာမှာ ဗုဒ္ဓဘာသာမဟုတ်သူတွေပါ အကုန် ပါဝင်ပါတယ်၊ ဗုဒ္ဓတရားတော်က လူမျိုး,နိုင်ငံ,ဘာသာ မခွဲခြားပါဘူး၊ ကျင့်ယင်ကျင့်သူမှာ အကျိုးရပါတယ်နော်။

"မှန်ပါဘုရား။"

အေး.... ဒါကြောင့် ဒီမေတ္တာကာယကံ, မေတ္တာဝစီကံ, မေတ္တာ မနောကံဆိုတဲ့ ကံ ၃-ပါးကို လူတိုင်းကျင့်နိုင်ကြပါစေ, အိမ်တိုင်း ကျင့်နိုင်ကြပါစေ, ကျောင်းတိုင်း ကျင့်နိုင်ကြပါစေ, ရိပ်သာတိုင်း ကျင့်နိုင်ကြပါစေ, ရွာတိုင်း ကျင့်နိုင်ကြပါစေ, မြို့တိုင်း ကျင့်နိုင်ကြပါစေ, နယ်တိုင်း ကျင့်နိုင်ကြပါစေ, နိုင်ငံတိုင်း ကျင့်နိုင်ကြပါစေ, တကမ္ဘာလုံး ကျင့်သုံးနိုင်ကြပါစေလို့ ပတ္ထနာ ပြုပြီးတော့ ကံ ၃ ပါးအခန်း နိဂုံးချုပ်ကြပါစို့နော်။

"မှန်ပါဘုရား။"

**ပေးကမ်း ဝေဖန်ခြင်း**

ကဲ....ကံ ၃ ပါးအကြောင်း နိဂုံးသတ်လိုက်ပြီ၊ မိမိနှင့်တကွ တကမ္ဘာလုံး အကျိုးရအောင် ကျင့်ဖို့ပဲ ရှိတော့တယ်၊ ကျင့်ဖို့ရာလဲ သဘောပေါက်လောက်ပါပြီ၊ ဆက်လက်ပြီးတော့ "**ပေးကမ်းဝေဖန်ခြင်း**" အကြောင်းကို ဟောကြ, နာကြရအောင်၊ အဲ.... ဒီအကြောင်းကို ဘုရားရှင်က ဘယ်လိုဟောလဲဆိုတော့....

"ရဟန်းတော်များ အို....ချစ်သားတို့ တဖန် တခြား တပါးကား တရားနှင့်အညီ ရှာမှီး၍ရကုန်သော အကြင် ဆွမ်း အစရှိသော လာဘ်လာဘတို့သည် ရှိကုန်၏၊ အောက်ထစ်ဆုံးအားဖြင့် သပိတ်ထဲ၌ အကျုံးဝင်သည့် ပစ္စည်းသော်လည်း ရှိ၏။

ရဟန်းသည် ထိုသို့တရားနှင့်အညီ ရလာခြင်း သဘော ရှိကုန်သော လာဘ်လာဘတို့ဖြင့် အသီးအခြား ကန့်သတ် ထားခြင်းမရှိပဲ သုံးဆောင်လေ့ရှိသည်ဖြစ်၏။ သီလရှိ သော သီတင်းသုံးဖော်တို့နှင့် ဆက်ဆံသော သုံးဆောင် ခြင်းရှိ၏" တဲ့။

ပေးကမ်းဝေဖန်ခြင်းနှင့် ပတ်သက်ပြီး ဘုရားရှင်က အဲဒီလို ဟောတော်မူပါတယ်၊ ဒီမှာ တပိုဒ်စီ, တပိုဒ်စီ ရှင်းပြီးတော့ ဟောရမယ်ဆိုယင် "တရားနှင့်အညီ ရှာမှီး ၍ရတဲ့ လာဘ်" အကြောင်းကို ဦးစွာပြောရမှာပဲနော်။

"မှန်ပါဘုရား။"

တရားနှင့်အညီ 'ရှာမှီး၍ရတဲ့လာဘ်' လို့ဆိုသဖြင့် မဘရား သဖြင့် ရှာမှီး၍ရတဲ့လာဘ်လဲရှိတယ်ဆိုတာ မထင်ရှားဘူးလား။

"ထင်ရှားပါတယ်ဘုရား။"

အေး....ရဟန်းတော်တွေမှာ "ဗေဒင်ဟောခြင်း, ဆေးကုခြင်း, သူတပါး အခိုင်းအစေခံခြင်း" စသည့် အမှုတို့ကြောင့် ရတဲ့လာဘ်လာဘတွေဟာ မတရားသဖြင့် ရတဲ့ လာဘ်လာဘ တွေပဲနော်။

"မှန်ပါဘုရား။"

အဲဒီလို ဗေဒင်ဟောခြင်း, ဆေးကုခြင်း စသည့်တို့ကြောင့် ရတဲ့ မတရား လာဘ်လာဘမျိုးကိုတော့ ရတဲ့ ရဟန်းလဲ မသုံး ဆောင်ကောင်းဘူး၊ တခြားရဟန်းတွေလဲမသုံးဆောင်ကောင်း ဘူးနော်။

"မှန်ပါဘုရား။"

အဲဒီလာဘ်လာဘမျိုးသုံးဆောင်ယင် အဆိပ်ကို သုံးဆောင် တာနဲ့ အတူတူပါပဲ၊ အဆိပ်ကမှ တဘဝပဲသေမှာ၊ အဲဒီမတရား သဖြင့် ရလာတဲ့လာဘ်ကို သုံးဆောင်ယင် ဘဝများစွာအပါယ် ဆင်းရဲမှာ ခံရမှာနော်။

"မှန်ပါဘုရား။"

ယခု ဒီပါဠိတော်မှာပါတဲ့ လာဘ်လာဘကတော့ တရား သဖြင့်ရတဲ့ လာဘ်လာဘတဲ့၊ ဒီ လာဘ်လာဘကျတော့ ရတဲ့ ရဟန်းတော်လဲသုံးဆောင်ကောင်းတယ်၊ အခြား ရဟန်းတော် တွေလဲ သုံးဆောင်ကောင်းတယ်နော်။

"မှန်ပါဘုရား။"

အဲဒီ တရားသဖြင့် ရတဲ့ လာဘ်လာဘဆိုတာက ဘာတွေလဲ ဆိုတော့ "သီလနှင့်ပြည့်စုံလို့ရတယ်၊ သမာဓိနှင့်ပြည့်စုံလို့ ရတယ်၊

ပညာနှင့်ပြည့်စုံလို့ရတယ်၊ စာတတ်လို့ရတယ်၊ တရားအဟော အပြော, အပြု, အသ, ကောင်းလို့ရတယ်" စသည်ဖြင့် အရည် အချင်းတခုခု အကြောင်းပြုပြီး ရတဲ့ စင်ကြယ်တဲ့လာဘ်လာဘ မျိုးကို 'တရားနှင့်အညီရတဲ့ လာဘ်'လို့ ခေါ်တယ်နော်။

"မှန်ပါဘုရား။"

အဲဒီ လာဘ်လာဘမျိုးကျတော့ ရလာတဲ့ ရဟန်းတော်လဲ သုံးဆောင်ကောင်းတယ်၊ တခြားရဟန်းတော်တွေလဲသုံးဆောင် ကောင်းတယ်၊ အပြစ်မရှိဘူး၊ စင်ကြယ်တဲ့ အသက်မွေးမှုပဲ ဖြစ်တယ်နော်။

"မှန်ပါဘုရား။"

အဲဒီလို တရားနှင့်အညီ ရတဲ့လာဘ် လာဘမျိုးကျတော့ အများကြီးမပြောထားနှင့် အောက်ထစ်ဆုံးအားဖြင့် သပိတ် ထဲမှာဆွမ်းခံလို့ရလာတဲ့ ပစ္စည်းလာဘ်လာဘကလေးကိုပင်လျှင် ကိုယ်တပါးတည်းမသုံးဆောင်ပဲ သီလရှိတဲ့သီတင်းသုံးဖော်တွေ နှင့် ဝေဖန်ပြီးသုံးဆောင်ရမယ်လို့ ဆိုလိုတာနော်။

"မှန်ပါဘုရား။"

ရှင်းရှင်းပြောရယင် တရားနှင့်အညီရတဲ့ ကိုယ့်ပစ္စည်းကို "ငါသာသုံးစွဲမယ်, ဘယ်သူ့ သာပေးမယ်" စသည်ဖြင့် ကန့်သတ် ချက်မထားပဲ အများသုံးပစ္စည်းအနေသဘောထားပြီး သုံး ဆောင်ရမယ်လို့ ဆိုလိုတာနော်။

"မှန်ပါဘုရား။"

"ဒီပေးကမ်းဝေဖန်မှု" ဆိုတဲ့ကျင့်ဝတ်ကိုဖြည့်ကျင့်တဲ့ ရဟန်း တော်ဟာ သီလရှိခြင်း, သမာဓိရှိခြင်း, ပညာရှိခြင်း, တရားဟော

ခြင်း, စာချခြင်း, ဆွမ်းခံခြင်း, ဓုတင်ကျင့်ခြင်းစသည့်ကျင့်ဝတ်တခုခုကြောင့် ရလာတဲ့လာဘ်ပစ္စည်းကို သီလရှိတဲ့သီတင်းသုံးဖော်တွေကို လှူပြီးမှအကျန်ကိုသာသုံးဆောင်ရမယ်တဲ့နော်။

"မှန်ပါဘုရား။"

ဒီကျင့်ဝတ်က ဖြည့်ကျင့်ဖို့တော့ မလွယ်လှပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အင်မတန်ကို ပြည့်စုံနိုင်ခဲပါတယ်။

ဒီကျင့်ဝတ်ကို ဖြည့်ကျင့်တဲ့ရဟန်းတော်ဟာ မိမိဆွမ်းခံလို့ရလာတဲ့ ပဌမဦးဆုံးဖျားတဲ့ဂိလာနရဟန်းအား ပေးလှူရမယ်, အဲဒီကကြွင်းတာကို အဲဒီဖျားတဲ့ဂိလာရဟန်းကိုပြုစုတဲ့ ရဟန်းအားလှူရမယ်။

အဲဒီကကြွင်းတဲ့ဆွမ်းကို အာဂန္တုကညော့သည်ရဟန်းကို လှူရမယ်၊ အဲဒီက ကြွင်းတဲ့ဆွမ်းကို ခရီးသွားရဟန်းများအား လှူရမယ်။

အဲဒီက ကြွင်းတဲ့ဆွမ်းကို သပိတ်သက်နှီးသုံးဆောင် ကိုင်တွယ်မှုမကျွမ်းကျင်သေးတဲ့ ရဟန်းသစ်များအား ပေးလှူရမယ်။

အဲဒီလို အသီးသီးပေးလှူပြီးလို့ ကျန်သေးတဲ့အကြွင်းကိုထေရ်ကြီးမှစပြီး ထေရ်လတ်,ထေရ်ငယ်စသည်ဖြင့်,အစဉ်အတိုင်းအလိုရှိသလောက် အလှူခံရန် ပေးလှူရမယ်။

အဲဒီလို ပေးလှူလို့ ကုန်သွားယင် တဖန်ပြန်ပြီး ဆွမ်းခံရမယ်၊ ဆွမ်းခံလို့ ရလာပြန်တော့ အဲဒီဆွမ်းထဲမှ အကောင်းအမြတ်တွေကို ထေရ်ကြီးမှစပြီး အစဉ်အတိုင်းခုနကလိုပဲ ပေးလှူရပြန်ပါတယ်။

အဲဒီလိုပေးလှူလို့ ကျန်တဲ့ဆွမ်းကိုမှ မိမိက သုံးဆောင်ရတာ၊ လွယ်တဲ့ကိစ္စတော့မဟုတ်ဘူးနော်။

"မှန်ပါဘုရား။"

အေး....လှူတာတော့ ဟုတ်ပြီ၊ ဘယ်သူတွေ လှူရမလဲဆိုယင် ဘယ့်နှယ်ဖြေမလဲ။

"သီလရှိတဲ့ ရဟန်းတော်တွေကို လှူရမှာပါတဲ့ဘုရား။"

အင်း....ဟုတ်ပြီ၊ ဒါလဲ သေသေချာချာခွဲခြားပြီး မှတ်ထားအုံးနော်။

"မှန်ပါဘုရား။"

တချို့ကတော့ လှူတယ်ဆို့ ပြီးတာပဲဆိုပြီးတော့ သီလရှိ-မရှိ မကြည့်ဘူး၊ အခု ဒီမှာက ဒီလိုဆိုတာမဟုတ်ဘူး၊ သီလရှိတဲ့ သီတင်းသုံးဖော်တွေနဲ့ ခွဲခြမ်းဝေဖန်ရမယ်တဲ့နော်။

"မှန်ပါဘုရား။"

ဒီကျင့်ဝတ်ကို ယခုပြောခဲ့သလို မိမိရလာတဲ့ လာဘ်လာဘတွေကို ထေရ်ကြီးမှစပြီး အစဉ်အတိုင်းပေးလှူပြီးတော့ အကြွင်းအကျန်သာ စားရမယ်ဆိုတော့ အလိုက်မသိတဲ့ အလှူခံရှင်ရဟန်းတွေ ရှိနေယင်တော့ အခက်ပဲနော်။

"မှန်ပါဘုရား။"

အလိုက်မသိတဲ့ အလှူခံတွေက အကုန် အလှူခံလိုက်တော့ စိတ်မချမ်းမသာဖြစ်ယင် မအောင်မြင်တော့ဘူး၊ ဒါကြောင့် ဒီကျင့်ဝတ်ကို အဋ္ဌကထာက ဘယ်လိုဆိုထားသလဲဆိုတော့....

" သီလရှိတဲ့ ရဟန်းသံဃာတွေအား ပေးကမ်းဝေဖန်ပြီးမှ အကြွင်းအကျန်ကိုသာ သုံးဆောင်ရသော

ဒီကျင့်ဝတ်သည် ကောင်းစွာ သင် ကြား ထား သ ဖြင့် အလိုက်သိတတ်တဲ့ ပရိသတ်မှာသာ ပြည့်စုံလွယ်တယ်၊ မသင်မကြားရသဖြင့် အလိုက်မသိတဲ့ ပ ရိ သတ် မှာ ပြည့်စုံဖို့ မလွယ်ကူဘူး" တဲ့။

အဲဒီလို အဋ္ဌကထာမှာ ပြပါတယ်၊ ဟုတ်ပါတယ်၊ ကျင့်ဝတ်ဖြည့်တဲ့ ရဟန်းတော့ မိမိသပိတ်ထဲကဆွမ်းကို လိုက်ပြီးတော့ လှူတဲ့အခါ အလိုက်မသိတဲ့ ရဟန်းက အကုန်ယူလိုက်၊ အကုန်အလှူခံလိုက်ယင် မခက်ဘူးလား။

"ခက်ပါတယ်ဘုရား။"

**အလှူခံနည်း** အေး....ဒါ့ကြောင့်မို့ အလှူရှင် စိတ်မပျက်အောင် ကြည်ညိုသဒ္ဓါပွားအောင်အလှူခံတတ်ဖို့ကလဲ အရေးကြီးပါတယ်၊ အရေးကြီးတဲ့ဒီနေရာမှာ အလှူခံယူပုံ အလှူခံယူနည်းကို အနည်းငယ်သိသာရုံမျှ ပြောချင်ပါသေးတယ်၊ ယခုနည်းအတိုင်း အလှူခံယူမယ်ဆိုယင် အလှူရှင်မှာ စေတနာမပျက်နိုင်ပါဘူး၊ အဲဒီနည်းက ဘာတွေလဲဆိုတော့....

၁။ လှူဖွယ်ပစ္စည်းက နဲနဲပဲရှိတယ်၊ အလှူရှင်ကလဲ နဲနဲပဲ လှူချင်တယ်ဆိုယင် အလှူခံပုဂ္ဂိုလ်ကလဲ နဲနဲပဲ အလှူခံရမယ်။

၂။ လှူဖွယ်ပစ္စည်းက နဲနဲပဲရှိတယ်၊ အလှူရှင်က များများလှူလိုတယ်ဆိုယင် အလှူခံပုဂ္ဂိုလ်က နဲနဲပဲ အလှူခံရမယ်။

၃။ လှူဖွယ်ပစ္စည်းက များများရှိတယ်၊ အလှူရှင်က နဲနဲပဲ လှူချင်တယ်ဆိုယင် နဲနဲပဲ အလှူခံရမယ်။

၄။ လူ့ဖွယ်ပစ္စည်းက များများရှိတယ်၊ အလုရှင်ကလဲ များများပဲ လှူလိုတယ်ဆိုယင် မိမိရဲ့စွမ်းအင်ကြည့်ပြီး အလှူခံရမယ်'' တဲ့။

အဲဒါ အလှူခံနည်းတွေပဲ၊ စင်စစ်တော့ ဘုရားရှင်တို့ဟာ အတိုင်းအတာပမာဏကိုသာ ချီးမွမ်းတော်မူတယ်၊ ဒါကြောင့် အတိုင်းအတာနဲ့ အလှူခံဖို့ အရေးမကြီးဘူးလား။

''အရေးကြီးပါတယ်ဘုရား။''

အေး....ဟုတ်တယ်၊ ယခုပြောခဲ့တဲ့ အလှူခံနည်းအတိုင်း အလှူခံယူယင်တော့ ဒီကျင့်ဝတ်ဖြည့်ကျင့်တဲ့ ရဟန်းတော်ဟာ ပြည့်စုံလွယ်မှာပေါ့နော်။

''မှန်ပါဘုရား။''

ဒီကျင့်ဝတ်က ဈာန်ရဖို့ မဂ်ရဖို့ ကျင့်ရတာထက်တောင် ခက်အုံးမယ်၊ ကျင့်ရမယ့် နှစ်အပိုင်းအခြားက ဘယ်လောက်လဲဆိုတော့ (၁၂)နှစ်တဲ့၊ မဂ်ဖိုလ်ရရေးက နှစ်အပိုင်းအခြား မရှိဘူးနော်။

''မှန်ပါဘုရား။''

ဒီကျင့်ဝတ်ကတော့ (၁၂) နှစ်တဲ့၊ နှစ်အပိုင်းအခြားနဲ့၊ အဲဒီကျင့်ဝတ်ဖြည့်တဲ့အခါမှာ (၁၂)နှစ်ပြည့်တဲ့နှစ် နောက်ဆုံး တရက်ကလေးမှာတောင် ထေရ်ကြီးက ဆွမ်းအလှူခံလို့ ကုန်သွားတဲ့အတွက် စိတ်နှလုံးမသာမယာဖြစ်ယင် ဒီကျင့်ဝတ် ပျက်တယ်၊ အဲဒီလို ပျက်သွားယင် အစကနေပြီး ပြန်ကျင့်ရတယ်တဲ့၊ ကဲ.... ဒီတော့ ဈာန်-မဂ်-ဖိုလ်ရရေးကျင့်ရတာထက် မခက်ဘူးလား။

"ခက်ပါတယ်ဘုရား။"

အေး....အဲဒီ(၁၂)နှစ်လုံးလုံး တရက်မျှ နှလုံးမသာမယာ မဖြစ်ပဲနဲ့ ကြည်ကြည်သာသာ လှူဒါန်းဖြည့်ကျင့်လို့ အောင်မြင်သွားယင်တော့ ဒီပုဂ္ဂိုလ်ဟာ အကောင်းဆုံးအမြတ်ဆုံး ပစ္စည်းတွေကို ရမယ်တဲ့နော်။

"မှန်ပါဘုရား။"

သူ့အတွက် ဘာပစ္စည်းမှ ခက်ခဲတယ်၊ ရှားပါးတယ် မရှိတော့ဘူးတဲ့၊ ဝတ်မှတ်ခေါင်းပါးတဲ့ ဘေးသင့်နေတဲ့ အရပ်ဒေသသို့ သွားပြီးဆွမ်းခံတောင် နတ်များက ဆွမ်းလောင်းလိမ့်မယ်တဲ့၊ လူသူမနီးတဲ့ တောမြိုင်ကြီးထဲ ဆွမ်းခံသွားယင် နတ်များက ဆွမ်းလောင်းမယ်တဲ့။

ပြီးတော့ ဒီကျင့်ဝတ်ဖြည့်ကျင့်ထားတဲ့ ရဟန်းတော်ရဲ့ သပိတ်ထဲကဆွမ်းကို ရဟန်းတော် ရာထောင်သောင်း သိန်းတို့အား ပေးလှူသော်လဲ ကုန်တယ်လို့မရှိဘူးတဲ့၊ အကျိုးတော့ သိပ်မကြီးဘူးလား။

"ကြီးပါတယ်ဘုရား။"

အေး....အကျိုးတော့ ကြီးတယ်၊ ဒါပေမယ့် ကျင့်ဖို့တော့ တော်တော်မလွယ်တဲ့ ကျင့်ဝတ်ပဲနော်။

"မှန်ပါဘုရား။"

အင်း....ဒါက ကျင့်ဝတ်အနေနဲ့ အပြည့်အစုံကို ဆိုလိုပါတယ်၊ အပြည့်အစုံမဟုတ်သော်လဲ နိုင်သလောက် ပြည့်စုံသင့်သလောက် ပြည့်အောင်ဖြည့်ကျင့်ယင်လဲ ဒီဝတ်ကို မဖြည့်ကျင့်နိုင်ဘူးလား။

"ဖြည့်ကျင့်နိုင်ပါတယ်ဘုရား။"

အင်း....ဟုတ်တယ်၊ လူပဲဖြစ်ဖြစ် ရဟန်းပဲဖြစ်ဖြစ် မိမိရတဲ့ ပစ္စည်းကို မိမိတကိုယ်ကောင်းသာမသုံးစွဲပဲ မိမိနှင့် အတူနေ ပုဂ္ဂိုလ်တွေနဲ့ ဝေဖန်ခွဲခြားပြီး သုံးဆောင်ယင် မကောင်းဘူး လား။

"ကောင်းပါတယ်ဘုရား။"

အဲဒီလို မိမိပစ္စည်းကို မိမိနဲ့ အတူနေပုဂ္ဂိုလ်တွေနဲ့ ဝေခွဲ သုံးဆောင်ယင် အဲဒီပုဂ္ဂိုလ်ကို အတူနေပုဂ္ဂိုလ်တွေက မချစ်ခင် ဘူးလား။

"ချစ်ခင်ပါတယ်ဘုရား။"

အတူနေ ပုဂ္ဂိုလ်မဆိုထားနဲ့၊ ကိုယ့်ကို အလွန်တရာမုန်းနေတဲ့ ရန်သူကိုပင် ပေးကမ်းက ကိုယ့်ကိုရန်မမူတော့ဘူး၊ ကိုယ့်သတ် မယ့်လူလဲ မသတ်ရအောင် သူလိုတဲ့ပစ္စည်းပေးလိုက်က သတ် အုံးမလား။

"မသတ်တော့ပါဘုရား။"

လူဆိုတာ မပြောထားနဲ့၊ ကိုက်တတ်တဲ့ခွေးတောင်မှ သူ့ကို ကျွေးပါ့မွေးပါများယင် မကိုက်တော့ပဲ ကိုယ့်မြင်ယင် အမြီး တန့်န့် ချစ်ခင်လာတယ်နော်။

"မှန်ပါ ဘုရား။"

အေး....ဒါ့ကြောင့်မို့ "ပေးကမ်းခြင်းကား အချင်းခပ်သိမ်း မှုမျိုးငြိမ်း၏"လို့ဆိုကြတာ၊ ပြီးတော့ ဆိုသေးတယ်၊ "ဆုပ်က ပြိုကွဲ-ကျဲကလုံးစို"တဲ့၊ ဒါတွေဟာ ပေးကမ်းဝေဖန်မှုရဲ့အကျိုး ပြတွေပဲ မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

ဒါဖြင့်ယင် မိမိပိုင်ဆိုင်တဲ့ ပစ္စည်းကို မိမိရဲ့ရပ်ကိစ္စ ရွာကိစ္စ အတွက် အသုံးပြုခွင့်ပေးယင်, သို့မဟုတ် အပိုင်လှူယင် အဲဒီ ရပ်သူရွာသားတွေက မချစ်ခင်ဘူးလား။

"ချစ်ခင်ပါတယ်ဘုရား။"

အေး....အဲဒီအတူပဲ၊ မိမိကိုယ်ပိုင်ပစ္စည်းကို ဘာသာရေး, သာသနာရေးအတွက် အသုံးပြုခွင့်ပေးယင်, သို့မဟုတ် အပြီး အပိုင်လှူယင် ဘာသာရေးသာသနာရေးဆိုင်ရာ ပုဂ္ဂိုလ်တွေက မချစ်ခင်ဘူးလား။

"ချစ်ခင်ပါတယ်ဘုရား။"

ကဲ....အလွန်တရာ စားရမဲ့, သောက်ရမဲ့, နေရမဲ့ဖြစ်နေ ဆင်းရဲဒုက္ခရောက်နေသူအတွက် ပေးလှူယင်ကော အဲဒီလူက မချစ်ခင်ဘူးလား။

"ချစ်ခင်ပါတယ်ဘုရား။"

ဒါဖြင့် ပေးကမ်းခြင်းဟာ ဘာနဲ့တူလဲဆိုတော့"ချစ်ဆေး" နဲ့တူတယ်နော်။

"မှန်ပါ ဘုရား။"

အဲဒီ ပေးကမ်းခြင်းဟာ ချစ်ဆေးကျော်ဖြစ်ကြောင်းကိုလဲ ဘုရားရှင်က ဟောပြောထားတာ ရှိတယ်၊ ဘယ်လိုဟောထား သလဲဆိုတော့-

> ရဟန်းတော်များ အိုချစ်သားတို့ ဒီပေးကမ်းဝေ ဖန်ခြင်းဟာ အောက်မေ့ဖွယ်ရာတရားတည်း၊ ချစ်ခင် နှစ်သက်ခြင်းကို ဖြစ်စေတတ်သောတရားတည်း၊ စည်း

လုံးခြင်း၄၊ မပြင်းခုံခြင်း၄၊ ညီညွတ်ခြင်း၄၊ တပေါင်း
တည်းဖြစ်ခြင်း၄ဖြစ်၏" တဲ့။

အဲဒီလို ဟောထားတော်မူပါတယ်၊ ကဲ....ဒီလောက်ဆိုယင် ဒီပေးကမ်းဝေဖန်ခြင်းတရားအတွက် လုံလောက်ပါပြီ၊ အဲဒီ တရားအတွက် အလွယ်ကျက်မှတ်ဖို့ရာ အချုပ်လင်္ကာလေးကို မှတ်ထားပါ-

*ပေးကမ်းဝေ၄၊ ပြုကြပါလျှင်၊
အောက်မေ့ချစ်အပ်၊ လေးမြတ်အစဉ်။
စည်းလုံး-မပြင်း၊ ညီခြင်း-ပေါင်းယှဉ်၊
ဖြစ်မည်ပ၊ မှတ်ကြအမှန်ပင်။ ။

**အရိယာနှင့် အကျင့်တူလျှင်** ကဲ....ယခုဆိုယင် လေးခုမြောက်ဖြစ်တဲ့ အောက်မေ့ဖွယ်ရာ တရားတော် ပြီးသွားပါပြီ၊ ယခု ဆက်လက်ပြီးတော့ ငါး ခု မြောက် ဖြစ် တဲ့ အောက်မေ့ဖွယ်ရာ တရားတော်ကို ဟောကြ နာကြရအောင်၊ အဲဒီတရားတော်ကို ဘုရားရှင်က ဘယ်လိုဟောထားခဲ့သလဲဆို တော့-

"ရဟန်းတို့၊ တဖန်တခြား အောက်မေ့ဖွယ်ရာတပါး ကား အစွန်းအနား ကျိုးပြတ်ခြင်းမရှိကုန်တဲ့ သီလ၊ အပေါက်မရှိတဲ့ သီလ၊ အပြောက်အစွန်း မရှိတဲ့ သီလ၊ အကြောင်အကျားမရှိတဲ့ သီလ၊ တဏှာ၏ ကျွန်အဖြစ်မှ လွတ်ကင်းသောသီလ၊ ငါ-ငါ၏သီလဟု မှားယွင်းစွာ မသုံးသပ် မစွပ်စွဲအပ်သောသီလ၊ ဈာန်မဂ်ဖိုလ်ထိသမာဓိ ကို ဖြစ်စေတတ်သော သီလတို့သည် ရှိကုန်၏"

ရဟန်းသည် ထိုသို့သဘောရှိသော သီလတို့၌ သီတင်းသုံး
ဖော်တို့နှင့် မျက်မှောက်မှာရော မျက်ကွယ်မှာပါ သီလ
အားဖြင့် တူညီခြင်းသို့ ရောက်လျက်နေ၏”တဲ့။

အဲဒီလို ဟောတော်မူခဲ့ပါတယ်၊ ဒီသီလနှင့်ပတ်သက်တဲ့နေရာ မှာတော့ တော်တော်သိဖို့ကောင်းပါတယ်၊ ဘာဖြစ်လို့လဲဆို တော့ ခုခေတ်အချို့သော ဝိပဿနာဆရာတွေက သီလကို ပယ်နေကြလို့ပါ။

ယခု ဒီနေရာမှာ သတိပြုကြည့်ပါ၊ အရိယာပုဂ္ဂိုလ် သီလမြဲ သလို အရိယာပုဂ္ဂိုလ်တ်နှင့် တူညီတဲ့သီလမြဲမှုကို ဟောထားတယ် မဟုတ်လား။

“ဟုတ်ပါတယ် ဘုရား။”

**မကျိုးမပြတ်တဲ့ သီလ**

အဲဒါ ကြောင့်မို့ သီလနှင့်ပတ်သက် ပြီး ကျယ်ကျယ်လေး ရှင်းကြရအောင်၊ ခုနက ဘုရားရှင်ဟောတဲ့ သီလအမျိုးအစားတွေထဲမှာ “အစွန်း အနားကျိုးပြတ်ခြင်းမရှိတဲ့ သီလ”လို့ ပါတယ်မဟုတ်လား။

“မှန်ပါ-ပါပါတယ် ဘုရား။”

အဲဒီမှာ အစွန်းအနား ကျိုးပြတ်ခြင်းမရှိတဲ့သီလ, “မကျိုး ပြတ် တဲ့သီလ”ဆိုတာက ဥပမာ-ငါးပါးသီလဆိုယင် အစဆုံး သိက္ခာပုဒ်ဖြစ်တဲ့ ပါဏာတိပါတနှင့် အဆုံးသိက္ခာပုဒ် သုရာ မေရယပျက်ယင် “ခဏ္ဍ” ကျိုးပြတ်တယ်လို့ ခေါ်တယ်၊ မပျက် ယင် “အခဏ္ဍ” မကျိုးမပြတ်လို့ ခေါ်တယ်၊ ရှင်းရှင်းပြောယင် အစသိက္ခာပုဒ်နှင့် အဆုံးသိက္ခာပုဒ် မပျက်ယင် “အခဏ္ဍ” မကျိုးမပြတ်တဲ့ သီလခေါ်တယ်၊ ပျက်ယင် ကျိုးပြတ်တဲ့ သီလ

ခေါ်တယ်၊ "ခဏ္ဍသီလ"ပေါ့၊ အဲဒါကို လက်ာလေးနဲ့မှတ်ထားပါ။

* စ-ဆုံးသီလ,ပျက်စီးက, မှတ်ပ ကျိုးပြတ်တာ၊

အဲဒါက လူတွေအတွက် ငါးပါးသီလပေါ့၊ ရဟန်းတော်တွေမှာ အာပတ် (၇) ပုံရှိရာမှာ အစဆုံးဖြစ်တဲ့ ပါရာဇိက အာပတ်နှင့် အဆုံးဖြစ်တဲ့ ဒုဗ္ဘာသိအာပတ်သင့်ယင် ပျက်ယင် "ခဏ္ဍ" အကျိုးအပြတ်ခေါ်တယ်၊ မသင့်ယင် မပျက်ယင် "အခဏ္ဍ"မကျိုး,မပြတ်လို့ ခေါ်တယ်နော်။

လူတွေအတွက် ရှစ်ပါးသီလမှာ အစဆုံးဖြစ်တဲ့ ပါဏာတိပါတ သိက္ခာပုဒ်နှင့် အဆုံးဖြစ်တဲ့ ဥစ္စာသယနမဟာသယန သိက္ခာပုဒ်ပျက်ယင် "ခဏ္ဍ" ကျိုးပြတ်တယ်၊ မပျက်ယင် "အခဏ္ဍ" မကျိုးမပြတ်တဲ့ သီလပေါ့နော်။

"မှန်ပါ ဘုရား။"

အရိယာနှင့် အကျင့်သီလတူမျှရမယ်ဆိုတော့ အရိယာများ သီလမကျိုးမပြတ်သလို ယောဂီသူတော်စင်တွေဟာ သီလ ကျိုးပြတ်ရအုံးမလား။

"မကျိုးပြတ်ရပါဘုရား။"

**မပေါက်တဲ့သီလ**

ကဲ....သီလကျိုးတာ ပြတ်တာတော့ သိပြီ၊ ပေါက်တဲ့သီလ,အပေါက်ရှိတဲ့သီလ,မပေါက်တဲ့သီလ,အပေါက်မရှိတဲ့သီလအကြောင်းကို ပြောကြရအောင်။

မပေါက်တဲ့သီလ, အပေါက်မရှိတဲ့သီလဆိုတာက ငါးပါးသီလဆိုယင် အလယ်ခေါင်က မုသာဝါဒသိက္ခာပုဒ်ပျက်ယင် အဝတ်အလယ်မှ အပေါက်သဖွယ်ဖြစ်လို့ "ဆိဒ္ဒ"ပေါက်တယ်၊

သီလပေါက်တယ်လို့ ခေါ်တယ်၊ အဲဒီ အလယ်သိက္ခာပုဒ်မပျက် ယင် "အဆိဒ္ဒ"မပေါက်ဘူး၊ သီလမပေါက်ဘူးပေါ့၊ ကဲ....အဲဒီ မပေါက်တဲ့သီလအတွက် လင်္ကာလေးနဲ့ မှတ်ထားပါ။

* အလယ်သီလ,ပျက်စီးက,မှတ်ကြအပေါက်သာ၊

ကဲ....အ ရိ ယာ အ ဖြစ် ရောက် အောင် ကျင့်ကြံတဲ့ ယောဂီ တယောက်ဟာ သီလပေါက်လို့ သင့်ပါ့မလား၊ စဉ်းစားကြည့် ပါ၊ အရိယာနှင့် အကျင့်သီလတူမျှရမယ်ဆိုတော့ အရိယာတို့ သီလမပေါက်သလို ကိုယ့်သီလလဲ မပေါက်ဖို့လိုတယ်နော်။

"မှန်ပါ ဘုရား။"

**အပြောက်အကွက်သီလ** အပြောက်အကွက် သီလ, အပြောက် အစွန်းရှိတဲ့သီလဆိုတာက ဘယ်လိုသီလ ကို ခေါ်တာလဲဆိုတော့ သိက္ခာပုဒ်အစဉ်အတိုင်း ဆက်တိုက် မပျက်ပဲ အကြားအကြားသိက္ခာပုဒ်တွေပျက်ယင် ပျောက်ကွက် တဲ့သီလ, အပြောက်အစွန်းရှိတဲ့သီလလို့ ခေါ်တယ်၊ အကြား အကြားသိက္ခာပုဒ်တွေ မပျက်ယင် မပြောက်မကွက်တဲ့ သီလ ခေါ်တယ်၊ အပြောက်အစွန်းမရှိတဲ့ သီလခေါ်တယ်။

ငါးပါးသီလဆိုယင် အဒိန္နာဒါန သိက္ခာပုဒ်ပျက်ပြီးတော့ မုသာဝါဒသိက္ခာပုဒ်ပျက်ယင် ကွက်ကျားပျက်ဘယ် ခေါ်တယ်၊ အဲဒီလို ကွက်ကျားပျက်တာကို "သဗလ" ပြောက်တယ်လို့ ခေါ်တယ်၊ပြောက်တဲ့ သီလ,အပြောက်အကွက်သီလပေါ့၊အဲဒီလို မပျက်ယင် "အသဗလ" မပြောက်ဘူးပေါ့၊ မပြောက်မကွက်တဲ့ သီလပေါ့၊အဲဒီသီလကိုမှတ်မိအောင် လင်္ကာလေးနဲ့မှတ်ထားပါ။

* ကြားကြားသီလ, ပျက်စီးက, မှတ်ပပြောက်ကွက်တာ၊

အရိယာနှင့် အကျင့် တူရမယ်ဆိုတော့ အရိယာတို့ရဲ့ အကျင့်သီလဟာ အကြားအကြား သိက္ခာပုဒ်တွေ ပျက်ခြင်းမျိုး ပြောက်ကွက်တဲ့ သီလမျိုးမဟုတ်ဘူး၊ ဒါကြောင့် အရိယာသူတော်စင် ဖြစ်ချင်ကြတဲ့ ယောဂီတို့ဟာလဲ သီလကို မပြောက်မကွက်အောင် မစွန်းရအောင် ကျင့်ရမယ်နော်။

"မှန်ပါ ဘုရား။"

**အကြောင်အကျားသီလ** အကြောင်အကျားသီလ, မကြောင်ကျားတဲ့ သီလဆိုတာက သိက္ခာပုဒ်အစဉ်မှာ ဆက်တိုက်နှစ်ပါး,သုံးပါးပျက်တဲ့ သီလမျိုးကိုတော့ ကြောင်ကျားတဲ့သီလလို့ ခေါ်တယ်၊ အဲဒီလို မပျက်တဲ့သီလကိုတော့ မကြောင်ကျားတဲ့ သီလလို့ခေါ်တယ်၊ "ကမ္မာသ" ကြောင်ကျားတယ်၊ ကြောင်ကျားတဲ့ သီလပေါ့၊ "အကမ္မာသ" မကြောင်ကျားဘူး၊ မကြောင်ကျားတဲ့ သီလပေါ့နော်။

"မှန်ပါ ဘုရား။"

ရှစ်ပါးသီလမှာဆိုယင်ပါဏာတိပါတသိက္ခာပုဒ်,အဒိန္နာဒါန သိက္ခာပုဒ် နှစ်ပုဒ်ပျက်ပြီး အဗြဟ္မစရိယသိက္ခာပုဒ်မပျက်ပဲ မုသာဝါဒသိက္ခာပုဒ်, သုရာမေရယသိက္ခာပုဒ်ပျက်တာမျိုးကို သီလကြောင်တယ် သီလကျားတယ်ခေါ်တယ်၊ သီလကြောင် သီလကျားဆိုတာ အဲဒါမျိုးပေါ့နော်။

"မှန်ပါ ဘုရား။"

အရိယာသူတော်စင်တွေမှာ အဲဒီသီလကြောင်တာ,ကျားတာမျိုးမရှိဘူး၊ ဒီတော့ အရိယာသူတော်စင်ဖြစ်အောင် ကျင့်ဆောင်

နေတဲ့ သူတော်စင်ပရိသတ်တို့ရဲ့ သီလဟာလဲ အဲဒီအရိယာ သူတော်စင်တွေရဲ့ အကျင့်သီလ တူမျှ ရမယ်နော်။

"မှန်ပါ ဘုရား။"

အဲဒီလို တူမျှဖို့ရာ အဲဒီသီလအဓိပ္ပါယ်သိအောင် လင်္ကာလေးနဲ့ မှတ်ထားပါ။

* စဉ်ဆက်သီလ, ပျက်စီးက, မှတ်ပကြောင်ကျားတာ။

အဲဒီ ..ယခုပြောခဲ့တဲ့ အဓိပ္ပါယ်အတိုင်းပဲ၊ သီလကျိုးပေါက် ပြောက်ကျားမရှိပဲ အရိယာနှင့်တူမျှတဲ့ အကျင့်သီလရှိရမယ်တဲ့။

အရိယာနှင့် တူမျှတဲ့ အကျင့်သီလရှိရမယ်ဆိုတဲ့ အဓိပ္ပါယ်က ဘယ်လိုလဲဆိုတော့ အရိယာပုဂ္ဂိုလ်များမှာ လူဆိုယင် ငါးပါး သီလ, ရဟန်းဆိုယင် ပါတိမောက္ခသံဝရသီလတို့ "ကျိုးပေါက် ပြောက်ကျား"တာကို ဘေးဖယ်ထား၊ "ညစ်နွမ်းခြင်း"ပင်မရှိပဲ ပကတိဖြူစင်တဲ့ သီလရှိတယ်တဲ့နော်။

"မှန်ပါ ဘုရား။"

အေး.... တခြား အရိယာသူတော်စင်များရဲ့ သီလဟာ မျက်မှောက်မှာပဲဖြစ်ဖြစ် မျက်ကွယ်မှာပဲဖြစ်ဖြစ် "ကျိုးပေါက် ပြောက်ကျား"ခြင်းမရှိ၊ ညစ်နွမ်းခြင်းမရှိ ပကတိဖြူစင်နေ တယ်တဲ့နော်။

"မှန်ပါ ဘုရား။"

အရိယာသူတော်စင်တို့ရဲ့ သီလဟာ အဲဒီလို မညစ်မနွမ်း စင် ကြယ်တာကလဲ လွန်ကျူးချင်တဲ့စိတ်ကို အောင့်အည်းချုပ်တီးပြီး စင်ကြယ်ရတာမျိုးမဟုတ်ပဲ သူ့ရဲ့ ပင်ကိုယ်သဘောရင်းအတိုင်း စင်ကြယ်ရတာမျိုးနော်။

"မှန်ပါဘုရား။"

အေး....အဲဒီလို သီလစင်ကြယ်ခြင်းအားဖြင့် အရိယာနှင့်တူမျှတဲ့ သီလဟာ မျက်မှောက်မှာရော မျက်ကွယ်မှာပါ တူမျှပါတယ်တဲ့နော်။

"မှန်ပါဘုရား။"

အဲဒီလို အရိယာနှင့် သီလဖြူစင်တာချင်း တူမျှတယ်ဆိုတာဟာ တကယ်တော့ သောတာပန်ဖြစ်မှပဲ တူမျှနိုင်ပါတယ်၊ လူပုဂ္ဂိုလ်ဟာ သောတာပန်ဖြစ်ယင် "အရိယကန္တသီလ"လို့ခေါ်တဲ့ ငါးပါးသီလဟာ "ကျိုးပေါက်ပြောက်ကျား" ခြင်းလဲမရှိဘူး၊ "ညစ်နွမ်းခြင်း"လဲမရှိပဲ စင်ကြယ်နေပါတယ်တဲ့တယ်နော်။

"မှန်ပါဘုရား။"

ဒီတော့ လူတယောက် သောတာပန် ဟုတ်-မဟုတ်သိချင်ယင် သူ့ရဲ့သီလကိုစောင့်ကြည့်, စောင့်ပြီးတော့ အကဲခတ်ယင် အလွယ်တကူ သိနိုင်မယ် မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

သောတာပန် အရက်သောက်သေးတယ်ဆိုပြီးတော့အရက်လဲ သောက်မနေနဲ့အုံးနော်။

"မှန်ပါဘုရား။"

**သောတာပန်၏ခံတွင်းသို့ အရက်မဝင်ကြောင်း**

ဒီနေရာမှာ ဘုန်းကြီးသာဓကပြချင်ပါတယ်၊ ဘုန်းကြီးတို့ ဒီဃနိကာယ် သီလက္ခန် အဋ္ဌကထာ ကူဋဒန္တသုတ် အဖွင့်မှာ "သောတာပန် အရိယာသည် ဘဝ တပါး၌သော်

လည်း အသက်သေမယ့်ဘေးနှင့်တွေ့ကြုံသည့်တိုင်အောင် သူ့ အသက်ကိုမသတ်၊ အရက်မသောက် တဲ့။

အကယ်၍ အဲဒီ သောတာပန်အရိယာရဲ့ခံတွင်းသို့ အရက်နှင့် နို့ရည်ရောပြီးသွင်းအံ့၊ တိုက်အံ့၊ နို့ရည်သာဝင်သည်၊ အရက် မဝင်တဲ့။

အဘယ်နှင့် ဥပမာတူလဲဆိုယင် ကြိုးကြာနှင့် တူပါသတဲ့၊ ကြိုးကြာငှက်ရဲ့ခံတွင်းသို့ ရေနှင့်နို့ရည် ရောပြီးသွင်းယင် နို့ရည် ပဲ ဝင်တယ်၊ ရေမဝင်ဘူးတဲ့၊ ပင်ကိုယ်သဘာဝဓမ္မတာအားဖြင့် ပြီးစီးခြင်းပါတဲ့။

ဒီတော့ သောတာပန်စစ်တမ်းဟာ သိပ် လွယ် ပါ တယ်၊ ကိုယ့်ဆိုယ်ကို သောတာပန်ထင်ယင် အရက်နှင့် နို့ရည်ရောပြီး သောက်ကြည့်ပေါ့၊ နို့ရည်သာဝင်တယ် အရက်မဝင်ဘူးဆို ယင် သောတာပန်ပဲပေါ့နော်။

"မှန်ပါဘုရား။"

ဘယ်သူ့မှ မေးစရာမလိုပါဘူး၊ အလွယ်ဆုံးစစ်တမ်းပါ၊ အံ့ဩစရာလဲ တကယ်ကောင်းပါတယ်၊ စမ်းကြည့်ပါနော်။

"မှန်ပါဘုရား။"

**သီလာနိသံသဇာတ်** နောက် သောတာပန် သီ လ မ ပျက် ကြောင်းကို သီ လာ နိ သံ သ ဇာတ်နှင့် ကိုးကားပြီးတော့ ပြောချင်ပါသေးတယ်၊ ရှေးအတိတ်ကာလ ကဿပဘုရားရှင် လက်ထက်တော်အခါက သောတာပန် ဒကာ

တယောက်ရှိတယ်၊ အညတရပေါ့၊ အမျိုးအမည် အနွယ်တော့ မထင်ရှားဘူး။

အဲဒီ သောတာပန်ဒကာဟာ သူ့ရဲ့ အဖော်ဖြစ်တဲ့ ဆတ္တာသည် တယောက်နှင့်အတူ ကုန်ကူးသွားကြတယ်၊ ပင် လ ယ်ခ ရီး သင်္ဘောစီးပြီး သွားကြတာပေါ့၊ အဲ-သူတို့သင်္ဘောထွက်ခွာလို့ (၇)ရက်အကြာမှာ သင်္ဘောဟာ ပျက်စီးတော့တာပဲ။

သင်္ဘောပျက်တော့ အဲဒီသင်္ဘောမှ ပျဉ်ချပ်ကလေးတချပ်ကို အမှီရတော့ အဲဒီပျဉ်ချပ်ကလေးအမှီနဲ့ ကူးခပ်လာကြတာ ကျွန်းတကျွန်း ရောက်တယ်။

အစာရေစာ ငတ်ပြတ်နေကြတဲ့ သူတို့အဖို့ အဲဒီကျွန်းမှာ စားသောက်စရာ ရှာသော်လဲ မတွေ့ဘူး၊ ဒီတော့ ဆတ္တာသည်က အဲဒီကျွန်းပေါ်ရှိတဲ့ ငှက်တို့ကို သတ်ဖြတ်ပြီး စားသောက်တယ်၊ ဆရာ သော တာ ပန် ကိုလဲ ကျွေး တယ်၊ ဒီ တော့ ဆ ရာ သောတာပန်က “အမောင်, ငါ့အတွက် ရည်မှန်းပြီး သတ်တဲ့ အသားဖြစ်နေ၍ ငါ မစားဘူး၊ ငါ မစားသင့်ဘူး” လို့ ပြောပြီးတော့ ပယ်လိုက်တယ်။

ကဲ....အဲဒီမှာ ကြည့်စမ်း၊ သူကိုယ်တိုင် သတ် သ လား, မသတ်ဘူး၊ ဆတ္တာသည်က သူလဲ စားမယ်၊ ဆရာလဲ ကျွေးမယ် ဆိုပြီးတော့ သတ်တဲ့အသားကိုတောင်မှ ရည် မှန်း သတ် တဲ့ အ သား မို့ မစားဘူးတဲ့၊ အငတ်ဘေးသင့်နေတာတောင်မှ သီလ မလုံဘူးလား။

“လုံပါတယ်ဘုရား။”

**ဗိမ္ဗိသာရမင်းကြီး** ပြီးတော့ ပြောအုံးမယ်၊ သောတာပန် ကျောင်းဒကာကြီး ဘုရင်ဗိမ္ဗိသာရမင်းကြီး အကြောင်း၊ မင်းကြီးဟာ သောတာပန်၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေတာပဲ၊ သီလမပျက်ပါဘူး၊ သီလအပျက်မခံပဲနဲ့ အုပ်ချုပ်တယ်။

ဒါဖြင့် တိုက်မှုခိုက်မှုတွေနဲ့ ပတ်သက်ပြီးတော့ သီလမပျက် အောင် ဘယ်လိုအမိန့်ပေးမလဲဆိုတော့ အေး .... တခါက မင်းကြီးရဲ့ တိုင်းစွန်ပြည်ဖျား သူပုန်ထတယ်။

ဒီတော့ မင်းကြီးက စစ်ဗိုလ်, စစ်တပ်ကို အမိန့်ပေးတယ်၊ "ဂစ္ဆထ ဘဏေ ပစ္စန္တံ ဥစ္စိနထ"တဲ့၊ အဓိပ္ပါယ်က ဘယ်လို လဲဆိုတော့.... "အချင်းတို့ သူပုန်ထရာ ပစ္စန္တရာဇ်သို့သွား၍ ပစ္စန္တရာဇ်အရပ်ကို ပကတိပင်ကိုယ်အတိုင်း ကုန်သွယ်ခြင်း, လယ်လုပ်ခြင်းအမှုကိစ္စ အဝဝတို့ကို ပြုလုပ်နိုင်အောင်, တိုင်းသူ ပြည်သားများအား အေးအေးချမ်းချမ်း နေနိုင်အောင်,စည်ပင် တိုးပွားအောင် ပြုလုပ်ကြကုန်လော့" တဲ့။

အဲဒီလို အမိန့်ပေးတယ်၊ အချင်းတို့ ဘယ်မှာသူပုန်ထနေ တယ်၊ အဲဒီသူပုန်တွေကို သွားပြီးတော့ ပယ်ရှားသုတ်သင်ပစ် လိုက်ကြကုန်လော့လို့ ဘယ်တော့မှ မစေခိုင်းပေဘူးနော်။

"မှန်ပါဘုရား။"

ဒီတော့ သောတာပန်အရိယာဟာ သူချစ်မြတ်နိုးတဲ့ငါးပါး သီလကို အသက်သာအသေခံမယ်၊ အပျက်မခံဘူးဆိုတာ မသေ ချာဘူးလား။

"သေချာပါတယ်ဘုရား။"

**သာမာဝတီ** ဒီနေရာမှာ စကားစပ်နေတော့ ခိုင်လုံသထက် ခိုင်လုံအောင် ပြောအုံးမယ်၊ သာမာဝတီဆိုယင်တော့ ဘုန်းကြီးတို့ ဗုဒ္ဓသာသနာလောကက မကြားဘူးသူ မရှိသလောက်ပါပဲ။

အဲဒီ သာမာဝတီဟာ သောတာပန်ပါ၊ တနေ့ မာဂဏ္ဍီမိဖုရားရဲ့ အယုတ်တမာ ကြံဆောင်ချက်အရ ဥတေနမင်းက သာမာဝတီတို့ထံသို့ ကြက်အရှင် ၄ ကောင်ကို အရှင်လတ်လတ်သတ်ပြီး ချက်ပြုတ်လျက် ပွဲတော်ဆက်ခိုင်းတယ်။

ဒီတော့ သာမာဝတီတို့က ဘာပြောလိုက်လဲ၊ "ငါတို့အသက်သေစေသော်လဲ သူ့အသက်ကို မသတ်နိုင်ပါဘူး၊ သတ်ပြီးတော့မချက်နိုင်ပါဘူး" လို့ ပြောလိုက်တယ်။

ကဲ.... ဒီနေရာမှာ ကြည့်ပါ၊ သတ်မချက်ယင် မင်းကသူတို့ကို သတ်နိုင်တယ်၊ သူတို့အသက်သာ အသေခံမယ်၊ သီလအပျက်ခံပြီး ကြက်မသတ်နိုင်ပါဘူးတဲ့။

တချို့ ဒီခေတ်မှာ ဘာတွေပြောကြသလဲ၊ သောတာပန်ကကိုယ့်ကိုယ်ကို ကာကွယ်သောအားဖြင့် သူ့အသက်သတ်သေးတယ်တဲ့၊ မဟုတ်ဘူးနော်။

"မှန်ပါဘုရား။"

**သီဟ စစ်သူကြီး** ပြီးတော့ ထင်ရှားတာ တခုကို ပြောချင်ပါသေးတယ်၊ သာသနာတော်မှာ အင်မတန်ပဲ ထင်ရှားတဲ့ အဖြစ်အပျက်ပေါ့၊ ဝေသာလီပြည် လိစ္ဆဝီမင်းတို့ရဲ့ စစ်သေနာပတိချုပ်ကြီး သီဟဆိုတာ ရှိတယ်။

အဲဒီ သီဟာစစ်သူကြီးဟာ အစက တိတ္ထိတွေကို ကိုးကွယ်နေတာပါ၊ တနေ့တော့ ဘုရားရှင်ထံသွားပြီး သူမေးလျှောက်ချင်တာတွေ မေးလျှောက်တယ်၊ ဘုရားရှင်ကလဲ မဟာကရုဏာတရားနဲ့ ဖြေကြားတယ်။

ဒီတော့ သီဟာစစ်သူကြီး သောတာပန် ဖြစ် သွား တယ်၊ ရတနာသုံးပါးကြည်ညိုသွားပြီ၊ သူ့ရဲ့ အယူအဆဟောင်းတွေကို စွန့်လိုက်ပြီနော်။

"မှန်ပါဘုရား။"

ဘုန်းကြီးတို့ ယခုတွေ့ရတာတော့ သောတာပန်လဲဆိုသေးရဲ့ ဘုရားစင်ပေါ်လဲ ဘိုးတော်တွေရော မယ်တော်တွေရော ဆံပင်ဖားလျားနဲ့ ကိုးရိုးကားရားတွေရော ရှုပ်လို့ပဲ၊ ဟုတ်ပါ့မလား သောတာပန်။

"မဟုတ်နိုင်ပါဘုရား။"

အေး....သီဟာစစ်သူကြီးက သောတာပန် လဲ ဖြစ် က ရော ရတနာသုံးပါးကြည်ညိုသွားတော့ ဘုရားနှင့်တကွ သံဃာတော်တွေကို ဆွမ်းစားပင့်တယ်၊ ဆွမ်းစားပင့်ပြီးတော့ ဈေးထဲမှာ ရောင်းတဲ့ "ပဝတ္တမံသ" ခေါ်တဲ့ "အလိုလိုဖြစ်သောအသားဖြင့်" ချက်ပြုတ်ပြီး ကပ်တယ်တဲ့နော်။

"မှန်ပါ ဘုရား။"

အဲဒီလို ချက်ပြုတ်ပြီးကပ်တော့ သီဟာစစ်သူကြီး ပဌမကိုးကွယ်တဲ့ နိဂဏ္ဌတက္ကဒွန်းတွေက တိတ္ထိတွေကပေါ့ မြို့တွင်းလမ်းဆုံ လမ်းမ လမ်းလေးခွ၌ လက်သီးလက်မောင်းတန်းပြီး ငိုကြွေး

၈ လျက်....

"စစ်သူကြီးသီဟသည် ဝဖြိုးသော သားကောင်ကို သတ်၍ ရှင်ကြီးဂေါတမအား ဆွမ်းကျွေးတယ်၊ ရှင်ကြီးဂေါတမကလဲ သိလျက်နှင့် စားတယ်"

လို့ကြွေးကြော်တယ်၊ ကဲ....ကြည့်စမ်း၊ ဒီတိတ္ထိတက္ကဒွန်းတွေဟာ တယ်ပြီးတော့ မဟုတ်မတရားပြောပါလား၊ သူတို့ရဲ့ တိတ္ထိကျင့် သက်သတ်လွတ် အကျင့်တခုကိုသာ သူတို့က အထင်ကြီးပြီးတော့ ယခုအသားစားတာနဲ့ မဟုတ်မတရားပြောနေတာနော်။

"မှန်ပါ ဘုရား။"

ကြည့်စမ်း၊ တိတ္ထိတွေပြောပုံ၊ သီဟစစ်သူကြီးကလဲ မသတ်၊ ဘုရားကလဲ သူ့ရည်မှန်းတဲ့အသားမဟုတ်ဟုသိလို့ ဘုဥ်းပေးတာ မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

အဲဒါ သီဟစစ်သူကြီးက သတ်သတဲ့၊ ဘုရားကလဲ သူ့ရည်မှန်းပြီး သတ်မှန်းသိလျက်နဲ့ စားသတဲ့၊ မဟုတ်မဘုရားပြောလိုက်ပုံ၊ အေး....ဒါ့ကြောင့် တိတ္ထိတွေဟာ တိတ္ထိကျင့် သက်သတ်လွတ်နဲ့ ကျေနပ်ပြီး မတရားတဲ့ ကိလေသာတွေနဲ့ လိမ်းကျံနေတာကို သူတို့က စင်ကြယ်နေတယ် ထင်နေကြတယ်၊ အဲဒါ အမှားစင်ကြယ်ပေါ့။

အဲဒီလို တိတ္ထိတွေကပြောတော့ သီဟစစ်သူကြီးရဲ့လူများက သီဟစစ်သူကြီးကို တိတ္ထိတွေက မဟုတ်မတရား ပြောနေတဲ့ အကြောင်း ပြန်ပြောတယ်၊ဒီတော့ သီဟစစ်သူကြီးက ပြန်ပြောတယ်။

“န စ မယံ ဇီဝိတဟေတုပိ သဒ္ဓိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေမ” “အချင်းတို့....ငါတို့ဟာ မိမိရဲ့အသက် အန္တရာယ်ဖြစ်ပါစေ, အသတ်ပင်ခံရပါစေ, သေစေလို သော စေတနာဖြင့် စေ့ဆော်၍ အသက်ရှိတဲ့ သတ္တဝါ ဟူသမျှကို ဘယ်တော့မှ မချကြကုန်၊ မသတ်ကြကုန်၊ သေအောင် လုံ့လ မပြုကြကုန်”တဲ့။

အဲဒီလို ပြန်ပြောတယ်၊ ကဲ....ဒီတော့ သောတာပန်အရိယာ သူတော်စင် လူပုဂ္ဂိုလ်တွေပင် ငါးပါးသီလ မလုံဘူးလား၊ လုံသလား။

“လုံပါတယ် ဘုရား။”

အသက်သာ အသေခံမယ်၊ ဘုရား ပညတ်တော်မူသော သိက္ခာပုဒ်တွေလို မလွန်ကျူးဘူးဆိုတာ သိသာထင်ရှားပါတယ်၊ ဒါကြောင့် သောတာပန် အရက်မသောက်ပါဘူးနော်။

“မှန်ပါ ဘုရား။”

ကဲ....ဒီလောက်ဆိုယင် လူသောတာပန်နှင့် ပတ်သက်၍ နားလည်နိုင်ပါပြီ၊ ရဟန်းသောတာပန်အကြောင်းကို ဆက်လက် ပြောကြားရအောင်၊ ရဟန်းသောတာပန်ဆိုယင်လဲ သိလျက် စိတ်စေတနာပါပါနဲ့ လွန်ကျူးလို့သင့်တဲ့ အာပတ်အပြစ်မျိုး မသင့်ဘဲ “ပါတိမောက္ခသံဝရသီလ”ဟာ ပကတိ စင်ကြယ်နေ ပါတယ်တဲ့။

ရှင်းရှင်းပြောရယင် သောတာပန် အရိယာရဟန်းတော်ဟာ ဘုရားပညတ် သိက္ခာပုဒ်တော်အရပ်ရပ်ကို သိလျက် ဘယ်တော့မှ မချိုးဖောက်ဘူးလို့ မှတ်ပါနော်။

"မှန်ပါ ဘုရား။"

**အသက်စွန့်၍ သီလဖြည့်** သောတာပန် အရိယာတို့ အသက်ကိုစွန့်ပစ်၍ သီလကို ဖြည့်ကျင့်တဲ့ အပေါ်မှာ ဘာမှ ယုံမှားစရာမရှိပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ပုထုဇဉ် ရဟန်းတော်တွေသည်ပင် အသက်ကိုစွန့်၍ သီလကိုဖြည့်ကျင့်နေတာ ရှိနေတာပဲဟာ။

ဒီမှာ ရှေးအခါက သီဟိုဠ်ကျွန်း မဟာဝတ္တနိမည်သော တောအုပ်ကြီး၌ ထေရ်ကြီးတပါးကို ခိုးသူများကဖမ်း၍ နွယ်ငန်းနဲ့ နှောင်ဖွဲ့တုပ်ချည်ကာ တုံးလုံးလှဲ၍ ထားခဲ့ကြတယ်။

အဲဒီလိုထားခဲ့တာကို ထေရ်ကြီးဟာ လွတ်မြောက်အောင် ရုန်းထွက်လိုက ရုန်းထွက်နိုင်ပါတယ်၊ ဒါပေမယ့် မရုန်းထွက်ပါဘူး၊ တကယ်လို့ ရုန်းထွက်ပါက ထေရ်မြတ်အား ချည်နှောင်ဖွဲ့တုပ်ထားတဲ့ နွယ်ငန်းပြတ်ပြီး အာပတ်သင့်မှာ စိုးရိမ်တဲ့အတွက်ကြောင့် ရုန်းပြီးတော့ မထွက်ပါဘူး။

တုပ်ချည်ပြီး ထားခဲ့တဲ့အတိုင်း လျောင်းလျက်ပင် ခုနစ်ရက်ပတ်လုံး ဝိပဿနာပွား၍ အနာဂါမ်အဖြစ်သို့ရောက်ပြီး အဲဒီနေရာမှာပဲ ကွယ်လွန်ပြီး ဗြဟ္မာ့ဘုံသို့ ရောက်ပါတယ်။

အဲဒီ ထေရ်ကြီးဟာ ပုထုဇဉ်ပါ၊ သောတာပန်မဟုတ်သေးပါဘူး၊ ပုထုဇဉ်သည်ပင်လျှင် အသက်စွန့်၍ သီလချစ်ယင် အရိယာသောတာပန်ဟာ အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်းလို့ မမှန်းဆနိုင်ဘူးလား။

"မှန်းဆနိုင်ပါတယ် ဘုရား။"

အဲ ဒီ ထေ ရ် ကြီး အ ပြင် အခြားထေရ်ကြီးတပါးရှိပါသေး တယ်၊ သီဟိုဠ်ကျွန်းမှာပင် ဖြစ်ပါတယ်၊ ခိုးသူများက ထေရ်ကြီး ကို ဆင်သမန္တယ်ဖြင့် တုပ်နှောင်ကာ မထနိုင်အောင် တုံးလုံးလှဲ ပြီးတော့ ထားခဲ့ပါတယ်။

အဲဒီခဏမှာပဲ 'တောမီးလောင်လာတဲ့အခါ ထေရ်ကြီးက အဲဒီနွယ်ကို ဖြတ်မယ်ဆိုက ဖြတ်နိုင်ပါတယ်၊ အဲဒီလိုဖြတ်ယင် သူ့မှာ အာပတ်သင့်မှာ စိုးရိမ်ပါတယ်၊ အဲဒီလိုစိုးရိမ်လို့ နွယ်ကို မဖြတ်ပဲ ဝိပဿနာတရားကို ကြိုးစားပြီး ပွားတော်မူပါတယ်။

အဲဒီလိုပွားတော့ အသက်သေခြင်းနှင့် ကိလေသာကုန်ခန်း ခြင်းတို့ တပြိုင်နက် ညီမျှသည့် သမသီသီခေါ် ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန်စံတော်မူရပါတယ်။

အဲဒီအခါ ဒီဃနိကာယ်ဆောင် အဘယထေရ်ဟာ ရဟန်း ငါးရာတို့နှင့်တကွ အဲဒီအရပ်သို့ကြွလာရာ ထေရ်ရဲ့အလောင်းကို မြင်၍ ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီး စေတီတည်ထားတော်မူပါ တယ်။

အဲဒါဟာ ပုထုဇဉ်ရဟန်းတော် တပါးပါပဲ၊ သီလအနေနဲ့ သောတာပန်အရိယာပမာ သီလအတွက်နဲ့ အသက်ကို စွန့်သွား တယ်မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား။"

စောင့်ရှောက် ဖြည့်ကျင့်တဲ့သူကို အပါယ်စသော ဆင်းရဲ တို့မှ လွတ်မြောက်စေတတ်သော သီလကို "ပါတိမောက္ခသံဝရ သီလ"လို့ ခေါ်ပါတယ်၊ အဲဒီသီလကို ဖြည့်ကျင့်စောင့်ရှောက်တဲ့ သူဟာ...

(၁) ကောင်းမြတ်တဲ့ အကျင့်တရားရှိရတယ်၊
(၂) ကောင်းမြတ်တဲ့ အပြစ်မရှိတဲ့ကျက်စားရာဌာနနှင့် ပြည့်စုံရတယ်၊
(၃) ပရမာဏုမျှခေါ်တဲ့ အလွန်သေးငယ်တဲ့ မှုံမှုန်မျှ လောက်ရှိတဲ့ အပြစ်ကလေးတွေကိုပင် မြင်းမိုရ် တောင်ကြီးလောက် ကြောက်ဖွယ်မဟေး ဘေး ကြီးအပြစ်ကြီးဟူ၍ ရှုကြည့်လေ့ရှိရမယ်၊
(၄) သိက္ခာပုဒ်တွေကို ကောင်းစွာ ဆောက်တည် ကျင့်ကြံရပါတယ်။

အဲဒီ ယခုပြခဲ့တဲ့ အင်္ဂါ-၄ ပါးနဲ့အညီ ပြည့်စုံလောက်လုံ ပါမှ ပါတိမောက္ခသံဝရသီလလဲ ပြည့်စုံလောက်လုံနိုင်ပါတယ်။

အဲဒီအင်္ဂါတွေနဲ့ ပြည့်စုံပြီးတော့ ပါတိမောက္ခသံဝရသီလ ကို သဒ္ဓါတရားဖြင့် ပြည့်စုံစေရပါတယ်။

အဲဒီ သဒ္ဓါတရားဆိုတာကလဲ သိက္ခာပုဒ်တွေကို ပညတ် ဟောကြားတော်မူသော မြတ်စွာဘုရားရှင်ဟာ အလုံးစုံသော တရားတော်တွေကို မကြွင်းမကျန် မှန်ကန်စွာ သိမြင်တော်မူ နိုင်သော ဘုရားစင်စစ်ဖြစ်တော်မူတယ်လို့ ဘုရားရှင်ကို ယုံကြည် ခြင်း သဒ္ဓါတရားမျိုးကို ဆိုပါတယ်။

ပြီးတော့ ယခု ငါကျင့်ရမည့် သိက္ခာပုဒ်စုများသည် မြတ်စွာ ဘုရား ဟောကြားပညတ်တော်မူအပ်သော သိက္ခာပုဒ်စင်စစ် ဖြစ်တယ်လို့ ယုံကြည်ခြင်း သဒ္ဓါတရားမျိုးကို ဆိုပါတယ်။

ပြီးတော့ မြတ်စွာဘုရား၏ တပည့်သားသံဃာတော်မြတ် ကား ဒီကျင့်ဝတ်သိက္ခာပုဒ်စုတွေကို ကောင်းစွာကျင့်ကြံတဲ့

ပုဂ္ဂိုလ်တွေချည်းသာ ဖြစ်တယ်လို့ ယုံကြည်ခြင်း သဒ္ဓါတရားမျိုးကို ဆိုပါတယ်။

အဲဒီလို မြတ်စွာဘုရား၌၎င်း၊ ဘုရားရှင်ဟောကြားတော်မူအပ်သော တရားတော်၌၎င်း၊ ဘုရားရှင်ရဲ့ တပည့်သားသံဃာတော်၌၎င်း၊ ယုံကြည်ခြင်း သဒ္ဓါတရားရှိခဲ့ပါယင် ဒီပါတိမောက္ခသံဝရသီလကို ပြည့်စုံအောင် ကျင့်ဆောင်နိုင်တယ်လို့ ဆိုလိုပါတယ်။

အဲဒါကြောင့်မို့ ဘုရားရှင် ဟောကြားတော်မူတိုင်းသောသိက္ခာပုဒ်စုကို အကြွင်းအကျန်မထားပဲ သဒ္ဓါတရားဖြင့် ဆောက်တည်ပြီးတော့ အသက်ကိုပင် မငဲ့ကွက်ပဲ ရှိသေစွာ ပြည့်စုံစေရပါတယ်။

အဲဒီ သီလကိုဖြည့်ကျင့်မှုနှင့် ပတ်သက်ပြီးတော့ ဘုရားရှင်ရဲ့တိုက်တွန်းဟောကြားချက်ဟာ အင်မတန် မှတ်ဖို့ ကောင်းပါတယ်၊ ဘယ်လိုလဲဆိုတော့....

> "ယစ်မသည် မိမိရဲ့အသက်ကိုစွန့်ကာ ဥကို စောင့်ရှောက်သကဲ့သို့၎င်း၊ စာမရီသားကောင်သည် အသက်ကိုစွန့်ကာ မြီးဆံကို စောင့်ရှောက်သကဲ့သို့၎င်း၊ သားတယောက်ထဲသာရှိတဲ့ မိခင်ဟာ အဲဒီတယောက်တည်းသော သားကို ယုယုယယ စောင့်ရှောက်သကဲ့သို့၎င်း၊ မျက်စိတဘက်သာ အကောင်းရှိတဲ့ပုဂ္ဂိုလ်ဟာ အဲဒီမျက်စိတဘက်ကို ယုယုယယ စောင့်ရှောက်သကဲ့သို့၎င်း၊ အဲဒီအတူပဲ သီလကို စောင့်ရှောက်ကြတဲ့ သူတွေဟာ အရွယ်သုံးပါးလုံးမှာပင် ဂါရဝတရား လက်ရှိထားကြ

ပြီးတော့ အလွန်တရာ သီလကို ချစ်မြတ်နိုးသူများ ဖြစ်ကြကုန်လော”တဲ့။

အဲဒီလိုစကားကို ဘုရားရှင် ဟောကြားတော်မူအပ်ပါတယ်၊ ဒီတော့ ဘုရားရှင်ဟာ သီလကို ဦးစားပေးပြီး အလေးပေးပြီး ဟောတယ်ဆိုတာ မထင်ရှားဘူးလား။

“ထင်ရှားပါတယ် ဘုရား။”

အဲဒီအတူပင် ဘုရားအလိုတော်ကို သိရှိကြတဲ့ အဋ္ဌကထာ ဆရာထေရ်မြတ် အကျော်တို့ကလဲ သီလဖြည့်ကျင့်မှုနဲ့ ပတ်သက်ပြီး ဘယ်လိုတိုက်တွန်းတော်မူခဲ့သလဲဆိုတော့....

* ပါတိမောက္ခံ ဝိသောဓေန္တော, အပ္ပေဝ ဇီဝိတံ ဇဟေ။

ပညတ္တံ လောကနာထေန, န ဘိန္ဒေ သီလသံဝရံ။ ။

ပါတိမောက္ခံ၊ ဝိနည်းပိဋကတ် အရပ်ရပ်၌ ပညတ်ထုတ်ဖော် သိက္ခာပုဒ်သီလတော်ကို။ ဝိသောဓေန္တော၊ မကျိုးမပေါက် မညိုးပျောက်ပဲ ထိုးတောက်စေချင် သုတ်သင်သောပုဂ္ဂိုလ်သည်။ ဇီဝိတံ၊ လွန်စွာစုံမက် ကိုယ့်အသက်ကို။ အပ္ပေဝဇဟေ၊ မဝံ့တဝံ့ ရှုံတရှုံဖြင့် တွန့်ကာလွန့်ကာ စွန့်လိုက်ရစေကာမူ။ လောကနာထေန၊ ဗြဟ္မာ,လူနတ် မြတ်ထက်မြတ်သည့် နတ်နတ်ထိပ်ထား ဘ-ဘုရားသည်။ ပညတ္တံ၊ အာဏာတော်မြတ် မိန့်တော်မှတ်၍ ပညတ်ထုတ်ဖော် ဟောပြတော်မူအပ်သော။ သီလသံဝရံ၊ ကိုယ်နှုတ်နှစ်ထွေ ချုပ်တည်းစေဖို့ ကုဋ္ဌေကိုးထောင် ကျော်ခေါင် မြင့်ဟီး သီလတော်ကြီးကို။ နဘိန္ဒေ၊ အမိန့်တော်ချက် ဦးထိပ် ရွက်၍ မဖျက်မိစေ စောင့်စည်းသင့်ပေသတည်း။

“သာဓု....သာဓု....သာဓုပါ ဘုရား။”

အဲဒီလို အင္ဂကထာထေရ်ကျော် အမော်တို့ကလဲ သီလနဲ့ ပတ်သက်ပြီး ဥပဒေသစကား မိန့်ကြားတော်မူခဲ့ပါတယ်။

**အမ္ဗခါဒက မဟာတိဿထေရ်**

ဒီနေရာမှာ ဆက်လက်ပြီးတော့ ဟောပြချင်သေးတာက ပစ္စည်း စား သောက် မှု တို့၌ မက်မောမှု မပြုတဲ့အရာမှာ စံနမူနာ အတုယူထိုက်တဲ့ ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူတဲ့ "အမ္ဗခါဒကမဟာတိဿ" ထေရ်ရဲ့ အကြောင်းပါပဲ၊ ဖြစ်ပေါ်ခဲ့တဲ့ အကြောင်းအရာကတော့ ဘုရားရှင်လက်ထက်တော် အခါကပေါ့။

ဘုရားရှင်လက်ထက်တော်အခါက သီဟိုဠ်ကျွန်း ခိရဂုမ္ဗအရပ်မှာ သီတင်းသုံးနေတော်မူတဲ့ မဟာတိဿထေရ်ဆိုတဲ့ ထေရ်တပါးရှိပါတယ်။

အဲဒီထေရ်မြတ်ဟာ ငတ်မွတ်ခေါင်းပါးခြင်းဘေး ဆိုက်ရောက်နေတဲ့အခါ ခရီးသွားတော်မူစဉ် ဆွမ်းအာဟာရပြတ်တဲ့အတွက်ငှင်း၊ ခရီးကလဲ ပင်ပန်းတဲ့အတွက်ငှင်း၊ နွမ်းနယ်တဲ့ ကိုယ်ရှိရကား အားအင်များစွာ ဆုတ်ယုတ်လျော့ပါးပြီးတော့ အသီးမှည့်တွေ ပြည့်နှက်နေတဲ့ သရက်ပင်တပင်ရဲ့ အရင်းမှာ သီတင်းသုံး၍ နေရပါတယ်။

များစွာသော သရက်သီးမှည့်တွေကလဲ ထေရ်မြတ်ရဲ့အနီးအပါး ထိုထိုဤဤ ကြွေကျနေကြပါတယ်၊ ထေရ်မြတ်ဟာ မည်မျှပင် ဆာဇလောင်မွတ်သိပ်သော်လဲ မိမိကိုယ်တိုင် သုံးဆောင်တော်မူဖို့ စိတ်ကူးတော်မမူပါဘူး။

ကြည့်စမ်း၊ ဘယ်လောက် အံ့သြစရာကောင်းပါသလဲ၊ လူသူလဲမရှိဘူး၊ မကောင်းမှုပြုမယ်ဆိုယင် အလွယ်တကူပဲ အောင်မြင်

နိုင်တယ်၊ တပါးထဲပဲ မအပ်မစပ်မို့ ကောက်မစားဘူး၊ အငတ်ခံနေတယ်နော်။

"မှန်ပါ ဘုရား။"

ကြည်ညိုတယ်ဆိုတာ အဲဒီလိုပုဂ္ဂိုလ်မျိုးကို ကြည်ညိုရမှာ၊ ယခုတော့ ဒီလို မဟုတ်ပါဘူး၊ ဒီဆရာတော်ရဲ့ကျောင်းက ကုန်ပဒေသာဆိုင်ထက်တောင် စုံသေးတယ်စသည်ဖြင့် လောကရေးများပြား ပစ္စည်းစုထားတဲ့ပုဂ္ဂိုလ်တွေကိုပဲ ချီးကျူးကြည်ညိုနေကြတယ်နော်။

"မှန်ပါဘုရား။"

အဲ....ခုနက မဟာတိဿထေရ်တို့လို ပုဂ္ဂိုလ်တွေကျတော့ ကြည်ညိုရမှန်းတောင် မသိကြဘူးနော်။

"မှန်ပါဘုရား။"

အသိဉာဏ်ရှိတဲ့ ဒကာတယောက် လူအိုတဦး ပေါ့၊ ခရီးသွားယင်း ရောက်လာပါတယ်၊ ထေရ်မြတ်ရဲ့ အနီးအပါးသို့ ရောက်လာပါတယ်။

ရောက်လာပြီး အကဲခတ်ကြည့်တော့ သီလရှိတဲ့ ထေရ်မြတ်မှန်းသိတဲ့အခါ ထေရ်ရဲ့ ပင်ပန်းနွမ်းနယ်ခြင်းကို သိပြီးတော့ သရက်သီးတွေကို အဖျော်ပြုလုပ်ကာ တိုက်ကျွေးပြီး ထေရ်မြတ်ကို မိမိရဲ့ ကျောပေါ်မှာတင်ပြီး, ကျောပိုးပြီး ထေရ်မြတ်ကြွတော်မူလိုရာအရပ်သို့ ပို့ဆောင်ပါတယ်၊ အဲဒီအခါမှာ သီလပြည့်ဝတဲ့ ထေရ်မြတ်က....

"ဒီဒကာကြီးဟာ သင်ရဲ့အဖလဲမဟုတ်, အမိ လဲ မဟုတ်, ဆွေမျိုးညာတိလဲ မဟုတ်ပါပဲလျက် ဒီ ကဲ့သို့

ကျောပိုးဆောင်ယူခြင်းအမှုကို ပြုလုပ်ရာပေတယ်၊ အဲဒီလို ပြုလုပ်ခြင်းမှာ သင်ရဲ့ သီလရှိခြင်းကြောင့်သာ ဖြစ်တယ်"

လို့ ဆင်ခြင်လျက် မိမိကိုယ်ကို သီလသမာဓိ မယုတ်စေရန်, မပျက်စေရန် ဆုံးမပြီးတော့ ကျောပေါ်မှလိုက်ယင်း ဝိပဿနာကို ပွားများ၍ အဲဒီ အဘိုးအိုရဲ့ကျောပေါ်မှာပင် မဂ်အစဉ်အားဖြင့်တက်ကာ ရဟန္တာအဖြစ်သို့ ရောက်ပါတယ်။ ကြည်ညိုစရာ မကောင်းဘူးလား။

"ကောင်းပါတယ်ဘုရား။"

အေး.... အဲဒီ ယခုဟောပြခဲ့တဲ့ ရဟန်းတော်တွေဟာ ပုထုဇဉ်ဘဝနဲ့ သီလကို စောင့်ရှောက်ကြတာတွေပဲ၊ ကိုယ်နဲ့ အသက်မငဲ့ကွက်ကြပါဘူး၊ သောတာပန် အရိယာတွေဆိုယင် ဆိုဖွယ်ရာရှိပါအုံးမလား။

"မရှိပါဘုရား။"

အေး....ရဟန်း သောတာပန်ဆိုယင်လဲ သိလျက်နဲ့ စိတ်စေတနာပါပါနဲ့ လွန်ကျူးလို့ သင့်တဲ့အာပတ်အပြစ်မျိုး မသင့်ပဲ "ပါတိမောက္ခသံဝရသီလ" ဟာ ပကတိ စင်ကြယ်နေပါတယ် နော်။

"မှန်ပါဘုရား။"

ဒီတော့ အရိယာပုဂ္ဂိုလ်များဟာ မျက်မှောက်မှာ ရော, မျက်ကွယ်မှာပါ တခြားအရိယာတွေနဲ့ သီလစင်ကြယ်တာချင်း တူညီကြမယ်မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

အေး....အဲဒီလို သီလကျိုးပေါက်ပြောက်ကျားမှု မရှိပဲ သီလဖြူစင်နေတဲ့ အရိယာသူတော်စင်တွေကို အတုယူပြီး မိမိတို့ သီလကို ဖြည့်ကျင့်ရမယ်နော်။

"မှန်ပါဘုရား။"

အေး....အဲဒီလို ကျိုးပေါက်ပြောက်ကျားမှု မရှိတဲ့ မကျိုး မပေါက် မပြောက်မကျား သီလတွေဟာ....

(၁) တဏှာရဲ့ ကျွန်အဖြစ်မှ တော်လှန်မှုကို ပြုတတ်သောကြောင့် "ဘုဇိဿသီလ" တို့ မည်ပါတယ်၊

(၂) ပညာရှိတို့ ချီးမွမ်းအပ်သောကြောင့် "ဝိညူပသဋ္ဌသီလ" တို့ မည်ပါတယ်၊

(၃) ငါ့သီလဟာ အလွန်တရာ စင်ကြယ်သည်ဖြစ်၍ နောက်အခါ ကြီးကျယ်တဲ့ စည်းစိမ်ချမ်းသာတွေကို ရရှိစေလိမ့်မယ် စသည်ဖြင့် တပ်မက်မောခြင်း ရာဂတရားနှင့် "ဒီသီလဟာ ငါ့သီလ ဖြစ်တယ်၊ ငါ့ရဲ့သီလဟာ အလွန်စင်ကြယ်တယ်၊ ငါ့ရဲ့သီလမျိုး အခြားသူများမှာမရှိ" စသည်ဖြင့် ငါစွဲ သက္ကာယဒိဋ္ဌိတရားတို့ဖြင့် အသုံးအသပ်မခံရသောကြောင့် "အပရာမဋ္ဌသီလ" တို့ မည်ပါတယ်။

(၄) ရှေ့သို့ တဆင့်တက်ကာ ဈာန်နှင့် နီးကပ်သော သမာဓိ, ဈာန်နှင့်ယှဉ်သော သမာဓိတို့ကို ဖြစ်စေနိုင်သောကြောင့် "သမာဓိသံဝတ္တနိကသီလ" တို့ မည်ပါတယ်။

အဲ.... ယခု ဟောပြခဲ့တဲ့အတိုင်း မိမိတို့ရဲ့ အသီးသီးသော သီလတွေမှာ....

၁။ မကျိုးမပြတ်ခြင်း

၂။ မပေါက်ခြင်း

၃။ မကျားခြင်း

၄။ မပြောက်ခြင်း

၅။ တဏှာကို တော်လှန်နိုင်ခြင်း

၆။ ပညာရှိတို့ ချီးမွမ်းအပ်ခြင်း

၇။ တဏှာဒိဋ္ဌိတို့ဖြင့် အသုံးသပ်မခံရခြင်း

အဲဒီ အင်္ဂါ(၇)ပါးဟာ သီလစင်ကြယ်ကြောင်း အင်္ဂါတရားတို့ ဖြစ်ကြပါတယ်၊ အဲဒီ အင်္ဂါ(၇)ပါးနဲ့ ပြည့်စုံတဲ့ သီလသည်သာ အထက်ဖြစ်တဲ့ စျာန်သမာဓိ, မဂ်သမာဓိ ဆိုတဲ့ သမာဓိနှစ်ပါးကို ဖြစ်စေနိုင်ပါတယ်။

အဲဒါကြောင့် အဲဒီသမာဓိနှစ်ပါးကို ရယူလိုတဲ့ သူတော်စင်ဟာ မိမိရဲ့သီလကို ယခုပြဆိုခဲ့တဲ့ အင်္ဂါ(၇)ပါးနှင့် ပြည့်စုံအောင် လုံ့လကြိုးကုတ် အားထုတ်ရမယ်နော်။

"မှန်ပါဘုရား။"

အဲဒီ အင်္ဂါ(၇)ပါးနဲ့ ပြည့်စုံအောင် လုံ့လကြိုးကုတ် အားထုတ်ပြီးတော့ ဖြည့်ကျင့်တဲ့အတွက် ဖြူစင်နေတဲ့ သီလရှိတဲ့ သူတော်စင်ကို အတူနေ သီတင်းသုံးဖော်တွေက တအောက်မေ့မေ့ဖြစ်မယ်ဆိုတဲ့ အကြောင်းကို ဘုရားရှင်က ဒီလိုဟောပါတယ်။

"ဒီ အရိယာ သီတင်းသုံးဖော်ပုဂ္ဂိုလ်တို့နှင့် မျက်မှောက်မှာရော မျက်ကွယ်မှာပါ သီလစင်ကြယ်ပုံချင်း တူညီနေခြင်းဟာ အောက်မေ့ဖွယ်ရာတည်း၊ ချစ်ခင်လေးမြတ်ခြင်းကို ပြုတတ်တဲ့ တရားတည်း၊ ရိုသေလေးစားခြင်းကို ဖြစ်စေတတ်တဲ့ တရားတည်း၊ စည်းလုံးခြင်းငှာ, မငြင်းခုံခြင်းငှာ, ညီညွတ်ခြင်းငှာ, တပေါင်းတည်းဖြစ်ခြင်းငှာ ဖြစ်တယ်"

လို့ ဟောတော်မူခဲ့ပါတယ်၊ ဒီအကျိုးတွေကတော့ ရှင်းခဲ့ပြီးဖြစ်လို့ ထပ်ပြီးတော့ မရှင်းတော့ပါဘူး။

**သီလဝီမံသဇာတ်** ဆက်ပြီးတော့ ရှင်းချင်တာကတော့ သီလနှင့်ပတ်သက်တဲ့ သီလဝီမံသဇာတ်ကို အချုပ်ပြောပြီးတော့ ရှင်းချင်ပါတယ်၊ ဘုရားရှင်လက်ထက်ကပေါ့၊ သီလကိုစုံစမ်းတဲ့ ပုဏ္ဏားတယောက် ရှိပါတယ်။

အဲဒီပုဏ္ဏားကို ကောသလမင်းကြီးက သရဏဂုံရှိတယ်၊ သီလပြည့်စုံတယ်၊ ဗေဒင်တတ်တယ်ဆိုပြီး ပူဇော်မြတ်နိုးတယ်၊ တနေ့တော့ အဲဒီပုဏ္ဏားက စဉ်းစားတယ်....

"ဒီ ကောသလမင်းကြီးဟာ ငါ့အပေါ်မှာ တခြားသော ပုဏ္ဏားတွေအပေါ်မှာထက် လွန်စွာပင် ရိုသေလေးမြတ်မှု လွန်စွာပူဇော်မှုကို ပြုတယ်၊ ဘယ်လိုလဲ၊ ဒီမင်းကြီးဟာ ငါ့ကို အမျိုးအနွယ်အတတ်ပညာတွေကို အမှီပြုပြီးတော့ ဒီလို မြတ်နိုးပူဇော်မှုကို ပြုတာလား၊ သို့မဟုတ် သီလပြည့်စုံခြင်းကို အမှီပြုပြီးတော့ မြတ်နိုးပူဇော်မှုကို ပြုတာလား၊ စုံစမ်းပါအုံး...."

လို့ ပုဏ္ဏားဟာ စဉ်းစားပါတယ်၊ အဲဒီလို စဉ်း စား ပြီး ရွှေပန်းတိမ်သည်အိမ်မှ ငွေတကျပ်ကို ယူပါတယ်၊ ရွှေပန်းတိမ်သည်က လေးစားတဲ့အတွက် ဘာမှမပြောပါဘူး၊ နောက်နေ့ ကျတော့ နှစ်ကျပ်ခိုးယူပါတယ်၊ ရွှေပန်းတိမ်သည်ကလဲ ဘာမျှ မပြောသေးပါဘူး။

နောက်နေ့ သုံးရက်မြောက်နေ့ကျတော့ ငွေလက်တဆုပ် ခိုးယူပါတယ်၊ အဲဒီအခါကျတော့–"အသင်သည် မင်းအသပြာ တွေကို ခိုးယူသည်မှာ သုံးရက်ရှိပြီ"လို့ ပြောပြီး "အကျွန်ုပ်သည် မင်းဘဏ္ဍာတွေကို ခိုးယူသူကို မိပါပြီ"လို့သုံးကြိမ်အော်ဟစ်ပါ တယ်။

ဒီတော့ အနီးအနားမှာ ရှိနေကြတဲ့လူတွေဟာ ဝိုင်းအုံလာ ပြီး "သင်သည် ကြာမြင့်စွာ သီလရှိယောင်ဆောင်ပြီး လှည့် လည်ဘိ၏"လို့ပြောဆိုကာ နှစ်ချက်သုံးချက်စီပုတ်ခတ်ပြီး နှောင် ဖွဲ့လျက် မင်းအား ပြကြပါတယ်။

မင်းကြီးက နှလုံးမသာမယာနှင့်"ပုဏ္ဏား....သင်သည် အဘယ့် ကြောင့် ဒီလိုသီလမဲ့သူတို့ လုပ်တဲ့အလုပ်မျိုးကို လုပ်ရပါ သလဲ"ပြောပြီး အဲဒီပုဏ္ဏားကို မင်းဒဏ်ပေးဖို့ အမိန့်ပေးပါ တယ်။

ဒီတော့မှ ပုဏ္ဏားက.... ခိုးသူမဟုတ်ကြောင်း, မင်းကြီးက ဇာတ်စသည်တို့ကြောင့် ပူဇော်မြတ်နိုးတာလား, သို့မဟုတ် သီလ ကြောင့် ပူဇော်မြတ်နိုးတာလားလို့သိချင်တဲ့အတွက်, စုံစမ်းလို တဲ့အတွက် ခိုးမိပါကြောင်း, ယခုတော့ သိပါပြီ၊ သီလရှိတဲ့ အတွက် အရှင်မင်းကြီးက ပူဇော်မြတ်နိုးတာပါ၊ ဒါ့ကြောင့်

အကျွန်ုပ်ဟာ သီလသာမြတ်နိုးတယ်လို့ ဆုံးဖြတ်ချက် ချလိုက်ပါပြီ။

"အရှင်မင်းကြီး, အကျွန်ုပ်တော့ အဲဒီသီလနဲ့လျော်သည်ကို ပြုလုပ်လိုပါ၍ အိမ်ရာတည်ထောင် လူ့ဘောင်မှာတည်နေပြီး ကိလေသာတွေကို သုံးဆောင်ခံစားခြင်းငှာ မစွမ်းနိုင်တော့ပါပြီ၊ ယနေ့ပဲ ဇေတဝန်ကျောင်းတော်သို့ သွားပြီး ရဟန်းပြုတော့မယ်၊ အရှင်မင်းကြီး အကျွန်ုပ်အားရဟန်းပြုခွင့် ပေးသနားတော်မူပါ" လို့ မင်းကြီးအားသံတော်ဦးတင်ပြီး ရဟန်းပြုသွားပါတယ်။

အဲဒီတော့ သီလဟာ အရိယာတို့နှင့်တူဖို့ အရေးကြီးပါတယ်၊ ကိုယ့်သီလလဲ ကိုယ်ပြန်ပြီးတော့ စုံစမ်းပါအုံး၊စင်ကြယ်, မစင်ကြယ်ပေါ့နော်။

"မှန်ပါဘုရား။"

**ဘေးလေးပါး** ဒီနေရာမှာ ဘေးလေးပါးကို ပြောချင်ပါသေးတယ်၊ ဒီလေးပါးသောဘေးတွေကို သဘောပေါက်ဘားဖို့ အထူးပဲလိုအပ်ပါတယ်၊ ပြီးတော့ အဲဒီဘေးလေးပါးမသင့်ဖို့ ရှောင်ဖို့လဲ လိုအပ်ပါတယ်၊ အဲဒီဘေးလေးပါးက..ဘာလဲဆိုတော့-

(၁) အတ္တာနုဝါဒဘေး ကိုယ့်ကိုယ်ကိုစွပ်စွဲတဲ့ဘေး
(၂) ပရာနုဝါဒဘေး-သူတပါးတို့စွပ်စွဲတဲ့ဘေး
(၃) ဒဏ္ဍဘေး—အပြစ်ဒဏ်ပေးခံရတဲ့ဘေး
(၄) ဒုဂ္ဂတိဘေး-အပါယ်ဘူမိဒုဂ္ဂတိသို့ကျရောက်ရတဲ့ဘေး။

အဲဒီ ဘေးလေးပါးပါပဲ၊ အဲဒီဘေး ၄-ပါးမှာ အများစုဟာ ဘယ်ဘေးကိုကြောက်ပြီး ဘယ်ဘေးကိုရှောင်နေသလဲဆိုတော့ ပရာနုဝါဒဘေးနဲ့ ဒဏ္ဍဘေးတို့ကို ရှောင်နေကြပါတယ်၊ ကြောက်နေကြပါတယ်။

တကယ်ကြောက်ရမှာက အဲဒီဘေး ၂ ပါးမဟုတ်ပါဘူး၊ အတ္တာနုဝါဒဘေးနဲ့ ဒုဂ္ဂတိဘေး ၂ ပါးတို့ဖြစ်ပါတယ်။

ပရာနုဝါဒဘေးဆိုတဲ့ သူတပါးတို့ကဲ့ရဲ့ စွပ်စွဲတဲ့ဘေးဟာ အရှောင်ကောင်းယင် လွတ်နိုင်ပါတယ်၊ အဲဒီလိုပဲ ဒဏ္ဍဘေးဆိုတဲ့ အပြစ်ဒဏ်အပေးခံရတဲ့ ဘေးဟာလဲ အရှောင်ကောင်းယင် လွတ်နိုင်ပါသေးတယ်၊ ယခု မျက်မှောက်မှာပဲ အပြစ်ရှိရက်ကနဲ့ ဒီ ဘေး ၂-ပါးမှလွတ်နေကြတာတွေ ရှိတယ်မဟုတ်လား။

"ရှိပါတယ်ဘုရား။"

အေး....ရှိတယ်၊ အဲဒီ ဘေး ၂-ပါး မလွတ်လို့ ဒီဘေးသင့်တဲ့ပုဂ္ဂိုလ်ဟာ ဒီဘေးသင့်ခြင်းကြောင့် အပါယ်မကျနိုင်ပါဘူး၊ ကျမှာလား။

"မကျပါဘုရား။"

အတ္တာနုဝါဒဘေးကတော့ ဘယ်လိုမှ မလွတ်နိုင်ပါဘူး၊ ကိုယ်ပြုလုပ်-ပြောဆို-ကြံစည်ထားတာဆိုတော့ ကိုယ်သိနေတာကိုး၊ ဒီတော့ တနေ့နေ့မှာ ငါပြုခဲ့ ပြောခဲ့ ကြံခဲ့မိလေခြင်းရယ်လို့ ကိုယ့်ကိုယ်ကို ပြန်ပြီးတော့ အစွပ်စွဲခံရမှာ သေချာပါတယ်၊ အဲဒီလို စွပ်စွဲမှုတန်းလန်းနဲ့ သေယင်လဲ အပါယ်ကျမှာ မသေချာဘူးလား။

"သေချာပါတယ်ဘုရား။"

ကိုယ်က စိတ်ကောင်းနှလုံးကောင်း တခါမှ မဝင်လာလို့ ကိုယ့်ကိုယ်ကို စွပ်စွဲတဲ့ ဘေးမလာဘယ်လဲ ဒီအပါယ်ကျတဲ့ ဒုဂ္ဂတိဘေးက ဘယ်တော့မှ မလွတ်ပါဘူး၊ ပြုထား၊ ပြောထား၊ ကြံထားတဲ့ အကုသိုလ်ကံကို အကျိုးဝိပါက်အဖြစ် အပါယ်ဒုဂ္ဂတိမှာ ကျခံရမှာပါပဲ၊ မလွတ်ပါဘူး။

ဒါကြောင့် ကြောက်ရမှာက အတ္တာနုဝါဒဘေးနဲ့ ဒုဂ္ဂတိဘေး ၂ ခု၊ ရှောင်နေတာက ကြောက်နေတာက ပရာနုဝါဒဘေးနဲ့ ဒဏ္ဍဘေးတို့ဆိုတော့ တလွဲစီဖြစ်မနေဘူးလား။

"ဖြစ်နေပါတယ်ဘုရား။"

အေး....အဲဒီဘေးတွေက လွတ်အောင် အကျိုး ၄-ပါးရအောင်ဆိုတာက ဘာလိုလဲဆိုတော့ အရိယာတို့နှင့် အကျင့်တူမယ်ဆိုယင် အကျိုး(၄)ပါးရမယ်၊ ကဲ....အဲဒီအကျိုး(၄)ပါးရအောင် လင်္ကာလေးကို အရကျက်ထားပါ။

* အရိယာနှင့် အကျင့်တူလျှင်၊
အောက်မေ့ချစ်အပ် လေးမြတ်အစဉ်၊
စည်းလုံးမငြင်း ညီခြင်း-ပေါင်းယှဉ်၊
ဖြစ်မည်ပ မှတ်ကြအမြဲပင်။ ။

**အရိယာရဲ့ ဉာဏ်နဲ့တူခြင်း**

ကဲ .... ငါး ခု မြောက် အောက် မေ့ ဖွယ် ရာ ဒီလောက်ဆိုယင် ပြည့် စုံ လုံ လောက် ပါ ပြီ၊ ယခု ဆက်လက်ပြီးတော့ နောက်ဆုံးဖြစ်တဲ့ ခြောက်ခုမြောက် အောက်မေ့ဖွယ်ရာတရားကို ဟောကြ နာကြရအောင်၊ အဲဒီ တရားတော်ကို ဘုရားရှင်က ဘယ်လို ဟောခဲ့လဲဆိုတော့....

"ရဟန်းတော်များ အို...ချစ်သားတို့ တဖန်တခြား အောက်မေ့ဖွယ်ရာ တပါးကား ဝဋ္ဋဆင်းရဲမှ ထုတ်ဆောင်တတ်သော မြူစင်မြင့်မြတ်သော အကြင် အသိအမြင်သည် ထိုအသိအမြင် ဉာဏ်ပညာ ဖြစ်အောင် ပြုကျင့်သောသူအား မှန်ကန်စွာ ဆင်းရဲဒုက္ခ ကုန်ရန်အတွက် ထုတ်ဆောင်တတ်၏။"

"ရဟန်းသည် ထိုသို့သဘောရှိသော အသိအမြင် ဉာဏ်ပညာဖြင့် သီတင်းသုံးဖော်တို့နှင့် မျက်မှောက်မှာရော မျက်ကွယ်မှာပါ အသိအမြင် ဉာဏ်ပညာဖြင့် တူညီခြင်းသို့ ရောက်လျက်နေ၏။"

လို့ ဟောပါတယ်၊ အဲဒါဟာ နောက်ဆုံး အောက်မေ့ဖွယ်ရာ တပါးဖြစ်တဲ့ အရိယာရဲ့ဉာဏ်နဲ့ တူခြင်းဆိုတဲ့တရားပါပဲ။

ဘုန်းကြီးတို့ဘုရားရှင် သာသနာတော်မှာ ကျင့်ကြံကြိုးကုတ်အားထုတ်လို့ ရနိုင်တဲ့ အလွန်တရာမှ မြင့်မြတ်တဲ့ လောကုတ္တရာ အသိအမြင် ဉာဏ်ပညာတွေဆိုတာ ရှိတယ်မဟုတ်လား။

"မှန်ပါ-ရှိပါတယ်ဘုရား။"

အေး.... အဲဒီ ဉာဏ်ပညာတွေက ဘာတွေလဲဆိုတော့ "မဂ်ပညာ,ဖိုလ်ပညာ" လို့ ခေါ်တဲ့ မဂ် ၄ ပါး ဖိုလ် ၄ ပါးတို့ပေါ့နော်။

"မှန်ပါဘုရား။"

အဲဒီ "မဂ်ပညာ ဖိုလ်ပညာ"ဆိုတာဟာ သဘောအားဖြင့်တော့ အတူတူပါပဲ၊ "အကြောင်း-အကျိုး" အနေနဲ့သာ ကွဲပါတယ်၊ မဂ်ပညာက အကြောင်းပေါ့၊ ဖိုလ်ပညာက အကျိုး

ပေါ့၊ တနည်းပြောယင် မဂ်ပညာ့ဖိုလ်ပညာဆိုတာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ခေါ်တာပါပဲနော်။

"မှန်ပါဘုရား။"

အဲဒီလို မဂ်ပညာနဲ့ဖိုလ်ပညာဟာ အကြောင်းအကျိုးမျှသာ ဖြစ်တဲ့အတွက် ဒီနေရာမှာ အကြောင်းလဲဖြစ် အချုပ်ပဓာနလဲ ဖြစ်တဲ့ မဂ်ပညာလေးပါးကိုပဲ "ဝိဇ္ဇာ=အသိအမြင်ဉာဏ်ပညာ" လို့ ဆိုထားတယ်လို့ မှတ်ပါနော်။

"မှန်ပါဘုရား။"

အဲဒီ အရိယမဂ်ပညာ လေးပါးဟာ မိမိသန္တာန် အဖန်ဖန် လျှင် ပူပန်စေတတ်နှိပ်စက်တတ်တဲ့....

(၁) ကိလေသာကို ပယ်သတ်ခြင်းနှင့်

(၂) သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်စေခြင်းဆိုတဲ့ ကိစ္စ ၂ ပါးကို ပြီးစေတတ်ပါတယ်၊ အဲဒီလို ပြီးစေတတ် တဲ့အတွက် အဲဒီ အရိယမဂ်ပညာလေးပါးကို ပါဠိလို "နိယျာ နိကဝိဇ္ဇာ" မြန်မာလို "ထွက်မြောက်ကြောင်းပညာ" လို့ ခေါ် တယ်လို့ မှတ်ထားနော်။

"မှန်ပါဘုရား။"

တမျိုးပြောယင်၊ "ဝဋ်ဆင်းရဲမှ ထုတ်ဆောင်တတ်တဲ့ အသိ အမြင်" ပေါ့၊ ဒီ အသိအမြင်ဟာ အင်မတန်ကိုပဲ အရေးကြီး ပါတယ်။

ဘာဖြစ်လို့ အရေးကြီးလဲဆိုတော့ အဲဒီ အရိယမဂ်ပညာကို ရအောင် ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့ ယောဂီသူတော်စင်ကို အဲဒီ အရိယမဂ်ပညာက ဆင်းရဲဒုက္ခဟူသမျှ ကုန်ခန်းအောင်

ကင်းငြိမ်းအောင် ရှက်ဆောင်ပြီးမြောက် စေတတ်တဲ့အတွက် အရေးကြီးပါတယ်နော်။

"မှန်ပါဘုရား။"

ဒီနေရာမှာ မဂ်နှင့်ပတ်သက်ပြီး မဂ်ရဲ့ အနက်အဓိပ္ပါယ်ကို သိအောင်လို့ လင်္ကာလေး သုံးပုဒ်လောက်ကို မှတ်ထားပါ....

* နိဗ္ဗာန်လိုလတ်, နတ်လူမြွတ်, ရှာအပ်အမြွတ်မဂ်။

* နိဗ္ဗာနဓာတ်, အမြိုက်ရပ်, သွားတတ်အမြွတ်မဂ်။

* ကိလေပယ်သတ်, နိဗ္ဗာန်ရပ်, သွားတတ်အမြွတ်မဂ်။

ဒါဆိုယင် မဂ်နဲ့ပတ်သက်တဲ့ လင်္ကာလေးသုံးပုဒ်ဟာ ပြည့်စုံသွား ပါတယ်၊ အဲဒီ သုံးပုဒ်ကို ကျက်မှတ်ထားပါ။

အဓိပ္ပါယ် အနည်းငယ် ပြောရယင် ရှင်းသွားပါလိမ့်မယ်၊ အဓိပ္ပါယ်က ဘာတဲ့လဲ, နိဗ္ဗာန်ကို လိုလားတဲ့ နတ်မြွတ်, လူမြွတ် ပုဂ္ဂိုလ်မြွတ်တွေ ရှာအပ်ဖွေအပ် ရှာဖွေအပ်လို့ "မဂ်"လို့ ခေါ်တယ်တဲ့နော်။

"မှန်ပါ ဘုရား။"

ကဲ....ဒီမှာ သတိထားပြီး နာကြားပါ၊ ယခု သူတော်စင် ပရိသတ်တို့ လိုလားတာက ဘာလဲဆိုတော့ နိဗ္ဗာန်မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

လိုလားတာက နိဗ္ဗာန်၊ ရှာရမှာက မဂ်၊ ဒီတော့ နိဗ္ဗာန်ကို လိုချင်တဲ့ သူတော်စင်သည် မဂ်ကို ရှာရမယ်၊ ဒီတော့ နိဗ္ဗာန်လိုချင်တဲ့ သူတော်စင်က ရှာတတ်သူ၊ မဂ်က ရှာအပ်တဲ့တရား၊ ရှာတတ်, ရှာအပ်ရယ် ၂-မျိုးနော်။

"မှန်ပါဘုရား။"

နိဗ္ဗာန်ကို လိုချင်တဲ့သူတော်စင်ဟာ ဘာဖြစ်လို့ မဂ်ကို ရှာ အပ်သလဲဆိုတော့ မဂ်ရမှ နိဗ္ဗာန်ရမှာမို့ မဂ်ကိုရှာရတယ်လို့မှတ် နော်။

"မှန်ပါဘုရား။"

မဂ်ရယင် မဂ်ရတဲ့သူတော်စင်ဟာ ဘယ်လိုများ နိဗ္ဗာန်ရ သလဲဆိုတော့ မဂ်ကနိဗ္ဗာန်ကိုသွားတတ်တယ်၊ ဒီတော့ နိဗ္ဗာန်ကို သွားတတ်တဲ့၊ နိဗ္ဗာန်သို့ သွားတတ်တဲ့မဂ်က နိဗ္ဗာန်လိုလားတဲ့ သူတော်စင်ကို နိဗ္ဗာန်သို့ သယ်ဆောင်သွားတယ်၊ ဒီတော့ မဂ်ရတဲ့ သူတော်စင်ဟာ နိဗ္ဗာန်ရောက်မသွားဘူးလား။

"ရောက်သွားပါတယ်ဘုရား။"

အေး....အဲဒီလို နိဗ္ဗာန်လိုလားတဲ့ သူတော်စင်ကို နိဗ္ဗာန်သို့ ရောက်အောင် သယ်ဆောင်ပြီး သွားတတ်လို့ မဂ်လို့ခေါ်တယ် လို့လဲ မှတ်ထားနော်။

"မှန်ပါဘုရား။"

ဒါတင်ပဲလားဆိုတော့ မဟုတ်သေးဘူး၊ နိဗ္ဗာန်သွားတဲ့ လမ်းခရီးမှာ အနှောက်အယှက်များစွာပေးနေတဲ့ ကိလေသာ တွေကိုလဲ ပယ်သတ်တယ်၊ နိဗ္ဗာန်သို့လဲသွားတယ်၊ အဲဒါကြောင့် လဲ မဂ်လို့ခေါ်တယ်နော်။

"မှန်ပါဘုရား။"

ဒီတော့ အဲဒီမဂ်တရားဟာ တန်ဖိုးအလွန်ကြီးမြတ်ပါတယ်၊ ဝဋ္ဋ ဆင်းရဲကို ကြောက်သူအားလုံး မဂ်ရအောင် အားထုတ်သင့် တယ်မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

**အမှန် ဆင်းရဲငြိမ်း**
**အမှား ဆင်းရဲငြိမ်း**

ဒီနေရာ ဝဋ်ဆင်းရဲကုန်တာငြိမ်းတာနဲ့ ပတ်သက်ပြီးတော့ ရှင်း ချင် ပါ သေး တယ်၊ ဟို....မူလပါဠိတော်မှာ ဝဋ်ဆင်း ရဲငြိမ်းမှုနဲ့ ပတ်သက်ပြီးတော့ "သမ္မာ ဒုက္ခက္ခယာယ" လို့ ဟော ထားပါတယ်၊မြန်မာလိုကတော့"မှန်ကန်စွာဆင်းရဲငြိမ်းရန်အလို့ ငှာ"သို့မဟုတ်ယင် "ကောင်းစွာ ဆင်းရဲကုန်ငြိမ်းရန် အလို့ငှာ" လို့ ဆိုလိုပါတယ်၊ဒီတော့ "မှန်ကန်စွာ,ကောင်းစွာဆင်းရဲငြိမ်း" ရှိယင်"မမှန်ကန်တဲ့ ဆင်းရဲငြိမ်း, အမှားဆင်းရဲငြိမ်း"လဲ မရှိနိုင် ဘူးလား။

"ရှိနိုင်ပါတယ်ဘုရား။"

အေး....အဲဒီလို ရှိနိုင်တဲ့အတွက် ဒီနေရာမှာ ကောင်းစွာ ဆင်းရဲငြိမ်း,အမှန် ဆင်းရဲငြိမ်း, မမှန်ဆင်းရဲငြိမ်း, အမှားဆင်းရဲ ငြိမ်းနှစ်မျိုးကို ရှင်းပြဖို့ လိုတယ်မဟုတ်လား။

"မှန်ပါ လိုပါတယ်ဘုရား။"

ရှင်းဖို့လိုတော့ လွယ်လွယ်ရှင်းရယင်"ခဏငြိမ်း"ကို အမှား ငြိမ်းလို့ မှတ်ထားပြီးတော့၊ "ထာဝရငြိမ်း, အမြဲငြိမ်း"ကို အမှန် ငြိမ်းလို့ မှတ်ပါနော်။

"မှန်ပါဘုရား။"

ဒီနေရာမှာ မေးစရာ ရှိပါတယ်၊ မေးစရာလဲ လိုပါတယ်၊ ဘယ်လိုလဲဆိုတော့ ခဏငြိမ်းကို အမှားငြိမ်းဆိုယင် အဲဒီခဏ ငြိမ်းမှာ အမှန်ငြိမ်းမရှိနိုင်ဘူးလား၊ ဒီလို မေးစရာရှိပါတယ်၊ မေးစရာလဲ လိုပါတယ်။

အဲဒီအတူပဲ ထာဝရငြိမ်း, အမြဲငြိမ်းကို အမှန်ငြိမ်းလို့ဆိုယင် အဲဒီထာဝရငြိမ်းမှာ အမြဲငြိမ်းမှာ အမှားငြိမ်း မရှိနိုင်ဘူးလား၊ ဒီလိုမေးစရာရှိပါတယ်၊ မေးစရာလိုပါတယ်။ ရှိတယ်လိုတယ် မဟုတ်လား။

"မှန်ပါ ရှိပါ လိုပါတယ် ဘုရား။"

မေးစရာရှိလို့ မေးစရာလိုလို့မေးယင် အဖြေကတော့ အလွယ် ပါပဲ၊ အကျဉ်းချုပ် ဖြေရယင် အဲဒီအငြိမ်း ၂ မျိုးတွင် "ခဏ ငြိမ်း"မှာ "အမှန်ငြိမ်း"မရှိနိုင်ဘူး၊ "ထာဝရငြိမ်း" "အမြဲငြိမ်း" မှာလဲ အမှားငြိမ်းမရှိနိုင်ဘူးလို့ သေသေချာချာမှတ်နော်။

"မှန်ပါဘုရား။"

**အမှားငြိမ်း**
**ခဏငြိမ်း**

အဲဒီနှစ်မျိုးကို အလွယ်ဆုံးနားလည်အောင် ဖြေ ရှင်းပြရယင် ယခုလူတွေကို ကြည့်ပါ၊ လူတွေမှာ ရောဂါအမျိုးမျိုး ရှိပါတယ်၊ အဲဒီအမျိုးမျိုး သော ရောဂါတွေထဲမှာ အကြီးဆုံးသောရောဂါဟာ ဘာလဲဆို တော့ "ထမင်းဆာတဲ့ရောဂါ"တဲ့နော်။

"မှန်ပါဘုရား။"

သူတော်စင် ပရိသတ်တွေကတော့ ထမင်းဆာတာကို ရော ဂါလို့ အကြီးဆုံးရောဂါလို့ မှတ်ကြ ထင်ကြရဲ့လား။

"မမှတ်ထင်ကြပါ ဘုရား။"

အေး....ဟုတ်တယ်၊ မမှတ်ထင်ကြဘူး၊ ထမင်းဆာယင် ရှာဖွေပြီး စားလိုက်ဖို့ပဲသိတယ်၊ ရောဂါလို့မသိကြ မမှတ်ကြပါ ဘူး။

အင်း....ဘုရားရှင်ကတော့ အဲဒီထမင်းဆာတာကို အကြီးဆုံးသော ရောဂါဖြစ်ပုံကို "ဇိဃစ္ဆာ ပရမာ ရောဂါ=ထမင်းဆာခြင်းဟာ အနာရောဂါတွေထဲမှာ အကြီးဆုံး ဖြစ်တယ်" လို့ ဟောတော်မူခဲ့ပါတယ်၊ ဒီတော့ ထမင်းဆာတဲ့ ရောဂါဟာ ရောဂါတွေထဲမှာ အကြီးဆုံးသော ရောဂါလို့ မှတ်နော်။

"မှန်ပါ ဘုရား။"

ဘာဖြစ်လို့ ထမင်းဆာတာဟာ အကြီးဆုံးသော ရောဂါဖြစ်ရတာလဲဆိုတော့ နာတာရှည် ရောဂါကြီးဖြစ်လို့ပေါ့၊ မကုပဲထားလို့ကိုမရတဲ့ ရောဂါကြီးမို့လို့ပေါ့၊ ဟုတ်တယ်လေ၊ တခြားတခြားရောဂါတွေဟာ သင့်တော်တဲ့ ဆေးဝါးဓာတ်စာနဲ့ကုသယင် အမြစ်ပြတ် ပျောက်သွားတာရှိတယ် မဟုတ်လား။

"မှန်ပါ ရှိပါတယ် ဘုရား။"

တကယ်လို့ အမြစ်ပြတ် မပျောက်ကင်းတောင်မှ ရက်ပိုင်း လ-ပိုင်း နှစ်ပိုင်းလောက်တော့ ပျောက်ငြိမ်းသွားတာ ရှိတယ် မဟုတ်လား။

"မှန်ပါ ရှိပါတယ် ဘုရား။"

အေး....တခြားရောဂါတွေကတော့ ဘယ်လောက်ပဲ ရောဂါကြီးကြီး အဲဒီရောဂါတွေဟာ တော်တော်ကြာ ပြန်ပေါ်လာတာပဲ၊ ကုသလိုက်တော့လဲ ငြိမ်းသွားလိုက်ပဲ၊ ရောဂါကြီးလို့ ဒီဘဝမှာ မပျောက်နိုင်သော်လဲ ဒီဘဝမှသေယင်တော့ ဒီရောဂါဟာ ပျောက်တာပါပဲ၊ နောက်ဘဝကို အဲဒီရောဂါ ပါလာအုံးမလား။

"မပါတော့ပါ ဘုရား။"

အဲ....ထမင်းဆာတဲ့ ရောဂါကိုကြည့်ပါအုံး၊ ထမင်းဆာတယ် ဆိုယင် စားစရာတခုခု စားလိုက်ယင် ဆာလောင်မှုဟာ ပြေငြိမ်း သွားတယ် မဟုတ်လား။

"မှန်ပါ ပြေငြိမ်းသွားပါတယ် ဘုရား။"

စားလို့တော်တော်ကြာတော့ ဘယ်လိုဖြစ်လာလဲ၊ ပြေငြိမ်း တုန်းပဲလား။

"ဆာလာပါတယ် ဘုရား။"

တနေ့ ဘယ်နှစ်ကြိမ်လောက် ဆာလဲ။

"နှစ်ကြိမ် သုံးကြိမ်လောက် ဆာပါတယ် ဘုရား။"

နှစ်ကြိမ် သုံးကြိမ်ဆာတယ်ဆိုတာ လျော့ပြောတာနဲ့တူတယ်၊ တချို့မှာ လေး,ငါးကြိမ်ဆာတယ်၊ ဘယ်လိုလူတွေလဲဆိုတော့ အစာအိမ်ရောဂါသယ်တွေပေါ့၊ ပြီးတော့ အစာကြေလွန်းသူ တွေပေါ့နော်။

"မှန်ပါ ဘုရား။"

အင်း....ဘယ်လိုပဲဆာဆာ စားလိုက်ယင်တော့ အဆာ ပျောက်ငြိမ်းမသွားဘူးလား။

"ပျောက်ငြိမ်းသွားပါတယ် ဘုရား။"

အေး....ပျောက်ငြိမ်းသွားတယ်၊ ပြီးတော့ တခါပြန်ပြီးတော့ ဆာလာတာပဲ မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား။"

အဲဒီလို ဆာလောင်တာဟာ လူတွေ့တွင်ပဲလားဆိုတော့ ဘယ်ဟုတ်မလဲ၊ ခန္ဓာရှိတဲ့ သတ္တဝါမှန်သမျှ အားလုံးဆာတာပဲ ပေါ့၊ မြေနေသတ္တဝါတွေလဲ ဆာတာပဲ၊ ရေနေသတ္တဝါတွေလဲ

ဆာတာပဲ၊ ကောင်းကင်နေသတ္တဝါတွေလဲ ဆာတာပဲ၊ ကဲ.... သတ္တဝါအားလုံး မဆာဘူးလား။

"ဆာပါတယ် ဘုရား။"

အေး....အဲဒီခန္ဓာရှိလို့ဆာတဲ့ သတ္တဝါအားလုံးဟာ ဆာတယ်ဆိုယင် အစာရှာသွား အစာရှာစား၊ အစာစားပြီးယင် ခဏတော့ အဆာပြေငြိမ်းသွားတာပဲ၊ ဟော....တော်တော်ကြာတော့ ပြန်ပြီးဆာလာတာပဲ၊ လုံးဝ ဆာလောင်မှု ပျောက်ငြိမ်းမသွားဘူးနော်။

"မှန်ပါ ဘုရား။"

ဒီလိုပဲ ခန္ဓာရထားတဲ့ဘဝမှာ ဆာလောင်ယင် စားလိုက်၊ စားလိုက်ယင် ခဏငြိမ်းသွားလိုက်နဲ့၊ ခဏငြိမ်းပဲရှိတယ်၊ လုံးဝ ပျောက်ငြိမ်းမှု မရှိဘူး၊ ဒီဘဝက သေ,ဟို....ဘဝ တခုခုရောက်၊ ရောက်တာနဲ့တပြိုင်နက် မဆာဘူးလား။

"ဆာပါတယ် ဘုရား။"

အင်း....အဲဒါကြောင့် ဘုရားရှင်က "ဇိဃစ္ဆာပရမာရောဂါ" "ထမင်းဆာတဲ့ရောဂါဟာ အကြီးဆုံး"လို့ ပြောတာပေါ့၊ ဟုတ်တယ်လေ၊ တခြားရောဂါတွေက ကြီးလှပါတယ်ဆိုယင် ရက်ပိုင်း, လပိုင်း, နှစ်ပိုင်းနဲ့ပဲ ခံသွားရတယ်၊ ခံသာခွင့်ရတယ်၊ သေပြီး နောက်ဘဝကို ဒီရောဂါပါမသွားပါဘူး၊ အေး.... ထမင်းဆာတဲ့ ရောဂါကတော့ ဆာပြီဆိုယင်လဲ လွန်လွန်ကဲကဲပဲ၊ မနေနိုင် မထိုင်နိုင်နဲ့၊ ဆာလို့ စားလိုက်ပြန်တော့လဲ နာရီပိုင်းမျှလောက်ပဲ ခံသာခွင့်ရတယ်၊ သေပြီး နောက်ဘဝလဲ

ပါတယ်၊ ဒီတော့ ထမင်းဆာတဲ့ရောဂါဟာ အကြီးဆုံးရောဂါ မဟုတ်ဘူးလား။

"ဟုတ်ပါတယ် ဘုရား။"

အေး....အဲဒါကြောင့် အဲဒီလို "ခဏငြိမ်း" ငြိမ်းသွားတာကို "အမှန်ငြိမ်း"လို့ မဆိုဘူး၊ "အမှားငြိမ်း"လို့ ဆိုတာနော်။

"မှန်ပါ ဘုရား။"

အေး....အဲဒီခဏငြိမ်း, အမှားငြိမ်းသဘောကို ပိုပြီးတော့ ရှင်းသွားအောင် လက်ခြေစတဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေနဲ့ ရှင်းလင်းပြီး ပြောပြပါအုံးမယ်၊ မိမိလက်ခြေများကို ကွေးထားတာ ကြာလာတဲ့အခါ ကိုက်ခဲညောင်းညာမှု ဖြစ်မလာဘူးလား။

"ဖြစ်လာပါတယ် ဘုရား။"

အေး....ကွေးထားမှု ကြာလို့ ညောင်းညာကိုက်ခဲလာတော့ အဲဒီကွေးထားမှုကို ဆန့်ထုတ်လိုက်ယင် ဘယ့်နှယ်နေသေးလဲ၊ ညောင်းညာကိုက်ခဲသေးလား။

"မညောင်းညာ မကိုက်ခဲတော့ပါ ဘုရား။"

အေး... မညောင်းညာတော့ဘူး၊ မကိုက်ခဲတော့ဘူး၊ ခဏ ပြေပျောက်သွားတယ်၊ ငြိမ်းသွားတယ်၊ကဲ....ဒါဖြင့် မိမိလက်ခြေတွေ ဆန့်ထားတာ ကြာယင်ကော ဘယ်လိုဖြစ်လာလဲ။

"ညောင်းညာကိုက်ခဲ လာပါတယ် ဘုရား။"

ကဲ....ဒါဖြင့် အဲဒီ ဆန့်ထားမှုကို ကွေးလိုက်တော့ ဘယ့်နှယ်နေလဲ။

"ညောင်းညာကိုက်ခဲမှု ပြေငြိမ်းသွားပါတယ် ဘုရား။"

အေး....အဲဒီလိုပဲ ထိုင်နေတာကြာယင် ညောင်းညာကိုက်ခဲလာတာပဲ၊ ထလိုက်, တုံးလုံးလှဲလိုက် စသည်ဖြင့် ဣရိယာပုထ်ပြင်လိုက်, ပြောင်းလိုက်ယင် ဘယ်လိုဖြစ်သွားလဲ။

"ညောင်းညာမှု ပြေငြိမ်းသွားပါတယ် ဘုရား။"

အေး....အဲဒီလိုပဲ၊ သွားနေတဲ့ ဣရိယာပုထ်ကြာယင်လဲ ညောင်းညာကိုက်ခဲလာတယ် မဟုတ်လား။

"မှန်ပါ ညောင်းညာကိုက်ခဲလာပါတယ် ဘုရား။"

ကဲ....ဒါဖြင့် အဲဒီသွားမှု ဣရိယာပုထ်မှ ထိုင်မှု, အိပ်မှု ဣရိယာပုထ်တခုခုသို့ ပြောင်းလိုက်တော့ ဘယ့်နှယ်နေလဲ။

"ငြိမ်းသွားပါတယ် ဘုရား။"

အဲဒီ ငြိမ်းမှုအားလုံးဟာ ခဏငြိမ်းပဲ မဟုတ်ပါလား။

"မှန်ပါ၊ ခဏငြိမ်းပါ ဘုရား။"

**ခဏငြိမ်းမှ အစဉ်ငြိမ်းသို့**

အဲဒီ ခဏငြိမ်းမှ အစဉ်ငြိမ်းသို့ရှေးရှုပြီး ကြိုးစားရမယ်နော်၊ ခဏငြိမ်းအတွင်းမှာ တရားရသွားယင် အစဉ်ငြိမ်းသို့ ရောက်သွားမယ်၊ ဒီတော့ တရားအားထုတ်တာက အစဉ်ငြိမ်းအတွက် အားထုတ်တာ၊ အဲဒီ အစဉ်ငြိမ်းသို့ ရောက်ရေးအတွက် ခဏငြိမ်းကို အမှီပြုပြီး အားထုတ်ရမယ်၊ အဲဒီလိုအားထုတ်တော့ အစဉ်ငြိမ်းရောနော်။

"မှန်ပါဘုရား။"

**ဣရိယာပုထ်ပြင်မှု**

ကဲ....ဒီနေရာမှာ ဣရိယာပုထ်ပြင်ဆင်မှုနှင့် ပတ်သက်ပြီးတော့ အယူအဆ ကွဲ လွဲ မှု ကို အနည်းငယ် ပြောချင်ပါသေးတယ်၊ တရားအားထုတ်တဲ့နေရာမှာ အချို့က ဣရိယာပုထ် မပြင်ရဘူးတဲ့၊ အချို့က

ပြင်ရမယ်တဲ့၊ ဘုန်းကြီးတို့ကတော့ ပြင်ရမယ်ဆိုတဲ့ အ ထဲ က ပါပဲ။

ဘာဖြစ်လို့ ဘုန်းကြီးတို့က ဣရိယာပုထ် ပြင်ဆင်တာကို ကြိုက်သလဲဆိုတော့ ဟို.... သီလက္ခန်အဌကထာ "သမိဒ္ဓိတေ ပသာဒိကေ" အဖွင့်မှာ....

လက်တွေ ခြေတွေကို အ ကြာ ကြီး ကွေး ထား ယင် အကြာကြီး ဆန့်ထားယင်....

၁။ ခဏတိုင်း ခဏတိုင်း ဒုက္ခဝေဒနာတွေ ဖြစ်မယ်၊

၂။ တည်ကြည်မှု သမာဓိ မရဘူး၊

၃။ မူလကမ္မဋ္ဌာန်းမှ လျှောကျသွားရော၊

၄။ တရားအထူး မရဘူး။

အဲဒီလို ဆိုထားပါတယ်၊ ရှင်းရှင်းပြောရယင် အထိုင် ဣရိယာပုထ်နဲ့ ပြောရယင် ကြာကြာထိုင်ယင်....

၁။ ဒုက္ခဝေဒနာဖြစ်မယ်၊

၂။ သမာဓိမရဘူး၊

၃။ ကမ္မဋ္ဌာန်းအားထုတ်မှု ပျက်မယ်၊

၄။ တရားထူး မရဘူး။

ဒီတော့ စဉ်းစားကြည့်စမ်း၊ မိမိလိုချင်တဲ့ အ ကျိုး တွေ ဘာတခုရသေးလဲဆိုတော့ ဘာတခုမှမရတော့ဘူး မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

ဒီတော့ ဣရိယာပုထ်ကို ပြင်ဆင်တဲ့အချိန်မှာ မပြင်ယင် အပြစ်လေးချက် ဖြစ်ပါတယ်၊ အကျိုးတချက်မှ မရပါဘူး၊ ဒီတော့ ဣရိယာပုထ်ပြင်ချင်ယင် ပြင်နိုင်တယ် မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

အေး....ဣရိယာပုထ် ပြင်ခြင်းကြောင့် အကျိုးရပုံကို အဲဒီ အဋ္ဌကထာမှာပဲ ဆက်ပြီးတော့ ပြထားတာ ရှိပါတယ်။

အခါအားလျော်စွာ ကွေးပေးမယ်, ဆန့်ပေးမယ် (ပြင်ပေးမယ်, ပြောင်းပေးမယ်) ဆိုယင်....

၁။ ဒုက္ခဝေဒနာတွေ မဖြစ်တော့၊

၂။ သမာဓိရမယ်၊

၃။ ကမ္မဋ္ဌာန်းတရား တိုးပွားမယ်၊

၄။ တရားအထူးရမယ်။

အဲဒီလို ဆိုထားပါတယ်၊ ဒီတော့ ဣရိယာပုထ်ပြင်မှ အကျိုးရှိမယ်၊ အကျိုးလေးချက်ရမယ်ဆိုတာ ထင်ရှားနေပါတယ်၊ ဣရိယာပုထ် ပြင်ချိန်မှာ မပြင်ယင် အပြစ်လေးချက်ဖြစ်မယ်၊ ပြင်ချိန်မှာ ပြင်ယင် အကျိုးလေးချက်ရမယ်လို့ ကောက်ချက် မချနိုင်ဘူးလား။

"ချနိုင်ပါတယ်ဘုရား။"

**လက်တွေ့ သာဓက**

ဒီနေရာမှာ ဘုန်းကြီးရဲ့ လက်တွေ့ သာဓကလေး တခုကို တင်ပြချင်ပါတယ်၊ ဘုန်းကြီး တနှစ်က တနေရာမှာ(၁၀)ရက်စခန်း တရားပြတော့ အဲဒီ ဣရိယာပုထ်ပြင်မှု မပြင်မှုနှင့် ပတ်သက်ပြီး ယောဂီတွေအား ရှင်းပြပါတယ်။

ယောဂီတွေမှတပါး တခြားပရိသတ်တွေလဲ လာရောက်ပြီး တရားနာကြပါတယ်၊ ဘုန်းကြီးက ဣရိယာပုထ် ပြင်ချိန်မှာ

ပြင်ယင် အကျိုးလေးချက်ရှိပါတယ်၊ မပြင်ယင် အပြစ်လေးချက်ရှိပါတယ် စသည်ဖြင့် ရှင်းပြတာပေါ့။

အဲ....နောက်တနေ့ကျတော့ ဒကာမကြီးတယောက် အဖော်တစုနဲ့ လာရောက်ပြီး သူ့အတွေ့ကို ဝန်ခံလျှောက်ထားသွားပါတယ်။

"အရှင်ဘုရား ညက ဣရိယာပုထ်ပြင်မှုနှင့် ပတ်သက်ပြီး ဟောတာ မှန်တယ်ဘုရား။"

ဘယ်လိုကြောင့်လဲ။

"တပည့်တော်က မပြင်ရ မပြောင်းရဆိုတဲ့ဆီမှာ အားထုတ်ခဲ့တဲ့ ယောဂီပါဘုရား။"

နို့....ဘာဖြစ်လို့ ပြင်မှုနှင့်ပတ်သက်ပြီး ဟောတာကြိုက်ရသလဲ။

"သူတို့က မပြင်ရဘူးဆိုပေမယ့် တပည့်တော်က ခိုး ခိုးပြီးတော့ ပြင်တယ်ဘုရား၊ ဒီတော့ အရှင်ဘုရားပြောသလို အကျိုးရှိသွားပါတယ်ဘုရား။"

ဒါဖြင့် ဒကာမကြီး ယောဂီသူခိုးပေါ့။

"အဲဒီအတိုင်း ဖြစ်နေတာပေါ့ဘုရား။"

ဒီလိုဆိုယင် ဒကာမကြီးလို ယောဂီသူခိုးတွေ ဘယ်လောက်ရှိအုံးမလဲ မသိဘူး၊ အင်း.... ဆရာတွေကတော့ ယောဂီတွေ တရားတိုးတက်တာဟာ မပြင် မပြောင်းပဲ အားထုတ်လို့ တက်တာ ထင်နေမှာနော်။

"မှန်ပါဘုရား။"

ဘုန်းကြီး ကြိုက်တာကတော့ နေနိုင်ယင် မပြင်နဲ့၊ မနေနိုင်ယင် ပြင်၊ ဒါကြိုက်တယ်၊ နေနိုင်ယင် အကျိုး ၄ ချက်ရမယ်၊ မနေနိုင်ယင် အပြစ် ၄ ချက်ရမယ် မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

**ဣရိယာပုထ် မပြင်ရမှု**

ဣရိယာပုထ် မပြင်ရမှုနှင့် ပတ်သက်၍လဲ ရှိပါတယ်၊ ဟို .... ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အာနာပါနကမ္မဋ္ဌာန်း အဖွင့်မှာ ဆိုထားပါတယ်၊ အဲဒီမှာ ဆိုထားတဲ့ ဣရိယာပုထ် မပြင်ရမှုနှင့် ယခု ဣရိယာပုထ် မပြင်ရမှု အယူအဆမှာ စပ်ဟပ်လို့ မရအောင် ကွာခြားပါတယ်၊ ဟိုမှာက ဘယ်လိုဆိုထားလဲဆိုတော့....

> အခြားကမ္မဋ္ဌာန်းတို့သည် အထက်အထက်သို့ ရောက်လာလျှင် ထင်ရှားသည်ထက် ထင်ရှားလာသကဲ့သို့ ဤအာနာပါနကမ္မဋ္ဌာန်းသည် ယင်းကဲ့သို့ မထင်ရှားပါ။
>
> မှန်၏၊ ဤအာနာပါနကမ္မဋ္ဌာန်းသည် အထက်အထက်ရောက်လေ ကြာလေ မထင်ရှားဖြစ်၏၊ အလွန်တရာ သိမ်မွေ့နူးညံ့၍ လေနူးညံ့ကာ ရပ်၍သွားတတ်၏၊ ပျောက်၍သွားတတ်၏၊ ထိုအခါ လန့်ပြီး ထ၍ မသွားနှင့်၊ ဣရိယာပုထ် မပြင်နှင့်၊ ကမ္မဋ္ဌာန်း အသစ်အသစ် ဖြစ်သွားမည်။

အဲဒီလို ဆိုထားပါတယ်၊ အဲဒီ ဆိုထားချက်ကို မရှင်းလို့ ဣရိယာပုထ်မပြင်နှင့်လို့ ပြောကြတာပါ၊ ဒီနေရာမှာ မပြင်နှင့် ဆိုတာက ကမ္မဋ္ဌာန်းအာရုံက သိပ်ပြီးတော့ သိမ်မွေ့နူးညံ့ပြီး ချမ်းသာနေပါတယ်၊ အရှုခံလဲပျောက်သွားတော့၊ ရပ်သွား

တော့ လန့်ပြီး ထသွားတတ်၊ ဣရိယာပုထ် ပြင်လိုက်တတ်လို့ ပြောထားတာပါ။

လက်တွေ့သာဓကအရလဲ အဲဒီလို အဖြစ်မျိုး ခဏခဏ ကြုံရတတ်ပါတယ်၊ အဲဒီလို အခြေအနေမျိုး ရောက်နေသူကိုတော့ ဣရိယာပုထ်မပြင်ရန် အထူးသတိပေးရပါတယ်၊ မလန့်ရန်လဲ သတိပေးရပါတယ်။

ဒီတော့ စကားနှစ်ရပ်ကို ဆက်စပ်ကြည့်လျှင် ပြင်ရမည်လို့ ဆိုတဲ့ အဋ္ဌကထာစကားက ဆင်းရဲဒုက္ခတွေ့နေတဲ့အခါ၊ အားထုတ်ခါစအခါကို ရည်ရွယ်ပြီး ဆိုထားပါတယ်။

မပြင်ရဘူးလို့ ဆိုတဲ့ အဋ္ဌကထာစကားက အားထုတ်လို့ အသားကျပြီး အဝါးဝပြီး ချမ်းသာသုခလဲ ရရှိ၍ အရှုခံ အာရုံပျောက်၍ အသက်ရှူရပ်တဲ့အခါမျိုးကို ရည်ရွယ်ပြီးတော့ ဆိုထားတယ်လို့ မှတ်နော်။

"မှန်ပါဘုရား။"

ကဲ....ဒီလောက်ဆိုယင် တရားအားထုတ်တဲ့အခါ ဣရိယာပုထ် ပြင်မှု မပြင်မှုနှင့် ပတ်သက်ပြီး သဘောကျလောက်ပါပြီနော်။

"မှန်ပါ သဘောကျပါပြီဘုရား။"

**ခဏငြိမ်း အမှားငြိမ်း**

ကဲ....သဘောကျယင် ခုနက ပြောလက်စ ဖြစ်တဲ့ ခဏငြိမ်း၊ အမှားငြိမ်း အကြောင်းကို ပြန်ပြီးတော့ ဆက်ကြရအောင်၊ ခုနက ဣရိယာပုထ်ပြင်တာ ပြောင်းတာကနေ ဆက်သွားလိုက်တာ၊

ကဲ....ဆိုပါတော့ အင်မတန် ပူအိုက်တဲ့အခါ ရေအေးအေးလေး ချိုးလိုက်ရယင် ဘယ့်နှယ်နေမလဲ။

"အေးချမ်းသွားပါမယ်ဘုရား။"

ဟုတ်ပြီ၊ ရေချိုးနေဆဲ၊ ချိုးပြီးခါစတော့ အေးချမ်းသွားမှာပါပဲ၊ ရေချိုးပြီးလို့ တော်တော်ကြာသွားတော့ ပြန်ပြီးတော့ ပူအိုက်မလာဘူးလား။

"ပူအိုက်လာပါတယ်ဘုရား။"

ကဲ.... အင်မတန် ချမ်းအေးနေတဲ့အခါမှာ မီးလှုံလိုက်ယင် ဘယ့်နှယ်နေလဲ။

"နွေးသွားပါမယ်ဘုရား။"

ကဲ....အဲဒီ မီးလှုံတဲ့နေရာမှ ခွာထွက်လိုက်တော့ ဘယ့်နှယ်နေလဲ။

"ပြန်ပြီးတော့ အေးချမ်း သွားပါမယ်ဘုရား။"

အင်း....အဲဒါကြောင့်မို့ အဲဒီ ပျောက်ငြိမ်းမှုတွေဟာ ခဏငြိမ်းတွေပါ၊ ထာဝစဉ်ငြိမ်း, အမြဲငြိမ်းတွေ မဟုတ်ပါဘူး၊ ဒါကြောင့် အငြိမ်းမှန် မဟုတ်ဘူး၊ အမှားငြိမ်းသာ ဖြစ်တယ်လို့ မှတ်နော်။

"မှန်ပါဘုရား။"

**ပြန်ဆင်းရဲတာပဲ** ပြီးတော့ မိမိတို့မှာ ရှေးရှေးကကုသိုလ်ကံကနည်းပါး အကုသိုလ်ကံတွေက များ ခဲ့လို့ ဒီဘဝမှာ အောက်ကျနောက်ကျနဲ့ ဆင်းရဲနွမ်းပါး အနာရောဂါများနေတဲ့ လူတွေရှိတယ်မဟုတ်လား။

"မှန်ပါ ရှိပါတယ်ဘုရား။"

အင်း....အဲဒီသူတွေဟာ "ဆင်းရဲလေလေ သံဝေရရ" ဆိုတဲ့ အတိုင်း သတိ,သံဝေဂတရားရရှိသွားပြီး ကုသိုလ်ကောင်းမှုတွေ ပြုတော့ နောက်ဘဝမှာ အထက်တန်းကျတဲ့ လူ့ပြည်နတ်ပြည် မှာ လူနတ်ဗြဟ္မာတွေဖြစ်ပြီး ကြီးပွားချမ်းသာ မသွားနိုင်ဘူး လား။

"ကြီးပွားချမ်းသာ သွားနိုင်ပါတယ်ဘုရား။"

အဲ....ဘယ်လောက်ပဲ ကြီးပွားချမ်းသာသွားပေမယ့် အဲဒီ ကြီးပွားချမ်းသာစေကြောင်း ကောင်းမှုကုသိုလ်ကံတွေ အစွမ်း ကုန်သွားတဲ့အခါ ဆင်းရဲတဲ့ဘဝသို့ ပြန်ရောက်ပြီး ဆင်းရဲမြဲ ပြန်ပြီးဆင်းတာပဲမဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

ဒီတော့ မိမိတို့ပြုလုပ်ထားတဲ့ ဒါနကုသိုလ်ကံ, သီလကုသိုလ် ကံဆိုတဲ့ ကာမကုသိုလ်ကံတွေဖြင့် လူ့ချမ်းသာ, နတ်ချမ်းသာ များရရှိပြီး ဆင်းရဲငြိမ်းတယ်ဆိုတာဟာ "ခဏငြိမ်းလား" အစဉ်ထာဝရငြိမ်းလား။

"ခဏငြိမ်းပါဘုရား။"

ခဏငြိမ်းဆိုယင် အမှန်ငြိမ်းလား, အမှားငြိမ်းလားဆိုတာ ရှင်းလောက်ပြီနော်။

"မှန်ပါ ရှင်းပါပြီဘုရား။"

ပြီးတော့ ဈာန်သမာပတ် ကုသိုလ်တွေ ပွားများအားထုတ် သဖြင့် ရူပဘုံ, အရူပဘုံဆိုတဲ့ ဗြဟ္မာဘုံတို့သို့ ရောက်ရှိသွားပြီး

တော့ ကမ္ဘာပေါင်းများစွာ ဆင်းရဲငြိမ်းပြီး ချမ်းသာသုခရရှိနေတဲ့ ဗြဟ္မာတွေ မရှိဘူးလား။

"ရှိပါတယ် ဘုရား။"

အေး....အဲဒီဗြဟ္မာတွေရဲ့ ကမ္ဘာပေါင်းများစွာ ချမ်းသာသုခတွေဟာ တနေ့ပျောက်ပျက်ရမှာမို့ ခဏငြိမ်းလို့ပဲဆိုရမယ်နော်။

"မှန်ပါ ဘုရား။"

အေး.... ပြီးတော့ ရှိသေးတယ်၊ လူတိုင်းလဲ ကြားဖူးနေတဲ့ "အထက်ဘဝဂ်-အောက်အဝီစိ" ဆိုတဲ့စကားလေ၊ ရှိတယ်မဟုတ်လား။

"မှန်ပါ ရှိပါတယ် ဘုရား။"

အဲဒီစကားမှာ "အထက်ဘဝဂ်"ဆိုတာက အထက်ဘုံတွေထဲမှာ အမြင့်ဆုံး အမြတ်ဆုံးဖြစ်တဲ့ "နေဝသညာ နာသညာယတနဘုံ"ကို ခေါ်တယ်လို့ မှတ်နော်။

"မှန်ပါ ဘုရား။"

အဲဒီအထက်ဘဝဂ်ဖြစ်တဲ့ နေဝသညာနာ သညာယတနဘုံသို့ ရောက်နေယင် ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင်ပတ်လုံး ဗြဟ္မာချမ်းသာကို ခံစား,ခံစားနေနိုင်တယ်၊ ဆင်းရဲတွေငြိမ်းနေတယ်နော်။

"မှန်ပါ ဘုရား။"

အဲဒီဘဝက စျာန်ကုသိုလ်တွေ ကုန်သွားတော့ ဗြဟ္မာဘုံမှ စုတေပြီး လူ့ဘဝကိုရောက်ပါရော၊ အဲဒီလူ့ဘဝသို့ရောက်တော့ တခြားလူတွေလိုပဲ ဆင်းရဲချမ်းသာ မခံစားရဘူးလား။

"ခံစားရပါတယ် ဘုရား။"

ဆင်းရဲခံစားရရုံတွင်မကပါဘူး၊ လူ့ဘဝမှာ အကုသိုလ်တွေ ပြုမိယင် အပါယ်လေးပါးတောင် ရောက်သွားနိုင်သေးတယ် မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား။"

အေး....အဲဒါကြောင့် ရှင်တော်ဘုရားက ဟိုဝိဘင်းပါဠိတော်မှာ အထက်ဘဝဂ်က အောက်နရက်သို့ ကျရောက်ပုံကို ဒီလို ဟောတော်မူခဲ့ပါတယ်။

* ဥက္ခိတ္တာ ပုညတေဇေန, ကာမရူပဂတိံ ဂတာ။
ဘဝဂ္ဂန္တမ္ပိ သမ္ပတ္တာ, ပုန အာယန္တိ ဒုဂ္ဂတိံ။ ။

ပုညတေဇေန၊ ကောင်းမှုရှိန်စော်အာနုဘော်သည်။ ဥက္ခိတ္တာ၊ အခွင့်သင့်စဉ် မြှင့်တင်အပ်ကုန်သည် ဖြစ်၍။ ကာမရူပဂတိံ၊ ဘုံဆောင်ကြငှန်း ဗိမာန်နန်းတို့ တင့်ဆန်းနတ်ဘုံ ဗြဟ္မာ့ဘုံသို့။ ဂတာ၊ ထိန်တဝင်းဝင်း အရှိန်ပြင်းလျက် ချဉ်းနင်းရောက်ကြ ပုထုဇဉ်ဟူသမျှတို့သည်။ ဘဝဂ္ဂန္တံ၊ ဘုံပေါင်းတမွတ် တုဘက်လွတ်သည့် အထွဋ်ဘက်ခြုံ ဘဝဂ်ဘုံသို့။ သမ္ပတ္တာပိ၊ ကမ္ဘာမြောက်အများအောက်မသွားဖို့ ထောက်ထားပလေ ရောက်သွားကြစေကာမူ။ ဒုဂ္ဂတိံ၊ ဒုက္ခအဖုံဖုံ မျိုးပေါင်းစုံသည့် တလုံလုံလဲ အပါယ်ထဲသို့။ ပုနအာယန္တိ၊ ကောင်းမှုရှိန်ဖျင်း အဟုန်ကင်းက ဒုံရင်း တဖန် ရောက်ကြရပြန်လေသတည်း။

"သာဓု....သာဓု....သာဓုပါ ဘုရား။"

အဓိပ္ပါယ်အချုပ်ကို အနည်းငယ်ပြောပြရယင် ဘာတဲ့လဲ၊ ကောင်းမှုရှိန်စော် အာနုဘော်တွေက အခွင့်သင့်စဉ် မြှင့်တင်အပ်

ကုန်တဲ့အတွက် ဘုံဆောင်ကြငှန်း ဗိမာန်နန်းတွေနဲ့ တင့်ဆန်းလှတဲ့ နတ်ဘုံ့ဖြဟ္မာဘုံတို့သို့ ရောက်ကြရပါတယ်။

အဲဒီလို ကုသိုလ်ကံတွေကြောင့် နတ်ဖြဟ္မာဘုံတွေသို့ ထိန်တဝင်းဝင်း အရှိန်ပြင်းလျက် ချဉ်းနင်းဝင်ရောက်ကြရတဲ့ ပုထုဇဉ်ဟူသမျှဟာ ဘုံဆောင်တမွတ် တုဘက်လွတ်တဲ့ အထွဋ်ဘက်ခြုံ ဘဝဂ်ဘုံဖြစ်တဲ့ နေဝသညာ နာသညာယတနဘုံသို့ ရောက်သွားသော်လဲ ဒုက္ခအဖုံဖုံ မျိုးပေါင်းစုံတဲ့ တလုံလဲလဲ အပါယ်ထဲသို့ ကောင်းမှုနုံဖျင်း အဟုန်ကင်းက ငုံရင်းတဖန် ရောက်ကြရပြန်တယ်လို့ ဆိုလိုတယ်နော်။

"မှန်ပါ ဘုရား။"

အေး....အဲဒါကြောင့် ဒါနကုသိုလ်, သီလ ကု သို လ် ဆို တဲ့ ကာမကုသိုလ်တွေ စျာန်ကုသိုလ်တွေဟာ လူ့ဘဝ, နတ်ဘဝ ဖြဟ္မာ့ဘဝကို ရောက်စေ,ရစေပြီး ချမ်းသာတယ်၊ ဆင်းရဲငြိမ်းအေးတယ်ဆိုပေမယ့် အစဉ်ထာဝရငြိမ်းအေးမှု အမြဲငြိမ်းအေးမှု မျိုးမဟုတ်ပဲ ခဏပဲ ငြိမ်းပါတယ်၊ ဒါ့ကြောင့် အဲဒီလိုငြိမ်းမှုမျိုးကို အမှန်ငြိမ်းလို့ ခေါ်နိုင်ပါ့မလား။

"မခေါ်နိုင်ပါ ဘုရား။"

အေး....မခေါ်နိုင်ဘူးလို့ မှတ်ထားနော်။

"မှန်ပါ ဘုရား။"

**အမှန်ငြိမ်း**

ကဲ....အမှားငြိမ်းတော့ သိပြီ။ အမှန်ငြိမ်းက ဘယ်လိုလဲ၊ ဘယ်လိုမှ အမှန်ငြိမ်းလဲလို့ ဆင်းရဲအမှန်ငြိမ်းပုံကို ဆက်လက်ပြီးတော့ ရှင်းကြစို့၊ ယောဂီတို့ ယခုဝိပဿနာ ဘာဝနာတရား အားထုတ်နေတာဟာ ဘာအတွက် အားထုတ်

တာလဲဆိုတော့ အရိယမဂ် ၄-ပါးကို ရဖို့ပဲ၊ အေး....အဲဒီ အရိယမဂ် ၄-ပါးကို ရယင်လဲ အရိယဖိုလ် ၄-ပါးကို ရပါ တယ်။

အရိယမဂ်ရပြီးယင် အရိယဖိုလ်ကို သေချာပေါက် ရပါ တယ်၊မဂ်နှင့် ဖိုလ်ရဲ့အကြားမှာ ကာလအခြားမရှိပါဘူး၊မဂ်ရပြီး ဖိုလ်ကို ကာလအကြားမရှိ အကျိုးပေးတာကို "အကာလိ ကော"လို့ ခေါ်ပါတယ်။

တခါက ကြားလိုက်ပါတယ်၊ ရဟန္တာအမည်ခံပုဂ္ဂိုလ်တပါး က သူဟာ မဂ်ရပြီးတဲ့နောက် ဖိုလ်ရဖို့ရာ "ဒုက္ခပဋိပဒါ" ဖြစ်နေလို့ သုံးလလောက်ကြာမှ ဖိုလ်ကိုရပါတယ်လို့ ဟော တယ်တဲ့။

ကဲ....အဲဒီလိုဆိုတော့ မဂ်ရပြီး ဖိုလ်ကို ကာလမခြားပဲနဲ့ ရပါတယ်ဆိုတဲ့ "အကာလိကော" ဂုဏ်တော်ဟာ လွဲမှား ရတော့မယ် ဖြစ်နေပြီ၊ အမှန်က ရှေ့စိတ်က မဂ်, နောက်စိတ် က ဖိုလ်ပဲ ကာလမခြားပါဘူး။

အေး....အဲဒါ လူတွေကတော့ မသိဘူး၊ ရဟန်းတော်တွေက သိတော့ ဒီရဟန္တာအမည်ခံပုဂ္ဂိုလ်ရဲ့ ဟောပြောချက်ဟာ မှားနေ ပြီ၊ဒီထဲက သူဟာရဟန္တာမဟုတ်ဘူးဆိုတာသိတော့ ရဟန်းတော် တွေက "ဒါလားကွရဟန္တာ"ဆိုပြီးတော့ ခဲနဲ့ထုလို့တဲ့ ကြားလိုက် ရပါတယ်။

အေး....ဘုန်းကြီးတို့ ပရိသတ်တွေ တရားပေမယ့် ကြည့်နာ ပါ၊ အမှန်က မဂ်နဲ့ ဖိုလ်ဟာ အကြောင်းနဲ့ အကျိုးပဲ၊ မဂ်

ရယင် ဖိုလ်ရတာပဲ၊ ဒါကြောင့် မဂ် ၄ ပါး ရတယ်ဆိုယင် ဖိုလ် ၄ ပါးလဲပါပြီလို့ မှတ်နော်။

"မှန်ပါဘုရား။"

မဂ်နဲ့ ဖိုလ်က ကာလမခြားတော့ မဂ် ရတယ်ဆိုယင် ဖိုလ် ရတယ်လို့ ပြောပြီးသား ဖြစ်ပြီ၊ အဲဒီ အရိယမဂ် ၄ ပါးကို ရယင် နိဗ္ဗာန်ကို မျက်မှောက်ဆိုက်ရောက်ပြီ၊ နိဗ္ဗာန်မျက်မှောက် ဆိုက်ရောက်တယ်ဆိုကတည်းက တဏှာလဲ ကုန်မသွားဘူးလား။

"ကုန်သွားပါတယ်ဘုရား။"

တဏှာကုန်သွားတယ်၊ နိဗ္ဗာန်မျက်မှောက် ဆိုက်ရောက်သွားတယ်ဆိုယင် ဒုက္ခတွေကုန်ပြီ၊ ဒုက္ခကုန်တော့ သန္တိသုခ ရတယ်၊ ဒါ ဘုန်းကြီးက အလွတ်ပြောတာ မဟုတ်ပါဘူး၊ "တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ" တဏှာကုန်သွားယင် ဆင်းရဲအားလုံးကို အောင်နိုင်တယ်" လို့ ဘုရားရှင်ဟောထားတာ ရှိလို့ ဟောတာနော်။

"မှန်ပါဘုရား။"

**ငြိမ်းပုံ အ ဆင့် ဆင့်**

ဒီနေရာမှာ ဆင်း ရဲ ကို အောင် နိုင် ပုံ ဆင်းရဲငြိမ်းပုံကို အဆင့်ဆင့် ကြည့် ပါ၊ သောတာပတ္တိမဂ်ကို ရပြီးတော့ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ယင် အဲဒီ ပုဂ္ဂိုလ်မှာ အပါယ်ဒုက္ခတွေ ဆင်းရဲတွေ အကုန်ငြိမ်းမသွားဘူးလား။

"ငြိမ်းသွားပါတယ်ဘုရား။"

ပြီးတော့ ဘဝအနေနဲ့ ကြည့်ပါ၊ အဲဒီ သော တာ ပန် ပုဂ္ဂိုလ်ဟာ ဘုံဘဝအနေနဲ့ သုဂတိဘဝမှာ ခု နစ် ဘ ဝ ထက်

ပို၍ပြီးတော့ဖြစ်ရမယ့် ဘ၀ဒုက္ခ ဘ၀ဆင်းရဲတွေ အကုန်ငြိမ်းမ သွားဘူးလား။

"ငြိမ်းသွားပါတယ်ဘုရား။"

အေး.... အထက် မဂ်တွေဆိုယင်တော့ ဆိုဖွယ်ရာမရှိပါဘူး၊ ဒီ သောတာပန် အဖြစ်မျှလောက်ပင် အင်မတန်မထူးမြတ်ဘူး လား။

"ထူးမြတ်ပါတယ်ဘုရား။"

သောတာပန်ပုဂ္ဂိုလ်ဟာ အပါယ်လေးပါးသို့ မကျရတော့ပဲ လူနတ်လောကမှာ ခုနစ်ဘ၀ပဲ အများဆုံးဖြစ်ပြီး နောက်ဆုံး ဘ၀မှာ ရဟန္တာအဖြစ်နဲ့ ပရိနိဗ္ဗာန် ၀င်စံရတော့ ဆင်းရဲ ခပ်သိမ်း ငြိမ်းမသွားဘူးလား။

"ငြိမ်းသွားပါတယ်ဘုရား။"

ကဲ....ဆင်းရဲဒုက္ခကို ကြောက်နေတဲ့ ပုဂ္ဂိုလ်သတ္တ၀ါတွေ အတွက် ဆင်းရဲဒုက္ခတွေ အကုန်ငြိမ်းသွားတယ်ဆိုတော့ အင်မ တန် အကျိုးမထူးဘူးလား။

"ထူးပါတယ်ဘုရား။"

ဆက်ပြီးတော့ သေသေချာချာ နားထောင်ပါ၊ သကဒါ ဂါမိမဂ်နဲ့ နိဗ္ဗာန်သို့ မျက်မှောက်ဆိုက်ရောက်ယင် လူ့ ဘ၀ နတ်ဘ၀မှာ နှစ်တ၀မျှသာဖြစ်ပြီး ပရိနိဗ္ဗာန်၀င်စံရတော့မယ် ဆိုတော့ ဘ၀ဒုက္ခတွေ ပို၍ပြီးတော့ ငြိမ်းမသွားဘူးလား။

"ငြိမ်းသွားပါတယ်ဘုရား။"

အဲဒီ ဘ၀ဒုက္ခတွေ ငြိမ်းအောင် ချမ်းသာသုခနှင့် ပြည့်၀ အောင် ဘယ်သူက ဆောင်သွားတာလဲဆိုတော့ မဂ် ကပဲ

ဆောင်သွားတဲ့အတွက် မဂ်တရားဟာ ကျေးဇူး မများဘူးလား။

"ကျေးဇူး များပါတယ်ဘုရား။"

ကဲ....တခါ သတိပြုပါအုံး၊ အနာဂါမိမဂ်နဲ့ နိဗ္ဗာန်သို့ မျက်မှောက်ဆိုက်ရောက်ယင် ရူပဘဝမှာ ဖြစ်ဖြစ် အရူပဘဝမှာ ဖြစ်ဖြစ် ဘဝတမျိုးမျိုးမှာ တဘဝမှာသာ ဖြစ်ပြီး ရဟန္တာ ဖြစ်ကာ ပရိနိဗ္ဗာန် ဝင်စံရတယ်ဆိုတော့ ဘဝဒုက္ခတွေများစွာ ငြိမ်းမသွားဘူးလား။

"ငြိမ်းသွားပါတယ်ဘုရား။"

ကဲ....တခါ ဆက်ပြီးတော့ သတိပြုပါအုံး၊ အရဟတ္တမဂ်နဲ့ နိဗ္ဗာန်သို့ မျက်မှောက် ဆိုက်ရောက်ယင် အဲဒီ ဆိုက်ရောက်တဲ့ မျက်မှောက်ဘဝမှာပင် အာယုသင်္ခါရ ကုန်ဆုံးတဲ့အခါ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်, ဘဝ ဇာတ် တွေ အကုန်သိမ်းသွားတော့ ဒုက္ခတွေ အကုန်ငြိမ်းမသွားဘူးလား။

"ငြိမ်းသွားပါတယ်ဘုရား။"

အေး....အခု ပြောခဲ့တဲ့ ငြိမ်းမှုအဆင့်ဆင့်တွေဟာ အပြီးငြိမ်း, ထာဝစဉ်ငြိမ်းတွေ, အမှန်ငြိမ်းတွေ မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

အဲဒီ ငြိမ်းမှုအဆင့်ဆင့်ကို ဖြစ်စေတတ်တဲ့ အရိယမဂ်ကို ရဖို့ရာက မှန်ကန်စွာနဲ့ ဝိပဿနာမဂ်ကို ဖြစ်အောင်အားထုတ်မှ ဝိပဿနာမဂ် ရင့်ကျက်ယင် အရိယမဂ်ကို ရမှာပေါ့၊ အရိယ

မဂ်ရယင် ငြိမ်းမယ်၊ ဒီတော့ ဝိပဿနာမဂ် မှန်စွာဖြစ်ဖို့ အရေးမကြီးဘူးလား။

"အရေးကြီးပါတယ်ဘုရား။"

**ပရိနိဗ္ဗာန် ဝင်စံတယ်ဆိုတာ**

ဒီနေရာမှာ "ပရိနိဗ္ဗာန်" နှစ်မျိုးကို ရှင်းပြချင်ပါသေးတယ်၊ ဒီနှစ်မျိုးကလဲ သိဖို့ အရေးကြီးပါတယ်၊ မဂ်အဆင့်ဆင့်ရလို့ ကိလေသာ အဆင့်ဆင့် ချုပ်ငြိမ်းတာက "ကိလေသ ပရိနိဗ္ဗာန်" ဝင်စံတာခေါ်တယ်၊ အဲဒီလို ကိလေသပရိနိဗ္ဗာန် ဝင်စံတဲ့ အတွက်ပဲ ဆင်းရဲဒုက္ခတွေ ငြိမ်းတာ မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

အဲဒီလို ကိလေသာအကုန်ငြိမ်းလို့ ကိလေသပရိနိဗ္ဗာန်ဝင်စံ ချုပ်ငြိမ်းသော်လဲ ရုပ်နာမ်ခန္ဓာကတော့ ရှိနေပါသေးတယ်၊ ရုပ်နာမ်ခန္ဓာရှိနေသေးတော့ ရုပ်နာမ် ခန္ဓာနဲ့ ပတ်သက်တဲ့ ဆင်းရဲဒုက္ခတွေ ခံနေရပါသေးတယ်။

အဲ....နောက်ဆုံး အာယုသင်္ခါရကုန်ပြီ၊ အာယုသင်္ခါရလွတ်ပြီဆိုတော့ နောက်ဆုံးဖြစ်တဲ့ ပရိနိဗ္ဗာနစုတိစိတ် ချုပ်ဆုံးသွားပြီးတဲ့နောက် တဖန် ဘဝအသစ် ရုပ်နာမ်ခန္ဓာတွေ မဖြစ်တော့ပဲ ရုပ်နာမ် ခန္ဓာနှင့် စပ်တဲ့ ဆင်းရဲဒုက္ခတွေ အကုန်ငြိမ်းသွားတာကို "ခန္ဓပရိနိဗ္ဗာန်ဝင်စံ" တယ်လို့ ခေါ်တယ်နော်။

"မှန်ပါဘုရား။"

အေး....အဲဒီလို ကိလေသပရိနိဗ္ဗာန်လဲ ဝင်စံချုပ်ငြိမ်း ခန္ဓပရိနိဗ္ဗာန်လဲ ဝင်စံချုပ်ငြိမ်းသွားတဲ့အခါ အိုတတ်, နာတတ်, သေတတ်တဲ့ ရုပ်နာမ်ခန္ဓာတွေ မဖြစ်တော့ဘူးလို့မှတ်နော်။

အဲဒီလို အိုတတ်,နာတတ်,သေတတ်တဲ့ ရုပ်နာမ် ခန္ဓာတွေ မဖြစ်တော့ အို,နာ,သေ ဆင်းရဲတွေလဲမဖြစ်တော့ဘူးပေါ့နော်။

"မှန်ပါဘုရား။"

အဲဒီလို အို,နာ,သေဆင်းရဲတွေမရှိတော့ မဖြစ်တော့၊ အဲဒီ အို,နာ,သေဆင်းရဲတွေကြောင့် ဖြစ်ရတဲ့ စိုးရိမ်ပူဆွေး ငိုကြွေး ရတဲ့ ဆင်းရဲတွေဖြစ်အုံးမလား။

"မဖြစ်တော့ပါဘုရား။"

အဲဒီ အို,နာ,သေဆင်းရဲတွေ မရှိတော့ မဖြစ်တော့ အဲဒီ အို,နာ,သေဆင်းရဲတွေကြောင့်ဖြစ်ရတဲ့ ကိုယ်ဆင်းရဲ,စိတ်ဆင်းရဲ မြင်းစွာပင်ပန်းတဲ့ ဆင်းရဲတွေကော ငြိမ်းမသွားဘူးလား။

"ငြိမ်းသွားပါတယ်ဘုရား။"

ကဲ....ဒါဖြင့် "ကိလေသပရိနိဗ္ဗာန်,ခန္ဓပရိနိဗ္ဗာန်" ဝဋ်စံချုပ် ငြိမ်း ဘုံဇာတ်သိမ်းသွားပြီဆိုယင် ဆင်းရဲမှန်သမျှ တစမကျန် အကုန်ငြိမ်းသွားပြီပေါ့နော်။

"မှန်ပါဘုရား"။

အဲဒီလို အကုန်ငြိမ်းသွားတဲ့ ဆင်းရဲမှန်သမျှတွေဟာ နောင် တဖန် ပြန်ပြီးတော့ ဖြစ်ပေါ်လာအုံးမလား။

"မဖြစ်ပေါ်လာတော့ပါဘုရား။"

အေး....အဲဒီလို ဆင်းရဲတွေမှန်သမျှ အကုန်ငြိမ်းစေပြီး အလွန်တရာ အေးမြငြိမ်းချမ်းတဲ့နိဗ္ဗာန်သို့ ဆောင်သွားတာဟာ ဘယ်သူက ဆောင်သွားတာလဲ၊ ပုဂ္ဂိုလ်က ဆောင်သွားတာ လား၊ မဂ်က ဆောင်သွားတာလား။

"မဂ်က ဆောင်သွားပါတယ်ဘုရား။"

ဘယ်မဂ်က ဆောင်သွားတာလဲ။

"အရိယမဂ်က ဆောင်သွားပါတယ်ဘုရား။"

အဲဒီ အရိယာမဂ်က ဆောင်သွားတယ်ဆိုတော့ ဘယ်သူ့ကို ဆောင်သွားတာလဲ။

"အရိယမဂ်ကို ရအောင်ကျင့်လို့ အရိယမဂ်ကို ရတဲ့လူကို အရိယမဂ်က ဆောင်သွားပါတယ်ဘုရား။"

ဒါဖြင့် ဆင်းရဲလွတ်ရာ ဆင်းရဲကုန်ရာ နိဗ္ဗာန်ရောက်ချင်ယင် အရိယမဂ်ကို ရအောင်ကျင့်ရမလား၊ ဒီအတိုင်း မိရိုးဖလာ နေ-နေရမလား။

"ကျင့်ရပါမယ်ဘုရား။"

အင်း....အရိယမဂ်ကို ရအောင်ကျင့်မှ အရိယမဂ်ရတော့ အဲဒီ အရိယမဂ်က ကျင့်တဲ့လူကို နိဗ္ဗာန်ဆောင်မယ် ဆင်းရဲငြိမ်းမယ်နော်။

"မှန်ပါဘုရား။"

မကျင့်ယင် အဲဒီ မကျင့်တဲ့ပုဂ္ဂိုလ်မှာ မိစ္ဆာမဂ်ပဲဖြစ်နေမယ်၊ မိစ္ဆာမဂ်ဖြစ်နေယင် အဲဒီ မိစ္ဆာမဂ်က အပါယ်လေးပါးဆောင်မယ်၊ ဆင်းရဲများစွာနဲ့တွေ့မယ်၊ ကဲ....ဒါဖြင့် ဘယ်မဂ်အဆောင်ခံချင်လဲ။

"အရိယမဂ် အဆောင်ခံချင်ပါတယ်ဘုရား။"

အရိယမဂ်က ဘယ်ဆောင်မလဲ။

"နိဗ္ဗာန်ဆောင်ပါမယ်ဘုရား။"

အရိယမဂ်က နိဗ္ဗာန်ဆောင်မယ်၊ ဒါဖြင့် အရိယမဂ်ဟာ တန်ဖိုးမရှိဘူးလား။

"တန်ဖိုးရှိပါတယ်ဘုရား။"

အဲဒီလို တန်ဖိုးရှိတဲ့ အရိယမဂ်ကိုရအောင် ဘယ့်နှယ်လုပ်ရမလဲ။

"မှန်ကန်စွာနဲ့ အားထုတ်ကျင့်ကြံရပါမယ်ဘုရား။"

**ဆောင်ပုံချင်းမတူ** ဒီနေရာမှာ သေသေချာချာ သတိထားပါ။ အရိယမဂ်ကလဲ ဆောင်တယ်၊ မိစ္ဆာမဂ်ကလဲ ဆောင်တယ်၊ ဆောင်တာတော့ တူတယ်၊ ဆောင်ပုံချင်းတော့ မတူဘူးနော်။

"မှန်ပါဘုရား။"

အဲဒီလို ဆောင်ပုံချင်းမတူပုံကို ဥပမာနဲ့ပြမယ်၊ ဥပမာဆိုပါတော့ ဒီ အင်္ဂပူဘူတစသို့ ဟသ်ာတသွားမယ့်ရထား ကြံခင်းသွားမယ့်ရထားလို့ အဲဒီရထား ၂-စင်း မဆိုက်ဘူးလား။

"ဆိုက်ပါတယ်ဘုရား။"

အဲဒီရထားနှစ်စင်းလုံးက အဲဒီ ရထားပေါ်တက်စီးတဲ့လူတွေကို မဆောင်ဘူးလား, ဆောင်လား။

"ဆောင်ပါတယ်ဘုရား။"

ဆောင်ပုံချင်း မတူပုံပြောပြမယ်၊ ကဲ....မိမိက ဘယ်သွားချင်လဲ ဟသ်ာတသွားချင်တယ်၊ မိမိ တက်စီးတာက ကြံခင်းရထားဆိုတော့ ဟသ်ာတရောက်ပါ့မလား။

"မရောက်ပါဘုရား။"

ဘာဖြစ်လို့ မရောက်တာလဲ၊ ရထားက မဆောင်လို့လား၊ ရထားက တက်စီးသူကို ဆောင်တယ်မဟုတ်လား။

"ရထားကတော့ ဆောင်ပါတယ်ဘုရား၊ ရထားစီးမှား သွားလို့ ဟင်္သာတ မရောက်တာပါဘုရား။"

ကဲ...မိမိက ကြံခင်းကိုသွားချင်တယ်၊ မိမိ တက်စီးတာက ဟင်္သာတရထားဆိုတော့ ကြံခင်းရောက်ပါ့မလား။

ကဲ...ဘာဖြစ်လို့ မရောက်တာလဲ၊ ရထားက မဆောင်လို့ လား၊ ရထားက တက်စီးသူကို ဆောင်တယ်မဟုတ်လား။

"ဆောင်ပါတယ်ဘုရား၊ ရထားစီးမှားသွားတော့ ကြံခင်း သို့မရောက်တော့ပါဘုရား။

အေး...ရထားကတော့ တက်စီးသူကို မျက်နှာကြီးငယ်မရွေး ဆောင်ပါတယ်၊ ဆောင်ပါရက်ကနဲ့ ကိုယ်လိုရာ ကြံခင်းတို့ ဟင်္သာတတို့ ဘာဖြစ်လို့ မရောက်တာလဲ။

"ရထားစီး မှားလို့ပါဘုရား။"

အေး...ဒီတော့ ဟင်္သာတ သွားလိုတဲ့သူသည် ဟင်္သာတ ရထားကို ရွေးပြီး,မေးပြီး,ရှာပြီး မှန်ကန်စွာစီးရမယ်၊ ကြံခင်း သွားလိုတဲ့သူသည် ကြံခင်းရထားကို ရွေးပြီးတော့ မေးပြီး တော့ ရှာပြီးတော့ မှန်ကန်စွာ စီးရမယ်နော်။

"မှန်ပါဘုရား။"

အေး...ဟင်္သာတရထား,ကြံခင်းရထား တက်စီးတယ်ဆိုတာ ကျင့်ကြံအားထုတ်တာနဲ့ တူတယ်၊ မှန်ကန်စွာကျင့်ယင် ကျင့်တဲ့ လူကို မဂ်ကဆောင်တယ်နော်။

"မှန်ပါဘုရား"။

ရထားပေါ်တက်စီးယင် ရထားစီးမှန်ပါမှ မိမိလိုရာအရပ်သို့ တက်စီးတဲ့ရထားက ဆောင်သလို ကျင့်ကြံတဲ့အခါလဲ အရိယမဂ်မှန်ပါမှ အဲဒီအရိယမဂ်က နိဗ္ဗာန်ကို ဆောင်မယ်နော်။

"မှန်ပါဘုရား။"

ဒီတော့ ဘာအရေးကြီးလဲဆိုတော့ ဆင်းရဲဒုက္ခငြိမ်းရာနိဗ္ဗာန်ရောက်ရေး အရိယမဂ်ရထားကို မှန်ကန်စွာနဲ့ ရွေးချယ်တက်စီးဖို့ အရေးဟာ အလွန်တရာကြီးတယ်လို့ မှတ်ထားပါနော်။

"မှန်ပါဘုရား။"

တခြား တခြား ယာဉ်တွေ ရထားတွေက ဘဝတိုင်း ကမ္ဘာတိုင်း အခါခပ်သိမ်း ပေါ်ပေါက်ပေမယ့် ဒီ အရိယမဂ်ရထားကတော့ အခါခပ်သိမ်း ပေါ်ပေါက်ရဲ့လား။

"မပေါ်ပေါက်ပါဘုရား။"

ဘုန်းကြီးတို့ ဗုဒ္ဓမြတ်စွာ ပွင့်ထွန်း ပေါ်ပေါက်လာပါမှ ပေါ်ပေါက်လာတဲ့ အရိယမဂ်ရထားပါ၊ အဲဒီလို ပေါ်ပေါက်ခဲတဲ့ အရိယမဂ်ရထား ပေါ်ပေါက်လာတဲ့အခါမှာ အပါယ်လေးပါးမှလွတ်လောက်အောင်တော့ သောတာပတ္တိ အရိယမဂ်ဉာဏ်ရသည်အထိ တက်စီးထားဖို့ မကောင်းဘူးလား။

"ကောင်းပါတယ်ဘုရား။"

ဒီတော့မှလဲ ဗုဒ္ဓမြတ်စွာ သာသနာတော်နှင့် တွေ့ရကျိုးနပ်မှာပေါ့နော်။

"မှန်ပါဘုရား။"

ဘုရားရှင် သာသနာတော်နဲ့ ကြုံတဲ့အခါမှာ လူ့,နတ်,ချမ်း
၁၀ သာလောက်သာ ရောက်စေနိုင်တဲ့ သာမန် ဒါန,သီလ,ဘာဝနာ

လောက်နဲ့ အချိန်ကုန်သွားယင် အင်မတန် နစ်နာပါတယ် နော်။

"မှန်ပါဘုရား။"

ဘာဖြစ်လို့ နစ်နာလဲဆိုတော့ အဲဒီလို လူ့နတ်ချမ်းသာကို ရစေနိုင်တဲ့သာမန်ဒါန၊ သီလ၊ ဘာဝနာတွေဆိုတာက သာသနာပ အခါမှာလဲ ပြုလုပ်နိုင်တာပဲ၊ လူ့နတ်ချမ်းသာလဲ ရနိုင်တာပဲ၊ မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

အဲဒီ လူ-နတ်ချမ်းသာကို ဖြစ်စေတတ်တဲ့ ကုသိုလ်တွေကုန် တော့လဲ အပါယ်လေးဘုံသို့ ပြန်ပြီးတော့ ကျရောက် ဆင်းရဲ ဒုက္ခရောက်ရတာပဲ မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား၊"

ဒါ့ကြောင့် ဘုရားမြတ်စွာ သာသနာတော်နဲ့ ကြုံနေတဲ့ အခါ အပါယ်လေးပါးမှ လုံးဝလွတ်အောင် အားထုတ်သင့် ပါတယ်၊ အားထုတ်နိုင်အောင် အားထုတ်ကြပါ၊ သို့မဟုတ် လျှင် ဘာနဲ့တူနေသလဲဆိုတော့-

"တောမှာကျက်စား သားသမင်များသည် ပတ္တမြားကို မြင်ပါလျက်လည်း မြက်ကိုသာလျှက်စားလျက် သွား၏၊ ပညာနည်းပါး သူတော်ကောင်းတရား ရှားပါး သောသူသည် ဗုဒ္ဓမြတ်စွာ ပွင့်ရာကာလ ကြုံနေရပါ လျက် ဝဋ်ဆင်းရဲ၌မှီသော ကာမဂုဏ်ငါးပါး အပေါ စား အစာများကို သာလျှင် စားလျက်သွား၏။"

ဆိုတဲ့အတိုင်း ဖြစ်နေပြီ၊ အဲဒီစကားကို သေချာစွာစဉ်းစား ပြီးကြည့်ပါ၊ တောသားသမင်ရယ်, မြက်ရယ်, ပတ္တမြားရယ်သုံး မျိုး၊ ဒီဘက်က သတ္တဝါရယ်၊ ကာမဂုဏ်ရယ်၊ သာသနာရယ် သုံးမျိုးစီ စပ်ကြည့်ပါ၊

၁။ တောသားသမင်နဲ့ ပုထုဇဉ်သတ္တဝါနဲ့ တူတယ်၊

၂။ မြက်နဲ့ ကာမဂုဏ်နဲ့ တူတယ်၊

၃။ ပတ္တမြားနဲ့ သာသနာနဲ့ တူတယ်၊

အဲဒီဥပမာ-ဥပမေယျ စပ်ဟပ်ချက်ကို ကြည့်လိုက်ယင် ပုထု ဇဉ်အဖြစ်ဟာ အတော်ကိုပဲ အဖြစ်ဆိုးနေတယ်ဆိုတာ မထင် ရှားဘူးလား။

"ထင်ရှားပါတယ်ဘုရား။"

အဲဒီတော့ အဖြစ်ဆိုးတဲ့ဘဝက လွတ်မြောက်အောင် ပတ္တမြား နဲ့တူတဲ့ သာသနာတော်နဲ့ ကြုံတဲ့အခါမှာ သာသနာ့အနှစ်သာရ ဖြစ်တဲ့ မဂ်ကိုရအောင် ကျင့်ရမယ်နော်။

"မှန်ပါဘုရား။"

အေး....မကျင့်ယင် ဘာနဲ့တူနေလဲဆိုတော့ သားသမင်နဲ့ တူမနေဘူးလား။

"တူနေပါတယ်ဘုရား။"

တူနေတော့ ကောင်းသေးလား။

"မကောင်းတော့ပါဘုရား။"

မကောင်းတာကို မကောင်းတဲ့အတိုင်း ထားလို့ဘယ်ဖြစ်မလဲ၊ ကောင်းအောင်ကျင့်ရမယ်။ အဲဒီလို ကောင်းအောင်ကျင့်ယင်

ကျင့်, မကျင့်ယင် ဘယ်လိုဖြစ်နိုင်လဲ ဆိုတာကိုနားထောင်ကြည့်ပါအုံး....

"တင်လဲရည်အိုးကို ရပါ သော်လည်း အသောက်မတတ် ပိုးပရွက်ငတ်သည် ထိုတင်လဲရည်အိုး၌ ပျက်စီးရ၏၊ သူတော်တရား နည်းပါးသူသည် ဘုရားမြတ်စွာပွင့်ရာသမယ အခါကာလကို ရနေပါလျက် ထိုဘုရားမြတ်စွာ ပွင့်ရာအခါကာလ သမယ၌ ရတနာသုံးပါး ကျေးဇူးများကို မသိငြားပဲ ပျက်ပြားဆုံးရှုံးရ၏"တဲ့။

အင်မတန်ကို နစ်နာဖို့ကောင်းပါတယ်၊အရှုံးမခံပဲ အမြတ်ရအောင်ယူပါ၊ အမြတ်ရအောင်ယူလို့ ဆိုပေမယ့် လူတိုင်းတော့မလွယ်ပါဘူး၊ကြည့်ပါလား၊ လောကထဲမှာ ရွှေငွေစိန်ကျောက်တွေဟာ တန်ဖိုးရှိမှန်းလူတိုင်းသိတယ်၊ သို့သော် အဲဒီရွှေငွေစိန်ကျောက်တွေကို လူတိုင်းရအောင် ယူနိုင်ရဲ့လား။

"မယူနိုင်ပါဘုရား။"

အေး....အဲဒီ ရွှေငွေစိန်ကျောက်တွေကို လူတိုင်းမသုံးရပဲ ဘုန်းရှင်ကံရှင် သမ္ဘာရှင်တွေမှသာ သုံးရသလို ဒုက္ခအားလုံးမှ ကျွတ်လွတ်စေနိုင်တဲ့ အရိယမဂ်တရားရတနာဆိုတာလဲ လူတိုင်းမသုံးနိုင်ပဲ ဘုန်းရှင်ကံရှင်သမ္ဘာရှင်တွေမှသာ သုံးရတာပဲနော်။

"မှန်ပါဘုရား။"

ယခု မိမိတို့ ဒီသာသနာတော်ကို ချီးမြှောက်ပြီး ဒီတရားတော်တွေကို နာယူနေနိုင် အားထုတ်နေနိုင်တာသည်ပင်လျှင် မိမိတို့ ဘုန်းကံသမ္ဘာပါရမီတွေရှိလို့သာဆိုတာ တထစ်ချဆုံးဖြတ်ယုံကြည်ပါ။

"မှန်ပါဘုရား။"

ဒီတော့ ဘယ်လိုဖြစ်နိုင်လဲ၊ နောက်နောက်က ဘုန်းကံသမ္ဘာ ပါရမီဓာတ်ခံအားကောင်းယင် ဒီဘဝမှာမိမိဖြစ်ချင်တာ ရချင်တာတွေ ဖြစ်မယ် ရမယ်, နောက်နောက်ဘဝက ဘုန်းကံသမ္ဘာ ပါရမီဓာတ်ခံအားနည်းယင် ယခုဘဝ ဖြည့်ကျင့်မှုကြောင့် ရင့်ကျက်အားကောင်းလာမယ် မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

**ဖြည့် ကျင့် ပုံ ဖြည့်ကျင့်နည်း**

ကဲ .... ဒါဖြင့် ဖြည့်ကျင့်ချင်ကြတဲ့ ပုဂ္ဂိုလ်တွေအတွက် ကြိုးစားပြီးတော့ ဖြည့်ကျင့်ဖို့ရာ ကျင့်ပုံကျင့်နည်း အားထုတ်ပုံ အားထုတ်နည်းကို အကျဉ်းချုပ်ပြီး ဟောပြပါ့မယ်၊ သေသေချာချာ နာယူမှတ်သားပြီး ကြိုးစားဖြည့်ကျင့်ပါ၊ အလွယ်ဆုံးနည်းနဲ့ ပြောပြပါမယ်။

အားထုတ်နိုင်တာကတော့ "လျောင်း-ထိုင်-ရပ်-သွား" လေးပါး ဣရိယာပုထ်လုံးနဲ့ အားထုတ်နိုင်ပါတယ်၊ ဣရိယာပုထ်တပါးညောင်း တပါးပြောင်းပြီး မပြတ်တရစပ် အသိသတိကပ်ပြီး ရှုပွားနိုင်ပါတယ်။

အဲဒီ ဣရိယာပုထ်လေးပါးထဲမှာ ထိုင်တဲ့ ဣရိယာပုထ်က အတင့်တယ်ဆုံး ကြာရှည် အသုံးပြုနိုင်ဆုံး နေရာမရွေး ရနိုင်တဲ့အတွက် ငြိမ်သက်တဲ့အတွက် စပြီးတော့ရှုပွား အားထုတ်သူများအတွက် အထိုင်ဣရိယာပုထ်ဟာ အကောင်းဆုံးပါပဲ။

ဒါ့ကြောင့် ယခု အားထုတ်နည်းကို ပြောပြတဲ့ အခါမှာ အထိုင်ဣရိယာပုထ်ကို အဦးဆုံး ပြောပြပါမယ်။

ကဲ .... လက်တွေ အားထုတ်တတ်သွားအောင် ဘုန်းကြီး ညွှန်ကြားတဲ့အတိုင်းလိုက်ပြီး ပြုကျင့်ကြစမ်းပါ၊ အမျိုး သား များက တင်ပလ္လင်ခွေထိုင်ပါ၊ အမျိုးသမီးများက ထိုင်နေ ကျအတိုင်း ကျုံ့ကျုံ့ထိုင်ပါ၊ တင်ပလ္လင်ခွေထိုင်မှ အားရ ပါတယ်ဆိုယင် တင်ပလ္လင်ခွေပြီးထိုင်ပါ၊ ထိုင်တဲ့အခါ ခြေ ထောက်များကို သိပ်ပြီးတော့ ဖိညှပ်ပြီး မထိုင်ပါနှင့်၊ မျှမျှ တတ သက်သောင့်သက်သာ ထိုင်ပါ။

လုံချည်တွေ ပုဆိုးတွေလဲ သိပ်ပြီးတော့ တင်းအောင်မဝတ် ထားပါနဲ့၊ အဝတ်ပုဆိုးများနဲ့လဲ မညီမကပ်ပါစေနဲ့၊ အလိုက် သင့်လေး ဖြစ်ပါစေ၊ ဣရိယာပထသပ္ပာယ မျှရမယ်, ချမ်း သာတဲ့ ဣရိယာပုထ်ကို မှီဝဲရမယ်ဆိုတဲ့အတိုင်း ချမ်းသာပါစေ။

အားလုံးထိုင်လို့ပြီးလျှင် လက်ဝါးနှစ်ဘက်ကို ပက်လက်လှန် ပြီးတော့ ဘယ်ဘက်လက်ဝါးကို အောက်ကထား, ညာဘက် လက်ဝါးကို အပေါ်ကထပ်ပြီး လက်မထိပ်ချင်း ထိကာမျှ ထားပါ၊ အဲဒီ လက်နှစ်ဘက်ကို ခြေသလုံးပေါ်မှာ တင်ထား ကာမျှ တင်ထားပါ။

ခြေသလုံးတွေ ပေါင်တွေလဲ မတောင့်မတင်းထားရပါ၊ လက်နှစ်ဘက်ကိုလဲ မတောင့်မတင်း ထားရပါ၊ မျှမျှတတ သက်တောင့်သက်သာထားပါ။

ပြီးတော့ "ဥဇုံ ကာယံ ပဏိဓာယ" ဆိုတဲ့ ပါဠိတော်အရ အထက်ပိုင်းဖြစ်တဲ့ ကိုယ်ကို ဖြောင့်ဖြောင့်ကလေး ထားပါ၊ ခါးမှ အထက်ပိုင်းကို အထက်ပိုင်းကိုယ်လို့ ခေါ်ပါတယ်၊ အဲဒီ ခါးအထက်ပိုင်းကိုယ်ကို ဖြောင့်ဖြောင့်ထားပါ။

ဘာဖြစ်လို့ ထိုင်တာကို ဒီလောက်တောင် ပြောနေရတာလဲ ဆိုတော့ အဲဒီလို ယခုပြောသလို စနစ်တကျထိုင်တော့မှ အရေ၊ အသား၊ အကြောတွေ မကွေးညွတ်ဘူးတဲ့၊ အဲဒီ အရေ၊ အသား၊ အကြောတွေ မကွေးညွတ်တော့ သူတို့ကွေးညွတ်လျှင် ဖြစ်မယ့် ဒုက္ခဝေဒနာတွေ မဖြစ်တော့ဘူးတဲ့။

ကဲ....ဒီတော့ စပြီးတော့ ထိုင်ကတည်းက ဒုက္ခဝေဒနာမဖြစ်အောင် ချမ်းသာအောင် ထိုင်ရတယ်ဆိုတာ ထင်ရှားမနေဘူးလား။

"ထင်ရှားနေပါတယ်ဘုရား။

ဒါက သင်တန်းပေးနေတာဖြစ်တော့ မေးတာလဲ ဖြေပါအုံး၊ ဒါမှ သဘောပေါက်မှာ၊ အဲဒီလို မျှမျှတတ ထိုင်လို့ ဒုက္ခဝေဒနာမဖြစ်တော့ စိတ်တည်ကြည်မှု ဖြစ်တယ်၊ အားထုတ်နေတဲ့ ကမ္မဋ္ဌာန်းတရား လျှောကျမသွားတော့ဘူး၊ အားထုတ်နေတဲ့ ကမ္မဋ္ဌာန်းတရား တိုးပွားစည်ပင်ပြန့်ပွားခြင်းသို့ ရောက်ပါတယ်တဲ့။

ကဲ....ယခုဆိုယင် တင်ပလ္လင်ခွေပြင်တယ်၊ လက်ပြင်တယ်၊ အထက်ပိုင်းကိုယ်ပြင်တယ်လို့ သုံးခုပြင်လို့ ပြီးသွားပြီ၊ နောက်.... ဘာပြင်ရအုံးမလဲဆိုတော့ ခေါင်းကိုလဲ တည့်တည့် ကလေး ထားပါ၊ တည့်တည့်ဆိုတာက လည်ပင်းရိုးနှင့် ကျောရိုးနှင့် တည့်တည့်နေအောင်ထားပါ၊ မျက်စိကို ရှေ့ရှေ့တည့်တည့် အရာဝတ္ထုကို ကြည့်နေတဲ့ ပုံမျိုးလေးထားပါ။

မျက်စိကိုလဲ အိပ်ခါနီး အချိန်မှာ မှိတ်သလိုလေး မှိတ်ထားပါ၊ သက်သောင့်သက်သာလေး မှိတ်ပါလို့ ဆိုလိုပါတယ်၊

ပါးစပ်ကိုလဲ စကားမပြောပဲ နေတဲ့အခါမှာ စေ့သလိုလေး စေ့ထားပါ။

အားလုံးပြင်လို့ ပြီးသွားယင် တကိုယ်လုံးကို ခြုံပြီး တော့ ပြန်ကြည့်ပါအုံး၊ ဘယ်နေရာက တောင့်နေသလဲ တင်းနေသလဲ ခိုးလိုးခုလု ဖြစ်နေသလဲလို့၊ တကယ်လို့ အဲဒီသဘောတွေဖြစ်နေယင် လျှော့ပေးပါ၊ ပြင်ပေးပါ၊ မလျှော့မတင်း ထိုင်ပါ။

အားလုံး အချိုးကျပြီ ထိုင်သားကျပြီဆိုယင် အသက် ရှူတာကို သတိထားပါ၊ အသက်ရှူ မှန် မမှန်၊ အသက်ရှူ မြန်လဲ မမြန်ရ၊ နှေးလဲ မနှေးရပါ၊ အသက်ရှူပြင်းပြင်းလဲ မရှူရပါ၊ ဣရိယာပုထ် မပြင်ခင်က အသက်ရှူတဲ့ နှုန်းအတိုင်းပဲ ရှူရပါမယ်။

အသက်ရှူ မှန်ပြီဆိုတော့ အဲဒီ အသက်ရှူမှုကို သတိပြုပါ၊ သတိထားပါ၊ အသက်ရှူတယ်ဆိုတာဟာ ဘယ်လိုလဲလို့ သိရအောင်၊ အသက်ရှူတယ်ဆိုတာဟာ တကယ်တော့ နှာခေါင်းထဲ လေဝင်အောင် နှာခေါင်းထဲက လေထွက်အောင် လုပ်နေတာကိုပဲ အသက်ရှူတယ် ခေါ်တာပဲ မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

ဒါဖြင့် တဆင့်တိုးပြီးတော့ သတိထားလိုက်ပါအုံး၊ အဲဒီလေဟာ နှာခေါင်းထဲသို့ ဘယ်လိုဝင်လဲ၊ နှာ ခေါင်း ထဲ မှ ဘယ်လို ထွက်လဲလို့၊ အဲဒီလို တိုး သတိထားတော့ အဲဒီလေဟာ နှာခေါင်းဝ နှာခေါင်းဖုလေးကို "တိုးတိုး" ဝင် "တိုးတိုး" ထွက်နေတာကို မသိရဘူးလား။

"သိရပါတယ်ဘုရား။"

အေး....လေဆိုတာက ဝါယောရုပ်၊ တိုးတာက အဲဒီ ဝါယောရုပ်ရဲ့ သဘာဝလက္ခဏာ၊ ကိုယ်ပိုင်လက္ခဏာ၊ တခြားရုပ်တွေနဲ့ မဆိုင်တဲ့ ဝါယောရုပ်မှာသာ ရှိတဲ့ အမှတ်အသားပဲ၊ ဒီတော့ သတိကို ဘယ်မှာ ထားရမှာလဲဆိုတော့ အဲဒီ တိုးသဘောလေး တိုးတိုးနေတဲ့နေရာမှာ သတိကို ကပ်ထားပါ။

"ပရိမုခံ သတိံ ဥပဋ္ဌပေတွာ" အရပြောတော့ အဲဒီတိုးသဘောက အရှုခံကမ္မဋ္ဌာန်း, သတိက ရှုတဲ့ကမ္မဋ္ဌာန်း၊ အရှုခံတိုးသဘောအပေါ်မှာ ရှုတဲ့ သတိကို အမြဲ တင်ထားရမယ် အမြဲကပ်ထားရမယ်နော်။

"မှန်ပါဘုရား။"

အဲဒီလို တိုးသဘောလေး တိုးတဲ့နေရာမှာ သတိကပ်ထားတော့ "တိုးတိုး"သွားတာကို မသိရဘူးလား။

"သိရပါတယ်ဘုရား။"

အဝင်အထွက်ကို သတိထားခိုင်းတာမဟုတ်ဘူးနော်၊ တိုးသဘောသက်သက်ကို သတိထားခိုင်းတာ၊ အဝင်တိုးလဲ အတိုးပဲ၊ အထွက်တိုးလဲ အတိုးပဲ၊ တိုးမှုတချက် သိမှုတချက် ရှုရမယ်။

အဲဒီ တိုးသဘောက ဝါယောရုပ်ဖြစ်လို့ တိုးတဲ့အခိုက်"ရုပ်" လို့ရှုလိုက်ပါ၊ ဒီတော့"တိုးမှု" တချက်, "ရုပ်"လို့ရှုမှုတချက်, တိုးတိုင်း ရုပ်လို့ မလွတ်တမ်း ရှုရမယ်နော်။

"မှန်ပါဘုရား။"

တနာရီအားထုတ်ယင် အဲဒီ တနာရီအတွင်းမှာ တိုးသမျှ တိုးမှုတွေကို တိုးတိုင်းတိုးတိုင်း "ရုပ်ရုပ်"လို့ရှုနိုင်ယင် အဲဒီ တနာရီထဲနဲ့ပဲ တရားအသိအမြင် ထူးနိုင်ပါတယ်။

အဲဒါ ဝါယောရုပ်ပရမတ်ရဲ့ သဘာဝလက္ခဏာ တိုးမှုပရမတ်ကို ရှုပွားနေတာပါ၊ တိုးသဘောက ရုပ်ပရမတ်ပါ၊ ရုပ်လို့ရှုနေတာက နာမ်ပရမတ်ပါ၊ ဒီတော့ ရုပ်ကို နာမ်က ရှုပွားအားထုတ်နေတာပါ၊ ပုဂ္ဂိုလ်သတ္တဝါက ရှုပွားအားထုတ်နေတာ မဟုတ်ပါဘူး၊ အဲဒီလို "တိုးမှုတချက်" "ရုပ်လို့ရှုမှုတချက်" ရှုပွားအားထုတ်နေယင် ဝိပဿနာ မဂ်ပညာဖြစ်နေပါတယ်။

တိုးတဲ့အခိုက် "ရုပ်" လို့ရှုလိုက်ယင် ဝိပဿနာမဂ်တချက် ဖြစ်သွားပါတယ်၊ တိုးသဘောရုပ်က ဒုက္ခသစ္စာပါ၊ ရုပ်လို့ရှုတာက မဂ္ဂသစ္စာပါ၊ ဒီတော့ တိုးသဘောက ဒုက္ခ၊ ရှုပွားတာက မဂ္ဂပေါ့နော်။

"မှန်ပါဘုရား။"

အဲဒီ မဂ်ဟာ အရိယမဂ်ရဲ့ ရှေ့သွားဖြစ်လို့ "ပုဗ္ဗဘာဂမဂ်" ပေါ့၊ ဒီပုဗ္ဗဘာဂမဂ်ကိုပဲ မှီဝဲရမယ်၊ ပွားများရမယ်၊ ကြိမ်ဖန်များစွာပြုလုပ်ရမယ်၊ ဒီပုဗ္ဗဘာဂမဂ်ရင့်ကျက်ယင် အရိယမဂ်ဖြစ်ရော နော်။

"မှန်ပါဘုရား။"

အဲဒီလို တိုးတိုင်းတိုးတိုင်း "ရုပ်ရုပ်" လို့ရှုပွားအားထုတ်နေယင်းနဲ့ အရှုခံအာရုံ တိုးသဘောဆီမှာ စိတ်မနေပဲ တခြားအာရုံတပါးပါးဆီ စိတ်ရောက်သွားယင် "ငါ့စိတ် တခြားအာရုံဆီရောက်သွားပါလား" လို့ သိလိုက်ပါ။

အဲဒီလို သိလိုက်ယင် တခြားအာရုံဆီ ရောက်သွားတဲ့စိတ်မရှိတော့ဘူး၊ သိတဲ့စိတ်ဟာ အမြင်မှန်စိတ်ပဲ၊ အဲဒီစိတ်နဲ့ မူလ

ရှုနေတဲ့ တိုးသဘောရုပ်ကို ပြန်ပြီးတော့ရှုနော်၊ တိုးမှုတချက် ရုပ်လို့ရှုမှုတချက်၊ အာရုံတချက် အသိတချက်ပေါ့နော်။

"မှန်ပါဘုရား။"

ရှုနေယင်းနဲ့ မျက်စိအာရုံမှာ မြင်စရာကိုမြင်နေလျှင် ဘာပဲမြင်မြင် မြင်စရာမှန်သမျှလို့ပဲ ရှု၊ နားမှာ ဘာပဲကြားကြား အသံမှန်သမျှ ရုပ်မို့ ရုပ်လို့ပဲ ရှု၊ ရှုနေယင်းတစုံတရာအနံ့နံလျှင် မစဉ်းစားနဲ့ ရုပ်လို့ရှု၊ စားစရာမှန်သမျှစားနေစဉ် ရုပ်လို့ပဲ ရှုစား၊ ကိုယ်မှာ တစုံတရာ လာထိသမျှ ထိတိုင်းထိတိုင်း ရုပ်လို့ ရှု။

မြင်, ကြား, နံ, လျက်, ထိ, သမျှတွေကို လိုက်လိုက်သိသော အသိမှန်သမျှကို နာမ်လို့ ရှုပါ။

ထိုင်ပြီးတော့ နှာခေါင်းမှာလာတိုးနေသော တိုးသဘောရုပ်ကို ရုပ်ရုပ်လို့ရှုနေယင်း ရင်ထဲက ခုံမယ်တုံမယ် လှုပ်မယ် တိုးမယ် ဆိုယင်လဲ ရုပ် ရုပ်လို့ပဲ ရှုပါ။

အဲဒီလို ရှုနေယင်းနဲ့ အထိုင်ကြာလို့ အောက်ပိုင်းခန္ဓာကိုယ်က နာကျင်ကိုက်ခဲလာယင်လဲ သိတာပဲ၊ အဲဒီအခါမှာ အဲဒီနာကျင်ကိုက်ခဲမှုကို သည်းခံနိုင်လျှင် သည်းခံပြီး မူလအရှုခံ တိုးသဘောကိုပဲ ရုပ် ရုပ်လို့ ရှုနေပါ။

သို့မဟုတ် အဲဒီနာကျင်ကိုက်ခဲမှုက အမြဲမပြတ် တရစပ်နာကျင်ကိုက်ခဲနေပါယင် အဲဒီ နာကျင်ကိုက်ခဲတာလဲ ရုပ်ဖောက်ပြန်တာပဲမို့ ရုပ် ရုပ်လို့ပဲ ရှုပါ။

နာကျင်ကိုက်ခဲမှုကို ခံစားတာကမှ ဝေဒနာနော်၊ နာကျင်ကိုက်ခဲမှုက ရုပ်ဖောက်ပြန်တာ၊ သိတာက စိတ်က သိတာ၊

ဒီတော့ ရုပ်ရယ်၊ ဝေဒနာရယ်, စိတ်ရယ်လို့ သုံးမျိုး ရှိတယ်၊ အဲဒီ သုံးမျိုးလဲ ခွဲသိနော်။

"မှန်ပါဘုရား။"

အဲ....တကယ်လို့ အဲဒီ နာကျင်ကိုက်ခဲမှုကို မရှုလဲ မရှုနိုင်ပဲ သည်းလဲမခံနိုင်ပဲ ဖြစ်နေပြီဆိုယင် ဣရိယာပုထ်ကိုပြင်ပါ၊ အဲဒီလို ပြင်ဆဲမှာတော့ မူလ တိုးသဘောရုပ်လဲ မရှုနဲ့တော့၊ ခဏ ရပ်ထားပြီး ဣရိယာပုထ် မပြင်ခင်က ဘယ်လို နာတယ် ကျင်တယ်၊ ကိုက်ခဲတယ်၊ ပြင်ဆဲမှာ ဘယ်လိုနာကျင်ကိုက်ခဲတယ်၊ ပြင်ပြီးတော့ ဘယ်လို နာကျင်ကိုက်ခဲတယ်ဆိုတာကို သတိမပြတ် အသိကပ်ပြီး ရှုပွားယင်း ပြင်ပါ။

အဲဒီလို ပြင်ဆဲပြောင်းဆဲမှာ ရှုယင်း ပွားယင်းနဲ့လဲ တရား အထူးရနိုင်ပါတယ်၊ အရှုအပွားမပျက်ပါဘူး၊ အဲဒီလို ရှုပွား ယင်းပြင်လို့ပြောင်းလို့ ပြီးပြီဆိုတော့ မူလအရှုခံ တိုးသဘောကို ပြန်ရှုပါ။

**ရှင်အာနန္ဒ တရားရပုံ** အဲဒီလို မူလအရှုခံ တိုးသဘော ကမ္မဋ္ဌာန်း ကို ရှုယင်း ပွားယင်း ပြင်တာကို အချို့က အားထုတ်မှု ပျက်တယ်လို့ အယူအဆရှိကြတယ်၊ ဒါ့ကြောင့် မပြင်နဲ့ မပြောင်းနဲ့လို့ ဆိုကြတယ်၊ နောက်က ဘုန်းကြီးပြော ခဲ့ပါပြီ၊ မပြင်ယင်မပြောင်းယင် အပြစ်လေးချက်ဖြစ်ပုံ,ပြင်ယင် ပြောင်းယင် အကျိုးလေးချက်ဖြစ်ပုံကို မှတ်မိသေးလား။

"မှတ်မိပါတယ် ဘုရား။"

ယခုပြောပြမှာက ရှင်အာနန္ဒ အရှင်မြတ် တရားအားထုတ်ပုံ ဣရိယာပုထ်ပြောင်းယင်းနဲ့ တရားရပုံကို ပြောပြပါမယ်။

ရှင်အာနန္ဒ အရှင်မြတ်ဟာ ပထမသင်္ဂါယနာ တင်ပွဲအမီ ရဟန္တာဖြစ်အောင် အားထုတ်မယ်ဆိုပြီး တညလုံး စင်္ကြံ လျှောက်ပြီး အားထုတ်နေပါတယ်၊ နံနက်မိုးသောက် အလင်း ရောက်လျှင် သင်္ဂါယနာတင်ပွဲက စပါတော့မယ်။

ဒီတော့ အရှင်မြတ်ဟာ ပြင်းထန်သောဝီရိယနဲ့ စင်္ကြံ လျှောက်ပြီး အားထုတ်ပါတယ်၊ နံနက်အရုဏ်ကျင်း အလင်း ရောက်ခါနီးတော့ ကိုယ်တွေပင်ပန်းလာတယ်၊ ဒီတော့ စိတ်ကို လျှော့လိုက်ပါတယ်။

ရဟန္တာမဖြစ်ချင်လဲနေတော့ သောတာပန်အဖြစ်နဲ့ပဲ သင်္ဂါ ယနာတင်ပွဲ နွှဲရတော့မှာပဲ၊ ခဏအိပ်အုံးမှပဲဆိုပြီး ဝီရိယလျှော့ ကာ အိပ်ရန်အတွက် ညောင်စောင်းဆီသို့ ခြေဦးလှည့်လိုက်ပါ တယ်။

အရှင်မြတ်ဟာ ရဟန္တာဖြစ်ချင်ဇောနဲ့ အားထုတ်နေတာ ဖြစ်တော့ ဝီရိယလွန်နေပါတယ်၊ ယခု ရဟန္တာမဖြစ်ချင်နေတော့ သောတာပန်အဖြစ်နဲ့ပဲ သင်္ဂါယနာပွဲ နွှဲတော့မယ်လို့ ဝီရိယ လျှော့ချလိုက်မှ ဝီရိယနဲ့သမာဓိမျှရုံပဲ ရှိတယ်၊ အနေတော် ဝီရိယ ပဲ ရှိပါတယ်။

ဝီရိယသာ လျှော့ပေမယ့် ရှုပွားမှုကတော့ မလစ်မလပ်ပဲ တရစပ်ရှုပွားနေပါတယ်၊ အဲဒီလို ရှုပွားနေယင်းနဲ့ စင်္ကြံလျှောက် တဲ့ ဣရိယာပုထ်မှ လျောင်းတဲ့ဣရိယာပုထ်သို့ပြောင်းဆဲမှာ ရှုပွား ယင်းနဲ့ ပြောင်းတော့ ခေါင်းအုံးပေါ်သို့ ခေါင်းကလဲမရောက် သေးဘူး၊ ခြေထောက်ကလဲ မြေမှအလွတ် အဲဒီအတွင်းမှာ အာသဝေါကင်းကွာ ရဟန္တာဖြစ်သွားပါတယ်။

အရှင်မြတ်ဟာ သောတာပန်မှ ရဟန္တာဖြစ်ရတော့ အဲဒီပြောင်းဆဲပြင်ဆဲမှာ ရှုပွားယင်းနဲ့ ပြောင်းပြင်တော့ သကဒါဂါမိမဂ်ဖိုလ်, အနာဂါမိမဂ်ဖိုလ်, အရဟတ္တမဂ်ဖိုလ်ရယ်လို့ သုံးမဂ်သုံးဖိုလ် တောင် ရမသွားဘူးလား။

"ရသွားပါတယ် ဘုရား။"

တကယ်လို့သာ အားထုတ်နေစဉ် ဣရိယာပုထ်ပြောင်းလို့ တရားမရဘူးဆိုယင် ရှင်အာနန္ဒ အရှင်မြတ်ဟာ တရားမရတော့ပါဘူး၊ အခု အရှင်မြတ် တရားရတာဟာ ပြောင်းလို့ပြင်လို့ မျှတသွားလို့ ရတာပါ၊ ဒီတော့ မမျှတယင် မျှတအောင် ပြင်နိုင်ပြောင်းနိုင်ပါတယ်နော်။

"မှန်ပါ ဘုရား။"

အရေးကြီးတာက ရှုပွားမှု သ တိ ပ ညာ လက် မ လွှတ် ဖို့ ပဲ အရေးကြီးပါတယ်၊ ဣရိယာပုထ် မပြောင်းပဲနဲ့ သတိပညာ လက်လွှတ်နေလဲ အရှုအပွားပျက်နေတာပဲ မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား။"

ကဲ....ဒီလောက်ဆိုယင် ဣရိယာပုထ်ပြင်မှု-မပြင်မှုနှင့်ပတ်သက်ပြီးတော့ သဘောပေါက်လောက်ပါပြီ၊ ဒီတော့ ထိုင်တဲ့ဣရိယာပုထ်နဲ့ ရှုပွားနည်း အချုပ်ပြန်ပြောပါမယ်။

စပြီးတော့ ထိုင်လျှင်ထိုင်ချင်း နှာခေါင်းမှ တိုးသဘောကို ရှုပါ၊ ရှုနေယင်းနဲ့ အာရုံထဲမှာ တခုခုကိုမြင်လျှင်လဲ ရုပ်လို့ရှုပါ၊ အသံကြားယင်လဲ ရုပ်လို့ရှုပါ၊ အနံ့နံလျှင်လဲ ရုပ်လို့ရှုပါ၊ ထိုင်စဉ်တော့ မစားပါဘူး၊ ထိတော့ ထိသမျှရုပ်လို့ရှုပါ၊ ကြံစရာ

 

အာရုံကိုကြံလျှင်တော့ ရုပ်လဲဖြစ်နိုင်တယ်၊ ရုပ်ဖြစ်လျှင် ရုပ်လို့ရှုပါ၊ နာမ်လဲဖြစ်တယ်၊ နာမ်ဖြစ်လျှင် နာမ်လို့ရှုပါနော်။

"မှန်ပါ ဘုရား။"

အဲဒီတိုးဘဘောပျောက်သွားယင် ရင်မှာတိုးမှု၊ ခုံမှု၊ တံမှု၊ လှုပ်မှုတခုခုကို ရှုပါ၊ ရုံခါကျတော့ ကိုယ်ပါပျောက်သွားပြီ၊ တိုးသဘောလဲ ပျောက်သွားပြီဆိုယင် အသိကလေးကို ပြန်ရှုပါ၊ ရှေ့အသိကို နောက်အသိနဲ့ နာမ်-နာမ်လို့ လိုက်ရှုပါနော်။

"မှန်ပါ ဘုရား။"

**သွား-ရပ်-လျှောင်း** ကဲ....ဒီလောက်ဆိုယင် အထိုင်ဣရိယာပုထ်နဲ့ အားထုတ်မှုအကျဉ်းချုပ် သ ဘော ပေါက်လောက်ပါပြီ၊ ယခု သွား ရပ် လျှောင်း တဲ့ ဣရိယာပုထ်နဲ့ အားထုတ်ပုံအချုပ်ကို ပြောပြပါမယ်။

သွားတဲ့အခါ ကိုယ်ကိုမတ်မတ်ကလေးထားပြီး လေးထောင့်ခန့်မျှ မျက်လွှာချသွားပါ၊ ခြေထောက်ကို ငုံ့မကြည့်ပါနဲ့၊ ကြွမှု၊ လှမ်းမှု၊ ချမှုတို့ကို အာရုံပြုပြီးတော့ ကြွတဲ့အခိုက် "ရုပ်"လှမ်းတဲ့အခိုက် "ရုပ်" ချတဲ့အခိုက် "ရုပ်"လို့ ကြွတိုင်း၊ လှမ်းတိုင်း၊ ချတိုင်း "ရုပ်၊ရုပ်၊ရုပ်"လို့ ရှုယင်းနဲ့ စင်္ကြံလျှောက်ပါ၊ သွားပါ။

ခြေတလှမ်းမှာ သုံးချက်ရှုနိုင်ယင် ရှုပါ၊မရှုနိုင်ယင် နှစ်ချက်ရှုပါ၊ မရှုနိုင်ယင် တချက်ပဲရှုပါ၊ အကြဲအစိပ်ကတော့ အတူတူပါပဲ၊ သုံးချက်ရှုတော့ နှေးတယ်၊ နှစ်ချက်ရှုတော့ နဲနဲမြန်တယ်၊ တချက်ရှုတော့ ပိုမြန်တယ်၊ အပြီးသတ်တော့ ရှုချက်နှုန်းဟာ အတူတူပါပဲ။

ရှုပွားသူရဲ့စရိုက်နဲ့အညီ အနေးအမြန်လျှော်သလိုရှုပါ၊ ရှုစဉ်မှာ ကြွသဘော, လှမ်းသဘော, ချသဘောမျှသာ မြင်အောင်ကြည့်ပါ၊ ခြေထောက်မကြည့်ပါနဲ့၊ ဘယ်ညာကို မကြည့်ပါနဲ့၊ အာရုံမပြုပါနဲ့နော်။

"မှန်ပါ ဘုရား။"

ခြေထောက်ကို ငုံ့ကြည့်လျှောက်ယင် ဘယ်ညာကို အာရုံပြုလျှောက်ယင် ပညတ်ပဲ၊ ပညတ်ရှုပဲဖြစ်နေမယ်၊ ပညတ်ရှုဆိုက သမထပဲ ဖြစ်တယ်၊ ဝိပဿနာရဲ့ အာရုံက ရုပ်နာမ်နော်။

"မှန်ပါ ဘုရား။"

အဓိက သွားတဲ့အခါမှာ ဝါယောရုပ်ရဲ့ကြွသဘော, လှမ်းသဘော, ချသဘောမျှကို မြင်အောင်ရှုရမှာ၊ ဒီတော့မှ အနိစ္စမြင်မှာပေါ့၊ ခြေထောက်ကြည့်လျှောက်တော့ ခြေထောက်ပဲမြင်မှာပေါ့၊ အနိစ္စမမြင်နိုင်ဘူးနော်။

"မှန်ပါ ဘုရား။"

သွားစဉ် ကွေးတဲ့အခါမှာလဲ ရုပ်လို့ရှု၊ ဆန့်တဲ့အခါမှာလဲ ရုပ်လို့ရှု၊ ရုပ်လဲ ရုပ်လို့ရှု, ကြည့်လဲ ရုပ်လို့ရှု၊ မျက်တောင်ခတ်လဲ ရုပ်လို့ရှုနော်။

"မှန်ပါ ဘုရား။"

ရုပ်တဲ့အခါမှာ နှာခေါင်းမှ တိုးသဘောကိုဖဲ့ ရုပ်,ရုပ်လို့ရှုပါ၊ သို့မဟုတ် ရုပ်တဲ့အခါမှာ ဝါယောရုပ်ရဲ့ ထိန်းသဘော, မယိမ်းမယိုင် မလဲမပြိုအောင် ထိန်းပေးတဲ့ ထိန်းသဘောကို ရုပ်–ရုပ်လို့ ရှုပါနော်။

"မှန်ပါ ဘုရား။"

လျှောင်းတဲ့အခါမှာတော့ ထိုင်တဲ့အခါမှာကဲ့သို့ နှာခေါင်းမှ တိုးသဘောကိုပဲ "ရှုပ်,ရှုပ်" လို့ ရှုနေပါ၊ တိုးမှုတချက် သိမှုတချက်ပေါ့။

စောင်းပြီးတော့ အိပ်တဲ့အခါ ခေါင်းအုံးနဲ့ ခေါင်းနဲ့ထိနေယင် ဒိတ်ဒိတ်နဲ့တိုးနေတဲ့ တိုးသဘောကို တိုးမှုတချက် ရှုပ်လို့ ရှုမှုတချက် ရှုပါ။

ပက်လက်လှန်ပြီးတော့အိပ်ယင် ရင်မှာခုံမှုတချက် ရှုပ်လို့ရှုမှုတချက် ရှုပါ၊ ပြီးတော့ တုန်မှုတချက် ရှုပ်လို့ ရှုမှုတချက်လဲ ရှုနိုင်ပါတယ်၊ သို့မဟုတ် လှုပ်မှုတချက် ရှုပ်လို့ ရှုမှုတချက်လဲ ရှုနိုင်ပါတယ်၊ သို့မဟုတ် တိုးမှုတချက် ရှုပ်လို့ရှုမှု တချက်လဲ ရှုနိုင်ပါတယ်၊ ရှုတဲ့ သဘောသက်သက်မျှကို မြင်အောင်ရှုရပါမယ်၊ သဏ္ဌာန်ဒြပ် အစိုင်အခဲတွေ အာရုံပြုပြီး မရှုရဘူးနော်။

"မှန်ပါ ဘုရား။"

စားတဲ့အခါ, သောက်တဲ့အခါ, ခဲတဲ့အခါ, လျှက်တဲ့အခါ, ဝါးတဲ့အခါ,မျိုတဲ့အခါ,စုပ်တဲ့အခါတိုင်းမှာလဲ "စား,သောက်, ခဲ, လျှက်, ဝါး, မျို, စုပ်"တဲ့ အမူအရာသဘောကို မြင်အောင်ရှုပြီးတော့ "စား, သောက်, ခဲ, လျှက်, ဝါး, မျို, စုပ်"ပါနော်။

"မှန်ပါ ဘုရား။"

စားစရာတွေရဲ့ အရသာ ရသာရုံကိုလဲ ရှုပ်လို့ရှုပြီးတော့ စားပါ၊ တံတွေးမျိုချလဲ ရှုပ်လို့ရှုပြီးတော့ မျိုချပါ၊ ချောင်းဆိုးချင်ယင်လဲ အောင့်မထားပါနဲ့၊ လည်ချောင်းယားလာကတည်းက ရှုပ်လို့ရှုပါ၊ ချောင်းဆိုးလဲ ရှုပ်လို့ ရှုပါနော်။

"မှန်ပါ ဘုရား။"

ကျင်ကြီးစွန့်လဲ ရုပ်လို့ ရှုပါ၊ ကျင်ငယ်စွန့်လဲ ရုပ်လို့ ရှုပါ၊ အကျဉ်းချုပ်ပြောရယင် ကိုယ်အမူအရာ ပြုတိုင်းပြုတိုင်း ရုပ်လို့ ရှုပြီးတော့ ပြုပါ၊ နှုတ်အမူအရာ ပြောတိုင်းပြောတိုင်း ရုပ်လို့ ရှုပါ။

**အချုပ်ရှုပွားပုံ** ကဲ....ယခုဆိုယင် ရှုပွားပုံ ဣရိယာပုထ်လုံး ပြောပြီးပါပြီ၊ အားလုံးကိုခြုံပြီးတော့ ပြန်ပြောချင်ပါတယ်၊ အဲဒါ လင်္ကာလေးနဲ့ မှတ်ထားပါ။

* ဣရိယာပုထ်, အလုပ်တဖြာ၊
အချိန်မရွေး, မရွေးနေရာ။
ကိုယ်-နှုတ်-မနော, ပြု-ပြော-ကြံရာ၊
ရှုပွားက ရောက်ရနိဗ္ဗာနာ။ ။

ဒီဝိပဿနာတရားတော်ဟာ ရှုပွားရတာ အင်မတန်လွယ်ကူပါတယ်၊ သက်သာပါတယ်၊ ဣရိယာပုထ်တိုင်း ရှုပွားလို့ဖြစ်ပါတယ်၊ အချိန်တိုင်းလဲ ရှုပွားလို့ဖြစ်ပါတယ်၊ နေရာတိုင်းမှာလဲ ရှုပွားလို့ဖြစ်ပါတယ်၊ ဘယ်လိုအလုပ်မျိုးမှာမဆို အလုပ်တိုင်းမှာလဲ ရှုပွားလို့ ဖြစ်ပါတယ်။

ရှုပွားတဲ့အခါမှာလဲ ပင်ပန်းမှု ဆင်းရဲမှု မရှိပါဘူး၊ တကယ်လို့ ရှုပွားစဉ်မှာ ပင်ပန်းပါတယ်၊ ဆင်းရဲပါတယ်ဆိုယင် ရှုပွားအားထုတ်နည်း မမှန်လို့ဖြစ်ပါလိမ့်မယ်၊ အယူအဆမတတ်လို့ ဖြစ်ပါလိမ့်မယ်၊ အားထုတ်မှုလွန်ကဲလို့ ဖြစ်ပါလိမ့်မယ်။

မှန်ပါတယ်၊ဘုရားရှင်ကိုယ်တိုင်ပဲ ဒီတရားကိုရှုပွားအားထုတ်ယင် နဂိုက အိမ်ပါ ကိုယ်ဆင်းရဲစိတ်ဆင်းရဲတွေပါ ချုပ်မယ်

ပျောက်မယ်လို့ ဟောထားတာပဲ၊ တကယ်အားထုတ်ကြည့်တော့လဲ ဟုတ်ပါတယ်။

အားထုတ်ပုံစနစ်ကျယင် အားထုတ်စဉ်မှာလဲ မဆင်းရဲပါဘူး၊ ပါလာတဲ့ ဆင်းရဲတွေလဲ ပျောက်ပါတယ်၊ အားထုတ်ပြီးယင်တော့ ဆိုဖွယ်ရာမရှိပေါ့၊ ကျန်းမာဝဖြိုးလာပါတယ်။

ဟုတ်တယ်လေ၊ တရားအားထုတ်တာဟာ ဘာများပင်ပန်းစရာရှိလဲ၊ ချီရတာ, မ-ရတာ, ပင့်ရတာ, မြှောက်ရတာ, ထမ်းရတာ, ပိုးရတာ, ခုတ်ရတာ, ထစ်ရတာ, တွန်းရတာ, တိုက်ရဘာ, သယ်ရဘာ, ရွှေ့ရတာမျိုးမှ မဟုတ်တာပဲ၊ အရှုခံအရှိ ရုပ်သဘောကို အသိနာမ်သဘောကလေးနဲ့ အလိုက်သင့်ကလေး မျှတစွာ ကြည့်နေ ရှုနေရုံပဲဟာ။

အရှုခံအာရုံကလဲ သဘောတရားမျှ, ရှုပွားတဲ့နာမ်တရားကလဲ သဘောတရားမျှ၊ ဘဘောတရားချင်း သဘောတရားချင်းတည့်အောင် ပြုလုပ်ပေးရုံပဲဟာ ပင်ပန်းစရာရှိသေးလား။

"မရှိပါ ဘုရား။"

အရှိကို အရှိတိုင်း အလိုက်သင့်ပဲ အသိ-သတိကပ်ပြီး မလွတ်တမ်းလိုက်ပြီးတော့ ရုပ်တရားဆို ရုပ်လို့ရှုပေါ့၊ နာမ်တရားဆိုနာမ်လို့ ရှုပေါ့နော်။

"မှန်ပါ ဘုရား။"

အာရုံတွေ ဘယ်လောက်များများ ရုပ်နာမ်တွေ ဘယ်လိုပဲပြားပြား ရှုချက်အနေနဲ့ ရုပ်အားလုံးကို ရုပ်လို့ရှု၊ နာမ်အားလုံးကို နာမ်လို့ရှုဆိုတော့ ရှုချက်အနေနဲ့ နှစ်ချက်ပဲ ရှိတယ်မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

ကဲ....အဲဒါဟာ အချုပ်အားဖြင့် ဣရိယာပုထ်ရှုပွားနည်းပါပဲ၊ ဒီလောက်ဆိုယင် ရှုပွားတတ်ပါပြီ၊အဲဒီလိုရှုပွားလို့ ဝိပဿနာဉာဏ်တွေ ရရှိတဲ့ ယောဂီတွေဟာ များစွာရှိပါတယ်။ တချို့ယောဂီတွေများ စပြီးတော့ အားထုတ်တဲ့အချိန်ပိုင်း, နာရီပိုင်းထဲက ဝိပဿနာဉာဏ်ကို ရရှိသိရှိပါတယ်။

ဒါဖြင့် အရှင်ဘုရားဟောတဲ့ ရှုပွားအားထုတ်နည်းဟာ ဒါတင်ပဲလားဆိုတော့ မဟုတ်သေးပါဘူး၊ အဲဒါအပြင် နောက်ထပ်အများကြီး ရှိပါသေးတယ်၊ အဲဒါတွေကတော့ တကယ့်ကို လက်တွေ့အားထုတ်ယင်းမှ ပြောပြလို့ မှတ်မိပြီး အားလဲ ထုတ်တတ်ပါလိမ့်မယ်။ ယခုတော့ ဒီလောက်ဆိုယင် လုံလောက်ပါပြီ။

အဲဒီလို ဣရိယာပုထ်ရှုပွားနည်းနဲ့ ရှုပွားနေယင်းနဲ့ တခြားအာရုံတမျိုးမျိုးဆီကို စိတ်ကူးမိမယ်၊ ကြံစည်မိမယ် ဆိုယင်လဲ အဲဒီအာရုံကိုဖြစ်ဖြစ်၊ အဲဒီစိတ်ကိုဖြစ်ဖြစ် ရုပ်ဖြစ်က ရုပ်လို့ရှု၊ စိတ်ဖြစ်က နာမ်လို့ရှုနေဘ်။

"မှန်ပါဘုရား။"

ပြီးတော့ ညောင်းညာကိုက်ခဲမှုစတဲ့ ရုပ် ဖောက်ပြန်မှုတွေ ဖြစ်ပေါ်လာယင်လဲ အဲဒီ ရုပ်ဖောက်ပြန်မှုကိုလဲ ရှုပွားနိုင်ပါတယ်၊ အဲဒီဖောက်ပြန်မှုကို ခံစားတဲ့ဝေဒနာကိုလဲ ရှုပွားနိုင်ပါတယ်။

မြင်မှု,ကြားမှုစသည် ဖြစ်ပေါ်လာယင်လဲ ရှုပွားနိုင်ပါတယ်၊ တည့်တည့်ကြည့်မှု, တစောင်းကြည့်မှု, ကွေးမှု, ဆန့်မှု, ရှေ့တက်

မှု, နောက်ဆုတ်မှုတွေလဲ ရုပ်လို့ရှုပါ၊ အမူအရာတချက် ရှုမှု တချက်ပေါ့နော်။

"မှန်ပါဘုရား။"

ရဟန်းတော်တွေဆိုယင် သပိတ်,သင်္ကန်း,ကိုင်တွယ်မှု၊ လူတွေဆိုယင် အဝတ်,ပုဆိုးထဘီ,တဘက် အိုးခွက် ပန်းကန် စသည်ကိုင်တွယ်မှု, စားမှု, သောက်မှု, လျှက်မှု, ခဲမှု, သွားမှု, ရပ်မှု, ထိုင်မှု, လျောင်းမှု,နိုးမှု,အိပ်မှု,စကားပြောမှု, တိတ်တိတ်နေမှု, ကျင်ကြီးကျင်ငယ်စွန့်မှုစသည့် ကိုယ်အမူအရာ အထူးအထွေမှန်သမျှ ရုပ်-ရုပ်လို့ ရှုပါ၊ စိတ်အမူအရာ အထူးအထွေ မှန်သမျှ အားလုံးကို နာမ်-နာမ်လို့ ရှုပါ။

အဲဒီလို ကိုယ်အမူအရာ အထူးအထွေ, စိတ်အမူအရာအထူးအထွေ,ခံစားမှု ဝေဒနာအထူးအထွေ မရှိဘူးဆိုယင် မူလရှုနေတဲ့ တိုးသဘောကိုပဲ တိုးမှုတချက် သိမှုတချက်၊ အာရုံတချက် အသိတချက်၊ တိုးတိုင်းတိုးတိုင်း "ရုပ်-ရုပ်" လို့ သတိမပြတ် အသိကပ်ပြီး မပြတ်တရစပ် ရှုပွားနေရမယ်နော်။

"မှန်ပါဘုရား။"

**မဂ္ဂင် ၅-ပါး** အဲဒီလို တိုးတိုင်း,တိုးတိုင်း "ရုပ်-ရုပ်" လို့ မပြတ်တရစပ် ရှုပွားနေတဲ့အခါမှာ ရှုပွားချက် တချက်ချက်တိုင်း မိမိသန္တာန်မှာ မဂ္ဂင် ၅-ပါးဖြစ်နေပါတယ်၊ ရုပ်လို့ရှုတာက မဂ္ဂသစ္စာ၊ မဂ္ဂင် ၅-ပါးနှင့် ရှုနေတာ၊ ရုပ်တရားက ဒုက္ခသစ္စာ၊ ဒီတော့ ဘယ်လိုအကျိုးရလဲဆိုတော့ သမုဒယသစ္စာကို ပယ်ခွာနိုင်၍ နိရောဓသစ္စာသို့ ဆိုက်ရောက်တဲ့ အကျိုးရှိပါ

တယ်၊ ဒါကြောင့် မိမိသန္တာန်မှာ ရှုပွားတိုင်း မဂ္ဂင် ၅-ပါး ဖြစ်ပုံကို ပြောပြပါအုံးမယ်။

၁။ အရှုခံ တိုးသဘောအာရုံကို မလွတ်တမ်းရှုပွား နိုင်အောင် လုံ့လစိုက်မှု ကြောင့်ကြစိုက်မှု သမ္မာဝါယာမမဂ္ဂင်။

၂။ အရှုခံ တိုးသဘောအာရုံကို ထင်ရှားအောင် သတိထားနေတာက သမ္မာသတိမဂ္ဂင်။

၃။ အရှုခံ တိုးသဘောအာရုံ၌ စူးစိုက်တည်ကြည်မှုက သမ္မာသမာဓိမဂ္ဂင်။

အဲဒီမဂ္ဂင်သုံးပါးကို သမာဓိမဂ္ဂင်သုံးပါးလို့ ခေါ်ပါတယ်။ တချို့က ဝိပဿနာတရား အားထုတ်တဲ့အခါ သမာဓိ မလိုပါဘူးလို့ ပြောသံကြားရပါတယ်၊ မဟုတ်ပါဘူး၊ မသိလို့ပြောတာပါ၊ သမာဓိလိုပါတယ်။

ဘုရားရှင်က ဟောကတည်းက "ပရိမုခံသတိံ ဥပဋ္ဌပေတွာ" "ကမ္မဋ္ဌာန်းသို့ ရှေးရှု သတိကို ဖြစ်စေ၍"လို့ ဟောပါတယ်၊သတိကို ဦးတည်ပြီးတော့ ဟောပါတယ်၊ အဲဒီသတိဟာ သမာဓိအုပ်စုဝင် တရားပါ။

ပြီးတော့ကာ "သမာဓိံ ဘိက္ခဝေ ဘာဝေထ သမာဟိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ"တဲ့ ဟောခဲ့ပါတယ်၊ "ရဟန်းတို့, တည်ကြည်မှု သမာဓိကို ပွားများ ကြကုန်လော၊ တည်ကြည်မှု သမာဓိရှိသော် ရုပ်နာမ်ဓမ္မသင်္ခါရတွေကို ဟုတ်တိုင်းမှန်စွာ သိနိုင်၏"တဲ့။

ဒီတော့ကာ ဝိပဿနာတရား အားထုတ်ရာမှာလဲ သမာဓိလို ပါတယ်၊ သမာဓိတရားသည် အရှုခံအာရုံအပေါ်မှာ တည်ငြိမ်ခြင်း၊ မပျံ့လွင့်ခြင်း သဘောအဖြစ်နဲ့ လိုအပ်ပါတယ်၊ ဝိပဿနာနယ်မှာ ပညာအားကြီးရမယ်၊ ပညာပြဋ္ဌာန်းပါတယ်၊ သမာဓိကတော့ နောက်လိုက်ပါပဲ၊ နောက်လိုက်အဖြစ်နဲ့ လိုအပ်ပါတယ်။

၁။ အရှုခံတိုးသဘော အာရုံရဲ့သဘောအမှန်ကို သိမြင်တာက သမ္မာဒိဋ္ဌိမဂ္ဂင်။

၂။ အရှုခံတိုးသဘောအာရုံကို အမှန်အတိုင်း စိတ်ဦးညွှတ်ပေး၊ အရှုခံ အာရုံပေါ်တင်ပေးတာက သမ္မာသင်္ကပ္ပမဂ္ဂင်။

အဲဒီမဂ္ဂင်နှစ်ပါးက ပညာမဂ္ဂင်ပဲ၊ တကယ်တော့ ဝိပဿနာရှုပွားတဲ့နေရာမှာ ဒီပညာမဂ္ဂင် ပြဋ္ဌာန်းပါတယ်၊ ဒါပေမယ့် သမာဓိမဂ္ဂင်တွေ မပါလို့လဲ မဖြစ်ပါဘူး။ ဟို မူလသတိပဋ္ဌာန်ပါဠိတော်ကို သတိပြုကြည့်ပါ။

"ဣဓ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ" တဲ့။

"ရဟန်းတို့ ဤသာသနာတော်၌ ယောဂီ ရဟန်းသည် ဝီရိယရှိသည်ဖြစ်၍၊ ပညာရှိသည်ဖြစ်၍၊ သတိရှိသည်ဖြစ်၍၊ ရုပ်နာမ်လောက၌ လောဘ၊ ဒေါသကို အခိုက်အတန့်အားဖြင့် ပယ်ဖျောက်၍ ရုပ်နာမ်တရားတို့၌ ရုပ်နာမ်တရားကို အဖန်တလဲလဲ ရှုသည်ဖြစ်၍နေ၏" တဲ့။

အဲဒီမှာ သတိပြုပြီးတော့ ကြည့်ပါ၊ ရှုပွားတဲ့ ဈယာဂီမှာ ရှိရမယ့်တရားသုံးပါး၊ "ဝီရိယ-သတိ-ပညာ" သုံးပါး၊ အဲဒီမှာ "ဝီရိယနဲ့ သတိ"က သမာဓိမဂ္ဂင်ပါ၊ ပညာက ပညာမဂ္ဂင်ပါ။

ဝီရိယနဲ့ သတိကို ယူလိုက်လျှင် ဆိုလိုက်လျှင် သမာဓိက ပါပြီးသားပါ၊ သမာဓိလို့ဆိုလိုက်လျှင်လဲ ဝီရိယသတိက ပါပြီးသားပါ။ ပညာလို့ဆိုလိုက်လျှင်လဲ သမ္မာသင်္ကပ္ပမဂ္ဂင်က ပါပြီးသားပါ။

တခါတလေ သတိပညာ နှစ်လုံးထဲ ဟောတားတဲ့အခါလဲ ရှိပါတယ်၊ ပြဋ္ဌာန်းတဲ့အနေနဲ့ ဟောထားတာပါ၊ တကယ်တော့ အဲဒီ သတိပညာ နှစ်လုံးထဲမှာလဲ ကျန်တဲ့မဂ္ဂင်သုံးလုံး ပါဝင်နေပါတယ်။

ဒီတော့ ရုပ်လို့တချက်ရှုပွားတိုင်း သမာဓိမဂ္ဂင် ၃-ပါး နဲ့ ပညာမဂ္ဂင် ၂ ပါးအားဖြင့် မဂ္ဂင် ၅ ပါး ပါဝင်နေပါတယ်၊ အဲဒီ ၅ ပါးထဲက စိတ်ထည့်လိုက်က ၆ ပါးဖြစ်သွားပါမယ်၊ အမှန်က စိတ်နှင့်တကွ မဂ္ဂင် ၅ ပါး ပါဝင်တယ်လို့ မှတ်နော်။

"မှန်ပါဘုရား။"

အဲဒီမဂ္ဂင် ၅ ပါးနဲ့ အလုပ်လုပ်လို့ "ကာရကမဂ္ဂင်"လို့ခေါ်တယ်၊ အဲဒီမဂ္ဂင် ၅ ပါး တပေါင်းတည်းပေါင်းပြီး ပူးတွဲပြီး ရှုပွားအားထုတ်ခြင်းကိစ္စကို ပြုလုပ်နေကြတာပဲ၊ အဲဒီ မဂ္ဂင် ၅ ပါးကို တိုးသဘောကိုရှုဖို့ အလုပ်ပေးထားလို့ ဒီလိုဝိပဿနာတရားတော်ကို အလုပ်ပေးတရားလို့ ခေါ်တာလို့ မှတ်နော်။

"မှန်ပါဘုရား။"

**မဂ္ဂင် ၈-ပါး** အဲဒီလို တိုးသဘောရုပ်ကို ရုပ်-ရုပ်လို့ ရှုပွားတဲ့ အခါ ရုပ်လို့တချက်ရှုလျှင် မဂ္ဂင် ၅ ပါး ပါဝင်ပုံ မဂ္ဂင် ၅ ပါးက ရှုပွားနေပုံကို ပြောပြလို့ပြီးပါပြီ၊ ယခုဆက် ပြီးတော့ တိုးသဘောရုပ်ကို ရုပ်လို့ တချက်ရှုလိုက်လျှင် မဂ္ဂင် ၈ ပါး ပါဝင်ပုံကို ပြောပြပါမယ်။

ခုနက ပြောခဲ့တာက သမာဓိမဂ္ဂင် ၃ ပါး, ပညာမဂ္ဂင် ၂ ပါး အားဖြင့် ၅ ပါးပဲ၊ အဲဒီ အထဲကို သီလမဂ္ဂင် ၃ ပါး ထည့် လိုက်ယင် မဂ္ဂင် ၈ ပါးပြည့်သွားတာပဲ၊ သီလ မဂ္ဂင် ၃ ပါးက ဘာတွေလဲဆိုတော့....

၁။ သမ္မာဝါစာ-ကောင်းသော စကားကို ပြောခြင်း၊

၂။ သမ္မာကမ္မန္တ-ကောင်းသောအမှုကို ပြုခြင်း၊

၃။ သမ္မာအာဇီဝ-ကောင်းသော အသက်မွေးခြင်း၊

တို့ပဲ၊ အဲဒီသီလမဂ္ဂင် ၃ ပါးတို့ကတော့ ခုနကတရားအားမထုတ် မီ ရှေ့အဖို့တည်းက ဆောက်တည်ထားလို့ ပြည့်စုံနေပြီ၊ ရှုပွားစဉ် တော့ ဒီသီလမဂ္ဂင် ၃ ပါးက ရှုပွားတဲ့အနေနဲ့ တိုက်ရိုက်မပါ ဝင်ဘူး။

ဒါပေမယ့် ကိုယ်နှုတ်တို့ကို မစောင့်စည်းပဲလဲ ဝိပဿနာ ရှုပွားလို့ ဖြစ်တာမဟုတ်ပါဘူး၊ ဒီတော့ ကိုယ်နှုတ်တို့ကို စောင့် စည်းပြီးဝိပဿနာရှုပွားနေတဲ့ အခါမှာလဲ ဒီသီလမဂ္ဂင်က ပျက် မသွားဘူး၊ မပျက်တဲ့အပြင် ဒီသီလဟာ ပိုပြီးတောင် စင် ကြယ်ပါသေးတယ်၊ ဒီတော့တိုးသဘောရုပ်ကို "ရုပ်ရုပ်" လို့ရှုပွား အားထုတ်တိုင်း ဝိပဿနာမဂ္ဂင် ၈ ပါး ပြည့်စုံနေပါတယ်။

**ဝိဇ္ဇာစရဏပြည့်စုံပုံ**

အကျိုး အင်မတန် ထူးပါတယ်၊ ဒါတင် မကသေးပါဘူး၊ ဝိဇ္ဇာနှင့် စရဏနှစ်ပါးလဲ ပြည့်စုံနေပါတယ်၊ တိုးသဘောရုပ်ကို "ရုပ်ရုပ်" လို့ရှုပွားတိုင်း ရှုပွားချက် တချက်တချက်မှာ ဝိဇ္ဇာနှင့်စရဏနှစ်ပါး တပြိုင်နက် ပါဝင်ပါတယ်။

သီလနှင့်သမာဓိက စရဏဖြစ်ပါတယ်၊ ပညာက ဝိဇ္ဇာဖြစ်ပါတယ်၊ ဒီလို ရှုပွားတိုင်း ဝိဇ္ဇာစရဏနှစ်ပါးလုံး တပြိုင်နက် ပြည့်စုံတာဟာ ဒီလိုသာသနာအတွင်း ကြုံကြိုက်ပါမှ ပြည့်စုံပါတယ်၊ အဲဒီလို ဝိဇ္ဇာနှင့်စရဏပြည့်စုံအောင် ဖြည့်ကျင့်နိုင်တဲ့ အချိန်အခါမျိုးမှာ ကြိုးစားယင် မဂ်ဖိုလ်ရနိုင်ပါတယ်။

ဒီတော့ မဂ်ဖိုလ်လိုလားတဲ့ အမျိုးသားအမျိုးသမီးတွေဟာ အချိန်မရွေးရှုပွားနိုင်တဲ့ ဒီတိုးသဘောရုပ်ကိုပဲ တိုးတဲ့ အခိုက်အလိုက်သင့်ကလေး "ရုပ်ရုပ်" နဲ့ရှုပွားနေယင် အရှုခံအာရုံ တိုးသဘောရုပ်ကိုလဲ ပိုင်းခြားပြီး သိလာပါလိမ့်မယ်။

"ရုပ်ရုပ်" လို့ ရှုပွားသိနေတဲ့ အာရမ္မဏိကနာမ်ကိုလဲ နာမ်တရားပဲရယ်လို့ ပိုင်းခြားပြီး သိလာပါလိမ့်မယ်။

အဲဒီလို တိုးသဘောရုပ်ကို ရှုပွားယင်းနဲ့ပဲတိုးသဘောရုပ်ကို ရော ရှုပွားသိ နာမ်ကိုပါပိုင်းခြားပြီး ရုပ်နာမ်နှစ်ပါးကိုသိလာနိုင်ပါတယ်။

ဆက်ပြီးတော့ ဒီလိုပဲ တိုးသဘောရုပ်ကို ရုပ်ရုပ်နဲ့ရှုနေပါ၊ အဲဒီလို ရှုယင်းနဲ့ပဲ အဲဒီရုပ်နာမ်နှစ်ပါးတို့ဟာ တပါးနဲ့တပါး အကြောင်းအကျိုးအဖြစ်ဖြင့်ဆက်စပ်ပြီးဖြစ်နေပုံပုဂ္ဂိုလ်သတ္တဝါ မပါပုံကိုလဲ သိလာနိုင်ပါတယ်။

**နိဗ္ဗာန်ဝင်ပုံ**

တချို့က လာလာပြီးမေးကြပါတယ်၊ တပည့်တော်တို့ ဒီလောက်တော့ သိနေပါပြီ၊ ဒီလိုတော့ ဖြစ်နေပါပြီ၊ ရှေ့ကို ဘယ်လို ရှုပွားအားထုတ်ရပါ့မလဲ စသည်ဖြင့် လာမေးကြပါတယ်။

တခြားပြောင်းပြီးတော့ တနည်းတဖုံ ရှုပွားစရာမလိုပါဘူး၊ ဒီတိုးသဘော ရုပ်ကိုပဲ ရှင်ရုပ်နှင့်ရှုပွားနေယင်း အရှုခံ အာရုံ ရုပ်နှင့်ရှုပွားနေတဲ့ အာရမ္မဏိကနာမ်တရားတို့ဟာ "ဖြစ်ပြီးပျက်" တဲ့သဘော, "အနိုပ်စက်ခံ"ရတဲ့သဘော, 'အလိုမပြည့်ဝ"တဲ့ သဘောတွေ ဖြစ်နေတာကို သိသိလာပါလိမ့်မယ်၊ အဲဒီလိုသိသိ လာတာဟာ"ပုဗ္ဗဘာဂမဂ်"ပါပဲ၊ "ဝိပဿနာမဂ်"ပါပဲ၊ဒီနေရာမှာ လင်္ကာလေးတပုဒ်ကို ကျက်မှတ်ထားပါ—

* ပွားများရှုမှတ် ဝိပဿနာ၊
ရင့်ကျက်သည့်အား လျှော်ငြားစွာသာ။
သင်္ခါရဇာတ် စွန့်ပြတ်ပယ်ခွာ၊
နိဗ္ဗာန်ခွင် ပြေးဝင်စဉ်အလာ။

အဲဒီလင်္ကာလေးရဲ့ သဘောအတိုင်းပဲ၊ ယောဂီတို့ ရှုနေကျ အတိုင်း အဲဒီဝိပဿနာမဂ်ကိုပဲ ထပ်ခါထပ်ခါမှီဝဲနေယင်,ပွား များနေယင် ကြိမ်ဖန်များစွာ ပြုလုပ်နေယင် အဲဒီဝိပဿနာက ရင့် ကျက်ရင့်ကျက်လာပြီး ဉာဏ်အဆင့်ဆင့်တက်ကာ သင်္ခါရုပေက္ခာ ဉာဏ်သို့ ရောက်လာနိုင်ပါတယ်။

ဉာဏ်ဆိုတာက ကိုယ်ကတက်ယူလို့ ရတာ မဟုတ်ပါဘူး၊ သူတပါးက တက်ပေးလို့လဲ ရတာ မဟုတ်ပါဘူး၊ အဲဒီလိုပဲ ဝိပဿနာမဂ်,ပုဗ္ဗဘာဂမဂ်ကို စနစ်တကျ မှီဝဲပွားများ ကြိမ်ဖန်

များစွာပြုလုပ်နေတော့ အဲဒီသခ်ါရုပေက္ခာဉာဏ်ကလဲ ရင့်ကျက်လာပြီး အနုလောမဉာဏ်သို့ ရောက်လာနိုင်ပါတယ်။ ဒီနေရာမှာ ရှုပွားသူများ လမ်းစဉ်လဲသိ အားလဲရှိအောင် မှတ်ဖွယ်လင်္ကာလေးတပုဒ်ကို မှတ်ထားပါ။

* မီးပွတ်သူအား, ယူထားပမာ၊
လုံ့လသုံးစား, ရှုပွားမြဲရာ။
ကိလေကုန်ကင်း, စိတ်ရင်းဖြူကာ၊
ဉာဏ်စဉ်တက်, မီးထွက်မဂ်ပေါ်လာ။

ရှေးကတော့ ယခုလို မီးခြစ်တွေ မရှိသေးတော့ မီးလိုချင်ယင် ပျောက်ခဲချင်းပွတ်, ဝါးချင်းပွတ် စသည်ဖြင့် မီးထွက်မယ့် အရာဝတ္ထုနှစ်ခုကို ပွတ်ရပါတယ်၊ ဘယ်လောက်ထိအောင် ပွတ်ရပါသလဲဆိုတော့ မီးမထွက်, ထွက်သည့်တိုင်အောင် ပွတ်ရပါတယ်။

ပွတ်ပါများတော့ ပူပြီး မီးထွက်လာသလို ဒီမှာလဲ ရှုပွားပါများတော့ ကြိုးစားပါများတော့ ရှုပွားမှုမြဲတော့ အဲဒီ အနုလောမဉာဏ်မှ အရိယမဂ်ဉာဏ်ဖြစ်ပြီး နိဗ္ဗာန်သို့ ပြေးဝင်နိုင်တယ်။

အဲဒီလို ဉာဏ်အဆင့်ဆင့်ဖြစ်တော့ မေ့တာ, လစ်တာတွေ မပါပါဘူးနော်၊ မေ့မယ်, လစ်မယ်ဆိုယင် ဉာဏ်မဟုတ်ပါဘူး၊ မောဟပါ၊ တချို့က အဲဒီ မေ့တာ, လစ်တာတွေကို မဂ်လုပ်နေပါတယ်၊ နိဗ္ဗာန်ကို အာရုံပြုတယ် လုပ်နေပါတယ်၊ မဟုတ်ပါဘူး။

အဲဒီလို မဂ်ဉာဏ်ဖြစ်ပြီး နိဗ္ဗာန်သို့ ပြေးဝင်သွားယင် အောက်တန်းစား သောတာပန်အရိယာ ဖြစ်သွားတာပေါ့၊ အပါယ်လေးပါးမှ လွတ်မြောက်သွားတယ်၊ တချို့က ကိုယ့်ကိုယ်ကို သောတာပန်လိုလို ဘာလိုလို လူအထင်ကြီးအောင် ဒို့က တော့ အပါယ်တံခါးပိတ်ပြီလို့ ဟန်ဆောင် ဝါကြွားတတ်ကြပါတယ်၊ အဲဒီလို မဝါကြွားသင့်ပါဘူး။

ဉာဏ်ဆိုတာ အသိ အမြင်ပါ၊ လစ်တာ, မေ့တာမဟုတ်ပါဘူး၊ သိသိမြင်မြင်နဲ့ပဲ အသိအမြင် ပြောင်းပြောင်းသွား၊ ဉာဏ်မြင် ပြောင်းပြောင်းသွားတာပါ၊ အဲဒီလို ဉာဏ်မြင်ပြောင်း ဉာဏ်စဉ်ပြောင်းပြီး အရိယမဂ်ဖြင့် နိဗ္ဗာန်သို့ ပြေးဝင်သွားတဲ့ ယောဂီရဲ့ အသိအမြင်ဟာ မပျက်နိုင်အောင် ခိုင်မြဲသွားပါပြီ။

အဲဒီလို ခိုင်မြဲသွားတဲ့ ယောဂီရဲ့ အသိအမြင်နှင့် တခြား အရိယာတို့ရဲ့ အသိအမြင်ဟာ တူညီပါတယ်၊ မျက်မှောက်မှာရော မျက်ကွယ်မှာပါ တူညီပါတယ်၊ ခိုင်မြဲပါတယ်။

ဘုန်းကြီးတို့ ယခုတွေ့နေရတာတော့ ဒါမျိုး တယ်ပြီးတော့ မတွေ့ရသေးပါဘူး၊ အရိယာမဖြစ်ခင် အရိယာဖြစ်အောင် ကျင့်နေစဉ်ကတော့ အရိယာနဲ့ အတော်တူသားပဲ၊ အဲ.... အရိယာဖြစ်ပြီ၊ သို့မဟုတ် ဘာဉာဏ်ရပြီ၊ ညာဉာဏ်ရပြီလဲဆိုတော့ သာမန် အန္ဓပုထုဇဉ်လောက်တောင်မှ အနေအစား အပြောအဆို အကျင့်အမူ မကောင်းတော့ တာကိုပဲ တွေ့ရများပါတယ်။

အဲဒါမျိုးတော့ မဖြစ်သင့်ပါ၊ တရားနာမည် ပျက် လှ ပါတယ်၊ သာသနာ့ ဂုဏ်သိက္ခာ ကျလှပါတယ်၊ ကိုယ့်အတွက်နဲ့ သာသနာတော် ဂုဏ်မတက်ချင် နေပါစေ၊ ဂုဏ်မပျက်ဖို့အရေး ကြီးလှပါတယ်၊ ယခုအခါ ကမ္ဘာကို ဂုဏ်ယူစရာက ဒီတရား ရေးပဲ ရှိတာပါ။

တကယ့်စစ်မှန်တဲ့ အဲဒီလို အရိယာတို့ရဲ့ အ သိ အ မြင် ဉာဏ် ပညာနဲ့ မျက်မှောက်မှာရော မျက်ကွယ်မှာပါ တူ ညီ နေ တဲ့ ယောဂီပုဂ္ဂိုလ်ကို အတူနေ သီတင်းသုံးဖော်တို့က တအောက် မေ့မေ့ စသည်ဖြင့် အကျိုးတရား (၇) ပါးရပုံကို ဘုရားရှင်က ဒီလို ဟောထားပါတယ်။

> "ရဟန်းတော်များ အို ချစ်သားတို့ ဒီ အရိယာ တို့နှင့် အသိအမြင် ဉာဏ်ပညာဖြင့် တူ ညီ ခြင်း ဆို တဲ့ ဂုဏ်သည် အောက်မေ့ဖွယ်ရာတည်း၊ ချစ် ခင် ခြင်း ကို ဖြစ်စေတတ်သော တရားတည်း၊ လေး စား ခြင်း ကို ဖြစ်စေတတ်သော တရားတည်း၊ စည်းလုံးခြင်းငှာ, မငြင်းခုံခြင်းငှာ, ညီညွတ်ခြင်းငှာ, တ ပေါင်း တည်း ဖြစ်ခြင်းငှာ ဖြစ်ပါပေ၏" တဲ့။

အဲဒီလို ဟောထားပါတယ်၊ ဒီအကျိုးတွေဟာ တကယ် သာ အရိယာနဲ့ ဉာဏ်အမြင်တူယင် ရတဲ့အကျိုးတွေပါ၊ ဘာမှ ဝါကြွားနေစရာ မလိုပါဘူး၊ ဝါကြွားတာဟာလဲ အရိယာနဲ့ တူညီတဲ့ ဉာဏ်မရလို့ ဝါကြွားနေတာပါ။ ဒီနေရာမှာ အဲဒီ အကျိုးတွေကို မှတ်မိအောင် လက်ာလေးနဲ့ မှတ်ထားပါ။

* အရိယာရဲ့, ဉာဏ်နဲ့တူလျှင်၊
အောက်မေ့ ချစ်အပ်, လေးမြွက်အစဉ်။
စည်းလုံး-မငြင်း, ညီခြင်း-ပေါင်းယှဉ်၊
ဖြစ်မည်ပ, မှတ်ကြအမြဲ်င်။ ။

**အထပ်ထပ်ဟောပုံ** ကဲ....ယခုဆိုယင် အောက်မေ့ဖွယ်ရာ တရားတော် ၆ ပါးဟာ ပြီးဆုံးသွားပါပြီ၊ ဒီ အောက်မေ့ဖွယ်ရာ တရားတော် ၆ ပါးမှာ နောက်ဆုံးဖြစ်တဲ့ အရိယာရဲ့ ဉာဏ်နဲ့တူခြင်းဆိုတဲ့ ဉာဏ်အမြင်ဟာ အထွတ်အမြတ်ပါပဲ၊ ဒီတရားမှာပဲ ကျန်တဲ့တရား ၆ ပါးဟာ ပေါင်းဝင်ပါတယ်။ ဥပမာ ဘာနဲ့တူလဲဆိုတော့ အိမ်အထွတ်မှာ အားလုံး အခြင်ရနယ်များ ပေါင်းဆုံပါဝင်သလို အထွတ်သည် အမြတ်ဆုံးဖြစ်သလို ဒီ အရိယာရဲ့ဉာဏ်နဲ့ တူခြင်းဟာ အမြတ်ဆုံးပါပဲနော်။

"မှန်ပါဘုရား။"

ဒီ အောက်မေ့ဖွယ်ရာ တရားတော်ကို ဘုရားရှင်ဟာ ဟိုနိဂဏ္ဌနာဋပုတ္တ ဆိုတဲ့ ဒိဋ္ဌိဆရာကြီး သေလွန်တဲ့အခါမှာ အဲဒီဆရာကြီးရဲ့ တပည့်တွေ အချင်းချင်း ကွဲပြားကြခြင်းကို အကြောင်းပြုပြီး ဥပရိပဏ္ဏာသ ပါဠိတော်"သာမဂါမသုတ်" မှာ တခါ ဟောတော်မူပါတယ်။

အဲဒီ နိဂဏ္ဌနာဋပုတ္တ ဆိုတဲ့ ဒိဋ္ဌိဆရာကြီးရဲ့ တပည့်တွေဟာ သူလိုရဲ့အယူဝါဒအကြောင်းပြုပြီးတော့ အငြင်းအခုံဖြစ်ကြကာ ကွဲပြားကြသလို ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတဲ့ အခါမှာလဲ

ဘုရားတပည့်သား ရဟန်းများဟာ တရားအယူအဆ အယူ ဝါဒ အကြောင်းပြုပြီး ကွဲပြားမှာစိုးရိမ်လို့ ရှင်အာနန္ဒရဲ့ လျှောက်ထားချက်ကို အကြောင်းပြုပြီးဟော့ တခါဟောတော် မူပါတယ်။

ယခု ဒီကောသမ္ဗိယသုတ္တန်မှာတော့ အစကတရားနိဒါန်းမှာ ပြောခဲ့တဲ့အတိုင်း ရဟန်းတော်တပါး ကုဋီတက်ရာမှာ သန့်သက် ရေခွက်မှာ ရေကြွင်းရေကျန် ကျန်မှုကို အကြောင်းပြုပြီးတော့ အာပတ်သင့်တယ် မသင့်ဘူးလို့ ငြင်းခုံမှုကိုအကြောင်းပြုပြီးတော့ တခါ ဟောပါတယ်။

အဲဒီလို ရန်ငြိမ်းကြောင်း, မငြင်းခုံကြောင်း တရားကောင်း တွေ ရှိနေပါရက်ကနဲ့ ရန်ဖြစ်နေကြပါတယ်၊ ငြင်းခုံနေကြပါ တယ်ဆိုယင် ဒီပုဂ္ဂိုလ်တွေမှာ တရားကောင်းဆိုတာ ဘာမှမရှိပါ ကလားလို့ တခြားသူများက အကဲမခတ်နိုင်ဘူးလား။

"ခတ်နိုင်ပါတယ် ဘုရား။"

ဘုန်းကြီးတို့ ပရိသတ်ကတော့ ရှေးရှေးက ဒီတရားတော်တွေ မသိရသေးလို့ ကွဲပြားခဲ့တာ၊ ငြင်းခုံခဲ့တာ၊ ရန်ဖြစ်ခဲ့တာတွေ သင်ပုန်းချေပြီး ရှေ့ကို ညီညွတ်သင့်တင့်စွာ လက်တွဲဆောင်ရွက် နိုင်ရေးအတွက် ဒီတရားတော်၆-ပါးကို လက်ကိုင်ထားကြမယ် မဟုတ်လား။

"မှန်ပါ လက်ကိုင်ထားကြပါမယ် ဘုရား။"

"အေး.... အဲဒီ အောက်မေ့ဖွယ်ရာ တရား ၆-ပါးထဲမှာ ဒီနောက်ဆုံးဖြစ်တဲ့ "အရိယာရဲ့ ဉာဏ်နဲ့တူလျှင်"ဆိုတဲ့ ဒီတရား တော်အရ အရိယာရဲ့ ဉာဏ်အမြင်အစစ်အမှန်နဲ့ ပြည့်စုံနေတဲ့

အရိယာပုဂ္ဂိုလ်အချင်းချင်းဟာ ရုပ်နာမ်သိမြင်ပုံ၊ ရုပ်နာမ်ရဲ့ အဖြစ်အပျက် သိမြင်ပုံ၊ ရုပ်နာမ်ရဲ့ မမြဲတဲ့အနိစ္စ၊ ဆင်းရဲတဲ့ဒုက္ခ၊ အလိုမပြည့်ဝတဲ့ အနတ္တသိမြင်ပုံ၊ နိဗ္ဗာန်သိမြင်ပုံချင်း တူညီရမယ် မဟုတ်လား။

အဲဒီလို သိမြင်ပုံချင်းတူနေတော့ အရိယာပုဂ္ဂိုလ်အစစ်တွေဟာ အချင်းချင်း ရုပ်နာမ်အသိအမြင်၊ ရုပ်နာမ်အဖြစ်အပျက်၊ရုပ်နာမ် အနိစ္စ၊ ဒုက္ခ၊ အနတ္တအသိအမြင်နှင့် စပ်ပြီးတော့ ငြင်းခုံစရာမရှိ တော့ပဲ မကွဲမပြားတသားတည်း ညီညွတ်မယ် မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား။"

အေး....အဲဒီလို ရုပ်နာမ်အဖြစ်အပျက် အနိစ္စ, ဒုက္ခ, အနတ္တ သိပုံချင်းကွဲပြားပြီး အငြင်းအခုံဖြစ်နေကြယင် အရိယာအစစ် မဖြစ်သေးဘူးရယ်လို့ ဆိုနိုင်ပါတယ်၊ ယခုခေတ်မှာ ဒီငြင်းခုံသံ တွေဟာ ယခုတိုင် မစဲသေးပါဘူး၊သူ့နည်းကောင်းတယ်၊ ကိုယ့် နည်းကောင်းတယ်၊ သူ့နည်းစိပ်တယ်၊ သူများနည်း ကျဲတယ် စသည်နဲ့ ငြင်းနေကြတာကြည့်တော့ ပဋိပတ်နယ်မှာ အားရစရာ တော့ မရှိသေးပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ အရိယာအစစ် ဖြစ်လို့ရှိယင် ရုပ်နာမ် သိပုံ,အဖြစ်အပျက်သိပုံ၊အနိစ္စ,ဒုက္ခ,အနတ္တသိပုံတွေဟာ အရိယာ စစ်အချင်းချင်း တူညီရမယ်၊ယခုတော့ အရိယာရယ်လို့ သံယောင် ပေးသူ နှစ်ဦးပေါင်းပြီးပေးလိုက်ယင် မတူတော့ဘူး၊ ငြင်းပြီ၊ သူမှန်,ကိုယ်မှန်နေ၁်။

"မှန်ပါ ဘုရား။"

ပြီးတော့ ဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ ပါဠိတော်တရားတွေနဲ့လဲ အဲဒီအရိယာဖြစ်ပါတယ်ဆိုသူတွေရဲ့ ရုပ်နာမ်အသိအမြင် အဖြစ်အပျက်အသိအမြင် အနိစ္စ, ဒုက္ခ, အနတ္တအသိအမြင်တွေဟာလဲ တူညီရမယ်နော်။

"မှန်ပါ ဘုရား။"

အေး--ပြီးတော့ တကယ့်အရိယာမဂ်ဉာဏ်အသိအမြင်နဲ့မပြည့်စုံသေးယင် အနိစ္စ, ဒုက္ခ, အနတ္တအသိအမြင်တွေဟာ ဘယ်လိုပင်ကောင်းကောင်း စိတ်မချရသေးပါဘူး၊ ပျက်သွားနိုင်ပါသေးတယ်၊ ယခုမျက်မှောက်ဘဝမှာ မိမိတို့မျက်မြင်ကိုယ်တွေ့ပဲ မဟုတ်လား၊ ပျက်ပျက်သွားတဲ့လူရော, ရှင်ရော, ရဟန်းများစွာတွေ့နေရတယ် မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား။"

အေး....ယခုဘဝမှာ ဘာဝနာအရှိန်ကောင်းလို့၊ သို့မဟုတ် အားထုတ်မှုဆက်စပ်လို့၊ သို့မဟုတ် ပျက်ပြားရန် အတိုက်အခိုက်အာရုံနဲ့မတွေ့ရလို့မပျက်တောင်မှနောက်နောက်ဘဝတွေကျလျှင် ပျက်သွားနိုင်ပါတယ်။

တချို့က လူအထင်ကြီးအောင် သောတာပန်လိုလိုထင်အောင် ဒို့ကတော့ အပါယ်တံခါးပိတ်ပြီလို့ ကြွားဝါတတ်ကြပါတယ်၊ တဘဝလောက် အပါယ်တံခါးပိတ်တာကတော့ အမှတ်တရ ဒါနတခုလောက်၊ အမှတ်တရသီလတကြိမ်ဆောက်တည်လောက်၊ အမှတ်တရ သမထအမြင်အတွေ့တခုလောက်၊ အမှတ်တရ ဝိပဿနာအမြင်အတွေ့တခုလောက်နဲ့လဲ ပိတ်နိုင်ပါတယ်။

သောတာပန် အရိယာအဖြစ်နဲ့ အပါယ်တံခါးပိတ်မှ စိတ်ချရပါတယ်၊ သို့မဟုတ်က ယခုမိမိတို့ ဗုဒ္ဓသာသနာဝင် သူတော်စင်ဘဝကနေ စုတေသေလွန်ပြီး အခြားဘာသာဝင်ထဲ သွားပြီး ပဋိသန္ဓေနေယင် မိမိရဲ့ဗုဒ္ဓဝါဒ ဗုဒ္ဓသာသနာရဲ့ အယူအဆအဆုံးအမဟာ ပျက်သွားပြီပေါ့၊ မိဘအယူအဆအတိုင်း ဖြစ်သွားမှာပေါ့။

တချို့ဘုန်းကြီးတို့ တွေ့ရပါတယ်၊ဒီဘက်ဘဝမှာပဲစောစောကတော့ အရိယာသူတော်စင်ကြီးလိုပဲ၊ ပြီးတော့ ဘာသာခြားနဲ့ အိမ်ထောင်ကျတော့ ဘာသာခြားဝါဒထဲဝင်သွားတာတွေ ဝမ်းနည်းစရာ တွေ့ရပါတယ်။

အရိယာအစစ်နှင့် ဉာဏ်အမြင်တူနေလျှင်တော့ အဲဒီအဖြစ်မျိုး မဖြစ်နိုင်ပါဘူး၊အဲဒါကြောင့် အရိယာအစစ်နှင့် ဉာဏ်အမြင်တူအောင် အရိယာမဂ်ဉာဏ်ရအောင်ကျင့်ကြံကြိုးကုတ်အားထုတ်ဖို့ အလွန်တရာ အရေးကြီးပါတယ်။

**စူဠသုဘဒ္ဒါ** ဒီနေရာမှာ အရိယာရဲ့ ဉာဏ်အမြင်နဲ့တူတဲ့ဉာဏ်အမြင်ရှိတဲ့ စူဠသုဘဒ္ဒါရဲ့ အကြောင်းကို အကျဉ်းချုပ်ပြီးတော့ ပြောချင်ပါတယ်၊ စူဠသုဘဒ္ဒါဟာ အနာထပိဏ်သဌေးကြီးရဲ့ သမီးလတ်ပေါ့၊ အနာထပိဏ်သဌေးကြီးဟာ ကျောင်းနေဘက် သူငယ်ချင်းနဲ့ ထားခဲ့တဲ့ကတိစကားကြောင့် ဘာသာခြား ဥဂ္ဂသဌေးသားနှင့် မိမိသမီး စူဠသုဘဒ္ဒါနဲ့ မပေးစားချင်ပါဘူး၊ ဒီအကြောင်းကို ဘုရားရှင်အား လျှောက်ထားပါတယ်။

ဘုရားရှင်က ဘာမှပြန်မပြော တိတ်တိတ်ပဲ နေလိုက်ပါတယ်၊ လိမ်မာပါးနပ်တဲ့ အနာထပိဏ် သဌေးကြီးကသိတော့ ကတိအတိုင်း ပေးစားလိုက်ပါတယ်၊ ဒီအချိန်က ဥဂ္ဂတမြို့လုံးမှာ ဗုဒ္ဓဘာသာရယ်လို့ စူဠသုဘဒ္ဒါ တယောက်ပဲ ရှိပါတယ်။

အားလုံး အသိုင်းအဝိုင်းတွေက သူတို့ဘက်ကို ဆွဲပါတယ်၊ ဒါပေမယ့် ရတနာသုံးပါးအပေါ်မှာ မတုန်မလှုပ်သက်ဝင်သူ အရိယာစစ်ဖြစ်ပြီးသူ ရုပ်နာမ် သနစ်အဖြစ်အပျက်မှန်ကို စနစ်တကျ မြင်ပြီးသူ စူဠသုဘဒ္ဒါကို မဆွဲဆောင်နိုင်ပဲ စူဠသုဘဒ္ဒါရဲ့ ဘက်တော်သို့ပါလာကာ တမြို့လုံး ဗုဒ္ဓဘာသာဝင် ဗုဒ္ဓသာသနာဝင်တွေ ဖြစ်သွားရပါတယ်။

**နန္ဒမာတာ ဥတ္တရာ**

နန္ဒမာတာ-ဥတ္တရာဆိုယင် ဘုန်းကြီးတို့ ဗုဒ္ဓဘာသာ လောကမှာတော့ မသိသူရှားသလောက်ပဲ ဖြစ်ပါလိမ့်မယ်၊ သူတို့မိသားစု ရာဇဂြိုဟ် သဌေးအိမ်တွင် အခစား လုပ်နေကြရတယ်၊ သူ့ ဘခင်က လယ်ထွန်သမား သူဆင်းရဲ မောင်ပုဏ္ဏပေါ့၊ ဒါဆိုယင် ဘုန်းကြီးတို့ ပရိသတ်က သိလောက်ပါပြီ။

နောက်ပိုင်းမှာ ဘခင်လယ်ထွန်ရာမှ ထွန်အခဲများ ရွှေဖြစ်၍ သဌေးဘွဲ့ခံရတော့ သမီး ဥတ္တရာလဲ သဌေးသမီးဖြစ်ရတာပေါ့၊ သဌေးဘွဲ့ခံပွဲ, အိမ်တက်ပွဲ-သဌေးထီးဆောင်းပွဲမှာ မိသားစု အားလုံး သောတာပန် ဖြစ်ပါတယ်။

နောက်ပိုင်းတွင် ရာဇဂြိုဟ်သဌေးက ဥတ္တရာအား သူ့သားနှင့် ပေးစားပါမည့်အကြောင်း အကြိမ်ကြိမ်ပင် တောင်းဆိုတော့ မပေးစားချင်ပဲ ဘာသာခြားသားနှင့် ပေးစားလိုက်

ရပါတယ်၊ ဒါတွေကတော့ ဘုန်းကြီးတို့ပြရိသတ်က သိပြီး သွားဘွဲ့ပါ။

ဘာသာခြားအိမ်ရောက်တော့ ရတနာသုံးပါးနှင့် ကင်းမနေနိုင်သူ အလှူဒါနမွေ့လျော်သူ ဥတ္တရာအတွက် အခက်တွေ့နေရပါတယ်၊ မမွေ့မပျော်ပဲ စိတ်ဆင်းရဲနေရပါတယ်၊ နောက်ဆုံး မနေသာတော့ ဘခင်ထံ အကျိုးအကြောင်း စာရေးတော့မှ ဘခင်က ငွေ ၁၅၀၀၀ (တသောင်းငါးထောင်) ပို့လိုက်ပါတယ်၊ အဲဒီငွေနှင့် ပြည့်ဘန်ဆာ သိရိမာအားငှားပြီး လင်ယောကျ်ားအား အစားပေးကာ ဘုရား အ မှူး ရှိ တဲ့ သံဃာများအား လှူဒါန်းရန် ပြုစုရန် ညွှန်ကြားလိုက်ပါတယ်။

ဘခင် ညွှန်ကြားချက်အတိုင်း ဘုရားရှင်အား ပင့်ပြီး လှူဒါန်း ပြုစုပြီး တရားတော်နာကြားရာ ဥတ္တရာမှာ အနာဂါမ်ဖြစ်ပြီး လင်ယောကျ်ားနှင့် ယောက္ခမများ သိရိမာနှင့် အခြွေအရံများ သောတာပန် ဖြစ်သွားပါတယ်၊ အဲဒါဟာ အရိယာနဲ့ ဉာဏ်အမြင်တူသူ သောတာပန်အရိယာတွေရဲ့ ဉာဏ်မြင်မြဲမှုပေါ့နော်။

"မှန်ပါဘုရား။"

**တံခါးတိုင်နှင့် တူသူ** ဒီနေရာမှာ အရိယမဂ်ရသူကို တံခါးတိုင်နှင့် တူသူအဖြစ် ဥပမာပေးထားတာကို ရှင်းပြချင်ပါသေးတယ်၊ မဂ်ဖြင့် ကိစ္စ လေး ချက် ကိုယ်တွေ့ပိုင်လျက်ရှိတဲ့ အရိယာမှာ မဂ်ဖြင့် နိဗ္ဗာန်ကို ဆိုက်တွေ့ရခြင်း၊ "အကာလိကမဂ်" ၏ ဂုဏ်အရ အရိယဖိုလ်ကို ပိုင်နိုင်ရခြင်း, ယင်းသို့ ကိုယ်တွေ့ သန္ဒိဋ္ဌိက မဂ်ဖိုလ်များအရ "ငါ

မဂ်ဖိုလ်ရပေပြီ” ဟု မိမိကိုယ်တိုင် သိရသောကြောင့် အဲဒီ အရိယာမှာ....

၁။ ဘုရားမှတပါး အခြား အားထား ယုံကြည်ဖွယ် မရှိသူ၊

၂။ ယုံမှားအမျိုးမျိုးဖြင့် ရှိစိုးနေရသောဘဝမှ ယုံမှားကင်း၍ ရဲတင်းသူ၊

အဖြစ် ရောက်ခဲ့ရာ အဲဒီ ပုဂ္ဂိုလ်မျိုးမှာ တခြားအယူအဆတပါးတို့ကြောင့် ဘယ်မှာလာပြီးတော့ လှုပ်ရှားယိမ်းယိုင်ပါတော့မလဲ။

အလွန်တရာ ခိုင်ခံ့စွာ စိုက်ထားအပ်တဲ့ တံခါးတိုင်ကြီးဟာ အရပ်လေးမျက်နှာမှ လေပြင်းမုန်တိုင်းများ မလှုပ်ရှား စေနိုင်သကဲ့သို့ အဲဒီ သောတာပန် အရိယာကို ဘယ်လို တိတ္ထိအယူအဆမျိုးကမှ မလှုပ်ရှားစေနိုင်ပါဘူး၊ မိမိရဲ့ အပြင်မှ ရွေ့ရှားတိမ်းပါးအောင် ဘယ်သူမှ မတတ်နိုင်တော့တဲ့အတွက် တံခါးတိုင်နဲ့ တူသူဖြစ်ပါတော့တယ်။

**ဖြားယောင်းမရ** တကယ့်ကို မှန်ကန်တိကျစွာ စနစ်တကျနဲ့ ကျင့်ကြံကြိုးကုတ် အားထုတ်လို့ ရုပ်နာမ်ရဲ့ အနိစ္စ ဒုက္ခ အနတ္တ သဘောတွေကို ပိုင်နိုင်ပြီးတော့ အရိယမဂ်ဉာဏ်နဲ့ နိဗ္ဗာန်ကိုတွေ့မြင်သွားယင် အဲဒီ အသိ အမြင် ဟာ တခါတည်း ခိုင်မြဲသွားပါတယ်၊ ဘယ်သူမှ ဖြားယောင်းသွေးဆောင်လို့ မရတော့ပါဘူး၊ ဒီနေရာမှာ ဖြားယောင်းမရပုံကို သာဓက ပြချင်ပါတယ်။

အခါတပါးပေါ့၊ ဘုရားရှင်တရားဟောနေစဉ် ပရိသတ် အစွန်အဖျားမှ တရားနာနေတဲ့ သုပ္ပဗုဒ္ဓမည်တဲ့ နူနာရောဂါ သည်ဘဦးမှာ သောတာပန်ဖြစ်သွားပါတယ်။

သောတာပန် ဖြစ်ပြီးတဲ့နောက် တရားပွဲလဲ ပြီးဆုံးသွားပါ တယ်၊ တရားပွဲပြီးဆုံးလို့ ပရိသတ် စဲသွားတဲ့အခါမှာ မိမိရတဲ့ တရားဂုဏ်ကျေးဇူးကို ဘုရားရှင်အား လျှောက်ထားရန်အလာ တွင် သိကြားမင်းက စုံစမ်းလိုတဲ့အတွက် ကောင်းကင်မှ နေပြီး တော့....

"အို.... သုပ္ပဗုဒ္ဓ.... သင်ကား ဆင်းရဲ နွမ်းပါးလှပါ တယ်၊ သင့်ကို ငါက သုံးစွဲမကုန်နိုင်လောက်အောင် မြားမြောင်လှစွာသော ဥစ္စာရတနာတွေကို ပေးမယ်၊ သင်ကသာ ဘုရားကို ဘုရားမဟုတ်၊ တရားကို တရား မဟုတ်၊ သံဃာကို သံဃာမဟုတ်၊ ဘုရား, တရား, သံဃာကို ငါအလိုမရှိလို့ ပြောရမယ်"

လို့ ပြောဆိုပါတယ်၊ ဒီတော့ သုပ္ပဗုဒ္ဓနူနာရောဂါသည် ကလေးက "သင်ဘယ်သူလဲ" လို့ မေးပါတယ်၊ အဲဒီအခါ သိကြားမင်းကလဲ သူ သိကြားမင်းဖြစ်ကြောင်းကို ပြောပြပါ တယ်၊ ဒီတော့ အားကိုးရာမဲ့ ဆင်းရဲနွမ်းပါးတဲ့ နူနာရောဂါ သည် သုပ္ပဗုဒ္ဓက....

"ဟယ်....အရှက်မရှိတဲ့ သိကြားမိုက်....သင့်ကို ငါ စကားပင်ဖက်မပြောထိုက်၊ သင်ကားငါ့ကို လူဆင်းရဲလို့ ဆိုဘိတယ်၊ ဟယ်....သိကြားမိုက်....ငါ့မှာသဒ္ဓါ သီလစတဲ့

သူတော်ကောင်းဥစ္စာရတနာတွေရှိနေတဲ့အတွက်ငါကား
လူချမ်းသာကြီး တယောက်ဖြစ်တယ်။

လို့သိကြားမင်းကို ပြန်ပြောပါတယ်၊ သိကြားမင်းက သဘောကျလို့ အဲဒီအကြောင်းကို ဘုရားရှင်အားလျှောက်ထားပါတယ်၊ အဲဒီအခါ ဘုရားရှင်က-

"ဟုတ်တယ်သိကြားမင်း....သင်ကဲ့သို့သိကြားမင်းမျိုး
တယောက်မက သိကြားအရာအထောင်မက အဲဒီသုပ္ပ
ဗုဒ္ဓကို ဘုရားမဟုတ်စသည်ဖြင့် ပြောခိုင်းလို့ ဘယ်တော့
မှုရမှာမဟုတ်။"

လို့ မိန့်တော်မူပါတယ်၊ နူနာရောဂါသည်လေး သုပ္ပဗုဒ္ဓဟာလည်း ဘုရားရှင်ထံ မိမိရရှိတဲ့ အရိယမဂ်ရဲ့ကျေးဇူး ဂုဏ်အထူးကို လျှောက်ထားပါတယ်။

အဲဒါဟာ....သောတာပန် အရိယာပုဂ္ဂိုလ်ရဲ့ ဉာဏ်အမြင်ဟာ အခြားအရိယာများနှင့် ဉာဏ်အမြင်တူပုံ ကာမဂုဏ်များဖြင့် ဖြားယောင်း၍မရပုံ သာဓကတရပ်ပါပဲ။

**သူရမ္ဗဋ္ဌ** ဒီနေရာမှာ လှည့်စားမရတဲ့ သူရမ္ဗဋ္ဌအမည်ရတဲ့တိတ္ထိတို့ရဲ့ တပည့်သာဝက တယောက်ရဲ့ အကြောင်းကို ပြောပြလိုပါသေးတယ်၊ ဘုရားရှင်ဟာ တနေ့သောအခါ သူရမ္ဗဋ္ဌရဲ့ တရားရကြောင်း အခြေခံအကြောင်းကို မြင်တော်မူလို့ ဆွမ်းခံချိန်မှာ သူရမ္ဗဋ္ဌရဲ့ အိမ်ဂေဟာသို့ကြွလာပါတယ်။

သူရမ္ဗဋ္ဌကလဲ ရှင်တော်ဘုရားကို အိမ်ထဲသို့ပင့်ပြီး ဆွမ်းဆက်ကပ်လှူဒါန်းပါတယ်၊ ဆွမ်းဘုဉ်းပေးပြီးသော် ဘုရားရှင်ဟာ

ကြွားတော်မူသော တရားတော်ကို နာကြားအားထုတ်ရ၍ သောတာပတ္တိမဂ်ဖိုလ်သို့ ရောက်ရှိသွားပါတယ်။

ဘုရားရှင်ဟာ သူရမ္ဗဋ္ဌ သောတာပန်တည်ပြီးနောက် ပြန်ကြွသွားပါတယ်၊ ဘုရားရှင် ပြန်ကြွပြီးနောက် မာရ်နတ်က သူရမ္ဗဋ္ဌ မိမိ၏နယ်ပယ်မှ လွတ်-မလွတ်စုံစမ်းလိုတဲ့အတွက် ဘုရားရှင်နှင့်တူအောင် ဖန်ဆင်းပြီးလျှင် သူရမ္ဗဋ္ဌရဲ့ အိမ်တံခါးဝသို့ ရောက်လာပါတယ်။

ဘုရားရှင်ပြန်ကြွလာတယ်ဆိုတဲ့ အမှတ်သညာနဲ့ သူရမ္ဗဋ္ဌကလဲ ချဉ်းကပ်ကာ ကြွလာတော်မူခြင်းရဲ့ အကြောင်းရင်းကို လျှောက်ထားတဲ့အခါ ဘုရားအယောင် ဆောင်လာသောမာရ်နတ်က-

"သူရမ္ဗဋ္ဌ ငါတရားဟောခဲ့စဉ်က တရားတခုကိုသတိမထား အမှတ်တမဲ့ ဟောခဲ့မိတယ်၊ ခန္ဓာငါးပါးလုံးကို အနိစ္စ ဒုက္ခ အနတ္တလို့ ဟောခဲ့မိတယ်၊ သို့သော်လဲ ခန္ဓာတွေအကုန်လုံးဟာ ဒီသဘောချည်းမဟုတ်ပါဘူး၊မပျက်မစဲခိုင်မြဲတဲ့ ခန္ဓာတချို့ရှိပါသေးတယ်။"

လို့ ဆိုပါတယ်၊ ကိုယ်တွေ့ ဉာဏ်တွေ့ တရားမျှားမရှိထားသူဆိုယင်တော့ ဘုရားပဲလို့ အတည်ပြုပြီး အဲဒီ မာရ်နတ်သားရဲ့ စကားကို လက်ခံလိုက်မှာ သေချာပါတယ်။

တရားတော်ကို ကိုယ်တွေ့ ဉာဏ်တွေ့သိပြီး ယုံကြည်ဆုံးဖြတ်ပြီးဖြစ်နေတဲ့ သူရမ္ဗဋ္ဌကတော့ ဒီအချက်ကို လက်မခံနိုင်ပါဘူး၊ အဲဒါကြောင့် စဉ်းစားသည်မှာ-

"ဒီစကားဟာ အလွန်တရာမှ ဝန်လေးတဲ့စကားဖြစ်ပါတယ်၊ ဘုရားရှင်တို့မည်သည်မှာ အမှတ်တမဲ့ ဟောပြောမှုဆိုတာ မရှိနိုင်ပါ၊ ဘုရားရှင်ရဲ့ ဆန့်ကျင်ဘက်မှာ မာရ်နတ်ဖြစ်၍ ဒီသူဟာ ကေန္တ မာရ်နတ်ဖြစ်ရမယ်။"

လို့ စဉ်းစားပြီးတော့ သင်ဟာ "မာရ်နတ်မဟုတ်လား" လို့ မေးပါတယ်၊ မာရ်နတ်ကလဲ မကွယ်မဝှက်သာပဲဟုတ်မှန်ကြောင်းကို ဝန်ခံရပါတယ်။ ဒီတော့ သူရမ္ဗဋ္ဌက-

"ဟယ်....မာရ်နတ်....သင်လို မာရ်နတ်မျိုး အရာအထောင် လာဖျက်သော်လဲ ငါ့ရဲ့သဒ္ဓါတရားကို လှုပ်ရှားစေနိုင်မယ် မဟုတ်ပါဘူး၊ မဟာဂေါတမဘုရားရှင်ဟာ "သဗ္ဗေ သင်္ခါရာ အနိစ္စာ" ကို ကြားရုံမျှမဟုတ်ပဲ ကိုယ်တွေ့ ဉာဏ်မြင် သိသည်အထိဖြစ်အောင် ဟောကြားခဲ့ပြီးဖြစ်ရာ သင်မာရ်နတ်လှည့်စားလို့ ရမှာမဟုတ်ပါ၊ ငါ့အိမ်တံခါးမှာ မနေနှင့်တော့။"

လို့ပြောဆိုပြီး နှင်လိုက်ပါတယ်၊ မာရ်နတ်သားလဲ မနေသာပဲ သူရမ္ဗဋ္ဌရဲ့ အိမ်ဂေဟာမှ ဖဲခွာပျောက်သွားရပါတယ်၊ ဘုန်းကြီးတို့ပရိသတ်ကတော့ အကောင်လဲမမြင်ရပဲနှင့် လက်အုပ်ကလေးတချီချီနဲ့ ကြောက်လိုက်ရတာ နတ်ကို၊ဘယ်တော့များ အဲဒီလို ပြောနိုင်ပါ့မလဲ။

အဲဒါဟာ သောတာပန်အရိယာရဲ့ ဉာဏ်အမြင်နဲ့တူတဲ့ ဉာဏ်အမြင်ရှိတဲ့ သူရမ္ဗဋ္ဌရဲ့ အနိစ္စ ဒုက္ခ အနတ္တ သိမြင်မှု ခိုင်မြဲသွားပုံ အကြောင်းအရာပ ါပဲနော်။

"မှန်ပါဘုရား။"

သောတာပန်အရိယာတွေဟာ သာမန်သူလိုကိုယ်လိုပဲ အမှတ်တမဲ့မရှုမပွားပဲနေတဲ့အခါမှာတော့ သူလိုကိုယ်လိုပါပဲ၊ မထူးခြားသလိုပါပဲ၊ အဲ....ရှုပွားများတဲ့အခါကျယင်တော့ ရုပ်နာမ်ဓမ္မသင်္ခါရတွေရဲ့ သဘောအမှန် အနိစ္စ ဒုက္ခ အနတ္တအခြင်းအရာတွေဟာ ဉာဏ်အမြင်မှာ ရှင်းနေပါတယ်။

ဘယ်လောက်ရှင်းလဲဆိုတော့ ဘုရားယောင်ဆောင်ပြီး ဖျက်ဆီးလို့မရလောက်အောင် ရှင်းပါတယ်၊ အဲဒီလို ဉာဏ်အမြင်ရှင်းတာဟာ အရိယာအစစ်တွေနဲ့ မျက်မှောက်မှာရော မျက်ကွယ်မှာရော တူညီနေပါတယ်။

ယခုပြောခဲ့တဲ့ နောက်ဆုံးဖြစ်တဲ့ အရိယမဂ်ဉာဏ်အမြင်နဲ့ ပြည့်စုံပါယင် ရှေးကပြောခဲ့တဲ့ မေတ္တာရှေးရှု ပြုမှု ပြောမှု ကြံစည်မှု အရိယာနှင့်အကျင့်သီလတူမျှမှု သီလရှိတဲ့သီတင်းသုံးဖော်တွေနှင့် မိမိပစ္စည်းကို ဝေခွဲသုံးဆောင်မှုတို့လဲ ပြည့်စုံနိုင်ပါတယ်။

ဒါကြောင့်မို့ ဒီနောက်ဆုံးဖြစ်တဲ့ အရိယာနှင့် ဉာဏ်အမြင်တူခြင်းဆိုတဲ့ အောက်မေ့ဖွယ်ရာ တရားတော်ဟာ တရား ၆ ပါးတွင် အချုပ်အခြာ ပဓာနဖြစ်ကြောင်းကို ဘုရားရှင်က ဒီလိုဟောတော်မူခဲ့ပါတယ်။

> "ရဟန်းတော်များ အို....ချစ်သားတို့ မပြတ်အောက်မေ့ထိုက်သော ချစ်ခြင်းကိုပြုတတ်သော လေးစားခြင်းကိုပြုတတ်သော ဒီတရား ၆-ပါးတို့ဟာ သိမ်းသွင်းရန် ဝါဒမကွဲပြားရန် ညီညွတ်ရန် တပေါင်းတည်းဖြစ်ရန် ဖြစ်ကြတယ်။"

"ရဟန်းတော်များ အို- ချစ်သားတို့ မပြတ်အောက်မေ့ထိုက်တဲ့ ဒီတရား ၆-ပါးတို့တွင် ဝဋ်ဆင်းရဲမှထုတ်ဆောင်တတ်သော ထိုအတိုင်းပြုလုပ်တဲ့သူအား ကောင်းစွာဝဋ်ဆင်းရဲမှ ကုန်ရန်ဖြစ်တဲ့ မြတ်တဲ့ ဒီအယူဟာ အချက်အချာဖြစ်ပါတယ်၊ စုရုံးရာဖြစ်ပါတယ်၊ ပေါင်းဆုံရာဖြစ်ပါတယ်။"

"ရဟန်းတော်များ အို....ချစ်သားတို့ ဥပမာပြရပါလျှင် အထွတ်ကပ်တဲ့အိမ်၌ အထွတ်ဟာ အချက်အချာ စုရုံးရာ ပေါင်းဆုံရာ ဖြစ်သကဲ့သို့ အဲဒီအတူပဲ မပြတ်အောက်မေ့ထိုက်တဲ့ ဒီ တရား ၆-ပါးတို့တွင် ဝဋ်ဆင်းရဲမှ ထုတ်ဆောင်တတ်တဲ့ ထိုအတိုင်း ပြုလုပ်တဲ့သူအား ကောင်းစွာ ဝဋ်ဆင်းရဲကုန်ရန်ဖြစ်တဲ့ မြတ်လှတဲ့ ဒီအယူဟာ အချက်အချာဖြစ်တယ်၊ စုရုံးရာဖြစ်တယ်၊ ပေါင်းဆုံရာဖြစ်တယ်။"

လို့ ဟောတော်မူခဲ့ပါတယ်၊ ဒါကြောင့် ယခု ဟောပြခဲ့တဲ့ အောက်မေ့ဖွယ်ရာတရား ၆-ပါးကို မိမိတို့သန္တာန်မှာ မပြတ်မလပ်ဖြစ်ပွားအောင် ကြိုးစားရပါမယ်၊ အထူးသဖြင့် ဒီနောက်ဆုံးဖြစ်တဲ့ အချုပ်လဲဖြစ်တဲ့ အောက်မေ့ဖွယ်ရာ တရားတော်နဲ့ ပြည့်စုံအောင် ကြိုးစားရပါမယ်၊ ကြိုးလဲကြိုးစားနိုင်ကြပါစေ၊ ကြိုးစားလို့လဲ မိမိတို့လိုအပ်တဲ့ အကျိုးတရားတွေ ရကြပါစေလို့ ဆုတောင်းယင်းနဲ့ ဒီ ကောသမ္ဗိယသုတ္တန်တရားတော် ခေါ် "ငြင်းခုံပွဲမှအမြတ်တရားတော်" ပ ၄ မ ပိုင်း အပြီးသတ်လိုက်ပါတယ်။

**ပဋ္ဌာနာနှင့် အာသီသ** ဤသို့လျှင် မဇ္ဈိမနိကာယ်, မူလ ပဏ္ဏာသ ပါဠိတော် ငါးခုမြောက် စူဠယမကဝဂ်, ရှစ်ခုမြောက် ကောသမ္ဗိယသုတ္တန်တရားတော်ခေါ်တဲ့ "ငြင်းခုံပွဲမှ အမြွက်" တရားဒေသနာတော်ကို ကြားနာရခြင်းတည်းဟူသော ဓမ္မဿဝနကောင်းမှုကုသိုလ်စေတနာ,

ပရိယတ္တိစာမေးပွဲသဘင်ကြီး ဆင်ယင်ကျင်းပ၍ ပရိယတ္တိ သာသနာတော်ကြီးကို အားပေးချီးမြှောက်ခြင်းတည်းဟူသော ပရိယတ္တိဓမ္မာနုဂ္ဂဟကုသိုလ် ပရိယတ္တိသာသနာနုဂ္ဂဟကုသိုလ်,

ဓမ္မသဘင် ဆင်ယင်ကျင်းပ၍ မြို့သူမြို့သား နယ်သူ နယ်သား သူတော်စင်အများတို့အား တရားတော်အလှူကို ပေးလှူရခြင်းတည်းဟူသော ဓမ္မဒါန, အမတဒါန,

လှူဖွယ်ဝတ္ထု ပစ္စည်းအစုစုတို့ကို လှူဒါန်းရခြင်း တည်းဟူသော ပစ္စယဒါန, အာမိသဒါန,

သရဏဂုံ သီလတို့ကို ဆောက်တည်ရခြင်း တည်းဟူသော သီလမယ ကောင်းမှုကုသိုလ်ကံစေတနာ,

ကောသမ္ဗိယသုတ္တန်တရားတော်လာ "ငြင်းခုံပွဲမှအမြွက်" တရားဒေသနာတော်မြွက်ကို ကြားနာနေရစဉ် အတွင်းဝယ် မိမိတို့ဉာဏ်ပညာ အားရှိသမျှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါးတို့၏ မမြဲသောအခြင်းအရာ,ဆင်းရဲသော အခြင်းအရာ,မစိုးမပိုင်သော အခြင်းအရာကို ဝိပဿနာဉာဏ်ပညာဖြင့် အဖန်ဖန် ဆင်ခြင်ပွားများ နှလုံးထားရခြင်းတည်းဟူသော ဘာဝနာမယ ကောင်းမှုကုသိုလ်ကံစေတနာ,

ဤသို့ စသည်များမြတ် ပေါင်းအပ်သော ကောင်းမှုကုသိုလ်ကံ စေတနာအရပ်ရပ်တို့ကြောင့် ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသူမြတ်တို့ ဆိုက်ကပ်မျက်မှောက် ပြုအပ်သော သန္တိလက္ခဏာ, အစ္စုတိရသ, အနိမိတ္တပဒဋ္ဌာန်ရှိသော နိဗ္ဗာန်ပရမတ်ကို သမ္မာသမ္ဗောဓိဉာဏ်, သာဝကဗောဓိဉာဏ်ထည်းဟူသော ဗောဓိဉာဏ်သုံးပါးတို့အနက် မိမိတို့ရည်သန်ရင်း, တောင့်တရင်း, ပန်ထွာရင်းရှိသော ဗောဓိဉာဏ်အသီးသီး အရပ်ရပ်တို့ဖြင့်ဍင်း....

မပင်မပန်း ချမ်းသာလွယ်ကူသော အကျင့်ပဋိပတ်လျင်မြန်သော အသိဉာဏ် ရည်သန်တောင့်တ ပန်ထွာရင်းရှိသော မဂ်ဉာဏ်လေးရပ်တို့ဖြင့်ဍင်း....

အရဟတ္တဖိုလ်ပေါက် လျင်မြန်ထုတ်ချောက် မျက်မှောက်ပြုနိုင်ကြသည့်ကိုယ် ဖြစ်ကြပါစေကုန်သတည်း။

နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မိမိတို့ရည်သန်တောင့်တ ပန်ထွာရင်းရှိသော ဗောဓိဉာဏ် အသီးသီး အရပ်ရပ်တို့ဖြင့် မျက်မှောက်ပြုရသော ထိုနောက်ဆုံးပစ္ဆိမဘဝ ပရိနိဗ္ဗာနစုတိစိတ်အခြားမဲ့ နောက်ကာလဝယ် ဘဝသုံးပါး၊ ယောနိလေးပါး၊ ဂတိငါးပါး၊ ဝိညာဏဋ္ဌိတိခုနစ်ပါး သတ္တာဝါသကိုးဝတို့တွင် တစုံတခုသောဘဝ, တစုံတခုသောယောနိ, တစုံတခုသော ဂတိ, တစုံတခုသော ဝိညာဏဋ္ဌိတိ, တစုံတခုသော သတ္တာဝါသ, သတ္တနိကာယမှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာဝဋ်မီးစာတရားတို့ တဖန်အသစ်မဖြစ်သော ချုပ်ခြင်း,ငြိမ်းခြင်း,

တဖန်အသစ်မဖြစ်သည်ကိုပင် ခေါ်သော ချုပ်ခြင်း,ငြိမ်းခြင်း ယင်းချုပ်ခြင်း, ငြိမ်းခြင်းကိုပင် ခေါ်သော အနုပ္ပါဒနိရောဓ, ယင်း အနုပ္ပါဒနိရောဓကိုပင် ခေါ်သော အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီစီကြပါစေကုန်သတည်း။

အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီစံကြသဖြင့် ကမ္မဝဋ်, ကိလေသ ဝဋ်, ဝိပါကဝဋ်တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာ မီးတောက်မီးလျှံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။

"သာဓု....သာဓု....သာဓုပါ ဘုရား။"

**ပထမပိုင်း ပြီး၏။**

# ''ငြင်းခုံပွဲမှ အမြတ်တရားတော်''
# [ဒုတိယပိုင်း]

## သောတာပန်စွမ်းရည်ခုနစ်ပါး

**ပဌမစွမ်းရည်**

အဲ....ယခုဆိုယင် ဘုရားရှင် ကိုယ်တော်မြတ်က ရှေ့ပိုင်းအနေနဲ့ ဒီကောသမ္ဗိယသုတ္တန်တရားတော် ငြင်းခုံပွဲမှ အမြတ်တရားတော်မှာ ရဟန်းတော်တွေကို ''အောက်မေ့ဖွယ်ရာတရား''တော် ၆-ပါးကို ဟောကြားခဲ့ပါတယ်၊ ဒီတရားတော် ၆-ပါးကို လိုက်နာကျင့်ကြံကြိုးကုတ်အားထုတ်ပါလျှင် အကျိုးတရား၇-ပါးရမယ့်အကြောင်းဟောခဲ့ပြီးပြီနော်။

''မှန်ပါ ဘုရား။''

အဲဒီဟောခဲ့ပြီးတဲ့ သာရဏီယတရား၆-ပါးထဲမှာ နောက်ဆုံးဖြစ်တဲ့ ''အရိယာရဲ့ဉာဏ်နဲ့တူလျှင်''ဆိုတဲ့တရားတော်ဟာ အချက်အချာဖြစ်ပါတယ်၊ စုရုံးရာဖြစ်တယ်၊ ပေါင်းဆုံရာဖြစ်ပါတယ်။

အဲဒီ ပဌမပိုင်း ပြီးသွားတော့ ယခု ဒုတိယပိုင်းအနေနဲ့ ဟောရမှာက ''သောတာပန်စွမ်းရည်ခုနစ်ပါး''တဲ့နော်။

''မှန်ပါ ဘုရား။''

အဲဒီသောတာပန်စွမ်းရည် တရားတော်ဆိုတာဟာလဲ တခြားမဟုတ်ပါဘူး၊ယခုဟောပြီးတဲ့ပဌမပိုင်းကပြီးသွားတဲ့ နောက်ဆုံး

ဖြစ်တဲ့ ခြောက်ခုမြောက် သာရဏီယတရားရဲ့ အစိတ်အပိုင်းတခု ပဲလို့ မှတ်နော်။

"မှန်ပါ ဘုရား။"

ပဌမပိုင်းမှာ ဟောပြီးခဲ့တဲ့ ခြောက်ခုမြောက် အောက်မေ့ဖွယ်ရာ သာရဏီယတရားက ဘာတဲ့လဲဆိုယင် "ဆင်းရဲခပ်သိမ်း ငြိမ်းအောင် ထုတ်ဆောင်တဲ့ အရိယမဂ်ပညာ"ပဲ မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား။"

ဒါဖြင့် ဒီတရားတော်ကိုပဲ 'ယခုဝေဖန်ပြီးတော့ ဟောပြရမှာပါ၊ အဲဒီတရားတော်ကို ဘုရားရှင်က ဘယ်လိုဟောခဲ့သလဲ ဆိုတော့....

> "ရဟန်းတော်များ အို....ချစ်သားတို့၊ ဝဋ်ဆင်းရဲမှ ထုတ်ဆောင်တတ်တဲ့ ဖြူစင်မြင့်မြတ်တဲ့ အရိယာတို့ရဲ့ ဥစ္စာဖြစ်တဲ့ အကြင် သောတာပတ္တိမဂ်ဉာဏ်ဆိုတဲ့ အသိအမြင်ဆိုတာ ရှိပေတယ်၊ အဲဒီ သောတာပတ္တိမဂ်ဉာဏ် အသိအမြင်ဟာ ယင်းအသိအမြင် ဉာဏ်ပညာဖြစ်အောင် ပြုကျင့်တဲ့သူအား မှန်ကန်စွာ ဆင်းရဲခပ်သိမ်းငြိမ်းရန် အတွက် ဘယ်လိုဆင်းရဲမှ ထုတ်ဆောင်ပါသလဲ။"

လို့ အဲဒီလို ဗုဒ္ဓရှင်တော်မြတ်က ဝဋ်ဆင်းရဲမှ ထုတ်ဆောင်ပုံကို ကိုယ်တော်တိုင် မေးတော်မူပါတယ်၊ ရှင်းရှင်းမေးရယင်....

> "ရဟန်းတို့....သော တာ ပ တ္တိ မ ဂ် ဉာဏ် ပညာ ဟာ သောတာပန်ပုဂ္ဂိုလ်ကို ဝဋ်ဆင်းရဲမှ ဘယ်လိုထုတ်ဆောင်ပါသလဲ၊ ဝဋ်ဆင်းရဲငြိမ်းအောင် ဘယ်လိုထုတ်ဆောင်ပါသလဲ။"

လို့ အဲဒီလို မေးလိုရင်းပါပဲ၊ ကဲ....အဲဒီ အမေးမျိုးကို သောတာပတ္တိမဂ်ဉာဏ်အမြင်ကို ရအောင်အားထုတ်မယ့် ယောဂီ အနေနဲ့ မမေးသင့်ဘူးလားဆိုတော့ မေးသင့်ပါတယ်၊ အဲဒီ မေးသင့်တဲ့ အမေးကို ဘုရားရှင်က မေးပြတယ်နော်။

"မှန်ပါ ဘုရား။"

အေး....အဲဒီ သောတာပတ္တိမဂ်ဉာဏ်အမြင်ကိုရယင် နောက် အခါမှာ အထက်မဂ်ဉာဏ် အဆင့်ဆင့်ကိုရမယ် မဟုတ်လား။

"မှန်ပါ ရမှာပါ ဘုရား။"

အဲဒီလို အထက်မဂ်ဉာဏ်အဆင့်ဆင့်ကို ရောက်သွားယင် ဝဋ္ဋ ဆင်းရဲတွေလဲ အဆင့်ဆင့်ငြိမ်းသွားပြီး နောက်ဆုံးဝဋ္ဋဆင်းရဲ ခပ်သိမ်း အကုန်ငြိမ်းသွားမယ် မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား။"

အဲဒီ အထက်အထက် မဂ်ဉာဏ်အဆင့်ဆင့်ကိုလဲ သောတာ ပတ္တိမဂ်ဉာဏ်က ဘယ်လိုဆောင်ရွက်သလဲဆိုတော့ ယခုဟော ပြမယ့် သောတာပန်ရဲ့စွမ်းရည်ခုနစ်ပါးနဲ့ ဆောင်ရွက်တယ်လို့ မှတ်နော်။

"မှန်ပါဘုရား။"

ဘုန်းကြီးက အလွယ်ပဲ အမည်ပေးထားတာပါ၊ ဒီစွမ်းရည် ခုနစ်ပါးကို မဟာပစ္စဝေက္ခဏာခုနစ်ပါးလို့လဲ ခေါ်ပါတယ်၊ သောတာပန်အရိယာနဲ့ ပုထုဇဉ်တို့ရဲ့ခြားနားချက် ခုနစ်ပါးလို့ လဲ ခေါ်ပါတယ်။ အဲဒီ ခုနစ်ပါးကို သောတာပန်ဖြစ်ချင်သူတို့ သိဖို့မလိုဘူးလား လိုသလား။

"လိုပါတယ်ဘုရား။"

အေး....အဲဒီလိုဆိုယင် အဲဒီသောတာပန်ရဲ့ စွမ်းရည်ခုနစ်ပါး သို့မဟုတ် မဟာပစ္စဝေက္ခဏာခုနစ်ပါး, သောတာပန်နဲ့အရိယာနဲ့ ခြားနားချက်ခုနစ်ပါးကိုပြရမှာပေါ့။ ပြတော့ အဲဒီနံပါတ်တစ် စွမ်းရည်က ဘာတဲ့လဲ။

“ရဟန်းတော်များ အိုချစ်သားတို့ ဒီသာသနာတော်မှာ သောတာပန်ရဟန်းဟာ တောအရပ်သို့ကပ်၍ဖြစ်စေ, သစ်ပင်ရင်းသို့ ကပ်၍ဖြစ်စေ, ဆိတ်ငြိမ်ရာသို့ကပ်ရောက်၍ဖြစ်စေ,ဒီလိုရှုဆင်ခြင်တယ်၊ ဘယ်လိုရှုဆင်ခြင်လဲဆိုတော့-ငါသည် အကြင်ထကြွမှု‘ပရိယုဋ္ဌာန်’ကိလေသာဖြင့် ထကြွဖြစ်ပေါ်ကာ လွှမ်းမိုးနှိပ်စက်ခံရသော စိတ်ရှိသည်ဖြစ်၍ ဟုတ်တိုင်းမှန်စွာ ရုပ်နာမ်သဘောကို မသိမမြင်နိုင်ပဲ ရှိခဲ့ရတယ်၊ ငါ့ရဲ့ကိုယ်အတွင်း၌ မပယ်ရသေးတဲ့ ထကြွတဲ့ ထိုပရိယုဋ္ဌာန်ကိလေသာဟာ ရှိသေးသလား။”

လို့ အဲဒီလို ရှုဆင်ခြင်တယ်တဲ့နော်၊ အဲဒါဟာ သောတာပန်ပုဂ္ဂိုလ်ရဲ့ ဆင်ခြင်ပုံပဲ၊ သောတာပန်ပုဂ္ဂိုလ်ဟာ အဲဒီလိုပဲ ဆင်ခြင်ပါတယ်နော်။

“မှန်ပါဘုရား။”

အင်း ...တရားအထူးကို မရရှိသေးတဲ့ ပုထုဇဉ်မှာ ဒွါရ ၆ ပါးမှာ ပေါ်လာသမျှ အာရုံတွေကို လိုက်လိုက်ပြီး ရှုပွား အားထုတ်ယင်“လိုချင်မှု” အစရှိတဲ့ ထကြွတဲ့ ကာမရာဂကိလေသာတွေက လွှမ်းမိုးပြီးနေတော့ ရုပ်နာမ်တို့ရဲ့သဘာဝကို အမှန်အတိုင်း အခါခပ်သိမ်း သိနိုင်ပါ့မလား,မြင်နိုင်ပါ့မလား။

"မသိနိုင် မမြင်နိုင်ပါဘုရား။"

အခါခပ်သိမ်းတော့ မဟုတ်ပါဘူး၊ တခါတခါတော့သိနိုင် မြင်နိုင်တယ်၊ တခါတခါတော့ မသိနိုင် မမြင်နိုင်ဘူးပေါ့ ဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

အဲ....သောတာပတ္တိမဂ်ဉာဏ် အသိအမြင်အထူးကို ရရှိပြီးတဲ့ သောတာပန်ပုဂ္ဂိုလ်ကတော့ ခုနကပြောခဲ့တဲ့ တော သစ်ပင်ရင်း ဆိတ်ငြိမ်ရာ အရပ်တွေမှာ အေးချမ်းစွာနဲ့ အာရုံဒွါရတိုက်ဆိုင်တိုင်း အမြဲမပြတ်တရစပ်ဖြစ်ပေါ်နေတဲ့ ရုပ်နာမ်တရားတွေကို ရှုပွားအားထုတ်ယင် အဲဒီရုပ်နာမ်တို့ရဲ့ သဘောသဘာဝအမှန်ကို မသိမမြင်အောင် လွှမ်းမိုးထားတဲ့ ထကြွလာတဲ့ ကာမရာဂစတဲ့ ပရိယုဋ္ဌာန် ကိလေသာတွေကို မတွေ့ရပဲ ရုပ်နာမ်တရားတွေရဲ့ သဘောသဘာဝအမှန်ကို ဟုတ်တိုင်းမှန်စွာ သိရ မြင်ရတယ် နော်။

"မှန်ပါဘုရား။"

အဲဒါဟာ သောတာပန်နဲ့ ပုထုဇဉ်ရဲ့ခြားနားချက်ပါပဲ၊ သောတာပန်မှာသာရှိပြီး ပုထုဇဉ်မှာ မရှိတဲ့ သောတာပန်ရဲ့ စွမ်းရည်ပါပဲ။

ဒီတော့ ကိုယ့်မှာ စွမ်းရည်သတ္တိ ဘယ်လောက်ရှိသလဲ-မရှိဘူးလဲဆိုတာကို သိရအောင် တော သစ်ပင်ရင်း ဝါးပင်ရင်း အောက် ဆိတ်ငြိမ်ရာ အရပ်တခုခုမှာ ချဉ်းကပ်ပြီးတော့ ရှုပွား အားထုတ်ကြည့်ပေါ့၊ အဲဒီလို ရှုပွားအားထုတ်ကြည့်ယင် မိမိရဲ့ စွမ်းရည် ရှိ-မရှိကို မသိရဘူးလား။

"သိရပါတယ်ဘုရား။"

အေး....ဟုတ်တယ်၊ ကာမရာဂစတဲ့ ထကြွသောင်းကျန်းမှု အကုသိုလ် ပရိယုဋ္ဌာန် ကိလေသာတွေ ရှိ-မရှိ ထကြွ-မထကြွကို သိရမှာပဲနော်။

"မှန်ပါဘုရား။"

ဆိုပါတော့ ယခုမှ တရားစပြီးတော့ အားထုတ်ခါစဖြစ်တဲ့ ယောဂီအသစ်တွေမှာ မိမိတို့ ရှုပွားနေကြတဲ့ အရှုခံ အာရုံရဲ့ သဘောကို ရှုပွားအားထုတ်နေတဲ့ အခါမှာ အဲဒီအရှုခံအာရုံရဲ့ သဘောသဘာဝ အမှန်ကို မရှုပွားမိပဲ မရှုပွားနိုင်ပဲ လိုချင်စရာ အာရုံတွေဆီ မက်မောစရာ အာရုံတွေဆီ စိတ်ရောက်သွားတတ်တယ်၊ ရံခါရံခါတော့လဲ စိတ်ဆိုးစရာ အာရုံတွေဆီ စိတ်ပျက်စရာ အာရုံတွေဆီ စိတ်ရောက်သွားတတ်ပါတယ်။

အဲဒီလို မိမိရှုပွားအားထုတ်နေတဲ့ မူလ အရှုခံအာရုံမှတပါး လိုချင်စရာအာရုံ, စိတ်ဆိုးစရာအာရုံတွေဆီ စိတ်ရောက်, ရောက်သွားပြီး အဲဒီအာရုံတွေကို ကြံစည်စိတ်ကူးမှုတွေကို ထကြွတဲ့ ပရိယုဋ္ဌာန် ကိလေသာလို့ ခေါ်တယ်နော်။

"မှန်ပါဘုရား။"

အမှန်စင်စစ်က ယောဂီပုဂ္ဂိုလ်ဟာ အဲဒီ လိုချင်စရာအာရုံ, စိတ်ဆိုးစရာ အာရုံအစရှိတဲ့ အာရုံတွေကို လွှမ်းမိုးပြီး မိမိ ရှုပွား အားထုတ်နေကျဖြစ်တဲ့ အရှုခံအာရုံမှာ ရှုပွားနိုင်ရမှာ။

အဲဒီလို မရှုပွားနိုင်ပဲနဲ့ လိုချင်စရာအာရုံ, စိတ်ဆိုးစရာအာရုံ အစရှိတဲ့ အာရုံတွေဆီ စိတ်ကရောက်ရောက်သွားပြီး အဲဒီ

အာရုံတွေက မိမိရဲ့ရှုပွားစိတ်ကို ထကြွလှုပ်ရှားသလို နှိပ်စက်သွားတယ်မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

အဲဒီလို မိမိရဲ့ရှုပွားစိတ်ကို လှုပ်ရှားသွားတဲ့ စိတ်တွေဟာ ကုသိုလ်စိတ်တွေလား, အကုသိုလ်စိတ်တွေလား။

"အကုသိုလ်စိတ်တွေပါ ဘုရား။"

အေး....မိမိတို့ စိတ်သန္တာန်မှာ ထကြွ ဖြစ်ပေါ်လှုပ်ရှား နှိပ်စက်တတ်တဲ့ အကုသိုလ်တွေ ကိလေသာတွေ မကင်းသေးယင်တော့ မိမိရှုပွားနေတဲ့ အရှုခံအာရုံမှာ ရှုပွားတဲ့အခါမှာ အဲဒီ အကုသိုလ်တွေ ကိလေသာတွေဟာ ဖြစ်ပေါ်လာမှာပဲ၊ မဖြစ်ပဲ မနေပါဘူးနော်။

"မှန်ပါဘုရား။"

အဲဒီလို ဖြစ်ပေါ်လာတဲ့အခါမှာ ပုထုဇဉ်တွေက အဲဒီ အကုသိုလ် ကိလေသာတွေကို အရှုံးပေးရပြီး အရှုခံအာရုံ ပျောက်ပျောက်သွားပါတယ်။

အဲ....သောတာပန် အရိယာပုဂ္ဂိုလ်ကတော့ မိမိရှုပွားနေကျ ဖြစ်တဲ့ အရှုခံအာရုံကို ရှုပွားပြီးတော့ နေနိုင်ပါတယ်၊ ရှုပွားပြီးတော့ အဲဒီ အကုသိုလ်, ကိလေသာတွေကို ပယ်နိုင်ပါတယ်၊ လှုပ်ရှားနိုင်ပါတယ်။

သောတာပန်အရိယာပုဂ္ဂိုလ်မှာ မိမိရှုပွားနေတဲ့ ရုပ်တရားနာမ်တရားတွေရဲ့ အဖြစ်အပျက် သဘောသဘာဝ အမှန် ကို မသိနိုင်လောက်အောင် ထကြွ-လှုပ်ရှားနှိပ်စက်တတ်တဲ့ ကိလေသာ အကြမ်းစား အရမ်းစားတွေ မတွေ့ရဘူးတဲ့နော်။

"မှန်ပါဘုရား။"

အဲဒါဟာ သောတာပန်နှင့် ပုထုဇဉ်ရဲ့ ထူးခြားချက်ပါပဲ၊ သောတာပန်မှာသာရှိပြီး ပုထုဇဉ်မှာမရှိတဲ့ သောတာပန်ရဲ့ စွမ်းရည်ထူးပဲနော်။

"မှန်ပါဘုရား။"

**ကိလေသာစခရင်း**

ဒီနေရာမှာ သောတာပန် အရိယာရဲ့ စိတ်သန္တာန်ကို မလွှမ်းမိုး မနှိပ်စက်နိုင်တဲ့ ကိလေသာစခရင်းအင်းတွေကို အတိုချုပ် အကျဉ်းချုပ် သိထားဖို့ရာ ဖော်ပြပါအုံးမယ်၊ ဘာတွေလဲဆိုတော့....

(၁) လိုချင်မက်မောမှု ကာမရာဂ၊
(၂) စိတ်ဆိုး စိတ်ပျက်မှု ဗျာပါဒ၊
(၃) ထိုင်းမှိုင်းငိုက်မျဉ်းမှု ထိနမိဒ္ဓ၊
(၄) ပျံ့လွင့်ပူပန်မှု ဥဒ္ဓစ္စ ကုက္ကုစ္စ၊
(၅) ယုံမှားမှု ဝိစိကိစ္ဆာ၊
(၆) မျက်မှောက် ဘဝအကြောင်း စဉ်းစားမှု များခြင်း၊
(၇) တမလွန်ဘဝအကြောင်း စဉ်းစားမှုများခြင်း၊
(၈) ငြင်းခုံ, ခိုက်ရန်ဖြစ်ခြင်း, ဆန့်ကျင်စကား များခြင်း, နှုတ်လှံထိုးခြင်း။

အဲဒီ တရားတွေပဲ၊ အဲဒီ တရားရှစ်ပါးက သောတာပန် အရိယာရဲ့ ရုပ်နာမ်တရား ရှုပွားတဲ့အခါ ရုပ်နာမ် အမြင်မရှိအောင် မထကြွ မလွှမ်းမိုးနိုင်ပါဘူးတဲ့နော်။

"မှန်ပါဘုရား။"

အဲဒီ တရားရှစ်ပါးကို ယောဂီတို့ မှတ်မိအောင် မူရင်းပါဠိတော်က လာတဲ့အတိုင်း ဖော်ပြပါအုံးမယ်၊ ရှင်းလင်းအောင် မှတ်ထားပါ....

(၁) ရဟန်းတို့ ယောဂီရဟန်းသည် ကာမဂုဏ်အာရုံ၌ တပ်မက်မှု "ကာမရာဂ" ထကြွ လွှမ်းမိုးဖြစ်ပေါ်လျက် နှိပ်စက်ခံရသည်ဖြစ်အံ့၊ ထကြွတဲ့ ကိလေသာရဲ့ လွှမ်းမိုးနှိပ်စက်ခြင်းကို ခံရတဲ့ စိတ်ရှိသည် သာလျှင် ဖြစ်၏။

(၂) ရဟန်းတို့ ယောဂီရဟန်းသည် စိတ်ဆိုး စိတ်ပျက်မှု ဖျက်ဆီးလိုမှု "ဗျာပါဒ" ထကြွ ဖြစ် ပေါ်လျက် လွှမ်းမိုးနှိပ်စက်ခံရသည်ဖြစ်အံ့၊ ထ ကြွ တဲ့ ကိလေသာရဲ့ လွှမ်းမိုးနှိပ်စက်ခြင်းကို ခံရတဲ့ စိတ်ရှိသည်သာလျှင် ဖြစ်၏။

(၃) ရဟန်းတို့ ယောဂီရဟန်းသည် ထိုင်းမှိုင်းပျင်းရိမှု, စိတ်လေးလံမှု, ငိုက်မျဉ်းမှု ထိန–မိဒ္ဓ ထကြွ-ဖြစ်ပေါ်လျက် လွှမ်းမိုးနှိပ်စက် ခံရသည်ဖြစ်အံ့၊ ထကြွတဲ့ကိလေသာရဲ့ လွှမ်းမိုးနှိပ်စက်ခြင်းကို ခံရတဲ့စိတ် ရှိသည်သာလျှင် ဖြစ်၏။

(၄) ရဟန်းတို့ ယောဂီရဟန်းသည် စိတ် ပျံ့ လွင့် မှု ဥဒ္ဓစ္စ၊ စိတ်ပူပန်မှု ကုက္ကုစ္စ ထကြွဖြစ်ပေါ်လျက် လွှမ်းမိုးနှိပ်စက် ခံရသည်ဖြစ်အံ့၊ ထကြွတဲ့ ကိလေသာရဲ့ လွှမ်းမိုးနှိပ်စက်ခြင်းကို ခံရတဲ့ စိတ်ရှိသည် သာလျှင် ဖြစ်၏။

(၅) ရဟန်းတို့ ယောဂီရဟန်းသည် ယုံမှားမှု ဝိစိကိစ္ဆာ ထကြွ ဖြစ်ပေါ်လျက် လွှမ်းမိုးနှိပ်စက် ခံရသည် ဖြစ်အံ့၊ ထကြွတဲ့ ကိလေသာရဲ့ လွှမ်းမိုးနှိပ်စက် ခြင်းကို ခံရတဲ့ စိတ်ရှိသည်သာလျှင် ဖြစ်၏။

(၆) ရဟန်းတို့ ယောဂီရဟန်းသည် ဒီ မျက် မှောက် လောကအကြောင်းကို ကြံစည် စဉ်း စား ခြင်း၌ လေ့ကျက်သည် ဖြစ်အံ့၊ ထကြွ လွှမ်း မိုး သော ကိလေသာရဲ့ လွှမ်းမိုး နှိပ်စက်ခြင်းကို ခံရတဲ့ စိတ်ရှိသည်သာလျှင် ဖြစ်၏။

(၇) ရဟန်းတို့ ယောဂီရဟန်းသည် တမလွန် ဘ ဝ နောက်လောကရဲ့ အကြောင်းကို ကြံစည်စဉ်းစား ခြင်း၌ လေ့ကျက်သည်ဖြစ်အံ့၊ ထကြွ လွှမ်းမိုး သော ကိလေသာရဲ့ လွှမ်းမိုး နှိပ်စက်ခြင်းကို ခံရတဲ့ စိတ်ရှိသည်သာလျှင် ဖြစ်၏။

(၈) ရဟန်းတို့ ယောဂီရဟန်းသည် ဖြစ်သောငြင်းခုံ ခြင်းရှိလျက်, ဖြစ်သော ခိုက်ရန်ဖြစ်ပွားခြင်းရှိ လျက်, ဆန့်ကျင်ဘက်ပြောလျက်, အချင်းချင်း နှုတ်လှံထိုးလျက်, အကယ်၍ နေအံ့၊ ထကြွလွှမ်း မိုးသော ကိလေသာရဲ့ လွှမ်းမိုး နှိပ်စက်ခြင်းကို ခံရတဲ့ စိတ်ရှိသည်သာလျှင် ဖြစ်၏။

ဒီဟာ မူရင်းပါဠိတော်ကို မြန်မာပြန်ပြီးတော့ ပြောလိုက်တဲ့ တရားရှစ်မျိုးပဲ၊ အဲဒီ ရှစ်မျိုးက ပုထုဇဉ် ယော ဂီ တွေ အား

လှုပ်မ်းမိုးနိုင်သော်လဲ သောတာပန် အရိယာတွေအပေါ် မှာ မလွှမ်းမိုးနိုင်ပါဘူးတဲ့။

အဓိပ္ပာယ် ရှင်းပြရယင် ရုပ်နာမ်အာရုံတခုခုကို ရှုပွားနေတဲ့ ယောဂီဟာ ရှုပွားနေတဲ့အခါ လိုချင်စရာအာရုံဆီကို စိတ်ရောက်သွားပြီး ကြံစည်စိတ်ကူးကာ သာယာတပ်မက်နေပါလျှင် ကာမရာဂလို့ခေါ်တဲ့ ထကြွမှု ပရိယုဋ္ဌာန်ကိလေသာ နှိပ်စက်ခံရတယ်လို့ ခေါ်ပါတယ်၊ အဲဒီလို နှိပ်စက်ခံနေရယင် ရှုပွားအားထုတ်တာ ဟုတ်သေးလား။

"မဟုတ်တော့ပါဘုရား။"

အဲဒီလို ရုပ်နာမ်အာရုံကို ရှုပွားနေတဲ့အခါ လိုချင်စရာအာရုံကို စိတ်ရောက်သွားပြီး ကြံစည်စိတ်ကူးကာ သာယာမက်မောမှု ဖြစ်နေယင် ဖြစ်မှန်းသိတဲ့အခါ ဆက်ပြီးတော့မဖြစ်စေပဲ မူလ အရှုခံအာရုံ ရုပ်နာမ်သဘောကိုပဲ ပြန်ရှုပြီးတော့ ပယ်ရမယ်၊ အဲဒီလို မူလအရှုခံ ရုပ်နာမ်ကို ပြန်ရှုသောအားဖြင့် မပယ်နိုင်ယင် အရှုခံရုပ်နာမ်ရဲ့ အဖြစ်အပျက် သဘောသဘာဝ အမှန်ကို သိနိုင်ပါအုံးမလား။

"မသိနိုင်တော့ပါဘုရား။"

ဘုန်းကြီးတို့ ပရိသတ်တွေအတွက် ဆိုယင် မူလကမ္မဋ္ဌာန်း အနေနဲ့ အရှုခံထားပြီး အမြဲရှုပွားနေတဲ့ အရှုခံကမ္မဋ္ဌာန်းက ဘာလဲ။

"နှာခေါင်းဝမှာ လေဝင်တိုင်း, ထွက်တိုင်း တိုးတိုးသွားတဲ့ တိုးသဘောပါဘုရား။"

အေး....ဆိုပါတော့ အဲဒီ အရှုခံ တိုးသဘောရုပ်ကို တိုးမှုအာရုံတချက်, ရုပ်လို့ ရှုပွားမှုအသိတချက် "အာရုံတချက်, အသိတချက်" ပစ္စုပ္ပန်ကျအောင် ရှုပွားနေယင်း စိတ်ဆိုး-စိတ်ပျက်မှုဗျာပါဒတရား, ဒေါသတရားဖြစ်ပေါ်လာယင် အဲဒါလဲ ထကြွမှု-ပရိယုဋ္ဌာန် ကိလေသာပဲ၊ မိမိစိတ်ကို လွှမ်းမိုးနှိပ်စက်တာပဲနော်။

"မှန်ပါဘုရား။"

အဲဒီလို ထကြွမှုပရိယုဋ္ဌာန် ကိလေသာတပါးပါးက ထကြွလွှမ်းမိုးအနှိပ်စက် ခံနေရယင်"ငါ့မှာ ကိလေသာ အနှိပ်စက်ခံနေရပါကလား"လို့သိယင် အဲဒီထကြွလွှမ်းမိုးနှိပ်စက်တဲ့ ကိလေသာ ရှိသေးလားဆိုတော့ မရှိတော့ဘူးနော်။

"မှန်ပါဘုရား။"

မရှိတော့ ဘာဖြစ်သွားလဲဆိုတော့ အမြင်မှန်အဖြစ်မှန်သိတဲ့ သမ္မာဒိဋ္ဌိဖြစ်သွားပြီ၊ အဲဒီလို အမြင်မှန်တဲ့ သမ္မာဒိဋ္ဌိ,အဖြစ်မှန်သိတဲ့ သမ္မာဒိဋ္ဌိဖြစ်တဲ့အခါမှာ မူလအရှုခံတိုးသဘောရုပ်ကို ပြန်ပြီးတော့ရှုပွားပါ၊ အဲဒီအခါမှာ နှိပ်စက်ထကြွ လွှမ်းမိုးတဲ့ကိလေသာရှိသေးလား။

"မရှိတော့ပါဘုရား။"

အဲဒီလို ထကြွလွှမ်းမိုးနှိပ်စက်တဲ့ စိတ်ဆိုး စိတ်ပျက်မှုဗျာပါဒတရားဒေါသတရားမရှိတဲ့အခါ မူလရှုနေတဲ့ တိုးသဘောရုပ်ရဲ့ သဘောအမှန်အဖြစ်အပျက်တွေကို မသိနိုင်ဘူးလား,သိနိုင်လား။

"သိနိုင်ပါတယ်ဘုရား။"

အဲဒီလိုပဲ၊ ရှုပ္ပားနေယင်း ထိုင်းမှိုင်းပျင်းရိမှု ငိုက်မျဉ်းမှုထိန-မိဒ္ဓကိလေသာ ထကြွမှုလွှမ်းမိုးနှိပ်စက်လာလျှင် မူလရှုပ္ပားနေတဲ့ တိုးသဘောရုပ်ရဲ့ သဘော သဘာဝ အမှန်ကို သိနိုင်ပါအုံးမလား။

"မသိနိုင်တော့ပါဘုရား။"

ဘာဖြစ်လို့ မသိလဲဆိုတော့ ထိုင်းမှိုင်းပျင်းရိမှု ငိုက်မျဉ်းမှု ထိနမိဒ္ဓကိလေသာ ထကြွလွှမ်းမိုးနှိပ်စက်လို့ အနှိပ်စက်ခံနေရလို့ ဟုတ်လား။

"မှန်ပါတယ်ဘုရား။"

အဲဒီလိုပဲ၊ စိတ်ပျံ့လွင့်မှု "ဥဒ္ဓစ္စ" စိတ်ပူပန်မှု "ကုက္ကုစ္စ" ဖြစ်ပေါ်လာလျှင်လဲ အနှိပ်စက်ခံရတာပဲ မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

အဲဒီလို အနှိပ်စက်ခံရလျှင် အနှိပ်စက်ခံရမှန်းသိပြီး မူလရှုနေတဲ့ အရှုခံအာရုံ တိုးသဘောကို ပြန်ရှုတော့ အနှိပ်စက်ခံရသေးလား။

"အနှိပ်စက်မခံရတော့ပါ ဘုရား။"

အနှိပ်စက်ခံရမှု ပျောက်သွား ကင်းသွားယင် တိုးသဘောရုပ်ရဲ့ အဖြစ်အပျက်အမှန်ကို သိနိုင်မယ်၊ သို့မဟုတ်က သိနိုင်ပါ့မလား။

"မသိနိုင်ပါဘုရား။"

အဲဒီလိုပဲ၊ မိမိရှုပ္ပား အားထုတ်နေကျဖြစ်တဲ့အရှုခံအာရုံ တိုးသဘောရုပ်ကို တိုးမှုတချက် ရုပ်လို့ရှုမှုတချက် အာရုံတချက် အသိတချက် တိုးတိုင်းတိုးတိုင်း "ရုပ်ရုပ်" ရှုပ္ပားနေယင်း "သဗ္ဗညု

မြတ်စွာဘုရားဆိုတာ ရှိမှရှိရဲ့လား၊ ငါ ယခု အားထုတ်နေတဲ့ ဒီတရားတော်က ချမ်းသာသုခကို ဆောင်တယ်ဆိုတာ ဟုတ်မှ ဟုတ်ပါ့မလား" စသည်ဖြင့် ယုံမှားတွေးတောမှု ဝိစိကိစ္ဆာဖြစ်လာယင်လဲ ထကြွမှုကိလေသာရဲ့ အနှိပ်စက်ခံရတာပဲနော်။

"မှန်ပါဘုရား။"

အဲဒီလို ယုံမှားမှု တွေးတောမှု ဝိစိကိစ္ဆာဖြစ်နေယင်လဲ ဖြစ်မှန်းသိပြီးတော့ ဆက်ပြီးမတွေးတောပဲ မူလအရှုခံ တိုးသဘောရုပ်ကိုပဲ "တိုးမှုတချက်"ရုပ်လို့ရှုမှုတချက်,အာရုံတချက် အသိတချက် မှန်အောင် ပြန်ပြီးရှုပွားကာ ပယ်ရမယ်၊ အဲဒီလို ရှုပွားပြီးမပယ်နိုင်ယင် တိုးသဘောရုပ်ရဲ့ သဘောအမှန် အဖြစ် အပျက်အမှန်ကို သိနိုင်ပါ့အုံးမလား။

"မသိနိုင်တော့ပါဘုရား။"

အဲဒီ ယုံမှားမှု ဝိစိကိစ္ဆာကတော့ ပုထုဇဉ်မှာပဲ ဖြစ်တော့တယ်၊ သောတာပန်အရိယာမှာတော့ မဖြစ်တော့ဘူး၊ မရှိတော့ဘူး၊ ဒီတော့ ရှုပွားပြီး ပယ်စရာလိုသေးလား။

"မလိုတော့ပါဘုရား။"

**သက္ကာယဒိဋ္ဌိ** ဒီနေရာမှာ သောတာပန်အရိယာမှာ ပယ်ထားပြီးဖြစ်တဲ့ တရားသုံးပါးအကြောင်းကို အနည်းငယ်ပြောချင်ပါတယ်၊ ပထမဦးဆုံး ပြောမှာက သက္ကာယဒိဋ္ဌိအကြောင်းပါပဲ။

ရုပ်နာမ်တွေကို မမြင်တဲ့ သာမန်ပုထုဇဉ်တွေမှာသာ ဒီခန္ဓာကိုယ်ကို တသားတည်း တလုံးတခဲတည်းကဲ့သို့ ထင်မြင်နေကြ

တာပါ၊ အဲဒီလို တလုံးတသားတည်း ထင်မြင်နေတဲ့အမြင်သည် ပင် အတ္တစွဲဖို့အကြောင်း ဖြစ်ပါတယ်။

အထူးသဖြင့် ဝိညာဏ် သို့မဟုတ်နာမ်တရားကို တခုတည်း ကဲ့သို့ မြင်နေသူမှာ အတ္တစွဲဖို့သေချာနေပါတော့တယ်၊ ခန္ဓာကိုယ် ရဲ့ ဗျာပါရတို့ဟာ အလွန်တရာဆန်းကြယ်ကြပါတယ်။

စိတ်က လွှတ်ပေးလိုက်သည်နှင့် စိတ်ရဲ့ အလိုအတိုင်း စိတ် ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်များ ဖြစ်ကာ လှုပ်ရှားပြုမူနေပုံများ မှာ အလွန်တရာမှ ဆန်းကြယ်လှပါတယ်။

အဲဒီ အချက်များအရပင် စိတ်ကိုမပျက်စီးပဲ အမြဲတည်နေတဲ့ တခုတည်းသောအသက်, လိပ်ပြာ, ဝိညာဉ်ကောင်လို့ စွဲလမ်း သုံးနှုန်းနေကြတာပါ။

အဲဒါကြောင့်ပဲ ရုပ်ကြီးမှာ ပျက်စီးတယ်၊ ဝိညာဉ်မှာ မပျက်စီးဘူး၊ တဘဝပြောင်းကာ ခန္ဓာအသစ်မှာ ဖြစ်တယ်လို့ စွဲလမ်းတာပါ။

အဲဒီ အစွဲအလမ်းမျိုးမှာ ဘုရားရှင် လက်ထက်တော်အခါ သာတိအမည်ရှိတဲ့ ရဟန်းတော်သည်ပင် "ထိုဝိညာဉ်သာ ပြေး သွားပြောင်းရွှေ့တတ်တယ်၊ တခြားမဟုတ်"လို့ စွဲလမ်းတာကို တွေ့ရပါတယ်။

အဲဒီလို နာမ်ဓာတ်ရဲ့ နှိုးဆော်ပေးချက်အရ ဖြစ်လာရတဲ့ ဒီခန္ဓာရဲ့ ဗျာပါရများကို စဉ်းစားမိကြတဲ့ ကြံဆပညာရှင် တက္ကီများက "ဒီခန္ဓာကိုယ်ထဲမှာ ခန္ဓာကိုယ်ကြီးကို လိုသလိုစီမံ ခြယ်လှယ်နေတဲ့ အာဏာရှင်အတ္တရှိတယ်"လို့ ယူဆပြီးတော့ အဲဒီအတ္တကို မပျက်မစီး အမြဲတည်ရှိနေတဲ့ အနှစ်သာရအဖြစ်

ကြံဆပြီးတော့ အဲဒီအတ္တရဲ့ သတ္တိပုံဟန်ကိုလဲ အမျိုးမျိုး ကြံဖန်ပြောဆိုကြပါတယ်။

“ပေါက်ဆိန်ဖြင့် ပေါက်တယ်”ဆိုရာမှာ ပေါက်မှုကို ပုဂ္ဂိုလ်ကပြီးစေသကဲ့သို့ မျက်စိဖြင့် အဆင်းကိုမြင်ရာ, နားဖြင့်အသံကိုကြားရာစသည်တွေမှာ မြင်မှုကြားမှုကို အတ္တက ပြီးစေတယ်လို့ “ကာရက”သဘောကိုလဲ ကြံကြပါတယ်။

ချမ်းသာဆင်းရဲဖြစ်တဲ့အခါ ဝေဒနာရဲ့သဘော ထင်ရှားပါတယ်၊ အဲဒီချမ်းသာ ခံစားခြင်း, ဆင်းရဲကိုခံစားခြင်းကိုလဲ အတ္တရဲ့ သတ္တိအဖြစ်ယူကာ အတ္တက ခံစားတယ်လို့ အတ္တရဲ့ “ဝေဒက”သဘောကိုလဲ ကြံကြပြန်ပါတယ်။

ခန္ဓာကိုယ်ဟာ အတ္တရဲ့အလိုအတိုင်းလိုက်ပြီးတော့ ပြုနေရတာဖြစ်လို့ ခန္ဓာအိမ်ရဲ့ အရှင်လဲ ဖြစ်တယ်၊ မိမိက ခန္ဓာအိမ်ရဲ့ အလိုသို့မလိုက်၊ ခန္ဓာကသာ မိမိရဲ့အလိုအတိုင်းဖြစ်နေရတယ်၊ အဲဒီလို “သာမိ=အရှင်” “သယံဝသီ=မိမိအလိုအတိုင်းစိုးပိုင်သူ”အဖြစ်ကိုလဲ ကြံကြပါတယ်။

အတ္တဟာ ခန္ဓာအိမ်မှာ အမြဲနေတတ်တယ်, ခန္ဓာပျက်စီးသော်လဲ အဲဒီအတ္တကားမပျက်စီး၊ ခန္ဓာအသစ် ရှာပြီးတော့ တည်မြဲဖြစ်တယ်၊ အဲဒီလို “နိဝါသီ=အမြဲနေသူ” အဖြစ်ကိုလဲ ကြံကြပါတယ်။

အဲဒီလို ခန္ဓာကိုယ်ကို လိုသလိုပြုနိုင်တဲ့ အရှင်ဖြစ်၍ပင် “အဓိဋ္ဌာယက=ခန္ဓာကိုစီမံတတ်သူ” အဖြစ်လဲ ကြံကြပါတယ်။

ရုပ်နာမ်ကို မြင်ရတဲ့အခါမှသာ အဲဒီအတ္တစွဲက ကွာရပါတော့တယ်၊ အထူးသဖြင့် ရုပ်နာမ်အဖြစ်အပျက်ကို မြင်ပြီး

တသားတည်းအဖြစ်ပျောက်ကာ လျှင်မြန်စွာဖြစ်ပျက်နေဟန်ကို သိမြင်ရတဲ့အခါ အတ္တဟူသည်မှာ လုံးဝရှာမရတော့ပါ၊ အဲဒါကြောင့် ဝိပဿနာဉာဏ်ကပင် အတ္တကို ပယ်နိုင်ပါတယ်။

သို့သော်လဲ တဒင်္ဂမျှသာ တခဏမျှသာ ပယ်နိုင်တာပါ၊ နောင်အခါ လုံးဝဖြစ်ပေါ်မလာနိုင်အောင် အပြီးသတ်အမြစ်ပြတ်အောင်တော့ မပယ်နိုင်သေးပါဘူး၊ သောတာပတ္တိမဂ်ကသာ အကြွင်းမဲ့ ဖြတ်တောက်ပယ်ရှားနိုင်ပါတယ်။

အဲဒီ သက္ကာယဒိဋ္ဌိ သောတာပန်မှာ မရှိတော့တဲ့အတွက် ကိလေသာဆိုးတွေက သစ္စာကိုမသိအောင် ရုပ်နာမ်အမြင်မရှင်းအောင် မဖုံးနိုင်တော့တာလို့ မှတ်နော်။

"မှန်ပါဘုရား။"

**ဝိစိကိစ္ဆာ** ယုံမှားမှု သံသယဆိုတာဟာ မကြုံရသူတွေမှာသာဖြစ်မြဲပါ၊ မဂ်ဖိုလ်နိဗ္ဗာန်ကိုရပြီး, တွေ့ပြီးတဲ့ ပုဂ္ဂိုလ်တွေမှာတော့ တရားဓမ္မအပေါ်မှာ ဘယ်ကလာပြီးတော့ ယုံမှားမှု သံသယဖြစ်တော့မှာလဲ၊ မဖြစ်တော့ပါဘူး။

ရုပ်နာမ်တရားဓမ္မကို ရှင်းလင်းပြီးဖြစ်လျှင်လဲ အဲဒီဓမ္မဖြင့် ဂုဏ်ဖော်ရတဲ့ ဘုရားရှင်၌လည်းကောင်း ,အဲဒီ တရားဓမ္မရှိတဲ့ သံဃာတော်၌လည်းကောင်း,ယုံမှားဖွယ် ဘယ်ရှိတော့မလဲ။

တရားဓမ္မသဘာဝ တို့ရဲ့ အစဉ်မပြတ်ဖြစ်ပျက်နေဟန်ကို အဖန်ဖန်တွေ့မြင်ရတဲ့အခါ ရှေးကလဲအဲဒီလိုပင် ဖြစ်ဖူးပြီ၊ နောင်လဲ အဲဒီလိုပင် ဖြစ်လိမ့်အုံးမှာပဲလို့ သဘောပေါက်နေပြီးဖြစ်ရာ သံသရာရဲ့ရှေ့အဖို့ "ပုဗ္ဗန္တ"၊ သံသရာရဲ့ နောက်အဖို့ "အပရန္တ"၊

ရွှေနောက်အဖို့နှစ်ပါး "ပုဗ္ဗန္တာပရန္တ" တို့၌လဲ သံသယ မရှိတော့ပါဘူး။

ရုပ်နာမ်တို့ရဲ့ ဆိုင်ရာအကြောင်းများကို စွဲပြီးတော့ ဖြစ်ဖြစ်လာရဟန်ကို တွေ့မြင်နေရလို့ ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးစပ်နေတဲ့သဘောကိုလဲ ပိုင်ပြီးဖြစ်တဲ့အတွက်ကြောင့် သောတာပန်ဟာ ဝိစိကိစ္ဆာကို အပြီးအပိုင်ပယ်ခွာပြီးဖြစ်ကြောင်း ဟောတော်မူပါတယ်၊ ဒါ့ကြောင့် သောတာပန်မှာ ယုံမှားမှုဝိစိကိစ္ဆာမရှိတော့တာနော်။

"မှန်ပါ ဘုရား။"

**သီလဗ္ဗတပရာမာသ** နွား,ခွေး စသည်တို့ရဲ့ အလေ့အကျင့်မျိုးကို လိုလားခြင်း, နှစ်သက်ခြင်း, ကျင့်ကြံခြင်းများမှာ အမှန်တရားကို ထင်ရှားမသိသူများသာ ဖြစ်မြဲဖြစ်ပါတယ်။

မဂ်ဖိုလ် နိဗ္ဗာန်ဆိုတဲ့ တကယ့်စင်ကြယ်ခြင်းဝိသုဒ္ဓိကို တွေ့ပြီးဖြစ်ရာ ဒီထက်ပို၍စင်ကြယ်သောတရားမရှိလို့ အကြွင်းမဲ့ အတည်ပြုယုံကြည်ပြီးဖြစ်တဲ့သောတာပန်အရိယာမှာ သာသနာပဗာဟိရတို့ရဲ့ သံသရာစင်ကြယ်ကြောင်း အ လေ့ အ ကျင့် ဆို တာ တွေ ကို လက်မခံနိုင်တော့ပါဘူး။

သောတာပန်အရိယာမှာ ယခု ပြောခဲ့တဲ့ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊သီလဗ္ဗတပရာမာသသုံးပါးအပြင် အပါယ်လားကြောင်းဖြစ်တဲ့ ရာဂဒေါသစတဲ့ အချို့ကိလေသာများကိုလဲ ပယ်ပြီးဖြစ်ပါတယ်နော်။

"မှန်ပါ ဘုရား။"

အေး.... အဲဒါကြောင့် သောတာပန် အရိယာမှာ ရုပ်နာမ် အမြင် မရှင်းနိုင်လောက်အောင် ဖုံးလွှမ်းနိုင်တဲ့ ကိလေသာဆိုး ကိလေသာအကြမ်းကြီးတွေ မရှိတော့တာနော်။

"မှန်ပါ ဘုရား။"

ကဲ....ဆက်ပြီးတော့ ပြောရအုံးမယ်၊ ခုန က ပြော ခဲ့ တဲ့ ကိလေသာစာရင်းထဲက သုံးပါး ကျန်သေးတယ်၊ ဆိုပါတော့ ယောဂီသူတော်စင်ဟာ တိုးသဘောရုပ်ကို တိုးတိုင်း တိုးတိုင်း "ရုပ် ရုပ်" လို့ ရှုပွားနေယင်းနှင့် လစ်ခနဲဆို မျက်မှောက် လောကရှိ သတ္တဝါတွေဆီ စိတ်ကရောက်သွားပြီးတော့....

"ငါ ယခုမြင်နေရ တွေ့နေရတဲ့ မျက်မြင်သတ္တဝါ တွေနဲ့ မျက်မြင်လောကဟာ ဘာ့ကြောင့်ဖြစ်ပေါ်လာ ပါလိမ့်၊ ဘယ်သူကများဖန်ဆင်းပါလိမ့်မလဲ၊ ဖန်ဆင်းသူ မရှိ၊ သူ့ဘာသာသူများဖြစ်ပေါ်နေတာတွေလား။"

စသည်ဖြင့် မျက်မှောက်လောက မျက်မြင်လောက မျက်မြင် ဘဝရဲ့အကြောင်းကို ကြံစည်စဉ်းစားယင်လဲ ထကြွမှုပရိယုဋ္ဌာန် ကိလေသာပဲနော်။

"မှန်ပါ ဘုရား။"

အဲဒီလို ရှုပွားအားထုတ်နေယင်းနဲ့ စဉ်းစားတာဟာ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာရဲ့လက်ချက်ပဲ၊ လူတို့ရှိလို့ ဒီလိုစဉ်းစားတာ၊ သူတို့မရှိ ယင် ဒီလိုမစဉ်းစားပါဘူး၊ သူတို့ဟာလဲ ပုထုဇဉ်တွေမှာသာ ဖြစ်အတတ်တာပါပဲ၊ သောတာပန်တွေမှာတော့ ပယ်ပြီးဖြစ်လို့ မဖြစ်နိုင်တော့ဘူး၊ သောတာပန်မှာ တိုးသဘောရုပ်ကို ရှုပွား နေတဲ့အခါ အဲဒီလို ထကြွမှုပရိယုဋ္ဌာန် ကိလေသာတွေ မရှိနိုင်,

မဖြစ်နိုင်ဘူးဆိုတော့၊ သောတာပတ္တိမင်္ဂဟာ ကျေးဇူးမများဘူး လား။

"ကျေးဇူးများပါတယ် ဘုရား။"

အဲဒီလိုပဲ၊ ယောဂီဟာ တိုးသဘောရုပ်ကို "ရုပ်၊ ရုပ်"လို့ ရှုပွား နေယင်းနဲ့ လစ်ခနဲဆို တမလွန်ဘဝ နောက်လောကရှိ သတ္တဝါ တွေဆီ စိတ်ရောက်သွားပြီးတော့....

"တမလွန်ဘဝ နောက်လောကဆိုတာ ရှိသလား၊ နောက်လောကမှာ ဘယ်လိုသတ္တဝါတွေများ ရှိသလဲ မသိဘူး၊ ငါဟာ ဒီဘဝကနေ သေပြီးတော့ နောက်အခါ မှာ ဘာများဖြစ်မလဲ၊ ဘယ်လိုဖြစ်မလဲ။"

စသည်ဖြင့် တမလွန်ဘဝ နောက်လောကအကြောင်း စဉ်း စားနေယင် ထကြွလွှမ်းမိုးတဲ့ ပရိယုဋ္ဌာန်ကိလေသာပဲ၊ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကိလေသာပဲ၊ အဲဒါလဲ ပုထုဇဉ်ယောဂီနဲ့သာ ဆိုင်တာပဲ နော်။

"မှန်ပါ ဘုရား။"

အဲဒီလိုပဲ၊ ယောဂီဟာ တိုးသဘောရုပ်ကို "ရုပ်၊ ရုပ်"လို့ ရှုပွားနေယင်းနဲ့ လစ်ခနဲဆို မကျေနပ်တဲ့ သတ္တဝါသခ်ါရ အာရုံဆီ စိတ်ရောက်သွားပြီးတော့....

"သူဟာ ငါ့အပေါ် အတော်ဆိုးတယ်၊ ငါ သူ့ကို သတ်မယ်၊ သူပြောတာတွေ တခုမှမမှန်ဘူး၊ သူလုပ် တာတွေ တခုမှမကောင်းဘူး၊ ငါလုပ်တာကိုလဲ သူက အကောင်းမထင်ဘူး၊ သူဟာ တော်တော်ဆိုးတယ်။"

စသည်ဖြင့် စိတ်ကူးနဲ့ တရားရှုပွားမှု လစ်ပြီးတော့ အာရုံ ပြောင်းပြီးတော့ မကျေနပ်တဲ့ အာရုံကို စိတ်ကူးနဲ့ ရန်ဖြစ်နေ တတ်ပါတယ်၊ ငြင်းခုံနေတတ်ပါတယ်၊ နှုတ်လုံထိုးနေတတ်ပါ တယ်၊ အဲဒီလိုဖြစ်နေယင်လဲ ထကြွမှု ပရိယုဋ္ဌာန် ကိလေသာရဲ့ လွှမ်းမိုးနှိပ်စက်မှု ခံရတာပဲ မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား။"

အေး....သောတာပန် အရိယာမှာ အဲဒါမျိုးတွေ မရှိတော့ ဘူး၊အဲဒါမျိုးတွေ အလွှမ်းမိုးမခံရတော့ဘူး၊ အာရုံထဲမှာတောင် ဒီလိုမဖြစ်တော့ဘူးဆိုတော့ အပြင်မှာ ဒီလိုဖြစ်ပါအုံးမလား။

"မဖြစ်တော့ပါ ဘုရား။"

သတိပြုပါနော်၊ ခုခေတ်မှာ ဘုန်းကြီးတို့ သတိထားကြည့် ပါတယ်၊ တရားဌာနတွေ....လုကြယက်ကြ, ချိတ်ပိတ်ခံကြရ, အချင်းချင်းရန်ဖြစ်ကြ၊ သတင်းစာကနေကြော်ငြာကြနဲ့ မကြား ကောင်း မနာသာတွေ ဖြစ်နေတာတွေ၊ ပြီးတော့ သောတာပန် ယောင်ယောင် အမည်ခံချင်သေးတယ်၊ စဉ်းစားကြနော်။

"မှန်ပါ ဘုရား။"

အဲ....ယခု ပြောခဲ့ပြီးသည်မှတပါး မိမိစိတ်ဟာ လစ်ခနဲဆို ဟိုရောက်, လစ်ခနဲဆို ဒီရောက်နဲ့ ယောက်ယက်ခတ်မှု အမျိုး မျိုးလဲ ဖြစ်တတ်တယ်၊ အဲဒီလို မငြိမ်မသက် လှုပ်လက် လျှပ်ပေါ်တာတွေက ဥဒ္ဓစ္စသဘောပဲ၊ ဥဒ္ဓစ္စ အနှိပ်စက်ခံရ တာပဲ။

အဲဒီလို အနှိပ်စက်ခံရယင် အနှိပ်စက်ခံရမှန်းသိပြီး ဆက် လက်ပြီးတော့ အနှိပ်စက်မခံတော့ မူလရှုနေကြဖြစ်နေတဲ့ မူလ

ကမ္ဘဌာန်း အရှုံခံအာရုံ တိုးသဘောရုပ်ကို "ရုပ်-ရုပ်"လို့ မှန်ကန်စွာပြန်ရှုပြီး ပယ်ရမယ်နော်။

"မှန်ပါဘုရား။"

အဲဒီလို အနှိပ်စက်ခံရယင် အနှိပ်စက်ခံရမှန်း သိယင် သိခြင်းမူလကမ္ဘဌာန်းကို ပြန်ရှုပြီး အနှိပ်စက်ခံရမှုကို ပယ်ယင် ဆက်လက်ပြီးတော့ သူက နှိပ်စက်နေနိုင်သေးရဲ့လား။

"မနှိပ်စက်နိုင်တော့ပါဘုရား။"

တကယ်လို့ အဲဒီလို ကိလေသာက ထကြွ-လွှမ်းမိုး နှိပ်စက်မှုကိုလဲ မသိဘူး၊ ပယ်လဲ မပယ်နိုင်ဘူး ဆိုယင် မူလရှုနေတဲ့ အရှုံခံအာရုံ တိုးသဘောရုပ်ရဲ့ အဖြစ်-အပျက် သဘောအမှန်ကို သိနိုင်ပါအုံးမလား။

"မသိနိုင်တော့ပါဘုရား။"

အဲ....ယခု ပြောဆိုခဲ့ပြီး, ပြဆိုခဲ့ပြီးတာတွေဟာ ရုပ်နာမ်တို့ရဲ့ အဖြစ်-အပျက် သဘောအမှန်ကို မသိရအောင် မမြင်ရအောင် တားမြစ်တတ်တဲ့ ဖုံးပိတ်တတ်တဲ့ နီဝရဏတွေ ကိလေသာတွေပါပဲ။

ရုပ်နာမ်အာရုံကို ရှုပွားအားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်မှာ အဲဒီ နီဝရဏတွေ ကိလေသာတွေ မကင်းသေးမချင်း တည်ကြည်မှု သမာဓိမရသေးပါဘူး၊ စိတ်စင်ကြယ်မှု "စိတ္တဝိသုဒ္ဓိ"လဲ မဖြစ်သေးပါဘူး။

ဒါ့ကြောင့် တရားအားထုတ်ခါစ ယောဂီပုဂ္ဂိုလ်ဟာ အဲဒီ နီဝရဏတွေ ကိလေသာတွေကို အထူးသတိပြုရပါမယ်၊ သူတို့ကို အဝင်မခံပဲ မိမိရှုနေတဲ့ အရှုံခံအာရုံ တိုးသဘောရုပ်ကို မလစ်

စေပဲ ရှုရမယ်၊ အဲဒီလို ရှုပွားသောအားဖြင့် အဲဒီ နီဝရဏတွေ ကိလေသာတွေကို ပယ်ရမယ်နော်။

"မှန်ပါဘုရား။"

## "နီဝရဏပယ်နည်း"

**ကာမစ္ဆန္ဒနီဝရဏ** နီဝရဏကို ပယ်ခွာရမယ်ဆိုတော့ တခြား ထူးထူးဆန်းဆန်း မဟုတ်ပါဘူး၊ ဖြစ်ပေါ်နေတဲ့ နီဝရဏကိုသိဖို့ပဲ အရေးကြီးပါတယ်၊ သိယင် ပယ်သတ်လို့လွယ်ပါတယ်၊ မသိယင် မလွယ်ပါဘူး၊ ဒါကြောင့် တရားအားထုတ်တဲ့နေရာမှာ ဗဟုသုတလိုပါတယ်၊ မိမိရှုပွားတဲ့တရားနဲ့ ပတ်သက်ပြီးတော့ ပရိယတ္တိ ဗဟုသုတရှိထားဖို့ အရေးကြီးပါတယ်။

ဘုန်းကြီးတို့ ယောဂီတွေဟာ ဝါယောရုပ်ရဲ့ တိုးသဘော "ရုပ်ရုပ်"လို့ တိုးတိုင်းတိုးတိုင်း မလွတ်တမ်း ရှုပွားနေယင်းနဲ့ မိမိရဲ့စိတ်ဟာ အရှုခံအာရုံ တိုးသဘောမှတပါး တခြားကို ထွက်သွားတတ်တယ်။

ဘယ်ဆီထွက်သွားလဲဆိုတော့ မိမိလုပ်ကိုင်နေကြ အလုပ်အကိုင်ဆီလဲ ရောက်သွား ထွက်သွားတတ်တယ်၊ မိမိတွေ့ချင်မြင်ချင်တဲ့ လူဆီရောက်သွား ထွက်သွားပြီး အဲဒီလူနဲ့လဲ တွေ့ဆုံပြီး ပြောဆိုနေတတ်တယ်။

ပြီးတော့ လိုချင်စရာမျိုးစုံကိုလဲ လျှောက်ပြီးတော့ ကြံစည်နေတတ်တယ်၊ သာယာမက်မောဖွယ်တွေကို တွေးတောပြီး ပျော်မွေ့နေတတ်ပါတယ်၊ အဲဒီလိုကာမဂုဏ်အာရုံနဲ့စပ်ပြီးတော့ ကြံစည်စိတ်ကူးနေတာကို "ကာမစ္ဆန္ဒ" လို့ ခေါ်တယ်နော်။

"မှန်ပါဘုရား။"

အဲဒီလို လိုချင်စရာအာရုံ, မက်မောစရာအာရုံတွေမှာ လိုချင်မက်မောမှု "ကာမစ္ဆန္ဒ"ဖြစ်ပေါ်နေတဲ့အခါမှာ မိမိရှုပွားနေတဲ့ အရှုခံအာရုံ တိုးသဘောအမှန်ကို သိနိုင်ပါအုံးမလား။

"မသိနိုင်တော့ပါဘုရား။"

ဘယ်သူက ဖုံးထားလို့ မသိတာလဲ။

"ကာမစ္ဆန္ဒက ဖုံးထားလို့ မသိတာပါဘုရား။"

အေး....အဲဒီလိုအရှုခံအာရုံ တိုးသဘောအမှန်ကို မသိအောင် မမြင်အောင် ဖုံးထားလို့ အဲဒီ "ကာမစ္ဆန္ဒ" ကို "နီဝရဏ" လို့ ခေါ်တယ်၊ကာမအာရုံကို လိုချင်မက်မောတာက "ကာမစ္ဆန္ဒ"၊ တိုးသဘောအမှန်ကို မသိအောင် မမြင်အောင် ဖုံးထားတာက "နီဝရဏ"၊ နှစ်ခုပေါင်းလိုက်တော့ "ကာမစ္ဆန္ဒနီဝရဏ" ပေါ့နော်။

"မှန်ပါဘုရား။"

အဲဒီလို ကာမစ္ဆန္ဒနီဝရဏ ဖြစ်နေတော့ ရှုပွားမှုမရှိတဲ့အတွက် ရုပ်သဘော နာမ်သဘောကို မသိတော့ဘူး၊ ဒီတော့ ရုပ်နာမ် သဘောကို သိအောင် အဲဒီ ဖြစ်ပေါ်နေတဲ့ ကာမအာရုံရဲ့ အပေါ်မှာ မတင့်တယ်မှု အသုဘထင်အောင်ရှုပြီးတော့ပယ်ပါ၊ နှစ်သက်စရာ အာရုံကနေ ခွာတဲ့နေရာမှာ အဲဒီအာရုံကို အသုဘ အနေထင်အောင်ရှုပြီး ပယ်ခြင်းဟာ အထိရောက်ဆုံးပါပဲနော်။

"မှန်ပါဘုရား။"

အဲဒီ လိုချင်မက်မောစရာအာရုံကို အသုဘထင်အောင်ရှုပွား ပယ်ခွာပြီးတော့ မူလရှုနေကျဖြစ်တဲ့ အရှုခံအာရုံ တိုးသဘောကို

ပြန်ပြီးတော့ တိုးတိုင်းတိုးတိုင်း မလစ်ရအောင် "ရှပ်ရှပ်"လို့ ရှုနော်။

"မှန်ပါဘုရား။"

အဲဒီလို လိုချင်မက်မောမှု ဖြစ်ပေါ်နေတဲ့အာရုံကို ရှုပွား ပြီးတော့ ကာမစ္ဆန္ဒနီဝရဏကို မပယ်ချင်ယင် သို့မဟုတ် မပယ် နိုင်ယင် အဲဒီ ဖြစ်ပေါ်နေတဲ့ ကာမစ္ဆန္ဒကို တိုက်ရိုက်ရှုပွားပြီး တော့လဲ ပယ်နိုင်တယ်၊ ပယ်ပုံကို ဘုရားရှင်က ဒီလိုဟောခဲ့ ပါတယ်။

> "ရဟန်းတော်များ အို....ချစ်သားတို့ ဒီ သာသနာ တော်မှာ ယောဂီရဟန်းဟာ မိမိ အတွင်းသန္တာန်မှာ လိုချင်မက်မောမှု "ကာမစ္ဆန္ဒ"ရှိနေယင်လဲ ငါ့ရဲ့အတွင်း သန္တာန်မှာ လိုချင်မက်မောမှု "ကာမစ္ဆန္ဒ" ရှိတယ်လို့ သိတယ်၊အတွင်းသန္တာန်၌လိုချင်မက်မောမှု"ကာမစ္ဆန္ဒ" မရှိယင်လဲ ငါ့ရဲ့ အတွင်းသန္တာန်၌ လိုချင်မက်မောမှု "ကာမစ္ဆန္ဒ"မရှိလို့ သိတယ်၊မဖြစ်ဖူးသေးတဲ့ "ကာမစ္ဆန္ဒ" ရဲ့ဖြစ်ကြောင်းကိုလဲ သိတယ်၊ ဖြစ်ပြီးတဲ့ ကာမစ္ဆန္ဒရဲ့ ပယ်ကြောင်းကိုလဲ သိတယ်၊ ပယ်ပြီးတဲ့ ကာမစ္ဆန္ဒရဲ့ နောင်အခါ မဖြစ်ပေါ်ကြောင်းကိုလဲ သိတယ်။"

အဲဒီလို ကာမစ္ဆန္ဒကို "အဖြစ်" မြင်အောင် "အပျက်" မြင် အောင် ဖြစ်ကြောင်း မြင်အောင် ပျက်ကြောင်း မြင်အောင် သေသေချာချာရှုပွားပြီးတော့ ပယ်ရမယ်နော်။

"မှန်ပါဘုရား။"

ပယ်ပြီးတဲ့ ကာမစ္ဆန္ဒကိုလဲ အပြီးပယ်လား¸ခဏပယ်လားလဲ သိရမယ်နော်။

"မှန်ပါဘုရား။"

**ဗျာပါဒနီဝရဏ** စိတ်ဆိုးမှု၊ စိတ်ပျက်မှု၊ အလိုမကျမှုကို "ဗျာပါဒ"လို့ ခေါ်ပါတယ်၊ ဒေါသလို့လဲ ခေါ်ပါတယ်၊ အဲဒီလို စိတ်ဆိုးမှု စိတ်ပျက်မှု အလိုမကျမှု ဒေါသ¸ဗျာပါဒ မဖြစ်မီ စိတ်ဟာ အင်မတန် ကြည်လင်နေပါတယ်၊ အင်မတန် ချမ်းသာနေပါတယ်၊ မျက်နှာနေ မျက်နှာထားလဲ ရွှင်လန်းနေတယ် မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

အဲ....အလိုမကျမှု စိတ်ဆိုးစိတ်ပျက်မှု ဒေါသ¸ ဗျာပါဒလဲ ဖြစ်ပေါ်လာရော ဘယ်နှယ့်လဲ၊ ပြုံးနိုင်သေးလားဆိုတော့ မပြုံးနိုင်တော့¸ မရွှင်နိုင်တော့¸ မပျော်နိုင်တော့¸ မချမ်းသာနိုင်တော့ဘူး၊ ကိုယ်စိတ်တွေ ပူလောင်လာတယ်၊ အနေအထိုင်ခက်လာတယ် မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

မိမိရှုပွားနေတဲ့ အရှုခံအာရုံ တိုးသဘောရုပ်ရဲ့အဖြစ်အပျက်သဘောအမှန်တွေလဲ မသိတော့ဘူး၊ သူက ဖုံးထားလိုက်ပြီ၊ ဒါကြောင့် အဲဒီ စိတ်ဆိုးမှု စိတ်ပျက်မှု အလိုမကျမှုကို အဖုံးအပိတ် "နီဝရဏ" လို့ ခေါ်တယ်၊ စိတ်ဆိုးစိတ်ပျက် အလိုမကျမှုက "ဗျာပါဒ"၊ ဖုံးပိတ်တာက "နီဝရဏ" လို့ ဆိုတော့ နှစ်ခုပေါင်းလိုက်တော့ "ဗျာပါဒနီဝရဏ"ပေါ့နော်။

"မှန်ပါဘုရား။"

အဲ့ရှုခံ အာရုံ တိုးသဘောကို ရှုပွားနေယင်းနဲ့ အဲဒီဗျာပါဒ နီဝရဏ ဖြစ်ပေါ်လာယင် ရှုပွားနေရာမှ ကိုယ်စိတ်နှစ်ပါးဆင်း ရဲပြီး အရှုခံအာရုံ တိုးသဘောအမှန်ကို သိပါအုံးမလား။

"မသိတော့ပါဘုရား။"

ရှုပွားနေတာက ရုပ်နာမ်သဘောကို သိအောင် ရှုပွားနေ တာဖြစ်တော့ ရုပ်နာမ်သဘောကို သိအောင် အဲဒီဖြစ်ပေါ် နေတဲ့ သတ္တဝါသခါရပေါ်မှာ စိတ်ဆိုးစိတ်ပျက် အလိုမကျ ဖြစ်ပေါ်နေတဲ့ ဗျာပါဒနီဝရဏကို ပယ်ခွာပြီးတော့ မူလအရှုခံ အာရုံ တိုးသဘောကို ပြန်ပြီးတော့ ရှုရမယ်နော်။

"မှန်ပါဘုရား။"

ဒီတော့ အဲဒီ ဗျာပါဒနီဝရဏကို ဘယ်လိုပယ်မလဲလို့ သိဖို့ လိုလာပါတယ်၊ အဲဒီ စိတ်ဆိုးမှု စိတ်ပျက်မှု အလိုမကျမှု ဖြစ်ပေါ်နေတဲ့ အာရုံကို မေတ္တာပွားပြီးတော့ ပယ်ခြင်းဟာ ဗျာပါဒနီဝရဏကို ပယ်တဲ့ နေရာမှာ ထိရောက်တဲ့ ပယ်နည်း တရပ်လို့ မှတ်နော်။

"မှန်ပါဘုရား။"

အဲဒီလို စိတ်ဆိုးစိတ်ပျက် အလိုမကျ ဖြစ်နေတဲ့ အာရုံကို မေတ္တာပွားပြီး ရှုပွားပယ်ပြီးတော့ မူလရှုနေကျဖြစ်တဲ့ အရှုခံ အာရုံ တိုးသဘောကိုပဲ "ရုပ်,ရုပ်"လို့ ပြန်ရှုနော်။

"မှန်ပါဘုရား။"

အဲဒီလို စိတ်ဆိုး,စိတ်ပျက်,အလိုမကျမှုဖြစ်ပေါ်နေတဲ့အာရုံ ကို မေတ္တာပွားပြီးတော့ ဗျာပါဒနီဝရဏကို ပယ်ချင်ယင်ပယ်၊

မပယ်ချင်ယင် အဲဒီ ဖြစ်ပေါ်နေတဲ့ ဗျာပါဒကိုပဲ တိုက်ရိုက်ရှုပွားပြီးတော့ ပယ်နိုင်ပါတယ်၊ ပယ်ပုံကိုလဲ ဘုရားရှင်က ဒီလို ဟောခဲ့ပါတယ်။

"ရဟန်းတော်များ အို….ချစ်သားတို့ ဒီ သာသနာတော်၌ ယောဂီရဟန်းဟာ မိမိ အတွင်းသန္တာန်မှာ စိတ်ဆိုး,စိတ်ပျက် အလိုမကျမှု "ဗျာပါဒ" ရှိလျှင်လဲ ငါ့ရဲ့သန္တာန်မှာ "ဗျာပါဒ" ရှိတယ်လို့ သိတယ်၊ မိမိရဲ့ သန္တာန်မှာ ဗျာပါဒ မရှိယင်လဲ "ငါ့ရဲ့ သန္တာန်မှာ ဗျာပါဒမရှိဘူး"လို့ သိတယ်၊ မဖြစ်သေးတဲ့ ဗျာပါဒရဲ့ ဖြစ်ကြောင်းကိုလဲ သိတယ်၊ ဖြစ်ပြီးတဲ့ ဗျာပါဒရဲ့ ပယ်ကြောင်းကိုလဲ သိတယ်၊ ပယ်ပြီးတဲ့ဗျာပါဒရဲ့ နောင်အခါ မဖြစ်ကြောင်းကိုလဲ သိတယ်။"

အဲဒီလို ဗျာပါဒကို အဖြစ်လဲမြင်အောင်, အပျက်လဲ မြင်အောင်,ဖြစ်ကြောင်းလဲမြင်အောင်,ပျက်ကြောင်းလဲမြင်အောင်, အဲဒီဗျာပါဒကိုပဲ သေသေချာချာ ရှုပွားပြီးတော့ ပယ်ရမယ် နော်။

"မှန်ပါဘုရား။"

ဒီဖြစ်ပေါ်နေတဲ့ ဗျာပါဒကိုပဲ အရှုခံအဖြစ်ထားပြီးတော့ ရှုတဲ့အခါ သူ့ရဲ့အဖြစ်, သူ့ရဲ့ အပျက်, သူ့ရဲ့ဖြစ်ကြောင်း, ပျက်ကြောင်းတွေ သိပြီးတော့ပယ်တာပေါ့၊ ပယ်ပြီးတဲ့ အဲဒီဗျာပါဒကိုလဲ ခဏပယ်လား,အပြီးပယ်လားလို့ သိရမယ်နော်။

"မှန်ပါဘုရား။"

**ထိနမိဒ္ဓနိဝရဏ** ငိုက်မျဉ်းထိုင်းမှိုင်းမှု ပျင်းရိရောရဲမှုတွေဟာ ထိနမိဒ္ဓရဲ့ အမှုတွေပဲ၊ အဲဒီလို ထိနမိဒ္ဓဝင်နေပြီဆိုယင် ရှုပွားအားထုတ်လို့သာ နေသော်လဲ အရှုခံအာရုံကို ဘာမှမသိတော့ပါဘူး၊ ခေါင်းကလေး ဆတ်ကနဲဆတ်ကနဲ ဖြစ်နေပြီ။

အဲဒီအခါမှာ ရုပ်နာမ်ရဲ့ သဘောအမှန် အဖြစ်အပျက်အမှန်ကို အဲဒီထိနမိဒ္ဓက မသိအောင် ဖုံးလွှမ်းလိုက်ပါတယ်၊ ဒါ့ကြောင့် သူ့ကို နီဝရဏလို့ ခေါ်ပါတယ်၊ ငိုက်မျဉ်းထိုင်းမှိုင်းမှုက "ထိနမိဒ္ဓ"၊ မသိအောင် ဖုံးလွှမ်းမှုက "နီဝရဏ"၊ နှစ်ခုပေါင်းလိုက်တော့ "ထိနမိဒ္ဓနီဝရဏ" ပေါ့နော်။

"မှန်ပါဘုရား။"

အဲဒီ "ထိနမိဒ္ဓနီဝရဏကို" ပယ်ခွါပြီး မူလအရှုခံ တိုးသဘောကိုပြန်ပြီးတော့ တိုးမှုတချက် ရုပ်လို့ရှုမှုတချက် မှန်ကန်စွာနဲ့ ရှုရမယ်နော်။

"မှန်ပါဘုရား။"

အဲဒီ ငိုက်မျဉ်း ထိုင်းမှိုင်းမှု "ထိနမိဒ္ဓ" ကိုပယ်ခွါပြီး မူလအရှုခံ တိုးသဘောကို ပြန်ပြီးရှုပွားယင် အရှုခံတိုးသဘောရဲ့ သဘောအမှန်ကို သိမယ်၊ မရှုလျှင် သိနိုင်ပါ့မလား။

"မသိနိုင်ပါဘုရား။"

ထိနမိဒ္ဓကို ဘယ်လိုပယ်ခွါပြီးတော့ မူလအရှုခံအာရုံကို ရှုမလဲဆိုတာတော့ သိဖို့လိုပါတယ်၊ ဒီနေရာမှာ ရှင်မဟာမောဂ္ဂလ္လာန် အရှင်မြတ် အထက်မဂ်ဖိုလ်အတွက် တရားအားထုတ်စဉ်

ငိုက်မျဉ်းနေတော့ ဘုရားရှင်က ကြွရောက်ပြီး ငိုက်မျဉ်းပျောက်ကြောင်းတရား ခုနစ်ပါးကို ဟောပါတယ်၊ အဲဒါကို အကျဉ်းချုပ် လင်္ကာလေးနဲ့ မှတ်ထားပါ။

"ပယ် ဖျောက် သညာ, စာ နှလုံး သွင်း, စာအံလျှင်းတည်း, နားပျဉ်းကိုယ်သပ်, အရပ်ရှုမျှော် အာလောကပွား, စင်္ကြံသွား, ခုနစ်ပါး,ငိုက်မျဉ်း ဖျောက်ကြောင်းတည်း။"

မိမိရှုပွားနေကျအရှုခံ တိုးသဘောအာရုံရုပ်တရားကို နှလုံးသွင်းရှုပွားနေယင်း ငိုမျဉ်းလာတာဖြစ်ခြင်းကြောင့် အဲဒီတိုးသဘောရုပ်ကို ရှုပွားမှုအမှတ်သညာကို ပယ်လိုက်ပါတဲ့။

တိုးသဘောကို ဆက်မရှုနဲ့တော့ပေါ့, ဒီတော့ ငိုက်မျဉ်းမှုပျောက်သွားမယ်တဲ့၊ တကယ်လို့ မပျောက်ယင် မိမိရထားတဲ့ ပရိယတ်စာပေတွေကို စိတ်ထဲကနေပြီး ရွတ်ဆိုပါ, စိတ်ထဲက နှလုံးသွင်းပါတဲ့။

အဲဒီလို နှလုံးသွင်းယင် ငိုက်မျဉ်းမှု ပျောက်သွားပါလိမ့်မယ်၊ အဲဒါမှ မပျောက်သေးယင် မိမိရထားတဲ့ ပရိယတ်စာပေတွေကို အကျယ်တဝင့်နှုတ်ကဖွင့်ပြီးတော့ ရွက်အံသရဇ္ဈာယ်ပေးပါတဲ့။

အဲဒီလိုဆိုယင် ငိုက်မျဉ်းမှု ပျောက်သွားပါလိမ့်မယ်၊ အဲဒီစကားအရဆိုယင် တရားအားထုတ်တဲ့ ယောဂီမှာ တတ်သင့်တတ်ထိုက်တဲ့ စာပေတွေ တတ်ထားရမယ်၊ ရသင့် ရထိုက်တဲ့စာပေတွေကို ရထားရမယ်ဆိုတဲ့သဘော မသက်ရောက်ဘူးလား။

"သက်ရောက်ပါတယ်ဘုရား။"

စကားပုံရှိတယ်၊ "စာမတတ်သူ ဗိုက်ခေါက်ထူရှင်လူထဲမှာ သုံးမကျ"တဲ့၊ စာမတတ်ယင် တရားအားထုတ်တဲ့ နေရာမှာ အခက်တွေ့ရပါတယ်၊ စာ ဆိုတာလဲ တရားအားထုတ်မှုနဲ့ ပတ်သက်တဲ့စာလောက်တော့တတ်ဖို့ နာကြားပြီးသိထားဖို့ ရထားဖို့ လိုတယ်နော်။

"မှန်ပါဘုရား။"

အေး....အဲဒီလို ရထားတဲ့ ပရိယတ်စာပေတွေကို နှုတ်တက် ရွရွ အသံထွက်ရွတ်လို့ ငိုက်မျဉ်းမှု ပျောက်ယင်လဲပျောက် မယ်၊ မပျောက်သေးယင် နားရွက်နှစ်ဖက်ကို နာနာဆွဲပေးပါ၊ ကိုယ်ကိုလဲ ပူထူသွားအောင် ပွတ်သပ်ပေးပါတဲ့။

အဲဒီလို ဖျောက်လို့မှ ထိနမိဒ္ဓမပျောက်သေးယင် အား ထုတ်ရာ နေရာမှထပြီးတော့ မျက်နှာသစ်ပြီး အရပ်မျက်နှာ တွေကို ကြည့်ရှုပါ၊နက္ခတ်တာရာတွေကို မော်ကြည့်ပါတဲ့။

အဲဒီလို ဖျောက်လို့မှ မပျောက်သေးယင် အလင်းရောင် ကြီး ထိန်ထိန်လင်းနေတယ်လို့ နှလုံးသွင်းပါ၊ နေ့ခင်းနေ့လည် ဆိုတဲ့ အမှတ်သညာကို ထားပါတဲ့၊ ပွင့်လင်းတဲ့စိတ် အမြေး အရွက်မရှိတဲ့စိတ် အရောင်အလင်းနဲ့တကွဖြစ်တဲ့စိတ်ကို ပွားပါ တဲ့။

အဲဒီလို ဖျောက်လို့မှ ထိနမိဒ္ဓမပျောက်သေးယင် ရှေ့နောက် အပြန်အလှန် လူးလာတုံ့ခေါက် စင်္ကြံလျှောက်ပါတဲ့။

အဲဒီလို ဖျောက်လို့မှ ထိနမိဒ္ဓမပျောက်သေးယင် လကျ်ာ ဘက်ဘေး စောင်းပြီးတော့ လကျ်ာခြေထောက်ပေါ် လက်ဝဲ ခြေထောက်ကို ခြေမျက်စိချင်း မထပ်မိအောင် လျှော့ထပ်တင်

ပြီးတော့ ခြသ်ေ့မင်း အိပ်ခြင်း ကဲ့သို့ သတိပညာနှင့်ယှဉ်ပြီး ဘယ်အချိန်မှာ ထမယ်ဆိုတဲ့ ထမဲ့အချိန်သတ်မှတ်ချက်နဲ့ အိပ်လိုက်ပါတဲ့။

အိပ်ရာက နိုးလာယင် နိုးလာချင်း လျင်မြန်စွာထရမယ်တဲ့၊ ဆက်လက်ပြီးတော့ အိပ်ရာထဲမှာ အိပ်တဲ့ချမ်းသာ, ဘယ်ပြောင်း ညာပြန် လူးလိမ့်တဲ့ချမ်းသာ, ငိုက်မျဉ်းတဲ့ချမ်းသာကို မခံစားနှင့်တော့တဲ့၊ နိုးတာနဲ့တပြိုင်နက် အိပ်ရာမှထပြီး မူလရှုနေကျ အရှုခံကမ္မဋ္ဌာန်းအာရုံကို ပြန်ပြီး ရှုပွားပါတဲ့နော်။

"မှန်ပါဘုရား။"

အေး....အဲဒီ ထိနမိဒ္ဓဖျောက်မှုကို သတိပြုယင် အမှတ်သညာ ပြောင်းတာ, ဣရိယာပုထ် ပြောင်းတာတွေ ပါဝင်နေတယ် မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

ဣရိယာပုထ် ပြောင်းမှုရဲ့အကျိုး, မပြောင်းမှုရဲ့ အပြစ်လဲ နောက်က ပြောခဲ့ပါပြီ၊ ဒီတော့ ဣရိယာပုထ်ပြောင်းမှု အရေးကြီးတာလဲ သတိထားပါ၊ တမျိုးထဲ ပုံသေကားကျ ရှုပွားတာမျိုးလဲ မဟုတ်ပဲ အမှတ်သညာ ပြောင်းတာလဲ သတိထားပါနော်။

"မှန်ပါဘုရား။"

ပြီးတော့ ယခု ကျင့်ကြံအားထုတ်မှု ပဋိပတ် အကျင့်ဟာ ပရိယတ်နဲ့ ဆက်သွယ်နေတယ်၊ အားထုတ်စဉ်မှာလဲ အသိဉာဏ် ဗဟုသုတ အရေးကြီးပုံကို "ရထားတဲ့ ပရိယတ်စာပေတွေ နှလုံးသွင်းရမယ်" ဆိုတဲ့ အချက် ရပြီးသား ပရိယတ်စာပေ

တွေကို အကျယ်တဝင့် နှုတ်ကဖွင့်ဆိုပြီး ရွတ်ရမယ်ဆိုတဲ့ အချက်က မပြဘူးလား။

"ပြပါတယ်ဘုရား။"

အဲ....ယခု ပြောပြခဲ့တဲ့ အိပ်ငိုက်ဖျောက်ကြောင်း ခုနစ်ပါးနဲ့ ဖျောက်ယင်လဲ ဖျောက်၊ မဖျောက်ယင် အဲဒီ ထိနမိဒ္ဓကို တိုက်ရိုက်ရှုပွားပြီးတော့လဲ ပယ်ဖျောက်နိုင်ပါတယ်၊ ပယ်ဖျောက်နိုင်ပုံကို ဘုရားရှင်က ဒီလို ဟောထားပါတယ်။

> "ရဟန်းတော်များ အို....ချစ်သားတို့ ဒီ သာသနာတော်မှာ ယောဂီရဟန်းဟာ မိမိရဲ့ အတွင်းသန္တာန်မှာ လေးလံထိုင်းမှိုင်းမှု ထိနမိဒ္ဓရှိလျှင်လဲ 'ငါ့ရဲ့သန္တာန်မှာ ထိနမိဒ္ဓရှိတယ်' လို့ သိတယ်၊ မိမိသန္တာန်မှာ ထိနမိဒ္ဓမရှိယင်လဲ 'ငါ့ရဲ့သန္တာန်မှာ ထိနမိဒ္ဓမရှိဘူး' လို့ သိတယ်၊ မဖြစ်သေးတဲ့ ထိနမိဒ္ဓရဲ့ ဖြစ်ကြောင်းကိုလဲ သိတယ်၊ ဖြစ်ပြီးတဲ့ ထိနမိဒ္ဓရဲ့ ပယ်ကြောင်းကိုလဲ သိတယ်၊ ပယ်ပြီးတဲ့ ထိနမိဒ္ဓရဲ့ နောင်အခါ မဖြစ်ပေါ်ကြောင်းကိုလဲ သိတယ်။"

အဲဒီလို "ထိနမိဒ္ဓ" ရဲ့ အဖြစ်ကို မြင်အောင်၊ အပျက်ကို မြင်အောင်၊ ဖြစ်ကြောင်းကိုမြင်အောင်၊ ပျက်ကြောင်းကိုမြင်အောင်၊ ပယ်ကြောင်းကိုလဲ သိအောင်၊ နောင်အခါ မဖြစ်ကြောင်းကိုလဲ သိအောင် သတိပညာလက်ကိုင်ထားပြီး ရှုပွားပယ်ရမယ်နော်။

"မှန်ပါဘုရား။"

အေး....ရှုပ္ပွားပယ်ပြီးတဲ့ ထိနမိဒ္ဓကိုလဲ ခဏပယ်လား,အပြီး ပယ်လားဆိုတာလဲ သိရမယ်နော်။

"မှန်ပါဘုရား။"

**ဥဒ္ဒစ္စကုက္ကုစ္စနီဝရဏ** စိတ် ပျံ့လွင့်တာက "ဥဒ္ဒစ္စ"၊ မငြိမ် လှုပ် ယှက် ယောက်ယက်ခတ်နေတဲ့စိတ်ပေါ့၊စိတ်ပူပန်တာက "ကုက္ကုစ္စ"၊ မကောင်း ပြု, မကောင်း ပြော, မကောင်းကြံပြီးတော့ "ငါဟာ.... မကောင်းမှုတွေ ပြုခဲ့မိလေခြင်း, ပြောခဲ့မိလေခြင်း, ကြံခဲ့မိလေခြင်း" လို့ နောင်တပူပန်တယ်၊ "ငါဟာ ကောင်းမှုတွေကို မပြုရသေး, မပြောရသေး, မကြံရသေး" လို့ နောင်တပူပန်တယ်။

အဲဒီလို ပျံ့လွင့်မှု နောင်တပူပန်မှု ဖြစ်နေယင် မူလရှိနေတဲ့ အရှုခံအာရုံ ရုပ်နာမ်ရဲ့ သဘောအမှန် အဖြစ်အပျက်အမှန်ကို မသိတော့ဘူး၊ပျံ့လွင့်နေတော့ နောင်တပူပန်နေတော့ သမာဓိမှ မရပဲ၊ သမာဓိမှမရတော့ ရုပ်နာမ်ရဲ့သဘောအမှန်ကို ဘယ်သိ တော့မလဲနော်။

"မှန်ပါဘုရား။"

ရုပ်နာမ်ရဲ့ သဘောအမှန်ကို မသိအောင် မမြင်အောင် အဲဒီပျံ့လွင့်မှု ပူပန်မှုက ဖုံးထားလို့ "နီဝရဏ" လို့ ခေါ်တယ်၊ ပျံ့လွင့်ပူပန်မှုက "ဥဒ္ဒစ္စ-ကုက္ကုစ္စ"၊ ဖုံးထားတာက "နီဝရဏ"၊ နှစ်ခုပေါင်းတော့ "ဥဒ္ဒစ္စ,ကုက္ကုစ္စနီဝရဏ"ပေါ့နော်။

"မှန်ပါဘုရား။"

အဲဒီ ဥဒ္ဒစ္စ,ကုက္ကုစ္စ နီဝရဏကိုလဲ ပယ်ခွာပြီးတော့ မူလ
၆ အရှုခံ တိုးသဘောကို တိုးမှုတချက် ရုပ်လို့ရှုမှုတချက် အာရုံနဲ့

အသိနဲ့ တွဲအောင် ပြန်ပြီးရှုနော်၊ အဲဒီအခါ တိုးသဘောရဲ့ သဘောအမှန် အဖြစ်အပျက်အမှန်ကို သိမယ်မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

အဲဒီပျံ့လွင့်မှု ပူပန်မှုကို မပယ်ခွာပဲနဲ့ရှုပွားနေယင် ရုပ်နာမ်ရဲ့ သဘောအမှန်ကို သိပါအုံးမလား။

"မသိတော့ပါဘုရား။"

အဲဒီပျံ့လွင့်မှု ပူပန်မှုကို မိမိသင်ကြား တတ်သိထားတဲ့ ပရိယတ္တိဗဟုသုတနဲ့လဲ ဆင်ခြင်ပြီး ပယ်ခွာနိုင်ပါတယ်၊ ဝိနည်းတရား နှလုံးထားပြီးတော့လဲ ပယ်ခွာနိုင်တယ်နော်။

"မှန်ပါဘုရား။"

ဒီတော့ တရားအားထုတ်တဲ့ ယောဂီမှာ စာတတ်မှု ဝိနည်းတရား ကျွမ်းကျင်မှုတွေ မလိုဘူးလား-လိုလား။

"လိုပါတယ်ဘုရား။"

သတိထားပါ၊ ဘုန်းကြီးတို့ ပရိသတ်၊ ယခု စာမေးပွဲကြီး ကျင်းပနေရတာဟာ အချည်းနှီးမဟုတ်ပါဘူး၊ အဲဒီ ကျင့်ကြံမှုအတွက် အချက်အလက်တွေ လိုအပ်ချက်တွေ စုဆောင်းရှာဖွေမှု ပြုနေတဲ့ ရှင်ရဟန်းများအား ဘယ်လောက် အရည်အချင်းရှိပြီလဲလို့ စမ်းသပ်တဲ့ သဘောပဲနော်။

"မှန်ပါဘုရား။"

အိပ်ငိုက်ဖျောက်ကြောင်းတရားနဲ့ ကြည့်ယင်လဲ ပရိယတ်တရားတော်ဟာ အရေးကြီးပါတယ်၊ ဒါကြောင့်မို့ ပရိယတ္တိသာသနာတော်ကို အရေးတကြီး,အလေးထားပြီးတော့ အားပေးကြပါနော်။

"မှန်ပါဘုရား။"

အဲ....ယခုပြောခဲ့တဲ့ ပျံ့လွင့်မှု ပူပန်မှုဖျောက်တဲ့နည်းနဲ့ ဖျောက်လို့ရယင်ရ မရယင် အဲဒီ ပျံ့လွင့်မှု ပူပန်မှု တိုက်ရိုက် ရှုပွားပြီးတော့လဲ ပယ်ဖျောက်နိုင်ပါတယ်၊ ပယ်ဖျောက်နိုင်ပုံကို ဘုရားရှင်က ဒီလို ဟောထားပါတယ်။

> "ရဟန်းတော်များ အို....ချစ်သားတို့ ဒီ သာသနာတော်မှာ ယောဂီရဟန်းဟာ မိမိရဲ့ အတွင်းသန္တာန်မှာ ပျံ့လွင့်ခြင်း, နောင်တပူပန်ခြင်း, ဥဒ္ဒစ္စ, ကုက္ကုစ္စရှိယင်လဲ 'ငါ့ရဲ့သန္တာန်မှာ ဥဒ္ဒစ္စ ကုက္ကုစ္စရှိတယ်' လို့ သိတယ်၊ မိမိသန္တာန်မှာ ဥဒ္ဒစ္စကုက္ကုစ္စ မရှိယင်လဲ 'ငါ့ရဲ့ သန္တာန်မှာ ဥဒ္ဒစ္စကုက္ကုစ္စမရှိ' လို့သိတယ်၊မဖြစ်သေးတဲ့ ဥဒ္ဒစ္စကုက္ကုစ္စရဲ့ ဖြစ်ကြောင်းကိုလဲ သိတယ်၊ ဖြစ်ပြီးတဲ့ ဥဒ္ဒစ္စကုက္ကုစ္စရဲ့ ပယ်ကြောင်းကိုလဲ သိတယ်၊ ပယ်ပြီးတဲ့ ဥဒ္ဒစ္စကုက္ကုစ္စရဲ့ နောင်အခါ မဖြစ်ကြောင်းကိုလဲ သိတယ်။"

အဲဒီလို ပျံ့လွင့်မှု, နောင်တပူပန်မှု "ဥဒ္ဒစ္စ,ကုက္ကုစ္စရဲ့သဘော, သူတို့ရဲ့အဖြစ်, သူတို့ရဲ့အပျက်, အဲဒီသဘောနဲ့ အဖြစ်အပျက်ကို မြင်အောင် သိအောင် သူတို့ရဲ့ ဖြစ်ကြောင်း ပျက်ကြောင်းကို မြင်အောင် သိအောင် သူတို့ကိုပဲ အရှုခံအဖြစ် ထားပြီးတော့ သေသေချာချာ ရှုပွားပြီး ပယ်ရမယ်နော်။

"မှန်ပါဘုရား။"

ရှုပွားပယ်ပြီးတဲ့ ပျံ့လွင့်မှု,ပူပန်မှုကိုလဲ ခဏပယ်လား,အပြီး ပယ်လားလို့ ကိုယ်တိုင်သိရမယ်နော်။

"မှန်ပါဘုရား။"

**ဝိစိကိစ္ဆာနီဝရဏ** ကိလေသာ အနာရောဂါကို ပျောက်ငြိမ်းစေတတ်သောကြောင့် ပညာကို "ကုသမှု=စိကိစ္ဆိတ"လို့ခေါ်တယ်၊ အဲဒီပညာဆိုတဲ့ ကုသမှုမှ ကင်းတဲ့တရားကို "ဝိစိကိစ္ဆာ"လို့ခေါ်တယ်၊ ပညာကင်း၍ ဆုံးဖြတ်ခြင်း မပြုနိုင်ပဲ ယုံမှားနေခြင်းဟာ "ဝိစိကိစ္ဆာ" ပေါ့။ ဘယ်လိုယုံမှားနေလဲဆိုတော့-

"ရှင်တော်မြတ်ဘုရားမှာ အရဟံအစရှိတဲ့ ဂုဏ်တော်တွေရှိတယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလား၊ တရားတော်မှာသွာက္ခာတတာအစရှိတဲ့ ဂုဏ်တော်တွေ ရှိတယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလား ဒီ တိုးသဘောရုပ်ကို "ရုပ်ရုပ်" လို့ ရှုပွားနေရုံနဲ့ မဂ်ဖိုလ်ရနိုင်ပါ့မလား။"

စသည်ဖြင့် ယုံမှားမှုဖြစ်နေယင် အဲဒါ"ဝိစိကိစ္ဆာ" ပါပဲ၊ အဲဒီလို ယုံမှားမှုဝိစိကိစ္ဆာဖြစ်နေယင် ရှုပွားအားထုတ်တဲ့ စိတ်မဟုတ်တော့ဘူး၊ ရှုပွားအားထုတ်မှုကို အဲဒီ ယုံမှားမှု ဝိစိကိစ္ဆာက ဖုံးထားလိုက်ပြီ။

အဲဒီလို ဖုံးထားတဲ့အတွက် အဲဒီယုံမှားမှုဝိစိကိစ္ဆာကို "နီဝရဏ" လို့ခေါ်တယ်၊ ယုံမှားမှုက "ဝိစိကိစ္ဆာ"၊ ဖုံးထားတာက "နီဝရဏ"၊ နှစ်ခုပေါင်းတော့ "ဝိစိကိစ္ဆာနီဝရဏ" ပေါ့ ဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

အဲဒီလို ယုံမှားမှု ဝိစိကိစ္ဆာဖြစ်နေတာကိုသိယင် အဲဒီဝိစိကိစ္ဆာကို ပယ်ခွာပြီး မူလရှုနေကျဖြစ်တဲ့ အရှုခံအာရုံ တိုးသဘောရုပ်ကို ပြန်ရှုရမယ်။

အရှုံခံတိုးသဘောရှုပ်ကို ပြန်မရှုပဲယုံမှားမှုဝိစိကိစ္ဆာ အဖြစ်ခံနေယင် အကုသိုလ်အမျိုးမျိုးတွေဖြစ်မယ်၊ ဘဝအသစ်အသစ်များစွာဖြစ်ရမယ်၊ အိုရမယ်၊ နာရမယ်၊ သေရမယ်၊ ဒီတော့ကောင်းသေးလား။

"မကောင်းပါဘုရား။"

အေး....မကောင်းယင် အဲဒီယုံမှားမှု ဝိစိကိစ္ဆာကို ပယ်ခွာပြီးတော့ မူလကမ္မဋ္ဌာန်းဖြစ်တဲ့ အရှုံခံအာရုံ တိုးသဘောကို တိုးတိုင်းတိုးတိုင်း မလွှတ်တမ်းရှုပါ၊ တိုးမှုတချက်, ရှုပ်လို့ရှုမှုတချက်၊ ရှုနော်။

"မှန်ပါဘုရား။"

ဝိစိကိစ္ဆာကိုပယ်ဆိုတော့ 'ဟဲ့ ဝိစိကိစ္ဆာ နင်သွား' လို့ ပယ်လို့ဖြစ်တာမှမဟုတ်တာ၊ အားထုတ်နေစဉ် ပယ်ရတာဆိုတော့ မိမိမှာရှိထားတဲ့ ပရိယတ္တိဗဟုသုတနဲ့ ဝိနည်းကျွမ်းကျင်လိမ္မာမှုနဲ့ နှိုင်းချိန်စဉ်းစားမသုံးဖြတ်နိုင်တဲ့ ယုံမှားမှုဖြစ်နေတာကို နှိုင်းချိန်ဆုံးဖြတ်နိုင်ယင် ဝိစိကိစ္ဆာ ကင်းကွာသွားတာပဲနော်။

"မှန်ပါဘုရား။"

အားထုတ်နေစဉ် ဝိစိကိစ္ဆာဝင်လာယင် ဒီလိုပဲကိုယ့်မှာရှိထားတဲ့ ပရိယတ္တိဗဟုသုတနှင့် နှိုင်းချိန်ဆုံးဖြတ်ပြီး ဝိစိကိစ္ဆာကင်းအောင် လုပ်ရမယ်ဆိုတော့ တရားအားထုတ်တဲ့သူမှာ စာတတ်ဖို့မလိုဘူးလား၊ လိုလား။

"လိုပါတယ်ဘုရား။"

အေး....မှတ်ထားပါ၊ ဒီပရိယတ်တရားတော်တွေဟာ ပဋိပတ် ကျင့်ရေးအတွက် ဟောထားတဲ့တရားတော်တွေပါ၊ ဘယ့်နှယ် စာတတ်စရာမလိုရမှာလဲ၊ လိုတယ်နော်။

"မှန်ပါဘုရား။"

ယုံမှားမှု ဝိစိကိစ္ဆာကို အဲဒီလို ပရိယတ္တိဗဟုသုတနဲ့ နိုင်းချိန် ဆုံးဖြတ်ပြီး ပယ်နိုင်ယင်ပယ်၊ မပယ်နိုင်ယင် အဲဒီဖြစ်ပေါ်နေတဲ့ ယုံမှားမှု ဝိစိကိစ္ဆာကို တိုက်ရိုက်ရှုပွားပြီးတော့လဲ ပယ်နိုင်တယ်၊ ပယ်ပုံကို ဘုရားရှင်က ဒီလိုဟောထားခဲ့ပါတယ်။

> "ရဟန်းတော်များ အို....ချစ်သားတို့၊ ဒီသာသနာ တော်မှာ ယောဂီရဟန်းဟာ မိမိအတွင်းသန္တာန်မှာ မဝေ ခွဲနိုင်တဲ့ ယုံမှားသံသယဝိစိကိစ္ဆာရှိယင်လဲ "ငါ့ရဲ့သန္တာန် မှာ ဝိစိကိစ္ဆာရှိတယ်"လို့ သိတယ်၊ မိမိသန္တာန်မှာ ဝိစိကိစ္ဆာမရှိယင်လဲ "ငါ့ရဲ့သန္တာန်မှာ ဝိစိကိစ္ဆာမရှိဘူး" လို့ သိတယ်၊ မဖြစ်သေးတဲ့ ဝိစိကိစ္ဆာရဲ့ ဖြစ်ကြောင်းကိုလဲ သိတယ်၊ ဖြစ်ပြီးတဲ့ ဝိစိကိစ္ဆာရဲ့ ပယ်ကြောင်းကိုလဲ သိတယ်၊ ပယ်ပြီးတဲ့ ဝိစိကိစ္ဆာရဲ့ နောင်အခါ မဖြစ် ကြောင်းကိုလဲ သိတယ်။"

အဲဒီလို မဝေခွဲနိုင်တဲ့ ယုံမှားမှုဝိစိကိစ္ဆာရဲ့သဘော ဝိစိကိစ္ဆာ ရဲ့အဖြစ်, ဝိစိကိစ္ဆာရဲ့အပျက်၊ အဲဒီ ဝိစိကိစ္ဆာရဲ့သဘော, အဖြစ်နှင့် အပျက်ကို သိအောင်မြင်အောင် အဲဒီဝိစိကိစ္ဆာရဲ့ဖြစ်ကြောင်း, ပျက်ကြောင်းကို သိအောင်,မြင်အောင် အဲဒီဝိစိကိစ္ဆာကိုပဲ အရှုခံ အဖြစ်ထားပြီးတော့ သေသေချာချာရှုပွားပြီး ပယ်ရမယ်နော်။

"မှန်ပါ ဘုရား။"

အေး-လာတုန်းကတော့ ဝိစိကိစ္ဆာက ယောဂီကိုဒုက္ခပေးမလို့ လာတာပဲ၊ သူ့ကို အရှုခံအဖြစ်ထားပြီးတော့ ရှုပွားနိုင်တော့ ပယ်နိုင်တော့ သုခတောင်မှ ရမသွားဘူးလား။

"ရသွားပါတယ် ဘုရား။"

အေး....ပြီးတော့ အဲဒီလို ရှုပွားပြီးပယ်လိုက်တဲ့ ယုံမှားမှု ဝိစိကိစ္ဆာကိုလဲ ခဏပယ်လား, အပြီးပယ်လားလို့ ကိုယ်တိုင်သိ ရမယ်နော်။

"မှန်ပါ ဘုရား။"

ဒီဝိစိကိစ္ဆာဟာ သောတာပန်အရိယာမှာမရှိတော့၊ သောတာ ပန် အရိယာအတွက်ကတော့ ဒီဝိစိကိစ္ဆာနဲ့ ပတ်သက်ပြီး ဘာမှ ပြောစရာမလိုတော့ပါဘူးနော်။

"မှန်ပါ ဘုရား။"

**စိတ္တဝိသုဒ္ဓိ** ကဲ....ယခုဆိုယင် တရားအားထုတ်တဲ့ ယောဂီတွေ အတွက် တရားမသိအောင် ဖုံးပိတ်ကွယ်ကာထားတဲ့ သဘောအမှန်မသိအောင် ဖုံးပိတ်ကွယ်ကာထားတဲ့ "နီဝရဏ" တွေကို ပြောလို့ ဟောလို့ ပြီးသွားပြီဆိုပါတော့။

နီဝရဏတွေကိုပယ်လို့ အဲဒီနီဝရဏတွေ ကင်းရှင်းစင်ကြယ် သွားတဲ့အခါ အရှုခံအာရုံ ရုပ်နာမ်သဘောကို ရှုပွားအားထုတ် ယင် စိတ်တွေ သိပ်ပြီးတော့ စင်ကြယ်တယ်။

"ရှေ့စိတ်လဲ ရှုပွားစိတ်၊ နောက်စိတ်လဲ ရှုပွားစိတ်"လို့ အဆက်ဆက်သော စိတ်တွေဟာ ရှုပွားစိတ်တွေချည်းဖြစ်နေပြီး

တော့ သိပ်ပြီးတော့စင်ကြယ်နေတယ်၊ကြည်လင်နေတယ်၊ အဲဒီလို စင် ကြယ် ကြည် လင် ပြီး "နီ ဝ ရ ဏ ကင်း စင်" နေတာကို "စိတ္တဝိသုဒ္ဓိ" လို့ ခေါ်တယ်နော်။

"မှန်ပါ ဘုရား။"

ဒီလို နီဝရဏကင်းရှင်း စင်ကြယ်ပြီးတော့ စိတ်တွေကြည်လင်နေတဲ့ အခိုက်အတန့်မှာ အရှုခံအာရုံ တိုးသဘောကို တခါတိုးတခါသိ, တိုးမှုတချက် ရုပ်လို့ရှုမှုတချက် ရှုပွားတိုင်း, ရှုပွားတိုင်း ရှုပွားတိုင်းရှုပွားသိရတဲ့အရှုခံအာရုံတိုးသဘောရုပ်နဲ့ ရှုပွားသိနေတဲ့နာမ်ကို ပိုင်းခြားပြီတော့ သိနိုင်တယ်နော်။

"မှန်ပါ ဘုရား။"

ရုပ်ကိုပိုင်းခြားသိတော့ "ရူပပရိစ္ဆေဒဉာဏ်"ပေါ့၊ နာမ်ကို ပိုင်းခြားသိတော့ "နာမပရိစ္ဆေဒဉာဏ်"ပေါ့၊ ရုပ်နာမ်နှစ်ပါးကို ပိုင်းခြားသိတော့ "ရူပနာမပရိစ္ဆေဒဉာဏ်" သို့မဟုတ် "နာမရူပပရိစ္ဆေဒဉာဏ်"ပေါ့နော်။

"မှန်ပါ ဘုရား။"

အဲဒီလို ရုပ်နာမ်သိပြီးတဲ့နောက်မှာ အဲဒီရုပ်နာမ်ကို အထပ်ထပ်ရှုပွားပါအုံး၊ ဘာအတွက်လဲ၊ အဲဒီရုပ်နာမ်ရဲ့ အကြောင်းအကျိုးကို ပိုင်းခြားသိရအောင်၊ တကယ်ရှုတော့လဲ ရုပ်နာမ်ကြောင်းကျိုးလဲ ပိုင်းခြားပြီး သိပါတယ်နော်။

"မှန်ပါ ဘုရား။"

အဲဒီလို ရုပ်သိ,နာမ်သိ၊ ရုပ်နာမ်ကြောင်းကျိုးသိတယ် ဆိုယင် အတော်ကျေးဇူးများနေပါပြီ၊ ဒိဋ္ဌိဝိစိကိစ္ဆာ ကင်း နေပါပြီ၊

ကြောင်းကျိုးသိမ်းဆည်းနိုင်တဲ့ "ပစ္စယပရိဂ္ဂဟဉာဏ်" ပိုင်နေပါ ပြီနော်။

"မှန်ပါ ဘုရား။"

ဆက်ပြီးတော့ အဲဒီရုပ်နာမ်ကိုပဲ အထပ်ထပ် သတိကပ်ပြီး ရှုပွားတော့ အဲဒီရုပ်နာမ်တွေရဲ့ အဖြစ်သဘော,အပျက်သဘော ကိုလဲ ရှင်းရှင်းလင်းလင်း သိလာပါတယ်၊ အဲဒီလို သိတာဟာ ပုထုဇဉ်ယောဂီမှာ ရှုပွားကောင်းတဲ့ အစိုက်အတန့်မှာ သိပုံပါပဲ နော်။

"မှန်ပါ ဘုရား။"

အဲ....ရှုပွားလို့ မကောင်းတဲ့အခါကျတော့ အဲဒီလိုရုပ်-နာမ်, ကြောင်း-ကျိုး, အဖြစ်-အပျက်, သဘောအမှန်တွေကို မသိနိုင် တော့ပါဘူး၊ ဘာဖြစ်လို့ အဲဒီလို မသိနိုင်တာလဲလို့ဆိုတော့ "ကာမစ္ဆန္ဒ"အစရှိတဲ့"နီဝရဏ"တွေကဖုံးလွှမ်းထားလို့တဲ့နော်။

"မှန်ပါ ဘုရား။"

အင်း....အဲဒါကြောင့် ယောဂီပုဂ္ဂိုလ်အား ရှုပွားအားထုတ် လို့ မကောင်းအောင် ဒုက္ခဆင်းရဲဖြစ်အောင် ပိတ်ပင်ဖုံးလွှမ်းတတ် တဲ့နီဝရဏတရားဆိုးတွေကို နိုင်နင်းအောင် ပယ်ခွာချပြီး မူလ ကမ္မဋ္ဌာန်းဖြစ်တဲ့ အရှုခံအာရုံ တိုးသဘောရုပ်ကို တိုးတိုင်း တိုးတိုင်း မလစ်အောင် ရှုပွားနိုင်ယင် ရှုပွားကောင်းပြီး ရုပ်နာမ် အမြင်ရှင်းကာ ချမ်းသာမယ်နော်။

"မှန်ပါ ဘုရား။"

**သောတာပန်မှာ မရှိပါ** အဲ....သောတာပန် အရိယာ ပုဂ္ဂိုလ်မှာ တော့ သောတာပတ္တိမဂ်ဉာဏ်ဖြင့် "ဝိစိကိစ္ဆာနီဝရဏ"ကို အကြွင်းမဲ့ပယ်သတ်ပြီးပြီ၊ ကျန် တဲ့ နီ ဝ ရ ဏ တွေကိုလဲ လေးပုံတပုံလောက် ပယ်ပြီးပြီ၊ ဒီတော့ သောတာပန် အရိယာပုဂ္ဂိုလ်မှာ ဒီနီဝရဏတွေအတွက် ကြောင့်ကြစရာ မရှိတော့ပဲ ဓတာ့သစ်ပင်ရင်း, ဆိတ်ငြိမ်ရာအရပ်မှာ ချဉ်းကပ်ပြီးတော့ ရှုပွားအားထုတ်နေမယ်ဆိုယင် "ကာမစ္ဆန္ဒ" အငရှိတဲ့ "နီဝရဏ"တွေလဲ မကြာခင်ပဲ ခပ်ကြာကြာ ကွာကင်းသွားမယ်နော်။

"မှန်ပါ ဘုရား။"

ခပ်ကြာကြာ ကွာကင်းသွားမယ်ဆိုတာ စာလိုပြောတော့ "ဝိက္ခမ္ဘနပဟာန်"နဲ့ ပယ်ခွာတာကို ပြောတာနော်။

"မှန်ပါဘုရား။"

အင်း....အဲဒီလို နီဝရဏတွေ ခပ်ကြာကြာ ကင်းကွာနေတော့ စိတ်တွေကြည်လင်ပြီး ဖြစ်တိုင်း, ပျက်တိုင်းသော ရုပ်တရား နာမ်တရားတွေကို အကုန်လိုက်ပြီးတော့ မလစ်မလပ် ရှုပွားနိုင်မယ်မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

ရုပ်, နာမ်တို့ရဲ့ သဘောအမှန်, အဖြစ်သဘော, အပျက်သဘော, အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘောတွေကို အမှန်အတိုင်း ရှင်းရှင်းလင်းလင်း သိနိုင်မယ်၊ ရုပ်နာမ်တွေကို မသိနိုင်အောင် လွှမ်းမိုးနှိပ်စက် ဖိစီးတဲ့ နီဝရဏ

ကိလေသာရယ်လို မရှိဘူးတဲ့၊ အဲဒီလို မရှိပုံကို ဟို.... မူလ ပါဠိတော်မှာ ဘယ်လိုဟောထားသလဲ ဆိုတော့....

"ရဟန်းတော်များ အို ချစ်သားတို့ ယင်းသို့ တော သစ်ပင်ရင်း, ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်၍ ရှုပွား အားထုတ်တဲ့ သောတာပန်ပုဂ္ဂိုလ်ဟာ ဒီလို သိမြင်နိုင် ပေတယ်"

"အကြင် ထကြွလွှမ်းမိုးနှိပ်စက်တဲ့ နီဝရဏ ကိလေ သာဖြင့် ထကြွ လွှမ်းမိုး နှိပ်စက်ခံရတဲ့ စိတ်ရှိသည် ဖြစ်၍ ငါသည် ဟုတ်တိုင်းမှန်စွာ မသိမမြင်ပဲရှိရာ၏၊ ယင်းသို့ ထကြွ လွှမ်းမိုး နှိပ်စက်သော ကိလေသာသည် ငါ့ရဲ့ အတွင်းသန္တာန်၌ မပယ်ရသေးတာ မရှိပေ၊ သစ္စာလေးပါးတို့ကို ထိုးထွင်းသိရန်အကျိုးငှာ ငါ့ရဲ့ စိတ်ကို ကောင်းစွာ ထားအပ်ပေပြီ" လို့ သိမြင်တယ်

လို့ ဟောထားပါတယ်၊ အဲဒီ အဓိပ္ပါယ်ဟာ ထင်ရှားပါ တယ်၊ ထပ်ပြီးတော့ ရှင်းလင်း ဟောရမယ်ဆိုရင်.... တော- သစ်တပင်ရင်း, ဝါးတပင်အောက်, ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်း ကပ်ပြီး ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေကို ရှုပွား အား ထုတ် နေတဲ့ သောတာပန်အရိယာပုဂ္ဂိုလ်မှာ ရုပ်နာမ်ဓမ္မ သဘော တရားတို့ရဲ့ အဖြစ်အပျက် သဘောအမှန်ကို မသိနိုင်အောင် ထကြွ, လွှမ်းမိုး, သောင်းကျန်း, ဖုံးလွှမ်း, နှိပ်စက်တဲ့ နီဝရဏ ကိလေသာတွေကို မတွေ့ရဘူးတဲ့နော်။

"မှန်ပါဘုရား။"

အရှုခံ ရုပ်နာမ် ဒုက္ခသစ္စာတရားတွေကို မသိနိုင် မမြင်နိုင်အောင် ဖုံးလွှမ်းတတ်တဲ့ နိဝရဏ ကိလေသာတွေကို ပယ်ခွာနိုင်လို့ မရှိတာနော်။

"မှန်ပါဘုရား။"

ရှုပွားတဲ့အခါ ဖြစ်ပေါ်လာတဲ့ ထက်မြက် လွှမ်းမိုးမှု နိဝရဏ ကိလေသာတွေကို ပယ်ခွာပြီးတော့ စိတ်ကြည်လင်စင်ကြယ်စွာနဲ့ မူလရှုပွားနေတဲ့ အရှုခံရုပ်နာမ်ဓမ္မ သင်္ခါရတွေရဲ့ အဖြစ်-အပျက်ကို အမှန်အတိုင်း ထင်ရှားစွာ သိပြီးနေတယ်တဲ့နော်။

"မှန်ပါဘုရား။"

အဲဒါဟာ လောကမှ လွန်မြောက်ပြီးတော့ ပုထုဇဉ်တို့နှင့် မဆက်ဆံတဲ့ သောတာပန်အရိယာတို့ရဲ့ မြတ်တဲ့ ပဌမ စွမ်းရည်ပါပဲ၊ သောတာပန်နှင့် ပုထုဇဉ်တို့ရဲ့ ပဌမခြားနားချက်ပါပဲ၊ သောတာပန်ရဲ့ ပဌမ အားပါပဲ၊ သောတာပန်ရဲ့ ပဌမ မဟာပစ္စဝေက္ခဏာပါပဲ၊ အဲဒါကို ပါဠိတော်မှာ ဘယ်လို နိဂုံးအုပ်ထားလဲ ဆိုတော့....

> "ဤ ဆင်ခြင်ဉာဏ်ဟာ ထိုသောတာပန် အရိယာပုဂ္ဂိုလ်ရတဲ့ ပဌမဆင်ခြင်ဉာဏ် ဖြစ်ပေ၏၊ လောကုတ္တရာ အရိယာမဂ်ကို မှီ၍ ဖြစ်တဲ့ ဉာဏ် ဖြစ်ပေ၏၊ ပုထုဇဉ်တို့နှင့် မဆက်ဆံတဲ့ဉာဏ် ဖြစ်ပေ၏"

လို့ နိဂုံးအုပ်ပြီး ဟောထားပါတယ်၊ ဒီတော့ ဒီဉာဏ်ဟာ လောကုတ္တရာ အရိယမဂ်ဉာဏ်ရပြီးတဲ့ အရိယာပုဂ္ဂိုလ်သန္တာန်မှာသာ ဖြစ်တယ်၊ ပုထုဇဉ်တို့ရဲ့ သန္တာန်မှာမဖြစ်ပါဘူး၊ ဒီဉာဏ်ဟာ ပုထုဇဉ်နှင့် သောတာပန်တို့ရဲ့ ခြားနားချက်ပဲပေါ့နော်။

"မှန်ပါဘုရား။"

ဒါဖြင့် တရားအားထုတ်ပြီး ကိုယ့်ကိုယ်ကို အထင်ကြီးနေတဲ့ ယောဂီတွေ ကိုယ့်ကိုယ်ကို သောတာပန်ဖြစ်ပြီလို့ ထင်မြင်ယူမှတ်နေတဲ့ ယောဂီတွေ စုံစမ်းကြည့်ဖို့မကောင်းဘူးလား ဒါဟာ အင်မတန်ကောင်းတဲ့ စုံစမ်းနည်းပဲမဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

**စုံစမ်းနည်း စမ်းသပ်နည်း**

ဘယ်လို စုံစမ်းမလဲ၊ ဘယ်လို စမ်းသပ်မလဲဆိုတော့ မိမိကိုယ်ကို မိမိ သောတာပန် ထင်တဲ့ ယောဂီဟာ တော, သစ်တပင်ရင်း, ဝါးတပင်အောက် ဆိတ်ငြိမ်ရာအရပ် တခုခုသို့ချဉ်းကပ်ပြီး ဒွါရ ၆ ပါး, တံခါးခြောက်ပေါက်မှာ ထိုက်သည်အားလျော်စွာ ဖြစ်ပေါ်နေတဲ့ ရုပ် နာမ်နှစ်ပါး သင်္ခါရတရားတွေကို ရှုပွားအားထုတ်နေတဲ့အခါ မရှုမပွားနိုင်အောင် ထကြွ လွှမ်း မိုး နှိပ် စက် တဲ့ နီဝရဏ ကိလေသာတွေ မတွေ့ရပဲ နီဝရဏကိလေသာတွေရဲ့ အလွှမ်းမိုး အနှိပ်စက်မခံရပဲ ရှုပွားတိုင်း ရှုပွားစိတ်တွေချည်း ဖြစ်ပြီး ကြည်လင်သန့်ရှင်းနေရမယ် မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

အဲဒီလို ရှုပွားတိုင်း ကြည်လင်သန့်ရှင်းနေတော့ အရှုခံ ရုပ်နာမ်ဓမ္မသင်္ခါရတွေရဲ့ သဘောအမှန် အနိစ္စအချက်, ဒုက္ခအချက်, အနတ္တအချက်တွေကို ရှင်းလင်းစွာ သိရမယ်၊ မသိနိုင်တယ်လို့ မရှိရဘူးနော်။

"မှန်ပါဘုရား။"

ရုပ်နာမ်ဓမ္မသင်္ခါရတွေကို ရှုပွားတဲ့အခါမှာ "အာရုံရှုစိတ် အပြိုင်ချိတ်" ဆိုတာလို အရှုခံ အာရုံရော ရှုပွားတဲ့ စိတ်ရော သူ့အရှုခံနှင့် သူ့ရှုစိတ် အပြိုင်ပဲဖြစ်ပျက်သွားတာကို ထင်လင်း ပြတ်သားစွာ မှန်ကန်စွာ သိရလိမ့်မယ်တဲ့၊ မသိရ မ ရှိ ဘူး တဲ့ နော်။

"မှန်ပါဘုရား။"

အေး....အဲဒီလို ရှုပွားအားထုတ်တဲ့အခါ ရုပ်နာမ်ဓမ္မသင်္ခါရ တွေကို မရှုမပွားနိုင်အောင် တားမြစ်တတ်တဲ့ ထကြွလွှမ်းမိုး နှိပ်စက်တတ်တဲ့ နီဝရဏကိလေသာတွေ မတွေ့ရဘူးဆိုယင် မိမိသောတာပန်စွမ်းရည် ပဌမအချက်နဲ့ ပြည့်စုံပြီလို့ မှတ်ရမယ် နော်။

"မှန်ပါဘုရား။"

အေး....အဲဒီလို တော့ သစ်တပင်ရင်းဝါးတပင်အောက်ဆိတ် ငြိမ်ရာအရပ်သို့ချဉ်းကပ်ပြီး ရုပ်နာမ်တရားတွေကိုရှုပွားပါလျက် စိတ်အကြံအစည်တွေများ ကာမဂုဏ်အာရုံစသည်တွေက လွှမ်း ထားလို့ အရှုခံအာရုံ ရုပ်နာမ်သဘောကို မရှုပွားနိုင်ဘူးဆိုယင် အဖြစ်အပျက်သဘောအမှန်ကိုမသိရဘူးဆိုယင် သောတာပန်ရဲ့ ဒီပဌမစွမ်းရည်ပဌမခွန်အားနှင့် မပြည့်စုံတော့ သောတာပန် ဟုတ်နိုင်ပါ့မလား။

"မဟုတ်နိုင်ပါဘုရား။"

အေး....သောတာပန် ဟုတ် မဟုတ်၊ သောတာပန်စွမ်းရည် ရှိမရှိ သိရအောင် ပဌမစွမ်းရည်ကို လက်ခလေးနှင့်ကျက်မှတ် ထားပါ။

* ဆိတ်ငြိမ်ရာရပ် ချဉ်းကပ်၍သာ၊
ကိလေသာဆိုး လွှမ်းမိုးသစွာ။
ငါ့သန္တာန်မျာ း ကရားထိုဟာ၊
ရှိ-မရှိ ရှုကြည့်သိ သေချာ။

ကဲ....ဒီလောက်ဆိုယင် သောတာပန်အရိယာရဲ့ ပဌမစွမ်းရည်နဲ့ပတ်သက်လို့ ဟောပြောချက်ဟာ တော်တော်လေးပြည့်စုံသွားပါပြီ၊ သိလဲသိလောက်သွားပါပြီ၊ အဲဒီ စွမ်းရည်အတွက် ဤမျှလောက်နဲ့ပဲ ရပ်နားကြပါစို့ ။

**ဒုတိယစွမ်းရည်** ယခု ဆက်လက်ပြီးတော့ သောတာပန်အရိယာရဲ့ ဒုတိယစွမ်းရည်, ဒုတိယခွန်အား, ဒုတိယမဟာပစ္စဝေက္ခဏာကို ဟောကြ နာကြရအောင်၊ အဲဒီအကြောင်းကို ဘုရားရှင်က ဘယ်လိုဟောထားခဲ့သလဲဆိုတော့-

"ရဟန်းတော်များ အို ချစ်သားတို့ တဖန်တပါး ဆင်ခြင်ပုံတမျိုးကား အရိယတပည့်ဖြစ်တဲ့ သောတာပန်ပုဂ္ဂိုလ်ဟာ ဒီလို ဆင်ခြင်ကြည့်ရှုတယ်။"

"ဒီအသိအမြင်ကို မှီဝဲပွားများစေလျက် အကြိမ်များစွာပြုနေတဲ့ ငါ့မှာ မိမိစိတ်၌ နိဝရဏကို ငြိမ်းစေတတ်တဲ့ သမာဓိကို ရပါရဲ့လော၊ မိမိစိတ်၌ကိလေသာငြိမ်းခြင်းကို ရပါရဲ့လောလို့ ဒီလို ရှုဆင်ခြင်ကြည့်တယ်။

အဲဒီလို ဟောထားပါတယ်၊ အဲဒါဟာ သောတာပန်အရိယာ ဒုတိယဆင်ခြင်ပုံ မဟာပစ္စဝေက္ခဏာပါပဲ၊ အဲဒီဆင်ခြင်ပုံကို သေသေချာချာမှတ်ထားနော်။

"မှန်ပါဘုရား။"

အဲဒီလို မှတ်ထားပြီးတော့ ယောဂီတို့ သိထားရမှာက သောတာပန်အရိယာပုဂ္ဂိုလ်မှာ မဂ်ဉာဏ်ဖြင့်နိဗ္ဗာန်ကို တွေ့မြင်ထားပြီးရုပ်နာမ်ဓမ္မသင်္ခါရတွေကိုဖြစ်ခြင်း ပျက်ခြင်း သဘောမျှပဲလို့ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောမျှပဲလို့ သိတဲ့ အသိအမြင်ဟာ ခိုင်မြဲသွားပြီတဲ့နော်။

"မှန်ပါဘုရား။"

ဒီနေရာမှာ အသိအမြင်ခိုင်မြဲအောင် အားထုတ်ရတဲ့ အလုပ်အဆင့်ဆင့်အကြောင်းကို အနည်းငယ်မျှ ပြောပါရစေအုံး။

အဲဒီလို အသိအမြင်ခိုင်မြဲတဲ့ သောတာပန်အရိယာအဖြစ်သို့ ရောက်ရန် ကိလေသာတွေကို ပယ်ခွာနိုင်ကြောင်းအလုပ်ကို လုပ်ရပါတယ်။

ရုပ်နာမ်ခန္ဓာတွေရဲ့ အရှိအဖြစ်ကို မမြင်မရှိတဲ့ အတွေးအကြံ စိတ်ရဲ့ဖန်တီးချက်တွေကို မြင်နေရလို့ ကိလေသာများဖြစ်ရတာပါ။ အမှန်ရှိတဲ့ ရုပ်နာမ်တွေကိုသာ ရှုပွားဆင်ခြင်နေတဲ့အခါ ကိလေသာတွေ ဖြစ်ခွင့်မရပါဘူး။

အဲဒီအမှန်ရှိတဲ့ ရုပ်နာမ်တွေကို အမှန်အတိုင်း ရှုပွားနေတဲ့ ဉာဏ်က ကိလေသာတွေကို ပယ်ခွာလျက် ရှိနေတာပါပဲ၊ အဲဒီဉာဏ်ကိုပဲ "အနိစ္စ စသော အခြင်းအရာအားဖြင့် အမျိုးမျိုး အဖုံဖုံရှုတဲ့ ဝိပဿနာဉာဏ်"လို့ ဆိုပါတယ်။

အဲဒီဝိပဿနာဉာဏ်ပညာဖြင့် ကိလေသာတွေကို ပယ်သတ်လျက်ရှိနေရာမှ ဉာဏ်အဆင့်ဆင့်တက်ပြီးတော့ အားရှိလာတဲ့ အခါ သင်္ခါရရုပ်နာမ်တရားတွေ ရှုမြင်နေတဲ့ဉာဏ်မှ သင်္ခါရ

ရုပ်နာမ်တို့ ချုပ်ငြိမ်းရာနိဗ္ဗာန်သို့ ရောက်တဲ့မဂ်ဉာဏ်သို့ ဆိုက် ရောက်ရပါတော့တယ်။

ပဌမဦးဆုံး ရောက်သောမဂ်မှာ သောတာပတ္တိမဂ်ဖြစ်ပါ တယ်၊ ဒီသောတာပတ္တိမဂ်ကို မြန်မာလို အတိအကျ ပြန်ယင် "အရိယာမဂ်သို့ အစဦးဆုံးရောက်သောမဂ်"လို့ ပြန်ရပါတယ်။

အဲဒီမဂ်အခိုက်မှာ စိတ်တခုစာမျှ အလွန်တိုတောင်းလျင်မြန် လှပါတယ်၊ အဲဒီမဂ်အခိုက်ကို ပုဂ္ဂိုလ်တယောက်အဖြစ် သတ် မှတ်သည်မှာလဲ အဲဒီမဂ်စိတ်ရဲ့ ထူးခြားချက်အရပင် ဖြစ်ပါတယ်။

သောတာပတ္တိမဂ်ရှေ့မှ ဂေါတြဘူဖြစ်ပါတယ်၊ အဲဒီဂေါတြ ဘူဟာ ဝိပဿနာဉာဏ်ရဲ့ နောက်ဆုံးဖြစ်ရာ အဲဒီစိတ်ဟာ ရှေး ဝိပဿနာဉာဏ်တွေ ယူနေကျ သင်္ခါရအာရုံကို လွှတ်ကာ နိဗ္ဗာန် အာရုံကို စပြီးတော့ ယူလိုက်ပါတယ်။

အဲဒီလို နိဗ္ဗာန်အာရုံကို စပြီးတော့ ယူလိုက်ခြင်းဖြင့် ပုထုဇဉ် အဖြစ် ဒီတွင်နေရစ်တော့လို့ ကန့်သတ်ကာ မိမိယူထားတဲ့ နိဗ္ဗာန် အာရုံကို မဂ်သို့ ပြောင်းပေးလိုက်ပါတယ်။

အဲဒီမဂ်က အဲဒီနိဗ္ဗာန်အာရုံကိုယူကာ ဒိဋ္ဌိ, ဝိစိကိစ္ဆာစတဲ့ ကိလေသာအချို့ကို ပယ်သတ်ပါတော့တယ်၊ အဲဒီကဲ့သို့ပြောင်း ပြီးတော့ အဲဒီအခိုက်မှာ "ကိလေသာများသူ ပုထုဇဉ်" အဖြစ်မှ "ကိလေသာစင်သူ=အရိယာ" အဖြစ်သို့ ရောက်ခဲ့ရပါတယ်။

အဲဒီလိုရောက်တဲ့ပုဂ္ဂိုလ်ကို သောတာပတ္တိမဂ်၌တည်တဲ့ပုဂ္ဂိုလ် လို့ ခေါ်ဆိုရပါတယ်။ မဂ်က ချက်ချင်း အကျိုးပေးမြဲဖြစ်တဲ့ အတွက် မဂ်ဖြစ်ပြီးယင် ဖိုလ်နှစ်ကြိမ်သုံးကြိမ် ဆက်၍ဖြစ်ရပါ တယ်။

**ကမ္ဘာကို တန့်ထားနိုင်** တခြားတခြား ကုသိုလ်များမှာ ဖြစ်ပြီးနောက် ကာလတပါးသို့ ရောက်မှ အကျိုးပေးကြပါတယ်၊ ဒိဋ္ဌဓမ္မကံမျိုးသည်ပင် မိနစ် နာရီ ရက် လ နှစ် စသည်ကွာခြားဆိုင်းငံ့ပြီးမှ အကျိုးပေးတတ်ပါတယ်၊ ဒီမဂ်ကတော့ မိမိဖြစ်ပြီးလျှင်ပြီးချင်း ကာလမခြားပဲ အကျိုးပေးတတ်သည်မှာ ထူးခြားတဲ့ ဂုဏ်တရပ်ပင် ဖြစ်ပါတယ်။

အဲဒီလို ကာလမခြားပဲ အခါခလင့် အကျိုးကိုပေးနိုင်တာဟာလဲ မဂ်ရဲ့အရှိန်အဝါ အာနုဘော်ကြီးမားသောကြောင့် ဖြစ်ပါတယ်၊ အဲဒါကြောင့်ပဲ ကိလေသာပယ်သတ်ရေးမှာ မဂ်ဟာ တခါတည်း တကြိမ်တည်းဖြင့် အပြီးသတ် အကြွင်းမဲ့ ပယ်သတ်နိုင်ခြင်း ဖြစ်ပါတယ်။

မဂ်က ပယ်ခြင်းကြောင့် ဖြစ်လာရတဲ့ အငြိမ်းဓာတ်အရသာကို ဖိုလ်ကခံစားရပါတယ်၊ အကြောင်းကောင်းယင် အကျိုးလဲ ကောင်းမြဲဖြစ်ရာ အကြောင်းမဂ်ကိုချီးမွမ်းယင် အကျိုးဖိုလ်ကိုလဲ မကင်းသောအားဖြင့် ချီးမွမ်းပြီး ဖြစ်ပါတော့တယ်။

မိမိရဲ့အခြားမဲ့၌ ကေန်ပုံသေ အကျိုးကို ပေးတတ်သောကြောင့် မဂ်ဖြစ်ဘဲ့အခါ ဖိုလ်ဖြစ်မလာရန် တားမြစ်နိုင်တဲ့ အန္တရာယ်ရယ်လို့ တစုံတရာ မရှိနိုင်ပါဘူး။

အဲဒါကြောင့် မဂ်ပုဂ္ဂိုလ်ကို "ဌိတကပ္ပီ=တည်နေတဲ့ ကမ္ဘာရှိသောပုဂ္ဂိုလ်,ပျက်တော့မယ့်ကမ္ဘာကို မပျက်သေးအောင် တန့်ရပ်ထားနိုင်တဲ့ပုဂ္ဂိုလ်" လို့ ဟောတော်မူပါတယ်။

ဆိုလိုတာက ပုဂ္ဂိုလ်ကလဲ မဂ်သို့အဆိုက် ကမ္ဘာကလဲ လောင်ကျွမ်းပျက်စီးချိန်ရောက်နေယင် ဖိုလ်သို့ မရောက်သေးခင်

ကမ္ဘာကမပျက်သေးပဲ ဆိုင်းငံ့နေပါတယ်လို့ ဆိုလိုပါတယ်။ အဲဒါကြောင့်“ဌိတကပ္ပီ=ကမ္ဘာကိုတန့်ရပ်ထားနိုင်တဲ့ ပုဂ္ဂိုလ်”လို့ ဆိုလိုပါတယ်။

လုံးလုံးကမ္ဘာမပျက်အောင် တန့်ထား ထားထားနိုင်တာ တော့ မဟုတ်ပါဘူး၊ မဂ္ဂဝီထိနှင့် ပစ္စဝေက္ခဏာဉာဏ်ငါးပါး တိုင်အောင်မျှ တန့်ထား ထားထားနိုင်တာကို ဆိုလိုပါတယ်။

တကယ်တော့ သာသနာတော်ရှိစဉ်မှာ ကမ္ဘာပျက်ရိုးဟုံးစံ မရှိပါဘူး၊ သို့သော်လဲ အဲဒီလိုကမ္ဘာပျက်တဲ့အဖြစ်မျိုးပင် ဖြစ် စေဦးတော့ မဂ်ပုဂ္ဂိုလ်မှာ အန္တရာယ်မဖြစ်နိုင်လို့ အန္တရာယ်မရှိတဲ့ အဖြစ်ကို ပြလိုတဲ့အတွက် ဟောခြင်းဖြစ်ပါတယ်။

ဒီတော့မဂ်နှင့်ဖိုလ်အကြားမှာ ကာလမခြားပဲ မဂ်ဖြစ်သည် နှင့် ဖိုလ်နှစ်ကြိမ်သုံးကြိမ် ဖြစ်ပါတယ်၊ အဲဒီ ဖိုလ်မှစပြီးတော့ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်လို့ ဆိုရပါတယ်။ အဲဒီသောတာပတ္တိ ပုဂ္ဂိုလ်ကိုပင် သောတာပန်ပုဂ္ဂိုလ်လို့ ခေါ်ရတယ်နော်။

မဂ်ခဏဟာ မပြောပလောက်တဲ့ အခိုက်အတန့်မျှသာဖြစ်လို့ ဖိုလ်နဲ့ပေါင်းကာ ပုဂ္ဂိုလ်တဦးတည်းအဖြစ် ဆိုလိုက်ပါတော့ လားလို့ ဆိုရန်ရှိပါတယ်။

ဟုတ်ပါတယ်၊ မဂ်ဟာ ခဏမျှဖြစ်ပါတယ်၊ အဲဒီမဂ်ဟာ ခဏ မျှဖြစ်လိုက်ရသော်လဲ အဲဒီခဏအတွင်းဖြစ်ရတဲ့ မဂ်ရဲ့အာနုဘော် ဟာ အလွန်တရာကြီးမားလှပါတယ်၊ အဲဒီအပြင် မဂ်နှင့် ဖိုလ်ဟာ အခြေအနေချင်းမတူ ကွဲပြားခြားနားချက် ရှိနေပါ တယ်။

ဟုတ်ပါတယ်၊ မဂ်ရဲ့ ကိလေသာကို ပယ်သတ်နိုင်တဲ့ သတ္တိမျိုး ဖိုလ်မှာမရှိပါဘူး၊မဂ်က ကိလေသာကို ပယ်သတ်လိုက်သဖြင့် အဲဒီကိလေသာတွေ ငြိမ်းအေးမှု နိဗ္ဗာန်ရဲ့ အရသာခံစားမှုတွေကို ဖိုလ်ကဆက်ခံလိုက်ရခြင်းသာ ဖြစ်ပါတယ်။

လောကမှာ ကောင်းမှုကုသိုလ်ပြုခိုက် ကောင်းမှုကုသိုလ်ပြုသူဖြစ်လို့ နောင်အကျိုးခံစားရသူအဖြစ် အကြောင်းအကျိုးအရ ပုဂ္ဂိုလ်တဦးစီကွဲပြားရသကဲ့သို့ ဒီမှာလဲ အကြောင်းမဂ်နှင့်အကျိုးဖိုလ်အရ ပုဂ္ဂိုလ်ကွဲရခြင်း ဖြစ်ပါတယ်နော်။

"မှန်ပါဘုရား။"

ဒီတော့ သောတာပတ္တိမဂ်ဖိုလ် ရရှိပြီးတဲ့ သောတာပန်ပုဂ္ဂိုလ်မှာ ပုထုဇဉ်ထက် အဆများစွာသာတဲ့ အချက်တွေ ရှိနေတယ်မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

အဲဒီ သောတာပတ္တိမဂ်ဖိုလ်ရထားတဲ့ သောတာပန်ယောဂီဟာ ရုပ်နာမ်ဓမ္မသင်္ခါရတရားတွေကို ရှုပွားတိုင်း ထပ်ကာထပ်ကာ ရှုပွားနေတိုင်း မိမိရထားတဲ့ မဂ်ဉာဏ်အသိအမြင်ကို မှီဝဲပွားများနေသည် မည်ပါတယ်။

အဲဒီလို မိမိရထားတဲ့ မဂ်ဉာဏ်အသိအမြင်ကို ရုပ်နာမ်တရားတွေအပေါ်မှာ တင်ပြီးတော့ ရှုပွားပြီးတော့ မှီဝဲပွားများနေယင်းနဲ့ "ကိလေသာတွေ ငြိမ်းအေးမှု ရ-မရ" ဆင်ခြင်ကြည့်ပါတယ်တဲ့နော်။

"မှန်ပါဘုရား။"

အဲဒီလို ဆင်ခြင်တဲ့အခါမှာ "မိမိရဲ့စိတ်၌ နီဝရဏကိလေသာတွေကို ငြိမ်းစေတတ်တဲ့ သမာဓိကို ရပါရဲ့လား" လို့ ဆင်ခြင်တာက....

"ငါသည် ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေကို ရှုပွားအားထုတ်နေစဉ်အတွင်းမှာ မရှုပွားနိုင်အောင် ထကြွသောင်းကျန်းတဲ့ လှုမ်းမိုးနှိပ်စက်တဲ့ ကြံစည်စိတ်ကူးမှု နီဝရဏကိလေသာတွေကို ငြိမ်းစေအောင် တည်ကြည်မှု သမာဓိကို ရပါရဲ့လား"

လို့ ဆင်ခြင်တာပဲတဲ့၊ ဒီနေရာမှာ သတိထားဖို့က "ငြိမ်တာနဲ့ ငြိမ်းတာ" နော်၊ ငြိမ်နေသလား၊ ငြိမ်းနေသလား၊ ကွဲကွဲပြားပြားသိဖို့ အရေးကြီးပါတယ်၊ သောတာပန်ရဲ့ဆင်ခြင်မှုမှာ ငြိမ်းအောင်တည်ကြည်မှုရတဲ့ သမာဓိနော်။

"မှန်ပါ ဘုရား။"

အဲဒီ သောတာပတ္တိမဂ်ကို မရသေးခင်ကတော့ အပြင်အာရုံ အမျိုးမျိုးဆီသို့ စိတ်ကူးအမျိုးမျိုး ဖြစ်နေ, ရောက်နေ, ကြံစည် နေလို့ အရှုခံအာရုံ ရုပ်နာမ်ဓမ္မသင်္ခါရတွေကို မသိတာတွေ များစွာမရှိဘူးလား။

"ရှိပါတယ် ဘုရား။"

အေး....ရှိတာမှ နဲနဲမဟုတ်ပါဘူး၊ တနာရီ ရှုပွားအားထုတ်ယင် သိတာက ဆယ့်လေးငါးမိနစ်, မသိတာက လေးဆယ့်ငါး မိနစ်ဆိုတာလို ဖြစ်မနေဘူးလား။

"ဖြစ်နေပါတယ် ဘုရား။"

အေး....ယခု သောတာပန်အရိယာ ဖြစ်သွားတော့ အဲဒီလို အရှုခံအာရုံ ရုပ်နာမ်မမြဲသင်္ခါရတို့ရဲ့ အဖြစ်အပျက်သဘောမှန်ကို မသိအောင် ဖုံးလွှမ်းထားတဲ့ နီဝရဏ ကိလေသာတွေကို ပယ်ခွာနိုင်တဲ့ တည်ကြည်မှု သမာဓိကို ရပါရဲ့လားလို့ ဆင်ခြင် ကြည့်တာပဲနော်။

"မှန်ပါ ဘုရား။"

တခါ "မိမိစိတ်၌ ကိလေသာငြိမ်းခြင်းကို ရပါရဲ့လား"လို့ ဆင်ခြင်တယ်၊ အဲဒီလိုဆင်ခြင်တာကတော့ သက္ကာယဒိဋ္ဌိ အစ ရှိတဲ့ ကင်းငြိမ်းသင့်တဲ့ ကိလေသာတွေ ကင်းငြိမ်းပါရဲ့လားလို့ ဆင်ခြင်တာတဲ့နော်။

"မှန်ပါ ဘုရား။"

အဲဒီလို ရှုပွားဆင်ခြင်တဲ့အခါမှာ ထကြွ-သောင်းကျန်းမှု အကြမ်းစား ကိလေသာတွေလဲ ရှုပွားအားထုတ်မှု သမာဓိရဲ့ အစွမ်းဖြင့် ဝေးကွာပြီး ငြိမ်းနေတာကို တွေ့ရတယ်တဲ့နော်။

"မှန်ပါ ဘုရား။"

အဲဒီ ထကြွ-သောင်းကျန်းမှု အကြမ်းစား ကိလေသာ တွေတင်မကပဲ ငုပ်-ကိန်းနေတဲ့ အနုသယဆိုတဲ့ အနုစား ကိလေသာတွေလဲ ငြိမ်းတန်သမျှ ငြိမ်းနေတာကိုလဲ တွေ့ရ တယ်တဲ့နော်။

"မှန်ပါ ဘုရား။"

သောတာပတ္တိမဂ်ရဲ့ စွမ်းအင်ဟာ အင်မတန်ပဲ ကြီးပါတယ်၊ အခု အဲဒီလိုငြိမ်းတာတွေ တွေ့ရတဲ့သဘောကို ပါဠိတော်မှာ ဘယ်လို ဟောထားသလဲဆိုတော့....

"ရဟန်းတော်များ အို....ချစ်သားတို့၊ယင်းသို့ ရှုပွား ဆင်ခြင်တဲ့ သောတာပန်ယောဂီဟာ ဒီလို သိနိုင်-မြင်နိုင် ပေတယ်၊ အဲဒီအသိအမြင်ကို မှီဝဲပွားများလျက် ကြိမ်ဖန် များစွာပြုနေတဲ့ ငါသည် မိမိစိတ်၌ နီဝရဏကိလေသာ ငြိမ်းစေနိုင်တဲ့သမာဓိကို ရပါပေတယ်၊ မိမိစိတ်၌ ကိလေ သာ ငြိမ်းခြင်းကို ရပါပေတယ်လို့ အဲဒီလို သိမြင် ဆုံးဖြတ်နိုင်ပေတယ်။"

လို့ ပါဠိတော်မှာ ဟောထားပါတယ်၊ အဲဒီလို ပါဠိတော်လို့ ခေါ်တဲ့ ဘုရားဟောစာပေနဲ့ ယောဂီရဲ့ကိုယ်တွေ့နဲ့ ကိုက်ညီ ရမယ်နော်။

"မှန်ပါ ဘုရား။"

အဲဒီ ပါဠိတော် အဓိပ္ပါယ်က ဘာဆိုလိုတာလဲဆိုတော့ သောတာပန်ယောဂီဟာ ကြောင့်ကြမှုမရှိပဲ စိတ်ချမ်းသာစွာဖြင့် ရှုပွားနေတဲ့အခါ ကာမဂ္ဂုလိုလားမှု "ကာမစ္ဆန္ဒ" အစရှိတဲ့ ထကြွ-သောင်းကျန်းမှု ကိလေသာတွေ အပြင်အာရုံဆီရောက်နေ သွားနေတဲ့ စိတ်ကူးတွေ ငြိမ်းနေတာ ကင်းနေတာကို တွေ့ရတဲ့ အတွက် မိမိရဲ့စိတ်မှာ နီဝရဏအပိတ်အဖုံးတရားကို ကင်းငြိမ်း စေတတ်တဲ့ သမာဓိကို ရပါပေတယ်လို့ သိရတယ်တဲ့နော်။

"မှန်ပါ ဘုရား။"

ထကြွ-သောင်းကျန်းမှု နီဝရဏကိလေသာတွေ ကင်းကွာ နေတော့ အပြင်အာရုံဆီ ထွက်ထွက်သွားတဲ့ စိတ်ကူးတွေ, အကြံအစည်တွေ ကင်းကွာနေအောင် ရှုပွားနေနိုင်တယ်၊ သမာဓိ ကောင်းနေတယ်တဲ့နော်။

"မှန်ပါ ဘုရား။"

ဒီတော့ သောတာပန်အရိယာဖြစ်ယင် ကြောင့်ကြမရှိတဲ့ အခါ ရှုပွားအားထုတ်ယင် အများအားဖြင့် အပြင်အာရုံဆီ ထွက်သွားတဲ့စိတ်တွေ အင်မတန်နည်းပြီး ရှုပွားအားထုတ်လို့ ကောင်းနေရမယ်၊ ချမ်းသာနေရမယ်နော်။

"မှန်ပါ ဘုရား။"

**ကိလေသာငြိမ်းပုံ** ခုနက ပါဠိတော်မှာ "မိမိစိတ်၌ ကိလေသာ ငြိမ်းခြင်း" ဆိုတာ ဘယ်လိုလဲ ဆိုတော့ သာမန်ပုထုဇဉ် ယောဂီများမှာ ရုပ်နာမ်ဓမ္မသင်္ခါရတရားတွေရဲ့ အကြောင်းကို ကောင်းကောင်းမသိယင် မိမိခန္ဓာကိုယ်ထဲမှာ အသက်ကောင်၊ လိပ်ပြာကောင်၊ ဝိညာဉ်ကောင်ရှိနေတယ်လို့ ထင်နေကြတယ် မဟုတ်လား။

"ထင်နေကြပါတယ်ဘုရား။"

ဒါကတော့ ရိုးရိုးသာမန် သူလိုကိုယ်လို ပုထုဇဉ်ယောဂီတွေ မဆိုထားနဲ့ အတော်အတန် ဗဟုသုတ များပါတယ်ဆိုတဲ့ ပုထုဇဉ်တွေသည်ပင်လျှင် မိမိရဲ့ကိုယ်ထဲမှာ အသက်ကောင် လိပ်ပြာကောင် ဝိညာဉ်ကောင်ရှိသလိုလို ထင်တတ်ကြတယ် နော်။

"မှန်ပါဘုရား။"

တချို့ရှိပါတယ်၊ မွေးခါစ ကလေးငယ် သေသွားသော်ငင်း, ကလေးငယ်မွေးပြီးစ အမေသေသွားသော်ငင်း, ကလေး ငယ်ရဲ့ လိပ်ပြာနဲ့ အမေ့လိပ်ပြာ ခွဲတယ်တဲ့၊ ရှိတယ်မဟုတ်လား။

"ရှိပါတယ်ဘုရား။"

တချို့လဲ လူသေတဲ့အခါ ရက်လည်ဆွမ်းသွတ်အတွက် အဲဒီ သေတဲ့လူကိုဖိတ်ယင် သင်းချိုင်းကုန်းသွားဖိတ်တယ်၊ အဲဒီက သစ်ကိုင်းဖြစ်ဖြစ် မြေစာခဲလေးဖြစ်ဖြစ် ယူလာတယ်၊ ဘာလုပ် တာလဲမေးတော့ လိပ်ပြာခေါ်လာတာတဲ့၊ အဲဒါမျိုးလဲ တွေ့ ဖူးလား။

"တွေ့ဖူးပါတယ်ဘုရား။"

အေး....သောတာပန် အရိယာဖြစ်တဲ့ ယောဂီကတော့ နှလုံး သွင်းဆင်ခြင်ရှုပွားပြီး ကြည့်လိုက်ယင် မပြတ်တရစပ်ဖြစ်, ပျက် နေတဲ့ ရုပ်နာမ် ဓမ္မသင်္ခါရတရားတွေရဲ့ သဘောမျှပဲလို့သိတယ် မြင်တယ်၊ အသက်ကောင်, လိပ်ပြာကောင်, ဝိညာဉ်ကောင် မရှိဘူးလို့ သိတယ်နော်။

"မှန်ပါဘုရား။"

ဘာဖြစ်လို့ အဲဒီလို သိတာမြင်တာလဲဆိုတော့ သောတာပန် အရိယာယောဂီမှာ အသက်ကောင်, လိပ်ပြာကောင်, ဝိညာဉ် ကောင်, ငါကောင်ထင်မှတ်တဲ့ သက္ကာယဒိဋ္ဌိ ကင်းနေတဲ့အတွက် ကြောင့်နော်။

"မှန်ပါဘုရား။"

ပြီးတော့ ဒီသောတာပန် အရိယာမှာ ဘုရား, တရား, သံဃာ အစရှိတဲ့ ယုံကြည်ထိုက်တဲ့အရာ၌ မယုံကြည်ပဲ ယုံမှား ရှိတဲ့ ဝိစိကိစ္ဆာလဲ ကင်းနေတဲ့ အတွက်ကြောင့်လဲ ဖြစ်တယ် နော်။

"မှန်ပါဘုရား။"

နွားအကျင့်, ခွေးအကျင့်ဖြင့် သံသရာမှ ထွက်မြောက်နိုင်တယ်, ဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင်တယ်လို့ ယုံကြည်စွဲလမ်းတဲ့ သီလဗ္ဗတပရာမာသလဲ သောတာပန်အရိယာမှာ ကင်းနေတယ် ဆိုတာ နောက်က ပြောခဲ့ပြီနော်။

"မှန်ပါဘုရား။"

**အရာကျယ်တဲ့ သီလဗ္ဗတပရာမာသ**

အဲဒီ သီလဗ္ဗတပရာမာသ သံယောဇဉ်ဟာ အင်မတန် အရာကျယ်လှပါတယ်၊ အဲဒီ သံယောဇဉ် အကြောင်းတွေ နဲနဲလေးချဲ့ပြီးတော့ ပြောချင်ပါသေးတယ်၊ ယခုခေတ်မှာ သက်သတ်လွတ်ရောဂါက သိပ်ပြီးတော့ထနေကြပါတယ်၊ တချို့ ဘယ်လိုယူဆကြလဲ၊ သက်သတ်လွတ်စားရုံမျှနဲ့ အကုသိုလ်တွေကင်းတယ်၊ ဆင်းရဲမှ လွတ်မြောက် နိဗ္ဗာန်ရောက်တယ်လို့ ယူကြတယ်၊ အဲဒီလို ယူဆယင် အဲဒီလို ယူတဲ့ ပုဂ္ဂိုလ်မှာ သီလဗ္ဗတပရာမာသ သံယောဇဉ်ရှိတယ်၊ အဲဒီ သံယောဇဉ်ကို တရားကိုယ်ကောက်တော့ ဒိဋ္ဌိနော်။

"မှန်ပါဘုရား။"

ဒါဖြင့် သီလ, သမာဓိ, ပညာတွေ မဖြည့်ကျင့်ပဲနဲ့ သက်သတ်လွတ်စားရုံနဲ့ ကိစ္စပြီးတယ်၊ မီးလွတ်စားရုံနဲ့ အကျိုးရှိတယ် စသည်ဖြင့် ယူစွဲပြီးကျင့်နေတဲ့ပုဂ္ဂိုလ်မှာ ဒိဋ္ဌိ မဖြစ်နေဘူးလား။

"ဖြစ်နေပါတယ် ဘုရား။"

ပြီးတော့ တချို့က ဘယ်လိုယူဆကြသလဲ၊ ရေချိုးကာမျှနဲ့ အကုသိုလ်တွေ ကင်းပြီး ကုသိုလ်တွေ ရကြတယ်တဲ့၊

ဘုန်းကြီးတို့ ဟို-ကံဦးဘုရားကြီးကျောင်းမှာတောင် ဟောခဲ့ပြီး ပါပြီ၊အဲဒီအယူအဆလဲ ဒီသီလဗ္ဗတပရာမာသသံယောဇဉ်ပဲနော်။

"မှန်ပါဘုရား။"

ပြီးတော့ ယခုခေတ်မှာ အင်မတန်ခေတ်စားနေတာရှိသေး တယ်၊ သာသနာအယောင်ပြပြီး သာ သ နာ ပွဲ ပေး တယ် တဲ့၊ ပြီးတော့ ဘိုးတော်ပွဲတဲ့၊ မယ်တော်ပွဲတဲ့၊ ဝိဇ္ဇာပွဲတဲ့၊ ပွဲတွေကို ရှုပ်နေတာပဲ၊ အဲဒီလိုပွဲပေးပြီးတော့ ဆုတောင်းတာနဲ့ မကောင်း တာတွေ ပျောက်ပြီး ကောင်းကျိုးတွေ ရောက်တယ်လို့ ယူဆ ယုံကြည်ပြီး ပြုလုပ်နေတဲ့ ပုဂ္ဂိုလ်တွေမှာလဲ ဒီသီလဗ္ဗတပရာမာသ သံယောဇဉ်ပဲ၊ ဒိဋ္ဌိပဲနော်။

"မှန်ပါဘုရား။"

ပြီးတော့ မီးလှုံတယ်, တုံးခုန်တယ်, ဇယ်ခုပ်တယ်, အစရှိတဲ့ မိမိကိုယ်ကို ပင်ပန်းအောင်ကျင့်ရုံနဲ့ အကုသိုလ်တွေ ကင်းပြီး ကောင်းကျိုးချမ်းသာတွေ ရတယ်လို့ ယူဆ ယုံကြည်တာလဲ ဒီ သီလဗ္ဗတပရာမာသသံယောဇဉ်ပဲ၊ ဒီ-ဒိဋ္ဌိပဲနော်။

"မှန်ပါဘုရား"။

ပြီးတော့ သိကြား,ဗြဟ္မာ,ဖန်ဆင်းရှင်များ,ဝိဇ္ဇာ,ဇော်ဂျီ များ,ဘိုးတော်,မယ်တော် စသည်များကို ပွဲတင်ပသ,ဆည်းကပ် ခယဆုတောင်းနေရုံမျှနဲ့ ကောင်းကင်ဘုံ ရောက်တယ်,နတ်ပြည် ရောက်တယ်၊ ဝိဇ္ဇာ,ဇော်ဂျီဖြစ်နိုင်တယ် စသည် ယူဆယုံကြည် တာလဲ ဒီ-ဒိဋ္ဌိပဲနော်။

"မှန်ပါဘုရား။"

ပြီးတော့ ဘာမှမလုပ်ပဲနဲ့ နေရုံမျှနဲ့ အငြိမ်းဓာတ် နိဗ္ဗာန် ရတယ်လို့ ယူဆယုံကြည်တာတွေ လဲရှိတယ်၊ ဒါကတော့ အကိုရိယဒိဋ္ဌိပေါ့နော်။

"မှန်ပါဘုရား။"

အေး....သောတာပန် အရိယာယောဂီမှာတော့ ယခုပြောဆိုခဲ့တဲ့ အယူအဆတွေ, ဒိဋ္ဌိသံယောဇဉ်တွေ မရှိတော့ဘူး၊ အဲဒီ အယူမှားတွေမရှိပဲ အယူ မှန်နေတဲ့ သောတာပန် အရိယာ ယောဂီဟာ ဖြစ်ပေါ်ဆဲ ရုပ်နာမ်တွေကို သူ ဖြစ်ပေါ်နေတဲ့ အခိုက်မှာ သူ့အလိုက်သင့်ကလေး လိုက်ပြီးတော့ ရှုပွားနိုင် တယ်၊ အဲဒီလို ရှုပွားနိုင်တော့ ရုပ်နာမ်ဓမ္မသင်္ခါရတို့ရဲ့ အဖြစ် အပျက် သဘောအမှန်, အနိစ္စသဘော, ဒုက္ခသဘော, အနတ္တ သဘောမှန်ကို ဟုတ်တိုင်းမှန်စွာ ယထာဘူတ ဉာဏ်ဖြင့် သိရ တယ်နော်။

"မှန်ပါဘုရား။"

အဲဒီလိုရှုပွားတိုင်း သိ-သိပြီးတော့ သောတာပန်အရိယာ ဟာ အရိယဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်၊ နိဗ္ဗာန်ကိုမျက်မှောက် မပြုနိုင်တဲ့အခါရယ်လို့ ရှိသေးလား။

"မရှိပါဘုရား။"

အဲဒီလို အရိယဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင် တော့မှ ဆင်းရဲဒုက္ခက လွတ်မြောက်မယ်၊ ဒီတော့ သောတာ ပန်အရိယာဟာ အချိန်ရယင် အမြဲပဲ နိဗ္ဗာန် မျက် မှောက် ပြုနေမယ်နော်။

"မှန်ပါဘုရား။"

အဲဒါဟာ....သောတာပန် အရိယာ ယောဂီရဲ့ ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့မြင်တဲ့ အတွေ့အမြင်ပဲ၊ သူပြောလူပြော အများပြောများ ပါသေးလား။

"မပါပါဘုရား။"

ကဲ....ဒါဖြင့် ရုပ်နာမ်ဓမ္မ သင်္ခါရတွေချုပ်ငြိမ်းသွားပြီး အငြိမ်းဓာတ် နိဗ္ဗာန်ကို မဂ်ဉာဏ်-ဖိုလ်ဉာဏ်ဖြင့် မတွေ့မမြင်ရပဲ သက် သတ်လွတ်စားကာမျှနဲ့ မီးလွတ်စားကာမျှနဲ့ ဆင်းရဲမှုလွတ် မြောက်တယ်ဆိုတာကို သောတာပန် အရိယာယောဂီက လက်ခံ နိုင်ပါ့မလား။

"လက်မခံနိုင်ပါဘုရား။"

အေး....သတိထားနော်။ ယခုခေတ်မှာ သောတာပန်အမည် ခံသူတွေ ပေါ်တယ်၊ သေသေချာချာကြည့်လိုက်တော့ စစ်လိုက် တော့လဲ ယခုပြောခဲ့တဲ့ အယူအဆတွေ များစွာရှိနေတာကို တွေ့နေရပါတယ်၊ အဲဒီ အယူအဆတွေရှိနေယင်လဲ သောတာ ပန် ဟုတ်ပါ့မလား။

"မဟုတ်နိုင်ပါဘုရား။"

အင်း....ယခုပြောခဲ့တဲ့ မဟုတ်တရုတ်အယူအဆတွေ မဟုတ် တရုတ် အကျင့်တွေကို မယုံကြည်နိုင်, လက်မခံနိုင်တာဟာ သီလဗ္ဗတပရာမာသသံယောဇဉ် ကင်းတဲ့အတွက်ပဲနော်။

"မှန်ပါဘုရား။"

**ခုဇ္ဇုတ္တရာ** ဒီတော့ သောတာပန်ယောဂီဟာ ရုပ်နာမ်ဓမ္မသင်္ခါရတွေကို ရှုပွားဆင်ခြင်ကြည့်ယင် မိမိမှာ သက္ကာယဒိဋ္ဌိ,ဝိစိကိစ္ဆာ,သီလဗ္ဗတပရာမာသဆိုတဲ့ ကိလေသာတွေ ကင်းနေတာကို ထင်ရှားစွာ မတွေ့ရဘူးလား-တွေ့ရမှာလား။

"တွေ့ရမှာပါဘုရား။"

ပြီးတော့ သူ့အသက်သတ်ခြင်း,သူ့ဥစ္စာခိုးခြင်း အစရှိတဲ့ အပါယ်သို့ကျရောက်စေနိုင်တဲ့ အကုသိုလ် အကြမ်းစားတွေကို ပြုနိုင်လောက်တဲ့ လောဘ-ဒေါသ-မောဟ အကြမ်းစားတွေ လုံးဝကင်းရှင်းနေတာလဲ မတွေ့နိုင်ဘူးလား။

"တွေ့နိုင်ပါတယ်ဘုရား။"

ဒီတော့ သောတာပန်ဖြစ်တယ်ဆိုယင် သူများကို မေးစရာမလိုပဲ ကိုယ့်ဘာသာကိုယ် မသိနိုင်ဘူးလား,သိနိုင်လား။

"သိနိုင်ပါတယ်ဘုရား။"

ခုဇ္ဇုတ္တရာဆိုယင် ဗုဒ္ဓသာသနာလောကမှာ လူတိုင်းလိုလိုပဲ ကြားဖူးကြပါတယ်၊ သူဟာ သာမာဝတီအမှူးရှိတဲ့ မိဖုရားတွေရဲ့ ကျွန်မပေါ့။

သာမာဝတီ အမှူးရှိတဲ့ မိဖုရားတွေအတွက် တနေ့တနေ့ ပန်းရှစ်ကျပ်ဖိုး ဝယ်ပြီးတော့ ဆက်ရပါတယ်၊ ဒါပေမယ့်-သူက လေးကျပ်ဖိုးပဲဝယ်ပြီးတော့ လေးကျပ်ကို သူက ခိုးထားပါတယ်။

တနေ့ ဘုရားရှင်ထံတော်မှ တရားနာကြား အားထုတ်ရတော့ တရားပွဲထဲ တထိုင်တည်းနဲ့ သောတာပန် ဖြစ်သွားတော့ လေးကျပ်မခိုးတော့ပဲ ရှစ်ကျပ်ဖိုးပဲ ပန်းတွေဝယ်သွားပါတယ်။

ပန်းတွေမျှားတော့ သာမာဝတီတို့က "ဒီကနေ့ ဘုရင်မင်းမြတ်က သူတို့အပေါ် အချစ်တော်ပိုလို့ ပန်းတွေများများပေးသနားလိုက်သလား"လို့ မေးတယ်။

ဒီတော့ ခုဇ္ဇုတ္တရာက ရဲရဲတင်းတင်းပဲ မျက်နှာနေ မျက်နှာထား မပျက်ပဲနဲ့ ပြောတယ်၊ ခါတိုင်းနေ့လိုပဲ ပေးသနားကြောင်း၊ ခါတိုင်းနေ့က လေးကျပ်ခိုးထားပြီး လေးကျပ်ဖိုးသာ ဝယ်လာလို့ နည်းကြောင်း ပြောပါတယ်။

ဒီနေ့ ဘာဖြစ်လို့ လေးကျပ်ခိုးမထားပဲ ရှစ်ကျပ်ဖိုးလုံးဝယ်လာတဲ့အကြောင်းကို မေးတော့ သူဟာ ဘုရားရှင်ထံက တရားတော်ကို နာကြားအားထုတ်ခဲ့ရလို့ တရားသိသွားတဲ့အတွက် မခိုးကြောင်း ပြောပြပါတယ်။

ကဲ....ဒီမှာကြည့်ပါ၊ တကယ်ဆိုယင် ဒီလို ထုတ်ပြောတဲ့အတွက် သူ့ရဲ့အသက်တောင် ကွပ်မျက်နိုင်တဲ့ အခြေအနေအထိမရှိဘူးလား။

"ရှိပါတယ်ဘုရား။"

အေး....အဲဒီမှာ ကြည့်ပါ၊ သောတာပန်ဟာ မလိမ်တော့ဘူး၊ မခိုးတော့ဘူး၊ သာမာဝတီတို့ ခုဇ္ဇုတ္တရာဆီက တရားနာရအားထုတ်ရတော့ သောတာပန်ဖြစ်သွားတဲ့အခါ သူ့အသက်မသတ်ကြောင်း နောက်က ပြောခဲ့ပြီနော်။

"မှန်ပါဘုရား။"

အေး....အဲဒီလို အပြီးငြိမ်းတဲ့ ကိလေသာက ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ သုံးပါးပဲ၊ ကျန်တဲ့ကိလေသာတွေကျတော့ အကြမ်းစားတွေ ငြိမ်းနေတဲ့အတွက် သောတာပန်ယောဂီဟာ

ရုပ်နာမ်ဓမ္မသင်္ခါရတွေကို ရှုပွားနေတဲ့အခါ ရုပ်နာမ် ဓမ္မတို့ရဲ့ သဘောအမှန် အနိစ္စ,ဒုက္ခ,အနတ္တကို ထင်ရှားစွာ သိ-သိ နေနိုင်တာနော်။

အဲဒီလို ရုပ်နာမ်ဓမ္မသင်္ခါရတွေရဲ့ အနိစ္စ,ဒုက္ခ,အနတ္တ သဘောအမှန်ကို သိနေတဲ့အတွက် "နိစ္စ, သုခ, အတ္တ" လို့ စွဲလမ်းနိုင်တဲ့ မောဟအစရှိတဲ့ အနုသယကိလေသာတွေလဲ ကင်းလွတ်သွားတယ်နော်။

"မှန်ပါ ဘုရား။"

ကဲ့....ဒါဖြင့် အဲဒီလို စွဲလမ်းနိုင်တဲ့ မောဟအစရှိတဲ့ အနုသယကိလေသာတွေ ကင်းလွတ်ရေးအတွက် ရုပ်နာမ်ဓမ္မသင်္ခါရတွေကို အမြဲမပြတ် "အနိစ္စ,ဒုက္ခ,အနတ္တ" မျှပဲလို့ ထင်အောင် မြင်အောင် သိအောင် ရှုပွားအားထုတ်နေနိုင်ဖို့ အရေးမကြီးဘူးလား။

"အရေးကြီးပါတယ် ဘုရား။"

အဲဒီလို နေနိုင်မှလဲ ချမ်းသာမယ်၊ အဲဒီလိုနေနိုင်ဖို့ကလဲ သောတာပန်ဖြစ်မှ နေနိုင်မှာ၊ သောတာပန်အရိယာ ယောဂီကျတော့ တော,သစ်တပင်ရင်း ဝါးတပင်အောက်, ဆိတ်ငြိမ်ရာအရပ်မှာ ချဉ်းကပ်ပြီး ရုပ်နာမ်ဓမ္မသင်္ခါရတွေကို အနိစ္စ,ဒုက္ခ, အနတ္တလို့ သိမြင်အောင် အဖန်ဖန်ရှုပွားဆင်ခြင်တဲ့အခါ အကြမ်းစားဖြစ်တဲ့ ကိလေသာ ထကြွ-သောင်းကျန်းမှုတွေ ကင်းငြိမ်းပြီး ရှုပွားတိုင်း ရှင်းရှင်းလင်းလင်း ကြည်ကြည်လင်လင် ဖြစ်နေတယ်ဆိုတော့ အကျိုးသိပ်ကြီးတယ်နော်။

"မှန်ပါ ဘုရား။"

ပြီးတော့ အနုစားဖြစ်တဲ့ အနုသယကိလေသာတွေလဲ ကင်းငြိမ်းနေတာတွေ့ရတယ်ဆိုတော့ ပိုပြီးတော့ အကျိုးမကြီးဘူးသား။

"ကြီးပါတယ် ဘုရား။"

အဲဒါဟာ သောတာပန်ရဲ့ ဒုတိယစွမ်းရည်ပါပဲ၊ သောတာပန်နဲ့ ပုထုဇဉ်တို့ရဲ့ ဒုတိယခြားနားချက်ပါပဲ၊ သောတာပန်ရဲ့ ဒုတိယမဟာပစ္စဝေက္ခဏာပါပဲ၊ အဲဒါကို ပါဠိတော်မှာ ဘယ်လိုပြသလဲဆိုတော့....

> "ဒီဆင်ခြင်ဉာဏ်ဟာ ထိုသောတာပန် ပုဂ္ဂိုလ်ရတဲ့ ဒုတိယဉာဏ် ဖြစ်ပေ၏၊ လောကုတ္တရာအရိယမဂ်ကို မှီ၍ ဖြစ်တဲ့ဉာဏ် ဖြစ်၏၊ ပုထုဇဉ်တို့နှင့် မဆက်ဆံတဲ့ဉာဏ် ဖြစ်၏။"

လို့ နိဂုံးချုပ်အနေနဲ့ ပြထားပါတယ်၊ ဒီတော့ ဒီဉာဏ်ဟာ လောကုတ္တရာ အရိယမဂ်ကို ရရှိပြီးတဲ့ အရိယာသန္တာန်မှာသာ ဖြစ်ပါတယ်၊ ပုထုဇဉ်သန္တာန်မှာ မဖြစ်ပါဘူး၊ ဒီဉာဏ်ဟာ ပုထုဇဉ်နှင့် သောတာပန် ခြားနားချက်ဉာဏ်ပေါ့၊ အဲဒီဉာဏ်အတွက် မှတ်ချက်လင်္ကာလေးကို အတိုချုပ် ကျက်မှတ်ထားပါ။

* မဂ်တူဖြစ်ဘိ, အသိမြင်ဟာ၊
သူ့အတွက်ပ, တည်စွာ့သမာ။
ကိလေငြိမ်းငြား, တရားထိုဟာ၊
ရှိ-မရှိ, ရှုကြည့်သိသေချာ။ ။

**တတိယစွမ်းရည်** ကဲ....ယခုဆိုယင် အင်မတန် အကျိုးကြီးတဲ့ သောတာပန်ရဲ့ ဒုတိယစွမ်းရည်တော့ ပြီးသွားပြီ၊ ယခုဆက်လက်ပြီးတော့ အင်မတန်အကျိုးကြီးတဲ့သောတာပန်ရဲ့ တတိယစွမ်းရည်ကို ဆက်လက်ပြီး ဟောရ,နာရအောင်၊ အဲဒီတတိယစွမ်းရည်ကို ဘုရားရှင်က ဘယ်လိုဟောသလဲဆိုတော့....

> "ရဟန်းတော်များ အို....ချစ်သားတို့၊ တဖန်တပါး ဆင်ခြင်ပုံတမျိုးကား အရိယာတပည့်ဖြစ်တဲ့ ယောဂီဟာ သောတာပန်ပုဂ္ဂိုလ်ဟာ ဒီလိုရှုဆင်ခြင်တယ်၊ "ငါသည် အကြင်သို့သဘောရှိသော အသိ-အမြင် ဉာဏ်ပညာနှင့် ပြည့်စုံ၏၊ ဝိပဿနာတရားအကျင့်ရှိသော ဗုဒ္ဓသာသနာတော်မှ အပြင်အပ၌ ထိုသို့သဘောရှိသော ဝိပဿနာ အသိအမြင် ဉာဏ်ပညာနှင့် ပြည့်စုံတဲ့ ရဟန်းပုဏ္ဏား ရှိလေသလော။"

လို့ ရှုဆင်ခြင်တယ်တဲ့၊ အဲဒါဟာ သောတာပန်အရိယာရဲ့ သူ့ကိုယ်မှာ ရှိ-မရှိသိအောင် ရှုဆင်ခြင်တဲ့ တတိယမဟာပစ္စဝေက္ခဏာပေါ့၊ တတိယစွမ်းရည်ပေါ့။

အဓိပ္ပာယ်က ဘယ်လိုလဲဆိုတော့ သောတာပန်ယောဂီပုဂ္ဂိုလ်ဟာ မိမိရဲ့ဒွါရခြောက်ပါး၌ ကျရောက်ဖြစ်ပေါ်နေတဲ့ ခြောက်အာရုံလို့ခေါ်တဲ့ ဖြစ်ခိုက်ရုပ်နာမ်သဘောတရားတွေကို အလိုက်သင့် ရှုပွားတဲ့အခါ "ရုပ်ပဲ နာမ်ပဲ"လို့ ရုပ်နှင့်နာမ် ကွဲပြားစွာ ပိုင်းခြားသိပါတယ်၊ ဘာဖြစ်လို့သိလဲ၊ ဒိဋ္ဌိကင်းနေလို့နော်။

"မှန်ပါ ဘုရား။"

ပြီးတော့ ယခုလိုရှုပွားပြီး သိနေရတဲ့ ဒီရုပ်ဒီနာမ်တွေဟာ အကြောင်းနှင့်အကျိုးမျှသာ ဆက်စပ်နေပါလားလို့ ပိုင်နိုင်စွာ သိတယ်တဲ့နော်။

"မှန်ပါ ဘုရား။"

ပြီးတော့ အဲဒီလို ရှုပွားပြီးသိရတဲ့ အကြောင်းနှင့်အကျိုးမျှသာ ဆက်စပ်နေတဲ့ ဒီရုပ်-ဒီနာမ်တွေဟာ အဖြစ်-အပျက် အနိစ္စသဘော,ဒုက္ခသဘော,အနတ္တသဘောမျှသာလို့လဲပိုင်နိုင်စွာ သိတယ်တဲ့နော်။

"မှန်ပါ ဘုရား။"

ပြီးတော့ အဲဒီ သောတာပန်အရိယာဟာ အဲဒီလို အဖြစ် အပျက် အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘောမျှသာ ဖြစ်တဲ့ ရုပ်နာမ်ဓမ္မသခ်ါရတွေရဲ့ လုံးဝချုပ်ငြိမ်းရုပ်သိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကိုလဲ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် သိတယ်-မြင်တယ်၊ မျက်မှောက်ပြုတယ်။

အဲဒီလို သိမြင်မျက်မှောက်ပြုပြီးတော့ "အဲ....ယခု ငါသိတဲ့ ငါမြင်တဲ့ အသိ-အမြင်မျိုးဟာ ဗု ဒ္ဓ သာ သ နာ တော် မှ တ ပါး အပြင်ဘက် အယူဝါဒ, ဘာသာတရား ဆရာသမားများမှာ ရှိများရှိလေသလား" လို့ ဆင်ခြင်ကြည့်တယ်တဲ့နော်။

"မှန်ပါ ဘုရား။"

အဲဒီလို ဆင်ခြင်ကြည့်တဲ့အခါကျတော့ အမှန်အတိုင်းပဲ ဒီလိုသိ-ဒီလိုမြင်ပါတယ်၊ ဘယ်လိုသိ,ဘယ်လိုမြင်လဲဆိုတော့....

"ထို ရှု ဆင် ခြင် တဲ့ သော တာ ပန် ယောဂီဟာ ဤသို့ သိနိုင်မြင်နိုင်ပေ၏၊ အကြင်သို့ 'သဘောရှိသော

အသိအမြင် ဉာဏ်ပညာနှင့် ငါ့မှာပြည့်စုံပေ၏၊ ထိုသို့ သဘောရှိသော အသိအမြင် ဉာဏ်ပညာနှင့် ပြည့်စုံသောရဟန်းပုဂ္ဂိုလ်သည် ဗုဒ္ဓသာသနာတော်မှ အပြင်ဘက်၌မရှိ။”

လို့ သိမြင်ဆုံးဖြတ်နိုင်ပါတယ်၊ အဲဒါဟာ မိမိမှာရရှိတဲ့ ဉာဏ်စွမ်းသတ္တိကို မိမိဘာသာ အတိအကျ သိပြီးမြင်ပြီး ဆုံးဖြတ်နိုင်တဲ့ သဘောမဟုတ်လား။

“ဟုတ်ပါတယ်ဘုရား။”

အဓိပ္ပာယ်က ဘာဆိုလိုတာလဲဆိုတော့“ငါသိသလို ငါမြင်သလို သိတဲ့မြင်တဲ့ရဟန်းပုဂ္ဂိုလ်တွေဟာ ဗုဒ္ဓသာသနာတော်မှတပါး အခြားအပြင်ဘက် ဘာသာများ၌ ရှိသလား၊ မရှိဘူးလား လို့ဆင်ခြင်တဲ့အခါ မရှိဘူးလို့ ယတိပြတ်ဆုံးဖြတ်နိုင်တယ်ဆိုတာ သောတာပန်ရဲ့စွမ်းရည်နော်။

“မှန်ပါဘုရား။”

အေး....အဲဒီလို ဘာဖြစ်လို့ ယတိပြတ် ဆုံးဖြတ် နိုင်တာလဲဆိုတော့ ဗုဒ္ဓသာသနာတော်မှတပါး အပြင်ဘက်ကဘာသာအယူဝါဒတွေမှာ မိမိတို့သန္တာန်မှာ အဖန်ဖန်ဖြစ်ပွားနေတဲ့ ရုပ်နာမ်တရားတွေကို ရှုပွားအားထုတ်တဲ့နည်းမရှိတဲ့အတွက် ဆုံးဖြတ်ချက်ချနိုင်တာနော်။

“မှန်ပါဘုရား။”

အေး....ဗုဒ္ဓသာသနာတော်မှတပါး အပြင်ဘက် ဘာသာဝါဒတွေဟာ အသက်ကောင်၊ လိပ်ပြာကောင်၊ ဝိညာဉ်ကောင်ကို ယုံကြည်ကြပါတယ်၊ အတ္တကောင်ကို ယုံကြည်ကြပါတယ်၊

သေယင် ကောင်းကင်ဘုံသို့ ရောက်တယ်၊ ကယ်တင်ရှင်ထံသို့ ရောက်တယ်၊ ဖန်ဆင်းရှင်ထံသို့ရောက်တယ်လို့ ယုံကြည်ကြတယ် မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

ဗုဒ္ဓသာသနာဝင် လောကမှာတော့ အဲဒီလို ယူဆချက် ယုံကြည်ချက်မျိုး မရှိပါဘူး၊ အဲဒီလို ယူဆချက် ယုံကြည်ချက် ရှိတဲ့လူတွေဟာလဲ ဗုဒ္ဓသာသနာဝင် အစစ်တွေ မဟုတ်ပါဘူး၊ အမည်ခံမျှသာ ဖြစ်ပါတယ်၊ အယူအဆ ယုံကြည်ချက်ကတော့ ဘာသာခြားနဲ့ အတူတူပဲ မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

ဘုန်းကြီးတို့ ဗုဒ္ဓသာသနာတော်မှာကတော့ ဘုရားရှင်ဟော ကြားတော်မူခဲ့တဲ့ မဟာသတိပဋ္ဌာနသုတ္တန်တရားတော်, မဟာ နိဒါနသုတ္တန်တရားတော်စသည်ဖြင့် တရားရှုပွားအားထုတ်နည်း တွေဟာ များစွာပဲ ရှိနေတယ် မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

အဲဒီရှုပွားအားထုတ်နည်းတွေအတိုင်း မိမိတို့ရှုပွားအားထုတ် ကြပါလျှင် အရိယမဂ်ဉာဏ်, အရိယဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက် မှောက်သိမြင်ပြီး သောတာပန်အရိယာဖြစ်မယ်နော်။

"မှန်ပါဘုရား။"

**ယာဉ်ရထားမြွက်**

ဘုန်းကြီးတို့ ဒီဗုဒ္ဓသာသနာတော်မှာ တော့ နိဗ္ဗာနဓာတ်ဟာ ပြောမယ်ကြုံ ဖူးမှသိ ဆိုသကဲ့သို့ တကယ် တွေ့ရမြင်ရသိရသူတို့၌သာ အလွန် ထူးမြတ်တဲ့သဘာဝဓမ္မအဖြစ် သိရှိကြရပါတယ်။

အဲဒီအလွန်ထူးမြတ်တဲ့ နိဗ္ဗာန်ကို မျက်မှောက်ဆိုက်တွေ့ရေး၌ အရိယမဂ်မှာ အလွန်ထူးမြတ်တဲ့ ယာဉ်ရထားကောင်းပင်ဖြစ်ရာ အဲဒီယာဉ်ရထားကို သိအောင်ပိုင်အောင် ကြိုးစားကြရန် ဘုရားရှင်က အထပ်ထပ်အခါခါ မိန့်မှာတော်မူခဲ့ပါတယ်။

အဲဒီမဂ်ယာဉ်ရထားသို့ ရောက်ဖို့ရာ အဲဒီမဂ်ယာဉ်ရထားကို ရဖို့ရာ ဝိပဿနာဆိုတဲ့ မဂ်ယာဉ်ရထားများကိုလဲ ဆင်ထားပြီး အစဉ်သွားကြဖို့ ရှင်တော်ဘုရားကလဲ ဟောကြားခဲ့ လမ်းပြခဲ့ပါတယ်။

အဲဒီမဂ်ယာဉ်ရထားများကို ကိုယ်အား စိတ်အား ဝီရိယနှစ်ပါးဖြင့် ကြိုးစားမောင်းနှင် တွင်တွင်ကြီး သွားကြပါယင် နိဗ္ဗာန်ဆိုက်ရောက် မျက်မှောက်ပြုရေးဟာ ဝေးလှမယ်မဟုတ်ကြောင်းကိုလဲ ဘုရားရှင်က ဝန်ခံတော် အာမခံတော်မူလျက်ရှိပါတယ်။ ဘယ်လိုဝန်ခံထားသလဲဆိုတော့-

* တေဒတ္တနိသမ္ဗုတံ,ပြဟ္မယာနံ အနုတ္တရံ။
နိယျန္တိ ဓီရာ လောကမှာ,အညဒတ္ထု ဇယံဇယံ။ ။

ယေသံဓီရာနံ၊ အကြင်ပညာရှင်တို့အား။ ယေသံဓီရာနံ၊ အရိယာမဂ္ဂင် စက်ရှင်တပ်ထား မြတ်ရထားကို လိုလားခံမင် အကြင်ပညာရှင်တို့အား။ အတ္တနိ သမ္ဗုတံ၊ မိမိသန္တာန်၌ ဖြစ်ပေါ်လာသော။ အတ္တနိသမ္ဗုတံ၊ ကိုယ်စွမ်းလုံ့လ အသုံးချသဖြင့်လုံးဝစုံလင် မိမိသန္တာန်တွင် ဖြစ်ပေါ်လာသော။

အနုတ္တရံ၊ အတုမရှိသော။ အနုတ္တရံ၊ ထွတ်ဆုံးနိဗ္ဗာန် ရောက်ကြောင်းမှန်၍ တုရန်ယှဉ်ထား ယာဉ်တပါးဟု အစားရှာမရ အမြတ်ဆုံးလည်း ဖြစ်ပေထသော။

တေံပြဟ္မယာနံ၊ထိုပြဟ္မယာဥ်သည်။တေံပြဟ္မယာနံ၊လှပတည်ကြည် လိမ္မာရည်ဖြင့် အညီတင့်က အသင့်စီးရန် အနီးခံသဖြင့် ရှစ်တန်အကျော် ထိုမဂ္ဂင်တည်းဟူသော ယာဉ်ပျံတော်ကြီးသည်။

အတ္ထိ၊ ရှိပါပေ၏။ အတ္ထိ၊ ကိုယ်တွေ့ဉာဏ်မြင် အထင်အရှားမြင်စွမ်းအားဖြင့်ရှိပါပေ၏။

တေဓိရော၊ထိုပညာရှင်တို့သည်၊ တေဓိရော၊ အရိယာမဂ္ဂင် စက်ယှဉ်တပ်ထား မြတ်ရထားကို လိုလားခုံမင် ထိုပညာရှင်တို့သည်။ တေနယာနေန၊ ဤကဲ့သို့လျှင် ကိုယ်ပိုင်ယာဉ်ဟု မဂ္ဂင်တရားမြတ်ရှစ်ပါးဖြင့်။

အညဒတ္ထု၊ စင်စစ်အားဖြင့်။ အညဒတ္ထု၊ အမှန်စင်စစ်မဆုတ်မနစ်ကြကုန်ပဲသာ။

ဇယံ၊ အောင်သင့်အောင်ရာ ကိလေသာဟု လွန်စွာပြင်းထန်အတွင်းရန်ကို။ဇယံ-ဇယန္တာ၊ မဂ်လေးအောက်ထက် အမြောက်စက်ဖြင့် ဖျောက်ဖျက်သတ်ညှဉ်း အောင်တပ်ခင်းကြကုန်လျက်။

လောကမှာ၊ ကျင်လည်ပြောင်းပြန် ဗလောင်းဆန်အောင်ကောင်းရန်လွတ်ကင်း ဝဋ်အတွင်းမှ။ လောကမှာ၊ အမြဲကြုံရဘေးဒုက္ခဖြင့် သောကမကင်း လောကတွင်းမှ။

နိယျန္တိ၊ဓိဋ္ဌာန်သလောက် နိဗ္ဗာန်ရောက်အောင် ထွက်မြောက်တော်မူကြလေကုန်၏။ နိယျန္တိ၊ ဒုက္ခဘက်ဆီ ပြန်မလည်ပဲ အမြဲအေးလျက် သက်သာရာရောက် လွတ်မြောက်တော်မူကြလေကုန်တော့သတည်း။

"သာဓု....သာဓု....သာဓုပါ ဘုရား။"

မဂ်ယာဉ်ရထားဟာ များစွာအကျိုးကြီးပါတယ်၊ အဲဒါကြောင့် မဂ်ယာဉ်များဖြင့် နိဗ္ဗာန်ဆိုက်ကာ သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်သွားတော်မူကြသော အ ရိ ယာ အ ရှင် မြတ် တို့ ကို အစဉ်အားကျပြီးတော့ မဂ်ယာဉ်ရထားဆင်ယင်ကာ အစဉ်သွားနိုင်ကြ၍ နိဗ္ဗာနခေတ်သို့ဆိုက်ရောက်နိုင်ယင် မကောင်းဘူးလား။

"ကောင်းပါတယ် ဘုရား။"

အဲ....နိဗ္ဗာန်ဆိုက်ရောက် မျက်မှောက်ပြုတယ်ဆိုတာ ပဌမဆုံး သောတာပန်အဖြစ်နဲ့ ဆိုက်ရောက်မျက်မှောက်ပြုတာ၊ အဲဒီ သောတာပန်လဲဖြစ်သွားရော မိမိရရှိထားတဲ့ အရိယာမဂ်ရထား မျိုး, အသိအမြင်မျိုး, မိမိရသလို, သိသလို, မြင်သလို ဗုဒ္ဓ သာသနာမှတပါး တခြားသာသနာ, ဘာသာတွေမှာ ရှိသလား၊ မရှိဘူးလားလို့ ရှုဆင်ခြင်တဲ့အခါ မရှိဘူးလို့ သိမြင်ဆုံးဖြတ်နိုင် တယ်နော်။

"မှန်ပါ ဘုရား။"

ဒီတော့ သောတာပန်အရိယာဟာ သူရရှိထားတဲ့ အရိယမဂ် ဖိုလ်တရားကို သိပ်ပြီးတော့ တန်ဖိုးထားပါတယ်၊ သောတာပန် ဖြစ်ပြီးတော့ သူ့မှာ ဖိုလ်ချမ်းသာခံစားနိုင်ခွင့်ရှိပြီ၊ ဖလသမာ ပတ်ဝင်စားတော့မယ်နော်။

"မှန်ပါ ဘုရား။"

**ဖိုလ်ချမ်းသာ ခံစားပုံများ**

ဒီနေရာမှာ ဖိုလ်သို့ရောက်ခြင်း, ဖလသမာပတ်ဝင်စားခြင်းအကြောင်းကို ပြောချင်ပါသေးတယ်၊ဖလသမာပတ်အရာမှာ အောက်အောက် ဖိုလ်ပုဂ္ဂိုလ်တွေဟာ အထက်အထက်ဖိုလ်ကို မိမိတို့ မရသေးတဲ့

အတွက်ကြောင့် မဝင်စားနိုင်ပါဘူး၊ အထက်အထက်ဖိုလ်ပုဂ္ဂိုလ်ကလဲ အောက်အောက်ဖိုလ်ကို မဝင်စားနိုင်တော့ပါဘူး။

အကြောင်းမှာ ပုဂ္ဂိုလ်တပါးအဖြစ်သို့ ရောက်ရှိခြင်းဖြင့် အောက်ဖိုလ်များ ပျောက်ကွယ်ငြိမ်းစဲခဲ့ပြီးဖြစ်တဲ့အတွက်ကြောင့်ပါပဲ။

သောတာပတ္တိမဂ်ခဏမှာ ကံ-ကိလေသာအချို့ကို အကြွင်းမဲ့ပယ်ခွာနိုင်ခြင်းဖြင့် ပုထုဇဉ်အဖြစ်မှ အဖြစ်တမျိုးပြောင်းကာ အရိယာသောတာပန်ဖြစ်လာရသကဲ့သို့ သကဒါဂါမိ မဂ်ဖိုလ်ရသောအခါ သောတာပန်အဖြစ်မှပြောင်းကာ သကဒါဂါမိအဖြစ်သို့ရောက်ရပါတယ်။

အဲဒီအတူပဲ၊အနာဂါမိ်၊ရဟန္တာအဖြစ်သို့ပြောင်းမှုကိုလဲသိနိုင်ပါတယ်၊ အဲဒီကဲ့သို့ ပြောင်းလဲရခြင်းမှာ အထက်အထက်မဂ်တရားတို့က နှစ်စေသဖြင့် အောက်အောက်ဖိုလ်များဖြစ်ခွင့်မရတော့ခြင်းကြောင့်ပင် ဖြစ်ပါတယ်။

တခြားတခြားသော လောကီကုသိုလ်များမှာ ဒုတိယဘဝကျမှ ဝိပါက်ခန္ဓာအသစ်ဖြစ်ပြီးတော့ ဘဝအသစ်အဖြစ်တမျိုးပြောင်းရပါတယ်၊ အရိယမဂ်တရားများမှာ မိမိအခြားမဲ့၌ပင်အကျိုးကိုဖြစ်စေတတ်၍ ဆိုင်ရာမဂ်ဖိုလ်ရလျှင်ပင် ဘဝပြောင်းသကဲ့သို့ ဖြစ်ကြရပါတယ်၊ အဲဒါကြောင့် အရိယာအရှင်မြတ်တို့ဟာ သူတို့ရဲ့မဂ်ဖိုလ်တရားကို အမြတ်တနိုးထားပြီး ဆင်ခြင်ကြတာပေါ့နော်။

"မှန်ပါ ဘုရား။"

**နိဗ္ဗာန်ချမ်းသာ ခံစားကာ**

အဲဒီအရိယာတို့ရဲ့ ဝိပဿနာတရားဟာ ဥဒယဗ္ဗယဉာဏ်မှ အစပြုမြဲဖြစ်ပါတယ်၊ အဲဒါကြောင့် ဖလသမာပတ်ကို ဝင်စားလိုတဲ့ အရိယာပုဂ္ဂိုလ်ဟာ ဆိတ်ငြိမ်ရာ အရပ်သို့ချဉ်းကပ်ပြီး ဥဒယဗ္ဗယဉာဏ်မှ အစပြုပြီးတော့ သင်္ခါရတရားတွေကို ရှုပွားပါတော့တယ်။

အဲဒီလို ရှုပွားတော့ ဉာဏ်အဆင့်ဆင့် အစဉ်အတိုင်းတက်ကာ အနုလောမဉာဏ်ရဲ့အဆုံးမှာ ဖိုလ်သို့ရောက်ရှိပြီးတော့ အဲဒီဖိုလ်စိတ်အစဉ်ဟာ နိဗ္ဗာန်သို့ အာရုံပြုလျက် သက်ရောက်ရပါတော့တယ်။

ပိုင်းခြားအပ်တဲ့ ကာလအတိုင်း ဖိုလ်စိတ်အဆက်မပြတ် ထပ်ကာထပ်ကာ ဖြစ်နေခြင်းကိုပင် ဖလသမာပတ်ဝင်စားခြင်းလို့ ခေါ်ပါတယ်။

အဲဒါကြောင့် ဖလသမာပတ်ဝင်စားခြင်း အကြောင်းကို ဟောရာမှာ အလုံးစုံသော သင်္ခါရနိမိတ်တို့ကို နှလုံးမသွင်းခြင်း, အနိမိတ္တဓာတ် နိဗ္ဗာနဓာတ်ကိုနှလုံးသွင်းခြင်းရယ်လို့ အကြောင်းနှစ်ပါးကို ဟောထားခဲ့ပါတယ်။

ဥဒယဗ္ဗယဉာဏ်စတဲ့ ဉာဏ်အဆင့်ဆင့်ဖြင့် သင်္ခါရတရားတို့မှ လုံးဝငြီးငွေ့ တပ်မက်ခြင်းကင်းသော စိတ်ရှိသော အရိယာတို့ရဲ့ ဖိုလ်စိတ်ဟာ သင်္ခါရတရားတို့မှ လွတ်ကင်းရာ နိဗ္ဗာန်အာရုံမှာ ဖြစ်နေပါတယ်၊ အဲဒီကဲ့သို့ ဖိုလ်တရားရဲ့နိဗ္ဗာန်အာရုံ ဖြစ်နေခြင်းကိုပင် သင်္ခါရနိမိတ်ကို နှလုံးမသွင်းခြင်း, နိဗ္ဗာန်ကို နှလုံးသွင်းခြင်းလို့ ဆိုအပ်ပါတယ်။

ဖလသမာပတ် တည်တံ့ခြင်းအကြောင်းကို ဟောရာ၌လဲ သင်္ခါရနိမိတ်တို့ကို နှလုံးမသွင်းခြင်း နိဗ္ဗာနဓာတ်ကိုနှလုံးသွင်းခြင်း ရှေးအဖို့၌ ပြုပြင်စီမံခြင်းရယ်လို့ အကြောင်းသုံးပါးကို ဟောခဲ့ပါတယ်။

ဒီနေရာမှာ ရှေးအဖို့က ပြုပြင်စီမံခြင်းဟူသည်မှာ ဖလသမာပတ်မဝင်စားမီ ရှေးအဖို့က ဘယ်အချိန်ကျယင် "ထမယ်"လို့ ကာလပိုင်းခြားခြင်းကို ဆိုလိုပါတယ်။

အဲဒီလို ပိုင်းခြားထားယင် ပိုင်းခြားထားတဲ့ ကာလမတိုင်မီ အတွင်း သမာပတ်တည်တံ့နိုင်ပါတယ်။

ဖလသမာပတ်မှ ထခြင်းအကြောင်းကို ဟောရာ၌လဲ သင်္ခါရနိမိတ်တို့ကို နှလုံးသွင်းခြင်း, အနိမိတ္တခေါ် နိဗ္ဗာနဓာတ်ကို နှလုံးမသွင်းခြင်းလို့ အကြောင်းနှစ်ပါး လာပါတယ်၊နိဗ္ဗာန်အာရုံပြတ်လို့ သင်္ခါရသို့အာရုံရောက်တဲ့အခါ ဖလသမာပတ်မရှိတော့ပြီလို့ ဆိုလိုပါတယ်နော်။

"မှန်ပါ ဘုရား။"

အဲဒီအချက်များအရ ဖလသမာပတ်မှာ သင်္ခါရနှင့်အဆက်ပြတ်ကာ နိဗ္ဗာနဓာတ်၌ ဆိုက်ရောက်လျက်ရှိသည်မှာ ထင်ရှားပါတယ်။

**ပစ္စည်းမကုန် ချမ်းသာပုံ**

အရိယာအရှင်မြတ်တို့ ဖလသမာပတ် ဝင်စားကြသည်မှာ မျက်မှောက်ဘဝ၌ပင် ချမ်းသာစွာ နေရခြင်းအကျိုးငှာ ဖြစ်ပါတယ်၊ ကိလေသာအပူတွေ ကင်းဝေးလျက် အလွန်တရာမှအေးမြငြိမ်သက်လှသော ဖလသမာပတ် ချမ်းသာမြတ်ဖြင့် နေရ,ဘုန်းကြီး

တို့ ဗုဒ္ဓမြတ်စွာ သာသနာတော်၌ အလွန်တရာထူးမြတ်တဲ့ စည်းစိမ်ချမ်းသာ တမျိုးဖြစ်ပါတယ်။

အဲဒါကြောင့် မင်းတွေဟာ မင်းစည်းစိမ်ကို ခံစားကြသလို နတ်တွေဟာ နတ်စည်းစိမ်ကို ခံစားကြသလို အဲဒီအတူပါပဲ အရိယာသူတော်စင်တွေလဲ ထူးမြတ်တဲ့ လောကုတ္တရာအရိယာ ချမ်းသာကို ခံစားအုံးမယ်ဆိုတဲ့ အလိုဆန္ဒဖြင့် ဖလသမာပတ် ဝင်စားတော်မူကြခြင်း ဖြစ်ပါတယ်။

အဲဒီစကားကို ထောက်ထားယင် အခုခေတ်မှာပြောကြတဲ့ စကားရှိပါတယ်၊ "မင်းတို့က ခုထက်ထိတောင် အားထုတ်နေရသေးလား" ဆိုတဲ့ စကားပါ၊ အရိယာတို့ဟာ အချိန်ရယင် ရသလို ဖလသမာပတ် ချမ်းသာကိုခံစားရေးအတွက် အရိယ ဝိပဿနာကို ရှုပွားကာ ဖလသမာပတ်ချမ်းသာကို ခံစားကြ တယ်မဟုတ်လား။

"မှန်ပါဘုရား။"

အေး....ဒါ့ကြောင့်မို့ ခုထက်ထိတောင် အားထုတ်ရသေး လားလို့ ပြောတဲ့ပုဂ္ဂိုလ်မှာ ဘာတရားမှမရသေးပဲနဲ့ ရတယ် ထင်နေတဲ့ ဒိဋ္ဌိပဲ ရှိနေတယ်ဖြစ်နေတယ်လို့ မှတ်ပါ၊ သူ့မှာ ဘာ တရားချမ်းသာမှ မရတော့ တရားမရှုပွားဘူးဆိုတဲ့ အဓိပ္ပါယ် ပေါ်မနေဘူးလား။

"ပေါ်နေပါတယ်ဘုရား။"

အေး....ပြီးတော့ရှိသေးတယ်၊ တရားအားထုတ်ဆဲမှာတော့ သွားတာ လာတာ စားတာသောက်တာ ပြုမူပြောဆိုတဲ့ ကိုယ် အမူအရာတွေ နူးညံ့သား၊ သတိ ဝီရိယ ပညာ အရှိသား၊ အဲ....

တရားလဲ အားထုတ်ပြီးပြီဆိုရော ဘာမှ အဲဒီအမူအရာတွေ မရှိ တော့ဘူး၊ အဲဒီလိုဆိုတော့လဲ တရားရှိသေးရဲ့လား။

"မရှိတော့ပါဘုရား။"

အဲဒါ....တရားချမ်းသာမရှိလို့ တရားချမ်းသာ မခံစားနိုင် တာ၊ တကယ်ဆိုတော့ တရားချမ်းသာ ခံစားရတာဟာ အကုန် အကျ အပင်အပန်းရှိသေးလား။

"မရှိပါဘုရား။"

အေး....လောကီစည်းစိမ်များကား ပစ္စည်းအကုန်အကျခံမှ အပင်ပန်းခံမှ ရရှိတဲ့စည်းစိမ်ချမ်းသာတွေသာ ဖြစ်တယ်၊ စည်း စိမ်က ကြီးကျယ်လေလေ တန်ဖိုးအကုန်အကျက များလေလေ ဗင်ပန်းမှုက များလေလေ ဖြစ်တယ်မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

ဒီဖလသမာပတ်ချမ်းသာ ခံစားကြတဲ့ အရိယာအရှင်မြတ်တို့ မှာ ပစ္စည်းလဲ မကုန်ကျရပဲ အပင်ပန်းလဲ မခံကြရပဲ လွယ်ကူ သက်သာစွာ ခံစားတော်မူနိုင်ကြပါတယ်။

အဲဒီလို ပစ္စည်းလဲမကုန်ရ တန်ဖိုးလဲမပေးရ ပင်ပန်းမှုလဲမရှိ ပဲ လွယ်ကူသက်သာစွာ လွတ်လွတ်လပ်လပ် လိုရာခဏမှာ ဝင် စားခံစားတော်မူနိုင်တဲ့ အရိယာတွေဟာ ဒီဖလသမာပတ်ချမ်း သာကို အချိန်ရတိုင်း မခံစားဘူးလား။

"ခံစားပါတယ်ဘုရား။"

အေး....အရိယာသူတော်စင်တွေဟာ ဒီဖလသမာပတ် ချမ်း သာကို အလိုရှိတဲ့အခါ အလိုရှိတဲ့နေရာမှာ ဘာမှကြောင့်ကြ စိုက်ရမှုမပါ သက်သာလွယ်ကူစွာ ခံ●ားရတယ်နော်။

"မှန်ပါဘုရား။"

ဒီတော့ တန်ဖိုးအကုန်အကျတွေခံကာ လွန်စွာကြောင့်ကြ စိုက်ရမှရနိုင်တဲ့ အဲဒီလောကီ စည်းစိမ်များမှာ တကယ်အေးမြ ငြိမ်းချမ်းတဲ့ ချမ်းသာဆိုတာ မရှိနိုင်ဘူး, ဒီ ဖလသမာပတ် ချမ်း သာသုခ၌သာ တကယ့်အေးငြိမ်းချမ်းမြတဲ့ သုခအစစ်အမှန်ကို တွေ့နိုင်ကြောင်းဟာ မထင်ရှားဘူးလား။

"ထင်ရှားပါတယ်ဘုရား။"

ဘာဖြစ်လို့ အေးငြိမ်းချမ်းမြ သုခအစစ်ဖြစ်ရလဲ ဆိုတော့ ကိလေသာအပူတွေ ငြိမ်းအေးတဲ့အတွက်ကြောင့်လဲ အေး ငြိမ်းချမ်းသာတယ်၊ အလွန်တရာငြိမ်သက်တဲ့နိဗ္ဗာန်ကို အာရုံပြု နေရတဲ့အတွက်လဲ ဒီအရိယဖိုလ်ဟာ အလွန်ငြိမ်းအေး ငြိမ်သက် လှပေတယ်နော်။

"မှန်ပါဘုရား။"

အဆီအနှစ်ရှိလို့ အလွန်စင်ကြယ်တဲ့ အတုမဲ့ချမ်းသာဖြင့် စိမ်ပေးထားသလိုပဲ ရှိနေရပါတယ်တဲ့။

ဈာန်ချမ်းသာ မဂ်ချမ်းသာတို့ထက် သာယာဖွယ်လွန် ချမ်း သာမွန်ဖြစ်တဲ့ ဒီဖိုလ်ချမ်းသာကို ခံစားရတဲ့အရိယာတို့မှာ အားရ တင်းတိမ်ခြင်းကို မဖြစ်နိုင်ပါဘူး။

အဲဒီချမ်းသာ ခံစားနိုင်တာဟာ အရိယမဂ်ဉာဏ်ရလို့ အရိယ ဖိုလ်ဉာဏ်ရပြီး ခံစားနိုင်တာ၊ ဒီမှာပြောနေတာက သောတာ ပန်အရိယာ ပြောနေတာ၊ ဒီတော့ အဲဒီဉာဏ်ဟာ သောတာ ပန်ယောဂီရဲ့ ပုထုဇဉ်နှင့်မတူ တမူထူးခြားတဲ့ စွမ်းရည်ပါပဲ၊ ဒီစွမ်းရည်ကို သောတာပန်ယောဂီက အမွန်းတင်ပါတယ်၊ အဲဒါ

တတိယစွမ်းရည်ပါပဲ၊ အဲဒီစွမ်းရည်ကို ပါဠိတော်က ဘယ်လိုပြလဲ ဆိုတော့-

"ဒီဆင်ခြင်ဉာဏ်ဟာ ထိုသောတာပန် ပုဂ္ဂိုလ်ရတဲ့ တတိယဉာဏ် ဖြစ်ပေတယ်၊ လောကုတ္တရာ အရိယမဂ်ကို မှီ၍ဖြစ်တဲ့ဉာဏ် ဖြစ်ပေတယ်၊ ပုထုဇဉ်တို့နှင့် မဆက်ဆံတဲ့ဉာဏ် ဖြစ်ပေတယ်"

လို့ ပြဆိုထားပါတယ်။ ဒီတော့ ဒီဉာဏ်ဟာ လောကုတ္တရာအရိယ မဂ်ဉာဏ်ရပြီးတဲ့ အရိယာသန္တာန်မှာသာ ဖြစ်တယ်၊ ပုထုဇဉ် သန္တာန်မှာ မဖြစ်ဘူး၊ ဒီဉာဏ်ဟာ သောတာပန်နှင့် ပုထုဇဉ်တို့ ခြားနားချက်ဉာဏ်ပဲပေါ့နော်။

"မှန်ပါဘုရား။"

ဒီတော့ သောတာပန် ဖြစ်မဖြစ် ကိုယ့်ကိုယ်ကို အတိအကျ မသိနိုင်ဘူးလား....သိနိုင်လား။

"သိနိုင်ပါတယ်ဘုရား။"

အေး....အဲဒီလိုသိလို့ ဒီ တတိယစွမ်းရည်နဲ့ မိမိကိုယ်ကို မိမိ ဆင်ခြင်ကြည့်တယ်၊ ပြီးတော့ ဗုဒ္ဓဘာသာမှတပါး အခြား သာသနာမှာ ရှိ,မရှိ စုံစမ်း ဆင်ခြင်ကြည့်နိုင်တာပေါ့၊ အဲဒါ ကြောင့် အဲဒီဉာဏ်အတွက် နိဂုံးချုပ်လင်္ကာလေး မှတ်ထားပါ။

* သမ္မာဒိဋ္ဌိ, စုံပြည့်ငါ့မှာ၊
သာသနာပ, ပြင်ပနေရာ။
ငါလိုစုံလျှမ်း, ရဟန်းပုဏ္ဏာ၊
ရှိ-မရှိ, ရှုကြည့်သိသော်ချာ။ ။

**စတုတ္ထစ္စမ်းရည်** ကဲ....ယခုဆိုယင် သောတာပန်အရိယာရဲ့တတိယ စ္စမ်းရည်တော့ ပြီးသွားပြီ၊ ယခု ဆက်လက်ပြီး တော့ သောတာပန်ရဲ့ စတုတ္ထစ္စမ်းရည်ကို ဟောကြ-နာကြရ အောင်၊ အဲဒီ စတုတ္ထစ္စမ်းရည်ကို ဘယ်လိုဟောခဲ့သလဲဆိုတော့-

"ရဟန်းတော်များ အို....ချစ်သားတို့၊ တဖန်တခြာ ဆင်ခြင်ပုံတပါးကား အရိယာတပည့်သည် သောတာ ပန်သည် ဤသို့ ဆင်ခြင်ကြည့်ရှု၏၊ အရိယာဉာဏ်အမြင် နှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်သည် အကြင်သို့သော ဖြစ်မြဲရိုးရာ ဓမ္မတာသဘောနှင့် ပြည့်စုံပေ၏၊ ငါသည်လဲ ထိုသို့ သဘောရှိတဲ့ ဖြစ်မြဲရိုးရာ ဓမ္မတာသဘောနဲ့ ပြည့်စုံပါ ရဲ့လော....လို့ ရှုဆင်ခြင်တယ်။"

လို့ အဲဒီလို ဟောခဲ့ပါတယ်၊ ဒီနေရာမှာ အရိယာဉာဏ် အမြင်နှင့်ပြည့်စုံတဲ့ပုဂ္ဂိုလ်ဆိုတာဟာသောတာပန်အရိယာပုဂ္ဂိုလ် ကိုပဲ ခေါ်တာလို့ မှတ်နော်။

"မှန်ပါဘုရား။"

အဲဒါဟာ ဘယ်လိုအဓိပ္ပာယ် ဘယ်လိုသဘောတရားကို ဆို လိုတာလဲဆိုတော့ သောတာပန်ပုဂ္ဂိုလ်မှာ ပြည့်စုံတဲ့ဉာဏ်အမြင် ဓမ္မတာသဘောနှင့် ငါ့မှာလဲ ပြည့်စုံပါရဲ့လားလို့ သောတာပန် အရိယာပုဂ္ဂိုလ်က ဆင်ခြင်ကြည့်ရှုတယ်လို့ ဆိုလိုတာပဲနော်။

"မှန်ပါဘုရား။"

ဒါဖြင့် သောတာပန်ပုဂ္ဂိုလ်မှာ ပြည့်စုံတဲ့ဉာဏ်အမြင် ဓမ္မတာ သဘောဟာ ဘယ်လိုလဲဆိုတာ သိဖို့လိုမလာဘူးလားဆိုတော့

လိုလာတယ်၊ လိုတော့ ဘုရားရှင်က ဘယ်လို ဆက် လက် ပြီး တော့ ဟောလဲ။

"ရဟန်းတော်များအို....ချစ်သားတို့၊ အရိယာဉာဏ် အမြင်နှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ အဘယ်ကဲ့သို့ သဘော ရှိတဲ့ ဖြစ်မြဲရိုးရာ ဓမ္မတာသဘောနဲ့ပြည့်စုံသနည်း။"

"ရဟန်းတော်များ အို.... ချစ်သားတို့၊ အကြင်သို့ သဘောရှိတဲ့ အာပတ်မှ ထခြင်းကို သိအပ်ပေ၏၊ ထိုသို့ သဘောရှိတဲ့ အာပတ်သို့ အကယ်၍ကား ရောက်၏ရှင့်၊ ထိုသို့ရောက်သော်လဲ လျင်စွာသာလျှင် မြတ်စွာဘုရား ထံ၌၎င်း, သိကြားလိမ်မာသော သီတင်းသုံးဖော်တို့၌ ၎င်း, ပြောကြားတယ်၊ ဖွင့်ပြတယ်၊ ပေါ်လွင်အောင် ပြုတယ်၊ ပြောကြားပြီးတော့ ဖွင့်ပြပြီးတော့ ပေါ်လွင် အောင်ပြုပြီးတော့ နောင်အခါ စောင့်စည်းခြင်းသို့ ရောက်တယ်။"

"ရဟန်းတော်များ အို....ချစ်သားတို့၊အဲဒီ သဘော တရားဟာ အရိယာ ဉာဏ်အမြင်နှင့်ပြည့်စုံတဲ့ ပုဂ္ဂိုလ်ရဲ့ ဖြစ်မြဲရိုးရာ ဓမ္မတာသဘောပေတည်း။"

လို့ ဘုရားရှင်က ဆက်လက်ပြီးတော့ ဟောပါတယ်၊ အဲဒါ ဟာ သောတာပန်ပုဂ္ဂိုလ်ရဲ့ ပြည့်စုံတဲ့ ဓမ္မတာသဘောတရားပဲ၊ ဒီလောက်နဲ့တော့ ဘုန်းကြီးတို့ပရိသတ်က နားလည်မှာမဟုတ် သေးပါဘူး၊ နားလည်ပြီလား။

"မလည်သေးပါဘုရား။"

ဆိုလိုတဲ့ အဓိပ္ပာယ်သဘောက ဘာလဲဆိုတော့ "သောတာပန် အရိယာ ရဟန်းတော်များမှာ သံဃကမ်ရဲ့ အစွမ်းဖြင့်သော်ငြင်း, ဒေသနာပြောကြားသဖြင့်သော်ငြင်း, ပျောက်ကင်းနိုင်တဲ့ စိတ်စေတနာမပါပဲနဲ့ အမှတ်တမဲ့သင့်တတ်တဲ့ အာပတ်အပြစ်မျိုးဆိုတာ သင့်တတ် ဖြစ်တတ်ပါသေးတယ်နော်။

"မှန်ပါဘုရား။"

သေသေချာချာ သတိထား နာကြားပါ၊ သင့်တဲ့ဖြစ်တဲ့ အပြစ်က အာပတ်က သံဃကမ်ရဲ့အစွမ်းဖြင့်,ဒေသနာပြောကြား အာပတ်ဖြေသောအားဖြင့်, ပျောက်ကင်းနိုင်တဲ့ စိတ်လဲမပါပဲနဲ့ အမှတ်တမဲ့ သင့်တတ်တဲ့အပြစ်မျိုးကိုသာဆိုတာ, သိလျက်သားနဲ့ လွန်ကျူးလိုတဲ့ စိတ်စေတနာထားနဲ့ လွန်ကျူးလို့ သင့်တဲ့ အာပတ်မျိုး အပြစ်မျိုးကိုဆိုတာ မဟုတ်ဘူးနော်။

"မှန်ပါဘုရား။"

**ဘာ့ကြောင့်အပါယ်မှ လွတ်ရသလဲ**

ဒီနေရာမှာ အဲဒီစကားကိုအသာထားပြီး သောတာပန် အရိယာဟာ ဘာ့ကြောင့် အပါယ်မှလွတ်ရသလဲ ဆိုတာကို အယင်ရှင်းရအောင်၊ ဒါမှ ပိုပြီးတော့ သဘောပေါက်မယ်၊ သဘောပေါက်အောင်လဲ သေသေချာချာ နာကြားပါ၊ ထောင်နား စိုက်ပါ၊ အာရုံတပါး စိတ်မသွားပါစေနဲ့။

ကိလေသဝဋ် ရှိနေသေးယင် သံသရာဝဋ်ဒုက္ခ ခေါ်တဲ့ ဝိပါကဝဋ်ဆင်းရဲတွေက ရှိမြဲရှိနေအုံးမည်ဖြစ်ရာ အဲဒီ ကိလေသာတွေဟာ ဒုက္ခဖြစ်ကြောင်းများသာ ဖြစ်ပါတယ်။ အဲဒီ

[redacted]

**အဘိဋ္ဌာန ၆ပါး** ဒီနေရာမှာ အဘိဋ္ဌာန ၆-ပါးကို ရှင်းချင်ပါ သေးတယ်၊ သတ္တဝါတွေမှာ ကိလေသာရှိယင် ကံဖြစ်နေပါသေးတယ်၊ ကံဖြစ်ယင်လဲ အကျိုးရုပ်နာမ်ဆိုတဲ့ ဝိပါကဝဋ်ဆင်းရဲဟာ ဖြစ်ရမြဲသာဖြစ်ပါတယ်၊ အဲဒီလိုဆိုတော့ ကမ္မဝဋ်ဟာ ဝိပါကဝဋ်ရဲ့ မူလ အခြေခံဖြစ်ပါတယ်၊ ဝိပါကဝဋ် ကင်းလွတ်ရေးအတွက် ကမ္မဝဋ်ကို ပယ်ရှားနိုင်မှ ဖြစ်ပါတယ်။

အဲဒီအကြောင်းကံကိုပဲ "ဌာန" လို့ ဟောတာရှိသေးတယ်၊ ဒီတော့ ဌာနကား အကြောင်းဟောပေါ့၊ အကုသိုလ်မှုတို့တွင် သာမန်အမှုအပြစ်များထက် ကြီးလေးလှတဲ့ အမှုအပြစ်များဖြစ်လို့"အဘိဋ္ဌာန=လွန်ကဲကြီးလေးသော အကြောင်းကံများ" လို့ ဆိုပါတယ်၊ ရုန့်ရင်းကြမ်းတမ်းတဲ့ကံများလို့ ဆိုလိုပါတယ်၊ အဲဒီ အဘိဋ္ဌာနဟာ ဘယ်နှစ်ပါးရှိလဲဆိုတော့....

> "ရဟန်းတော်များ အို....ချစ်သားတို့၊သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်ရဲ့ အမိသတ်ခြင်း, အဘသတ်ခြင်း, ရဟန္တာသတ်ခြင်း, ဘုရားရှင်အား သွေးထွက်အောင် ပြုခြင်း, သံဃာကွဲအောင်ပြုခြင်း, ဘုရားမှတပါးအခြားဆရာကို ညွှန်းခြင်းဟူသော အဘိဋ္ဌာန-၆ပါးတို့မှာ ဖြစ်ရိုးအကြောင်းမဟုတ်။"

လို့ ဟောခဲ့တဲ့အတွက် အဘိဋ္ဌာနဟာ ၆-ပါးရှိပါတယ်။အဲဒီ ၆-ပါးကို အလွယ်တကူမှတ်ယူနိုင်ရန် ပြန်ပြီးတော့ စဉ်ပြရယင်....

၁။ အမိသတ်ခြင်း

၂။ အဘသတ်ခြင်း

၃။ ရဟန္တာသတ်ခြင်း
၄။ ဘုရားရှင်အား သွေးစိမ်းတည်အောင် ပြုခြင်း
၅။ သံဃာသင်းကွဲအောင် ပြုခြင်း
၆။ ဘုရားမှတပါး အခြားဆရာကို ညွှန်းခြင်း

အဲဒီကံတို့ကိုပင် အဘိဋ္ဌာန ၆-ပါးလို့ ဆိုပါတယ်၊ အဲဒီ ၆-ပါးတို့ဟာ သောတာပန်အရိယာမှာ မရှိတော့ဘူးနော်။

"မှန်ပါ ဘုရား။"

အမှန်ကတော့ သောတာပန်အရိယာဟာ ပါဏာတိပါတ စတဲ့ ကံငါးပါးကိုပင် မပြုသူ မကျူးလွန်သူဖြစ်၍ ပရွက်, ခြပုန်းများကိုပင် သတ်ရိုးထုံးစံမဟုတ်တော့ပါဘူး၊ဒီတော့ ဒီအဘိဋ္ဌာန ကံကြီးများကို ပြုဖို့ အရေးဆိုတာတော့ ဝေးလာဝေးထဲက ပေါ့။

အဲဒီလိုဖြစ်ပါလျက် အဘိဋ္ဌာနခေါ်တဲ့ ဒီကံကြီးများကို မပြုလို့ ဘာဖြစ်လို့ဆိုလဲဆိုတော့ ပုထုဇဉ်အဖြစ်ကို ကဲ့ရဲ့ရှုတ်ချလို၍ ဆိုတာတဲ့နော်။

မှန်ပါတယ်၊ ပုထုဇဉ်အဖြစ်မှာ ကဲ့ရဲ့ဖွယ်ဖြစ်ပါလျှင် အဲဒီ အဖြစ်များမှ ကျွတ်လွတ်ခဲ့ရတဲ့ အရိယာအဖြစ်ကား ချီးမွမ်းဖွယ် အတိလို့ ဂုဏ်တင်ပြီးသား ဖြစ်ပါတော့တယ်။

ပုထုဇဉ်အဖြစ်ဟာ အလွန်တရာမှ အပြစ်ကြီးလှပါတယ်၊ အမိသတ်ခြင်းစသော ကြီးလေးလှတဲ့ ကံကြီးတို့ကိုပင် ပြုနိုင်ပါသေးတယ်၊ သောတာပန်ကတော့ မဂ်ဖြင့်ပယ်ပြီးဖြစ်ရာ လွန်စွာမှ သန့်ရှင်းပြီးတော့ အပြစ်ကင်းတဲ့ ဘဝအဖြစ်လိုလားဖွယ် ဖြစ်ပါတော့တယ်။

သောတာပန်အရိယာဟာ အဲဒီအဖြစ်မျိုးကို ဒီဘဝသာ မဟုတ်ပါ၊ ဘဝတပါး၌ပင် မပြုတော့ပါ၊ မှန်ပါတယ်၊ သောတာပန်အရိယာဟာ နောင်ဘဝတပါး၌ မိမိသောတာပန် အဖြစ်ကို မသိစေကာမူ မဂ်ရဲ့ မပြောင်းမလဲတည်မြဲတဲ့သဘော အရပင် ခုနက ပြောခဲ့ပြီးတဲ့ အဘိဌာန၆-ပါးကိုလဲ မပြုတော့ ပါပြီ၊ ပကတိကံငါးပါးကိုလဲ မပြုတော့ပါပြီ။

ဒီခေတ်မှာ တွေ့ကြပါလိမ့်မယ်၊ အချို့ကလေးငယ်များမှာ သူ့အသက်ကိုသတ်ရန် အလွန်မလိုလားပဲ ရှောင်ရှားတတ်ကြ ပါတယ်၊ သူ့ဥစ္စာကို ခိုးရန်လဲ အဲဒီအတူပဲ၊ မလိုလားပဲ ရှောင်ရှားတတ်ကြပါတယ်။

ဟင်းချက်စားသောက်ရန်အတွက် ငါးဝယ်တဲ့အခါ ငါးသေ ငါးရှင်ရောနေယင် ငါးရှင်ကို ဘေးမဲ့လွှတ်ပြီး ငါးသေကိုသာ ရွေးယူတတ်ပါတယ်၊ အဲဒီလို ကလေးမျိုးကို သောတာပန် အရိယာပဲလို့ တွေးယူရလောက်အောင် အခြေရှိမနေဘူးလား။

"ရှိနေပါတယ် ဘုရား။"

ဒီတော့ သောတာပန်အရိယာဟာ အလွန်တရာကြမ်းတမ်း လှတဲ့ အဘိဌာန၆-ပါးသာ မပြုတာမဟုတ်၊ အနည်းငယ်မျှ မပြောပလောက်တဲ့ ပြစ်မှုကလေးများကိုပင် စိတ်စေတနာနဲ့ မပြုမိတော့ဘူးလို့ ခုနက ပြောခဲ့တယ် မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား။"

သောတာပန်အရိယာ ရဟန်းတော်ဟာ မပြောပလောက်တဲ့ သံဃာကံရဲ့အစွမ်းဖြင့် ကုစားကောင်းတဲ့ အာပတ်မျိုးထဲကဆိုယင် "ကုဋိကာရ သိက္ခာပုဒ်"မျိုး, ဒေသနာ ပြောကြား သဖြင့်

ပျောက်ကင်းနိုင်တဲ့ အာပတ်မျိုးထဲကဆိုယင် "သဟသေယျ" သိက္ခာပုဒ်တောင်မှ သိလျက်နဲ့ မပြုတော့ဘူးတဲ့။

ဒီနေရာမှာ "သဟသေယျ"သိက္ခာပုဒ်အကြောင်း အနည်းငယ် ပြောချင်ပါတယ်၊ "သဟသေယျ"ဆိုတာ အတူတကွအိပ်တယ်လို့ ဆိုလိုပါတယ်။

အမိုးကလဲ တမိုးတည်း, အကာကလဲ တကာတည်းကို "တမိုးတရံ" လို့ ခေါ်ပါတယ်၊ အဲဒီ တမိုးတရံတည်းသော ကျောင်းမှာဖြစ်စေ၊ အိမ်မှာ ဇရပ်မှာဖြစ်စေ ဒကာမနှင့် တညအိပ်ယင်၊ လူသာမဏေနဲ့ သုံးညထက် ပိုလွန်ပြီး အိပ်မယ်ဆိုယင် သင့်တဲ့ အာပတ်မျိုးကို "သဟသေယျ" အာပတ်လို့ ခေါ်ပါတယ်၊ အဲဒီ အာပတ်မျိုးတောင်မှ သောတာပန်ရဟန်းဟာ စိတ်ရှိလျက်နဲ့ မလွန်ကျူးဘူးတဲ့နော်။

"မှန်ပါ ဘုရား။"

ဥပမာ-ဘယ်လိုလဲဆိုတော့ သောတာပန် ရဟန်းတပါးဟာ ကျောင်းတကျောင်းမှာ တံခါးမပိတ်မိပဲ စောစောအိပ်တယ် ဆိုပါတော့၊ အဲဒီရဟန်းတော် အိပ်ပျော်တဲ့အခါမှာ ဒကာမ တယောက်က အဲဒီကျောင်းထဲမှာ လာအိပ်တယ်၊ သောတာပန် ရဟန်းက မသိဘူး၊ မသိလဲ အာပတ်ကတော့ သင့်တယ်၊ သူ့စိတ်ထဲမှာ ဒကာမနဲ့အတူ တမိုးတရံတည်းမှာ တကျောင်းတည်းမှာ အိပ်မယ်လို့ဆိုတဲ့ သိလျက် လွန်ကျူးလိုတဲ့ စေတနာ ပါလား။

"မပါ,ပါ ဘုရား။"

အေး....စိတ်စေတနာ မပါပေမယ့် အာပတ်တော့ မသင့်ဘူးလား။

"သင့်ပါတယ်ဘုရား။"

အဲဒီအာပတ်မျိုးကို စိတ်မရှိပဲ၊ စိတ်မပါပဲသင့်တဲ့ အာပတ်မျိုးလို့ ခေါ်တယ်နော်။

"မှန်ပါဘုရား။"

အဲဒီအာပတ်မျိုး အပြစ်မျိုးကို သောတာပန်အရိယာပုဂ္ဂိုလ်များမှာ သင့်တတ်ဖြစ်တတ်ပါသေးတယ်၊ အဲဒါမျိုးကို ရည်ရွယ်ပြီး ဟို....ပရိတ်ကြီးပါဠိတော် ရတနသုတ်မှာ-

> "ထိုသောတာပန်ပုဂ္ဂိုလ်မြတ်ဟာ ကိုယ်ဖြင့်ရင်း၊ နှုတ်ဖြင့်ရင်း၊ ထိုမှတပါးစိတ်ဖြင့်ရင်း၊ ယုတ်မာတဲ့ မကောင်းမှုကို အကယ်၍ပြုစေကာမူ ထိုသောတာပန်ပုဂ္ဂိုလ်မှာ ထိုပြုအပ်ပြီးတဲ့ မကောင်းမှုကို ဖုံးလွှမ်းခြင်းငှာ မထိုက်တော့ပေ၊ မြင်အပ်ပြီးတဲ့ နိဗ္ဗာန်ရှိတဲ့ သောတာပန်ပုဂ္ဂိုလ်ရဲ့ ပြုအပ်ပြီးတဲ့ မကောင်းမှုကို ဖုံးလွှမ်းခြင်းငှာ မထိုက်တဲ့အဖြစ်ကို ဟောတော်မူအပ်၏။"

လို့ဟောပြတော်မူခဲ့ပါတယ်၊ အဲဒီလို ဟောပြတော်မူတာဟာ ယခုပြောခဲ့တဲ့ အာပတ်မျိုး အပြစ်မျိုးကို ဆိုလိုပါတယ်၊ အရက်သောက်တဲ့ အာပတ်မျိုး အပြစ်မျိုးကို ဆိုလိုတာမဟုတ်ပါဘူး၊ သူ့အသက်သတ်တဲ့ အပြစ်မျိုးကိုလဲဆိုလိုတာ မဟုတ်ဘူးနော်။

"မှန်ပါဘုရား။"

အဲဒီ အာပတ်မျိုး အပြစ်မျိုးကို ကျူးလွန်လိုတဲ့စိတ်မရှိပဲ သင့်မိတဲ့အခါမှာ သင့်မိမှန်း သိယင်သိချင်း ကုစားတယ်၊

ဖုံးလွှမ်းမထားဘူး၊ အာပတ်ကို ခံယူမယ့်ဒေသနာဂါမ် ပုဂ္ဂိုလ် ရှိယင်တနေ့ချင်းရင်း သို့မဟုတ် ညသိယင်ညသိချင်းရင်း သည်းခံပြီးမစောင့်ဆိုင်းပဲ မည်မျှပင်ဝေးဝေးမှောင်မှောင် ချက်ချင်း သွား၍ ဒေသနာပြောကြားကုစားတယ်တဲ့နော်။

"မှန်ပါဘုရား။"

မှန်ပါတယ်၊ အချို့ မကောင်းမှုမှ ရှက်တတ်တဲ့ ဘုရားရှင် အပေါ်မှာ ကြည်ညိုသဒ္ဓါကြီးမားပြီး ဘုရားရှင်ရဲ့အမိန့်တော်ကို ရိုသေလေးစားတတ်တဲ့ သူတော်ကောင်း ပုထုဇဉ်ရဟန်းများ ပင် ဘုရားရှင်က "မအပ်" လို့ ပညတ်ထားတဲ့ သိက္ခာပုဒ်တော် များကို သိလျက်နှင့်ကား လွန်ကျူးမှု မပြုတော့ပါဘူး။

သောတာပန်ရဟန်းမှာတော့ ဆိုဖွယ်ရာပင် မရှိတော့ပါ၊ အဲဒီအချက်ကို ရည်ရွယ်ပြီးတော့....

"ငါဘုရားသည် တပည့်သားတို့အား သိက္ခာပုဒ်ကို ပညတ်အပ်၏၊ ထိုသိက္ခာပုဒ်ကို ငါ့ရဲ့တပည့်သားတို့သည် အသက်ဟူသော အကြောင်းကြောင့်ပင် မကျူးလွန်ကြ။"

လို့ ဟောတော်မူခဲ့ပါတယ်၊ ဒီတော့ ပုထုဇဉ်ဖြစ်လျက် သီလ သိက္ခာချစ်တဲ့ ရဟန်းတော်ပင်မလွန်ကျူးတဲ့ အပြစ်မျိုးအာပတ် မျိုးကိုသောတာပန်အရိယာများမလွန်ကျူးဘူးဆိုတာ သေချာ စွာ မှတ်ပါ၊ ပြီးတော့ ဒီနေရာမှာ-

၁။ လောကဝဇ္ဇသိက္ခာပုဒ်

၂။ ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်

ရယ်လို့ သိက္ခာပုဒ် ၂-မျိုးရှိရာ၊ အဲဒီ ၂ မျိုးကို နားလည်ထားဖို့လိုပါတယ်၊

(၁) ပါဏာတိပါတ စသော အပြစ်ကို ကျူးလွန်ယင် လောကဠလဲ အပြစ်ရှိတယ်၊ ကျူးလွန်တဲ့ရဟန်းလဲ ပညတ်ပြစ်ရောက်တယ်။

အဲဒီသိက္ခာပုဒ်မျိုးကို "လောကဝဇ္ဇသိက္ခာပုဒ်"လို့ခေါ်ဆိုပါတယ်၊ အဲဒီသိက္ခာပုဒ်မျိုးကို သောတာပန်များဟာ မည်သည့်အခါမှာမှ မကျူးလွန်တော့ပါ။

(၂) သစ်ပင်ဖြတ်ခြင်း စသောအမှုဠ လောကပြစ်မရှိပါ၊ ပညတ်တော်ကြောင့်သာ အပြစ်သင့်ရပါတယ်၊အချို့သော အောင်သွယ်ခြင်း, လူသာမဏေ, မိန်းမတို့နဲ့ တမိုးတရံထဲ အတူအိပ်ခြင်းစတဲ့ ဂရုက အာပတ်, လဟုကအာပတ်မျိုးတို့မှာ စိတ်မပါပဲ သင့်တဲ့အာပတ်လဲ ရှိပါတယ်၊

အဲဒီလို အာပတ်မျိုးကိုကား ပညတ်တော်မူချက်ကို နားမလည်ခြင်းကြောင့် သောတာပန်သာမက အချို့ရဟန္တာများပင် သင့်တတ်ပါသေးတယ်၊ အဲဒီကဲ့သို့သော ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်မျိုးတို့မှာတော့ သတိလွတ်ကင်းမေ့လျော့ခြင်းကြောင့် သင့်တတ်ပါသေးတယ်။

အဲဒီကဲ့သို့သော ဖြစ်တတ်တဲ့ အပြစ်မျိုးကို ရည်ရွယ်၍ "ထိုသောတာပန်ပုဂ္ဂိုလ်မြတ်ဟာ ကိုယ်ဖြင့်ယုတ်မာတဲ့ မကောင်းမှုကို အကယ်၍ပြုမိစေကာမူ"လို့ ဟောတော်မူတာပါ။

ဒီနေရာမှာ ကိုယ်ဖြင့် "သဟသေယျ" စတဲ့ မကောင်းမှုများ ပြုမိတတ်ပါတယ်၊ နှုတ်ဖြင့် ငါးပုဒ် ခြောက်ပုဒ်ထက် အလွန် ဟောပြောခြင်း စသည်များကို ပြောမိတတ်ပါတယ်။

စိတ်ဖြင့် လောဘဒေါသဖြစ်ခြင်း၊ ရွှေငွေကို စိတ်ထဲကနေ သာယာခြင်း၊ သက်နှိုးစသည်၌ မဆင်ခြင်ခြင်းစသော မကောင်း မှုများ ပြုမိတတ်ပါတယ်။

ဒီမှာ သတိပြုဖို့က သောတာပန်ရဟန်းဟာ ရွှေငွေကိုစိတ် ထဲကသာ သာယာမိတတ်တယ်၊ ကိုယ်ထိလက်ရောက် မကိုင်ခံ တော့ဘူးဆိုတော့ ရဟန္တာဆိုတာ ဝေလာဝေးထဲကပေါ့၊ မကိုင်တော့ဘူးပေါ့နော်။

"မှန်ပါဘုရား။"

ဒီတော့ သောတာပန်လား၊ ရဟန္တာလားဆိုတာကို ရဟန်း တော်ကို စမ်းကြည့်ယင် အလွယ်တကူ သိဖို့ရာ ဘာနဲ့စမ်းမလဲ၊ ရွှေငွေနဲ့စမ်းကြည့်ပေါ့နော်။

"မှန်ပါဘုရား။"

ပုထုဇဉ်များဟာ အပြစ်ရောက်သော်လဲ အချို့ကမိမိအပြစ် ကို ဖုံးကွယ်ထိန်ဝှက်ထားတတ်ပါတယ်၊ အဲဒီလို ဖုံးကွယ်ကာ ထားခြင်းဟာ မရိုးဖြောင့်မှုကြောင့်ပဲ၊ တချို့များ ရဟန္တာဆို ပြီး ရွှေငွေတွေခိုးကိုင်နေတာ တွေ့တဲ့လူကတွေ့ မိတဲ့လူက မိ လို့ရှိတယ် မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

အေး....ဖြောင့်မတ်တဲ့ ဥဇုပ္ပဋိပန္နဂုဏ်ရပြီးတဲ့ သောတာပန်အရိယာများမှာတော့ အဲဒီလို မရိုးဖြောင့်မှုမျိုး ခိုးကြောင်ခိုးဝှက်လုပ်မှုမျိုး ရှိပါအုံးမလား။

"မရှိတော့ပါဘုရား။"

သောတာပန်အရိယာဟာ ဖြောင့်မတ်တဲ့ ဥဇုပ္ပဋိပန္နဂုဏ်ကို ရပြီးတဲ့အတွက် မိမိပြုသောအမှု မအပ်ဘူး၊ မပြုထိုက်ဘူး၊ မပြောထိုက်ဘူး၊ မကြံထိုက်ဘူးလို့ သိလျှင်သိချင်းပဲ သိတင်းသုံးဖော်များထံ မိမိအပြစ်ကို ဖော်ပြပြီးတော့ ကုစားတတ်ပါတယ်၊ နောက်ထပ်လဲ မကျူးလွန်တော့ဘူးလို့လဲ စောင့်စည်းတတ်ပါတယ်။

အေး....အဲဒီလို နိဗ္ဗာန်ကိုမြင်ရပြီး သောတာပန်ရဲ့ အဲဒီကဲ့သို့ မဖုံးကွယ်ထိုက်သူအဖြစ်ကို ဘုရားရှင်ဟောတော်မူ၍ အဲဒီဘုရားရှင်ရဲ့ စကားတော်အရ မဖုံးကွယ်ထိုက်သူဖြစ်ကြောင်းကို ဘယ်လို သိနိုင်လဲ–

"ရဟန်းတော်များ အို ချစ်သားတို့....နုံ့နဲ့သော ပက်လက်အိပ်ကာမျှဖြစ်သော ကလေးငယ်သည် လက်ဖြင့်ရင်း၊ ခြေဖြင့်ရင်း မီးကျီးခဲကို ကန်ကျောက်သဖြင့် ထိမိသည်ရှိသော် လျင်စွာသာလျှင် တွန့်ဆုတ် ရုပ်သိမ်းသကဲ့သို့–"

"အဲဒီအတူပဲ ရဟန်းတော်များ အို....ချစ်သားတို့၊ အကြင်သို့သဘောရှိသော အာပတ်မှ ထခြင်းကိုသိအပ်၏၊ ထိုသို့သဘောရှိသော အာပတ်သို့ အကယ်၍ကား ရောက်၏ရှင့်၊ ထိုသို့ရောက်သော်လဲ လျင်စွာသာလျှင်

မြွက်စွာဘုရားထံ၌ရင်း, သိကြားလိမ်မာသော သီတင်းသုံးဖော်တို့ထံ၌ရင်း, ပြောကြား၏၊ ဖွင့်ပြ၏၊ ပေါ်လွင်အောင် ပြု၏၊ ပြောကြားပြီး၍ ဖွင့်ပြပြီး၍ ပေါ်လွင်အောင် ပြုပြီး၍ နောင်အခါ စောင့်စည်းခြင်းသို့ရောက်၏။"

"ရဟန်းတော်များ အို....ချစ်သားတို့၊ ဤသည်ကား အရိယာဉာဏ်အမြင်နှင့် ပြည့်စုံသော သောတာပန်ပုဂ္ဂိုလ်ရဲ့ ဖြစ်မြဲရိုးရာ ဓမ္မတာသဘောတည်း။"

လို့ ဥပမာနဲ့ဟောပြလို့ သိနိုင်ပါတယ်၊ အဲဒီပါဠိတော်စကားရဲ့ အဓိပ္ပာယ်တွေ ခုနက ပြောခဲ့ပြီးပါပြီ၊ ဒီမှာ ဆိုလိုတာကို ထပ်ပြောပါအုံးမယ်။

ဆိုလိုတာက ဘယ်လိုလဲဆိုတော့ သောတာပန်အရိယာရဟန်းဟာ ကုစားလို့ရတဲ့ အာပတ်သင့်မှန်းသိယင် အလျင်အမြန်ကုစားတယ်တဲ့။

ဥပမာ ဘယ်လိုလဲဆိုတော့ ငယ်တဲ့ နုံ့နွေးတဲ့ ပက်လက်အိပ်တတ်ကာမျှ ကလေးငယ်ဟာ လက်ခြေနဲ့ကန်ကျောက်မိလို့ မီးကျီးခဲကို ထိမိတဲ့အခါ လျှင်မြန်စွာ ပြန်ပြီးတော့ ရုပ်သိမ်းသလိုပါပဲတဲ့နော်။

"မှန်ပါ ဘုရား။"

ဒီနေရာမှာ ဘုရားရှင်က ဘာပြုလို့ သူငယ်နဲ့ ဥပမာပြရသလဲဆိုတော့ သူငယ်ရဲ့ အသားအရေက နူးညံ့သိမ်မွေ့တော့ မြန်မြန်ပူလွယ်တယ်၊ မြန်မြန်ပူတော့ မြန်မြန်ပြန်ပြီးတော့ ရုပ်သိမ်းတယ်၊ သည်းမခံနိုင်ဘူး၊ အဲဒီအတွက် သူငယ် ဥပမာနဲ့ပြတာနော်။

"မှန်ပါ ဘုရား။"

ဒီဒေသနာတော်ကို ကြည့်ယင် သောတာပန်အရိယာရဟန်းတော်ဟာ စိတ်စေတနာမပါပဲ သင့်တဲ့အာပတ်မျိုး မသိပဲသင့်မိပြီး သိတဲ့အခါမှာ သိလျှင် သိချင်း အလျင်အမြန် ကုစားတယ်၊ ကုစားပြီးလဲ နောင်အခါမှာ ဒီအာပတ်မျိုး မသင့်အောင် စောင့်စည်းတယ်၊ ပုထုဇဉ်လို မဟုတ်ဘူးနော်။

"မှန်ပါဘုရား။"

အဲဒါဟာ သောတာပန်ရဟန်းနဲ့ ပုထုဇဉ်ရဟန်းတို့ရဲ့ ခြားနားချက်ပါပဲ၊ သောတာပန်ရဲ့ စွမ်းရည်ပါပဲ၊ ကဲ.... သောတာပန်ရဟန်းတော့ သိရပါပြီတဲ့၊ လူသောတာပန်, သောတာပန်လူတော့ ဘယ့်နှယ်လဲလို့ မေးစရာ မရှိဘူးလား။

"ရှိပါတယ် ဘုရား။"

အေး....လူသောတာပန်လဲ ရဟန်းသောတာပန်လိုပဲ စိတ်စေတနာပါပါနဲ့ ကျူးလွန်လို့ အပါယ်သို့ကျစေတတ်တဲ့ သူ့အသက်သတ်ခြင်းစတဲ့ ဒုစရိုက်မျိုးကို ဘယ်တော့မှ မလွန်ကျူးတော့ဘူးလို့ မှတ်ပါ၊ ဘုန်းကြီးတို့ ပြောခဲ့ပြီးတဲ့ သီဟစစ်သူကြီးတို့, သာမာဝတီတို့ကို ထောက်ကြည့်ပေါ့နော်။

"မှန်ပါဘုရား။"

အဲ....လူသောတာပန်လဲ ရဟန်းသောတာပန်လိုပဲ၊ အပါယ်သို့ မကျစေနိုင်တဲ့ စိတ်မပါပဲနဲ့ အမှတ်တမဲ့ပြုမှား, ပြောမှား, ကြံမှား ကလေးတွေတော့ ဖြစ်တတ်ပါသေးတယ်နော်။

"မှန်ပါ ဘုရား။"

အဲဒီလို ပြုမှား, ပြောမှား, ကြံမှားများကို ပြုမိ, ပြောမိ, ကြံမိပြီးယင် သိတဲ့အခါ ချက်ချင်းပဲ ပညာရှိသူတော်ကောင်းတွေ အထံမှာ မိမိရဲ့အပြစ်ကို ထင်စွာပြပြီးတော့ ဝန်ခံပါတယ်၊ ဖွင့်ပြပါတယ်၊ ဖုံးမထားပါဘူးနော်။

"မှန်ပါ ဘုရား။"

တကယ်လို့ ကိုယ်က မသိဘူး ထားပါ၊ ပညာရှိသူတော်ကောင်းတွေက သိလို့ မြင်လို့ တွေ့လို့ အပြစ်ကိုပြပြီး ဆုံးမတဲ့အခါမှာလဲ လွယ်ကူစွာနဲ့ မိမိရဲ့အပြစ် မိမိရဲ့အမှားကို ဝန်ခံပါတယ်တဲ့နော်။

"မှန်ပါ ဘုရား။"

အေး.... ပုထုဇဉ်ကတော့ ဒီလို မဟုတ်ပါဘူး၊ သိလျက်သားနဲ့လဲ အပြစ်ကို ကျူးလွန်တယ်၊ မသိပဲနဲ့လဲ အပြစ်ကို ကျူးလွန်တယ်၊ ကျူးလွန်ပြီးတော့ အပြစ်ကိုလဲ ဖုံးထားတယ်၊ ပညာရှိ သူတော်ကောင်းတွေက သိလို့ မြင်လို့ တွေ့လို့ သနားသောအားဖြင့် ဆိုဆုံးမတော့လဲ ဝန်မခံဘူး၊ ဖုံးလွှမ်းတယ် မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား။

အေး....သောတာပန်အရိယာကတော့ အပြစ်ကို သိယင်သိချင်း ပြေပျောက်အောင် ကုစားတယ်၊ မဖုံးထားဘူး၊ မသိလို့ ကျူးလွန်မိတဲ့အခါ ပညာရှိသူတော်ကောင်းတွေက ဆုံးမယင်လဲ ချက်ချင်းဝန်ခံလိုက်တယ်၊ အဲဒါဟာ သောတာပန်အရိယာရဲ့ စတုတ္ထစွမ်းရည်ပဲ၊ အဲဒီစွမ်းရည်ကို ပါဠိတော်မှာ ဘယ်လိုပြသလဲဆိုတော့....

"ရဟန်းတော်များ အို....ချစ်သားတို့၊ ယင်းသို့ ဆင်ခြင် ကြည့်ရှုသော သောတာပန်ယောဂီသည် ဤသို့ သိမြင်ပေ၏၊ အရိယာဉာဏ်အမြင်နှင့် ပြည့်စုံသော သောတာပန်ယောဂီသည် အကြင်သို့သော ဖြစ်မြဲရိုးရာ ဓမ္မတာသဘောနှင့် ပြည့်စုံပေ၏၊ ငါလဲပဲ ထိုသို့သော ဖြစ်မြဲရိုးရာ ဓမ္မတာသဘောနှင့် ပြည့်စုံပါပေ၏၊ ဤသို့ သိမြင်ဆုံးဖြတ်နိုင်ပေ၏။"

လို့ ပြထားပါတယ်၊ အဲဒါ သောတာပန်အရိယာမှာ ရှိတဲ့ စွမ်းရည်ပဲ၊ ပုထုဇဉ်ရဟန်း၊ ပုထုဇဉ်လူတွေမှာ မရှိဘူးနော်။

"မှန်ပါ, မရှိပါဘုရား။"

အေး....အဲဒီဉာဏ်အမြင် ရတယ်ဆိုယင်ပဲ အင်္ဂတန် အဆင့် မြင့်သွားပြီ၊ ပုထုဇဉ်ထက် သာသွားပြီ၊ ဒါ့ကြောင့် အဲဒီဉာဏ်ကို ဘုရားရှင်က ဘယ်လို နိဂုံးချုပ်ပြလဲဆိုတော့....

"ရဟန်းတော်များ အို.... ချစ်သားတို့၊ ဒီ ဆင်ခြင် ဉာဏ်သည် ထို သောတာပန်ပုဂ္ဂိုလ်ရသော ပဋ္ဌမဉာဏ် ဖြစ်ပေ၏။ လောကုတ္တရာအရိယမဂ်ကို မှီ၍ဖြစ်သောဉာဏ် ဖြစ်၏။ ပုထုဇဉ်တို့နှင့် မဆက်ဆံသော ဉာဏ်ဖြစ်၏။"

လို့ နိဂုံးချုပ် ပြထားပါတယ်။ ကဲ- အဲဒီဉာဏ်မျိုး ပုထုဇဉ်တွေ မှာ မရှိဘူး၊ ဒီဉာဏ်ရတာသည်ပင် ပုထုဇဉ်နှင့် သောတာပန် ခြားနားချက် ဖြစ်သွားပြီ။ ဒီဉာဏ်မျိုး ရှိ,မရှိ ကြည့်ယင်လဲ ရှိတဲ့အကြောင်းကို သောတာပန်အရိယာက သိတယ်နော်။

"မှန်ပါဘုရား။"

အေး....အဲဒါကြောင့် ဒီစွမ်းရည်ကို ဒီဉာဏ်ကို ပုထုဇဉ်တွေမှာ မဖြစ်ပဲ သောတာပန် အရိယာတွေမှာသာဖြစ်တဲ့ သောတာပန်ရဲ့ စတုတ္ထစွမ်းရည်လို့ မှတ်ပါနော်။

"မှန်ပါဘုရား။"

တချို့ ကိုယ့်ကိုယ်ကို တရားရှင်လို့ သောတာပန်လို့ ထင်နေကြတယ်၊ အထင်ကြီးနေကြတယ်၊ ပြီးတော့ သာမန်ပုထုဇဉ်တွေ တရားဆိုတာ ဘာမှန်းမှ မသိသေးတဲ့ ပုထုဇဉ်တွေတောင် မလွန်ကျူးတဲ့ အပြစ်မျိုးတွေကို လွန်ကျူးကြတယ်၊ အပြစ်ကြီးတွေကို လွန်ကျူးကြတယ်၊ အဲဒီလိုဆိုတော့ တရားတော်ကို နာမည်ဖျက်ရာ မရောက်ဘူးလား။

"ရောက်ပါတယ် ဘုရား။"

ဘေးက တရားကိုလေ့လာစူးစမ်းတဲ့ အနေနဲ့ ကြည့်နေတဲ့ ပုဂ္ဂိုလ်တွေက အများကြီးရှိတာ၊ သူတို့က လူကိုအထင်မသေးပဲ တရားကိုအထင်သေးသွားယင် အကျိုးမနည်းဘူးလား။

"အကျိုးနည်းပါတယ် ဘုရား။"

အေး....အဲဒီလို အထင်ကြီးနေတဲ့ ယောဂီကိုသိတဲ့ မိတ်ဆွေသင်္ဂဟများက သူလွန်ကျူးတဲ့အပြစ်ကို ဖော်ပြောပြသော်လဲ ကိုယ့်အပြစ်ကို ကိုယ်ဝန်မခံဘူး၊ ငြင်းတယ်၊ ဖုံးလွှမ်းတယ်၊ မကုစားဘူး၊ နောင်လဲ ရှောင်ကြဉ်ဘူး၊ မစောင့်စည်းဘူး၊ ငရဲခါးစီးခံမယ်တောင် ပြောသေးတယ်၊ ကဲ....ငရဲကြီးယင် ငရဲကျယင် ဘယ်သူက ခါးစီးကြိုး လာပေးမှာလဲ ပြောစမ်းပါအုံး။

"မပေးပါ ဘုရား။"

အေး....ပုထုဇဉ်ဘဝဟာ အမည်နဲ့လိုက်အောင် အဖြစ်ဆိုးတယ်၊ ပုထုဇဉ်ဆိုတာ ကိလေသာတွေကို များစွာဖြစ်နေသူလို့ အဓိပ္ပာယ်ရတယ်၊ ဒီတော့ အမည်နဲ့လိုက်အောင် မဆိုးဘူးလား။

"ဆိုးပါတယ် ဘုရား။"

အေး...တချို့က ဝိသာခါတို့ဟာ သောတာပန်ပဲ လင်နဲ့သားနဲ့၊ ကာမဂုဏ်တွေ ခံစားတယ်ဆိုပြီး မိမိတို့လဲပဲ သောတာပန်ပဲ ကာမဂုဏ်ခံစားသေးတာပေါ့၊ ကာမဂုဏ်ခံစားတာ ဘာအပြစ်ရှိလဲ၊ သောတာပန်တွေတောင် ခံစားတယ်လို့ ပြောတာတွေ ကြားဖူးရဲ့လား။

"မှန်ပါ ကြားဖူးပါတယ် ဘုရား။"

မှန်ပါတယ်၊ သောတာပန်အရိယာတို့ဟာ ကာမရာဂမကင်းသေးတဲ့အတွက် ကာမရာဂကို မပယ်ခွာနိုင်သေးတဲ့အတွက် ကာမဂုဏ်အာရုံတွေကို ခံစားတဲ့အခါမှာ ဘယ်လိုခံစားလဲ၊ ပုထုဇဉ်တွေ ခံစားသလိုမဟုတ်ပါဘူး၊ ပူလောင်မှုရှိလို့ အဲဒီပူလောင်မှုကို ဖြေဖျောက်ရုံမျှသာ, ပြေပျောက်ရုံမျှသာ ခံစားပါတယ်။

ပြီးတော့ အဲဒီကာမဂုဏ်တွေကို ခံစားတဲ့အခါမှာ အပြစ်ရှိတဲ့အကုသိုလ်လို့လဲ သိတယ်၊ ပယ်သင့်တဲ့ အကုသိုလ်လို့လဲ သိတယ်၊ ပယ်မယ်လို့ စိတ်ထားလဲ ရှိတယ်၊ ကဲ....ဒီတော့ ပုထုဇဉ်တွေနဲ့ တူရဲ့လား။

"မတူပါ ဘုရား။"

အဲ....ပုထုဇဉ်တွေကတော့ ဒီလိုမဟုတ်ပါဘူး၊ အဲဒီကာမဂုဏ်အာရုံတွေကို ခံစားတဲ့အခါ သာသာယာယာ မက်မက်မောမော

ခံစားတယ်၊ ခံစားဆဲအခါ အကုသိုလ်မှန်းလဲ မသိဘူး၊ ပယ်သင့်တဲ့ အကုသိုလ်မှန်းလဲ မသိဘူး၊ ပယ်မယ်လို့လဲ စိတ်မရှိဘူး၊ ပယ်ဖို့ရန်လဲ အားထုတ်မှုရှိရဲ့လား။

"မရှိပါဘူး ဘုရား။"

"အေး....ဗျာပါဒဆိုတဲ့ ဒေါသကို မပယ်ရသေးတဲ့ ဒေါသမကင်းသေးတဲ့ သောတာပန်အရိယာတွေဟာ ဒေါသဖြစ်သေးပေမယ့် အပါယ်ကျလောက်အောင် သူတပါးအကျိုးစီးပွါးတွေပျက်ပြားဆုတ်ယုတ်သွားလောက်အောင် အရုပ်ဆိုးအကျည်းတန်တဲ့ ဒေါသအကြမ်းစားတွေ မဖြစ်တော့ဘူးနော်။

"မှန်ပါ ဘုရား။"

အေး....ပုထုဇဉ်တွေကတော့ ဒေါသဖြစ်တဲ့ အပါယ်ကျလောက်အောင်လဲ ဖြစ်တယ်၊ သူတပါးအကျိုး ဆုတ်ယုတ်ပျက်ပြားလောက်အောင်လဲ ဖြစ်တယ်၊ အရုပ်ဆိုးအကျည်းတန်လဲဖြစ်တယ်၊ ဖြစ်ကြောလဲ ရှည်တယ်။

ဘုန်းကြီးတခါတုန်းက ကြုံရတယ်၊ မြို့တမြို့က ဓမ္မာရုံတခုမှာ တရားဟောနေခိုက်ပေါ့၊ အဲဒီဓမ္မာရုံမှာပဲ တည်းခိုနေခိုက်ပေါ့၊ ဓမ္မာရုံနဲ့ နှစ်အိမ်လောက်ကျော်တဲ့ အိမ်တအိမ်မှ ဒကာမ ၂-ယောက် ရန်ဖြစ်နေတာ ဓမ္မာရုံက အတိုင်းသား ကြားနေရပါတယ်။

ဒကာမ နှစ်ယောက် ရန်ဖြစ်နေတာဟာ နေ့လည်တချက်လောက်ဖြစ်တာ ညနေ ၅-နာရီအထိ မပြီးသေးဘူး၊ ဆဲတာဆိုတာတွေကလဲ မကြားကောင်း မနာသာတွေချည်းပဲ၊ ဘုန်းကြီးက ဒီတော့ စိတ်ထဲမှာ တွေးမိတယ်၊ ဒီဒကာမ

နှစ်ယောက်နှယ် ဓမ္မာရုံနှား နီးပေလို့ပေါ့၊ ဓမ္မာရုံနဲ့မျှားဝေး ယင် ဘယ်လောက် ကြမ်းကြမ်းတမ်းတမ်း ဘယ်လောက် ကြာကြာဖြစ်မလဲ မသိဘူးလို့ တွေးမိတယ်၊ အဲဒါဟာ ပုထုဇဉ်ရဲ့ အဖြစ်ဆိုးပဲပဲနော်။

"မှန်ပါ ဘုရား။"

သောတာပန်အရိယာတွေကတော့ ဒီလိုမဟုတ်ပါဘူး၊ သူတပါးအကျိုးမပျက်နိုင်တဲ့ အရုပ်မဆိုး အကျည်းမတန်တဲ့ အနုစားဒေါသ၊ အပါယ်မကျစေနိုင်တဲ့ ဒေါသအနည်းအပါး တော့ ဖြစ်ပါသေးတယ်၊ ဖြစ်တဲ့အခါ ဖြစ်ကြောမရှည်ပဲ ဖြစ်ဆဲ ခဏပဲ သိပါတယ်၊ ဖြစ်ဆဲခဏမှာပဲ သိမ်းဆည်းနိုင်ပါတယ်၊ နောင်အခါမှာ မဖြစ်အောင်စောင့်စည်းမယ်လို့လဲ ဆောက်တည် တယ်နော်။

"မှန်ပါ ဘုရား။"

ကဲ....ဒီစွမ်းရည်ဟာလဲ အင်မတန်ထူးခြားတဲ့ စွမ်းရည်ပေါ့၊ ယခု ဒီစွမ်းရည်အကြောင်း ဒီလောက်နဲ့ နိဂုံးချုပ်ကြစို့။ လင်္ကာ လေးနဲ့ အဲဒီစွမ်းရည်ကို မှတ်ထားပါ။

* သူငယ်မီးထိ၊ ရုပ်ဘိလျှင်စွာ၊
စိတ်မရှိလတ်၊ အာပတ်သင့်ခါ။
မဖုံးကုစား၊ စောင့်ပြားနောင်ခါ၊
ရှိ-မရှိ၊ ရှုကြည့် သိ-သေချာ။ ။

**ပဥ္စမစွမ်းရည်** ကဲ....ယခုဆိုယင် သောတာပန်စွမ်းရည် ၄-ပါး ပြီးသွားပြီ၊ မိမိတို့မှာ အဲဒီ စွမ်းရည်တွေ ရှိပြီ လား၊ မရှိသေးဘူးလား ကြည့်ပါ၊ မရှိသေးယင် ရှိအောင်

ကြိုးစားပါ၊ ယခုဆက်လက်ပြီးတော့ သောတာပန်ရဲ့ ပဋ္ဌမ စွမ်းရည်ကို ဟောကြ၊ နာကြရအောင်၊ အဲဒီ ပဋ္ဌမစွမ်းရည်ကို ဘုရားရှင်က ဘယ်လိုဟောထားခဲ့လဲဆိုတော့....

"ရဟန်းတော်များ အိုချစ်သားတို့....တဖန်တခြား ဆင်ခြင်ပုံတပါးကား သောတာပန်ယောဂီသည် ဤသို့ ဆင်ခြင်၏၊ အရိယာဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ် သည် အကြင်သို့သော ဖြစ်မြဲရိုးရာ ဓမ္မတာသဘောနှင့် ပြည့်စုံ၏၊ ငါ့မှာလဲ ထိုသို့သော ဖြစ်မြဲရိုးရာ ဓမ္မတာ သဘောနှင့်ပြည့်စုံပါ၏လော"လို့ ဤသို့ရှုဆင်ခြင် ကြည့် လေ၏။

လို့ ဟောထားခဲ့ပါတယ်၊ အဲဒီ အပိုင်းကတော့ ခုနကပြီးခဲ့တဲ့ စတုတ္ထစွမ်းရည်နှင့် အတူတူပါပဲ၊ ဓမ္မတာသဘောချင်း တူတယ် နော်။

"မှန်ပါဘုရား။"

ဒါဖြင့် ဒီနေရာမှာ မေးစရာရှိပါတယ်၊ အဲဒီလို တူနေရက် သားနဲ့ ဘာဖြစ်လို့ ထပ်ပြီးတော့ ဟောရလဲလို့ မေးစရာရှိ တာပေါ့၊ အဖြေကတော့ ထူးတာလဲရှိလို့ ဟောတယ်လို့မှတ် နော်။

"မှန်ပါဘုရား။"

ဘယ်လိုထူးသလဲဆိုတော့ စတုတ္ထစွမ်းရည်က, စတုတ္ထဓမ္မတာ သဘောက အာပတ်အပြစ်ကို အလျင်အမြန်ကုစားပြီး နောင် အခါမှာ မလွန်ကျူးရန် စောင့်ရှောက်မယ်ဆိုတဲ့ ဓမ္မတာ သဘောနော်။

"မှန်ပါဘုရား။"

ယခု ဒီပဋ္ဌမစွမ်းရည်, ပဋ္ဌမဓမ္မတာသဘောက သီတင်းသုံးဖော်တို့ရဲ့ ကိစ္စကြီးငယ်တွေကို ပြုလုပ်အောင်ရွက်ပေးနေရပေမယ့် သိက္ခာသုံးပါးအကျင့်တရားကို ငဲ့ကွက်လိုလား,ထက်မြက်တဲ့ စိတ်ထားရှိတယ်တဲ့၊ အဲဒါ စတုတ္ထစွမ်းရည်ထက် ထူးခြားချက်ပဲ၊ အဲဒီသဘောကို ပါဠိတော်က ဘယ်လိုပြလဲဆိုတော့-

> "ရဟန်းတော်များ အိုချစ်သားတို့....အရိယာဉာဏ်အမြင်နှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်သည် အဘယ်သို့သဘောရှိတဲ့ ဖြစ်မြဲရိုးရာ ဓမ္မတာသဘောနှင့် ပြည့်စုံသနည်း။"
>
> "သီတင်းသုံးဖော်တို့ရဲ့ ကြီးကုန်ငယ်ကုန်သော,အမြတ်အယုတ်ဖြစ်ကုန်သော, အဘယ်သို့ ပြုလုပ်ပေးရပါမည်နည်းဟု မေးမြန်း၍ ပြုလုပ်အပ်ကုန်သော ထိုထို ဤဤအမှုကိစ္စတို့၌ အားထုတ်ပြုလုပ်သူ၏အဖြစ်သို့ အကယ်၍ရောက်သည်ဖြစ်ငြားအံ့။"
>
> "ထိုသို့ပင် ပြုလုပ်ရပါသော်လဲ လွန်မြတ်သောသီလအကျင့်ကိုဖြည့်ကျင့်ရန် လွန်မြတ်သောသမာဓိအကျင့်ကိုဖြည့်ကျင့်ရန်,လွန်မြတ်သော ပညာအကျင့်ကို ဖြည့်ကျင့်ရန် ထိုသောတာပန်ပုဂ္ဂိုလ်အား လိုလား ငဲ့ကွက် ထက်သန်သော စိတ်ထားရှိ၏။"

လို့ အဲဒီလို ပါဠိတော်က ပြဆိုထားပါတယ်၊ အဲဒီပါဠိတော်ရဲ့ အဓိပ္ပာယ်ကဘာတဲ့လဲ "သောတာပန်ယောဂီဟာ မိမိရဲ့ သီတင်းသုံးဖော်တို့ရဲ့ သင်္ကန်းချုပ်ခြင်း, သင်္ကန်းဆိုးခြင်း, သပိတ်ဖုတ်ခြင်းအစရှိတဲ့ ကိစ္စလုပ်ငန်းတွေကို ဝိုင်းဝန်းကူညီပြီး ဆောင်

ရှက်စရာရှိလို့ ဆောင်ရွက်ပေးတဲ့အခါမှာ မိမိရဲ့ သီလ, သမာဓိ, ပညာ, သိက္ခာသုံးပါးအကျင့်တရားကို အပျက်မခံပဲ သိက္ခာသုံးပါးအကျင့်တရားကို လိုလားတဲ့စိတ်ထား ငဲ့ကွက်တဲ့စိတ်ထားနဲ့ပဲ ဆောင်ရွက်ပေးပါတယ်တဲ့နော်။

"မှန်ပါဘုရား။"

အေး....သာမန်ရိုးရိုး ပုထုဇဉ်တွေကတော့ အဲဒီလိုသီတင်းသုံးဖော်တို့ရဲ့ ကိစ္စကြီး, ကိစ္စငယ်တွေကို ဆောင်ရွက်တဲ့နေရာမှာ တရားသော မတရားသော မကြည့်ဘူး၊ ကိစ္စပြီးမြောက်ရေး အောင်မြင်ရေးပဲ အလေးပေး အရေးထားတယ်၊ သိက္ခာသုံးပါး အကျင့်တရား အပျက်ခံပြီး ဆောင်ရွက်ပေးလေ့ရှိတယ်၊ အဲဒါ တွေကတော့ မျက်မြင်ပဲ၊ သာဓကပြစရာလိုသေးလား။

"မလိုပါဘုရား။"

အဲဒါဟာ ပုထုဇဉ်နှင့် သောတာပန်အရိယာရဲ့ ထူးခြားချက် ပဉ္စမစွမ်းရည်ပဲ၊ အဲဒီစွမ်းရည်ကို ဘယ်လိုပြထားလဲဆိုတော့-

> "ရဟန်းတော်များ အိုချစ်သားတို့....နုနယ် သောနွားငယ်ရှိသော အမိနွားမကြီးသည် မြက်ကိုလဲအလိုရှိ သလောက် ကိုက်ဖြတ်စားသောက်တယ်၊ မွေးဖွားကာစ နွားငယ်ကိုလဲ တစိတစောင်းစူးစမ်းကြည့်ရှုသကဲ့သို့"
>
> "အဲဒီအတူပင် အရိယာဉာဏ်အမြင်နှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်သည် သီတင်းသုံးဖော်တို့ရဲ့ ကြီးကုန်ငယ်ကုန်သော, အမြတ်အယုတ်ဖြစ်ကုန်သော, အဘယ်သို့ ပြုလုပ်ပေးရပါမည်နည်းဟု, မေးမြန်း၍ ပြုလုပ်အပ်ကုန်သော

ထိုထို ဤဤအမှုကိစ္စတို့၌ အားထုတ်ပြုလုပ်သူ၏ အဖြစ်သို့အကယ်၍ ရောက်သည်ဖြစ်ငြားအံ့။”

“ထိုသို့ပင် ပြုလုပ်ရပါသော်လဲ လွန်မြတ်သော အကျင့်သီလကို ဖြည့်ကျင့်ရန် လွန်မြတ်သော သမာဓိအကျင့်ကို ဖြည့်ကျင့်ရန် လွန်မြတ်သောပညာအကျင့်ကို ဖြည့်ကျင့်ရန် ဇိုသောတာပန် ပုဂ္ဂိုလ်အား လိုလားငံ့ကွက် ထက်သန်သောစိတ်ထားရှိ၏။”

“ရဟန်းတော်များ အိုချစ်သားတို့ အဲဒါဟာ သောတာပန်အရိယာရဲ့ ထုံးတမ်းစဉ်လာ ဓမ္မတာသဘောတည်း။”

လို့ အဲဒီလို ဟောထားပါတယ်၊ အမိပွားယ်ကဘာတဲ့လဲ သားငယ်ရှိတဲ့နွားမကြီးဟာ မစားယင်မဖြစ်လို့ မြက်ကိုစားနေရပေမယ့် တဘက်သောမျက်စိဖြင့် သားငယ်ကို ကြည့်ရှုစောင့်ရှောက်နေရသလိုပဲ သောတာပန်ယောဂီဟာလဲ သီတင်းသုံးဖော်တို့ရဲ့ကိစ္စကြီး, ကိစ္စငယ်တွေကို မပြုလုပ်ယင် မဖြစ်လို့ ပြုလုပ်ပေးရပေမယ့် တဘက်သောမျက်စိဖြင့် မိမိရဲ့သီလ,သမာဓိ,ပညာ,သိက္ခာသုံးပါး အကျင့်တရားကို အပျက်မခံဘူး၊ လိုလားလျက်ပဲတယ်၊ ရှုပွား လျက်ပဲတယ်၊ နှလုံးသွင်းလျက်ပဲတယ်၊ စောင့်စည်းလျက်ပဲ တယ်တဲ့နော်။

“မှန်ပါ ဘုရား။”

**အရိယာထေရ်တပါး** ဒီနေရာမှာ အ ဌ က ထာ ဆ ရာ ထုတ် ပြတဲ့ သာဓကဝတ္ထုတခု ရှိပါတယ်၊ ဟို....သီဟိုဠ်ကျွန်းမှာ အနုရာဓမြို့ဆိုတာ ရှိတယ်၊ အဲဒီအနုရာဓမြို့မှာ မဟာ

စေတီဆိုတာ ရှိတယ်၊ အင်မတန့်တန်ခိုးကြီးတဲ့ စေတီတော်ကြီးပေါ့၊ အဲဒီစေတီတော်ကြီးမှာ အင်္ဂတေတွေ ယိုယွင်းနေတဲ့အတွက် အသစ်တဖန်ပြန်လည် ပြုပြင်ကြတယ်ပေါ့။

အဲဒီလိုပြုပြင်တော့ အရိယာထေရ်တပါးကလဲ ဘုရားရဲ့ကိစ္စဆိုတာ သားတော်ရဲ့ ကိစ္စပဲလို့ သဘောထားပြီး ပြုပြင်ရာမှာ ပါဝင်ပြုပြင်တယ်ပေါ့။

အရိယာထေရ်မြတ်က လက်တဘက်နဲ့ အင်္ဂတေပုံးကိုကိုင်ပြီး လက်တဘက်နဲ့ သံလက်ကိုကိုင်ပြီး အမျှားနဲ့မရောပြွမ်း မဆက်စပ်တဲ့နေရာမှာ စောင့်ရှောက်ယင်း ရှုပ္ပွားယင်း အင်္ဂတေအသစ် ပြုပြင်တယ်။

အေး....ကိုယ်တော်တပါးကတော့ အဲဒီလို မဟုတ်ပါဘူး၊ ဝတ်ကြေဝတ်ကုန်သဘော, အပျော်တမ်းသဘော, ကိုယ်လက်ကြံ့ခိုင်ရေးသဘော,ကိုယ်ခန္ဓာကြီးပွါးရေးလောက်သာ အလေးပြုပြီးနေတဲ့ ရဟန်းတပါးပေါ့၊ တရားရှုပွားတယ်ဆိုတာ ဘာမှန်းမှမသိတဲ့ ရဟန်းတပါးပေါ့၊ အဲဒီရဟန်းကလဲ အလုပ်လုပ်ယင်း စကားပြောရအောင်ဆိုတဲ့သဘောနဲ့ အင်္ဂတေပုံးလေးနဲ့ အရိယာထေရ်အနီးအပါး တိုးသွားတယ်။

အဲဒီလိုတိုးသွားတော့ အရိယာထေရ်က အလုပ်ပျက်မှာ စိုးတဲ့အတွက် တနေရာရွှေ့သွားတယ်၊ ဟို....စကားပြောချင်တဲ့ ရဟန်းကလဲ အရိယာထေရ်အနီးအပါး ရွှေ့လိုက်သွားတယ်၊ အရိယာထေရ်ကလဲ တနေရာရွှေ့သွားပြန်တယ်၊ ဟို....စကားများချင်တဲ့ ရဟန်းကလဲ အရိယာထေရ်ရဲ့ အနီးအပါး ရွှေ့လိုက်သွားပြန်တယ်။

ဥပမာ-ဘယ်လိုဖြစ်နေလဲဆိုတော့ လိုက်တမ်းပြေးတမ်း ကစားသလိုဖြစ်နေတယ်ပေါ့၊ မဟာစေတီဆိုတဲ့အတိုင်းပဲ စေတီတော်ကြီး ကြီးသလောက် နေရာရှော့သော်လဲ ဟိုရဟန်းက လိုက်လိုက်နေတော့ စေတီတော်ကြီးသော်လဲ ရှော့ရတာများတော့ ရှော့စရာမရှိသလောက် ဖြစ်နေတယ်၊ ဒီတော့မှ အရိယာထေရ်က အရှုအပွားပျက်မှာ စိုးတဲ့အတွက်ပြောတယ်။

"သူတော်ကောင်း....ဒီ မဟာစေတီရင်ပြင်တော်ကြီးဟာ ကျယ်ဝန်းလှပါတယ်၊ အခြားနေရာ တနေရာမှာ ချမ်းသာစွာ ပြုပြင်ဖို့ရန် အခွင့်မသာ နေရာကလေးမှ မရတော့ဘူးလား။"

လို့ ပြောပါ့ မေးပါသတဲ့၊ ကဲ....ဟိုစကားများချင်တဲ့ ပုထုဇဉ်ရဟန်းရဲ့ လုပ်ပုံကိုင်ပုံ အမူအရာကလဲ ပြောချင်စရာမကောင်းဘူးလား။

"ကောင်းပါတယ်ဘုရား။"

အဲဒီလို ပြောဖို့ကောင်းတဲ့အတွက် ပြောလိုက်တော့မှ ခုနက ခန္ဓာကိုယ်ကြီးပွားရေး အလေးပေးတဲ့ အပျော်အပါး စကားများဖော်ရှာတဲ့ ပုထုဇဉ်ရဟန်းဟာ တခြားတနေရာသွားပြီးတော့ အင်္ဂတေအသစ် ပြုပြင်တယ်တဲ့။

ကဲ....အဲဒီသာဓကဝတ္ထုကို သတိပြုပါ၊ အရိယာသူတော်စင်များဟာ ကိစ္စလုပ်ငန်း ပြုလုပ်စရာများရှိယင် ပြုလုပ်ပါတယ်၊ မပြုလုပ်ပဲ မနေပါဘူး၊ အဲ....ပြုလုပ်တဲ့အခါမှာ တရားမလွတ်စေပဲ တရားလက်စွဲကာ ဂိုဏ်းအပေါင်းအဖော် မရှိတဲ့ နေရာ စကားမပြောရတဲ့နေရာ စကားပြောဖော်မရှိတဲ့ နေရာကို ရွေး

ချယ်ပြီး ရှုပ်ထွေးများယင်း ပြုစရာကိစ္စလုပ်ငန်းတွေကို ပြုလုပ်တယ်ဆိုတဲ့ သာဓကဟာ လယ်ပြင်မှာဆင်သွားသလို မထင်ရှားဘူးလား။

"ထင်ရှားပါတယ်ဘုရား။"

**လူအရိယာများ** ကဲ....ဒီနေရာမှာ မေးစရာတခု ရှိပါတယ်၊ ဘယ်လိုမေးမလဲ ရဟန်းအရိယာများတော့ အဲဒီလိုသိက္ခာသုံးပါး လိုလားစွာနဲ့ ရှုပ်ထွေးယင်း ပြုလုပ်စရာကိစ္စလုပ်ငန်းတွေကို ပြုလုပ်ပါတယ်၊ လူအရိယာများကတော့ ဘယ့်နှယ်လဲလို့ မေးစရာမလိုဘူးလား။

"လိုပါတယ်ဘုရား။"

ကဲ....မေးရောမေးမှာလား။

"မေးပါမယ်ဘုရား။"

အေး....မေးတော့ ဖြေရယင် အရိယာဟာ အရိယာအချင်းချင်း တူရမယ်၊ ဒီတော့ လူအရိယာများလဲ ရဟန်းအရိယာများအတိုင်းပဲပေါ့၊ အရိယာဖြစ်သွားယင် အကျင့်စခန်းမှာ တန်းတူသွားပြီပဲဟာ၊ ခွဲခြားမှုရှိရအုံးမလား။

"မရှိရတော့ပါဘုရား။"

ဒီတော့ လူအရိယာများဟာလဲ ကိစ္စများလှတဲ့ လူတို့ဘောင်ဌာန လူတို့ဘောင်လောကမှာ စားရေး,သောက်ရေး,ဝတ်ရေး,နေရေး,ထိုင်ရေး,မင်းရေး,စိုးရေး,ရွာရေး, ရပ်ရေး, တိုင်းရေး,ပြည်ရေးစတဲ့ အရေးများစွာ ပြုလုပ်နေယင်း သိက္ခာသုံးပါးအကျင့်တရားကို မေ့ပစ်မထားပဲ ငဲ့ကွက်လျက် ရှိပါတယ်၊

ထက်သန်လျက်ရှိပါတယ်၊ ငါတရားရပြီဆိုပြီးတော့ နေချင်သလို နေသလား။

"မနေပါဘုရား။"

ဒီနေရာမှာ သာဓကဝတ္ထု တခုပြချင်ပါသေးတယ်၊ ဘုရားရှင် လက်ထက်အခါကပေါ့၊ ဘုရားရှင်နဲ့လဲ ရင်းနှီး ကျောင်းလဲ အမြဲသွားလေ့ရှိတဲ့ သောတာပန် ဒကာတယောက်ပေါ့၊ သူ့အကြောင်းပြောရအောင်။

အဲ....အဲဒီသောတာပန် ဒကာဟာ တချိန်တော့ ကုန်ရောင်း သွားနေတော့ ဘုရားရှင်ထံ မရောက်တော့ဘူးပေါ့၊နောက် ကုန်ရောင်းက ပြန်ရောက်လာတော့ ဘုရားရှင်ထံသွားတယ်။

ရောက်တယ်ဆိုယင် ဘုရားရှင်က "ဘယ့်နှယ်လဲ ဥပါသကာ ဒါယကာ မပေါ်လာတာ ကြာပါပေါ့လား" လို့မေးတော့ "မြတ်စွာဘုရား တပည့်တော် ပရိယေသနဝမ်းစာ ရှာမှီးသွားနေရလို့ မရောက်လာတာကြာပါတယ်ဘုရား"လို့လျှောက်တယ်။

ဘုန်းကြီးတို့ ပရိသတ် ဒီမှာ သတိပြုပါ၊ သောတာပန်များ ဟာ အရောင်းအဝယ် ပြုလုပ်သေးတယ်၊ သူတို့မှာ ခန္ဓာဝန် ရှိတယ်၊ လှူဖို့တန်ဖို့လဲ ရှိသေးတယ်မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

အဲဒီလိုလျှောက်ပြီး ဒကာကဘယ်လိုဆက်ပြီးတော့ လျှောက် လဲဆိုတော့"တပည့်တော် အရောင်းအဝယ်သွားသော်လဲ တရား ကိုမမေ့ပါဘုရား၊ ရောက်ရာအရပ်မှာ တရားနှလုံးသွင်းပါ တယ်ဘုရား"တဲ့။

ရှေးက အရောင်းအဝယ်သွားတာက လှည်းတွေနဲ့သွားကြရတာ၊ တခါသွားယင် လှည်းငါးရာစီ စုစုပြီးသွားကြရတာ၊ သူခိုးဓားပြအန္တရာယ်လဲ ကြောက်ရတယ်။

အဲ....အဲဒီ လှည်းကုန်သည်တွေဟာ တနေ့ကုန်ယင် တနေ့ရာမှာ လှည်းစခန်းချတဲ့အခါ လှည်းတွေဝိုင်းပြီးတော့ ချတယ်၊ လှည်းဝိုင်းကြီးပေါ့၊ အလည်မှာ နွားတွေကိုထားတယ်၊ ကျားရန်ကာကွယ်တဲ့ သဘောပေါ့၊ လှည်းသားတွေက ဘေးပတ်လည်မှာ မီးဖိုပြီး အလှည့်ကျစောင့်ပြီးတော့ အိပ်ကြရတာ၊ ဒုက္ခမများဘူးလား။

"များပါတယ် ဘုရား။"

အေး....ဒုက္ခများပေမယ့် ခန္ဓာရှိတော့ ခန္ဓာဝန်အတွက် ဒီလိုပဲ ရှာကျွေးရတာပဲ၊ ဘုရားရဟန္တာများလဲ ခန္ဓာဝန်အတွက် ဆွမ်းခံထွက်ရတာပဲ မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား။"

"အေး....အဲဒီလှည်းကုန်သည်တွေထည်းမှာပါသွားတဲ့ ခနက သောတာပန်ဒကာကတော့ လှည်းတပ်ချပြီ လှည်းဝိုင်းချပြီဆိုယင် အဲဒီလှည်းဝိုင်း ဘေးပတ်လည်မှာ စင်္ကြံလျှောက်ပြီး တရားရှုပွားနေတယ်၊ တခြားလှည်းသားတွေကတော့ မောလို့ပန်းလို့ အိပ်လိုပေါ့နော်။

"မှန်ပါ ဘုရား။"

အဲ....တနေ့ရာ လှည်းဝိုင်းမှာ ခိုးသားတွေက အဲဒီလှည်းဝိုင်းကို ခိုးမယ် တိုက်မယ်ဆိုပြီးတော့စောင့်ရာ အဲဒီ ဥပါသကာ သောတာပန် လမ်းလျှောက်တရားနှလုံးသွင်းနေတာနဲ့ ညဦးပိုင်း

လဲ အခွင့်မရဘူး၊ သန်းခေါင်ယာမ်လဲ အခွင့်မရဘူး၊ မိုးလင်းပိုင်း ရောက်တော့ ခိုးသားတွေက လက်နက်တွေစွန့်ပစ်ပြီး "အို.... လှည်းသားအပေါင်းတို့ ဒီနိုးကြားတဲ့ ဒကာတယောက်ကြောင့် သင်တို့ အသက်စည်းစိမ်ရကြတာ၊ ရောင်းချပြီးယင် အဲဒီဒကာ ကို ပူဇော်ကြ"လို့ ဟစ်အော်ကြွေးကြော်ပြီး ထွက်ပြေးကြတယ်။

ဒီတော့မှ လှည်းသားတွေ နိုးကြတယ်၊ နိုးလို့ကြည့်လိုက် တော့ သောတာပန်ဒကာ လမ်းလျှောက်ပြီး တရားအားထုတ် နေတာ တွေ့ရတယ်၊ ခိုးသားတွေရဲ့ လက်နက်တွေစွန့်ပစ်ထား တာလဲ တွေ့ရတယ်။

ဒီတော့မှ လှည်းသားတွေဟာ သူတို့ရဲ့အသက်စည်းစိမ်ဟာ ဒီ ဥပါသကာဒါယကာကြောင့်ပဲလို့ သိပြီးတော့ ရောင်းဝယ် ဖောက်ကားပြီးတဲ့အခါ အဲဒီ သောတာပန်ဥပါသကာအား ဝိုင်းဝန်းပူဇော်ကြပါတယ်။

ဒီတော့ ဥပါသကာ ဒါယကာမှာ သူကိုယ်တိုင် ရောင်းဝယ် ဖောက်ကားလို့ ရတဲ့အမြတ်အစွန်းနဲ့ လှည်းသားတွေ ဝိုင်းဝန်း ပူဇော်တာနဲ့ဆိုတော့ ပစ္စည်းတွေ များစွာမထွန်းကားဘူးလား။

"ထွန်းကားပါတယ် ဘုရား။"

"အေး....အဲဒါ မမေ့လျော့မှုကြောင့် ထွန်းကားတာပေါ့၊ သောတာပန်ဥပါသကာက အဲဒီအကြောင်းကို ဘုရားရှင်အား လျှောက်ထားတယ်။

**အိပ်သူ-နိုးသူ**

အဲဒီလို လျှောက်ထားတော့ ဘုရားရှင်က "ဥပါသကာဒါယကာ, သင့်အားသာလျှင် နိုး ကြားတဲ့အတွက် တရားလက်မလွှတ်တဲ့အတွက် အပူဇော်ခံရတာ

မပယုတ်သေးဘူး၊ ရှေးအတိတ်အခါက ပညာရှိအလောင်းတော်လဲ နိုးကြားမှုအတွက် အပူဇော်ခံရတယ်''လို့ အမိန့်ရှိပါတယ်။

အဲဒီအခါ ဥပါသကာကလျှောက်ထားတယ်၊ ''မြတ်စွာဘုရား တပည့်တော်ရဲ့ နိုးကြားမှုကြောင့် အပူဇော်ခံရတာတော့ တပည့်တော်ကိုယ်တိုင်မို့ သိရပါပြီ၊ ရှေးက အလောင်းတော်ပညာရှိရဲ့ မမေ့မလျော့ပဲ နိုးကြားတဲ့အတွက် အပူဇော်ခံရတဲ့ အကြောင်းကို တပည့်တော်အား မိန့်ကြားပါဘုရား''လို့ လျှောက်ထားတယ်။

ဒီတော့ ဘုရားရှင်က မိန့်တယ်၊ ဥပါသကာဒါယကာ ရှေးက အလောင်းတော်ပညာရှိဟာ ရသေ့ဝတ်ပြီး တောထဲမှာ ထိုင်-ရပ် စင်္ကြံသွားအားဖြင့် ဣရိယာပုထ်သုံးပါးဖြင့် တရားကြိုးစားနေတယ်။

တနေ့ညတော့ မမေ့မလျော့ ကြိုးစားနေတဲ့ ရသေ့မြတ်ကို ကြည်ညိုသဒ္ဒါဖြစ်နေတဲ့ ရသေ့မြတ်စင်္ကြံလျှောက်နေတဲ့ စင်္ကြံဦးက နတ်သမီးက ရသေ့မြတ်ကို လျှောက်ထားတယ်။

''အို....ရ သေ့ အရှင် မြတ်၊ နိုး ကြား နေ သူ တို့ တွင် အိပ်ပျော်နေသူကား အဘယ်သူနည်း....''

''အိပ်ပျော်နေသူတို့တွင် နိုးကြားနေသူကားအဘယ် သူနည်း....''

''အကျွန်ုပ်ရဲ့ အဲဒီ ပြဿနာကို အဘယ်သူ သိပါ သနည်း၊ အကျွန်ုပ်ရဲ့ အဲဒီပြဿနာကို အဘယ်သူ ဖြေရှင်း နိုင်ပါသနည်း။''

လို့ မေးတယ်၊ အမေးကို သေသေချာချာသတိထားပါ၊ အဲဒီ လိုမေးတော့ နိုးကြားစွာ အားထုတ်နေတဲ့ ရသေ့ပညာရှိက

အဖြေကို အတတ် သိနေတော့ ချက်ချင်းပဲ ပြန်ကြားလိုက်တယ်။

"သံသယပျောက် အအေးရောက်ဖို့ မေးလျှောက်လာတဲ့ အို...နတ်သမီး၊နိုးကြားနေတဲ့သူတို့တွင် အိပ်ပျော်နေသူကား ငါပဲ။"

"အိပ်ပျော်နေတဲ့သူတို့တွင်နိုးကြားနေသူလဲငါပဲ။"

"အသင်ရဲ့ အဲဒီပြဿနာကို၊ ငါသိတယ်၊ အသင်ရဲ့အဲဒီပြဿနာကို ငါဖြေရှင်းနိုင်တယ်။"

လို့ ဖြေလိုက်တယ်၊ ဒီတော့ နတ်သမီးမှာ ခေါင်းမရှင်းဖြစ်သွားပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ "နိုးနေသူတွေထဲမှာ အိပ်တာသူ"တဲ့၊ "အိပ်နေသူတွေထဲမှာနိုးနေတာလဲ သူ"ဆိုတော့ နတ်သမီးခေါင်းရှုပ်သွားတာပေါ့။

တကယ်တော့ အိပ်ပျော်ယင်လဲ မနိုးရဘူး၊ နိုးယင်လဲမအိပ်ရဘူး၊ ယခုတော့ အိပ်တာလဲ သူပဲ၊ နိုးတာလဲသူ ပဲတဲ့၊ ကဲ....ဘုန်းကြီးတို့ပရိသတ် အိပ်ပြ, နိုးပြစမ်း၊ တပြိုင်နက် အိပ်သူနိုးသူဖြစ်အောင်လေ၊ အိပ်တတ်-နိုးတတ်ပါ့မလား။

"မအိပ်တတ် မနိုးတတ်ပါဘုရား။"

အဲဒီလို နတ်သမီး ခေါင်းမရှင်းဖြစ်သွားတော့ ခေါင်းရှုပ်သွားတော့ နောက်ထပ်တဖန် မေးလျှောက်ပြန်ပါတယ်။

"အို....ရသေ့အရှင်မြတ်၊နိုးကြားနေသူတို့တွင် အရှင်ရသေ့မြတ် အဘယ်သို့ အိပ်ပျော်နေပါသလဲ။"

"အိပ်ပျော်နေသူတို့တွင် အရှင်ရသေ့မြတ်အဘယ်သို့နိုးကြားနေပါသလဲ။"

အကျွန်ုပ်ရဲ့ အဲဒီပြဿနာကို အရှင်ရသေ့မြတ် အဘယ်သို့သိပါသလဲ၊ အကျွန်ုပ်ရဲ့ အဲဒီ ပြဿနာကို အရှင်ရသေ့မြတ် အဘယ်သို့ ဖြေကြားနိုင်ပါသလဲ။

လို့မေးလျှောက်ပြန်တယ်၊ ကဲ....မေးဖို့လဲ တကယ်ကောင်းတဲ့ ပြဿနာပဲ၊ အဲဒီလို ကောင်းတဲ့အတွက် နတ်သမီးကလဲ မေးတော့ ရသေ့မြတ်က ဖြေတယ်။

သံသယပျောက် အအေးရောက်ဖို့ မေးလျှောက်လာတဲ့ အို....နတ်သမီး၊ ရာဂ-ဒေါသ-မောဟ တရားများ အမြစ်ပြတ်ကင်းကုန်ပြီး ကိလေသာ တည်းဟူသော အိပ်ပျော်ခြင်းမှ နိုးကြားနေတဲ့ ရဟန္တာအရှင်မြတ်တို့ အကြားတွင် ငါသည် ရာဂ-ဒေါသ-ကိလေသာများဖြင့် အိပ်ပျော်လျက်ရှိနေသည်။

သံသယပျောက် အအေးရောက်ဖို့ မေးလျှောက်လာတဲ့ အို....နတ်သမီး၊ ဒါနပြုရမှန်းမသိ,သီလဆောက်တည်ရမှန်းမသိ, ကိုယ်စိတ်ကို ယဉ်ကျေးအောင် ဆုံးမရမှန်းမသိ, သစ္စာတရားမသိ၊ စောင့်စည်းရမှန်း မသိခြင်း စသည်ဖြင့် ကိလေသာတည်းဟူသော အိပ်ပျော်ခြင်း, မောဟအဝိဇ္ဇာ ဖုံးလွှမ်းကာဖြင့် အိပ်ပျော်နေငြား သတ္တဝါအများတွင် ငါကား တရားစမ္မလိုက်စား ရှုပွား နေသူဖြစ်၍ နိုးကြားသူ ဖြစ်ပေ၏။

"သံသယပျောက်အအေးရောက်ဖို့ မေးလျှောက်လာတဲ့ အို....နတ်သမီး၊ နိုးကြားနေသူတို့တွင် ငါသည် အဲဒီလို

အိပ်ပျော်နေတယ်၊ အိပ်ပျော်နေသူတို့တွင် ငါသည်
အဲဒီလို နိုးကြားနေတယ်၊ သင်ရဲ့ပြဿနာကို ငါအဲဒီလို
သိတယ်၊ သင်ရဲ့ပြဿနာကို ငါ့အဲဒီလို ဖြေတယ်။

လို့ ရသေ့အရှင်မြတ်က ဖြေကြားလိုက်တယ်၊ ဒီတော့ နတ်သမီးမှာ သံသယရှင်းသွားတယ်၊ ကဲ....ဘုန်းကြီးတို့ပရိသတ်လဲ သံသယ ရှင်းသွားပြီလား။

"ရှင်းသွားပါပြီဘုရား။"

ဘုန်းကြီးတို့ပရိသတ်လဲ အိပ်တုန်း နိုးတုန်းပဲ မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

ဟုတ်တယ်၊ ဘယ်လို အိပ်နိုးလဲဆိုတော့ မိမိတို့လောက်မှ တရားမသိသူတွေအကြားတွင် မိမိတို့က သိသင့်သလောက်သိလို့ နိုးကြားသူ နိုးနေသူမဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

မိမိတို့ထက် တရားသိသူ၊ မြင်သူဖြစ်တဲ့ ဘုရား ပစ္စေကဗုဒ္ဓ ရဟန္တာအရိယာတွေ အကြားမှာဆိုယင် မိမိတို့ဟာ အိပ်ပျော် နေသူတွေ မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

အေး....ဒီတော့ ရသေ့အရှင်မြတ်လို မိမိကိုယ်ကိုမိမိ နိုးသူ တွေထဲ ဘယ်လောက်အိပ်သူ၊ အိပ်သူတွေအထဲမှာ ဘယ်လောက် နိုးသူလို့ သိဖို့မလိုဘူးလား။

"လိုပါတယ်ဘုရား။"

ဒီတော့မှ နည်းနည်းနိုးယင် များများနိုးအောင် နှိုးမယ်၊ များများအိပ်ယင် နာနာနှိုးမယ်၊ ဒီလိုမဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

အေး....ခုတော့ ဒီလိုမဟုတ်တာတွေ များစွာတွေ့ရတယ်၊ တချို့များ "ဒို့က အပါယ်တံခါး ပိတ်နေပြီဆိုပြီးတော့ လုပ်ချင်ရာလုပ်, ပြောချင်ရာပြော, ကြံချင်ရာကြံနေတာတွေ မတွေ့ရဘူးလား။

"တွေ့ရပါတယ်ဘုရား။"

အဲဒါဟာ အပါယ်တံခါးမပိတ်၊ ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းဖြင့် အိပ်ပျော်လို့ အိပ်ချင်မူးတူးနဲ့ လုပ်ချင်တာလုပ်,ပြောချင်တာပြော,ကြံချင်တာကြံတာနော်။

"မှန်ပါဘုရား။"

သောတာပန်လောက်အထိ နိုးသူဟာ အိပ်သေးပေမယ့် အပါယ်ကျလောက်အောင် မအိပ်တော့ဘူး၊ သူ့ကိုယ်သူလဲ ဘယ်လောက်အိပ်တယ်၊ ဘယ်လောက်နိုးတယ်လို့ သိတယ်နော်။

"မှန်ပါဘုရား။"

"အေး....ဒီ ရသေ့အရှင်မြတ်လဲ သူ့ကိုယ်သူ ဘယ်လောက်အိပ်တယ်၊ ဘယ်လောက် နိုးတယ်သိလို့ နတ်သမီးက ချီးမွမ်းစကား လျှောက်ကြားပါတယ်။

"အို....ရသေ့အရှင်မြတ် အရှင်မြတ်သည် နိုးကြားနေသူတို့တွင် ကောင်းစွာအိပ်သူဖြစ်ပါ၏၊ အိပ်ပျော်နေသူတို့အကြားတွင် ကောင်းစွာ နိုးကြားသူဖြစ်ပါ၏၊

အကျွန်ုပ်ရဲ့ပြဿနာကို အရှင်ရသေ့မြတ် ကောင်းစွာ သိပါ၏၊ အကျွန်ုပ်ရဲ့ ပြဿနာကို အရှင်ရသေ့မြတ် ကောင်းစွာ ဖြေနိုင်ပါ၏။"

အဲဒီလို လျှောက်ထားပါတယ်၊ နတ်သမီးရဲ့ အပူဇော်ကို ခံရပါတယ်၊ အဲဒါဟာ သောတာပန်ရဲ့ အရေးများစွာတွေကို လုပ်ယင်းနဲ့ တရားမမေ့ပုံသာဓကပဲနော်။

"မှန်ပါဘုရား။"

**သောတာပန်မှာ သိစရာ** သောတာပန်ပုဂ္ဂိုလ်ဟာ တရားကို ကိုယ်တွေ့ သိမြင်ထားပြီးဖြစ်လို့ တရားတော်၌ အတည်ပြု ဆုံးဖြတ်နိုင်တဲ့အတွက်ကြောင့်ပဲ "သောတာ ပတ္တိယင်္ဂ=သောတာပတ္တိမဂ်၏ အစိတ်အပိုင်း" တရားလေးပါးနဲ့ ပြည့်စုံရပါတယ်၊ အဲဒီ အစိတ်အပိုင်းလေးပါးက ဘာတွေလဲဆို တော့။

၁။ ဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊

၂။ တရားတော်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊

၃။ သံဃာတော်၌ မတုန်မလှုပ် သက်ဝင် ယုံကြည်ခြင်း၊

၄။ အရိယာများ နှစ်သက်တဲ့ ငါးပါး သီလ နှင့် ပြည့်စုံခြင်း။

အဲဒီ တရား ၄-ပါးပဲ၊ အဲဒီတရား ၄-ပါး သောတာပန် ပုဂ္ဂိုလ်မှာ ထင်ရှားရှိခဲ့ပါတယ်၊ အဲဒီတရား ၄ ပါးဟာ သော တာပန်အရိယာမှန်သမျှ ရမြဲဖြစ်တဲ့ ဂုဏ်အင်္ဂါများ ဖြစ်ပါတယ်၊

အဲဒီ အင်္ဂါ ၄-ပါးဟာ မဂ်ဖြင့်ပြီးသောကြောင့် "သောတာ ပတ္တိယင်္ဂ=သောတာပတ္တိမဂ်ရဲ့အစိတ်အပိုင်း" ဖြစ်ပါတယ်။

အဲဒီ တရား၄-ပါးကို"ဓမ္မာဒါသ=တရားမှန်"လို့လဲ ဟောခဲ့ ပါတယ်၊ ဘာဖြစ်လို့ မှန်လို့ ဟောခဲ့သလဲ။

ဒီလောကမှာ မှန်ကိုကြည့်ရှုတဲ့အခါ မိမိရဲ့အခြင်းအရာ ပုံပန်း ကို ဖြစ်နေသည့်အတိုင်း အမှန်မြင်သိသကဲ့သို့ အဲဒီ တရားမှန်ဖြင့် ကြည့်ရှုလိုက်တဲ့အခါ "ငါ အပါယ်မလားတော့ပြီ, မဂ်ဟူသော နိယာမဖြင့် မြဲပြီး၊ အထက်မဂ်သာ ရဖို့ရှိတော့သည်"လို့ သိနိုင် ပါတယ်။

ဒီ ဗုဒ္ဓသာသနာတော်မှာ အတည်ပြုဆုံးဖြတ်နိုင်၍ ဘယ်သူ မှလဲ မလှည့်စားနိုင်အောင် ခိုင်မာတဲ့ ထောက်တည်ရာရနေတဲ့ သောတာပန်ရဲ့ ဒိဂုဏ်ရည်ဟာ အများလိုလား နှစ်သက်ဖွယ် မဖြစ်ဘူးလား။

"ဖြစ်ပါတယ်ဘုရား။"

လောကရေး တိုင်းရေး ပြည်ရေး နိုင်ငံရေးတွေ ပြုလုပ် ဆောင်ရွက်သော်လဲ သိက္ခာလိုလားတဲ့ သာဓကကတော့နောက် ကပြောခဲ့တဲ့ ဗိမ္ဗိသာရမင်းကြီး, သီဟ စစ်သေနာပတိချုပ်ကြီး တို့နဲ့ လုံလောက်ပါတယ်နော်။

"မှန်ပါဘုရား။"

ဒီတော့ သောတာပန်အရိယာ ဖြစ်သွားယင် ကိစ္စလုပ်ငန်း များ ပြုလုပ်စရာရှိယင် တရားလက်မလွှတ်ပဲ ဂိုဏ်း အဖော် အပေါင်းကို ဖယ်ခွာကာ ရှုပွားယင်း ပြုနိုင်လား မပြုနိုင်ဘူး

လားလို့ ရှုကြည့်တဲ့အခါ "ရှုပွားယင်း ပြုနိုင်တယ်" လို့ မိမိရဲ့ ဒီဉာဏ်စွမ်းရည်နဲ့ ပြည့်စုံသွားပြီနော်။

"မှန်ပါဘုရား။"

အေး....အဲဒီဉာဏ်နဲ့ စွမ်းရည်နဲ့ ပြည့်စုံကြောင်းကို အရိယာ သောတာပန်ဟာ ဘယ်လိုသိသလဲဆိုတဲ့အကြောင်းကို ပါဠိ တော်က ဒီလိုပြထားပါတယ်-

"ရဟန်းတော်များ....အိုချစ်သားတို့၊ ထို သောတာ ပန်အရိယာသည် ဤသို့ သိပေမြင်ပေ၏၊ အကြင်သို့ သဘောရှိသော ကိစ္စကြီးငယ်ကို မလွှဲသာ၍ ပြုလုပ် ဆောင်ရွက်နေရသော်လဲ သိက္ခာသုံးပါးအကျင့်တရားကို ကျင့်ရန် စိတ်အလိုဆန္ဒ ထက်သန်လျက်ရှိသည်ဟု ဆို သော အရိယာတို့မှာ ပြည့်စုံမြဲ ဓမ္မတာသဘောရှိ၏၊ ငါလဲပဲ ထိုဓမ္မတာသဘောနှင့် ပြည့်စုံပါပေသည်ဟူ၍ ဤသို့ သိပေသည်"

လို့ အဲဒီလို ပြထားပါတယ်၊ အဲဒါဟာ သောတာပန်အရိယာ နှင့် ပုထုဇဉ်တို့ရဲ့ ခြားနားချက်၊ သောတာပန်အရိယာရဲ့ ပဥ္စမ စွမ်းရည်ပဲနော်။

"မှန်ပါဘုရား။"

ကဲ....အဲဒီ ပဥ္စမဉာဏ်စွမ်းရည်ကို နိဂုံးချုပ်ကြရအောင်၊ အဲဒီ ပဥ္စမဉာဏ်စွမ်းရည် နိဂုံးကို ဘုရားရှင်က ဘယ်လိုဟောပြခဲ့သလဲ....

"ရဟန်းတော်များ အို....ချစ်သားတို့၊ ဒီဆင်ခြင် ဉာဏ်ဟာ ထိုသောတာပန်ပုဂ္ဂိုလ်ရတဲ့ ပဥ္စမဉာဏ်ဖြစ်ပေ

၏၊ လောကုတ္တရာ-အရိယာမဂ်ဉာဏ်ကို မှီ၍ဖြစ်တဲ့ ဉာဏ် ဖြစ်ပေ၏၊ ပုထုဇဉ်တို့နှင့် မဆက်ဆံတဲ့ ဉာဏ်ဖြစ်ပေ၏။”

လို့ ဘုရားရှင်က နိဂုံးချုပ်ဟောထားပါတယ်၊ ဒီတော့ ဒီဉာဏ်ဟာ လောကုတ္တရာ အရိယာမဂ်ရပြီးတဲ့ အရိယာရဲ့ သန္တာန်မှာသာ ဖြစ်တယ်၊ ပုထုဇဉ်သန္တာန်မှာ မဖြစ်ဘူး၊ ပုထုဇဉ်ထက်ထူးခြားတဲ့ သောတာပန်အရိယာရဲ့ စွမ်းရည်ပေါ့၊ အဲဒီစွမ်းရည်ကို အချုပ်လင်္ကာလေးနဲ့ မှတ်ထားပါ။

* သွားငယ်စောင့်ကြည့်, နွားမိပမာ၊
ရှောင်လွှဲမရှေ, ကိစ္စစုံစွာ။
လုပ်ကိုင်သော်ငြား, လိုလားသိက္ခာ၊
ရှိ-မရှိ, ရှုကြည့်သိ-သချာ။ ။

**ဆဋ္ဌမစွမ်းရည်**

ကဲ....ယခုဆိုယင် သောတာပန်အရိယာပုဂ္ဂိုလ်ရဲ့ စွမ်းရည်ငါးပါးပြီးသွားပြီ၊ ယခုဆက်လက်ပြီး တော့ ခြောက်ပါးမြောက် စွမ်းရည်ကို ဟောကြ,နာကြရအောင်၊ အဲဒီခြောက်ပါးမြောက် စွမ်းရည်ကို ဘုရားရှင်က ဘယ်လို ဟောလဲ....

“ရဟန်းတော်များ အို.... ချစ်သားတို့၊ တဖန် တခြား ဆင်ခြင်ပုံတပါးကား အရိယာတပည့်သည်၊ သောတာပန်အရိယာသည် ဤသို့ရှုဆင်ခြင်လေ၏၊ အရိယာဉာဏ်အမြင်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် အကြင် သို့သော ခွန်အားနှင့် ပြည့်စုံ၏၊ ငါသည်လည်း ထိုသို့ သော ခွန်အားနှင့် ပြည့်စုံပါ၏လောလို့ ဤသို့ဆင်ခြင် လေ၏။”

လို့ ဟောထားပါတယ်၊ အဝိပ္ပာယ်က ဘာတဲ့လဲ၊ သောတာပန် အရိယာဖြစ်တဲ့ ငါဟာ အရိယာများ ပြည့်စုံမြဲဖြစ်တဲ့ ခွန်အား ပြည့်စုံပါရဲ့လားလို့ အဲဒီလို ဆင်ခြင်တာတဲ့နော်။

"မှန်ပါဘုရား။"

ဘုန်းကြီးတို့ပရိသတ် ဒီနေရာမှာထူးခြားတဲ့စကားက ဘာတဲ့ လဲဆိုတော့ "ခွန်အား"တဲ့၊ "အား"တဲ့ ဒီစကားပဲ၊ အဲဒါကို အမိကရှင်းရမယ်၊ အားဆိုတာဟာ သူ့နေရာနှင့်သူ သူ့အားနှင့် သူ အမျိုးမျိုး, အသီးသီးရှိတယ် မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား။"

ဘယ်လို အမျိုးမျိုး အသီးသီးရှိလဲ၊ ကိုယ်အား, လက်နက် အား, ပရိသတ်အား, ဉာဏ်အား, သည်းခံအား, စသည်ဖြင့် အမျိုးမျိုးအသီးသီး မရှိဘူးလား။

"ရှိပါတယ် ဘုရား။"

အဲဒီ အားအမျိုးမျိုး အသီးသီးကို အားကိုးပုံချင်းလဲမတူ ဘူး၊ ဘယ်လိုအားကိုးကြလဲ၊ လူမိုက်တွေက ကိုယ်အား, လက်နက်အား, ပရိသတ်အားကို အသုံးပြုကြတယ်၊ အားကိုး ကြတယ်၊ ပညာရှိတွေက ဉာဏ်အားကို သည်းခံအားကို အသုံးပြုကြတယ်၊ အားကိုးကြတယ်နော်။

"မှန်ပါဘုရား။"

ဒီနေရာမှာ သောတာပန်နှင့် ပုထုဇဉ်တို့ အားကိုအသုံးပြု ပုံချင်းမတူပုံ အားကိုးပုံချင်းမတူပုံကို သာဓက ပြချင်ပါ သေးတယ်၊ မှတ်စရာ အင်မတန် ကောင်းပါတယ်။

ဘုရားရှင် လက်ထက်ကပေါ့၊ ဘာရဒွါဇအနွယ်ရှိတဲ့ မိစ္ဆာ ပုဏ္ဏားတဦးရှိတယ်၊ သူ့ဇနီးက ဓနဉ္စာနီတဲ့၊ သောတာပန် ပုဏ္ဏေးမပေါ့။

ပုဏ္ဏားကြီးက မိစ္ဆာပုဏ္ဏားတွေကို ကြည်ညိုတယ်၊ ပုဏ္ဏေးမက ဘုရားရှင်ရဲ့ တပည့်မ သောတာပန်ဆိုတော့ ရတနာ သုံးပါးကြည်ညိုတယ်၊ ကဲ....ကြည်ညိုပုံချင်းတူရဲ့လား။

"မတူပါ ဘုရား။"

သူတို့နှစ်ဦးရဲ့ ဖြစ်ပုံကို ကြည့်စမ်း၊ အတော်ဆန်းကြယ်တယ်၊ ပုဏ္ဏားကြီးက မိစ္ဆာပုဏ္ဏားတွေကို ထမင်းဖိတ်ပြီးတော့ ကျွေးမွေး တဲ့အခါ ပုဏ္ဏေးမက ကိုယ်တိုင်ပဲ ပြုစုလုပ်ကျွေးပါတယ်၊ အဲ.... ပုဏ္ဏေးမက ဘုရားအမှူးရှိတဲ့ သံဃာတော်များအား ဆွမ်းဆက် ကပ် လှူဒါန်းတဲ့အခါ ပုဏ္ဏားကြီးက အိမ်မှ ရှောင်ပြေးတတ် တယ်။

အဲဒါကြည့်ယင် သူရဲတရွေတွေ ဘုရားနား၊ သံဃာနားမကပ် နိုင်ဘူး၊ တရားသံ မကြားနိုင်ဘူးဆိုတဲ့ သာဓကဟာ ထင်ရှား တယ်၊ သူရဲတစ္ဆေဖြစ်တယ်ဆိုတာဟာ အဲဒီလို မိစ္ဆာတွေဖြစ်ကြ တာနော်။

"မှန်ပါဘုရား။"

ပုဏ္ဏေးမကြီးမှာ ဘယ်လိုအကျင့်ရှိလဲဆိုတော့ ယောင်မယ်, ချေမယ်, ချောင်းဆိုးမယ်ဆိုယင် "နမော ဗုဒ္ဓဿ"လို့ ရွတ်လေ့ ရှိတယ်၊ အဲဒီလိုရွတ်ယင် မိစ္ဆာပုဏ္ဏားတွေ ပြေးကုန်ရော၊ အဲဒီ အကျင့်ရှိတယ်၊ မကောင်းဘူးလား။

"ကောင်းပါတယ် ဘုရား။"

တချို့ဒကာမတွေများ ယောင်လိုက်တာ မကြားဝံ့ မနာသာ တွေ ယောင်တယ်၊ မကောင်းတဲ့အကျင့်ပဲ၊ ဒါမျိုးမယောင် သင့်ဘူးနော်။

'မှန်ပါဘုရား''။

အဲ....တနေ့တော့ ပုဏ္ဏားကြီးဟာ သူကိုးကွယ်နေတဲ့ မိစ္ဆာ ပုဏ္ဏားငါးရာကို ထမင်းစားဖိတ်လာပြီးနောက် ပုဏ္ဏေးမကို ပြောတယ်....

"အို....ရှင်မ နက်ဖြန်ခါ ငါ့ရဲ့ဆရာ ဗြာဟ္မဏငါးရာကို ထမင်းစားဖိတ်ခဲ့တယ်၊ကြွလာလိမ့်မယ်၊ရှင်မကထိုင်ယင်း ဖြစ်စေ, ရပ်ယင်းဖြစ်စေ, ချောင်းဆိုး, ချေဆတ်တဲ့အခါ ဖြစ်စေ, ယောင်းယမ်းတဲ့အခါဖြစ်စေ, "နမောဗုဒ္ဓဿ" လို့ ရဟန်းဂေါတမအား ရှိခိုးလေ့ရှိတယ်။"

"အို....ရှင်မ နက်ဖြန်ခါတနေ့တော့ အဲဒီလို ရှိခိုးမှု မပြုပါနှင့်၊ အဲဒီအသံကိုကြားယင် ငါ့ရဲ့ဆရာပုဏ္ဏားတွေ စိတ်မချမ်းသာကြပါ၊ ငါနဲ့ ငါ့ရဲ့ ဆရာပုဏ္ဏားတွေနဲ့ ကွဲအောင် မလုပ်ပါနဲ့။"

လို့ ပြောတယ်၊ ကဲ....စဉ်းစားကြည့်စမ်း၊ "နမောဗုဒ္ဓဿ"လို့ ရှိခိုးတာနဲ့ သူ့ဆရာပုဏ္ဏားတွေနဲ့ သူနဲ့ကွဲအောင် ခွဲတာတဲ့၊ ဒီတော့ သောတာပန်ပုဏ္ဏေးမက....

"အို ရှင်....ပုဏ္ဏားတွေနဲ့ပဲ ကွဲကွဲ၊ နတ်ဗြဟ္မာတွေနဲ့ပဲ ကွဲကွဲ ကျွန်မကတော့ ဘုရားရှင်ကိုသတိရယင် ရှိမခိုးပဲ မနေနိုင်။"

လို့ ပြောတယ်၊ ငြင်းဆန်တယ်၊ စဉ်းစားကြည့်ပါ၊ သူ့ရဲ့ စိတ်နှလုံးမှာ ဘုရားအာရုံဟာ စွဲမြဲနေတာ၊ ဒါကိုရှိမခိုးရဘူးလို့ တားမြစ်လို့ဖြစ်မလား၊ မဖြစ်နိုင်တာပဲ၊ ဒီတော့ ပုဏ္ဏေးမကို ပုဏ္ဏားကြီးက....

"အို....ရှင်မ၊ အိမ်ခြေတရာရှိတဲ့ရွာမှာ ရွာတံခါးကို ပင် ပိတ်နိုင်ပါသေးလျက် လက်နှစ်ချောင်းမျှနှင့်ပိတ်လျှင် ရနိုင်တဲ့ သင့်ပါးစပ်လေးကို ဆရာပုဏ္ဏားတွေ ထမင်းစားချိန်ကလေးအတွင်းမျှ မပိတ်ထားနိုင်ဘူးလား။"

လို့ အဲဒီလိုပြောတယ်၊ ပုဏ္ဏေးမကလဲ မပိတ်ထားနိုင်ကြောင်း ငြင်းဆန်မြဲငြင်းဆန်တယ်၊ ဉာဏ်အားနဲ့ ငြင်းနေတာ၊ သူ့ဉာဏ်အားကို သူမလွန်ဆန်နိုင်ဘူး၊ ဒီတော့ မိစ္ဆာပုဏ္ဏားက လက်နက်အားကိုးနဲ့ လွှမ်းမိုးမယ်ဆိုတဲ့သဘောနဲ့ ခေါင်းရင်းမှ သန်လျက်ကို ဆွဲယူပြီး....

"ဟေ့....ရှင်မ မနက်ဖြန်ခါ သင်ရဲ့ရဟန်းဦးပြည်းကို ရှိခိုးယင်တော့ သင့်ကို ဒီသန်လျက်နဲ့ ခြေဖျားမှ ခေါင်းအထိ နုပ်နုပ်ပါအောင် စဉ်းပစ်မယ်။"

လို့ ပြောဆိုခြိမ်းချောက်ပါတယ်၊ ဒီလို ခြိမ်းချောက်တော့ ဘုရားရှင်ရဲ့တပည့်မ အရိယာသောတာပန်မည်သည်မှာ ဘုရားနှင့် စပ်လာလျှင် မတုန်မလှုပ်တဲ့ ဓမ္မတာအတိုင်း....

"အို....ရှင်၊ ကျွန်မရဲ့ အင်္ဂါကြီးငယ်တွေကို ဖြတ်လိုလဲ ဖြတ်, ကျွန်မကို သတ်လိုလဲသတ်ပါတော့၊ ဘုရားရှင်ရဲ့ အဆုံးအမကိုတော့ မပယ်ရှားနိုင်ပါ၊ ဘုရားရှင်နှင့် ကင်း၍လဲ မနေနိုင်ပါ။"

လို့ ရဲရဲတောက် ပြန်ပြောတယ်၊ ဒီတော့မိစ္ဆာပုဏ္ဏားလဲ ဘာမှ မတတ်နိုင်တော့ "အေး....မင်းထင်ရာသာလုပ်တော့" လို့ပြောဆို ကာ လက်လျှော့ရပါတော့တယ်။

နောက်တနေ့ မိစ္ဆာ ပုဏ္ဏားတွေ ထမင်းစားနေချိန်မှာ လိုက်ဖြီးတော့ ပြုစုကျွေးမွေးနေယင်း ပုဏ္ဏေးမချော်လဲသွားရာ ဘုရားရှင်ကို သတိရ၍ "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" လို့ သုံးကြိမ်တိုင်တိုင် ဥဒါန်းကျူးလေတော့ တယ်။

အဲဒီလို ဥဒါန်းကျူးတော့ ထမင်းစားနေတဲ့ ပုဏ္ဏားတွေဟာ အကြီးအကျယ် စိတ်ဆိုးကာ ပုဏ္ဏားကြီးကိုဆဲရေးပြီး ထမင်း ဆက်မစားတော့ပဲ ထပြန်သွားကြတယ်။

ပုဏ္ဏားကြီးလဲ ပုဏ္ဏေးမကို အမျိုးမျိုးဆဲရေးကာ အားမရ သေးတော့ ဘုရားရှင်ကို ပြဿနာဖြင့် အဖြေခက်အောင်ပြု၍ ညှဉ်းဆဲမယ်ဆိုပြီး ဘုရားရှင်ထံသွားပြီး ပြဿနာမေးတယ်။

အဲ....ဘုရားရှင်က အလွယ်တကူပဲ အခက်အခဲမရှိ ဖြေကြား လိုက်တဲ့ အဖြေစကားကို ကြားရတဲ့အခါ နှစ်သက်အားရကာ ဘုရားရှင်ထံမှာ ရဟန်းပြုပြီး တရားအားထုတ်ရာ မကြာမီမှာပဲ ရဟန္တာဖြစ်သွားပါတယ်။

ကဲ....အဲဒါဟာ လူမိုက်က လက်နက်အားကို အသုံးပြု၍ လူလိမ္မာကညာဏ်အား သည်းခံအားကို အသုံးပြုပုံ သာဓကပါ ပဲ၊ ယခုဒီမှာ သောတာပန်အရိယာတွေမှာ ခွန်အား မရှိဘူး လား။

"ရှိပါတယ်ဘုရား။"

အဲ....သောတာပန်အရိယာတို့ရဲ့ ခွန်အားဟာ အင်မတန်ကြီးပါတယ်၊ အဲဒီခွန်အားက ဘယ်လိုလဲ၊ ဘုရားရှင်က အဲဒီခွန်အားကို ဘယ်လိုဟောသလဲ-

"ရဟန်းတော်များ....အိုချစ်သားတို့၊ အရိယာဉာဏ်အမြင်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် အဘယ်သို့သဘောရှိသော ခွန်အားနှင့် ပြည့်စုံသနည်း။"

"ဘုရားရှင်သည် သိစေအပ်သော တရားဝိနည်းကို ဟောအပ်သည်ရှိသော် အလိုရှိသည်၏ အဖြစ်ကိုပြု၍ လိုးလိုးလားလားရှိ၍ ရိုသေစွာနှလုံးသွင်းလျက် စိတ်အားလုံးဖြင့် ကောင်းစွာဆောင်၍ ချထားအပ်သောနားရှိသည်ဖြစ်၍ တရားကိုနာ၏"

"ရဟန်းတော်များ အိုချစ်သားတို့....ဤသို့ရိုသေစွာ နားစွင့်လျက် တရားနာခြင်းသည် အရိယာဉာဏ်အမြင်နှင့် ပြည့်စုံသောပုဂ္ဂိုလ်၏ ခွန်အားပါပေတည်း။

လို့ ဘုရားရှင်က သောတာပန်အရိယာရဲ့ ခွန်အားကို အဲဒီလို ဟောပြပါတယ်၊ ကဲ....အဲဒီ အရိယာတို့ရဲ့ ခွန်အားကို ရှင်းပြကြစို့ နော်။

"မှန်ပါဘုရား။"

သောတာပန်အရိယာပုဂ္ဂိုလ်တို့ဟာ ဘုရားရှင်ဟောထားတဲ့ တရားတွေကို နာကြားတဲ့အခါ စီးပွားဥစ္စာ ရှာသည့်ပမာ ရိုသေစွာ အရအမိ နာတယ်တဲ့။

ကဲ....ဒါဖြင့် ဘုန်းကြီးတို့ပရိသတ် စီးပွားဥစ္စာ ရှာနေကြတာပါ။ ဘယ်လိုရှာသလဲ စစ်ကြစို့၊ စီးပွားဥစ္စာရှာတဲ့ ဘုန်းကြီး

တို့ ပရိသတ်ဟာ သူများဆီက ရစရာရှိယင် တပြားတချပ်မျှ အလျှော့ခံပြီးတော့ ယူရဲ့လား။

"အလျှော့ခံမယူပါဘုရား။"

အေး....ဟုတ်ပြီ၊ တော်တယ်တော်တယ်၊ စီးပွားရှာကောင်းတယ်၊ ဒါ့ကြောင့် ရကြတာနဲ့ တူတယ်၊ ကဲဒါဖြင့် သူများထံက ငွေချေးတဲ့အခါ သေသေချာချာ ရေတွက်ပြီးတော့ ချေးယူသလား, မရေတွက်ပဲနဲ့ သူပေးလိုက်တဲ့အတိုင်း အမှတ်တမဲ့နဲ့ ယူခဲ့သလား။

"သေသေချာချာ ရေတွက်ယူပါတယ်ဘုရား။"

အေး-ဟုတ်ပြီ သေချာတယ်၊ သိပ်ပြီးတော့သေချာတာပဲ၊ ဒါ့ကြောင့် စီးပွားဖြစ်ကြတာနဲ့ တူတယ်၊ ကဲ....ဒါဖြင့် ကောက်ပဲသီးနှံ ဆန်စပါးစသည်တို့ကို သိမ်းဆည်းတဲ့ အခါမှာကော ဖြစ်ကတတ်ဆန်း သိမ်းဆည်းသလား, ရနိုင်သမျှ တလုံးမကျန် တစေ့မကျန် သိမ်းယူသလား။

"ရနိုင်သမျှ တလုံးတစေ့မှမကျန်အောင်ပဲ သိမ်းယူပါတယ်ဘုရား။"

အေး.... အေး... ဟုတ်ပြီ၊ ဟုတ်ပြီ၊ တယ်တော်ကြတယ်၊ ဒါ့ကြောင့် စီးပွားဖြစ်ကြတာကိုး၊ ကဲ....ဒါဖြင့် ယခုလိုတရားတော်ကို နာကြားတော့ ဘယ်လိုနာလဲ၊ တလုံးမကျန် မှတ်မိအောင် နာမလား တော်သင့် လျော်သင့် မှတ်မိယင် တော်ပြီဆိုပြီး နာမှာလား။

"တလုံးမကျန် မှတ်မိအောင် ဆိုပြီးတော့ နာယူရပါမယ်ဘုရား။"

အေး....စီးပွားရှာသလို နာရမှာ၊ သောတာပန် အရိယာများဟာ တရားနာတဲ့အခါ စီးပွားဥစ္စာသဖွယ် လိုလိုလားလားနာတယ်၊ စိတ်အားလုံးဖြင့် ကောင်းစွာ ဆောင်ပြီးနာတယ်၊ စိတ်တစိတ်မှ တခြားအားရုံသို့ မရောက်စေပဲ စိတ်တိုင်းစိတ်တိုင်းဖြင့် နှလုံးသွင်းပြီးတော့ နာကြားတယ်တဲ့၊ ဘုန်းကြီးတို့ပရိသတ်လဲ အဲဒီလိုနာနော်။

"မှန်ပါဘုရား။"

အဲဒီတရားနာမှုနဲ့ ပတ်သက်ပြီးတော့ အဋ္ဌကထာကပြတဲ့စကားလေးဟာ သိပ်ကောင်းပါတယ်၊ မှတ်ထားပါ၊ ပြောပြပါမယ်။

"အရိယသာဝကာ ဟိ ပိယမဝ္ဝဿာဝနာ ဟောန္တိ=မှန်၏။ အရိယာတပည့်တို့သည် တရားနာကြားမှုကို ချစ်မြတ်နိုးကုန်၏။"

လို့ ပြထားပါတယ်၊ ဒီတော့ သောတာပန်အရိယာဟာ တရားတော်ကို နာတယ်၊ အေး....ခုခေတ်တော့ ကြားရတဲ့စကားတွေက မကောင်းဘူး၊ ဘာတွေလဲဆိုတော့ "မင်းတို့က ခုထက်ထိ နာရတုန်းလား"တဲ့၊ တချို့ကလဲ ဒီ ဘုန်းကြီးဟောတဲ့တရား မနာနဲ့၊ တို့ဘုန်းကြီးတရားမှ နာတဲ့၊ ပြီးတော့ သောတာပန်အမည်ခံသေးတယ်၊ ဟုတ်ပါ့မလား။

"မဟုတ်ပါဘုရား"။

ကဲ....ထားပါတော့၊ ခုနက အ ဋ္ဌ က ထာ ရဲ့ စ ကား ဆက်ကလေး ပြောကြရအောင်၊ အဋ္ဌကထာမှာ ဆက်ပြီးတော့ ဘယ်လိုပြလဲဆိုတော့....

"အရိယာပုဂ္ဂိုလ်တို့သည် တရားမဏ္ဍပ်သို့ သွားပြီး အိပ်ငိုက်၍လဲမနေကြကုန်၊ တစုံတယောက်နှင့်လဲ စကားပြော၍ မနေကြကုန်၊ ပျံ့လွင့်တဲ့စိတ်လဲ မဖြစ်ကြကုန်၊ အမြိုက် သုခဘုတ်ကို သုံးဆောင်ရသကဲ့သို့၊ တရားနာမှုဖြင့် မရောင့်ရဲကြကုန်၊ တရားနာယင်း အရဏ်တက်ကြကုန်၏။

လို့ ပြပါတယ်၊ အဲဒီမှာ သတိပြုပါ၊ အရိယာပုဂ္ဂိုလ်တွေဟာ တရားနာယင်း မငိုက်ဘူး၊ တရားနာယင်း အရဏ်တက်တယ်၊ အရဏ်တက်အောင် ဟောယင် အရဏ်တက်အောင်နာပါသတဲ့၊ မငိုက်ဘူးတဲ့။

ဒီတော့ သောတာပန်စစ်တမ်းဟာ သိပ်မခက်ပါဘူး၊ တရားဟောကောင်းတဲ့ ကိုယ်တော်တပါးပင့်ပြီး ညဉ့် ၆-နာရီကနေ နံနက် ၆-နာရီအထိ တရားဟောခိုင်းပြီး မငိုက်မျဉ်းပဲ နာပေါ့၊ ငိုက်မျဉ်းယင် သောတာပန် ဟုတ်ပါ့မလား။

"မဟုတ်ပါဘုရား"။

အေး....ငိုက်တော့ မငိုက်ဘူးတဲ့၊ တရားအာရုံဆီသို့ စိတ်မရောက်ဘူး၊ ပျံ့လွင့်နေမယ်၊ ရောက်တတ်ရာရာ ရောက်နေမယ်ဆိုယင်ကော သောတာပန် ဟုတ်ပါ့မလား။

"မဟုတ်ပါဘုရား"။

သောတာပန်ပုဂ္ဂိုလ်များဟာ ပါဠိတော်တရားတွေ နာရတဲ့အခါ အမြိုက်သုခဘုတ်ကို သုံးဆောင်ရသကဲ့သို့ တရားနာမှုဖြင့် မရောင့်ရဲဘူးတဲ့၊ ယခုတော့ ဘယ်လိုလဲ၊ ဒီနေ့တော့ နားလိုက်

အိုးမယ်၊ နက်ဖြန်ညမှ နာမယ်တဲ့၊ တရားတဝက်တပြက်ကြီးနဲ့ ရပ်ထားတယ်! ပြီးတော့ သောတာပန်တဲ့ ဟုတ်ပါ့မလား။

"မဟုတ်ပါဘုရား။"

တချို့ ဒီခေတ်မှာ ဖြစ်နေတာက ကိုယ့်အဖွဲ့က မမ္ဗကထိက မဟုတ်ယင် တရားမနာဘူး၊ ဘယ်လောက် တရားဟောကောင်း ကောင်း ကိုယ်နှင့်မဆိုင်သလို နေကြတယ်၊ အဲ.... ကိုယ့်အဖွဲ့က မမ္ဗကထိက ဟောယင်တော့ "သိပ်ကောင်း သိပ်ကောင်း"ဆိုပြီး တော့ နာကြတယ်၊ သူများတွေလဲ အတင်းပဲနာယူဖို့ ဆွဲဆောင် တယ်၊ အဲဒါဟာ ဉာဏ်ပညာနဲ့ကြည့်ယင် အတ္တဒိဋ္ဌိ အစွဲကြီး တာပဲ၊ မတွေ့ရဘူးလား။

"တွေ့ရပါတယ်ဘုရား။"

အေး.... သောတာပန်အရိယာပုဂ္ဂိုလ်မှာ အတ္တဒိဋ္ဌိ အစွဲကြီး ပျောက်ကွင်းသွားပြီဖြစ်တော့ သူ့အဖွဲ့၊ ကိုယ့်အဖွဲ့၊ သူ့တရား၊ ကိုယ့်တရားဆိုတဲ့ အစွဲများတွေရှိသေးလား။

"မရှိတော့ပါ ဘုရား။"

**တရားနာရကျိုး** အေး.... အစွဲများတွေ မထားပဲ စိတ်ပွင့်လင့်တဲ့ အခါ၊ ကာမဝိတက် ကြံမှားချက်စတဲ့ ဝိတက် တပါးပါး လွှမ်းမိုးခံထားရတဲ့အခါ စသည်များမှာ တရားနာ ရန် အထူးသင့်ပါတယ်၊ တရားစကား နာကြားခြင်းဖြင့် အကျိုး မယုတ်ပဲ အကျိုးငါးပါးရပါတယ်။

၁။ မကြားဖူးတာကို ကြားနာရခြင်း
၂။ ကြားဖူးပြီးတာကို စင်ကြယ်စေခြင်း

၃။ ယုံမှားသံသယကို ပယ်ဖျောက်နိုင်ခြင်း
၄။ အယူအဆကို ဖြောင့်မှန်အောင် ပြုတတ်ခြင်း
၅။ စိတ်ကြည်လင်ခြင်း

ဆိုတဲ့ အကျိုးငါးပါး ရပါတယ်၊ အဲဒီအကျိုးငါးပါးထဲမှာ စိတ်ကြည်လင်ရခြင်းဆိုတဲ့ အကျိုးမှာ လွန်စွာမှ အရေးကြီးတဲ့ အကျိုးတရားဖြစ်ပါတယ်။

မှန်ပါတယ်၊ မိမိရဲ့စီးပွားရေး, ပညာရေး, ကျန်းမာရေး, ဆွေရေး, မျိုးရေး, ရပ်ရေး, ရွာရေး, တိုင်းရေး, ပြည်ရေး, နိုင်ငံရေး စသည်ကြောင့် စိတ်မချမ်းသာကာ သောကရောက်နေတဲ့အခါဟာ အလွန်တရာ တရားနာသင့်တဲ့အခါ ဖြစ်ပါတယ်။

ယခုတော့ ဒီလိုမဟုတ်ဘူး၊ ဘုန်းကြီး တခါက မြို့တမြို့မှာ တရားဟောနေတယ်၊ တရားနာချိန်ရောက်တော့ ဘုန်းကြီးရဲ့ တဲကျောင်းရှေ့က ဖြတ်ပြီး တရားမကျွပ်သွား ရတယ်။

ဒကာမတစု ပြောသွားတဲ့အသံကို ကြားရတယ်၊ "ငါ(....) ကို တရားနာရအောင် သွားခေါ်တယ်၊ (....)က ငါ့ကို ပြောလိုက်တယ်၊ "အေး....ညည်းတို့ကတော့ စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိတော့ တရားနာနိုင်တာပေါ့၊ ငါ့မှာတော့ စိတ်မချမ်းသာလို့ တရားမနာနိုင်ဘူး" လို့ ပြောလိုက်တယ်တဲ့၊ ကဲ-မသိတာ မခက်ဘူး လား။

"ခက်ပါတယ် ဘုရား။"

အေး....သူက မသိခက်၊ ခုနက တရားသမားအမည်ခံ အတ္တဒိဋ္ဌိ အစွဲကြီးတဲ့ အယူမှားက သူ့ထက်ခက်တယ်၊ မိမိမှာ ကိလေသာ

အနာရောဂါထနေတာ ဘယ်သူကုကုပေါ့၊ ပျောက်ကင်းတာ သာ အဓိကမဟုတ်လား။

"ဟုတ်ပါတယ် ဘုရား။"

အေး....ဒီတော့ ကိုယ့်မှာ ကိလေသာ အနာရောဂါတွေ ထကြွနေတာ၊ ယခုခေတ်အနေနဲ့ ဘယ်အဖွဲ့က ဓမ္မကထိကပဲ ဟောဟော ဘုရားတရားပါပဲ၊ အဲဒီဟောတဲ့ ဓမ္မကထိက စွမ်းအားရှိယင် ကိုယ့်မှာဖြစ်သမျှ သောကဟာ တခဏချင်း ပျောက်ကင်းနိုင်ပါတယ်။

**မုဏ္ဍာမင်းရဲ့သောက** ဒီနေရာမှာ မုဏ္ဍာမင်းရဲ့ သောကငြိမ်းပုံကို သာဓကပြချင်ပါတယ်၊ အရှင်နာရဒထေရ် ဧ ါဠလိပုတ်ပြည်မှာ သီတင်းသုံးစဉ်ကပေါ့၊ မုဏ္ဍာမင်းရဲ့ ချစ်မြတ်နိုးအပ်တဲ့ ဘဒ္ဒါအမည်ရှိတဲ့မိဖုရား စုတေခဲ့ပါတယ်၊ မုဏ္ဍာမင်းဟာ ရေမချိုး, မဖီးမလိမ်း, အစာမစား, အလုပ်မလုပ်ပဲ နေ့ရော ညပါ ဘဒ္ဒါရဲ့ကိုယ်ကောင်ဦးသာ နစ်မျောနေခဲ့ပါတယ်။

ဒီတော့ သူဘာလုပ်သလဲ၊ဘဒ္ဒါရဲ့ကိုယ်ကို ကြာမြင့်စွာ မြင်ရအောင် သံဖြင့်ပြီးတဲ့ ဆီစကျင်းမှာ ထည့်သွင်းကာ အပေါ်က သံစကျင်ဖြင့် အုပ်ထားရန် ဘဏ္ဍာစိုး ပိယက အား အမိန့်ပေးခိုင်းစေသဖြင့် ပိယက,က ခိုင်းတဲ့အတိုင်း မှုလုပ်ရပါတယ်။

အဲဒီနောက် မင်း ကြီး ရဲ့ သော က ပျောက်ငြိမ်းဖို့ရန် အရှင်နာရဒထေရ်မြတ်ထံ ချဉ်းကပ်ရန် အကြံပေးလျှောက်ထားကြရာ မင်းကြီးကလဲ သဘောတူကာ အရှင်နာရဒထေရ်ထံ ရောက်လာပါတယ်၊ ထိုအခါ အရှင်နာရဒထေရ်မြတ်က....

"မင်းကြီး၊ လောက၌ ရဟန်းပုဏ္ဏား, နတ်,မာရ်နတ်, ဗြဟ္မာ ဘယ်သူမှ မရကောင်းသော အရာ၌ ငါးမျိုး ရှိတယ်။

၁။ အိုခြင်းသဘောရှိသောအရာကို မအိုပါနှင့်လို့ ဘယ်သူမှ မရကောင်းသော အရာဖြစ်တယ်။

၂။ နာခြင်းသဘောရှိသော အရာကို မနာပါနှင့် လို့ ဘယ်သူမှ မရကောင်းသော အရာဖြစ်တယ်။

၃။ သေခြင်းသဘောရှိသောအရာကို မသေပါနှင့် လို့ ဘယ်သူမှမရကောင်းသော အရာဖြစ်တယ်။

၄။ ကုန်တတ်သောအရာတို့ကို မကုန်ပါနှင့်လို့ ဘယ်သူမှ မရကောင်းသော အရာဖြစ်တယ်။

၅။ ပျက်တတ်သောအရာတို့ကို မပျက်ပါနှင့်လို့ ဘယ်သူမှ မရကောင်းသော အရာဖြစ်တယ်။

လို့ ဟောပါတယ်၊ အဲဒီလိုဟောပြီးနောက် ပုထုဇဉ်နှင့် အရိယာတို့ အဲဒီသဘောများနှင့် ကြုံရတဲ့အခါ ကွဲပြားပုံကို ဆက်လက်ပြီးတော့ ဟောတော်မူပါတယ်၊ ဘယ်လိုဟောသလဲ ဆိုတော့....

"မင်းကြီး....ပုထုဇဉ်သည် မိမိနဲ့ပတ်သက်တဲ့ အရာဝတ္ထုတွေအိုခြင်း,နာခြင်း,သေခြင်း,ကုန်ခြင်း,ပျက်ခြင်း, ကွေကွင်းခြင်းတို့နှင့် ကြုံရတဲ့အခါ ဒီ....အိုခြင်းစသည်မှာ ငါတယောက်သာ ကြုံရတာမဟုတ်၊ အားလုံးပဲကြုံရတာ ဖြစ်တယ်၊ ငါက စိုးရိမ်ပူပန်ငိုကြွေးနေယင် အစား

ပျက်, အလုပ်ပျက်, ရုပ်ဆင်းပျက်ရုံသာရှိမယ်၊ ရန်သူ တွေ ဝမ်းသာအားရမယ်၊ မိတ်ဆွေတွေ ဝမ်းနည်း စိတ်မကောင်းဖြစ်ကြမယ်လို့ စိုးရိမ်ပူဆွေး ငိုကြွေးကြ ရတယ်၊ အဲဒီလို စိုးရိမ်ပူဆွေးငိုကြွေးရခြင်းဖြင့် အဆိပ် လူးထားတဲ့ သောကငြောင့်ကြီး အစူးခံရတယ်။"

"မင်းကြီး....အရိယာ သာဝကများကတော့ စဉ်း စားတတ်လို့ မငိုကြွေးမပူဆွေးပဲ သောကငြောင့်ကြီးကို နုတ်နိုင်တယ်၊ သောကငြောင့်ကြီးစူး၍ ပုထုဇဉ်မှာ ပူရ တယ်,သောကငြောင့်ကင်းက အရိယာမှာ ငြိမ်းအေးရ တယ်။"

လို့ အဲဒီလို ဆက်လက်ပြီးတော့ ဟောပါတယ်၊ အဲဒီတရား တော်ကို ကြားနာရတဲ့အခါ မင်းကြီးက "ဒါဘာတရားပါလဲ" လို့ မေးလျှောက်တဲ့အခါ "သောကငြောင့်နုတ်တရား" လို့ မိန့် ကြားလိုက်ပါတယ်။ ဒီတော့မင်းကြီးက-

"အရှင်ဘုရား,ဒီတရားတော်ဟာ တကယ်ပဲ သောက ငြောင့်နုတ် တရားပါဘုရား၊ ဒီတရားတော်ကို ကြား နာရတဲ့အတွက် တပည့်တော်ရဲ့ သောကငြောင့်ကြီး နုတ်ဖယ်ပြီးဖြစ်ပါပြီဘုရား"

လို့ လျှောက်ထားတယ်၊ အဲဒီလို လျှောက်ထားပြီးနောက် ပိယကအား-"ဘဒ္ဒါရဲ့ အလောင်းကို မီးသင်္ဂြိုဟ်လော့၊ငါ ဒီနေ့ ကစပြီးတော့ ရေချိုး နံ့သာလိမ်းကျံပြီးတော့ ပွဲတော်သုံးကာ အလုပ်လုပ်တော့မယ်" လို့ အမိန့်ပေးလိုက်တယ်။

ဒီတော့ တရားရတနာကို နာကြားရကျိုး နပ်မသွားဘူးလား၊ အကျိုးရမသွားဘူးလား။

"ရသွားပါတယ်ဘုရား။"

**သူမြတ်တို့သာ နာကြားရာ**

ဘုန်းကြီးတို့ ပရိသတ် တရားတော်ဟာ ရတနာပါ၊ သူမြတ်တို့ရဲ့ သုံးဆောင်ရာ သုံးစွဲရာပါ၊ လူညံ့ လူယုတ်တို့ရဲ့ အရာမဟုတ်ပါဘူး၊တရားရတနာဆိုတာ စင်ကြယ်တဲ့ အရိယာသူမြတ်များနဲ့ သူမြတ်အရိယာဖြစ်ရန် ရှေးကောင်းမှုဉပနိဿယရှိကြတဲ့ ဘုန်းကံရှိသူ လူမွန်လူမြတ်တို့သာ သုံးဆောင်ရာဖြစ်ပါတယ်။

စင်ကြယ်သော ပုဂ္ဂိုလ်များသာ တရားရတနာနဲ့ နီးစပ်သူများဖြစ်၍ မစင်ကြယ်သူ လူညံ့များမှာ တရားရတနာနှင့် ဝေးကွာသူများ ဖြစ်ကြပါတယ်။

အဲဒီတရားရတနာကို မိစ္ဆာဒိဋ္ဌိများ သဒ္ဓါမရှိသူလူညံ့များရဲ့ သုံးဆောင်ရာ မဟုတ်ပါဘူး။တရားတန်ဖိုးမသိသူ လူသာမန်တို့ရဲ့ အရာ မဟုတ်ပါဘူး။

တကယ့်ဉပနိဿယရှိသူ, မဂ်ဖိုလ်ရထိုက်သူ, သာဝက, မဟာသာဝကတို့သာ သုံးဆောင်ရာဖြစ်၍ မယုတ်ညံ့သူတွေ သုံးဆောင်ရာ တကယ့်ရတနာဟာ တရားရတနာပါနော်။

"မှန်ပါဘုရား။"

အဲဒီတရားရတနာကို ကိုးကွယ်ပါ၏လို့ ပါးစပ်ကဆိုသော်လဲ တရားမရသူတွေမှာ အကောင်းဆုံး သုံးဆောင်မှု မဖြစ်သေးပါဘူး၊ ဒီတော့တရားရပိုင်ခြင်းဖြင့် တရားရတနာကို အကောင်းဆုံးသုံးဆောင်သူဖြစ်အောင် ကြိုးစားသင့်တယ်နော်။

"မှန်ပါဘုရား။"

အရိယာသူတော်စင်ဆိုတော့ သူမြတ်ဖြစ်သွားပြီ၊ တရားရတနာကို မြတ်နိုးသွားပြီ၊ ဒီတော့ ဘုရားရဲ့တရားဆိုယင် သူဟာအမြတ်တနိုးနာကြားမယ်၊ ယခုတော့ ဒီလိုမဟုတ်ဘူး၊ ကိုယ့်အဖွဲ့ကကိုယ်တော်ဟောယင် အမြတ်တနိုးနာမယ်၊ တခြားကိုယ်တော်တွေ ဟောတဲ့အခါ မနာပဲ၊ အဲဒီလူမှာ တရားစစ်တရားမှာ ကိန်းပြီလား။

"မကိန်းသေးပါဘုရား။"

**ပဓာနိယထေရ်** ဘုန်းကြီးတို့ ဒီနေရာမှာ တရားနာမှုနဲ့ပတ်သက်လို့ သာဓကတခုပြချင်ပါတယ်၊ သောတာပန်မဟုတ် ပုထုဇဉ်တပါး တရားနာပုံဖြစ်ပါတယ်၊ အတုယူဖွယ် အားကျဖွယ်လဲ ကောင်းလှပါတယ်။

ပဓာနိယထေရ်ဆိုတဲ့ အရှင်မြတ်တပါးဟာ တရားနာနေပါတယ်၊ တရားတော်က အရိယဝံသတရားတဲ့၊ အဲဒီတရားတော်နာကြားနေယင်းနဲ့ အရှင်မြတ်ကို မြွေကိုက်ပါတယ်။

မြွေကလဲ အဆိပ်ပြင်းထန်တဲ့ မြွေဖြစ်ပါတယ်၊ အရှင်မြတ်က မြွေကိုက်တော့ စဉ်းစားပါတယ်၊ "အင်း....ယခုအခါ ငါ့ကိုမြွေကိုက်ပြီ၊ ငါ့ကိုမြွေကိုက်ပါတယ်လို့ ထအော်လိုက်ယင် အားလုံးတရားနာမှု ပျက်တော့မယ်၊ တရားတော်ဆိုတာ အင်မတန်ကြားနာရခဲတယ်၊ အသက်တချောင်းက ရလွယ်တယ်၊ ဘဝတိုင်းရနေတာပဲ၊ တရားပဲ ဆက်နာမယ်"လို့ စဉ်းစားတယ်။

အဲဒီလို စဉ်းစားပြီး တရားဆက်နာတယ်၊ သူ့သီလကို ဆင်ခြင်ကြည့်လိုက်တော့လဲ "ကျိုး-ပေါက်-ပြောက်-ကျား" ဘာမှ

မရှိ၊ ပကတိဖြူစင် သန့်ရှင်းတာ တွေ့နေရတော့ အားကောင်းတဲ့ ပီတိဖြစ်ပါတယ်။

အဲဒီလို ပီတိဖြစ်တော့ ပီတိရဲ့အစွမ်းကြောင့် အဆိပ်လျော့ကျသွားပါတယ်၊ အဆိပ်လျော့ကျတော့ စိတ်ငြိမ်သွားပါတယ်၊ စိတ်ချမ်းသာပါတယ်၊ အဲဒီစိတ်ငြိမ်မှု စိတ်ချမ်းသာမှုကို အကြောင်းပြုပြီး ဝိပဿနာပွားများရာ အာသဝေါကုန်ခန်း ရဟန္တာဖြစ်ပါတယ်။

အဲဒါဟာ ပုထုဇဉ်ရဟန်းတော်ပါ၊ သောတာပန်မဟုတ်သေးပါဘူး၊ ပုထုဇဉ်သည်ပင်လျှင် အသက်ကိုစွန့်၍ တရားနာပါယင် သောတာပန်ဆိုယင် ဆိုဖွယ်ရာရှိပါ့အုံးမလား။

"မရှိပါဘုရား။"

ကဲ....ကြည့်စမ်း၊ တမင်္ဂတဖိုလ်အားကိုးရာ တရားမရှိသေးပါပဲနှင့် တရားတော်ကို ချစ်မြတ်နိုးပြီးတော့ အသက်ကိုစွန့်ပြီး တရားနာတယ်၊ သူမြတ်ဖြစ်သွားတဲ့ အရိယာသူတော်စင်ဟာ သူမြတ်တို့သာ သုံးဆောင်ရာတရားတော်ကို သုံးဆောင်ရမှာပေါ့နော်။

"မှန်ပါဘုရား။"

**ရှင်သောဏ မယ်တော်**

နောက် ပုထုဇဉ်ဘဝနှင့်ပဲ ပစ္စည်းစွန့်၍ တရားတော်ကို နှစ်သက်စွာ နာကြားသော ရှင်သောဏရဲ့ မယ်တော်အကြောင်း ပြောပါရစေအုံး၊ ရှင်သောဏဆိုတာ သာသနာတော်မှာ နေ့လို-လလိုထင်ရှားတဲ့ အရှင်မြတ်တပါးပေါ့၊ "ကလျာဏဝါက္ကရဏ" တေဒဂ်ဘွဲ့ခံပေါ့။

အရှင်မြတ်ဟာ ဘုရားဖူးရန် ကြွသွားပါတယ်၊ ဘုရားရှင်က တကျောင်းထဲနေစေကာ ညအခါတွင် တရားဟောခိုင်းပါတယ်၊ ဘုရားရှင်ကလဲ နာကြားပါတယ်၊ ပြီးတဲ့အခါ သာခုခေါ် ပါတယ်။

အဲဒီအခါမှာ ရှင်သောဏရဲ့ မယ်တော်အိမ်မှ ထီးချက်စောင့် နတ်သမီးကလဲ သာခုခေါ်ပါတယ်၊ မယ်တော်က ဘာအတွက် သာခုခေါ်တာလဲ မေးတော့ ရှင်သောဏက ဘုရားရှင်အား တရားဟော၍ တရားဆုံးသဖြင့် သာခုခေါ်ပါကြောင်း ပြော ပါတယ်။

မရှင်းလင်း၍ ဘုရားရှင်က သားတော်အား တရားဟော တာလား,သားတော်က ဘုရားရှင်အား တရားဟောတာလား လို့ တခါမေးတော့ သားတော်က ဟောကြောင်း ပြောပြပါ တယ်။

မယ်တော်ကြီးဟာ သားတော်ပြန်ကြွလာယင် တရားပွဲကျင်း ပမယ်လို့ စိုင်းပြင်းနေပါတယ်၊ အဲ....သားတော်လဲ ကြွလာရော ဘုရားရှင်အား တရားဟောတာ ဟုတ်မှန်ပါသလားလို့ မေး လျှောက်ရာ ဟုတ်မှန်ကြောင်း သိရ၍ မယ်တော်ကိုလဲ အဲဒီ တရားပြန်ဟောပါရန် တောင်းပန်တဲ့အခါ အခွင့်ရ၍ တရားပွဲ ကျင်းပပြီး တရားနာနေပါတယ်။

အဲဒီအချိန်မှာ အိမ်ကို ဥမင်လိုဏ်ခေါင်းဖောက်ပြီး ခိုးသား တွေက ခိုးယူနေကြောင်း မယ်တော်အား အိမ်စောင့်များက လာပြောပါတယ်၊ ဒီတော့ မယ်တော်က တိတ်တိတ်နေ မပြော

နဲ့၊ ငါ တရားနာနေတယ်၊ သူခိုးတွေ မြင်တာသာ ယူသွား လိမ့်မယ်လို့ ပြောလိုက်ပါတယ်။

နောက်ထပ် လာပြောသော်လဲ လုံးဝ နားမထောင်၊ အိမ်မပြန်၊ စိတ်မပျံ့လွင့်ပဲ တရားကို နာကြားနိုင်ပါတယ်၊ အဲဒီမယ်တော်ကြီးရဲ့ တရားတော်ကို ပစ္စည်းစွန့်၍ နာကြားမှုကိုသိတဲ့ အနားမှာ "ထအော်ယင်သတ်မယ်"လို့ စောင့်နေတဲ့ ခိုး သူကြီးက သိသွားပါတယ်။

ဒီတော့ ခိုးသူကြီးက "ဒီလောက် သူတော်ကောင်းတဲ့ မယ်တော်ကြီးရဲ့ပစ္စည်းတွေ ယူယင်တော့ ငါတို့ရဲ့ဦးခေါင်းဟာ ခုဘဝပဲ ခုနစ်စိတ်ကွဲဖွယ်ရာ ရှိတယ်"ဆိုပြီး မယ်တော်ကြီးအား တောင်းပန်ကာ ခိုးသားငယ်များကို ခေါ်၍ ရှင်သောတာထံမှာ ရဟန်းခံကြပါတယ်။

အတုယူဖွယ် အင်မတန်ကောင်းပါတယ်၊ တရားမရသေးတဲ့ ပုထုဇဉ်ပါပဲ၊ ဒီတော့ ဒီခေတ်မှာ တရားရတဲ့ပုဂ္ဂိုလ် ဖြစ်ချင်တယ်၊ တရားရသူအမည်ခံချင်တယ်၊ တရားတော့ မချစ်မြတ်နိုးဘူးဆိုတော့ အဲဒီလူတွေကို ကြည့်ကြည့်ပြီး တရားလိုက်စားချင်တဲ့ နောက်လူတွေက လန့်နေကြတယ်၊ အပြောနဲ့ အလုပ် မညီလို့နော်။

"မှန်ပါ ဘုရား။"

**ဘုရားရှင်လဲ တရားနာ**

တကယ်ဆိုတော့ ဒီ တရားတော်တွေဟာ ဘုရားရှင်လျှင် အမွန်အစပါ၊ ဘုရားရှင်ဟာ တရားမင်းကြီးပါ၊ အဲဒီ တရားမင်းဘုရင် ဘုရားရှင်ဟာ

တရားနာစရာမလိုပါဘူး၊ ဒါပေမယ့် ဘုရားရှင် တရားနာတာတွေ ပိဋကတ်တော်မှာ အများအပြားရှိပါတယ်။

လူတိုင်းသိတဲ့ သာဓက ပြောရယင် အခါတပါး ဘုရားရှင်မကျန်းမမာ ဖျားနာစဉ် ရှင်စုန္ဒထေရ်အား ဗောဇ္ဈင်သုတ်တရားတော်ကို ဟောကြားခိုင်းပါတယ်၊ ဘုရားရှင်ကလဲ ငုံ့သေစွာနာကြားပါတယ်၊ ဗောဇ္ဈင်သုတ်တရားတော်လဲဆုံးရော ဘုရားရှင်ရဲ့ မကျန်းမမာ ဖျားနာတဲ့ရောဂါလဲ ပျောက်သွားပါတယ်။

တခါတခါ ပရိသတ်များစွာကို တရားဟောနေတဲ့ ဘုရားရှင်ရဲ့ ခါးတော်ဟာ နာလာပါတယ်၊ အဲဒီအခါမှာ ပဌမပိုင်းအနေ တရားပွဲကိုပြီးစေကာ ဘုရားရှင်ဟာ ခါးနာကိုဖြေသောအားဖြင့် တရားပွဲနောက်ပိုင်းမှ အညောင်းဆန့်လျက် သီတင်းသုံးပါတယ်။

ရှင်အာနန္ဒာဖြစ်စေ,ရှင်သာရိပုတ္တာဖြစ်စေ,ရှင်မဟာမောဂ္ဂလာနဖြစ်စေ တရားဟောခိုင်းတယ်၊ ဘုရားရှင်ဟာ အညောင်းဆန့်ယင်း တရားနာနေပါတယ်၊ တရားပွဲကြီးဆုံးသော် သာဓုခေါ်တော် မူပါတယ်။

တခါသော် ကျောင်းတိုက်ဓမ္မာရုံတွင် ရဟန်းတော်တပါးကရဟန်းတော် အများအား တရားဟောတယ်၊ ပရိသတ်စုံသော်ဓမ္မာရုံတံခါးပိတ်ကာ တရားဟောတယ်။

ရှင်အာနန္ဒနှင့် ဘုရားရှင်မှာ တံခါးပိတ်ပြီး တရားနိဒါန်းချီးကာမှ ဓမ္မာရုံသို့ရောက်သွားတယ်၊တံခါးခေါက်သော် တရားဟောမှု တရားနာမှု ပျက်မှာစိုး၍ ဓမ္မာရုံ အပြင်ဘက်မှာပင်ရိုသေစွာ နာကြားနေပါတယ်။

အရုဏ်တက်၍ တရားပွဲပြီးသော် သာဓုခေါ်၍ တရားနာရာမှ ထတော်မူကာ ဓမ္မာရုံတံခါးကို ခေါက်ကာ ဓမ္မာရုံတွင်းသို့ ဝင်တော်မူတယ်၊ အတွင်းမှ တရားဟောတရားနာရဟန်းတော်တို့မှာ အံ့အားသင့်နေကြပါတယ်။

သို့ဖြင့် လျှောက်ထားကြတယ်၊ မြတ်စွာဘုရား အဘယ်အချိန်ကြွလာပါသလဲဘုရားတဲ့၊ သင်တို့ တရားနိဒါန်းပျိုးကတည်းက ကြွလာတယ်လို့မိန့်ကြားသော် မြတ်စွာဘုရား ပင်ပန်းလှမှာပေါ့လို့ လျှောက်ထားကြပါတယ်။

ဒီတော့ ဘုရားရှင်က ချစ်သားတို့....ငါဘုရားရှင်မှာ တရားနာကြားမှုဖြင့် မပင်ပန်းပါ၊ သင် ချစ်သားတို့....အာယုကပ်ပတ်လုံး ဆက်လက် ဟောကြားယင်လဲ ငါဘုရားသည် အဲဒီဓမ္မာရုံအပြင်ဘက်ကနေ အာယုကပ်ပတ်လုံး နာကြားနေမှာပဲလို့ မိန့်ကြားပါတယ်။

ဘုန်းကြီးတို့ပရိသတ် တရားမင်းဘုရင် ဘုရားရှင်ရဲ့ တရားနာကြားပုံ့မိန့်ကြားပုံဟာ ကြက်သီးမွေးညင်း ထ ဘနန်းပင်ဖြစ်ပါတယ်၊ တရားရှိသူဟာ တရားကိုလေးစားတယ်၊ တရားကို ချစ်မြတ်နိုးတယ်ဆိုတဲ့ သာဓကပဲနော်။

"မှန်ပါဘုရား။"

ဘုရားရှင်ဟာ တရားအရှိဆုံး, ဘုရားရှင်ဟာ တရားအသိဆုံးဖြစ်တော့ ဘုရားရှင်ဟာ တရားတော်ကို အရိုသေ အလေးစားဆုံးပေါ့၊ အရိယာတွေဟာ ဘုရားရှင်ရဲ့ အောက်တွင် တရားအရှိဆုံး တရားအသိဆုံးတွေပဲ၊ ဘုရားရှင်အောက်မှာ တရား

တော်ကို ဒုတိယတန်းဆာနေနှင့် လေးစားသူ တရားမြတ်နိုးတဲ့ စွမ်းရည်သတ္တိရှိသူ ဖြစ်ရမယ်နော်။

"မှန်ပါဘုရား။"

ကဲ....ဒီမှာ သောတာပန်အရိယာဟာ တရားတော်ကို စီးပွား သဖွယ် လိုလိုလားလားနဲ့ စိတ်အားလုံးဖြင့် ကောင်းစွာနာခြင်း တစိတ်မှ တခြားမရောက်ပဲ စိတ်တိုင်း စိတ်တိုင်း နှလုံးသွင်းနာ ကြားခြင်းဆိုတဲ့ ဆင္ဌမမြောက် စွမ်းရည် မိမိမှာ ရှိ-မရှိ ဆင်ခြင် ကြည့်တဲ့အခါ ရှိကြောင်းကို ဒီလို သိပါတယ်။

> "ထိုအရိယာ ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ် သည် ဤသို့ သိမြင်ပေ၏။"
>
> "အရိယာ ဉာဏ်အမြင်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် အကြင်ကဲ့သို့သော ခွန်အားနှင့်ပြည့်စုံ၏၊ ထိုသို့သော ခွန်အားနှင့် ငါ့မှာ ပြည့်စုံ၏ လို့ ဤသို့ သိမြင်ပေ၏။"

လို့ အဲဒီလို ဆင်ခြင်ပြီး အဲဒီလို သိပါတယ်၊ ကိုယ့်မှာရှိတဲ့အား ကိုယ်ဆင်ခြင်ကြည့်တော့ ကိုယ်သိတာပေါ့နော်။

"မှန်ပါဘုရား။"

ဒီနေရာမှာ သောတာပန် နှင့် ပုထုဇဉ်ရဲ့ ခြားနားချက် ကလေး ပြောပါရစေအုံး၊ သောတာပန် အရိယာတွေဟာ ဘုရားရှင်ရဲ့ ပါဠိ တော် တရား တော် တွေ ဟော ပြီ ဆို ယင် သေသေချာချာ ခုနကအင်္ဂါ ခုနက ခွန်အားတွေနဲ့အညီ ရိုသေ လေးစားစွာ နာတယ်နော်။

"မှန်ပါဘုရား။"

ပုထုဇဉ်တွေကတော့ တရားတန်ဖိုးလဲ မသိသေး, အတ္တဒိဋ္ဌိ အစွဲကလဲ ပြင်းသေးတော့ တရားအပေါ်မှာ အာရုံမရောက်ပဲ အသံနေအသံထား, အလှမ်း,အဆွဲ, အသော, ပြဇာတ်လုံးတွေမှ နာချင်တယ်၊ မိမိတို့အဖွဲ့မှ ကိုယ်တော်တွေ ဟောမှ နာချင်တယ်နော်။

"မှန်ပါဘုရား။"

တကယ့်တရားကောင်းတွေ မနာတတ်ဘူး၊ ဒီတော့ တကယ် နက်တဲ့ ခက်တဲ့ ဘုရားဟောပါဠိတော်တရားတွေကို ဟောပြီလဲ ဆိုရော နက်သလေ့,ခက်သလေ့,ရယ်စရာမပါဘူး,အေးရှောရှော နဲ့ဆိုပြီး ငိုက်ကုန်ရော၊ အဲဒါ တရားအရသာကို ဘာမှ မသိ သေးသူတွေမျှသာ ဖြစ်တယ်နော်။

"မှန်ပါဘုရား။"

ဒီတော့ သောတာပန်နဲ့ ပုထုဇဉ်ကို အဲဒီလို တရားနာမှုနဲ့ သတ်မှတ်ကြည့်ယင်လဲ သိသိသာသာ မခြားနားဘူးလား။

"ခြားနားပါတယ်ဘုရား။"

အေး....ခြားနားတယ်၊ အများကြီး ခြားနားတယ်၊ အဲဒီလို ခြားနားကြောင်း ပုထုဇဉ်နှင့်မတူတဲ့ စွမ်းရည် ရှိကြောင်းကို ဘုရားရှင်က ဒီလို ဟောခဲ့ပါတယ်။

> "ဤ ဆင်ခြင်ဉာဏ်သည် ထို သောတာပန် ပုဂ္ဂိုလ် ရသော ဆဋ္ဌမဉာဏ်ဖြစ်ပေ၏၊ လောကုတ္တရာ အရိယ မဂ်ကိုမှီ၍ ဖြစ်သောဉာဏ်ဖြစ်၏၊ ပုထုဇဉ်တို့နှင့် မဆက်ဆံ သော ဉာဏ်ဖြစ်၏။"

လို့ ဟောခဲ့ပါတယ်၊ ဒီတော့ ဒီဉာဏ်ဟာ လောကုတ္တရာအရိယ မင်္ဂကို ရပြီးတဲ့ သောတာပန်အရိယာ သန္တာန်မှာသာဖြစ်တယ်၊ ပုထုဇဉ်သန္တာန်မှာ မဖြစ်ဘူး၊ သောတာပန်အရိယာရဲ့ ပုထုဇဉ်နှင့် မတူတဲ့ သီးခြားစွမ်းရည်ပဲ၊ အဲဒီစွမ်းရည်ကို မှတ်သား မိအောင် အဲဒါကို လင်္ကာလေးနဲ့မှတ်ထားပါ။

* ဗုဒ္ဓတရား, နာကြားသောခါ၊
ပုံ-ငိုက်-အိပ်ဘိ, မရှိဝါစာ။
လိုလားနာကြား, ထောင်နားသောချာ၊
ရှိ-မရှိ, ရှုကြည့်သိ-သောချာ။ ။

**သတ္တမ စွမ်းရည်** ကဲ....ယခု ဟောကြားခဲ့တာ သောတာပန်ရဲ့ စွမ်းရည်ခြောက်ပါး ပြီးသွားပါပြီ၊ အဲဒီ စွမ်းရည်ခြောက်ပါးအနက် မိမိတို့တွင် ဘယ်နှစ်ပါးရှိလဲ တိုက်ကြည့်ပါ၊ ယခု ဆက်လက်ပြီးတော့ သတ္တမခြောက်စွမ်းရည်ကို ဟောကြ-နာကြရအောင်၊ အဲဒီသတ္တမခြောက်စွမ်းရည်ကို ဘုရားရှင်က ဘယ်လိုဟောခဲ့သလဲ။

"ရဟန်းတော်များ အို....ချစ်သားတို့၊ တဖန်တခြား ဆင်ခြင်ပုံတပါးကား အရိယာတပည့်သည် ဤသို့ရှုဆင်ခြင်လေ၏၊ အရိယာဉာဏ်အမြင်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် အကြင်သို့သော ခွန်အားနှင့် ပြည့်စုံ၏၊ ငါသည်လည်း ထိုသို့သော ခွန်အားနှင့် ပြည့်စုံပါ၏လော လို့ ရှုဆင်ခြင်လေ၏။"

လို့ ဟောခဲ့ပါတယ်၊ အဲဒါဟာ သောတာပန်အရိယာများမှာ ပြည့်စုံမြဲဖြစ်တဲ့ ခွန်အားနှင့် ပြည့်စုံပါရဲ့လား၊ ဆင်ခြင်တဲ့

ဆင်ခြင်ဉာဏ်စွမ်းပဲတဲ့၊ အဲဒီဆင်ခြင်ဉာဏ်စွမ်းရည်ဟာ သတ္တမစွမ်းရည် သတ္တမခွန်အားပဲနော်။

"မှန်ပါဘုရား။"

ဒီမှာလဲ ဆဋ္ဌမစွမ်းရည်လိုပဲ ခွန်အားဆိုတာပါတယ်၊ ခွန်အားဆိုတဲ့ နာမည်ချင်းတော့တူပါတယ်၊ ခွန်အားချင်းတော့ မတူတတ်ဘူးနော်။

"မှန်ပါဘုရား။"

သတ္တဝါတွေမှာ ကိုယ့်အားနဲ့ကိုယ် အားအမျိုးမျိုးရှိတယ်၊ သတ္တဝါတွေဟာလဲ အဲဒီမိမိမှာရှိတဲ့ အားအမျိုးမျိုးကို အစွဲပြုပြီးတော့ မာန်မာနတွေ ထောင်လွှားနေကြတာ မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား။"

ယခု ဒီမှာဟောထားတဲ့ သောတာပန်ရဲ့အားကတော့ အဲဒီအားကို အစွဲပြုပြီး မာန်ထောင်လွှားတဲ့ အားမျိုးမဟုတ်ဘူး၊ အဲဒီအားကို အစွဲပြုပြီး အကုသိုလ်တွေကို ပယ်နိုင်-မပယ်နိုင်, ကုသိုလ်တရားတွေ ဖြစ်ပွားအောင် ကြိုးစားပြီးတော့ မှီဝဲနိုင်-မမှီဝဲနိုင် ဆင်ခြင်တဲ့အားပါ၊ အဲဒီအားကို ဘုရားရှင်က ဘယ်လိုဟောပြခဲ့သလဲ....

> "ရဟန်းတော်များ အို....ချစ်သားတို့၊ အရိယာဉာဏ်အမြင်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်သည် အဘယ်သို့သဘောရှိသော ခွန်အားနှင့်ပြည့်စုံသနည်း...."
>
> "ဘုရားရှင်သည် သိစေအပ်သော တရားဝိနည်း (သုတ် ဝိနည်း အဘိဓမ္မာ) ကို ဟောကြားသည်ရှိသော် အနက်အဓိပ္ပာယ်ကို သိ၏၊ တရားအလုံး အစီအစဉ်ကို

သဘောပေါက်၏၊ တရားနှင့်စပ်တဲ့ ဝမ်းမြောက်မှုကို ရ၏။”

‘‘ရဟန်းတော်များ အို....ချစ်သားတို့၊ တရားစကား အနက်အဓိပ္ပာယ်ကို သိခြင်း, သဘောပေါက်ခြင်း, တရားနှင့်စပ်၍ ဝမ်းမြောက်ခြင်းဟူသော ဤသဘော သည် အရိယာဉာဏ်အမြင်နှင့် ပြည့်စုံသောပုဂ္ဂိုလ်၏ ခွန်အားပေတည်း။”

လို့ ဘုရားရှင်က ဟောခဲ့ပါတယ်၊ အဓိပ္ပာယ်က ဘာဆိုလို တာလဲဆိုတော့ သောတာပန် အရိယာတွေဟာ ဘုရားရှင် ဟောတော်မူခဲ့တဲ့ ပါဠိတော် တရားတွေကို နာကြားရတဲ့အခါ အကျိုးကိုသိတဲ့ဉာဏ်လဲ ရတယ်၊ အနက်အဓိပ္ပာယ်သိတဲ့ဉာဏ်လဲ ရတယ်တဲ့နော်။

“မှန်ပါ ဘုရား။”

အကျိုးသိ အနက်အဓိပ္ပာယ်သိတဲ့ ဉာဏ်တင်ပဲလားဆိုတော့ မဟုတ်သေးပါဘူး၊ အကြောင်းကိုသိတဲ့ဉာဏ်လဲ ရပါတယ်တဲ့ နော်။

“မှန်ပါဘုရား။”

ဒီတော့ သောတာပန်အရိယာတွေမှာ အကျိုးသိ, အနက် အဓိပ္ပာယ်သိ, အကြောင်းသိ, ကြောင်းကျိုးသိ, သိပြီးနေတယ်၊ ကြောင်းကျိုးနှစ်ရပ် စပ်ဟပ်ပြီး ဟောပြတဲ့အတိုင်း အစီအစဉ် တကျ သဘောပေါက် နားလည်တယ်တဲ့နော်။

“မှန်ပါ ဘုရား။”

အဲဒီလို ကြောင်းကျိုးနှစ်ရပ် ဆက်စပ်ပြီးဟောကြားနေတဲ့ ပါဠိတော်တရားတွေကို နာကြားနေယင်းနဲ့ အစီအစဉ်တကျ ကျိုးကြောင်းရှင်းကာ နားလည်နေတဲ့ အခိုက်အခိုက်မှာ "ဝမ်းမြောက်မှုပါမောဇ္ဇ, နှစ်သက်မှုပီတိ" တွေဟာ တကိုယ်လုံးမှာ တဖိမ့်ဖိမ့်, တသိမ့်သိမ့်, တဖြန်းဖြန်း ဖြစ်နေပါတယ်တဲ့၊ တချို့ပြောပါတယ်၊ တရားနာယင်း ကြက်သီးထတာရှိတယ် မဟုတ်လား။

"ရှိပါတယ် ဘုရား။"

ရှင်းရှင်းပြောရယင် သောတာပန်အရိယာပုဂ္ဂိုလ်ဟာ ဘုရားရှင်ရဲ့ ပါဠိတော်တရားတွေ နာကြားရတဲ့အခါ အနက်အဓိပ္ပာယ် အကျိုးအကြောင်း သဘောသဘာဝကို သေချာစွာ နားလည်သိရှိပြီး ဝမ်းမြောက်ဝမ်းသာလို့မပြီး ကြက်သီးမွေးညင်း တဖျဉ်းဖျဉ်းထနေပါသတဲ့နော်။

"မှန်ပါ ဘုရား။"

ဒီတော့ သောတာပန်အရိယာဟာ တရားရထားပြီးပြီ၊ တရားကျေးဇူးသိထားပြီးပြီဖြစ်တော့ တရားနာရေးနဲ့ ပတ်သက်ပြီးတော့ ဝန်လေးပါအုံးမလား။

"ဝန်မလေးတော့ပါ ဘုရား။"

သာမာဝတီအမှူးရှိတဲ့ မိဖုရားတွေကြည့်ပါ၊ သူတို့ရဲ့ အခိုင်းအစေ ကျွန်မဖြစ်တဲ့ ခုဇ္ဇုတ္တရာကို ပလ္လင်ပေါ်တင်ပြီး သူတို့က အောက်ကနေ ရိုသေစွာ နာကြားကြတယ် မဟုတ်လား။

အေး....အဲဒါ စိတ်နေစိတ်ထားမှန်ကန်သူ, မြင့်မြတ်သူ, တရားရှိသူတို့ရဲ့ သဘာဝပဲ၊ တရားကောင်းရရန်ပဲ လိုလား

တောင့်တတယ်၊ ပုဂ္ဂိုလ်အပေါ်, ဂိုဏ်းအပေါ်, အဖွဲ့အပေါ် မှာ တင်နေသေးလား။

"မတင်နေပါဘုရား။"

စိတ်ထားသေးငယ် ညံ့ဖျင်းတဲ့သူများကတော့ ဒီလိုမဟုတ်ပါဘူး၊ မိမိက ဆရာဖြစ်နေယင်လဲ မိမိထက်သာသူကို ဆရာ မတင်လိုကြဘူး၊ တပည့်ဖြစ်ယင်လဲ မိမိဆရာမှ ဆရာလို့ ဒိဋ္ဌိစွဲ စွဲမြဲတတ်ကြပါတယ်၊ မိမိအယူဝါဒမှ အယူဝါဒကောင်း, အယူဝါဒမှန်ဟု စွဲမြဲကာ မစွန့်လွှတ်လိုကြပါဘူး။

ဘုန်းကြီးတို့ မြန်မာပြည်ဘွင် ဘုရားတရားလိုက်စားသူ အချင်းချင်း အဲဒီလို ကိုယ့်တရားမှ မှန်တယ်၊ ကိုယ့်ဆရာမှ ဆရာကောင်းလို့ အစွဲအလမ်း ပြင်းထန်သူတွေ များစွာရှိတယ်။ အဲဒါသည်ပင် တရားမရှိသူအဖြစ်, စိတ်ထားသေးငယ် ညံ့ဖျင်းသူအဖြစ် ဖော်ပြရာကျမနေဘူးလား။

"ကျနေပါတယ်ဘုရား။"

စိတ်နေ စိတ်ထား ကြီးမားဖြူစင် မြင့်မြတ်သူတွေကတော့ ဆရာစွဲ၊ ပုဂ္ဂိုလ်စွဲ မထားပါဘူး၊ အကောင်းတရား အမှန်တရား ကိုသာ ရှာတတ်ပါတယ်၊ ဆရာပေါ်မှာ ပုဂ္ဂိုလ်ပေါ်မှာ ဒိဋ္ဌိစွဲနဲ့ တင်မနေ စွဲမနေပါဘူး။

**ရှင်သာရိပုတ္တာ** ဒီနေရာမှာ ရှင်သာရိပုတ္တာ အလောင်းဖြစ်တဲ့ ဥပတိဿနှင့် ရှင်မဟာမောဂ္ဂလာန အလောင်း ဖြစ်တဲ့ ကောလိတတို့ဟာ သိဉ္စည်းဆရာကြီးရဲ့ လက်ရုံးတပည့် ကြီးများအဖြစ် ရောက်နေသော်လဲ သိဉ္စည်းဆရာကြီးကဲ့သို့ သူတို့ရထားတဲ့ တရားအပေါ်မှာ ကျေနပ်မနေပဲ မိမိအယူအဆ,

**အယူဝါဒ၌** အနှစ်သာရမရှိသေးတာကို သိရယင်ပင် အမှန်**တရား** အကောင်းတရားကို ရှာခဲ့တာဟာ ပြစရာသာဓကပါပဲ။

အဲဒီလို ရှာတဲ့အခါ ရှင်အဿဇိထေရ်မြတ်ကို တွေ့မြင်ရပါတယ်၊ တွေ့တဲ့အခါ "ဒီပုဂ္ဂိုလ်ဟာ တခြားဂိုဏ်းဂဏထဲကပဲ၊ တခြားအဖွဲ့ထဲကပဲ"ဟု ဂိုဏ်းခွဲ အဖွဲ့ခွဲ သဘောမထားပဲ ပုဂ္ဂိုလ်ရဲ့ ထူးခြားတဲ့ အသွင်အပြင်ကို မြင်ရတဲ့အတွက် တရားထူးရှိလိမ့်မယ်လို့ ခန့်မှန်းမိတဲ့အခါ ချဉ်းကပ်မေးမြန်း စုံစမ်းပါတော့တယ်။

အဲဒီလို စုံစမ်းတဲ့အခါ တရားရှင်မှန်းသိကာ တရားဟောပါရန် တောင်းပန်၍ တရားတော်ကို နာကြားရတဲ့အခါ သောတာပန်ဖြစ်ကာ မူလဆရာဖြစ်တဲ့ သိဉ္စည်းဆရာကြီးထံမှ ဖဲခွာကာ ဘုရားရှင်ထံ ရောက်လာတယ်။

သိဉ္စည်းဆရာကြီးကို မိမိတို့နှင့်အတူ ဘုရားရှင်ထံလိုက်ပါရန် ခေါ်တဲ့အခါ မိမိမှာ ခံအိုးကြီးဖြစ်နေပြီးမှ လောင်းအိုးမလုပ်နိုင်လို့ ငြင်းဆန်ခဲ့ပါတယ်။

ဒီနေရာမှာ ရှင်သာရိပုတ္တာတို့ကို "စိတ်ထားမြင့်မြတ်သူ"အဖြစ်သိနိုင်၍ သိဉ္စည်းဆရာကြီးကို "စိတ်ထားညံ့ဖျင်းသူ" အဖြစ်သိနိုင်ပါတယ်။

**ချီးမွမ်း မကုန် တရားဂုဏ်** ယခု မိမိတို့မြန်မာနိုင်ငံတွင် ဟောပြောနေသော တရားများမှာကား ဘုရားရှင်၏ တရားများသာ ဖြစ်ပေ၏၊ ထိုတရားများမှာ မိမိကျင့်၍ရသည်ဖြစ်သော်လဲ ဘုရားရှင် နည်းပေးလမ်းပြ

ညွှန်ကြားချက်အရ ကျင့်ရသည်ဖြစ်၍ ဘုရားရှင် ပေးသော တရားဟုပင် ဆိုရပါမည်။

လောက၌ မကောင်းသောသူ မကောင်းသောအကျင့်၌ လှည့်လည်နေသူသည် သူတပါးအား မကောင်းသော အချက်ကို ညွှန်ကြားမည်ဖြစ်၏။

ကောင်းသောသူ ကောင်းသောအကျင့်များ၌ လှည့်လည်နေသူသာ ကောင်းသော အချက်ကို ညွှန်ကြား ပေးလိမ့်မည်ဖြစ်၏။

လောက၌ အမြတ်ဆုံးလည်းဖြစ် အမြတ်ဆုံးတရားကိုလည်း သိသောသော ဘုရားရှင်သည် ဝေနေယျတို့အား အမြတ်ဆုံးတရားကိုဍင်း၊ အမြတ်ဆုံးတရားကို ရနိုင်ကြောင်း နည်းကောင်း လမ်းမှန်တို့ကိုဍင်း ပေးသနားတော်မူခဲ့ပါသည်။

ထို့ကြောင့် သူတော်ကောင်းစိတ်ဓာတ် ရှိသူတို့သည်ဍင်း, သူတော်ကောင်း ဖြစ်တော်မူကြသော အရိယာသူတော်စင်တို့သည်ဍင်း, ဘုရားရှင်နှင့်ဘုရားရှင်၏ တရားတော်တို့ကို ကြည်ညို၍ မဆုံး ချီးမွမ်း၍မကုန် တရားတော်ဖြင့် ကိုယ်လုံးထုံနေလျက်ပင်, ရှိသေးလျက်ပင်။

ဒီနေရာတွင် အထူးချီးမွမ်း ချီးကျူးခဲ့သော ချီးမွမ်းသံ တရပ်ကို ထုတ်ပြလိုပါသည်၊ မိမိတွင် သူတော်ကောင်းစိတ်ဓာတ် မည်မျှရှိ၍ တရားတော်ဂုဏ် မည်မျှထင်မြင်သလဲ၊ နှိုင်းယှဉ်ကြည့်ပါ။

ကာရဏပါလိမည်သော ပုဏ္ဏားသည် ဝေသာလီပြည်၌ လိစ္ဆဝီမင်းတို့ရဲ့ အလုပ်ကိုလုပ်နေဆဲ အဝေးမှတရားနာ၍ ပြန်

လာသောပိင်္ဂိယာနီအမည်ရှိတဲ့ ပုဏ္ဏားကိုမြင်တဲ့အခါ မေးပါတယ်။

"အရှင်....ဘယ်ကလာခဲ့ပါသလဲ။"

"ရဟန်းဂေါတမ အထံက တရားနာကြား၍ ပြန်လာခဲ့ပါတယ်။"

"ရဟန်းဂေါတမရဲ့ပညာစွမ်းကို အရှင်ဘယ်လိုထင်ပါသလဲ၊ ပညာရှိသူတဦးပဲ ထင်ပါရဲ့။"

"ကျွန်ုပ်က ဘယ်လိုလူမို့လဲ၊ ဘယ်လောက်တော်တဲ့လူမို့ ရဟန်းဂေါတမရဲ့ ပညာစွမ်းကို သိနိုင်ရမှာလဲ၊ ရဟန်းဂေါတမရဲ့ ပညာစွမ်းကို သိသူမှာ ရဟန်းဂေါတမလို ပုဂ္ဂိုလ်မျိုး သာဖြစ်ရမှာပေါ့။"

"ဤစကားကို ဂိုဏ်းစွဲ ဆရာစွဲရှိသူတို့ အထူးသတိပြုသင့်ပါသည်၊ မိမိတို့သည် မိမိတို့ဂိုဏ်း မိမိတို့ဆရာအကြောင်း အဘယ်မျှသိသနည်း၊ တခြားဂိုဏ်း တခြားဆရာအကြောင်း အဘယ်မျှသိသနည်း။"

"မသိပဲနှင့် ကိုယ့်ဂိုဏ်း ကိုယ့်ဆရာ ကောင်းပါသည်၊ တခြားဂိုဏ်း တခြားဆရာ မကောင်းဟုဆုံးဖြတ်နေခြင်းမှာ မျက်ကန်းနှင့်သာ တူပါသည်၊ အကန်းယုံ အကန်းဆုံးဖြတ်ခြင်းသည် မိမိအတွက် နစ်နာလှပါသည်။"

"အရှင်ကား ရဟန်းဂေါတမအား ကောင်းမြတ်မွန်ရည်သော ချီးမွမ်းခြင်းဖြင့် ချီးမွမ်းပေ၏၊ အရှင်သည် ဘယ်လိုအကျိုးထူးကိုမြင်၍ ရဟန်းဂေါတမအား ဤမျှ လေးစားကြည်ညိုရပါသလဲ။"

ဒီအခါ ဘုရားရှင်ကိုင်၊ ဘုရားရှင်ရဲ့ တရားတော်ကိုင်၊ အတိအကျသိထားတဲ့ ပိင်္ဂိယာနီဟာ ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူး နှင့် တရားတော်ရဲ့ ဂုဏ်ကျေးဇူးတို့ကို ချီးကျူးပါတယ်။

"အို....အမောင်.... အကောင်းဆုံး ဖြစ်တဲ့ အရသာများဖြင့် ဝအီနေတဲ့ယောက်ျားဟာ တခြားညံ့ဖျင်းတဲ့ အရသာများကို မလိုလား မနှစ်သက်တော့ဘဲ့သို့ အဲဒီအတူပဲ ရဟန်းဂေါတမ ဘယ်ပုံဘယ်နည်းပဲ ဟောသည်ဖြစ်ပါစေ၊ တရားတော်ကို နာရပါယင် အဲဒီ တရားမှတပါး တခြားရဟန်းပုဏ္ဏားတွေရဲ့ အယူဝါဒကို မနှစ်သက်နိုင်တော့ပါ။"

"အို....အမောင်....ဆာလောင်၍ အားနည်းနေတဲ့ ယောက်ျားဟာ ပျားမုန့်ဆုပ်ကို ရသည်ရှိသော် ဘယ်နေရာမှာလျက်လျက် ကောင်းမွန်ချိုမြတဲ့ အရသာကို ရနေသည်သာဖြစ်သကဲ့သို့ အဲဒီအတူပဲ ရဟန်းဂေါတမ ဘယ်ပုံဘယ်နည်းပဲ ဟောသည်ဖြစ်ပါစေ၊ အဲဒီတရားတော်ကို အယ်ပုံဘယ်နည်းပဲ နာရနာရပါစေ အဲဒီတရားမှ နှစ်သက်ခြင်းကို ရနေသည်သာ ဖြစ်ပါတယ်၊ စိတ်ကြည်လင်ခြင်းကို ရနေသည်သာ ဖြစ်ပါတယ်။"

"အို-အမောင်....စန္ဒကူးရွှေ ဖြစ်စေ၊စန္ဒကူးနီဖြစ်စေ၊ စန္ဒကူးတုံးတခုခုကိုရတဲ့ ယောက်ျားဟာ အဲဒီစန္ဒကူးတုံးကို အရင်း၊ အဖျား၊ အလယ် သုံးသွယ်တို့တွင် ကြိုက်ရာကနမ်းစေ၊ မွှေးကြိုင်တဲ့ရနံ့ကို ရလျက်သာရှိသကဲ့သို့ အဲဒီအတူပဲ ရဟန်း ဂေါတမရဲ့တရားတော်ကို ဘယ်ပုံ

ဘယ်နည်းပဲနာရနာရ အဲဒီတရားတော်မှ ဝမ်းမြောက်ခြင်း ရလျက်သာ၊ စိတ်ရွှင်ပျခြင်း ရလျက်သာ ရှိပါတယ်။"

"အို....အမောင်၊ အပြင်းအထန် ရောဂါကပ်ရောက်၍ ဒုက္ခရောက်နေတဲ့ ယောကျာ်းကို ကျွမ်းကျင်တဲ့ ဆေးဆရာက တခဏခြင်း ရောဂါ ပျောက်ငြိမ်းစေသကဲ့သို့ အဲဒီအတူပဲ ရဟန်းဂေါတမ ဘယ်ပုံဘယ်နည်းဖြင့် ဟောသည်ကိုမဆို နာရပါမူ အဲဒီနာရတဲ့ တရားတော်ကြောင့် စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်း့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်းများ ငြိမ်းပျောက်ခြင်းသို့ ရောက်ရသည်သာ ဖြစ်ပါတယ်။"

"အို....အမောင်....အေးကြည် ချိုမြသော ရေရှိ၍ ဆိပ်ကမ်းသာယာ၍ မွေ့လျော်ဖွယ်ရေကန်သာသို့ နွေအပူဒဏ် ခံရတဲ့အတွက် ပင်ပန်းနွမ်းနယ်ကာ ရေဆာလျက်ရှိတဲ့ယောကျာ်းဟာ ရောက်လာလျက် အဲဒီ ရေကန်သို့ သက်ဆင်းပြီးလျှင် ချိုးရ့သောက်ရသည်ရှိသော် အပူအပင်မှန်သမျှ အေးမြငြိမ်းစဲခြင်းသို့ရောက်ရသကဲ့သို့ အဲဒီ အတူပဲ ရဟန်း ဂေါတမ ဘယ်ပုံဘယ်နည်းဖြင့် ဟောသည်ကိုမဆို နာကြားရတဲ့သူမှာ အဲဒီတရားတော်ကြောင့် အပူအပင်မှန်သမျှ ငြိမ်းအေး ရမည်သာ ဖြစ်ပါတယ်။"

အဲဒီလို ချီးကျူးတော့ ပိင်္ဂိယာနီရဲ့ အထံမှ ဘုရားရှင်နှင့် ဘုရားရှင်ရဲ့ တရားတော် ဂုဏ်ကျေးဇူးများကို နာကြားရတဲ့

အခါ ကာရဏပါလီဟာ နေရာမှ ထကာ ဘုရားရှင်ရှိရာအရပ်သို့ လက်အုပ်ချီ၍ "နမော တဿ" ဖြင့် သုံးကြိမ်ဥဒါန်းကျူးကာ ရှိခိုးကန်တော့ပါတယ်။

အဲဒါ ဘုရားလဲ မကြည်ညိုသေးသူ၊ တရားလဲ မကြည်ညို သေးသူပါ၊ အဲဒီလို ပုဂ္ဂိုလ်ကတောင် တဆင့်စကားနှင့် ဘုရား တရားကို ကြည်ညိုပါယင် တရားသိမြင်တဲ့ အရိယာသူတော် စင်ရဲ့ ဘုရား၊တရားအပေါ် ကြည်ညိုမှုဟာ ဝမ်းမြောက်ဝမ်း သာ ပီတိတွေဝေဖြာလျက် ကြက်သီးမွေးညင်း တဖျဉ်းဖျဉ်း ပေါ့နော်။

"မှန်ပါဘုရား။"

အဲ....ပုထုဇဉ်ကတော့ "ဘုန်းကြီးဟောတာကလဲ ပါဠိတွေက များလိုက်တာ၊ ရယ်စရာလဲ မပါဘူး၊ တရားကလဲစင်းစင်းကြီး၊ အသံကလဲ မကောင်းဘူး၊အိပ်ချင်လိုက်တာ"စသည်ဖြင့် တပျင်း ရိရိနဲ့ နာတယ်နော်။

"မှန်ပါဘုရား။"

အဲဒီလို တရားနာတော့ တရားနာနေစဉ်လဲ မမှတ်မိဘူး၊ နာပြီးတော့လဲ အကုန်ပျောက်သွားတယ်၊ အိမ်လဲရောက်ရော ဘာမှ မကျန်တော့ဘူး မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား။"

"အေ....အဲဒါကြောင့် တရားသိမြင်သူ သောတာပန်အရိ ယာနှင့် တရားမမြင် ပုထုဇဉ်တို့မှာ ခြားနားချက်ရှိတယ်၊ အဲဒီလို ခြားနားချက် ရှိကြောင်းကို သောတာပန် အရိယာဟာ ဒီလို သိပါတယ်။

"ထို အရိယာ ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဤသို့ သိမြင်ပေ၏၊ အရိယာဉာဏ်အမြင်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် အကြင်သို့ သဘောရှိသော ခွန်အားနှင့် ပြည့်စုံ၏၊ ငါသည်လည်း ထိုသို့ သဘောရှိသော ခွန်အားနှင့် ပြည့်စုံ၏။"

လို့ သိမြင်ပါတယ်၊ အဲဒါက ခုနက ပြောခဲ့တဲ့ အတိုင်း ဘုရားရှင်ရဲ့ ပါဠိတော်တရားတွေ နာကြားရတဲ့ သောတာပန် အရိယာဟာ အနက်,အဓိပ္ပါယ်-အကျိုးအကြောင်း,သေချာစွာ နားလည်ပြီး ဝမ်းမြောက်ဝမ်းသာ ကြက်သီး မွေးညင်းတွေ တဖျင်းဖျင်းထကာနေတဲ့ ခွန်အားနဲ့ပြည့်စုံတာကိုဆိုလိုတာနော်။

"မှန်ပါဘုရား။"

အဲဒါဟာ သောတာပန်အရိယာရဲ့ သတ္တမစွမ်းရည် သတ္တမ မဟာပစ္စဝေက္ခဏာပဲ၊ သတ္တမမြောက် ပုထုဇဉ်နှင့် ခြားနား ချက်ပဲနော်။

"မှန်ပါဘုရား။"

အေး....ယခုဆိုယင် သတ္တမမြောက်စွမ်းရည်ဆိုတော့ သောတာပန်စွမ်းရည် ခုနစ်ပါးပြီးပြီပေါ့၊ အဲဒီသတ္တမမြောက်စွမ်းရည်ကို ပါဠိတော်မှာ ဘယ်လိုနိဂုံးချုပ်ပြခဲ့သလဲဆိုတော့....

"ရဟန်းတော်များ အို....ချစ်သားတို့၊ ဒီဆင်ခြင်ဉာဏ်ဟာ ထိုသောတာပန်ပုဂ္ဂိုလ်ရတဲ့ သတ္တမဉာဏ်ဖြစ်ပေ၏၊ လောကုတ္တရာအရိယမဂ်ကို မှီရှဖြစ်တဲ့ဉာဏ်ပေတည်း၊ ပုထုဇဉ်တို့နှင့် မဆိုင်တဲ့ ဉာဏ်ပေတည်း။"

လို့ နိဂုံးချုပ် ပြခဲ့ပါတယ်၊ ဘုန်းကြီးတို့ပရိသတ် ဒိဋ္ဌိဉာဏ်ဟာ အင်မတန်အရေးကြီးတဲ့ ဉာဏ်ဖြစ်ပါတယ်၊ တရားတော့ သူလဲ နာ၊ကိုယ်လဲနာပဲ၊ ဒါပေမယ့် တရားဟောတဲ့ တကယ့်ပါဠိတော် တရားတွေကျတော့ ယခုသောတာပန်အရိယာ အနက်အဓိပ္ပာယ်ကို အစီအစဉ်တကျ သိပြီး ဝမ်းမြောက်ဝမ်းသာပီတိတွေဝေဖြာလျက် ကြက်သီးမွေးညင်း တဖျဉ်းဖျဉ်းထဖို့ကျတော့ လွယ်ပါ့မလား။

"မလွယ်ပါ ဘုရား။"

အဲ....ပုထုဇဉ်တွေကတော့ အဲဒီ ဘုရားဟော ပါဠိတော်တရားတွေကို ဟောယင် နာရတဲ့အခါ ခက်တယ်, နက်တယ်, ပျင်းစရာကောင်းတယ်၊ ခြောက်ကပ်ကပ်နဲ့ စသည်ဖြင့် တရားပေါ်မှာ ဝမ်းမြောက်ဝမ်းသာ ပီတိဝေဖြာလျက် ကြက်သီးမွေးညင်း တဖျဉ်းဖျဉ်းမထဘူးနော်။

"မှန်ပါ ဘုရား။"

အဲ....ပုထုဇဉ်တွေက ဆရာစွဲစွဲကာ ကိုယ့်ဂိုဏ်းက ကိုယ့်အဖွဲ့က ဘုန်းကြီးဟောယင် ဘာဟောဟော ကောင်းတယ်၊ လုပ်တတ်တယ်၊ သဘောကျတတ်တယ်၊ တရားမှန်တယ်၊ မှားတယ်၊ မစဉ်းစားဘူး၊ သဘာဝကျတယ် မကျတယ် မဝေဖန်ဘူး၊ အကုန်လက်ခံတယ်။

ပြီးတော့ ပုထုဇဉ်တွေဟာ ကိလေသာ များသူများဖြစ်တဲ့ အလျောက် လွမ်းစရာ, ဆွေးစရာ, ဇာတ်ကွက်, ဇာတ်လမ်းနဲ့ အသံနေအသံထားနဲ့ အညွှတွေ အခရာတွေ အတာတွေ အဆွဲ

အငင် သံရှည်သံတိုတွေနဲ့ ဆွဲကာငင်ကာ ဟောယင် မိမိကိုယ်ကို သဒ္ဓါရုံကာမဂုဏ် မြူးစူးနေမှန်းမသိပဲ သိပ်ကောင်းတယ်၊ သိပ်ရှင်းတယ်၊ ရယ်ရတယ်နဲ့ မပြောကြဘူးလား။

"ပြောကြပါတယ် ဘုရား။"

**ဆရာကောင်းတပည့်** ဘုန်းကြီးတို့ပရိသတ်....ဒီနေရာမှာ ဆရာကောင်းတပည့်အကြောင်း ပြောချင်ပါတယ်၊ သေချာစွာ မှတ်သားနားထောင်ပါ၊ ဒီလောကမှာ ဆရာက ကောင်းပါလျက်နဲ့ ဆရာရဲ့စကားကို မလိုက်နာသူကို ဆရာကောင်းတပည့်လို့ မဆိုလိုကြပါဘူး၊ ဆရာ့စကားကို ရိုသေစွာနားထောင် လိုက်နာသူကိုမှ ဆရာကောင်းတပည့်လို့ ဂုဏ်ပြုလိုကြပါတယ်။

အမှန်အတိုင်းပြောရယင် ဘုန်းကြီးနှင့်တကွ ဘုန်းကြီးတို့ပရိသတ်အားလုံးရဲ့ဆရာဟာ ဘယ်သူလဲဆိုယင် ဘုရားရှင်ကို လက်ညှိုးညွှန်ရမှာပါပဲ၊ ဒီတော့ ဘုရားရှင်က ဆရာ၊ ဘုန်းကြီးတို့က တပည့်ပေါ့နော်။

"မှန်ပါ ဘုရား။"

အဲဒီတပည့်ကိုခွဲယင် တပည့်ကောင်း၊ တပည့်ဆိုးလို့ နှစ်မျိုး မရှိဘူးလား။

"ရှိပါတယ် ဘုရား။"

အေး....အဲဒီ နှစ်မျိုးအရကြည့်ယင် ဘုန်းကြီးတို့ဆရာဘုရားကတော့ ဆရာကောင်းပဲ၊ တပည့်ဖြစ်တဲ့ ဘုန်းကြီးတို့က ဆရာ့စကားတကယ်နားထောင်ပါရဲ့လားလို့ စစ်ဆေးဖို့ မလိုဘူးလား။

"လိုပါတယ် ဘုရား။"

အေး....ဘုရားရှင်ဖွဲ့စကားကို သာမန်နာရုံမျှ နားထောင်ရုံမျှကတော့ အရိယာမှတပါး သာမန်ပုထုဇဉ်များလဲ မနာဘူးလား။

"နာပါတယ် ဘုရား။"

အေး....နာပေမယ့် သာမန်ပုထုဇဉ်များမှာ တရားနာပြီးတော့ တရားတော်က လာတဲ့အတိုင်း လိုက်နာပြုကျင့်ရမယ့်ကိစ္စကိုတော့ အားမထုတ်ကြ, မလိုက်နာ-မပြုကျင့်ကြပါဘူး။

အရိယာပုဂ္ဂိုလ်တွေကတော့ တရားတော်ကိုလဲ နာကြား၍ တရားတော်အရ ပြုကျင့်အားထုတ်ရမယ့် အကျင့်ပဋိပတ်တရားတို့ကို ကြိုးစားပြုကျင့်သဖြင့် မဂ်ဖိုလ်အထိ ဆိုက်ရောက်ကြရတယ်မဟုတ်လား။

"ဟုတ်ပါတယ် ဘုရား။"

အေး....အဲဒီ အရိယာပုဂ္ဂိုလ်တွေဟာ ဘုရားရှင်ရဲ့စကားတော်ဖြစ်တဲ့ တရားတော်ကို နာရ, အားထုတ်ရသဖြင့် အရိယာအဖြစ်သို့ ရောက်နေကြတဲ့ ပုဂ္ဂိုလ်တွေဖြစ်နေတော့ ဘုရားကျေးဇူး, တရားကျေးဇူး အထူးသိကာ ဘုရား, တရားကို မမြတ်နိုးဘူးလား။

"မြတ်နိုးပါတယ် ဘုရား။"

အေး....အဲဒါကြောင့် သောတာပန်အရိယာတွေဟာ ဘုရားရှင်ရဲ့ စကားတော်ဖြစ်တဲ့ ပါဠိတော်တရားတွေကို နာကြား၍ အားမရ ကြက်သီးမွေးညင်းတဖျဉ်းဖျဉ်းထလျက် နာသတဲ့နော်။

"မှန်ပါ ဘုရား။"

ဒီနေရာမှာ ဟို....အင်္ဂုတ္တရအဋ္ဌကထာ ကေကနိပါတ် အဋ္ဌရာ သယ်ာတဝဂ်၌လာတဲ့ ပုဂ္ဂိုလ်လေးမျိုးကို ဖော်ပြလျှင် ပိုပြီး တော့ သင့်ပါတယ်၊ အဲဒါ အထက်ပါစကားတွေနဲ့ နှိုင်းချိန် ပြီး မိမိကိုယ်ကို ပုဂ္ဂိုလ်၄-မျိုးထဲ သွင်းယူပါ။

၁။ အရိယာသာဖြစ်၍ သာဝကမဟုတ်သော ပုဂ္ဂိုလ်၊

၂။ သာဝကသာဖြစ်၍ အရိယာမဟုတ်သော ပုဂ္ဂိုလ်၊

၃။ အရိယာလဲမဟုတ် သာဝကလဲမဟုတ်သော ပုဂ္ဂိုလ်၊

၄။ အရိယာလဲဟုတ် သာဝကလဲဟုတ်သော ပုဂ္ဂိုလ်၊

ဟူ၍ ပုဂ္ဂိုလ် ၄-မျိုးရှိပါတယ်၊ အဲဒီပုဂ္ဂိုလ် ၄-မျိုးထဲမှာ မိမိသည် ဘယ်အမျိုးထဲမှာ ပါသလဲဟု အမှန်အကန် သွင်း ကြည့်ပါ၊

၁။ ဘုရား,ပစ္စေကဗုဒ္ဓါတို့ဟာအရိယာ တော့ဟုတ်ပါတယ်၊ သာဝကမဟုတ်တဲ့ ပုဂ္ဂိုလ်တွေပါ၊

၂။ ဖိုလ်မရသေးတဲ့ လူတွေဟာ သာဝကတော့ ဟုတ်ပါ တယ်၊ အရိယာတော့ မဟုတ်သေးပါ၊

၃။ တိတ္ထိတွေကတော့ အရိယာလဲ မဟုတ်၊ သာဝကလဲ မဟုတ်ပါ၊

၄။ ဖိုလ်ရပြီးတဲ့ ရဟန်းတော်များကတော့ အရိယာလဲ ဟုတ်၊ သာဝကလဲ ဟုတ်ပါတယ်။

ဖိုလ်ရပြီးတဲ့ လူပုဂ္ဂိုလ်များလဲ "ဘုရားရှင်ရဲ့စကားကို နား ထောင်တတ်သောကြောင့် သာဝက"အနက်အရနဲ့ညီလို့ အချို့ ပါဠိတော်တွေမှာ အရိယာသာဝကအဖြစ် ဟောထားတာတွေ များစွာရှိပါတယ်။

ဒီမှာ ဘာကိုဆိုချင်လို့ အဲဒါတွေထုတ်ပြနေရတာလဲဆိုတော့ ကိုယ့်ကိုယ်ကို အရိယာဖြစ်နေပြီလို့ အထင်ကြီးသူတွေ များနေတဲ့ဒီခေတ်အတွက် တိုက်ကြည့်ဖို့ နှိုင်းယှဉ်ကြည့်စေချင်လို့ ချိန်ကိုက်ကြည့်စေချင်လို့ ထုတ်ပြနေရတာပါ။

**နိဂုံး ချုပ်**

ကဲ....ယခုဆိုယင် တော်တော်ကလေးစုံလင်သွားပါပြီ၊ သတ္တမစွမ်းရည်အတွက်လဲ တော်လောက်ပါပြီ၊ နိဂုံးချုပ်ပါပြီ၊သောတာပန်စွမ်းရည်ခုနစ်ပါးလုံးလဲ ပြီးပြီဖြစ်တော့ စွမ်းရည်ခုနစ်ပါးလုံးရဲ့ နိဂုံးချုပ်ကို ပြကြပါစို့။

"ရဟန်းတော်များ၊ အို.... ချစ်သားတို့၊ ယင်းသို့ စွမ်းရည် ခုနစ်ပါးနှင့် ပြည့်စုံတဲ့ အရိယာ သာဝကရဲ့ ဓမ္မတာသဘောသည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းဖြင့် ကောင်းစွာ ရှာမှီးအပ်၏။"

"ရဟန်းတော်များ၊ အို.... ချစ်သားတို့၊ ယင်းသို့ ပြောဟော ပြသခဲ့သည့်အတိုင်း စွမ်းရည် ခုနစ်ပါးနှင့် ပြည့်စုံသော အရိယာတပည့်သည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံသော သောတာပန်ပုဂ္ဂိုလ်ဖြစ်၏။"

အဲဒီ ယခု ဟောပြောပြသခဲ့တဲ့ သောတာပန်စွမ်းရည် ခုနစ်ပါးကို သာမန် ပစ္စဝေက္ခဏာ ငါးပါးကို ထောက်ပြီးတော့ မဟာပစ္စဝေက္ခဏာ ခုနစ်ပါးလို့လဲ ခေါ်ပါတယ်၊ သောတာပန်နှင့် ပုထုဇဉ်တို့ရဲ့ ခြားနားချက်ခုနစ်ပါးလို့လဲ ခေါ်ပါတယ်။

အဲဒီ ယခု ပြောဟောခဲ့တဲ့ စွမ်းရည်ခုနစ်ပါးနှင့်ပြည့်စုံလား, မပြည့်စုံလား၊ ကိုယ့်ကိုယ်ကို တိုက်ကြည့်ပါ၊ ပြည့်စုံယင်တော့

သောတာပန် ဖြစ်ပြီဆိုတာ ကိုယ့်ကိုယ်ကို မဆုံးဖြတ်နိုင်ဘူးလား။

"ဆုံးဖြတ်နိုင်ပါတယ်ဘုရား။"

**ရှေးဟောင်းလမ်းသာ လိုက်ကြပါ**

ကဲ .... ယခု ဆို ယင် ကောသမ္ဗိယသုတ္တန် တရားတော်ခေါ်တဲ့ "ငြင်းခုံပွဲမှအမြတ်" တရားတော်ကို နိဂုံးချုပ်ကြပါစို့၊ အဲဒီနိဂုံး မ ချုပ် ခင် "ရှေးဟောင်းလမ်းသာ လိုက်ကြပါ" လို့ တိုက်တွန်းစကားကို သာဓကတခုနဲ့ ပြောကြားတိုက်တွန်းပြီး နိဂုံးချုပ်ပါမယ်၊ဟို-နိဒါနဝဂ္ဂသံယုတ်ပါဠိတော် နဂရသုတ်မှာ-

"ရဟန်းတော်များ အို....ချစ်သားတို့၊ ရှေးဘုရားအဆူဆူ အစဉ်တစိုက် လိုက်တော်မူခဲ့သော ရှေးဦးလမ်းကြောင်း လက်ဟောင်းလမ်းမတော်မှာ ဘာတဲ့နည်း၊ အင်္ဂါရှစ်ပါးရှိတဲ့ အရိယမဂ်ပင် ဖြစ်ပေ၏။"

လို့ ဟောခဲ့ပါတယ်၊ ဒီတော့ အဲဒီစကားအရ ဘုရားအဆူဆူလိုက်တော်မူခဲ့ရာ တလမ်းတည်းသာဖြစ်တဲ့ ရှေးဟောင်းလမ်းမ, သို့လိုက်သူမှာ ချမ်းသာအမှန် ခံရမည်ဖြစ်၍ မလိုက်သူမှာ သံသရာဒုက္ခတို့နှင့် မုချပဲ လုံးလည်လိုက်နေရအုံးမှာပဲနော်။

"မှန်ပါ ဘုရား။"

အဲဒီ လမ်းဟောင်းလမ်းမသို့ သွားသူ, မသွားသူ, လိုက်သူ, မလိုက်သူနဲ့ပတ်သက်ပြီး ဂဏကမောဂ္ဂလာနပုဏ္ဏားနဲ့ ဘုရားရှင်တို့ရဲ့ အမေးအဖြေစကားကို ဖော်ပြချင်ပါတယ်၊ ဂဏကမောဂ္ဂလာနပုဏ္ဏားက ဘုရားရှင်အား လျှောက်ထားပါတယ်။

"အို....အရှင်ဂေါတမ....အရှင်ဂေါတမရဲ့ အဆုံးအမကို နာခံရသူတပည့်များမှာ အကုန်လုံးပင် နိဗ္ဗာန်ရကြပါသလား၊ အချို့မရပဲ ရှိကြပါသလားလို့" အဲဒီလို လျှောက်ထားပါတယ်။

ဒီတော့ ဘုရားရှင်က "ပုဏ္ဏား....အကုန်လုံး မရပါ၊အချို့ပဲ ရကြပါတယ်၊ အချို့မရကြပါ"လို့ မိန့်တော်မူပါတယ်။

အဲဒီလို မိန့်ကြားတဲ့အခါ ပုဏ္ဏားက "အို....အရှင်ဂေါတမ၊ နိဗ္ဗာန်ကလဲ ထင်ရှားရှိ၍ နိဗ္ဗာန်ရောက်ကြောင်းလမ်းကလဲ အထင်အရှားပင် ရှိပါလျက်၊နိဗ္ဗာန်ရောက်ကြောင်း နည်းပေးလမ်းပြသူအရှင်ဂေါတမလဲ အထင်အရှား ရှိနေပါလျက် ဘာ့ကြောင့်အချို့ နိဗ္ဗာန်ရ၍ အချို့မရ ဖြစ်ကြပါသနည်း"လို့ မေးပြန်ပါတယ်။

ဒီတော့ ဘုရားရှင်က ပုဏ္ဏားအား "ပုဏ္ဏား....ဒီအချက်မှာတော့ သင့်ကိုပင် ပြန်မေးရလိမ့်မယ်၊ သင်ကြိုက်သလို ဖြေစမ်းပါ"လို့ မိန့်ကြားပြီးတော့ "ပုဏ္ဏား....သင်သည် ရာဇဂြိုဟ်ပြည်သွားတဲ့လမ်းမကို သိသလော"လို့ မေးပါတယ်။

အဲဒီအခါ ပုဏ္ဏားက "သိပါတယ် အရှင်ဂေါတမ"လို့ လျှောက်ထားပါတယ်။

ထိုအခါ ဘုရားရှင်က ပုဏ္ဏားအား "ပုဏ္ဏား.... သင့်အား လူတယောက်က ရာဇဂြိုဟ်ပြည်သွားရန် လမ်းကို ညွှန်ကြားရန် မေးလာတဲ့အခါ သင်က ဘယ်ကနေ ဘယ်သွား....ဘယ်ရောက်

လိမ့်မယ်လို့ လမ်းညွှန်ရာ ထိုသူမှာ သင်ညွှန်ကြားသည့်အတိုင်း မဟုတ်ပဲ လမ်းလွဲသို့ လိုက်သွားကာ နောက်သို့ ပြန်လာရာ၏၊ တယောက်သောလူကမူ သင် ညွှန်ကြားသည့်အတိုင်း သွား၍ ရာဇဂြိုဟ်ပြည်သို့ ရောက်ရာ၏၊ ပုဏ္ဏား....ရာဇဂြိုဟ်ပြည်လဲ အထင်အရှား ရှိနေ၏၊ ရာဇဂြိုဟ်ပြည်သို့ သွားလမ်းလဲ အထင်အရှား ရှိနေသည်သာ၊ လမ်းညွှန်တတ်တဲ့ သင်လဲ အထင်အရှားရှိနေသည်သာ၊ သို့ဖြစ်လျက် တယောက်မှာ ရာဇဂြိုဟ်ပြည်သို့ရောက်လျက် တယောက်ကား ရာဇဂြိုဟ်ပြည် မရောက်ပဲ ရှိသည်မှာ ဘာ့ကြောင့်လဲ”လို့ မေးပါတယ်။

အဲဒီလို မေးတဲ့အခါ ပုဏ္ဏားက “ အရှင်ဂေါတမ၊ တပည့်တော် ဘာလုပ်နိုင်မလဲ၊ တပည့်တော်က လမ်းညွှန်သူသာ ဖြစ်ပါတယ်” လို့ လျှောက်ထားပါတယ်။

ဒီတော့ ဘုရားရှင်က “ပုဏ္ဏား....အဲဒီလိုပဲ၊ နိဗ္ဗာန်လဲ ရှိနေလျက်သာ၊ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ လမ်းကလဲ ရှိနေလျက်ပင်၊ နည်းပေးလမ်းပြတတ်သူ ငါဘုရားလဲ ရှိနေလျက်ပင်၊ သို့ပါလျက် အချို့နိဗ္ဗာန်ရကြတယ်၊ အချို့ကား မရကြ၊ အဲဒီလို နိဗ္ဗာန်ရရာ-မရရာ၌ ငါဘုရား ဘာတတ်နိုင်မှာလဲ၊ ငါဘုရားကား နည်းပေးလမ်းပြသူသာ ညွှန်ကြားသူသာ ဖြစ်ပေတယ်”လို့ ပုဏ္ဏားအား မိန့်ကြားလိုက်ပါတယ်။

အေး.... အဲဒါကြောင့် ဘုရားရှင်ရဲ့ တပည့်အမည်ခံကြတဲ့ ဘုန်းကြီးတို့ပရိသတ်လဲ ဘုရားရှင်ကို ရှိသေ အလွန်ရှိသေသူများ

ဖြစ်လျက် ဘုရားရှင်ရဲ့ လမ်းညွှန်ချက်ကို နာကြားရရုံ သိရရုံမျှနဲ့ အားရကျေနပ်မနေကြပဲ နိဗ္ဗာန်သို့ မရောက်အရောက် သွားရောက်နိုင်သူများဖြစ်၍ သောတာပန်စွမ်းရည်ခုနစ်ပါးနှင့် ပြည့်စုံနိုင်ကြပါစေကုန်သတည်း။

"သာဓု....သာဓု....သာဓုပါဘုရား။"

"ဘုန်းတော်ခြောက်ပါးသခင်တရားမင်းဘုရင်ဘုရားရှင်သည် အောက်မေ့ဖွယ်ရာ ၆ ပါး၊ သောတာပန်စွမ်းရည်ခုနစ်ပါး ဤတရားစကားကို ဟောကြားတော်မူ၏၊ ထိုရဟန်းတော်တို့သည် ဘုန်းတော်ခြောက်ပါးသခင် တရားမင်းဘုရင် ဘုရားရှင်ဟောကြားတော်မူအပ်သော တရားတော် စကားတော်ကို ဝမ်းမြောက်ကုန်သည်ဖြစ်၍ နှစ်သက်ကြလေကုန်တော့သတည်း။"

"သာဓု....သာဓု....သာဓုပါဘုရား။"

**တရားသိမ်း** ကဲ-ဘုန်းကြီးတို့ဟောကြားတဲ့ "ငြင်းခုံပွဲမှအမြတ်" တရားတော်လို့ခေါ်တဲ့ ကောသမ္ဗိယသုတ္တန်တရားတော်ဟာ ပဌမပိုင်း၊ ဒုတိယပိုင်း နှစ်ပိုင်းလုံးအစအဆုံး အားလုံးပြီးဆုံးသွားပါပြီ၊ ဘုန်းကြီးတို့အတွက်တာလဲ ယခုနှစ် ဒီမဟာသုခမ္မာပရိယတ္တိစာမေးပွဲသဘင်ကြီးမှာ တရားဟောရတဲ့တာဝန်လဲ ဒီကနေ့ည အပြီးသတ်ပါပြီ၊ ဆယ့်တနာရီခွဲလဲ ကျော်နေပြီဖြစ်၍ တရားပွဲသိမ်းကြပါစို့။

* ယံ ပတ္တံ ကုသလံ တဿ,အာနုဘာဝေန ပါဏိနော။
သဗ္ဗေ သဒ္ဓမ္မရာဇဿ,ဉတွာ ဓမ္မံ သုခါဝဟံ။ ။
* ပါပုဏန္တု ဝိသုဒ္ဓါယ,သုခါယ ပဋိပတ္တိယာ။
အသောက,မနုပါယာသံ, နိဗ္ဗာနသုခ,မုတ္တမံ။ ။

မယာ၊ တရားဟောပုဂ္ဂိုလ် ခေါ်ဆိုသမုတ် အကျွန်ုပ်သည်။
ယံကုသလံ၊ မေတ္တာ, ကရုဏာ ရှေ့သွားကာဖြင့် တရားဟောပြ ဝီရိယနှင့် ဉာဏသဒ္ဓါ ယှဉ်ဖက်ပါသော မဟာခေါ်ဆို မြားမြောက်လှသော အကြွင်ကုသိုလ်ကို။

ပတ္တံ၊ ယောနိသော ပဒဋ္ဌာန် အကြောင်းခံ၍ ကေန် ဆတ်ဆတ် ရောက်အပ် ရအပ်လေပြီ။

တဿ ကုသလဿ၊ မေတ္တာ, ကရုဏာ, ရှေ့သွားကာဖြင့် တရားဟောပြ ဝီရိယနှင့် ဉာဏသဒ္ဓါ ယှဉ်ဖက်ပါသော မဟာခေါ်ဆို မြားမြောက်လှသော ထိုကုသိုလ်၏။

အာနုဘာဝေန၊ အမွေခံရိုး ကံတန်ခိုးဟု ဖန်ပျိုးရှိန်စော် အာနုဘော်တော်ကြောင့်။

သဗ္ဗေ၊ တယောက်မကြွင်း ခပင်းဉဿုံ အလုံးစုံကုန်သော။

ပါဏိနော၊ ဇီဝိတိန္ဒြေ ထိန်းစောင့်ချေ၍ ရှည်ထွေခုထိ တည်နေဘိသား သက်ရှိများစွာ သတ္တဝါအနန္တ မှန်သမျှတို့သည်။

သဒ္ဓမ္မရာဇဿ၊ ပါရမီစာဂ, စရိယနှင့် ဘုရားကျေးဇူး တရားထူးတို့ဖြင့် ပွားလူးများစွာ သတ္တဝါတို့ကို သဒ္ဓါရွှန်းဝေ နှစ်သက်စေသည့် ပရမေမှန်ကင်း တရားမင်းဘုရင် ဘုရားရှင် ဏိုယ်တော်မြတ်ကြီး၏။

သုခါဝဟံ၊ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာစက်ကို လက်ရောက်ရအောင် ရွက်ဆောင်တော်မူပေတတ်သော။

ဓမ္မံ၊ ဟောဖော်ငြိမ့်ညောင်း တရားကောင်းကို။

ဥတ္တာ၊ သုတ,စိန္တာ,ဘာဝနာဟု ပညာသုံးဆိုင်း မြင်းလျင်စိုင်းသို့ ပြိုင်းပြိုင်းထင်ထင် အမှန်အတိုင်း သိမြင်ကြကုန်သည် ဖြစ်၍။

ဝိသုဒ္ဓါယ၊ ကာမသုခလ္လိက အတ္တကိလမထာ နှစ်ဖြာသော အယုတ်တရားတို့မှ ဝေးခြားကင်းကွယ် သန့်ရှင်းစင်ကြယ်စွာထသော။

သုခါယ၊ မဂ်ဖိုလ်၏ အဟန့်အတား နီဝရဏတရားတို့ကို ပယ်ရှားဖို့ငှာ လွယ်ကူချမ်းသာစွာထသော။

ပဋ္ဌပတ္တိယာ၊ အဋ္ဌင်္ဂိက ဖြူစင်လှသား မဇ္ဈိမပဋိပတ် အကျင့်မြတ်ဖြင့်။

အသောကံ၊ ဗျသနငါးမျိုး တရားဆိုးတို့ကြောင့် စိုးရိမ်ပူဆွေးရခြင်း အလျှင်းမရှိထသော။

အနုပါယာသံ၊ ရင်ဝမ်းမလင်း ပင်ပန်းပြင်း၍ အတွင်းကြိတ်ဟူ မဖိတ်ဆူပဲ စိတ်ပူလှိုက်ဆွေး ဥပါယာသဘောလည်း မရှိထသော။

ဥတ္တမံ၊ ဆိုခဲ့ပြီးလတ် ဂုဏ်သကတ်ကြောင့် မြင့်မြတ်ကဲချွန် သာလွန်စွာထသော။

နိဗ္ဗာနသုခံ၊ ဘဝကြီးငယ် အသွယ်သွယ်ကို မြေးတွယ်ချုပ်စပ် တဏှာငတ်မှ ကျွတ်ရာလွတ်ရာ နိဗ္ဗာန်ချမ်းသာသို့။

ပါပုဏ္ဏာန္တု၊ ခိပ္ပါဘိညာ ဒသဝိပဿနာ ပညာကွန်းပြောက် သွန်းသွန်းဆောက်၍ ဆိုက် ရောက် တော် မူ နိုင် ကြ ပါ စေ ကုန်သတည်း။ ။

"သာဓု—သာဓု....သာဓုပါဘုရား။"

* စိရံ တိဋ္ဌတု သဒ္ဓမ္မော, ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန,သမ္မာ ဒေဝေါ ပဝဿတု။

သ ဒ္ဓ မ္မော၊ ပရိယတ် ပဋိပတ် ပဋိဝေဓဟု သဒ္ဓမ္မတွင်ခေါ် သာသနာတော် သုံးရပ်သည်။

စိရံ၊ အနှစ်ငါးထောင် မြားမြောင်ရှည်ကြာ အခါကာလ ပတ်လုံး။

တိဋ္ဌတု၊ ဝိတက္ကာဝါဒီ ရန်မသီပဲ လျှံခြည်ဝေရွှန်း နေစက် ဝန်းသို့ တည်ထွန်းတောက်ပတော်မူပါစေသတည်း။

သဗ္ဗေပိ၊ တယောက်မကြွင်း ခပင်းဥဿုံ အလုံးစုံလည်းဖြစ် ကုန်သော။

သတ္တာ၊ လူနတ်ပြဟ္မာ သတ္တဝါအနန္တ မှန်သမျှတို့သည်။
ဓမ္မေ၊ ရှင်တော်ဘုရား ဟောကြားမြွက်ဖော် တရားတော်၌။

သဂါရဝါ ဟောန္တု၊ ကိုးကွယ်ရာစစ် ကေန်ဖြစ်ဟု နှစ်နှစ် ကာကာ ယုံကြည်စွာဖြင့် ပညာဆီမီး ထွန်းညှိသီး၍ ကျောက် ထီးအတူ အလေးမူနိုင်ကြပါစေကုန်သတည်း။

ဒေဝေါ၊ လူသူအပေါင်း,ပွားစီးညောင်းအောင် ကြောင်း ရင်းမှန်တုံ ကျေးဇူးပုံသား ပဇ္ဇုန်ခေါ်လျှင်း ရှင်မိုးမင်းသည်။

ကာလေန၊ ရွာချိန်သင့်ရာ ညဉ့်အခါ၌။

သမ္မာ ပဝဿတု၊ အရည်ထန်စွာ မိုးပြည်ရွာတို့, သာယာ-တင့်မော စည်ပင်ပြောအောင် ပြောပြောလျှံလျှံကြီး ရွာဖြိုး သွန်းပါစေသတည်း။

"သာဓု....သာဓု....သာဓုပါဘုရား။"

* ယထာ ရက္ခိံသု ပေါရာဏာ,သုရာဇာနော တထေဝိမံ။
ရာဇာ ရက္ခတု ဓမ္မေန, အတ္တနောဝ ပဇံ ပဇံ။ ။

ပေါရာဏာ၊ ရှေးအထက်ကျော် အခါသော်က တေဇော် ထွန်းသစ် ဘုန်းရောင်လှစ်ကြကုန်သော။

သုရာဇာနော၊ မဟာသမ္မတ ဤသို့စသား ဘုရားအလောင်း ရှေးမင်းကောင်းတို့သည်။

ပဇံ၊ တိုင်းသားပြည်သူ ဗိုလ်လူအပေါင်းကို။

ရက္ခိံသုယထာ၊ မိဖအရာ တည်နေကာဖြင့် ပြစ်ဆာမလိမ်း ရန်မာန်ငြိမ်းအောင် ထိန်းသိမ်းစောင့်ရှောက် ကြကုန်သကဲ့သို့။

တထေဝ၊ ထို ဘုရားအလောင်း ရှေးမင်းကောင်းတို့ အတူ သာလျှင်။

ရာဇာ၊ နှလုံးဉာဏ်ရည် လက်ရုံးရည်ဖြင့် မြန်ပြည်ထောင်စု စိုးမိုးပြုသား သမုတိနတ် တို့မင်းမြတ်သည်။

ဣမံပဇံ မေတ္တာချည်နှောင် ညီနှင့်နောင်ဟု ပြည်ထောင်စု သား ဤလူများကို။

ဓမ္မေန၊ ရာဇဓမ်ဆယ်ပါး မင်းကျင့်တရားဖြင့်။

အတ္တနော ပဇံ ဣလ၀၊ ရင်မှာပေါက်ဖွား မိမိ၏သားကိုကဲ့သို့။

ရက္ခတု၊ မေတ္တာ ကရုဏာ ဖြန့်ချီကာဖြင့် သဒ္ဓါဆော်နိုး ပြဟ္မစိုရ်မိုးကို စွေဖြိုးသွန်းကာ တိုင်းရပ်သာအောင် ပညာဝှန် တောက် တံခွန်ဆောက်၍ စောင့်ရှောက်ချီးပင့် နိုင်ပါစေ သတည်း။

"သာဓု....သာဓု....သာဓုပါဘုရား။"

# " နိဂုံး "

**ရေးစ,ရေးပြီး** ဤမျှသော စကားအစဉ် တရားအစဉ်ဖြင့် ဆောင်းရာသီ ဓမ္မဒေသနာခရီး လှည့်လည်စဉ် သာသနာတော်နှစ် ၂၅၂၄-ခု၊ ကောဇာသက္ကရာဇ် ၁၃၄၂-ခုနှစ် နတ်တော်လပြည့်ကျော် ၁-ရက်နေ့ မွန်ပြည်နယ် သထုံမြို့ ရှမ်းစု အလယ်တန်းလမ်း ဓမ္မရိပ်သာ (၁၅) ကြိမ်မြောက် ဓမ္မာနုပဿနာသတိပဋ္ဌာန် (၁၀) ရက်စခန်း တရားအလုပ်ပေးပွဲမှ စတင်၍ အချိန်အားသမျှ အရယူကာ ရေးသားရာ၊ ဟင်္သာတ, ရေကြည်, ငါးသိုင်းချောင်း, ကျုံပျော်, အထောင်, တဲကြီးကုန်း, အင်္ဂပူတရားပွဲများနှင့် ဓမ္မိမြို့-အောင်ချမ်းသာကျောင်းတိုက် နှစ်ကြိမ်မြောက် ဓမ္မာနုပဿနာ (၁၀)ရက်စခန်း တရားအလုပ်ပေးပွဲ (၉) ရက်မြောက်နေ့ဖြစ်သော ၁၃၄၂-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၅) ရက်နေ့နံနက်တွင် ဘေးမသီ ရန်မခ အန္တရာယ်မမေးယှက်ပဲ ဆုံးခန်းတိုင်မြောက် အပြီးသို့ ရောက်ပါသည်။

**ကျေးဇူးဆပ်ပါ၏** ဤ ကောသမ္ဗိယသုတ္တန် တရားတော် ခေါ် "ငြင်းခုံပွဲမှအမြတ်" တရားတော်ကို ရေးသားရသော ကောင်းမှုများဖြင့် မိမိ အပေါ်တွင် ကျေးဇူး ဥပကာရ အထူးရှိကြကုန်သော မိဘနှစ်ပါး, ဆရာသမားများ၊ ရဟန်းဒကာ, ရဟန်းအစ်မများ, ကျောင်းဒကာ, ကျောင်းအစ်မများ၊ ပစ္စည်းလေးပါးဒကာ, ဒကာမများ, ဝေယျာဝစ္စ ပြုလုပ်ပေးသူများ, ဆွေမျိုးညာတကာများ, မိတ်ဆွေသင်္ဂဟများတို့အား ကျေးဇူးတုံ့ပြန်ဆပ်ပါ၏။

**အမျှဝေပါ၏** ဤကောသမ္ဗိယသုတ္တန် တရားတော်ခေါ် "ငြင်းခုံပွဲမှအမြတ်" တရားတော်ကို ရေးသားရသော ကောင်းမှုကုသိုလ်၏အဖို့ဘာဂကို "မြင်းမိုရ်စက္ကဝါ, ပမာဆယ်စု, နှိုင်းမတုအောင်, ဗဟုပကာရ, ဂုဏ်ကြီးလှသား, မိဘနှစ်ဖြာ, မြတ်ဆရာနှင့်, ရာဇာသနင်း, ရောင်းရင်းငယ်ဖော်, ဆွေတော်မျိုးစပ်, အရပ်နေစု, စတုပစ္စယာ, ဒါယကာ-ဒါယိကာမ, ဂေါစရံ, နိယံမပြတ်, နိစ္စဘတ်ဖြင့်, ယုတ်မြတ်ကြည်ဖြူ, ပေးလှူတတ်စွာ, မြို့ရွာပတ်ကုံး, သိမ်းကျုံးလုံးစုံ, နိဂုံဇနပုဒ်, ဝေးနီးစသည်, ရှိကြ ထိုထို, များလှဗိုလ်ပါ, ကိုယ်ကိုစောင့်တတ်, နတ်နှင့် တကွ, ဘုမ္မရုက္ခာ, အာကာသဇိုဝ်း, တန်ခိုးမဟိဒ်, ပုညဇိဒ်နှင့်, ဂုဏ်ဟိတ် မြင့်မား, သိကြားသက္က, ဝါသဝနှင့်, လောကစောင့်လျှင်း, နတ်မင်းလေးဖြာ, သာတာဂိရ, ဟေမဝတ, ဣန္ဒစိတ္တ, စသည်တွက်ဘွဲ့, နှစ်ဆယ့်ရှစ်ဦး, နတ်စစ်မှူးဟု, အထူးမည်ရ, အဠဝီသ, ယက္ခမဟာ, သေနာပတိ, ထိုပြီးတထွေ, ရေပင်လယ်သွား, သူတော်များအား,

စောင့်ကြြားတတ်သည့်, မဏိမေခလာ, သူဇာသွယ်လျ, နတ်မယ်လှ နှင့်, ဒသဏ္ဍဿရ, လောကသဟာယ်, ဝန်းပတ်ရံခြုံ, မဟာဗြုံတို့, ပြောဟုံဆူဆူ, မိုးသူမိုးသား, မြေဘွားရေပေါက်, ထိုရွှေ့လောက်တိ, ထက်အောက် ဝန်းကျင်, များပုံယင်အား, အကြင်ရှိသမျှ, မကျန်ရအောင်, စေ့ငှမသွေ "အမျှ- အမျှ- အမျှ" ပေးစေငှ သည်, ရစေငါ့နှယ် အကူတည်း။"

**ဆုတောင်းလွှာ** ဤ"ငြင်းခုံပွဲမှအမြွက်"ခေါ်ကောသမ္ဗိယသုတ္တန် တရားတော်ကို မေတ္တာ, ကရုဏာ ရှေ့ထားကာ ဖြင့် ရေးသားရသော သမ္မာဆန္ဒဝီရိယနှင့် ဉာဏသဒ္ဓါယှဉ်ဖက်ပါ သော မဟာခေါ်ဆို မြားမြောက်လှသော ကောင်းမှုကုသိုလ် စေတနာတို့ကြောင့် အရဟတ္တ-မဂ်ဉာဏ်တော်, သဗ္ဗညုတဉာဏ် တော်ကို ချမ်းသာသောအကျင့်၊ လျင်မြန်သော အသိဉာဏ်တို့ ဖြင့် ထိုးထွင်းသိမြင်၍ သုံးပြင်ဘုံသား ဝေနေယျသတ္တဝါအများ ကို တရားစည်ကြီး သောင်းတိုက်ဟီးအောင် ရိုက်တီးနှိုးဆော် ဟောဖော်ညွှန်ပြ၍ နိဗ္ဗာန်ထုတ်ချောက် အရောက်ပို့ဆောင် ကယ်တင်နိုင်သည့်ကိုယ် ဖြစ်ရပါစေသတည်း။

**တောင်းပန်တိုက်တွန်းလွှာ** ဤ "ငြင်းခုံပွဲမှအမြွက်"ခေါ် ကောသမ္ဗိယ သုတ္တန်တရားတော်ကို ရေး သားရာ၌တိမ်းပါးချွတ်ချော်မလျော်ကန်ရာအဖြာဖြာတို့ အကယ် စင်စစ် သတိလစ်ကာ ပါဝင်ခဲ့ကုန်ငြားအံ့၊ ယင်းတို့ကို ပညာရှိ အများ အပြစ်မထားပဲ ပယ်ရှားနိုင်ကြပါစေကုန်သတည်း။

ဗုဒ္ဓမိန့်ဟာ လမ်းစဉ်ကျသည့် အပြစ်ကင်းပ လမ်းပြဒေသနာ ကျင့်ကြံစရာ အဖြာဖြာတို့ကိုလဲ စိတ်မှာစွဲကပ် သတိချပ်၍ မပြတ်ပုံသေ ကျင့်ကြံနိုင်ကြပါစေကုန်သတည်း။

ဗုဒ္ဓမိန့်ဟာ လမ်းစဉ်ပသည့် အပြစ်ရှိခြား လမ်းမှားမိစ္ဆာ ရှောင်ရှားစရာများကိုလည်း နေ့ညမအား လွန်ကြိုးစား၍ ရှောင်ရှားနိုင်ကြပါစေကုန်သတည်း။

ယင်းသို့ လိုက်နာကျင့်ကြံစရာများကို လိုက်နာကျင့်ကြံနိုင်၍ ရှောင်ရှားစရာများကို ရှောင်ရှားနိုင်သဖြင့် လောကီအကျိုးစီးပွား, လောကုတ္တရာ အကျိုးစီးပွားများတို့ တိုးပွားနိုင်ကြပါစေကုန်သတည်း။

အရှင်ပညာဇောတ
ဓမ္မဒူတတောရ
တောင်စွန်းမြို့-ဘီးလင်းမြို့နယ်
မွန်ပြည်နယ်

၁၃၄၂-ခုနှစ် ပြာသိုလပြည့်ကျော် ၅-ရက်
၁၉၈၁-ခုနှစ် ဇန်နဝါရီလ ၂၅-ရက်